မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏အဓိပတိ
ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏
သမ္မုတိဂဏမဟာဝိနာယက
အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# မကွေးဆရာတော်ဘုရားကြီး
၏
# မြဝါဒကထာများ

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်
ဂဏဝါစကအဖွဲ့က စုစည်းပူဇော်သည်။

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ အဓိပတိ

ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ သမ္မုတိဂဏမဟာဝိနာယက

အဂ္ဂမဟာပဏ္ဍိတ

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# မကွေးဆရာတော်ဘုရားကြီး

# ၏

# ဩဝါဒကထာများ

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်

ဂဏဝါစကအဖွဲ့က စုစည်းပူဇော်သည်။

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၉

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၄၈
ရက်စွဲ ၂၁.၇.၂၀၁၀
သုတေသနစာကြည့်တိုက်

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀ အုပ်

တန်ဖိုး – ဓမ္မဒါန

ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင် က ပုံနှိပ်ထုတ်ဝေသည်။



ဘဒ္ဒန္တ ကုမာရ

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

မကွေးဆရာတော်ဘုရားကြီး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သြဝါဒကထာများနိဒါန်း | က |
| ၂။ | မကွေးဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်အကျဉ်း | ဂ |
| ၃။ | ပဥ္စမအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ်ဥယျောဇနကထာ | ၁ |
| ၄။ | ပဥ္စမအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ | ၁၀ |
| ၅။ | ပဥ္စမအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ် သြဝါဒကထာ | ၁၉ |
| ၆။ | ပဥ္စမအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ | ၂၃ |
| ၇။ | ပဥ္စမအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ်သြဝါဒကထာ | ၃၀ |
| ၈။ | ဆဋ္ဌအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ်သြဝါဒကထာ | ၃၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | ဆဋ္ဌအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ | ၃၇ |
| ၁၀။ | ဆဋ္ဌအကြိမ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ် သြဝါဒကထာ | ၄၅ |
| ၁၁။ | ပဉ္စမအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ဗုဒ္ဓသမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၅၀ |
| ၁၂။ | ပဉ္စမအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ပန္နရသမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၅၇ |
| ၁၃။ | ပဉ္စမအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ သောဠသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၆၃ |
| ၁၄။ | ပဉ္စမအကြိမ်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ သတ္တရသမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၇၀ |
| ၁၅။ | ပဉ္စမအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၇၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆။ | ပဉ္စမအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၈၁ |
| ၁၇။ | ဆဋ္ဌအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ပထမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၈၅ |
| ၁၈။ | ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၈၈ |
| ၁၉။ | ဆဋ္ဌအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ တတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၉၃ |
| ၂၀။ | ဆဋ္ဌအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၉၈ |
| ၂၁။ | ဆဋ္ဌအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ပဉ္စမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၀၄ |
| ၂၂။ | ဆဋ္ဌအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၀၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဃနာယက သင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းများဖွင့်ပွဲ၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၁၁၆ |
| ၂၄။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဃနာယက သင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းဆင်းပွဲ၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ်သြဝါဒကထာ | ၁၂၂ |
| ၂၅။ | မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြည်ပသာသနာပြု ရဟန်းတော်များ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၁၂၆ |
| ၂၆။ | မကွေးတိုင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက် လွှဲအပ်လှူဒါန်းဖွင့်လှစ်သည့် အခမ်းအနား၌ ရေးသား၊ပတ်ကြားတော်မူသော သာရဏီယသြဝါကထာ | ၁၃၀ |
| ၂၇။ | ၄၆-ကြိမ်မြောက်၊ တိပိဋကဓရချီးကျူးပူဇော်ပွဲအခမ်းအနား မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၁၃၇ |
| ၂၈။ | ၅၈-ကြိမ်မြောက်၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဖွင့်လှစ်သည့်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၁၄၁ |
| ၂၉။ | ၅၈-ကြိမ်မြောက်၊ တိပိဋကဓရချီးကျူးပူဇော်ပွဲ အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၁၄၅ |
| ၃၀။ | ၅၉-ကြိမ်မြောက်၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဖွင့်လှစ်သည့် အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါကထာ | ၁၄၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | ၅၉-ကြိမ်မြောက်၊တိပိဋကဓရချီးကျူးပူဇော်ပွဲ အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၅၂ |
| ၃၂။ | ၆၀-ကြိမ်မြောက်၊ တိပိဋကဓရ ချီးကျူးပူဇော်ပွဲ အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၅၆ |
| ၃၃။ | မန္တလေးမြို့ မဟာအတုလဝေယန် အတုမရှိ ကျောင်းတော်ကြီး တွင် ကျင်းပသည့် (၂၇)ကြိမ်မြောက် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၆၀ |
| ၃၄။ | မန္တလေးမြို့ မဟာအတုလဝေယန် အတုမရှိကျောင်းတော် ကြီးတွင် ကျင်းပသည့် (၂၈)ကြိမ်မြောက် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ မဟာဘွဲ့နှင်းသဘင် အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၆၄ |
| ၃၅။ | ဒသမအကြိမ် သာသနတက္ကသီလမဟာဓမ္မာစရိယနှင့် သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့နှင်းသဘင်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၇၀ |
| ၃၆။ | ဧကာဒသမအကြိမ် သာသနတက္ကသီလမဟာဓမ္မာစရိယနှင့် သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့နှင်းသဘင်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၇၄ |
| ၃၇။ | ဒွါဒသမအကြိမ် သာသနတက္ကသီလမဟာဓမ္မာစရိယနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့နှင်းသဘင် အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၁၇၈ |
| ၃၈။ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များ ပညာရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား၌ မိန့်ကြားတော်မူ အပ်သော အစည်းအဝေးဖွင့် သမ္မောဒနီယသန္ဒေသကထာ | ၁၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၉။ | အဘိဓမ္မာမဟာသိပ္ပံသင်တန်းဖွင့်ပွဲ အခမ်းအနားၚ် မိန့်ကြားတော်မူအပ်သော သမ္မောဒနီယအနုဗလပ္ပဒါနကထာ | ၁၈၇ |
| ၄၀။ | ပခုက္ကူမဟာဝိသုတာရာမဓိက ဂဏဝါစကနိကာယ ဒေသိယဂဏဘာရနိတ္ထာရက ဆရာတော်များအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အစည်းအဝေးဖွင့် သာရဏီယသမ္မောဒနီယကထာ | ၁၉၂ |
| ၄၁။ | ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူမဟာဝိသုတာရာမဓိက ဂဏဝါစကနိကာယ ကောဒသမသန္နိပါတ ဩဝါဒခံယူပူဇော်ပွဲ သံဃာ့အစည်းအဝေးကြီး၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၁၉၇ |
| ၄၂။ | ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူမဟာဝိသုတာရာမဓိက ဂဏဝါစကနိကာယ ကောဒသမသန္နိပါတ ဩဝါဒခံယူပူဇော်ပွဲ သံဃာ့အစည်းအဝေးကြီး၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ် ဩဝါဒကထာ | ၂၀၃ |
| ၄၃။ | မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်စုံပြကျေးရွာ ဝေဠုဝန်မစိုးရိမ်တိုက်သစ် ပရိယတ္တိစာသင်တိုက် ဖွင့်ပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၂၀၇ |
| ၄၄။ | မကွေးတိုင်း၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၂၁၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၅။ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်အဖွဲ့ဝင်များ၏ ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၂၃၅ |
| ၄၆။ | မကွေးမြို့ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းတို့၏ ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၂၄၆ |
| ၄၇။ | မကွေးမြို့ မြသလွန်စေတီတော် ဘဏ္ဍာဂါရိကဂေါပကအဖွဲ့၏ ဥပတ္ထမ္ဘကအဖွဲ့ကို မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၂၅၇ |
| ၄၈။ | မကွေးပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၂၆၂ |
| ၄၉။ | မကွေးမြို့ နေ့စဉ်သံဃဒါနဆွမ်းလောင်းအသင်း သင်းလုံးကျွတ် အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၂၇၅ |
| ၅၀။ | ၁၃၅၈–ခုနှစ်၊ တပေါင်းလပြည့်နေ့၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယဩဝါဒကထာ | ၂၈၅ |
| ၅၁။ | ၁၃၅၉–ခုနှစ်၊ တပေါင်းလပြည့်နေ့၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယဩဝါဒကထာ | ၂၉၀ |
| ၅၂။ | မကွေးတိုင်းအတွင်းရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ဂုဏဝိသိဋ္ဌပူဇာသဘင်၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၂၉၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | ဆဋ္ဌတိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်ဝါယမိန္ဒာဘိဝံသနှင့် ဒွိပိဋကဓရဆရာတော်၊အခြားဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ဂုဏဝိသိဋ္ဌပူဇာသဘင်၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၄၀၄ |
| ၅၄။ | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဂုဏာနန္ဒ၏ ဂုဏဝိသိဋ္ဌပူဇာသဘင်၌ မိန့်ကြားတော်မူအပ်သော သာရဏီယ သြဝါဒကထာ | ၄၁၂ |
| ၅၅။ | အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တတိက္ခ၏ ဂုဏဝိသိဋ္ဌပူဇာသဘင်၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၄၁၆ |
| ၅၆။ | အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိသုတ၏ ဂုဏဝိသိဋ္ဌပူဇာသဘင်၌ ချီးမြှင့်တော်မူအပ်သော ဂုဏ်ပြုချီးကျူးလွှာ | ၄၂၂ |
| ၅၇။ | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသာသန၏ ဂုဏဝိသိဋ္ဌပူဇာသဘင်၌ ရေးသားပေးပို့တော်မူအပ်သော သာရဏီယသြဝါဒကထာ | ၄၂၅ |
| ၅၈။ | မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း ရာပြည့်ပွဲတော်၌ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယသြဝါဒကထာ | ၄၄၂ |
| ၅၉။ | မန္တလေးမြို့ ဝါးခင်းကုန်း ဣန္ဒသဿယပရိယတ္တိစာသင်တိုက် (၇၅)နှစ်ပြည့် စိန်ရတုသဘင်အခမ်းအနား၌ ချီးမြှင့်တော်မူ အပ်သော သာရဏီယသြဝါဒကထာ | ၄၄၉ |
| ၆၀။ | ညောင်တုန်းမြို့မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက် ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတုသဘင်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ | ၄၅၆ |

| စဉ် | အကြောင်းအရာ | |
|---|---|---|


၆၁။ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီး၏ (၇၅)နှစ်မြောက် စိန်ရတုသဘင်၌ ချီးမြှင့်တော်မူအပ်သော သာရဏီယဩဝါဒကထာ ၃၅၁

၆၂။ သန္တနု ဓမ္မပါလကအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ ၃၆၂

၆၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၂၅)နှစ်မြောက်ငွေရတု အထိမ်းအမှတ်စာစောင်အတွက် ချီးမြှင့်တော်မူအပ်သော ဥယျောဇနကထာ ၃၆၅

၆၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယဩဝါဒကထာ ၃၇၄

၆၅။ မကွေးမြို့ အောင်မြေရတနာစာသင်တိုက်(၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်စာစောင်အတွက် ချီးမြှင့်တော်မူအပ်သော သာရဏီယဩဝါဒကထာ ၃၈၄

၆၆။ ဘဒ္ဒန္တသောဘိတ မြင်းခြံဆရာတော်ဘုရားကြီး၏ သက်တော်(၉၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲအခမ်းအနား၌ ရေးသား၊ ဖတ်ကြားတော်မူအပ်သော ဂုဏဝိသိဋ္ဌထောမနာ ဂုဏ်ပြုလွှာစာတမ်း ၃၉၃

၆၇။ ဒေါ်ဝဏ္ဏတာရီ၏ သက်တော်ရာပြည့်ပူဇော်ပွဲ၌ ချီးမြှင့်တော် မူအပ်သော သာရဏီယဩဝါဒကထာ ၃၉၇

၆၈။ မကွေးမြို့ ကရဏာရှင်များနာရေးကူညီမှုအသင်းကြီး၏ တစ်နှစ်ပြည့် နှစ်ပတ်လည်ဩဝါဒခံယူပွဲ၌ မိန့်ကြားတော် မူအပ်သော ဩဝါဒကထာ ၄၀၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၉။ | မကွေးမြို့ ကရုဏာရှင်များနာရေးကူညီမှုအသင်းကြီး၏ (၄)နှစ်ပြည့် နှစ်ပတ်လည်ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၄၀၄ |
| ၇၀။ | မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းကြီး၏(၅)နှစ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၄၀၆ |
| ၇၁။ | စမ်းချောင်းမြို့နယ်၊ ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့၏ ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ | ၄၁၁ |
| ၇၂။ | အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာကျောင်းသား ရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့သို့ စတုတ္ထအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၄၂၀ |
| ၇၃။ | စင်ကာပူနိုင်ငံ၊ ရွှေဘုရားကျောင်းဆရာတော် ရှိဟာဇော့၏ ဓာတ်တော်ကျောင်းတော်ကြီး ဖွင့်လှစ်ပူဇော်သည့် အခမ်းအနား၌ ပေးပို့ချီးမြှင့်တော်မူအပ်သော ဩဝါဒကထာ | ၄၂၅ |
| ၇၄။ | ကိုရီးယားသမ္မတနိုင်ငံ၊ ပူဆန်မြို့ ချိုဆဂျီအွန်စေတီတော် ဖွင့်ပွဲ၌ မိန့်ကြားတော်မူအပ်သော နှုတ်ခွန်းဆက်သန္ဒေသကထာ | ၄၂၇ |
| ၇၅။ | ကိုရီးယားသမ္မတနိုင်ငံ၊ ပူဆန်မြို့ ချိုဆဂျီအွန်စေတီတော် ဖွင့်ပွဲ၌ မိန့်ကြားတော်မူအပ်သော အနုမောဒနာမိန့်ခွန်း | ၄၂၉ |
| ၇၆။ | သီရိလင်္ကာနိုင်ငံ ဂေါ်လ်မြို့ ရာမညနိကာယရဟန်းတော်တို့အား မိန့်ကြားတော်မူအပ်သော နှုတ်ခွန်းဆက်သမ္မောဒနီယကထာ | ၄၃၄ |
| ၇၇။ | အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့ ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး အုတ်မြစ်စိမင်္ဂလာအခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ | ၄၃၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂန်မြို့ ဘာသာပေါင်းစုံ တွေ့ဆုံ ဆွေးနွေးပွဲ၌ ဖတ်ကြားတင်ပြအပ်သော ဆွေးနွေးတင်ပြချက် | ၄၄၃ |
| ၇၉။ | အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ထောင်စုနှစ်ကမ္ဘာငြိမ်း ချမ်းရေး ထိပ်သီးညီလာခံ၌ မိန့်ကြားတော်မူအပ်သော ငြိမ်းချမ်းရေးမိန့်ခွန်း | ၄၄၇ |
| ၈၀။ | ကိုရီးယားသမ္မတနိုင်ငံ၊ ဒန်ယန်မြို့ ချွန်တေးဂိုဏ်း ရာပြည့် အထိမ်းအမှတ် ကျောင်းတော်ကြီးဖွင့်ပွဲ၌ မိန့်ကြားတော်မူ အပ်သော နှုတ်ခွန်းဆက်သနွေသကထာ | ၄၄၉ |
| ၈၁။ | ကိုရီးယားသမ္မတနိုင်ငံ၊ ဒန်ယန်မြို့ ချွန်တေးဂိုဏ်း ရာပြည့် အထိမ်းအမှတ် ကျောင်းတော်ကြီးဖွင့်ပွဲ၌ မိန့်ကြားတော်မူ အပ်သော သာရဏီယဩဝါဒကထာ | ၄၅၁ |
| ၈၂။ | စစ်တကောင်းဗုဒ္ဓဘာသာ ဓမ္မဒူတကျောင်းနှင့် စစ်တကောင်း ဗုဒ္ဓဘာသာအသင်း၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင်၌ ချီးမြှင့်တော်မူအပ်သော သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ | ၄၅၄ |
| ၈၃။ | ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော် ကြီး၌ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ၌ ချီးမြှင့်တော်မူသော ဩဝါဒကထာ | ၄၅၉ |
| ၈၄။ | မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက ဘဒ္ဒန္တကုမာရ ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ | ၄၆၃ |

# ဩဝါဒကထာများ
## နိဒါန်း

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ အဓိပတိ၊ ပခုက္ကူမဟာဝိသုတာရာမ‌ကြ ဂဏဝါစက နိကာယကြီး၏ သမ္မုတိဂဏမဟာဝိနာယက၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘုရားကြီးသည် ရဟန်းရှင်လူ ပြည်သူပြည်သား တပည့်ဒါယကာ၊ ဒါယိကာမများတို့အား သဗ္ဗညုတရှင်တော်မြတ်ဘုရား၏ အလိုတော်နှင့် လျော်ညီစွာ မှတ်သားဖွယ်၊ လိုက်နာဖွယ် အဆုံးအမဩဝါဒများကို ထိုထိုဒေသ အရပ်ဌာနတို့၌ အခါအားလျော်စွာ မိန့်ကြားတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သော အဆုံးအမဩဝါဒများသည် မှတ်သားလိုက်နာကြသူတို့အဖို့ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးတရား များ ကေန်မုချ ရရှိခံစားနိုင်သည့် ဩဝါဒများဖြစ်ပါသည်။

သို့ဖြစ်၍ နောင်လာနောက်သား ရဟန်းရှင်လူ ပြည်သူပြည်သား တပည့်ဒါယကာ၊ ဒါယိကာမများတို့ မှတ်သားလိုက်နာကြပြီး ကောင်းကျိုးထူး တရားများ ရရှိခံစားနိုင်ကြစေရန် ရည်သန်၍ ဆရာတော်ဘုရားကြီး မိန့်ကြားတော် မူခဲ့သော အဆုံးအမ ဩဝါဒကထာများစွာထဲမှ မိမိတို့လက်လှမ်းမီရာ အဆုံးအမ ဩဝါဒကထာများကို ရှာဖွေစုစည်းကာ မှတ်တမ်းတင်အပ်ပါသတည်း။

မဟာဝိသုတာရာမတိုက်သစ်
ဂဏဝါစကအဖွဲ့
(၁၀-၁၂-၂၀၀၈)

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘဒ္ဒန္တ ကုမာရ

မကွေးဆရာတော်ဘုရားကြီး ၏

အန္တိမအဂ္ဂိစျာပနသဘင် ၌

မဟာဝိသုတာရာမတိုက်

ဂဏဝါစက နာယက ဆရာတော်များက

ဓမ္မဒါန လှူဒါန်းပါသည်။

# မကွေးမြို့၊ မဟာဝိသုဒ္ဓာရာမတိုက်သစ် ပဓာနနာယက
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့နှင့်
# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ အဓိပတိ

ပခုက္ကူမဟာဝိသုဒ္ဓာရာမိက ဂဏဝါစကနိကာယကြီး၏ သမ္မုတိဂဏမဟာဝိနာယက

## အဂ္ဂမဟာပဏ္ဍိတ
## အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## မကွေးဆရာတော်ဘုရားကြီး၏
## ဘဝဖြစ်တော်စဉ်အကျဉ်း

### ဖွားမြင်တော်မူခြင်း

မကွေးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ် အရှင်မြတ်သည် မကွေးတိုင်း၊ မင်းဘူး(စကု)မြို့နယ်၊ လေးအိမ်တန်းကျေးရွာတွင် ခမည်းတော် ဦးထွန်းကြွယ်၊ မယ်တော်ဒေါ်ပိုးမှုင်တို့မှ ၁၂၈၄–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက်၊ တနင်္လာနေ့ ညဥ့်(၈)နာရီအချိန်၌ မိးရှုးသန့်စင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။ မွေးချင်းညီအကိုမောင်နှမ(၇)ယောက်တို့တွင် လေးယောက်မြောက် သားရတနာဖြစ်၍ ငယ်နာမည်မှာ''မောင်ငွေခ''ဖြစ်ပါသည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် သက်တော်(၁၃)နှစ်အရွယ် ၁၂၉၇–ခုနှစ်၊ တပို့တွဲလ၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျွန်းကလေးကျောင်းဆရာတော် ဦးဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့

ရောက်ရှိတော်မူပါသည်။ ဥပဇ္ဈာယ်ဆရာတော်က "ရှင်ကုမာရ" ဟု ဘွဲ့အမည်တော် မှည့်ခေါ်တော်မူပါသည်။

သာသနာတော် ၂၄၈၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၀၄-ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၈)နာရီ(၃၀)မိနစ် အချိန်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကာ စကုမြို့နယ်၊ ဆင်ခေါင်းရွာ၊ ကြိုယ္ဒန်းကျောင်းဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ မန်းချောင်း(ခေါ်)နမ္မဒါမြစ် ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

## သိက္ခာထပ်မင်္ဂလာပြုသော ကုသိုလ်ရှင်များ

ဆွေတော်မျိုးတော်များ၊ မကွေးမြို့ ရွာသစ်ရပ်၊ အဖ ဦးကြည်နှင့် သား - ဦးမြသိန်း၊ ဒေါ်ခင်ကြိုင် မိသားစု၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဦးမျိုးလွင်၊ ဒေါ်ကြည် မိသားစု၊ မင်းဘူး (စကု)မြို့နယ်၊ လေးအိမ်တန်းရွာ၊ အရီးတော် ဒေါ်စောမိသားစု၊ ဆုံးဆယ်မြို့ လမ်းမတော်ရပ်နေ ဦးမြမောင်၊ ဒေါ်ကျင်ဥ (သီရိသုဓမ္မသိင်္ဂီ)မိသားစု၊ မကွေးမြို့ ပွဲကြိုရပ်၊ ဦးတင်ဝင်း၊ ဒေါ်သန်းသန်းဆင့် မိသားစု၊ ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၈)နေ ဒေါက်တာမောင်ဖြူး၊ ဒေါက်တာမာရီဖြူး၊ သား-ငြိမ်းအောင်ဖြူး၊ ရန်အောင်ဖြူး၊ သမီး- ဒေါက်တာသီတာအေးအေးဖြူး မိသားစု၊ မကွေးမြို့ မြင်သာရပ်၊ ဦးနေဝင်း၊ ဒေါ်တင်တင်မိသားစု၊ မကွေးမြို့ ပွဲကြိုရပ် ၁၅-လမ်းနေ၊ ဦးထွန်းဆိုင်၊ ဒေါ်စန်း မိသားစု၊ တောင်ကြီးမြို့ ဦးသိန်းဟန်၊ ဒေါ်စန်းမြ မိသားစု၊ တောင်ကြီးမြို့ ဦးလင်ပိဝမ်၊ ဒေါ်လှရီ၊ သား -ကိုကျော်ငြိမ်းမိသားစု၊ တောင်ကြီးမြို့ ဒေါ်မြင်မြင့်သန်း၊ သမီး- မခင်သန်း၊ မခင်အေးဝင်း၊ သား-မောင်ကြည်လှိုင် (**OK**စတိုး) မိသားစု၊ တောင်ကြီးမြို့ ကံအရှေ့ရပ်၊ ဒေါ်ချိုချို မိသားစု၊ မန္တလေးမြို့ မြသုံးလုံး ဦးသိန်းမောင်မိသားစု၊ ရန်ကုန်မြို့ လှိုင်ရတနာမွန်အိမ်ရာနေ ဦးစိုးနိုင်၊ ဒေါ်မိုးစိမ့် မိသားစု၊ ရန်ကုန်မြို့ ပြည်လမ်း(၆)မိုင်ခွဲနေ ဦးတင်ထွန်း၊ ဒေါ်နှင်းမိသားစု၊ ပြည်မြို့ ဦးအောင်ခိုင်၊

ဒေါ်ခင်ကြူကြူသန်း (မဏ္ဍိုင် နော်ဇယ်ပန်) မိသားစု၊ ရန်ကုန်မြို့ ဦးစစ်သိန်း၊ ဒေါ်စန်း၊ သား–ကိုဆန်းဝင်း၊ မရီဝေ မိသားစု၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးညိုမောင်၊ ဒေါ်သီသီအောင်မိသားစု၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၃၀)နေ ဦးမောင်မောင်၊ ဒေါက်တာနီလာသိန်း (မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး) မိသားစု၊ တောင်ကြီးမြို့ ဦးတင်အောင်၊ ဒေါ်စိန်သန်း မိသားစု၊ မကွေးမြို့ ပွဲကြိုရပ်၊ နတ်မောက်လမ်း၊ ဦးစန်းမောင်၊ ဒေါ်ကြည်၊ သမီး–မသန်းသန်းဆင့် မိသားစု၊ စင်ကာပူနိုင်ငံ၊ ဦးဝင်းဖေ၊ ဒေါ်ခင်ဌေးကြည် (**မေတ္တာစင်တာ**၊ စင်ကာပူ, မလေးရှား, အင်ဒိုနီးရှား, ထိုင်း,တရုတ်)မိသားစု၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ ဆရာမကြီး ဒေါ်အေးအေးခန့် (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ) သမီး–မအေးမြခိုင် မိသားစု၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အမှတ်(၂၀)၊ မင်းကြီးလမ်း၊ ဘိုကုန်းရပ်နေ ဦးလှစိုး၊ ဒေါ်ခင်မျိုးသူ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ သိက္ခာထပ်မင်္ဂလာပြုခြင်းကို လက်ခံချီးမြှောက်တော်မူပါသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၆–နှစ်သားအရွယ်တွင် ကျွန်းကလေးကျောင်း ဆရာတော် ဦးဝေပုလ္လနှင့် တကွ လက်ထောက်တပည့်ကြီးများဖြစ်ကြသော ဦးစန္ဒာဝရ၊ ဦးရေဝတတို့အထံတွင် သူငယ်တို့၏ သင်ရိုးပညာရပ်များကို သင်ယူသည်။ ၁၂–နှစ်သားအရွယ်၌ တေမိယဇာတ် အဋ္ဌကထာနိဿယကို အာဂုံကျက်မှတ်ခဲ့ရသည်။ (ငယ်စဉ်ကပင် တေမိယဇာတ်အဋ္ဌကထာနိဿယယကို အာဂုံ ကျက်မှတ်ခဲ့ရသော ပရိစယကြောင့် နိကာယ်(၅)ရပ် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူရာ၌ အနက်ဉာဏ်ကြီးခြင်း အကျိုးကို ရရှိခဲ့သည်။)

၁၂–နှစ်သားအရွယ်ကပင် ကစ္စည်းသဒ္ဒါကြီးကို စတင်သင်ယူသည်။ ၁၃–နှစ်သား အရွယ်တွင် ရှင်သာမဏေဖြစ်ပြီးနောက် မူလဆရာတော်များထံမှပင် ပုဒ်စစ်၊ သုတ်စစ်နှင့်တကွ ကစ္စည်းသဒ္ဒါကြီးကို သုံးခေါက်သင်ယူခဲ့သည်။ ၁၆–နှစ်သားအရွယ်တွင် ရေစကြိုမြို့ (ပထမရေစကြိုဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာဖြစ်သော) အောင်မြေသာယာကျောင်းတိုက်သို့ ကြွရောက်ကာ စာချကျောင်းဆရာတော်

အရှင်သူရိယ၊ ဒေးကျောင်းဆရာတော် အရှင်အာစာရ၊ ဒန်းပင်ကျောင်းဆရာတော် အရှင်သီလဝန္တတို့ အထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ အဘိဓမ္မာ ညဝါစသော ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြားဆည်းပူးတော်မူသည်။

၁၃၁၀-ပြည့်နှစ်၊ တပေါင်းလတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒ၊ ဆရာတော်အရှင်ပဒုမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် အရှင်ဝါယာမ၊ ဆရာတော်အရှင်ဝိသောဘဏတို့ထံတော်၌ နိကာယ်ငါးရပ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ဆိုဝါ၊ လိုက်ဝါတို့ဖြင့် သင်ကြားဆည်းပူးတော်မူပါသည်။ ၁၃၁၂-ခုနှစ်တွင် မန္တလေးမြို့သို့ ကြွရောက်၍ အဘိဓဇမဟာရဋ္ဌဂုရု၊ မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသ၊ မဟာဝေယံဘုံသာတိုက် ဆရာတော် အရှင်ကလျာဏ(အဂ္ဂမဟာပဏ္ဍိတ)၊ အရှင်ဥက္ကံသစသော ပိဋကတ်ကျမ်းတတ် အကျော် ဆရာတော်များထံတွင် အထက်တန်း ပိဋကတ်ကျမ်းစာများကို ဆက်လက် နည်းခံ သင်ယူတော်မူခဲ့ပါသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ဆရာတော်သည် အောင်မြေသာယာသူဌေးတိုက် ဝိနည်းစာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။ ထို့အပြင် ၁၃၁၄-ခုနှစ်၊ နယုန်လ၌ ကျင်းပသော ပါဠိတက္ကသိုလ် စာချတန်းစာမေးပွဲ၌ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင်(၆)ကျမ်း ပေါင်း(၉)ကျမ်းလုံးကို နှစ်ချင်းပေါက် အောင်မြင်တော်မူခြင်းကြောင့် **"သာသနဓဇသီရိပဝရ ဓမ္မာစရိယ သိရောမဏိ"** ဘွဲ့တံဆိပ်ကို ရရှိတော်မူပါသည်။

## စာပေကျမ်းဂန်ပို့ချ သင်ကြား ရေးသားတော်မူခြင်း

၁၃၁၄-ခုနှစ်၊ နတ်တော်လ၌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများက ဆရာတော်အား ဂဏဝါစက စာချအဖြစ် ချီးမြှောက်တော်မူကြသည်။ ထိုအချိန်မှစ၍ ဆရာတော်သည် မကွေးမြို့ မဟာဝိသုတာရာမတိုက်၌ စာသင်ရှင်ရဟန်းတို့အား ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း

စာဝါများနှင့် နိကာယ်(၅)ရပ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များကို ပို့ချတော်မူခဲ့ပါသည်။ ထိုသို့ ပို့ချရာ၌ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာအကျော် ဘွဲ့တံဆိပ်တော်ရ ထူးချွန်ထက်မြက်သော တပည့်များ ပေါ်ထွန်းခဲ့ပါသည်။

ဆရာတော်သည် ''လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယ ထေရဝါဒ စွယ်စုံကျမ်းကြီး''ကို ပြုစုရာ၌ အခန်းပေါင်းများစွာ ပါဝင်ရေးသားတော်မူခဲ့သည်။ ထို့အပြင်–

၁။ ဥပါသကာ့ဂုဏ်သိစွယ်စုံ တရားတော်၊

၂။ ဗြဟ္မဝိဟာရ အလင်းရောင်(ခေါ်)ဗြဟ္မစိုရ်တရားတော်၊

၃။ လူငယ်မျက်ရှုအခြေပြု တို့ကိုလည်း ရေးသားပြုစုတော်မူခဲ့ပါသည်။

## သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ ပါဠိဝိသောဓက ဓမ္မသင်္ဂဏီ ပါဠိဘာဏက၊ သင်္ဂီတိကာရ အဖြစ်လည်းကောင်း၊ မြသလွန်စေတိယ ဘဏ္ဍာဂါရိကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မကွေးမြို့ နေ့စဉ်သံဃဒါန ဆွမ်းလောင်းအသင်းကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မကွေးပရိယတ္တိ သာသနာနုဂ္ဂဟစာမေးပွဲကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေး အသင်းကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မမဟာသိပ္ပံ၏ ဩဝါဒါစရိယအဖြစ် လည်းကောင်း၊ တိ–နိ သာသနာပြု ဥပဋ္ဌာကအဖွဲ့များ၏ ဩဝါဒါစရိယအဖြစ် လည်းကောင်း၊ ပခုက္ကူမြို့ဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏ အနုဝိနာယက၊ သမ္မုတိဂဏမဟာဝိနာယကအဖြစ်လည်းကောင်း၊ ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖြစ်လည်းကောင်း၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖြစ်လည်းကောင်း၊ ဒုတိယအကြိမ်၊ တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယ အဖွဲ့ဝင်၊ တွဲဖက်အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ် နိုင်ငံတော်

သံဃမဟာနာယကအကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ပဋ္ဌမအကြိမ်နှင့် ယခုဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်-မန္တလေး) တို့၏ အဓိပတိအဖြစ် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ အဓိပတိ အဖြစ်လည်းကောင်း၊ ဤသို့စသည်ဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စများကို ကြိုးပမ်းဆောင်ရွက်တော်မူသည့်အပြင် တောင်တန်းဒေသ၊ နယ်စပ်ဒေသများနှင့် ပြည်ပနိုင်ငံများဖြစ်သော အမေရိကန်၊ အင်္ဂလန်၊ တောင်ကိုရီးယား၊ ဂျပန်၊ လာအို၊ သီရိလင်္ကာ၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်္ကာပူ၊ ဘင်္ဂလားဒေ့ရှ်စသောနိုင်ငံများသို့လည်း အကြိမ်ကြိမ်ကြွရောက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေးကို အားပေးဆောင်ရွက်တော်မူပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသော ဂုဏ်ရည်များ

ဆရာတော်သည် ရိုးသားဖြောင့်မတ်သည့် (ဥဇု)ဂုဏ်၊ ပညာရှိတို့ ဆိုဆုံးမ စကားကို နာယူလွယ်ကူသည့် (သောဝစဿတာ)ဂုဏ်၊ နူးညံ့သိမ်မွေ့သော ကိုယ်နှုတ်နှလုံးရှိသည့်(မုဒု)ဂုဏ်၊ မမောက်မမာ လွန်စွာနိမ့်ချအပ်သော မာနရှိသည့် (အနတိမာနီ)ဂုဏ်၊ တည်ကြည်သော သမာဓိရှိတော်မူသည့် (ထိရ)ဂုဏ်၊ ငြိမ်သက် သော ဣန္ဒြေရှိတော်မူသည့်(သန္တိန္ဒြိယ)ဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ရဟန်းရှင်လူများ၏ ချစ်ခင်ကြည်ညို ရိုသေလေးစားခြင်းကို ခံရတော်မူပါသည်။

## ဘွဲ့တံဆိပ်တော်များကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ထဝုရရာဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လဇ္ဇီပေသလ သိက္ခာကာမအစရှိသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ဆရာတော်ဘုရားကြီးသည် ၁၃၅၀-ပြည့်နှစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ"

ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၅၈–ခုနှစ်၌ **“အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူပါသည်။

၁၃၅၉–ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

ထို့အပြင် ၂၀၀၆–ခုနှစ်၊ ဇွန်လ၌ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မဟာချူလာလောင်ကွန်း ရာဇဝိဇ္ဇာလယတက္ကသိုလ်မှ ဆက်ကပ်လှူဒါန်းသော ဗုဒ္ဓစာပေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူ (Ph.D.) ဒေါက်တာဘွဲ့ကို အလှူခံရရှိတော်မူပါသည်။

ယခုအခါ ဆရာတော်ဘုရားကြီးသည် သာသနာတော်မြတ်ကြီး စည်ပင်ထွန်းကားပြန့်ပွားရေးအတွက် သာသနာ့တာဝန်များကို မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ကြိုးပမ်းအားထုတ် ဆောင်ရွက်တော်မူလျက်ရှိပါသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# ပဥ္စမအကြိမ်
# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ပဥ္စမအစည်းအဝေး၌
# မိန့်ကြားတော်မူအပ်သော ဥက္ကဋ္ဌဆရာတော်၏

## နိဂုံးချုပ်ဩဝါဒကထာ

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေးသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးမှ ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီးများအမှူးရှိသော နိုင်ငံတော်သံဃ မဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်း အဝေးကြီးကို ကောဇာသက္ကရာဇ် ၁၃၆၆–ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက်၊ (၂၀–၃–၂၀၀၅) တနင်္ဂနွေနေ့မှစ၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ ကောဇာသက္ကရာဇ် ၁၃၆၆–ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက် (၂၂–၃–၂၀၀၅) အင်္ဂါနေ့ဝယ် ချောမောစွာ အောင်မြင်ပြီးမြောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီး ချောမောစွာ အောင်မြင်ပြီးမြောက်ခဲ့ရခြင်းသည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို အလေးဂရုမပြုဘဲ သာသနာ့အရေးကို အလေးဂရုပြုကာ ကြွရောက်ချီးမြှောက်တော်မူကြခြင်း၊ သေတပန်သက်တဆုံး နှလုံးသွင်းကာ လိုက်နာမှတ်သားထိုက်သည့်

ဩဝါဒကထာများကို မိန့်ကြားချီးမြှင့်တော်မူကြခြင်း၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ ဆိုင်ရာဆိုင်ရာ သာသနာ့ကိစ္စများကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်တော်မူကြခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ထက်သန်သော သာသနာပြုစိတ်ဓာတ်ဖြင့် ကျရာတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြခြင်း၊ အပြုသဘောအားဖြင့် ဝေဖန်ဆွေးနွေးကြလျက် တိုးတက်ရာ တိုးတက်ကြောင်း အကြံဉာဏ်ကောင်းများပေးကာ ကူညီတော်မူကြခြင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရများနှင့် အာဏာပိုင်အဖွဲ့အစည်းများ၏ အဖက်ဖက်မှ အားပေးချီးမြှောက်ထောက်ပံ့ခြင်း၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် အမှုထမ်းအရာထမ်းတို့၏ နှစ်ပတ်လည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးကြီးဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးကြခြင်း၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တကွ ဥပဋ္ဌာကများ၏ ပင့်ဆောင်ရေး၊ ကြိုဆိုရေး၊ နေရာထိုင်ခင်းပြင်ဆင်ချထားရေး၊ ဝေယျာဝစ္စဆောင်ရွက်ရေးတို့ကို မလစ်ဟင်းအောင် ဆောင်ရွက်ပေးခြင်း၊ လုံခြုံရေးဌာန၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၏ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြခြင်း၊ ဆွမ်းဒါယကာ၊ ဒါယိကာမများ၏ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းထောက်ပံ့ခြင်း စသောအထောက်အပံ့များကို ရရှိခြင်းကြောင့်သာ ဖြစ်ရပါသည်ဘုရား။

ထို့ကြောင့် ဤအစည်းအဝေးကြီး ချောမောစွာ အောင်မြင်ပြီးမြောက် အောင် အဖက်ဖက်မှ အားပေးချီးမြှောက် ထောက်ပံ့ကူညီကြသော ရဟန်းရှင်လူ တို့၏ ကျေးဇူးဥပကာရများမှာ ဖော်ပြ၍မကုန်နိုင်အောင် များမြောင်လှပါကြောင်း မှတ်တမ်းတင်အပ်ပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ ဘုရား... ယနေ့ ကျင်းပပြုလုပ်အပ်သော ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာ တော်များ အစည်းအဝေးကြီးက တညီတညွတ်တည်း သဘောတူဆန္ဒ ပြုတော်မူကြလျက်

ဘုရားတပည့်တော်ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည့်အတွက် "သမ္ပတ္တော ဘာရော အဝဿံ ဝဟိတဗ္ဗော" ဟူသော မူလဋီကာမိန့်မှာချက်အရ မိမိအပေါ် ကျရောက်လာသည့် တာဝန်များကို အားသွန်ကြိုးပမ်း ထမ်းဆောင်ရမည်ဖြစ်ရကား ဘုရားတပည့်တော်သည် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ပြဋ္ဌာန်းပေးအပ်ထားသည့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးစသော သာသနာ့တာဝန်များကို ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ အဂတိလေးပါး မလိုက်စားဘဲ ကိုယ်အားဉာဏ်အားရှိသမျှ ဆောင်ရွက်ပါမည်ဟု အဓိဋ္ဌာန်ပြုပါကြောင်း လျှောက်ထားပါသည်ဘုရား။ ကြီးငယ်မဟူ ရှင်လူအပေါင်းက ဓမ္မဝိနယနှင့်အညီ ပြောဆိုလာလျှင်လည်း နာယူမည်ဖြစ်ပါကြောင်း ကတိပြုပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား.... သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် မရှိလျှင်မဖြစ်၊ မပါလျှင်မပြီး အရေးကြီးဆုံးအချက်(၄)ချက်ကို တပည့်တော်၏ ဥယျောဇဉ်အဖြစ် တင်ပြလျှောက်ထားပါမည်ဘုရား။

ထိုအချက် (၄)ချက်မှာ-

၁။ ဘုရားရှင်၏ အလိုဆန္ဒတော်၊

၂။ သာဝကများ ဆောင်ရွက်ရမည့်တာဝန်၊

၃။ သက်ဆိုင်ရာအာဏာပိုင်များ၏ ကူညီပံ့ပိုးမှု၊

၄။ ဗုဒ္ဓဘာသာဝင် ဥပါသကာ, ဥပါသိကာမများ၏ အသိမှန်၊ အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်မှု-တို့ပင် ဖြစ်ကြပါသည်ဘုရား။

## (၁) ဘုရားရှင်၏ အလိုဆန္ဒတော်

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တသတ္တာဟ လွန်မြောက်၍ အဋ္ဌမသတ္တာဟအရောက်တွင် အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် မာရ်နတ်က "အရှင်ဘုရား... ဘုန်းတော်ကြီးဘုရားသည် ယခုအခါ

ပရိနိဗ္ဗာန်ပြုတော်မူပါလော့” စသည်ဖြင့် လျှောက်ထားသောအခါ ဘုရားရှင်က “မာရ်နတ်...ငါ၏တပည့်သာဝကများဖြစ်ကြသည့် ဘိက္ခု၊ဘိက္ခုနီ၊ဥပါသကာ၊ဥပါသိကာ လေးဖြာသောပရိသတ်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာဆုံးမပြီးသူများ မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင်မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ) တရားနှင့်လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ လျောက်ပတ်သောအကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိသူများ မဖြစ်ကြသေး၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မဟောနိုင်၊ မပြောနိုင်၊ မပြနိုင်၊ မတည့်တံ့စေနိုင်၊ မဖွင့်ဆိုနိုင်၊ မဝေဖန်နိုင်၊ မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတစ်ပါးတို့၏အယူဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြသေး၊ ထိုမျှလောက်သောကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူမည်မဟုတ်”ဟု မိန့်တော်မူပါသည်။ (သံ၊ ၃၊ ၂၂၅)

ဘုရားရှင်သည် မိမိ၏တပည့်သာဝကများ တတ်သိလိမ္မာ ရှိစေချင်သည်။ ကောင်းစွာဆုံးမပြီးသူ၊ ကောင်းစွာယဉ်ကျေးပြီးသူများ ဖြစ်စေချင်သည်။ ရဲရင့်သူ၊ အကြားအမြင်များသူများ ဖြစ်စေချင်သည်။ တရားတော်ကို ဆောင်ထားနိုင်သူ၊ လောကုတ္တရာတရားနှင့်လျော်သော အကျင့်ကို ကျင့်နိုင်သူ၊ လျောက်ပတ်သော အကျင့်ကို ကျင့်နိုင်သူ၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိသူများ ဖြစ်စေချင်သည်။ မိမိတို့၏ဆရာ့ဝါဒကို သင်ယူ၍ ဟောနိုင်၊ ပြောနိုင်၊ ပြသနိုင်၊ တည့်တံ့စေနိုင်၊ ဖွင့်ဆိုနိုင်၊ ဝေဖန်နိုင်၊ ပေါ်လွင်စေနိုင်သူများ ဖြစ်စေချင်သည်။ ပေါ်ပေါက်လာသော သူတစ်ပါးတို့၏ အယူဝါဒကို အကြောင်းနှင့်တကွ နှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို ဟောပြနိုင်သူများ ဖြစ်စေချင်သည်။ ဤဆိုခဲ့ပြီးသော အရည်အချင်းများ ပြည့်စုံကြပြီး မိမိ၏သာသနာတော်မြတ်ကြီး သန့်ရှင်းတည့်တံ့ပြန့်ပွားတိုးတက်အောင် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြစေချင်သည်၊ ဘုရားရှင့်မှာ သာဝကတို့အပေါ်၌ ဤမျှလောက် မြင့်မားသော အလိုဆန္ဒရှိတော်မူပါသည်ဘုရား။

## (၂) သာဝကများ ဆောင်ရွက်ရမည့်တာဝန်

ဘုရားရှင်၏ သာဝက, သာဝိကာမများဖြစ်ကြသော ဥပါသက, ဥပါသိကာ၊ ဘိက္ခု,ဘိက္ခုနီဟူသမျှတို့သည် ဘုရားရှင်၏ အလိုဆန္ဒတော်ကို ပြည့်ဝအောင် ဖြည့်ဆည်းပေးကြရမည့်တာဝန်ရှိသူချည်း ဖြစ်ကြပါသည်။ ဘုရားရှင်၏ သာဝက, သာဝိကာဟူသမျှသည် "ငါသည် ဘုရားရှင်၏ အလိုဆန္ဒတော်ကို မည်မျှအတိုင်း အတာအထိ ဖြည့်ဆည်းပေးနိုင်ခဲ့သူ ဖြစ်သနည်း"ဟု မိမိကိုယ်ကို အမြဲမပြတ် ဆန်းစစ်နေဖို့ လိုပါသည်။ ဤသို့ ဆန်းစစ်နေမှသာ ဘုရားရှင်၏အလိုဆန္ဒတော်များ ပြည့်ဝအောင် ဖြည့်ဆည်းပေးလိုသည့် (ဝါ)သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား တိုးတက်အောင် ဆောင်ရွက်လိုသည့် သဒ္ဓါတရား တဖွားဖွား တိုးတက်နေပါလိမ့် မည်ဘုရား။

ဘုရားရှင်၏ အလိုဆန္ဒတော် ပြည့်ဝအောင် ဖြည့်ဆည်းပေးရမည့် (ဝါ) ဘုရားရှင်ဖြစ်စေလိုသည့် ဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံ၍ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်ရမည့်တာဝန်များမှာ ရဟန်းတော် များအတွက် သာသနာတော်ကို တရားတော်ဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း ဟူသော ဓမ္မာနုဂ္ဂဟဖြစ်သည့် ဂန္ထဓုရ၊ဝိပဿနာဓုရတာဝန်နှစ်မျိုးပင်ဖြစ်၍ ဥပါသကာ,ဥပါသိကာ၊ ဒကာ,ဒကာမများအတွက် သာသနာတော်ကို ပစ္စည်းလေးပါးဟူသော အာမိသဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းဖြစ်သည့် အာမိသာနုဂ္ဂဟတာဝန်တစ်မျိုးပင်ဖြစ်ပါသည်။ ယင်းသို့တာဝန်အသီးသီးရှိကြရာ ဥပါသကာ,ဥပါသိကာ၊ ဒကာ, ဒကာမတို့တာဝန်မှာ ကျေပွန်ပြီးဖြစ်သည်ဟု ဆိုရပါမည်။ မှန်ပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင် စေတနာရှင်ပြည်သူများသည် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ သာမက သာသနာ့နွယ်ဝင်သီလရှင်များပါ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို လုံ့လကြိုးကုတ် အားထုတ်ကြရာ၌ မငြိုငြင်မပင်ပန်း ကြိုးပမ်း အားထုတ်နိုင်ကြစေရန် ဆွမ်း၊သင်္ကန်း၊ ကျောင်း၊ဆေးဟူသော အာမိသတို့ကို လိုလေသေးမရှိ အပြည့်အဝ ထောက်ပံ့နေကြ သည်ကို ဆရာတော်များ သိမြင်တော်မူကြပြီးဖြစ်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့ ရဟန်းတော်များဘက်ကလည်း ဂန္ထဓုရအတွက် ပရိယတ္တိစာသင်တိုက်ကြီးများ၊ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများတည်ထောင်၍ ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးခြင်း၊ ပဌမပြန်စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ သကျသီဟစာမေးပွဲ၊ စေတိယင်္ဂဏစာမေးပွဲ၊ နိကာယ စာမေးပွဲစသည်များကို ကျင်းပလျက် ပရိယတ္တိကျမ်းဂန်တတ်ပညာရှင်များ ပေါ်ပေါက်အောင် အားပေးချီးမြှောက်ခြင်းတို့ကိုပြုနေကြပါသည်၊ သို့ပင်ဖြစ်သော်လည်း ယခုခေတ်၌ နိကာယ်ငါးရပ်ပိဋကတ်ကို နှံ့စပ်ကျွမ်းကျင်သည့် ပညာရှင်များ တစ်စ တစ်စနည်းပါးလာပါသည်။ တိပိဋကဓရစာမေးပွဲကြီးမှာ အဆင့်အတန်းမြင့်မား လွန်းသဖြင့် ပုဂ္ဂိုလ်တိုင်း ဝင်ရောက်ဖြေဆိုနိုင်မှု မပြုနိုင်ကြပါ။ ယခုခေတ် စာသင် သားများတွင် ဉာဏ်မထက်သော စာသင်သားများမှာ ပါဠိတော်,အဋ္ဌကထာမဆို ထားဘိ ပထမကြီးပင်မအောင်ဘဲ ကျောင်းထိုင်နေကြရပါသည်၊ အချို့ဉာဏ်ထက်သော ရဟန်းငယ်များမှာ ဓမ္မာစရိယအောင်မြင်ပြီးနောက် ရှေ့ဆက်လက် လှမ်းလျှောက် ရမည့်လမ်း ပျောက်နေကြပါသည်။ ဓမ္မာစရိယအောင်ရုံဖြင့်လည်း ပိဋကတ်ကို နှံ့စပ်အောင်မလေ့လာနိုင်ကြသေးပါ။ ပိဋကတ်နှံ့စပ်ဖို့များစွာ လိုအပ်ပါသေးသည်။

ထို့ကြောင့် နှစ်ကာလအနည်းငယ်မျှဖြင့် ပိဋကတ်ကျမ်းဂန် နှံ့စပ်ကျွမ်းကျင် စေနိုင်သော စာသင်နည်းကို သုတေသနပြုသင့်ပါသည်။ **"လိုလျှင်ကြံဆ နည်း လမ်းရ"**ဟူသော ပရိဘာသာအရ သုတေသီအဖွဲ့များ ဖွဲ့စည်း၍ ခေတ်မီစာသင်နည်း တည်ထွင်သင့်ပါသည်။ ဆဋ္ဌသံဂါယနာတင်စဉ်အခါက ဝန်ဆောင်ဆရာတော်ကြီးများ သည် နိကာယ်ငါးရပ် ပိဋကတ်အနှစ်ချုပ်ကျမ်း ရေးသားပြုစုရန် စီမံခဲ့ဖူးသော်လည်း အကောင်အထည် မဖော်နိုင်ခဲ့ပါ။ ယခုအခါ ပိဋကတ်ကျွမ်းကျင်၍ သာသနာပြု စိတ်ဓာတ်ထက်သန်သောဆရာတော်များဖွဲ့စည်း၍ နိကာယ်ငါးရပ် ပိဋကတ် အနှစ်ချုပ် ကျမ်းပြုစေရလျှင် ပိဋကတ်တော်ကို နှစ်တိုတိုဖြင့် လေ့လာနိုင်မည်ဖြစ်ပါသည်။ ဝိပဿနာဓုရအတွက်မှာမူ ပိဋကတ်တော်နှင့်အညီပြသနေသော ကမ္မဋ္ဌာန်းရိပ်သာများ ရှိနေပြီးဖြစ်၍ အထူးလျှောက်ထားဖွယ်မလိုပါဘုရား။

ဤသို့ပင် ဓမ္မာနုဂ္ဂဟဖြစ်သည့် ဂန္ထဓုရ,ဝိပဿနာဓုရတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နေကြသော်လည်း သာသနာ့ဂုဏ်သိရ် ညှိုးမှိန်စေကြသည့် သာသနပစ္စတ္ထိက=သာသနာ့ရန်စွယ်များလည်း လွန်စွာများပြားနေပါသည်။ ထိုသာသနာ့ရန်စွယ် အန္တရာယ်များကိုလည်း လျစ်လျူရှုတော်မမူကြဘဲ ညီညွတ်သော သံဃာအင်အားဖြင့် ဖယ်ရှားသင့်ပါသည်ဘုရား။

## (၃) သက်ဆိုင်ရာ အာဏာပိုင်များ၏ ကူညီမှု

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ ဘုရား... သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရာ၌ အာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကိုလည်း လိုအပ်ပါသည်။ (ဥပမာ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီး ကျင်းပရာ၌ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုကို လိုအပ်သလို ပြည်နယ်/တိုင်း မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးများ ကျင်းပရာအခါ၊ ရွေးချယ်ပွဲများ ကျင်းပရာအခါ၊ မှုခင်းကိစ္စပြဿနာများ အကောင်အထည် ဖော်ရာအခါစသည်တို့၌လည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့၏ ကူညီပံ့ပိုးမှု၊ ဓမ္မစက်ကို အာဏာစက်ဖြင့် ကူညီမှုစသည်တို့ကို လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့ ဒေသအလျောက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြေပြစ်အောင် ဆက်ဆံဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

## (၄) ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာမများ၏ အသိမှန် အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်မှု

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား... သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဗုဒ္ဓဘာသာဝင် ဥပါသကာ, ဥပါသိကာမများ၏ အသိမှန်၊အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်ရန်လည်း အရေးတကြီးလိုအပ်ပါသည်ဘုရား။

ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ကြသည့် ဥပါသကာ, ဥပါသိကာမများသည် "**ပသာဒ ဗဟုလော တောတိ ဘိက္ခုသု ထေရေသု စေဝ နဝေသု စ မဇ္ဈိမေသု စ**"ဟူသော အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဒုတိယပရိဟာနိသုတ်၊ဝိပတ္တိသုတ်၊ပရာဘဝသုတ်(အံ၊ ၂၊၄၁၆၊၄၁၇)တို့၌လာသော ဥပါသကာ,ဥပါသိကာမတို့မဆုတ်ယုတ်ကြောင်း၊ပြည့်စုံကြောင်း၊ ဖြစ်ထွန်းကြီးပွားကြောင်း တရား(၇)ပါးတို့အနက် တစ်ပါးအပါအဝင်ဖြစ်သော သီတင်းကြီး၊ သီတင်းငယ်၊ သီတင်းလတ်ဖြစ်သော ရဟန်းတော်တို့၌ များစွာ ကြည်ညိုတတ်သူများ ဖြစ်ကြရပါမည်။ ယင်းသို့ ကြည်ညိုရာ၌ စာပေကျမ်းဂန် သင်အံပို့ချမှု=ဂန္ထဓုရ၊ ဝိပဿနာတရားပွားများအားထုတ်မှု=ဝိပဿနာဓုရဟူသော ရဟန်းကောင်းတို့၏ တာဝန်နှစ်မျိုးကို လုံ့လကြိုးကုတ် အားထုတ်လျက် သာသနာပြုနေသော ရဟန်းကောင်း၊ ရဟန်းမြတ်များကို ကြည်ညိုဆည်းကပ်တတ်ကြဖို့ အလွန်လိုပါသည်။

ယခုခေတ်၌ ဥပါသကာ, ဥပါသိကာမ အများစုသည် ဓာတ်ရိုက်, ဓာတ်ဆင်, ဗေဒင်, ယတြာ, ဂါထာမန္တာန်, အင်းအိုင်, ခါးလှည့်, လက်ဖွဲ့, သိဒ္ဓိပေါက်, ထွက်ရပ်ပေါက်, ဘိုးတော်စသည့် ဘုရားရှင် စက်ဆုပ်အပ်သော သာသနာတော် ပျက်စီးကြောင်း အလုပ်တို့ကို ပြုလုပ်နေကြသော သာသနာဖျက် ရဟန်းတို့ကိုသာ အားကိုးတကြီး ဆည်းကပ်ကိုးကွယ်နေကြပါသည်။ ဤသို့ အသိဉာဏ်နည်းပါး ကြသော ဥပါသကာ, ဥပါသိကာမများကို လှည့်စားဖြားယောင်း၍ ကုလဒူသန အနေသနအမှုဖြင့် အသက်မွေးနေကြသော ရဟန်းဆိုးများသည် မိမိကိုယ်ကို သာသနာပြုအမည်ခံ၍ သာသနာဖျက်နေကြသည့် သာသနပစ္စတ္ထိကများသာ ဖြစ်သည်ကို ဥပါသကာ, ဥပါသိကာမများ သိနားလည်အောင် ဟောပြောပြုပြင် သွန်သင်ဆုံးမ အမြင်မှန်ရအောင် ဆောင်ရွက်ရမည့်တာဝန်သည် ရဟန်းကောင်း၊ ရဟန်းမြတ်တို့၏ တာဝန်ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် မြတ်ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ဆည်းကပ်နေကြသည့် ဥပါသကာ, ဥပါသိကာမများ အသိမှန်၊ အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်အောင် ဆုံးမသွန်သင်တော်မူကြရမည့် တာဝန်ကိုလည်း လျစ်လျူရှုထား၍ မဖြစ်နိုင်ကြောင်းကို သတိပေးလျှောက်ထားပါသည်ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော် တင်ပြလျှောက်ထားခဲ့သည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် မရှိလျှင်မဖြစ် မပါလျှင်မပြီး အရေးအကြီးဆုံးအချက်(၄)ချက်တို့ ပြီးပြည့်စုံအောင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များသာမက သာသနာပြု စိတ်ဓာတ်အပြည့်အဝရှိတော်မူကြသည့် ဘုရားသားတော် ရဟန်းတော်တိုင်း၊ ရဟန်းတော်တိုင်း အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြပါရန် လေးလေး နက်နက် တိုက်တွန်းအပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

# ပဥ္စမအကြိမ်
# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
# ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏ အစည်းအဝေးဖွင့်
# သာရဏီယဩဝါဒကထာ

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးမှ ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများအမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်ဘုရားများ သက်တော်ရာကျော် ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်သန့်ရှင်း တည့်တံ့ပြန့်ပွားရေးကိစ္စတို့ကို လုံ့လမလစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်း၍ "သာသနာတော်သန့်ရှင်းတည့်တံ့ပြန့်ပွားရေး"ဟူသော ဦးတည်ချက်ဖြင့် သာသနာတော်ကိစ္စအဝဝတို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ (၂၅)နှစ် ငွေရတုကို ကျော်လွန်၍ (၂၆)နှစ်အတွင်းသို့ပင် ချင်းနင်းဝင်ရောက်ခဲ့ပါပြီဘုရား။ ယင်းသို့ ဆောင်ရွက်ကြရာ၌

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းရခြင်း၏ အကြောင်းရင်းနှင့် ရည်ရွယ်ချက်များ မျက်ခြည်မပြတ်ရန် လိုအပ်ပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းရခြင်း၏ အကြောင်းရင်းကို ပြန်ပြောင်းလျှောက်ထားရပါလျှင် ထိုအချိန်က သာသနာတော်၏ အခြေအနေကို ကြည့်ရှုလေ့လာသုံးသပ်ပါက သာသနာတော်ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်းနိမ့်ကျ ဆုတ်ယုတ်သွားစေနိုင်သော ဗုဒ္ဓဝါဒမဟုတ်သည့် ဘာသာခြားစာပေများကို လေ့လာ၍ မိမိတို့တက္ကဉာဏ်ဖြင့် မဟုတ်မမှန် လုပ်ကြံတီထွင်ထားသော လူပြိန်းကြိုက် အဓမ္မဝါဒများကို ဗုဒ္ဓဝါဒအမည် တင်ကာ ဟောပြောပြသမှု၊ ရေးသားထုတ်ဝေမှုများကို ပြုလုပ်နေကြသူများ၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ကွယ်ပျောက်၍ မဟာယာနသာသနာဖြင့် အစား ထိုးလိုသူများ ပေါ်ထွက်စပြုနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။

ထို့ပြင် ဝိနည်းသိက္ခာပုဒ်တော်ကို စောင့်ထိန်းလိုက်နာခြင်းမရှိဘဲ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို စွန့်ပယ်ပြီး ဘုရားရှင် စက်ဆုပ်တော်မူအပ်သော ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ဗေဒင်၊ ယတြာ၊ ဂါထာမန္တရား စသည်များဖြင့် ကုလဒူသနအနေသနမှု ပြုလုပ်နေကြသော အလဇ္ဇီ ဒုဿီလရဟန်းဆိုးများ၊ တန်ခိုးကြီးဘုရားပရိဝုဏ် အနီး၌ နေထိုင်ကြ၍ မိမိတို့ကိုယ်တိုင် ဘိုးတော်အမည်ခံယူရုံမျှမက များစွာသော ထွက်ရပ်ပေါက် ဘိုးတော်အမည်ခံ မလျော်ကန်သော လူရပ်များ၊ မယ်တော်ကြီး၊ မယ်တော်လေး၊ မင်းကြီး၊ မင်းကလေး၊ ကိုးမြို့ရှင်၊ နယ်ပိုင်ရှင်စသော နတ်ရုပ်များကို ပြသလျက် သာသနာဖျက်အလုပ်များကို သာသနာပြုအမည်ခံကာ ရဲဝံ့စွာပြုလုပ်နေ ကြသော ရဟန်းများ၊ သိက္ခာမတင် သိမ်မဝင်ဘဲ မိမိတို့ဘာသာ သင်္ကန်းဝတ်လျက် မြို့ရွာ/ရပ်ကွက်အတွင်း လှည့်လည်ကြ၍လည်းကောင်း၊ လူစည်ကားရာ ဘုရား စောင်းတန်းစသည်များ၌ အမြင်မတော်အောင် စောင့်မျှော်နေထိုင်ကြ၍လည်းကောင်း၊ တောင်းခံစားသောက်နေကြသူများ ပေါ်ပေါက်နေသည်ကိုလည်း တွေ့မြင်ကြားသိနေ ကြရပါသည်။

ယင်းသို့သော သာသနပစ္စတ္ထိက= သာသနာ့ရန်သူ၊ သာသနာ့အညစ်အကြေး၊ သာသနာ့အန္တရာယ်တို့ကို မပယ်မရှား၊ မတားမဆီး၊ မပိတ်မပင်ဘဲ လျစ်လျူရှုနေကြပါက ယင်းအန္တရာယ်များ တစ်စတစ်စ ကြီးပွားလာလျှင် သာသနာတော်ကြီး ပျက်စီးတိမ်းပါးသွားနိုင်ပါသည်ဘုရား။

ထို့ကြောင့် သုဓမ္မာ၊ ရွှေကျင်၊ ဒွါရစသော သံဃာ့ဂိုဏ်းကြီးများကို စနစ်ကျနသော သံဃာ့အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်း၍ သံဃာတော်အချင်းချင်း ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားနိုင်မှသာ ဆိုခဲ့ပြီးသော သာသနာ့ဘေးရန်များ ပပျောက်၍ သာသနာတော်သန့်ရှင်းတည့်တံ့ ပြန့်ပွားနိုင်မည်ဖြစ်သည့်အတွက် သာသနာ့ဦးသျှောင်ဆရာတော်များနှင့် နိုင်ငံ့ခေါင်းဆောင် နိုင်ငံတော်အကြီးအကဲများ ဆွေးနွေးညှိနှိုင်းတိုင်ပင်တော်မူကြ၍ သာသနာတော်သန့်ရှင်းတည့်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကျင်းပကာ စည်းမျဉ်းလုပ်ထုံးများ ရေးဆွဲပြီးလျှင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်းတည့်တံ့ပြန့်ပွားရေးဟူသော သာသနာပြုလုပ်ငန်းကြီးကို ဆောင်ရွက်လာခဲ့ကြပါသည်။ ယခုလည်း ဆောင်ရွက်ဆဲ နောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဤသည်မှာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရခြင်း အကြောင်းရင်းဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို (က) သာသနာတော်သန့်ရှင်းတည့်တံ့ပြန့်ပွားရန်ဖြစ်သည်-စသည်ဖြင့် (က)မှ (ဆ)အထိ (၇)ချက် ပြဆိုထားပါသည်။

ဆရာတော်အရှင်မြတ်တို့ဘုရား...

ဘုရားတပည့်တော် လျှောက်ထားခဲ့ပြီးသော သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ဖွဲ့စည်းရခြင်း အကြောင်းနိဒါန်း၌ ပြဆိုခဲ့သည့် သာသနာ့ပစ္စတ္ထိက= သာသနာ့ရန်စွယ်အန္တရာယ် အညစ်အကြေးများကို ပယ်ရှားတားဆီးနိုင်ရန်နှင့် ရည်ရွယ်ချက်များ ထမြောက် အောင်မြင်ရန် မလျော့သော ဇွဲလုံ့လဖြင့် ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်

ကြကာ ဆောင်ရွက်တော်မူကြမှ သာသနာတော်မြတ်ကြီး အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ်ပြီး ကာလအရှည်တည်တံ့ကာ စည်ပင်ပြန့်ပွား ထွန်းကားနိုင်မည် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်ကြသော ဆရာတော်အရှင်မြတ်တို့သည် သီတင်းသုံးဖော်တို့၏ ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူများ ဖြစ်ကြမှသာ ဘုရားတပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ကိစ္စများ ထမြောက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ သီတင်းသုံးဖော်တို့၏ မချစ် ခင်အပ်၊ မလေးစားအပ်၊ မချီးမွမ်းအပ်သူများဖြစ်နေကြပါက ဘုရားတပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကိစ္စများ ထမြောက်အောင်မြင်နိုင်မည် မဟုတ်ပါဘုရား။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူအပ်သော သီတင်းသုံးဖော်တို့ မချစ်ခင်အပ်၊ မလေးစားအပ်၊ မချီးမွမ်းအပ်သူဖြစ်ကြောင်းနှင့် သီတင်းသုံးဖော်တို့ ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်ကြောင်းများကို ဖော်ပြသည့် နမူနာသုတ်တော်ကို အကျဉ်းချုပ်၍ လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ဗုဒ္ဓရှင်တော်မြတ်သည်–

“**ဣဓ ဘိက္ခဝေ ဘိက္ခု အမိကရဏိကော ဟောတိ အမိကရဏသမထဿ န ဝဏ္ဏဝါဒီ**” အစရှိသည်ဖြင့် သီတင်းသုံးဖော်တို့ မချစ်ခင်အပ်၊ မလေးစားအပ်၊ မချီးမွမ်းအပ်သူဖြစ်ကြောင်း တရားများကိုလည်းကောင်း၊

“**ဣဓ ပန ဘိက္ခဝေ ဘိက္ခု န အမိကရဏိကော ဟောတိ အမိကရဏသမထဿ ဝဏ္ဏဝါဒီ**” အစရှိသည်ဖြင့် သီတင်းသုံးဖော်တို့ ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်ကြောင်း တရားများကိုလည်းကောင်း ဟောကြားတော်မူပါသည်။ (အံ၊ ၃၊ ၃၈၉၊ ၃၉၀၊ ၃၉၁)

ထိုတရားများ၏ အကျဉ်းချုပ်အဓိပ္ပါယ်မှာ–

(၁) အဓိကရဏိကော – အဓိကရုဏ်းကို ပြုတတ်သူ၊
(၂) န သိက္ခာကာမော – သိက္ခာသုံးပါးကို မလိုလားသူ၊
(၃) ပါပိစ္ဆော – ယုတ်မာသော လောဘ အလိုရမ္မက်ရှိသူ၊
(၄) ကောဓနော – အမျက်ထွက်တတ်သူ၊
(၅) မက္ခီ – သူတစ်ပါးဂုဏ်ကို ချေဖျက်တတ်သူ၊
(၆) သဌော – စဉ်းလဲကောက်ကျစ်သူ၊ မိမိ၌မရှိသော ဂုဏ်ကို အရှိလုပ်ကာ လွဲမှားစွာ ပြောဆိုတတ်သူ၊
(၇) မာယာဝီ – မိမိအပြစ်ကိုဖုံးကွယ် လှည့်ပတ်ခြင်း (မာယာ) ရှိသူ၊
(၈) ဓမ္မာနံ န နိသာမကဇာတိကော – လောကုတ္တရာတရားတို့ကို ရှုမှတ်ဆင်ခြင် သိမြင်မှုမရှိသူ၊
(၉) န ပဋိသလ္လီနော – ကမ္မဋ္ဌာန်းဖြင့် တစ်ပါးတည်းမကိန်းအောင်းသူ၊
(၁၀) သဗြဟ္မစာရီနံ န ပဋိသန္ထာရကော – သီတင်းသုံးဖော်တို့ကို အာမိသ၊ ဓမ္မနှစ်ဌာနဖြင့် ချီးမြှောက်မှုမပြုတတ်သူ။

ဤသို့သဘောရှိသော ရဟန်းမှာ "ငါ့ကို သီတင်းသုံးဖော်တို့က အရိုအသေပြုကြ၊ အလေးဂရုပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြပါမူကောင်းလေစွ"ဟု လိုလားတောင့်တပါသော်လည်း ပညာရှိ သီတင်းသုံးဖော်တို့က ထိုရဟန်းမှာ အဓိကရုဏ်းကိုပြုမှု သိက္ခာသုံးပါးကို မလိုလားမှုစသော ယုတ်မာသော အကုသိုလ်တရားတို့ကို မပယ်ရှားနိုင်မှန်း သိမြင်နေကြသောကြောင့် ထိုရဟန်းကို သီတင်းသုံးဖော်တို့က အရိုအသေမပြုကြ၊ အလေးဂရုမပြုကြ၊ မမြတ်နိုးကြ၊ မပူဇော်ကြသည်သာဖြစ်၏။

(၁) န အဓိကရဏိကော – အဓိကရုဏ်းကိုမပြုတတ်သူ၊
(၂)သိက္ခာကာမော – သိက္ခာသုံးပါးကိုလိုလားသူ၊
(၃)အပ္ပိစ္ဆော – လောဘအလိုရမ္မက်နည်းပါးသူ၊
(၄) အက္ကောဓနော – အမျက်မထွက်တတ်သူ၊
(၅)အမက္ခီ – သူတစ်ပါးဂုဏ်ကို မချေဖျက်တတ်သူ၊
(၆)အသဌော – မစဉ်းလဲမကောက်ကျစ်သူ၊ မိမိ၌မရှိသော ဂုဏ်ကိုအရှိလုပ်ကာလွဲမှားစွာမပြောဆိုတတ်သူ၊
(၇)အမာယာဝီ – မိမိအပြစ်ကိုဖုံးကွယ်လှည့်ပတ်ခြင်း (မာယာ)မရှိသူ၊
(၈)ဓမ္မာနံ နိသာမကဇာတိကော – လောကုတ္တရာတရားတို့ကို ရှုမှတ်ဆင်ခြင်သိမြင်မှုရှိသူ၊
(၉)ပဋိသလ္လီနော – ကမ္မဋ္ဌာန်းဖြင့် တစ်ပါးတည်း ကိန်းအောင်းသူ၊
(၁၀)သဗြဟ္မစာရီနံပဋိသန္ထာရကော –သီတင်းသုံးဖော်တို့ကို အာမိသ၊ဓမ္မနှစ်ဌာနဖြင့် ချီးမြှောက်မှုပြုတတ်သူ။

ဤသို့သဘောရှိသော ရဟန်းမှာ "ငါ့ကို သီတင်းသုံးဖော်တို့က အရိုအသေပြုကြ၊ အလေးဂရုပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြပါမူ ကောင်းလေစွ"ဟု မလိုလားမတောင့်တပါသော်လည်း ပညာရှိ သီတင်းသုံးဖော်တို့က ထိုရဟန်းမှာ အဓိကရုဏ်းကိုပြုမှု၊ သိက္ခာသုံးပါးကို မလိုလားမှုစသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရှားနိုင်မှန်း သိမြင်နေကြသောကြောင့် ထိုရဟန်းကို သီတင်းသုံးဖော်တို့က အရိုအသေပြုကြ၊ အလေးဂရုပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြသည်သာ ဖြစ်၏"ဟု ဆိုလိုပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ပါဝင်ကြသော ဆရာတော်အရှင်မြတ်တို့သည် ဤနပ္ပိယသုတ်တော်၌ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူအပ်သော သီတင်းသုံးဖော်တို့ မချစ်ခင်အပ်၊ မလေးစားအပ်၊ မချီးမွမ်းအပ်သူဖြစ်ကြောင်း တရားဆယ်ပါးတို့ကို ပယ်ရှားနိုင်သမျှ ပယ်ရှားတော်မူကြ၍ သီတင်းသုံးဖော်တို့ ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်ကြောင်း တရားဆယ်ပါးတို့နှင့် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကျင့်သုံးတော်မူကြလျက် တပည့်တော်တို့ မျှော်မှန်းထားသည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ ထမြောက် အောင်မြင်အောင် ထက်သန်သော ဝိရိယာဓိပတိဖြင့် အားသစ်ကြိုးပမ်းတော်မူကြပါဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား... ဆရာတော်ဘုရားများ၏ အခွင့်အရေးအချို့ကို ထည့်သွင်း လျှောက်ထားပါရစေဘုရား။ သံဃာ့အဖွဲ့အစည်းလုပ်ထုံး လုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း (၁၆)အပိုဒ် (၁၀၈) အပိုဒ်ခွဲ (၄)၌ "ဓမ္မ ဝိနယဆိုင်ရာ အမိန့်ပြန်တမ်းများ အခါအားလျော်စွာ ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို ညွှန်ပြနိုင်သည်"ဟု ပြဋ္ဌာန်းထားပါသည်။

ယင်းပြဋ္ဌာန်းချက်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် သာသနာတော်အတွက်လိုအပ်ခဲ့ပါလျှင် ဓမ္မဝိနယဆိုင်ရာ အမိန့်ပြန်တမ်းများ အခါအားလျော်စွာ ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို ညွှန်ပြနိုင်ပါကြောင်း လျှောက်ထားပါသည်ဘုရား။

ထို့ပြင် ယင်းလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၂၃) အပိုဒ်(၁၇၉)၌ "သံဃာ့ဝန်ဆောင်အစည်းအဝေး၌ ဆွေးနွေးလိုသော ဆရာတော်သည် မိမိဆွေးနွေးလိုသော အကြောင်းအရာကို သက်ဆိုင်ရာသံဃနာယကအဖွဲ့ထံသို့ (၁)လကြိုတင်ပေးပို့၍ ဆွေးနွေးခွင့်တောင်းနိုင်သည်"ဟုလည်းကောင်း၊ အပိုဒ်(၁၉၉)၌ "သံဃာ့ဝန်ဆောင်/ သံဃနာယကတစ်ပါးပါးသည် သံဃာအများ၏ ကိုယ်စား သာသနာတော်နှင့် စပ်လျဉ်းသည့်ကိစ္စများကို သက်ဆိုင်ရာပုဂ္ဂိုလ်များ၏

ခွင့်ပြုချက်ဖြင့် အစည်းအဝေးတွင် တင်ပြလျှောက်ထားနိုင်သည်။ ယင်းဆရာတော်၏ တင်ပြချက်ကို အစည်းအဝေးက ကြားနာခြင်း၊ ဝေဖန်ဆွေးနွေးခြင်းများကို ပြုလုပ်နိုင်သည်”ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ယင်းပြဋ္ဌာန်းချက်များအရ ဆရာတော်အရှင်မြတ်တို့သည် သာသနာတော်နှင့် စပ်လျဉ်းသည့်ကိစ္စများကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တင်ပြခွင့်ရှိပါသည်။ ဤအခွင့်အရေးသည် အစည်းအဝေးတက်ရောက်ကြသည့် ဝန်ဆောင်/နာယက အားလုံး၏အခွင့်အရေး ဖြစ်ပါသည်။

မိမိတို့၏ ဤအခွင့်အရေးကိုမသိကြသည့် ဆရာတော်အချို့က ‘‘အစည်းအဝေးတက်ရောက်သော်လည်း ဘာမျှပြောဆိုခွင့်မရှိပါ။ ဖတ်ပြတာကို နားထောင်၊ သာဓုခေါ်ပြီး ပြန်ရတာပါ”ဟု ပြောဆိုသည်ကိုလည်း တွေ့ကြုံရဖူးပါသည်။ ဤလုပ်ထုံးအပိုဒ်(၁၈၉) (၁၉၉)တို့အရ ဆရာတော်များသည် အစည်းအဝေးများ၌ သာသနာတော်နှင့်စပ်လျဉ်းသည့်ကိစ္စများကို တင်ပြဆွေးနွေး အကြံဉာဏ်များပေးတော်မူကြရန်ကိုလည်း လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော်တို့သည် အစပိုင်းက ဘုရားတပည့်တော် လျှောက်ထားခဲ့ပြီးသော သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းရခြင်း၏ အကြောင်းရင်းနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သောအနေဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဟူသော ဦးတည်ချက်သုံးရပ်ကို အဓိကထားလျက် သာသနာ့ကိစ္စဟူသမျှတို့ကို သာသနာရေးရာ၊ ပညာရေးရာ၊ ဝိနိစ္ဆယရေးရာဟူ၍ ကဏ္ဍသုံးရပ်ခွဲကာ ဆောင်ရွက်နေခြင်းသည် မိမိတို့၏ အကျိုးစီးပွားဖြစ်ထွန်းရုံမျှမဟုတ်ဘဲ တစ်လောကလုံးရှိ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ဖြစ်ကြောင်းကို ဗုဒ္ဓရှင်တော်မြတ်က သုဂတဝိနယသုတ်၌-

‘‘သုဂတော ဝါ ဘိက္ခဝေ လောကေ တိဋ္ဌမာနော သုဂတဝိနယော ဝါ တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ

**တိတာယ သုခါယ ဒေဝမနုဿာနံ**” ရဟန်းတို့ မြတ်စွာဘုရားဖြစ်စေ၊ မြတ်စွာဘုရား၏ အဆုံးအမတရားတော် (သာသနာတော်)ဖြစ်စေ လောက၌ တည်ရှိနေလတ်သော် ထိုတည်ရှိနေခြင်းသည် များစွာသောသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား ချမ်းသာများခြင်းငှါ၊ သတ္တဝါအပေါင်းကို ငဲ့ညှာထောက်ထား သနားခြင်းငှာ၊ လူနတ်တို့၏အစီးအပွား ချမ်းသာများခြင်းငှာ ဖြစ်၏”ဟု ဟောတော်မူခဲ့ပါသည်။ **(အံ၊ ၁၊ ၄၆၄၊)**

ထို့ကြောင့် “ငါတို့၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် သာသနာပြု လုပ်ငန်းအဝဝတို့ကို ဆောင်ရွက်နေကြခြင်းသည် ငါတို့အကျိုးစီးပွားအတွက်သာမက တစ်လောကလုံးရှိ လူ့,နတ်, ဗြဟ္မာသတ္တဝါ အားလုံး၏ အကျိုးစီးပွားချမ်းသာများရန်အတွက် ဆောင်ရွက်နေကြခြင်းဖြစ်ပေသည်”ဟု မိမိတို့ သာသနာပြုလုပ်ငန်း၏ အလွန်မွန်မြတ်ပုံကို ဆင်ခြင်စဉ်းစား ပီတိပွားကာ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းခြင်း၏ အကြောင်းရင်းနှင့် ရည်ရွယ်ချက်များ ထမြောက်အောင်မြင်အောင် ဆတက်ထမ်းပိုးတိုး၍တိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား။

# ပဥ္စမအကြိမ်
# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
# ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# နိဂုံးချုပ်ဩဝါဒကထာ

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ အားပေးချီးမြှောက် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား။

ကောဇာသက္ကရာဇ် ၁၃၆၇-ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက်၊ ခရစ်နှစ် (၂၀၀၆)ခုနှစ်၊ မတ်လ(၉)ရက်နေ့မှစ၍ ကျင်းပခဲ့သော ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကြီးသည် ကောဇာသက္ကရာဇ်(၁၃၆၇)ခုနှစ်၊ တပေါင်းလဆန်း(၁၃)ရက်၊ ခရစ်နှစ် (၂၀၀၆) ခုနှစ်၊ မတ်လ(၁၁)ရက် ဤယနေ့ ဤအချိန်အခါမှာ ဇယမင်္ဂလာ ပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး ပီတိပုံးလျက် ပြီးဆုံးထမြောက်ခဲ့ပါပြီဘုရား။

ဤအစည်းဝေးကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁၇)အပိုဒ် (၁၂၀)အရ တင်ပြအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက် အစီရင်ခံစာအပေါ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်များက သံဃာ့အဖွဲ့

အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁၆) အပိုဒ်(၁၀၈) အပိုဒ်ခွဲ(၃)နှင့်အညီ အပြုသဘောဖြင့် ဝေဖန်ဆွေးနွေး အကြံပေးတော်မူကြပြီး အတည်ပြုပေးတော်မူကြသည့်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား နှစ်နှစ်ကာကာ ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားပါသည် ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား... နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ သာသနာတော်၏ကိစ္စအရပ်ရပ်ကို တာဝန်ယူလျက် ဆောင်ရွက်နေရသောအဖွဲ့ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကူအညီအထောက်အပံ့ကို များစွာလိုအပ်ပါသည်ဘုရား။ သို့ဖြစ်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီး ကျင်းပသည့်အခါ၌ စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခြင်း၊ ဝေဖန်ဆွေးနွေးခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အကျိုးရှိရာရှိကြောင်း အကြံကောင်း၊ ဉာဏ်ကောင်းများပေးခြင်းတို့ဖြင့် ကူညီတော်မူကြပါရန် လိုလိုလားလား လျှောက်ထားပါသည်ဘုရား။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်တို့၏အားသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အားဟူ၍ မှတ်ယူပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာ၌ တပည့်တော်တို့ သံဃာတော်များချည်းဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံမှု ရှိနိုင်မည်မဟုတ်ပါ။ “သာသနာတော်မည်သည် မင်းကိုမှီ၍ တည်တံ့ရ၏”ဟူသော ရှေးဆရာတော်အရှင်မြတ်တို့၏ အဆိုအမိန့်နှင့်အညီ နိုင်ငံတော်အစိုးရမင်းတို့ကို မှီရမှ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်ဘုရား။

သာသနာတော်ဝယ် သံဂါယနာခြောက်ကြိမ်တိုင် တင်ခဲ့ကြရာ၌ အများအားဖြင့် မင်းကို အမှီပြု၍ တင်ခဲ့ကြရပါသည်။ အရှင်မဟာကဿပအမှူးရှိသော ရဟန္တာအရှင်မြတ်တို့သည် ပဌမသံဂါယနာတင်ရန် စီမံတော်မူကြရာ၌ ရာဇဂြိုဟ်

သုတေသနစာကြည့်တိုက်
ညွှ[illegible]ချုပ်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
တမ္ဘာအေး၊ ရန်ကုန်။

ပြည့်ရှင် အဇာတသတ်မင်းအား သံဂါယနာတင်မည့် အကြောင်းကို မိန့်ကြားတော်မူကြရာ အဇာတသတ်မင်းက "သာဓု ဘန္တေ ဝိဿဋ္ဌာ ကရောထ၊ မယှံ အာဏာ စက္ကံ တုမှာကဉ္စ ဓမ္မစက္ကံ ဟောတု" "ကောင်းပါပြီ အရှင်ဘုရားတို့ ရဲရဲဝံ့ဝံ့သာ သံဂါယနာတင်တော်မူပါ။ တပည့်တော်က အာဏာစက်ဖြင့် ကူညီပါ့မည်။ အရှင်ဘုရားတို့က ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြပါ" ဟု လျှောက်ထားပါသည်။ ထို့ကြောင့် အဇာတသတ်မင်းကို အမှီပြု၍ ပဌမသံဂါယနာတင်တော်မူခဲ့ကြပါသည်။

ထို့အတူ ဒုတိယသံဂါယနာကို ဝေသာလီပြည် ကာလာသောကမင်းကို အမှီပြု၍လည်းကောင်း၊ တတိယသံဂါယနာကို ပါဋလိပုတ်ပြည် အသောကမင်းကို အမှီပြု၍လည်းကောင်း တင်တော်မူခဲ့ကြရပါသည်။ စတုတ္ထသံဂါယနာကိုကား သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်၌ သံဃာတော်(၅၀၀)တို့ ပေထက်အက္ခရာ တင်တော်မူခဲ့ကြပါသည်။ ဝဋ္ဋဂါမဏိမင်း လက်ထက်ဖြစ်သော်လည်း မင်းကိုအမှီပြုသည်ဟုကား ကျမ်းဂန်တို့၌ မဆိုပါ။ သီဟိုဠ်ကျွန်း၌ ဂိုဏ်းကြီးသုံးဂိုဏ်း ကွဲပြား၍ သာသနာရေးရှုပ်ထွေးနေသည်ကို ပုလိတ္ထိမြို့ ပရက္ကမဗာဟုမင်းကို အမှီပြု၍ ဒိမ္ဗုလာဂလ အရှင်မဟာကဿပအမှူးရှိသော မဟာထေရ်တို့ သာသနာတော်ကို သန့်ရှင်းစင်ကြယ်စေ၍ ဂိုဏ်ကြီးသုံးဂိုဏ်းကို တစ်ဂိုဏ်းတည်းဖြစ်အောင် ဆောင်ရွက်ခဲ့ကြပါသည်။

တပည့်တော်တို့ မြန်မာပြည်၌လည်း ပဉ္စမသံဂါယနာကို ရတနာပုံနေပြည်တော် မင်းတုန်းမင်းတရားကြီးကိုအမှီပြု၍လည်းကောင်း၊ ဆဋ္ဌသံဂါယနာကို ရန်ကုန်နေပြည်တော် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရမင်းတို့ကိုအမှီပြု၍ လည်းကောင်း တင်တော်မူခဲ့ကြပါသည်။

ကောဇာသက္ကရာဇ် (၁၃၄၂) ခုနှစ်၌ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်ကြရာ၌လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရမင်းတို့ကိုပင် အမှီပြု၍ ဆောင်ရွက်ခဲ့ကြရပါသည်။ ဤသည်မှာ မင်းကိုအမှီပြု၍ သာသနာရေးကိစ္စများကို ဆောင်ရွက်ကြရပုံဖြစ်ပါသည်ဘုရား။

၂၇၃၀၆

ဆရာတော်အရှင်မြတ်တို့ဘုရား...ယခုအချိန်အခါသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းတို့က မြတ်စွာဘုရားသာသနာတော်ကို ဘက်စုံထောင့်စုံမှ လိုလေသေးမရှိရအောင် ကူညီချီးမြှောက်ထောက်ပံ့နေသော ရနိုင်ခဲသည့် အခွင့်ကောင်းကို ရရှိနေသောအချိန်ကောင်း အခါကောင်းဖြစ်ပါသည်။ ဤသို့ ရနိုင်ခဲသည့် အခွင့်ကောင်းကို ရရှိနေခိုက် **"မာ ဝေါ ခဏော ဝိရာဓေထ"** ဟူသော ဒေသနာတော်အရ အခွင့်ကောင်းကို လက်မလွတ်အောင် သာသနာတော်ကိစ္စ အဝဝတို့ကို ထက်ထက်သန်သန် ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည်ဘုရား။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ ခန္ဓာကိုယ်ပင်ပန်း နွမ်းနယ်မှုကို ဂရုမပြုဘဲ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက် ချီးမြှင့်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဆောင်ရွက်ဖွယ်ကိစ္စဟူသမျှကို မလစ်ဟင်းအောင် ကြိုးပမ်းဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ ဤအစည်းအဝေးကြီး အောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးကြသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမှုထမ်းအရာထမ်းများ၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ဆွမ်းကွမ်းကိစ္စသည်တို့ကို ဆောင်ရွက်ပေးကြသော ဝန်ထမ်းများ၊ ဆွမ်းဒါယကာ၊ ဆွမ်းဒါယိကာမများအားလုံးတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်း တင်၍ ဤအစည်းအဝေးကြီး ပြီးမြောက်အောင် အဖက်ဖက်မှ ဆောင်ရွက်ကြသည့် ရဟန်းရှင်လူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော်ကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ၊ မိမိတို့ ပန်ဆင်အပ်သော ဗောဓိဆုမြတ်ဖြင့် အမတစခန်း နိဗ္ဗာန်နန်းသို့ စံမြန်းဝင်ရောက်နိုင်ကြပါစေဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား ဆုတောင်းပတ္ထနာပြုလိုက်ပါသတည်း။

# ပဥ္စမအကြိမ်
# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
# သတ္တမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်း အဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရား ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန် ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ် စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု ပတ္ထနာပြုလျက် နှုတ်ခွန်း ဆက်သပါသည်ဘုရား။

ယခု ပဥ္စမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်း အဝေးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၂၅%(ရာခိုင်နှုန်း) အနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရမည့် အရေးကြီးသော အစည်းအဝေးဖြစ်ပါသည်ဘုရား။ ဤအရေးကြီးသော အစည်းအဝေးကြီးသို့ ဆရာ တော်အရှင်မြတ်တို့ သာသနာစိတ်ဓာတ်အပြည့်အဝဖြင့် ကြွရောက်တော်မူလာကြ သည်ကို တွေမြင်ရပါသဖြင့် သာသနာတော်အတွက် အားတက်ရွှင်လန်းဝမ်းမြောက် ဝမ်းသာဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား...

သုံးလောကထွတ်တင် ဘုရားရှင်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ၊စာဂ၊စရိယတို့ကို ပြည့်ဝအောင် ဖြည့်ကျင့်ဆည်းပူးတော်မူ၍ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိတော်မူကာ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အစီးအပွါးအလို့ငှါ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မဟူသော သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုတည်ထောင်အပ်ပြီးသော သာသနာတော်မြတ်ကြီးကို အစွန့်ရှည်ကြာ စွာ တည်တံ့အောင် လက်ဆင့်ကမ်း ထမ်းဆောင်ကြမည့် ပဥ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အရှင်သာရိပုတ္တရာ၊အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပစသော သာဝက တို့ကို ရဟန်းပြုပေးတော်မူလျက် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်း တည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုသံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီးကို မြတ်စွာဘုရားလက်ထက်တော်မှစ၍ လက်ဆင့်ကမ်းထမ်းဆောင်တော် မူခဲ့ကြရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း(၂၅၅၀)ပြည့်နှစ်သို့ ရောက်ခဲ့ ပါပြီဘုရား။

ထိုနှစ်ပေါင်း (၂၅၅၀)ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် လောကဓမ္မ သဘာဝအလျောက် ခေါက်ရှာငှက်ပျံ သကဲ့သို့ မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျ အဝဝတို့နှင့် တွေ့ကြုံခဲ့ရပါသည်၊ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်း ခဲ့ရသည်မဟုတ်ဘဲ ဘေးရန်ထူပြော မချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းခဲ့ရာ ပင်မဌာနကြီးဖြစ်သည့် အိန္ဒိယနိုင်ငံ ကြီးနှင့်တကွ ရှေးအခါက ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သော ပါကစ္စတန်၊ အာဖဂန် နစ္စတန်စသောနိုင်ငံများ၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် အင်ဒိုနီးရှား

စသောနိုင်ငံများ၌ ဗုဒ္ဓသာသနာတော်ကွယ်ပျောက်၍ အခြားဘာသာသာသနာများ ဝင်ရောက်လွှမ်းမိုးနေသည်ကို ထောက်ရှုပါက ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် မည်မျှကြမ်းတမ်းလှသည့်ခရီးကို လျှောက်လှမ်းခဲ့ရကြောင်း သိသာလှပါသည်ဘုရား။

တပည့်တော်တို့၏ ဤပြည်ထောင်စုမြန်မာနိုင်ငံတော်၌ပင် သာသနာပြုမင်းကောင်းမင်းမြတ်များ လက်ထက်၌ ဗုဒ္ဓသာသနာတော် လွန်စွာထွန်းကားခဲ့သော်လည်း သာသနာတော်ကို အလေးမပြု လျစ်လျူရှုထားသည့် အချို့မင်းများလက်ထက်၌ ဗုဒ္ဓမြတ်စွာသာသနာတော်သည် လွန်စွာညှိုးမှိန်ခဲ့ရပါသည်။ ပွဲကျောင်းဂိုဏ်းရဟန်းများ တန်ခိုးကြီးစဉ်ကမူ သာသနာပိုင်ကိုယ်တိုင် လက်ဝှေ့ထိုးသတ်သည်အထိ သာသနာတော်ကျဆင်းခဲ့ရဖူးပါသည်ဘုရား။

တပည့်တော်တို့ သိမိရာ နောက်ပိုင်း၌လည်း ဘာသာခြား တိုင်းတစ်ပါးသားတို့၏ အုပ်စိုးမှုကို နှစ်ပေါင်းများစွာ ခံခဲ့ရခြင်း၊ ကြောက်ခမန်းလိလိဖြစ်သော စစ်ဘေးစစ်ဒဏ်ကို အလူးအလဲခံခဲ့ရခြင်းစသော လောကဓံဆိုးများနှင့် ကြုံဖန်များစွာ ရင်ဆိုင်ရသည့်အတွက် ကြံ့ကြံ့မခံနိုင်သော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် တဖြည်းဖြည်း သာသနာ့စိတ်ဓာတ်လျော့ပါးလာကြကာ ဝိနည်းသိက္ခာပုဒ်တော်များကို လေးလေးစားစား ကျင့်သုံးမှုမပြုကြတော့ဘဲ **ကုလဒူသန, အနေသန, မိစ္ဆာဇီဝ** အမှုတို့ကို ပြုလုပ်လာကြပါသည်။

အချို့သောရဟန်းများက ဝိဇ္ဇာဂိုဏ်း၊ ဘိုးတော်ဂိုဏ်း၊ ထွက်ရပ်ပေါက်၊ ဓာတ်ရိုက်၊ ဓာတ်ဆင်စသော သာသနာပျက်လုပ်ငန်းများကို သာသနာပြုအမည်တပ်ကာ ရဲတင်းစွာ ပြုလုပ်လာကြပါသည်၊ သာသနာ့ဗဟုသုတနည်းပါးသည့် ဒါယကာ, ဒါယိကာမ အများစုကလည်း ထိုသို့သော ပုဂ္ဂိုလ်များကိုသာ အထင်ကြီး ကာ ဆည်းကပ်ကိုးကွယ်ကြပါသည်။ အချို့ရဟန်းများက လူပြိန်းကြိုက် အဓမ္မဝါဒ များကို ဗုဒ္ဓဝါဒ ဖြစ်လေဟန် ဟောပြောရေးသားလာကြပါသည်။ သက်နိုးပရိက္ခရာ ဝှီးရမ်းဝယ်ယူကာ ကိုယ်တိုင်သင်္ကန်းဝတ်၍ အမြင်မတော်အောင် တောင်းရမ်းစား

သောက်နေကြသော ရဟန်းတု၊ ရဟန်းယောင်များလည်း မြို့ရွာဒေသအနှံ့အပြား ပေါ်ပေါက်လာခဲ့ကြပါသည်ဘုရား။

ဤသို့ဤပုံ သာသနာတော်ဂုဏ်သိရ်ကို ညှိုးမှိန်စေသည့် သာသနပစ္စတ္ထိက= သာသနာ့အန္တရာယ်များ ပေါ်ပေါက်လာခဲ့လေရာ ယင်းသို့သော သာသနပစ္စတ္ထိက= သာသနာ့အန္တရာယ်တို့ကို ပယ်ရှားသုတ်သင်လျက် သာသနာတော် သန့်ရှင်း တည်တံ့စေရန် ရည်သန်တော်မူကြ၍ ပြည်နယ်/ တိုင်းအသီးသီး၊ ဂိုဏ်းအသီးသီး တို့မှ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ အထောက်အပံ့အကူအညီရယူလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးကို ကျင်းပကာ “သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း”နှင့် “လုပ်ထုံး လုပ်နည်းများ”ကို အတည်ပြုပြဋ္ဌာန်းတော်မူကြ၍ ယင်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းလျက် သာသနာ တော် သန့်ရှင်းရေး၊တည်တံ့ရေး၊ ပြန့်ပွားရေးဟူသော သာသနာတော်အရေး သုံးပါးကို ဆောင်ရွက်ခဲ့ကြသည်ကို ဆရာတော်ဘုရားများ သိတော်မူကြပြီး ဖြစ်ပါ သည်ဘုရား။ ယင်းသို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းလျက် သာသနာတော် သန့်ရှင်းရေး၊ သာသနာတော်တည်တံ့ရေး၊ သာသနာတော်ပြန့်ပွားရေးဟူသော ဦးတည်ချက် သုံးရပ်ချမှတ်ကာ သာသနာ့ကိစ္စများကို ဆောင်ရွက်လာခဲ့ကြသည်မှာ ပဥ္စမသက်တမ်း (၆)နှစ်ပြည့်ပြီးဖြစ်၍ နှစ်ပေါင်း (၂၇)နှစ်ရှိခဲ့ပါပြီဘုရား။

ဤသို့ (၂၇)နှစ်တိုင်တိုင် လုံ့လကြီးကုတ် အားထုတ်ဆောင်ရွက်ခဲ့ကြသဖြင့် ရည်ရွယ်ချက်များ မျှော်မှန်းသလောက် အောင်မြင်ပြီဟု မဆိုနိုင်သော်လည်း သာသနာ တော်၏ ဘေးရန်အန္တရာယ်များဖြစ်သည့် အဓမ္မဝါဒများကို ပယ်ရှားသုတ်သင်နိုင်ခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဖွင့်လှစ်၍ ခေတ်မီနည်းစနစ်ဖြင့် ပရိယတ်ကို ပို့ချပေးနိုင်ခြင်း၊ နိကာယ်စာမေးပွဲကြီးကို အသစ်ဖွင့်လှစ်ပေးနိုင်ခြင်း၊ ဝိနိစ္ဆယရေးရာစသည်များ၌ သံဃာ့ကိစ္စကို သံဃာဆောင်ရွက်နိုင်ခြင်း၊ ရဟန်း သာမဏေများ လိုက်နာရန်စည်းမျဉ်းဥပဒေများ ထုတ်ပြန်နိုင်ခြင်း၊ ဗုဒ္ဓဘာသာ

ယဉ်ကျေးမှုစာမေးပွဲများ ကျင်းပပေးနိုင်ခြင်း၊ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ သာသနာပြုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ပိဋကတ်ကျမ်းဂန်ကျွမ်းကျင်ပြီးသော ရဟန်းတော်များကို ဘာသန္တရဆည်းပူးရန် ပညာတော်သင်စေလွှတ်နိုင်ခြင်းစသော သာသနာတော်အတွက် များစွာအကျိုးသက်ရောက်သည့် အောင်မြင်မှုများ ရရှိခဲ့ပါသည်ဘုရား။

ယခုလို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှု မပြုနိုင်ခဲ့ပါလျှင် ဤနှစ်ပေါင်း (၂၇)နှစ်အတွင်းမှာ ဘုရားတပည့်တော်တို့ သာသနာတော်ဟာ ဝိတဏ္ဍာဘေး ရောထွေးပွေရှုတ်၍ များစွာဆုတ်ယုတ်ပျက်စီးသွားနိုင်ပါသည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သဖြင့် ထိုသာသနာ့ဘေးရန်တို့ကို ဟန့်တားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယခု အကျဉ်းအမြွက်မျှ လျှောက်ထားခဲ့ရသည့် ကြောင်းကျိုးခြင်းရာတို့ကို စဉ်းစားဆင်ခြင်ကြည့်ပါက သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ သာသနာတော်အတွက် အကျိုးများပုံကို ပြက်ပြက်ထင်ထင် သိမြင်နိုင်ပါသည်ဘုရား။

သို့ဖြစ်၍ ဤသံဃာ့အဖွဲ့အစည်း မပျက်စီးအောင် ပြုပြင်ထိန်းသိမ်းသွားရမည့်တာဝန်သည် ဝံတို့ ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ အဓိကတာဝန်ကြီး ဖြစ်သည်ဟု နှလုံးသွင်းတော်မူကြလျက် ဤသံဃာ့အဖွဲ့အစည်းကြီးခိုင်မြဲလျက် ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ သာသနာတော်အတွက် ယုံကြည်ကိုးစားအားထားရသည့် အဖွဲ့အစည်းကြီးဖြစ်အောင် ထက်သန်သော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား...

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ပြည့်စွက်ချက် အခန်း (၁၆)၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ အပိုဒ် (၁၀၈)၊ အပိုဒ်ခွဲ (က)၌ ''ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတစ်ခုနှင့် တစ်ခုအကြား သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်မှုကို

တာဝန်ယူ ဆောင်ရွက်ရမည်”ဟု ပြဋ္ဌာန်းထားပါသည်။ စတုတ္ထအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ နောက်ပိုင်း၌ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး မကျင်းပနိုင်သော်လည်း နောက်ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး မကျင်းပနိုင်မီအတွင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတာဝန်၊ သံဃာ စည်းလုံးညီညွတ်မှု တာဝန်များသည် တပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန် ဆောင်အဖွဲ့ကြီး၏ တာဝန်ဖြစ်ပါသည်။ ယခုအချိန်အခါသည် သာသနာတော်ကိစ္စတို့ကို ဆောင်ရွက်ရန် အခွင့်ကောင်း အခါကောင်း ဖြစ်ပါသည်ဘုရား။

မှန်ပါသည်-

**“ပုန စ ပရံ ဘိက္ခဝေ ဘယံ ဟောတိ အဋ္ဌဝိသဂေါ်ပေါ၊ စက္ကသမာရူဠာ ဇာနပဒါ ပရိယာယန္တိ။ အယံ ဘိက္ခဝေ စတုတ္ထော အသမယော ပဓာနာယ” (အံ၊ ၂၊ ၅၈)**

“သူပုန်ထားပြစသော သောင်းကျန်းသူတို့ဖြင့် တိုင်းပြည်မအေးချမ်း မသာယာသည့် အချိန်အခါသည် ရဟန်းတရားအားထုတ်ဖို့ရန်၊ သာသနာရေးကိစ္စ များကို ဆောင်ရွက်ဖို့ရန် သင့်လျော်သော အချိန်အခါမဟုတ်”

**“ပုန စ ပရံ ဘိက္ခဝေ မနုဿာ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရန္တိ။ အယံ ဘိက္ခဝေ စတုတ္ထော သမယော ပဓာနာယ” (အံ၊ ၂၊ ၅၉)**

“ဆူပူသောင်းကျန်းမှု ကင်းဝေး၍ တိုင်းပြည်အေးချမ်းသာယာနေသော အချိန်အခါသည် ရဟန်းတရားအားထုတ်ဖို့ရန်၊ သာသနာရေးကိစ္စများကို ဆောင်ရွက်ဖို့ရန် သင့်လျော်လျောက်ပတ် ကောင်းမြတ်သော အချိန်အခါဖြစ်သည်”ဟု မြတ်စွာဘုရားဟောကြားထုတ်ဖော် မိန့်မှာတော်မူသည်ကို အင်္ဂုတ္တရနိကာယ်၊ ပဉ္စက နိပါတ်၌ သမယသုတ်အမည်ဖြင့် သံဂါယနာတင်တော်မူခဲ့ကြပါသည်ဘုရား။

ယခုအခါ ဘုရားတပည့်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားလူမျိုးစုများ အားလုံးလိုလို ညီညွတ်မှုရရှိပြီးဖြစ်သည့်အတွက် တိုင်းပြည်အေးချမ်းသာယာနေသော အချိန်အခါဖြစ်သည့်ပြင် နိုင်ငံတော်အစိုးရမင်း

တို့ကလည်း သာသနာတော်ကြီးကို ရှေးယခင်ကနှင့်မတူ တမူထူးခြား အားပေး ချီးမြှောက်ထောက်ပံ့ကူညီနေသော အချိန်အခါဖြစ်သဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ဖို့ရန် အလွန်သင့်လျော်သော အချိန်ကောင်း၊ အခါကောင်း ဖြစ်ပါသည်ဘုရား။ ဤသို့သော အချိန်ကောင်း၊ အခါကောင်းမျိုးကို ရရှိခြင်းမှာ သာသနာတော်အတွက် အလွန်ကံကောင်းသည်ဟု ဆိုရမည်ဖြစ်ပါသည် ဘုရား။ ဤသို့သော အချိန်ကောင်း၊ အခါကောင်းမျိုး ရရှိဖို့ရန် အလွန်ခဲယဉ်းလှပါ သည်ဘုရား။

သို့ဖြစ်၍ ရတောင့်ရခဲရရှိလာသည့် အချိန်ကောင်း၊ အခါကောင်းကို လက်မလွှတ်စေဘဲ သာသနာတော်အတွက် ဆောင်ရွက်ဖွယ်ဟူသမျှတို့ကို သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဗိုလ်ငါးပြာဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်တော် မူကြပါဟု တိုက်တွန်းလျက် ဖော်ပြလတ္တံ့ပါ ဥပါလိတ္ထေရာပဒါန်ဂါထာကို ဌာနာနုရူပ အနက်ယောဇနာ၍ နိဂုံးချုပ်ပါမည်ဘုရား။

**ဟ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။**

**သဒတ္ထေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော။** (အပ၊ ၁၊ ၅၁)

ဘန္တေ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အရှင်မြတ်တို့ဘုရား။ ဝေါ၊ အရှင် မြတ်တို့သည်။ ခဏံ၊ ဆိုက်ရောက်လာတောင်း အခွင့်အခါကောင်းကို။ မာဝိရာဓေထ၊ သတိချွတ်လွဲ လို့လနဲ(နည်း)လျက် မလွဲ မချော်ကြပါစေလင့်။ ဟိ၊ တိုက်တွန်းရခြင်း အကြောင်းရင်းကား။ ခဏာတီတာ၊ အခွင့်ကောင်းကို ကျော်လွန်သူတို့သည်။ (ဝါ) အခွင့်အခါကောင်းကို လက်လွှတ်သွားသူတို့သည်။ သောစရေ၊ နောင်တတစ်ဖန် ပူပန်စိုးရိမ်ရကုန်၏။ သဒတ္ထေ၊ ကိုယ့်တွက်ကိုယ့်တာ ကိုယ့်ဖို့ရာဟု မှန်စွာဆိုရ သာသနာတော်ကိစ္စဟူသမျှ၌။ ဝါယမေယျာထ၊ မပျက်ကြိုးကုတ် နောက်မဆုတ်ဘဲ အားထုတ်ကြပါကုန်လော့။ ဝေါ၊ အရှင်မြတ်တို့သည်။ ခဏော၊ ကြုံခဲကြုံတောင်း အခွင့် အခါကောင်းကို။ ပဋိပါဒိတော၊ ပြီးမစေအပ်ပါပြီဘုရား။ (ဝါ)ပဋိပါဒိတော၊ ရှေးကံပင့်ထောက် ဆောင်တိုင်းမြောက်အောင် ဆိုက်ရောက်နေပါပြီ ဆရာတော် အရှင်မြတ်တို့ဘုရား။

# ပဥ္စမအကြိမ်
# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
# သတ္တမအစည်းအဝေး၌မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# နိဂုံးချုပ်ဩဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ အမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏သတ္တမအစည်းအဝေးကို သာသနာတော်နှစ် ၂၅၅၀– ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈–ခုနှစ်၊ တပေါင်းလဆန်း ၁၁–ရက်၊ ၁၂–ရက် (ခရစ်နှစ် ၂၀၀၇–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆–ရက်၊ ၂၇–ရက်)တို့၌ ကျင်းပခဲ့ကြရာ ဤယနေ့ ဤအချိန်အခါမှာ ဇယမင်္ဂလာ ပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး အပြီးအဆုံးသို့ ရောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီးသည် ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ နောက်ဆုံး အစည်းဝေးကြီးဖြစ်ပါသည်။ နက်ဖြန်တပေါင်းလဆန်း (၁၃)ရက် (ဖေဖော်ဝါရီလ ၂၈–ရက်)နေ့၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၂၅ % (ရာနိုင်နှုန်း) အနားယူခြင်း၊ အစားထိုးခြင်းတို့ဖြင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သစ်ကို ဖွဲ့စည်းဆောင်ရွက်ကြရတော့မည်ဖြစ်ပါသည်ဘုရား။

ဤအစည်းအဝေးကြီး၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၏ သေတပန်သက်တဆုံး မှတ်သားလိုက်နာထိုက်သည့် ဩဝါဒကထာများကို နာယူမှတ်သားရခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သောတာဝန်ကို တစ်နှစ်တာ ကာလပတ်လုံး လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်ထားအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့က ဝိနည်းရေးရာ၊သာသနာရေးရာ၊ပညာရေးရာ (၃)ပြားသော ကဏ္ဍအလိုက် ဆွေးနွေးထောက်ခံအကြံပြုတော်မူကြကာ ဝမ်းသာရွှင်ကြည် အတည်ပြုပေးတော်မူကြခြင်းကြောင့်လည်းကောင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် လိုအပ်ချက်များကို ကောင်းစွာ ဆွေးနွေး၍ အဆုံးအဖြတ်ပေးခြင်း၊ အတည်ပြုပေးခြင်းတို့ကြောင့်လည်းကောင်း နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်ရပါကြောင်းကို ပွင့်လင်းစွာလျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ ဘုရား... အင်္ဂုတ္တရနိကာယ်၊ ဧကကနိပါတ်၊ ဒုတိယပမာဒဝဂ်၌-

(၁) မေ့လျော့ပေါ့ဆခြင်း = ပမာဒတရား၊

(၂) ပျင်းရိခြင်း = ကောသဇ္ဇတရား၊

(၃) အလိုကြီးခြင်း = မဟိစ္ဆတာတရား၊

(၄) မရောင့်ရဲခြင်း = အသန္တုဋ္ဌိတာတရား၊

(၅) မသင့်မလျော်သောအကြောင်းအားဖြင့်နှလုံးသွင်းခြင်း = 
= အယောနိသောမနသိကာရတရား၊

(၆) မဆင်ခြင်ခြင်း = အသမ္ပဇညတရား၊

(၇) ယုတ်မာသောအဆွေခင်ပွန်းရှိခြင်း= ပါပမိတ္တတာတရားများကို သာသနာတော်ပျက်စီးကြောင်း၊ ကွယ်ပျောက်ကြောင်းတရားဟူ၍လည်းကောင်း၊

(၁) မမေ့မလျော့ခြင်း = အပ္ပမာဒတရား၊

(၂) ထက်သန်သောလုံ့လပြုခြင်း = ဝီရိယာရမ္ဘတရား၊
(၃) အလိုနည်းခြင်း = အပ္ပိစ္ဆတာတရား၊
(၄) ရောင့်ရဲခြင်း = သန္တုဋ္ဌိတာတရား၊
(၅) သင့်လျော်သောအကြောင်းအားဖြင့်နှလုံးသွင်းခြင်း=
= ယောနိသောမနသိကာရတရား၊
(၆) ဆင်ခြင်ခြင်း = သမ္ပဇညတရား၊
(၇) အဆွေခင်ပွန်းကောင်းရှိခြင်း =ကလျာဏမိတ္တတာတရားများကို သာသနာတော် ကြာမြင့်စွာ တည်ကြောင်း၊ မပျက်စီးကြောင်း၊ မကွယ်ပျောက်ကြောင်း တရားများဟူ၍လည်းကောင်း မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော ဘုရားတပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အားလုံးတို့သည် သာသနာတော်ပျက်စီးကြောင်း၊ ကွယ်ပျောက်ကြောင်းတရား (၇)ပါးတို့ကို ဝေးစွာရှောင်ရှားတော်မူကြ၍ သာသနာတော်ကြာမြင့်စွာ တည်တံ့ကြောင်း၊ မပျက်စီးကြောင်း၊ မကွယ်ပျောက်ကြောင်း တရား(၇)ပါးတို့နှင့် ပြည့်စုံ အောင် ကျင့်ဆောင်တော်မူကြကာ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ထက်သန်သော သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားဟူသော အားကြီး(၅)ပါး လက်ကိုင်ထားလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ရွက်ဆောင်ကြိုးကုတ်အားထုတ်တော်မူကြပါဟု လေးလေး နက်နက် တိုက်တွန်းလျက် ဘုရားတပည့်တော်၏ နိဂမနဩဝါဒကထာကို အဆုံးသတ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား။

## ဆဋ္ဌအကြိမ်
## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
## ပထမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
## ဥက္ကဋ္ဌဆရာတော်၏
## နိဂုံးချုပ်ဩဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်း အသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီးများအမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သတ္တမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ပထမအစည်းအဝေးတို့ကို သာသနာတော်နှစ် ၂၅၅၀–ပြည့်နှစ်၊ကောဇာသက္ကရာဇ် ၁၃၆၈–ခုနှစ် တပေါင်းလဆန်း (၁၁၊ ၁၂၊ ၁၃)ရက်၊ (ခရစ်နှစ် ၂၀၀၇–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆၊ ၂၇၊ ၂၈ ရက်)တို့၌ ကျင်းပခဲ့ကြရာ ဤယနေ့ ဤအချိန်အခါတွင် အောင်မြင်ချောမောစွာ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခဲ့ပါပြီဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား...

ဤအစည်းအဝေးကြီးသည် ၂၅%(ရာခိုင်နှုန်း) အနားယူခြင်း၊ အစားထိုးခြင်းတို့ဖြင့် အသစ်ဖွဲ့စည်းအပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့၏ ပထမအစည်းအဝေးဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့သည် အဖွဲ့သစ်ဖြစ်သည့်အားလျော်စွာ ယခင်ပါဝင်ပြီးဖြစ်

သော ဆရာတော်ဘုရားများရော၊ ယခု အသစ်ပါဝင်လာသော ဆရာတော်ဘုရားများပါ ပုဂ္ဂိုလ်သစ်၊ စိတ်သစ်ဖြင့် သာသနာတော် သန့်ရှင်းတည့်တံ့ ပြန့်ပွားရေးကို တက်တက်ကြွကြွ ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

သာသနာတော်သန့်ရှင်းတည့်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြရာ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုအနေဖြင့် ဆောင်ရွက်၍ အောင်မြင်နိုင်မည်မဟုတ်ပါဘုရား။ ''တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏'' ဟူသော ဖရှေးပညာရှိတို့၏ အဆိုအမိန့်နှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အချင်းချင်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ဆောင်ရွက်သွားကြမှ အောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့အဖွဲ့အစည်းအချင်းချင်းလည်းကောင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်း အချင်းချင်းလည်းကောင်း ညီညီညွတ်ညွတ်၊ ညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား...**

ဆရာတော်အရှင်မြတ်တို့သည် မိမိတို့၏ဒေသ၌ အရှိန်အဝါ ဩဇာကြီးမားတော်မူကြသည့် ပါကဋပုဂ္ဂိုလ်များ ဖြစ်ကြပါသည်ဘုရား။ အရှင်မြတ်တို့၏ နည်းလမ်းညွှန်ပြဩဝါဒကို အများသံဃာထုက လိုက်နာကြမည်မှာ ကေန်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ အရှင်မြတ်တို့သည် ဤအစည်းအဝေးကြီးမှ ပြန်လည်ကြွမြန်း၍ မိမိတို့ဒေသအသီးသီးသို့ ရောက်ရှိတော်မူကြသည့်အခါ ရှေးရှေးသော သာသနာပြုမဟာထေရ်အရှင်မြတ်ကြီးများ၏ ထုံးကိုနှလုံးမူကြလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ဖြစ်သော-

၁။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်ကိစ္စ၊

၂။ ဖွင့်လှစ်ပြီးသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ တည်တံ့ခိုင်မြဲစေရန်ကိစ္စ၊

၃။ ဝိနည်းသိက္ခာပုဒ်များနှင့် မကျွမ်းကျင်သည့် ကျောင်းထိုင်ဘုန်းကြီးများအား အချိန်အခါအားလျော်စွာ ရက်တိုသင်တန်းပေးရန်ကိစ္စ၊

၄။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ အရှိန်အဟုန် မပျက်စေမူ၍ တိုးတက်ပြန့်ပွားလာရေးကိစ္စ၊

၅။ မြို့နယ်သံဃနာယကဆရာတော်များ၊ မြို့နယ်နှင့် ပြည်နယ်/တိုင်းဝိနည်းဓိုရ် ဆရာတော်များ လုပ်ထုံးလုပ်နည်းကျွမ်းကျင်စေရန်ကိစ္စ-

အစရှိသော သာသနာတော်အတွက် ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့ကို ပြင်းပြ ထက်သန်သောဇွဲလုံ့လဖြင့် မပြစ်မနေ ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းမှာကြားပါသည်ဘုရား။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ သာသနာတော်သန့်ရှင်း, တည်တံ့, ပြန့်ပွားရေးကို အလေးပေးကာ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ဂရုမထားဘဲ အားခဲကြွရောက် ချီးမြှောက်တော်မူကြသော သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဆိုင်ရာဆိုင်ရာ သာသနာ့ကိစ္စ အဝဝတို့ကို ကိုယ်ဗိုရင်ဗိ ဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ အဖက်ဖက်မှ အားပေးချီးမြှောက် ထောက်ပံ့ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရနှင့် အာဏာပိုင်အဖွဲ့အစည်းများ၊ နှစ်ပတ်လည် ဗဟိုဝန်ဆောင်အစည်းအဝေးကြီး ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ကြပေးကြသည့် သာသနာရေးဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ၊ လုံခြုံရေး၊ ကျန်းမာရေး၊ ပင့်ဆောင်ရေး၊ ကြိုဆိုရေး၊ နေရာချထားရေး၊ ဆွမ်းကွမ်းဝေယျာဝစ္စ ပြုစုရေး၊ အစည်းအဝေးကြီး၌ တင်သွင်းရမည့် စာအုပ်စာတမ်း၊ အစီအစဉ်တင်လွှာ၊ လျှောက်ထားလွှာစသည်တို့ကို ပြုစုရေးအစရှိသော ကိစ္စပေါင်း မြောက်မြားစွာတို့ကို စေတနာ၊ သဒ္ဓါ ထက်သန်စွာဖြင့် ဆောင်ရွက်ပေးကြသော သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်တကွ ဥပဋ္ဌာကများ၊ ဒါယကာ, ဒါယိကာမ

များနှင့် စေတနာရှင် ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်အကျိုး ဆတက်တိုး၍ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ၊ မိမိတို့ပန်ဆင်အပ်သော ဗောဓိဆုမြတ်ဖြင့် သန္တိသုခ အမတစခန်း နိဗ္ဗာန်နန်း သို့ စံမြန်းနိုင်ကြပါစေဟု မေတ္တာပွားကာ ပတ္ထနာပြုလျက် တပည့်တော်၏ ဩဝါဒကို နိဂုံးချုပ်ပါသည် ဆရာတော်သံဃာတော် အရှင်မြတ်တို့နှင့်တကွ ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့။

# ဆင္မအကြိမ်
# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
# ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်နယ်/တိုင်းအသီးသီးတို့မှ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ကြွရောက်တော်မူလာကြသော သာသနာ့ဦးဆျောင်ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရား ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

"**မမ သီသာဗာဓံ မမ ဥဒရာဗာဓဉ္စ ကိဉ္စိ ရောဂံ အနပေက္ခိတွာ**" ဟူသော သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ ခံယူချက်အတိုင်း ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူကြဘဲ "**သမဏကိစ္စတော အညကိစ္စာနိ အပ္ပုပေက္ခိတွာ ဗိဋ္ဌိ ကတွာ**"ဟူသော သာသနာ့အာဇာနည် မဟာထေရ် အရှင်မြတ်တို့၏ ကျင့်ထုံးကို နှလုံးမူလျက် ကိုယ်ရေးကိုယ်တာကိစ္စ အဝဝတို့ကို လျစ်လျူရှုကာ သာသနာတော်အရေးကိစ္စကိုသာ အလေးဂရုပြု၍ ကြွရောက်တော်မူ လာကြသော ဆရာတော်အရှင်မြတ်တို့၏ သာသနာ့စိတ်ဓာတ်ကို လေးမြတ် ကြည်ညိုလျက် သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ၊စာဂ၊စရိယတို့ကို ပြည့်ဝအောင် ဖြည့်ကျင့်

ဆည်းပူးတော်မူ၍ ရရှိတော်မူခဲ့သော သဗ္ဗညုတဉာဏ်တော်ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါအများ၏ အကျိုးစီးပွါးအလို့ငှာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုတည်ထောင်အပ်ပြီးသော သာသနာတော်မြတ်ကြီးကို အစွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်းထမ်းဆောင်နိုင်ကြမည့် ပဥ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဥပါလိ စသော သာဝကတို့ကို ရဟန်းပြုပေးတော်မူလျက် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ထိုသံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ လက်ဆင့်ကမ်း ထမ်းဆောင်တော်မူလာခဲ့ကြရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း(၂၅၅၁)ခုနှစ်သို့ ရောက်ခဲ့ပါပြီဘုရား။

ထိုနှစ်ပေါင်း (၂၅၅၁)နှစ်ဟူသော ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရသည့် ဗုဒ္ဓသာသနာတော်ကြီးသည်–

**"ခေါက်ရှာငှက်ပျို၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံရှူးပျို၊ လောကဓံတုု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မပြဲစွာတည့်"**ဟူသော မန်လည်ဆရာတော် ဘုရားကြီး၏ လင်္ကာဆောင်ပုဒ်အတိုင်းပင် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျ ရှိခဲ့ပါသည်။ ပြောင့်ဖြူးသာယာသည့် ခရီးချော ကိုသာ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ ဝိတဏ္ဍာဘေး ရှုတ်ထွေးထူပြော မချော မမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်ဘုရား။

ဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းခဲ့ရာဖြစ်သည့် အိန္ဒိယနိုင်ငံကြီးနှင့်တကွ ရှေးခေတ်က ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သည့် မြန်မာ့အိမ်နီးချင်းနိုင်ငံများ၌ ဗုဒ္ဓသာသနာတော်ကွယ်ပျောက်၍ အခြားဘာသာသာသနာများဝင်ရောက်လွှမ်းမိုးနေသည်ကို ထောက်ရှုပါက မည်မျှကြမ်းတမ်းလှသည့်ခရီးကို လျှောက်လှမ်းခဲ့ရကြောင်း သိသာထင်ရှားလှပါသည်ဘုရား။

တပည့်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌လည်း သာသနာပြုမင်းကောင်း မင်းမြတ်များလက်ထက် သထုံခေတ်၊ ပုဂံခေတ်စသော ခေတ်ဦးပိုင်း ကာလ၌ ဗုဒ္ဓသာသနာတော် အံ့မခန်း ထွန်းတောက်ခဲ့သော်လည်း သာသနာတော်ကို လျစ်လျူရှုထားသော အချို့အချို့သော ဘုရင်များလက်ထက်၌ကား ဗုဒ္ဓသာသနာတော် လွန်စွာညှိုးမှိန်ခဲ့ရပါသည်။ ပွဲကျောင်းဂိုဏ်း သံဃာများလက်ထက်၌ သာသနာပိုင်ကိုယ်တိုင် လက်ဝှေ့ထိုးသည်ကို ဘုရင်ကိုယ်တိုင်တက်ရောက် အားပေးခဲ့ကြောင်း သာသနာ့မှတ်တမ်းများ၌ တွေ့မြင် ဖတ်ရှုရသဖြင့် ဤမျှအထိပင် ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်ခဲ့ရပါတကားဟု သံဝေဂဖြစ်မိပါသည်ဘုရား။

တပည့်တော်များ သိမီရာ နောက်ပိုင်းခေတ်၌ နယ်ချဲ့တို့၏ လက်အောက်ကျရောက်ပြီး နှစ်ပေါင်းရာချီ၍ အုပ်စိုးခံခဲ့ရခြင်း၊ ကြောက်ခမန်းလိလိဖြစ်သော စစ်ဘေးစစ်ဒဏ်ကို အလူးအလဲ ခံခဲ့ရခြင်းစသော လောကဓံဆိုးများနှင့် ကြုံဖန်များစွာ ရင်ဆိုင်ခဲ့ရသည့်အတွက် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ သာသနာ့စိတ်ဓာတ်ပျက်ပြားကာ ဝိနည်းသိက္ခာပုဒ်တော်များကို လေးလေးစားစား မကျင့်သုံးကြတော့ဘဲ မိစ္ဆာဇီဝအနေသနမှုတို့ကို ပြုလုပ်ခြင်း၊ လူပြိန်းကြိုက် အဓမ္မဝါဒများကို ဟောပြောကြလျက် သာသနာ့စင်ပြိုင် အဖွဲ့အစည်းများ တည်ထောင်ခြင်းစသော သာသနာ့အန္တရာယ်များပေါ်ပေါက်လာ၍ သာသနာတော် ညှိုးမှိန်ခဲ့ရပါသည်။ ရဟန်းတု ရဟန်းယောင်များလည်း မြို့ရွာဒေသအနှံ့အပြား ပေါ်ပေါက်ခဲ့ကြပါသည်ဘုရား။

ဤသို့သော သာသနပစ္စတ္ထိက=သာသနာ့အန္တရာယ်များကို ပယ်ရှားသုတ်သင်လျက် သာသနာတော်သန့်ရှင်း. တည်တံ့.ပြန့်ပွားစေရန် ရည်သန်တော်မူကြ၍ ပြည်နယ်/တိုင်းအသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ သာသနာ့ဦးသျှောင်ဆရာတော်ဘုရားကြီးများသည် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကို ရယူကြလျက် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၁၈)ပါးတို့ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပကာ ``သံဃာ့အဖွဲ့ အစည်း အခြေခံ

စည်းမျဉ်း"နှင့် "လုပ်ထုံးလုပ်နည်းများ"ကို အတည်ပြုပြဋ္ဌာန်းတော်မူကြပြီးလျှင် ယင်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက်၊ ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်အထိ သံဃာ့ဝန်ဆောင်၊ သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းလျက် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော သာသနာ့ကိစ္စတို့ကို ဆောင်ရွက်လာခဲ့ကြသည်ကို ဆရာတော်ဘုရားများ သိတော်မူကြပြီးဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

သံဃာ့အဖွဲ့အစည်းကြီး အနိုင်အမာတည်တံ့ရေးအတွက် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် အဓိကဖြစ်ပါသည်။ **"ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု"**ဟူသော ဝိနယအဋ္ဌကထာနှင့်အညီ ဝိနည်းသည် မြတ်စွာဘုရားသာသနာတော်၏ အသက်ဖြစ်သကဲ့သို့ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်စွာ တည်တံ့ရေးအတွက် အသက်သွေးကြောပင်ဖြစ်ပါသည်။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသည် သာမညမည်ကာမတ္တ ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းမဟုတ်ပါ။ "သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း"ကို နိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာတော် အပေါင်းက ရွေးချယ်စေလွှတ်အပ်သော သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော် (၁၂၁၈)ပါးတို့တက်ရောက်သော ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်၊ ခရစ်နှစ် ၁၉၈၀-ပြည့်နှစ် မေလ ၂၅-ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်"ကို သံဃာ့ကိုယ်စားလှယ် ဆရာတော်(၁၃၃၆)ပါးတက်ရောက်သည့် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်၊ ခရစ်နှစ် ၁၉၈၅-ခုနှစ်၊ မေလ-၂၉-ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

"သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်"ကို သံဃာ့ကိုယ်စားလှယ်ဆရာတော် တစ်ထောင့်ခုနှစ်ရာကျော် တက်ရောက်သည့် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ကောဇာသက္ကရာဇ် ၁၃၅၆–ခုနှစ်၊ တပေါင်းလဆန်း ၁၁–ရက်၊ ခရစ်နှစ် ၁၉၉၅–ခုနှစ်၊ မတ်လ ၁၁–ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ သို့ဖြစ်၍ ယခုလက်ရှိ "ပြည်ထောင်စုမြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း"သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်တို့က သမ္မုတိပေး ရွေးချယ်စေလွှတ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ တက်ရောက်ကြသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သုံးကြိမ်တိုင်တိုင် အတည်ပြုပြဋ္ဌာန်းထားသော "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း" ဖြစ်ပါသည်။

ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကသော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကသော်လည်းကောင်း ပယ်ဖျက်ရုပ်သိမ်းမှု မပြုသေးသမျှ ကာလပတ်လုံး တည်မြဲနေမည်သာ ဖြစ်ပါသည်။

သံဃာအဖွဲ့အစည်းအခြေခံစည်းမျဉ်း တည်မြဲနေသမျှကာလပတ်လုံး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှစ၍ ရပ်/ကျေး သံဃနာယကအဖွဲ့အထိ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်လည်း တည်မြဲနေမည်သာ ဖြစ်ပါသည်။ ထိုသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က လုပ်ထုံးလုပ်နည်းများ၌ ပြဋ္ဌာန်းထားသော မိမိတို့ဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နေကြပါက မြန်မာပြည်သာသနာတော်မြတ်ကြီးလည်း တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

ဗုဒ္ဓရှင်တော်မြတ်က သာသနာတော်ကွယ်ပျောက်ရခြင်း အကြောင်းကို–

**"န ခေါ် ကဿပ ပထဝီဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န အာပေါဓာတု**

သဒ္ဓမ္မံ အန္တရဓာပေတိ၊ န တေဇောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ န ဝါယောဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ၊ အထ ခေါ ဣဓေဝ တေ ဥပ္ပဇ္ဇန္တိ မောဃပုရိသာ၊ ယေ ဣမံ သဒ္ဓမ္မံ အန္တရဓာပေတိ။ သေယျထာပိ ကဿပ နာဝါ အာဒိကေနေဝ ဩပိလဝတိ၊ န ခေါ ကဿပ ဧဝံ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ”ဟု ဟောတော်မူခဲ့ပါသည်ဘုရား။ (သံ၊ ၁၊ ၄၂၃)

ထိုဒေသနာ၏ အဓိပ္ပာယ်အကျဉ်းချုပ်မှာ “သာသနာတော်သည် ဓာတ်လေး ပါးပျက်၍ ကွယ်ပျောက်ရသည်မဟုတ်။ သာသနာတော်အတွင်းမှာ ဖြစ်ကြသည့် (သာသနာ့အတွင်းသား) မောဃပုရိသ ခေါ် ရဟန်းသာမဏေများကြောင့်သာ သာသနာတော်ကွယ်ပျောက်ရသည်။ ဝန်တင်သော လှေသည် ဝန်ပြည့်ခြင်းကြောင့် နစ်မြုပ်ရသကဲ့သို့ ဤအတူ ပရိယတ်စသည်ပြည့်ခြင်းကြောင့် သာသနာတော်ကွယ် ပျောက်ရသည်မဟုတ်၊ သာသနာ့တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်ကြဘဲ သာသနာတော်ကြီး ကွယ်ပျောက်နစ်မြုပ်သွားအောင် ဖိစီးနေကြသည့် မောဃပုရိသခေါ် သာသနာ့ဝန်စီးများကြောင့်သာ သာသနာတော်ကွယ်ပျောက်ရသည်”ဟု ဟော တော်မူလိုရင်း ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား...

ဗုဒ္ဓရှင်တော်မြတ် မိန့်မှာတော်မူခဲ့သည့်အတိုင်း ယခုအခါ သာသနာတော် ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများပေါ်ပေါက် နေသည်ကို ဆရာတော်အရှင်မြတ်တို့ ကြားသိတော်မူကြပြီး ဖြစ်ပါလိမ့်မည်ဘုရား။ ထို့ကြောင့်–

“ငါ့ရှင်တို့... ဓမ္မ၏ဆန့်ကျင်ဘက်ဖြစ်သော အဓမ္မမထွန်းကားမီ၊ တရားစစ် တရားမှန်ဖြစ်သော ဓမ္မကို မတားမြစ် မပိတ်ပင်အပ်မီ (တားမြစ် ပိတ်ပင်ခြင်း မခံရမီ)၊ ဝိနည်း၏ဆန့်ကျင်ဘက်ဖြစ်သော အဝိနယမထွန်းကားမီ၊ သံဝရဝိနည်း၊ ပဟာနဝိနည်း တည်သော ဝိနည်းစစ် ဝိနည်းမှန်ကို မတားမြစ်

မပိတ်ပင်အပ်မိ (တားမြစ်ပိတ်ပင်ခြင်း မခံရမိ)၊ အဝမ္ဗဝါဒီပုဂ္ဂိုလ်တို့ အင်အား မကောင်းမိ၊ ဝမ္ဗဝါဒီပုဂ္ဂိုလ်တို့ အင်အားမနည်းမိ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အင်အား မကောင်းမိ၊ဝိနယဝါဒီပုဂ္ဂိုလ်တို့ အင်အားမနည်းမိ၊ ထိုတို့ ယခုနှယ်က ကြိုတင်၍ ဝမ္ဗဝိနယကို သံဂါယနာတင်ကြစို့”ဟူသော အရှင်မဟာကဿပမဟာထေရ်မြတ်၏ တပ်လှန့်နှိုးဆော် တိုက်တွန်းတော်မူသည့် ဥယျောဇနကထာကို ဦးထိပ်မှာပန်ဆင်၍ သာသနာတော်မြတ်ကြီးကို ကွယ်ပျောက်ပျက်စီးစေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ ယခုထက်ပို၍ အင်အားမကောင်းမိ၊ သာသနာတော်ကို မိမိဥစ္စာ အသွင် ချစ်ခင်မြတ်နိုးတော်မူကြသည့် သာသနမာမကထေရ်အရှင်တို့ ယခုထက်ပို၍ အင်အားမနည်းမိ ယခုကပင် ကြိုတင်၍ သာသနာ့ဘေးရန် အန္တရာယ်များကို ပယ်ရှားတားမြစ်တော်မူကြ၍ သာသနာတော်မြတ်ကြီး သန့်ရှင်း တည်တံ့ ပြန့်ပွား အောင် အားသွန်ခွန်စိုက် ဆောင်ရွက်တော်ကြရန် အချိန်အခါကျရောက်နေပါ ပြီဘုရား။

ထို့ကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်သော ဆရာတော် အားလုံးတို့သည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်အောင် လေ့လာကြစေရန်၊ စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ချင်လာကြ စေရန် နာယကသင်တန်းများပေးခြင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားစေလို သော စိတ်ဓာတ်များ ပြည့်တင်းပေးခြင်းဖြင့် သံဃာ့အဖွဲ့အစည်းများ၏ အရည် အချင်းကို မြှင့်တင်ပေးသင့်ပါသည်။ ထို့ပြင် ဝိနည်းဓိုရ် ဆရာတော်များ၏ လုပ်ထုံး လုပ်နည်းကျွမ်းကျင်မှု အားနည်းခြင်းကြောင့်လည်း ဝိနိစ္ဆယများ ချွတ်ယွင်းခြင်း၊ ပီပြင်မှုမရှိခြင်းစသည်များလည်း တွေ့ကြုံနေရပါသည်။ ဝိနိစ္ဆယများ ချွတ်ယွင်းမှု၊ မပီပြင်မှုစသည်တို့ကို အထူးဂရုစိုက်နေရသည့်အတွက်လည်း သံဃနာယကအဖွဲ့ များမှာ အခြားအရေးကြီးသော သာသနာ့ကိစ္စများကို နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်မှု အားနည်းလာပါသည်။ သို့အတွက် ဝိနည်းဓိုရ်များအားလည်း ဝိနည်းဓိုရ်သင်တန်း များပေး၍ အရည်အချင်း မြှင့်တင်သင့်ပါသည်။ နိုင်ငံတော်မှစ၍ ရပ်/ကျေးအထိ သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်စွာတည်တံ့နိုင်အောင် ‘‘သံဃာ့အဖွဲ့အစည်း

အခြေခံစည်းမျဉ်း”နှင့် ‘‘လုပ်ထုံးလုပ်နည်းများ”၌ ပျောက်ကွက်၊ ဟာကွက်၊ လိုအပ်ချက် များကို လေ့လာစိစစ်၍ ဖြည့်စွက်၊ ပြင်ဆင်၊ ဖြုတ်ပယ်သင့်သည်များကို ဖြည့်စွက်၊ ပြင်ဆင်၊ ဖြုတ်ပယ်လျက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ ယခုထက် ကျစ်လျစ် ခိုင်မာစွာ တည်တံ့နိုင်အောင် ပြုလုပ်သင့်ပါသည်။

ဤသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးဆောင်၍ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကူအညီကိုရယူလျက် အထက်အဖွဲ့အစည်း များနှင့် အောက်အဖွဲ့အစည်းတို့ ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းပြီးလျှင် မျက်ခြည် မပြတ် သတိချပ်လျက် တက်တက်ကြွကြွ လက်တွဲဆောင်ရွက်ကြပါလျှင် သာသနာ တော်ကို ကွယ်ပျောက်စေနိုင်သည့် သာသနာ့အတွင်းသား မောဃပုရိသများ တစ်စ တစ်စ ကင်းကွယ်ပပျောက်သွားနိုင်ဖွယ်ရှိပါသည်။ လုံးဝကင်းကွယ်ပပျောက် မသွားစေကာမူ နည်းပါးသွားမည်မှာ ဧကန်ဖြစ်ပါသည်။ ထို့ကြောင့် ဤသာသနာ့ အန္တရာယ် ကာကွယ်တားမြစ်ရေးကိစ္စကို သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်လျက် အလေး အနက်ထားကာ ဆောင်ရွက်တော်ကြပါဟု တိုက်တွန်းလျက် တပည့်တော်၏ သမ္မောဒနီယသာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

# ဆဋ္ဌအကြိမ်
# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
# ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# နိဂုံးချုပ်ဩဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်နယ်/တိုင်းအသီးသီးတို့မှ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ထက်သန်တက်ကြွသော သာသနာပြုစိတ်ဓာတ် အပြည့်အဝထားကာ ကြွရောက်တော်မူလာကြကုန်သော သာသနာ့ဦးသျှောင်ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ကောဇာသက္ကရာဇ် ၁၃၆၉-ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက်နေ့မှစ၍ ကျင်းပခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးသည် ကောဇာသက္ကရာဇ် ၁၃၆၉-ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်ဤယနေ့ ဤအချိန်အခါမှာ ဇယမင်္ဂလာ ပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး ပီတိဖုံးလျက် ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီးချောမောအောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် ပြည်နယ်/တိုင်းအသီးသီးတို့မှ ဆရာတော်အရှင်မြတ်တို့၏ ကြီးမားသော လုံ့လဥဿာဟဖြင့် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်ချီးမြှောက်တော်မူခြင်း၊ အစည်းအဝေးသို့ မကြွရောက်နိုင်ကြသော ဆရာတော်အရှင်မြတ်တို့က

သဘောတူဆန္ဒပေးတော်မူခြင်း၊ သက်တော်ရှည်သံဃာ့ဦးသျှောင်ဖြစ်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ၏ ဩဝါဒစကားမိန့်ကြားချီးမြှောက်တော်မူခြင်း၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ အဖြာဖြာသော သာသနာ့ကိစ္စတို့ကို လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ကျရာတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကိုလည်း အပြည့်သဘောဖြင့် ဝေဖန်ဆွေးနွေး အကြံပေးကာ အတည်ပြုပေးတော်မူခြင်း၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် အရာထမ်း၊ အမှုထမ်းတို့၏ အစည်းအဝေးကြီး ပြီးမြောက်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥပဋ္ဌာကများ၏ ပင့်ဆောင်ရေး၊ ကြိုဆိုရေး၊ နေရာထိုင်ခင်း ပြင်ဆင်ချထားရေး၊ ဝေယျာဝစ္စ ဆောင်ရွက်ရေးတို့ကို မလစ်ဟင်းအောင် ဆောင်ရွက်ပေးခြင်း၊ စေတနာရှင် ဆွမ်းဒါယကာ, ဒါယိကာမများ၏ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို လှူဒါန်းထောက်ပံ့ခြင်း၊ ကျန်းမာရေးဌာန၊ လုံခြုံရေးဌာန ဝန်ထမ်းများ၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းစသော အထောက်အပံ့များကို အပြည့်အဝရရှိခြင်းကြောင့်သာလျှင် ယခုလို ချောမောအောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဤအစည်းအဝေးကြီး ချောမောအောင်မြင်အောင် အဖက်ဖက်မှ အားပေးချီးမြှောက် ထောက်ပံ့ကြသော ရဟန်းရှင်လူ အားလုံးတို့ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** ဘုရားတပည့်တော်တို့ ယခုလို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ တစ်နှစ်တစ်ကြိမ် စည်းဝေးကြ၍လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ လေးလတစ်ကြိမ် စည်းဝေးကြ၍လည်းကောင်း၊ တာဝန်ကျအဖွဲ့ ခွဲဝင်ဆရာတော်များ တစ်ပတ်တစ်ကြိမ် စည်းဝေးကြ၍လည်းကောင်း သာသနာရေးကိစ္စများကို အညီအညွတ်

တိုင်ပင် ဆောင်ရွက်နေခြင်းသည်-

“ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။ (ဒီ၊ ၂၊ ၆၅၊)

ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။” (ဒီ၊ ၂၊ ၆၅၊)

ဟူသော ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်လာ ဘိက္ခုအပရိဟာနိယဒေသနာတော်နှင့် လွန်စွာညီညွတ်လှပါသဖြင့် သာသနာတော် မဆုတ်ယုတ်ကြောင်း သာသနာတော် တည့်တံ့ကြောင်းဖြစ်သည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေကြခြင်း ဖြစ်သည်ကို ဆင်ခြင်ကာ လွန်စွာအားရနှစ်သက်ဖွယ်ကောင်းလှပါသည်ဘုရား။

ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ၌လည်း ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးဘဲနေကြလျှင် အနယ်နယ်အရပ်ရပ်က သာသနာရေးဆိုင်ရာ သတင်းမှန်များကို မကြားနိုင်ကြကြောင်း၊ ယင်းသို့ သတင်းမှန် မကြားရသည့်အတွက် မည်သည့် ကျောင်းတိုက်၌ ပြဿနာဖြစ်ပေါ်နေသည်၊ မည်သည့်ဒေသက ရဟန်းများသည် ကုလဒူသန၊ အနေသန မိစ္ဆာဇီဝအမှုများ ကျူးလွန်နေကြသည်စသည်တို့ကို မကြားမသိနိုင်ကြောင်း၊ပါပဘိက္ခုများကလည်း ရဟန်းသံဃာသည် မေ့လျော့နေသည်ဟု သိကြ၍ အုပ်စုဖွဲ့ကာ သာသနာတော်ဆုတ်ယုတ်ကြောင်း အမှုများကို ကျူးလွန်တတ် ကြကြောင်း၊ ရဟန်းသံဃာများ မပြတ်မလပ် စည်းဝေးတော်မူကြ၍ မမေ့မလျော့ခြင်း ကြောင့် ပါပဘိက္ခုများသည် အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်း သိကြ၍ ထွက်ပြေး တိမ်းရှောင်ကြကြောင်းစသည်ဖြင့် ရဟန်းတော်တို့ မပြတ်မလပ် မစည်းဝေးခြင်း ကြောင့် သာသနာတော်ဆုတ်ယုတ်ပုံနှင့် ရဟန်းတော်တို့ မပြတ်မလပ် စည်းဝေး ခြင်းကြောင့် သာသနာတော်တိုးတက်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြ ထားပါသည်ဘုရား။ (ဒီ၊ ဋ္ဌ၊ ၂၁၁၄၊)

သို့ဖြစ်၍ ဆရာတော်ဘုရားတို့ အစည်းအဝေးပွဲများသို့ မပျက်မကွက် တက်ရောက်တော်မူကြ၍ အညီအညွတ် ညှိနှိုင်းတိုင်ပင်တော်မူကြပြီးလျှင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားကြောင်းဖြစ်သော ဝိနည်းဓရေး၊ သာသနာရေး၊ ပညာရေးစသော သာသနာတော်ကိစ္စများကို အားကြိုးမာန်တက်ဆောင်ရွက်တော်မူကြပါရန် တောင်းပန်တိုက်တွန်းပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား... ဤနှစ်ပတ်လည် အစည်းအဝေးကြီးကို တစ်နှစ်မှတစ်ကြိမ်သာ ကျင်းပရသည်ဖြစ်၍ တပည့်တော်တို့အားလုံး ကြုံတောင့်ကြုံခဲ ယခုလို စုံစုံညီညီ တွေ့ကြုံဆုံစည်းရသည့်အခါ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား တိုးတက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးတိုင်ပင်တော်မူကြ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား အကြံပေးခြင်းစသည်ဖြင့် အချင်းချင်းလက်တွဲကာ သာသနာပြုတော်မူကြရန်ကိုလည်း လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော် အထူးလျှောက်ထားလိုသည်မှာ ကာလဒေသ အချိန်အခါ အခြေအနေအရ ရဟန်းငယ်၊ ရှင်ငယ်များလမ်းမှားသို့ မလိုက်မိစေရန် သက်ဆိုင်ရာ ဆရာသမားများက သဘောပေါက်နားလည်အောင် သွန်သင်ဆုံးမ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရေး အထူးကြပ်မတ်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၂) အပိုဒ် (၁၂)၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို ပြဆိုထားရာ အပိုဒ်ခွဲ(ဆ)၌-

"သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်ရာ၌ သံဃာ့ဂိုဏ်းများ သည် ကြီးသည်ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ဆောင်ရွက်ကြရန်ဖြစ်သည်"ဟု ပြဆိုထားပါသည်။

ဤရည်ရွယ်ချက်သည် အလွန်အရေးကြီးပါသည်။ သံဃာ့ဂိုဏ်းများ အချင်းချင်း စည်းလုံးညီညွတ်နေမှသာ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ သူ့ဂိုဏ်းကိုယ့်ဂိုဏ်းဟု ဂိုဏ်းဂဏစွဲစိတ်များကို ပယ်ဖျောက်တော်မူကြကာ ဂိုဏ်းတစ်ပါး၏အလိုကို အခြား ဂိုဏ်းများက ဓမ္မဝိနယ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျောဆောင်ရွက် ပေးခြင်းဖြင့် သံဃာစည်းလုံးညီညွတ်မှုကို အထူးအလေးဂရုပြုတော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

ဤသို့ သာသနာတော်အတွက် အစည်းအဝေးပွဲကြီး ကျင်းပသည့်အခါတိုင်း စိတ်ပါဝင်စားစွာ လှူလာမှတ်သားခြင်း၊ ဝေဖန်ဆွေးနွေး အကြံဉာဏ်များပေးခြင်း စသည်တို့ဖြင့်လည်းကောင်း၊ မိမိတို့ဒေသသို့ ပြန်လည်ရောက်ရှိတော်မူကြ သည့်အခါ၌လည်း မိမိတို့ဒေသရှိ ရပ်ကျေး/ မြို့နယ်/ပြည်နယ်နှင့်တိုင်း အဖွဲ့ဝင်ဆရာ တော်များနှင့် ညီညီညာညာ လက်တွဲလျက် အမြဲရှင်သန် ထက်မြက်နေသော သာသနာပြုစိတ်ဓာတ်ဖြင့် သာသနာတော်ကြီး သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင်၊ တည်ငြိမ်အေးချမ်းစွာ သံဃာတော်များ ပရိယတ်၊ ပဋိပတ် တရားများအားထုတ်နိုင် အောင်၊ ဒါယကာ,ဒါယိကာမများကိုလည်း သာသနာရေး၊ ဘာသာရေး အသိဉာဏ် တိုးတက်မြင့်မား၍ သာသနာတော် အစစ်အမှန်ကို ကြည်ညိုတတ်၊ ဆည်းကပ်တတ်၊ အားပေးချီးမြှောက်တတ်အောင် ပြုပေးတော်မူခြင်းစသည်တို့ဖြင့်လည်းကောင်း လုံ့လမယုတ် အားထုတ်ကြိုးပမ်း စွမ်းအားရှိသမျှ သာသနာပြုတော်မူကြပါဟု မှာကြားလျှောက်ထားလိုက်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့ စွာဖြင့် သာသနာပြုတော်မူနိုင်ကြပါစေ။

## ပဥ္စမအကြိမ်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## ၄၇-ပါးစုံညီ စုဒ္ဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
## ဥက္ကဋ္ဌဆရာတော်၏
## သာရဏီယဩဝါဒကထာ

ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ (စုဒ္ဒသမ) အစည်းအဝေးသို့ ကြွရောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသိသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ မိမိတို့၏ကျောင်းတိုက်တာဝန် အစရှိသော တာဝန်ကိစ္စအဝဝတို့ကို လျစ်လျူရှု၍ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသည်ကို တွေ့မြင်ရပါသဖြင့် လွန်စွာဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**တပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်၍ သာသနာတော်သန့်ရှင်းရေး၊ သာသနာတော်တည်တံ့ရေး၊ သာသနာတော်ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်မှာ ၂၅-နှစ် တင်းတင်းပြည့်မြောက်၍ ငွေရတုသဘင်ကိုပင် ဆင်ယင်ကျင်းပခဲ့ကြပြီး ဖြစ်ပါသည်။ ထို ၂၅-နှစ်အတွင်း တပည့်တော်တို့

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ် ဆင်ခြင်ကြည့်လျှင် တင်းပြည့်ကျပ်ပြည့်မဟုတ်သော်ငြားလည်း သင့်လျော်သော အတိုင်းအတာပမာဏအထိ အောင်မြင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

အမြွက်မျှ လျှောက်ထားရပါလျှင် သိက္ခာမတင် သိမ်မဝင်ပဲ မိမိဘာသာ သက်နံးဝတ်၍ အလှူခံစားနေသော ရဟန်းတု၊ ရဟန်းယောင်များ၊ သိက္ခာပုဒ် ပညတ်တော်များကို ကျင့်သုံးခြင်းမရှိပဲ ဘုရားရှင် စက်ဆုပ်တော်မူအပ်သော ဗုဒ္ဓပဋိကုဋ္ဌဂိဟိကမ္မတို့ကိုသာ ပြုလုပ်နေကြသော အလဇ္ဇီ ဒုဿီလရဟန်းဆိုးတို့ကို ဓမ္မစက်,အာဏာစက်ဖြင့် သုတ်သင်ရှင်းလင်းနိုင်ခြင်း၊ သာသနာတော်ကြီး၏ ကြီးမားသော အန္တရာယ်များဖြစ်ကြသည့် လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိ သုတေသနဝါဒ၊ ရွှေအဘိဓမ္မာဝါဒ၊ ကျောက်ပုံတောရ ကမ္မဋ္ဌာဝိပဿနာဝါဒ၊ ကျောက်သဘော်ဝါဒ၊ ကြောင်ပန်းဝါဒစသော အဓမ္မဝါဒများကို ဓမ္မစက်၊ အာဏာစက်ဖြင့် ဖယ်ရှား တားမြစ်နိုင်ခြင်း၊ သာသနာတော် တည်တံ့ခိုင်မြဲရန်အတွက် မန္တလေး၊ ရန်ကုန်မြို့ကြီး များ၌ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများဖွင့်လှစ်၍ ပရိယတ်ကို ခေတ်မီနည်း စနစ်ဖြင့် ပို့ချသင်ကြားစေခြင်း၊ တောင်တန်းဒေသ၊ နယ်စပ်ဒေသစသော သာသနာ တော် မထွန်းလင်းသောဒေသများ၌ သာသနာပြုကျောင်းများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုစေခြင်း၊ သာသနာပြုရဟန်းတော်များ၊ လူပုဂ္ဂိုလ်များကို သာသနာပြု သင်တန်းများ ဖွင့်လှစ်ပို့ချ၍ သာသနာပြုစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး တည်ထောင်ဖွင့်လှစ်၍ ပြည်တွင်းပြည်ပမှ သင်တန်း သားများကို ပို့ချသင်ကြားပေးပြီးလျှင် ပြည်ပသို့ သာသနာပြုစေလွှတ်ခြင်း၊ သီလရှင် သာသနာပြုကျောင်းများ ဖွင့်လှစ်၍ သာသနာပြုစေခြင်းစသော ရလဒ်များပင် ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းကြောင့် သာသနာတော်အတွက် ရရှိသောအကျိုးအမြတ်ကို လျှောက်ထားရာ၌ သာသနာ

တော်သန့်ရှင်းရေးနှင့်စပ်လျဉ်း၍ သာသနာတော်၏ အန္တရာယ်ကြီးများဖြစ်ကြသည့် အဓမ္မဝါဒများကို ဓမ္မစက်၊ အာဏာစက်ဖြင့် ပယ်ရှားသုတ်သင်နိုင်ခဲ့သော အကျိုးကို ထည့်သွင်း ရေးသားထားခဲ့ပါသည်။ ယင်းစကားရပ်နှင့် စပ်လျဉ်း၍ လိုအပ်ချက်တစ်ရပ်ကို လျှောက်ထားပါရစေဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမ ၅-နှစ်၊ ဒုတိယ ၅-နှစ် သက်တမ်းများ၌ ဓမ္မ၊ အဓမ္မအငြင်းပွားမှုများကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက ဆုံးဖြတ်ခဲ့သော ဝိနိစ္ဆယများကို သာသနာတော်အတွက် ကာလရှည်မြင့်စွာ အကျိုးများစေရန် "လူသေလူဖြစ်ဝါဒနှင့်ဝါဒဝိနိစ္ဆယ ပိဋကစွယ်စုံကျမ်း" "ကျောက်သဘော်ဝါဒဝိနိစ္ဆယ"စသည်ဖြင့် ကျမ်းစာအုပ်များ ရိုက်နှိပ်၍ အခိုင်အမာ မှတ်တမ်းတင်ခဲ့ပါသည်။ စတုတ္ထသက်တမ်း၊ ပဉ္စမသက်တမ်းများ၌ ပေါ်ပေါက်လာသည့် ဓမ္မ၊ အဓမ္မအငြင်းပွားမှုများကို ဆုံးဖြတ်ခဲ့သည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ ဝိနိစ္ဆယများကိုမူ ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်၍ မှတ်တမ်းတင်ထားသည်ကို မတွေ့ရပါဘုရား။

ထိုနိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ အဆုံးအဖြတ် ဝိနိစ္ဆယများသည် နောင်လာနောက်သား သာသနရက္ခက၊ သာသနပါလပုဂ္ဂိုလ်များအတွက် အဖိုးအနဂ္ဃထိုက်တန်သည့် သာသနာ့မှတ်တိုင်ကြီးများ ဖြစ်ကြပါသည်။ ဤမျှလောက် သာသနာတော်အတွက် ကာလရှည်စွာ အကျိုးများသည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ ဆုံးဖြတ်ချက်ဝိနိစ္ဆယများသည် သာမန်လုံ့လဥဿာဟဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ကြသည်မဟုတ်ပါ။ နိကာယ်ငါးရပ်ပိဋကတ်၌ နှံ့စပ်ကျွမ်းကျင်ပညာရှင် ဝိနည်းဓိုရ်ဆရာတော်ကြီးများ၏ ကြီးမားသော လုံ့လဥဿာဟဖြင့် နိကာယ်ငါးရပ်ပိဋကတ်ကို နှံ့စပ်အောင်မွှေနှောက်၍ ကြည့်ရှုသုံးသပ် ဆုံးဖြတ်တော်မူကြခြင်းကြောင့်သာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ကြပါသည်။

ဤသို့ ပိဋကဝိဒူ တံခွန်ထူတော်မူကြသည့် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများ၏ ကြီးမားသောလုံ့လဥဿာဟကြောင့် ဖြစ်ပေါ်လာကြသော

သာသနာ့အညစ်အကြေး ဆေးကြောသုတ်သင်ရာ၊ သာသနာ့ဘေးရန် တွန်းလှန်ပယ်ရှားရာ၌ အားကိုးအားထား ပမာဏထားရမည်ဖြစ်သော သာသနာတော်အတွက် အနဂ္ဃရတနာများဖြစ်ကြသည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ၏ ဝိနိစ္ဆယများကို အခြားသာမန် ဝိနိစ္ဆယများလို သဘောထား၍ မထင်မရှားဖြင့် ပျောက်ပျက်မသွားစေသင့်ပါ။ သာသနာတော်အကျိုးကို အရှည်မျှော်၍ ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်လျက် အခိုင်အမာမှတ်တမ်းတင်ထားသင့်ပါသည်။ သို့ဖြစ်၍ ယင်းနိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ ဆုံးဖြတ်ချက်ဝိနိစ္ဆယများ ကျမ်းစာအုပ် အဖြစ် ရိုက်နှိပ်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက သက်ဆိုင်ရာ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနသို့ မေတ္တာရပ်ခံပေးတော်မူကြပါရန် တောင်းပန်လျှောက်ထားပါသည်ဘုရား။

တအုပ်တတမ်းအဖြစ် အခိုင်အမာ မှတ်တမ်းတင်ထားသော ဝိနိစ္ဆယများ အထင်အရှားရှိပါလျက် အချို့အဓမ္မဝါဒီများသည် မိမိတို့၏ အဓမ္မဝါဒများကို အတိအလင်းဖြစ်စေ၊ အကြားအကြား၌ ကြားညှပ်လျက်ဖြစ်စေ ဟောကြားပြသနေသည်များမှာ တစ်စတစ်စဖြင့် များပြားလာသည်ကို ကြားသိနေရပါသည်။ ထိုအဓမ္မဝါဒများကို မြို့နယ်သံဃနာယကအဖွဲ့များက မဟောပြော၊ မပြသရန် တားမြစ်ထားသည့်အခါ အဓမ္မဝါဒီများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့တင်ပြလျှောက်ထားလာသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က "ဓမ္မဝိနယနှင့်ညီညွတ်လျှင် ဟောပြောခွင့်ပြုသည်" ဟုဆုံးဖြတ်၍ညွှန်ကြားခဲ့ပါသည်။ "ဓမ္မဝိနယနှင့် ညီညွတ်လျှင် ဟောပြောခွင့်ပြုသည်" ဟူသော ဆုံးဖြတ်ချက်သည် မှန်ကန်သောဆုံးဖြတ်ချက်ဖြစ်ပါသည်။ ယင်းသို့ပင်မှန်ကန်ပါသော်လည်း အဓမ္မဝါဒများကို ကြားညှပ်၍ ဟောသည်၊ မဟောသည်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကသွားရောက် လေ့လာနိုင်သည်မဟုတ်ပါ။ မြို့နယ်သံဃနာယကများသည် သူတို့၏မြို့နယ်အတွင်း၌ ဖြစ်ပေါ်လာသည့်ကိစ္စကို နိုင်ငံတော်သံဃမဟာနာယကထက်ပို၍ သေချာစွာ သိနိုင်ပါသည်။ သို့ဖြစ်၍ ပြည်နယ်/တိုင်း မြို့နယ်သံဃနာယကများက ပိတ်ပင်ထားသည့်ကိစ္စများကို

အလွယ်တကူ ခွင့်ပြုတော်မမူကြဘဲ ပြည်နယ်/တိုင်း မြို့နယ်သံဃနာယကအဖွဲ့များ၊ သာသနာရေးမှူးများထံ သေချာစွာ စုံစမ်းပြီးမှသာ ခွင့်ပြုသင့်သည်ဟု ထင်မြင်ယူဆပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် လွန်စွာကျယ်ဝန်း များပြားလှသော နိုင်ငံတစ်ဝန်းလုံးရှိ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများနှင့်ဆက်စပ်နေသော ပြဿနာအရပ်ရပ်တို့ကို ဖြေရှင်းဆောင်ရွက်နေရသော အဖွဲ့ကြီးဖြစ်ပါသည်။ ယင်းဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများနှင့်ဆက်စပ်နေသော ပြဿနာအရပ်ရပ်တို့သည်လည်း နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူပြည်သူအများနှင့် ဆက်စပ်နေသော ပြဿနာများဖြစ်ရကား တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် ရဟန်းရှင်လူပြည်သူအများတို့ ချစ်ခင်ကြည်ညို ရိုသေလေးစား အားထားယုံကြည်မှုကို ခံယူရသော ပုဂ္ဂိုလ်များဖြစ်မှသာ တပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာ့ကိစ္စအဝဝတို့ ချောမောအောင်မြင်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ်၊ ဒေဝတာဝဂ်လာ ဒုတိယမိတ္တသုတ်ဒေသနာတော်ကို အကျဉ်းချုံး၍ လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** မဟာကရုဏာတော်သခင် သဗ္ဗညုဘုရားရှင်သည်-

**"သတ္တဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု မိတ္တော သေဝိတဗ္ဗော ဘဇိတဗ္ဗော ပယိရုပါသိတဗ္ဗော အပိ ပနုဇ္ဇမာနေနပိ"** အစရှိသည်ဖြင့် မိတ်ဆွေကောင်း ဂုဏ်အင်္ဂါခုနစ်ပါးကို ဟောကြားတော်မူခဲ့ပါသည်။

ထိုဒေသနာတော်၏ အကျဉ်းချုပ်အဓိပ္ပါယ်မှာ-

၁။ သိတင်းသုံးဖော်တို့ ချစ်ခင်မြတ်နိုးအပ်သော ပိယမနာပဂုဏ်၊

၂။ ရိုသေလေးစားထိုက်သော ဂရုဂုဏ်၊

၃။ ချီးမွမ်းထိုက်သော ဘာဝနီယဂုဏ်၊
၄။ ကျွမ်းကျင်လိမ္မာပါးနပ်စွာ ပြောဆိုတတ်သော ဝတ္တာဂုဏ်၊
၅။ ပြောဆိုဆုံးမမှုကို ခံနိုင်သော၊ ပြောဆိုဆုံးမဩဝါဒစကားကိုလိုက်နာ ပြုကျင့်တတ်သော ဝစနက္ခမဂုဏ်၊
၆။ သိမ်မွေ့နက်နဲသောစကားကို ပြောဆိုသမှုပြုလုပ်တတ်သောဂမ္ဘီရကထာ ကတ္တာဂုဏ်၊
၇။ စေခိုင်းတိုက်တွန်းသင့်သော အရာဋ္ဌာနမဟုတ်သည့်အကျိုးမဲ့လုပ်ငန်း ကိစ္စ၌ မစေခိုင်း၊ မတိုက်တွန်းတတ်သော န'ဋ္ဌာနနိယောဇကဂုဏ်၊

ဤဂုဏ်ခုနစ်ပါးနှင့် ပြည့်စုံသောရဟန်းကို ထိုရဟန်းက မိမိကို နှင်ထုတ်အပ်သော်လည်း မိတ်ဆွေဖြစ်အောင် မှီဝဲရမည်။ ဆည်းကပ်ရမည်။ ထပ်တလဲလဲ အမြဲမပြတ် ချဉ်းကပ်ရမည်ဟု ဆိုလိုပါသည်ဘုရား။ (အံ၊ ၂၊ ၄၂၂၊)

ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် မြတ်စွာဗုဒ္ဓဟောပြတော်မူအပ်သည့် ဤမိတ်ဆွေကောင်း၏ ဂုဏ်အင်္ဂါခုနစ်ပါး ပြည့်စုံနေပါလျှင် တပည့်တော်တို့က မမှီဝဲအောင်၊ မဆည်းကပ်အောင်၊ ထပ်တလဲလဲ အမြဲမပြတ် မချဉ်းကပ်အောင် နှင်ထုတ်တားမြစ်နေစေကာမူ ရဟန်းရှင်လူပြည်သူအများတို့က တပည့်တော်တို့ကို ချစ်ခင်ကြည်ညို ရိုသေလေးစား အားထားယုံကြည်စွာ မှီဝဲကြ၊ ဆည်းကပ်ကြ၊ ထပ်တလဲလဲ အမြဲမပြတ် ချဉ်းကပ်ကြမည်သာ ဖြစ်ပါသည်။

ဤသို့ ရဟန်းရှင်လူအများ ချစ်ခင်ကြည်ညို ရိုသေလေးစား အားထားယုံကြည်စွာ မှီဝဲကြ၊ ဆည်းကပ်ကြ၊ ထပ်တလဲလဲ အမြဲမပြတ် ချဉ်းကပ်မှီခိုနေကြလျှင် တပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာ့ကိစ္စအဝဝတို့ ချောမောစွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ပိယ၊ မနာပစသောဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံစေရန်လည်း မူလပဏ္ဏာသ၊ အာကင်္ခေယျသုတ်၌–

"အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု သဗြဟ္မစာရီနံ ပိယောစ အဿံ မနာပေါစ ဂရုစ ဘာဝနီယော စာတိ သီလေသွေဝဿ ပရိပူရကာရီ"

"သီတင်းသုံးဖော်တို့၏ ချစ်ခင်အပ်သူ၊ မြတ်နိုးအပ်သူ၊ အလေးဂရုပြုအပ်သူ၊ ချီးမွမ်းအပ်သူ ဖြစ်လိုလျှင် သီလတို့၌သာ ပြည့်စုံလိုလောက်အောင် ဖြည့်ကျင့်ရမည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်။ (မ၊ ၁၊ ၃၉၊)

စရိယာပိဋကအဋ္ဌကထာ၌လည်း သီလပြည့်စုံခြင်းကြောင့် ပိယ၊ မနာပ၊ ဂရု၊ ဘာဝနီယ၊ ဝတ္တာ၊ ဝစနက္ခမဂုဏ်တို့နှင့်ပြည့်စုံသူ၊ အကြားအမြင်သုတနှင့် ပြည့်စုံခြင်းကြောင့် ဂမ္ဘီရကထာကတ္တာ ဂုဏ်နှင့်ပြည့်စုံသူ၊ ပညာနှင့်ပြည့်စုံခြင်းကြောင့် န'ဋ္ဌာနနိယောဇကဂုဏ်နှင့် ပြည့်စုံသူဖြစ်သည်ဟု ပြဆိုထားပါသည်။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့သည် သီလ၊ သုတ၊ ပညာ သုံးဖြာသောတရားတို့ကို ဖြည့်ကျင့်ပွားများတော်မူကြ၍ ပိယ၊ ဂရု၊ ဘာဝနီယစသော ကလျာဏမိတ္တအင်္ဂါ ခုနစ်ဖြာတို့ ပြည့်စုံသူများ ဖြစ်တော်မူကြကာ ရဟန်းရှင်လူပြည်သူအများတို့ ချစ်ခင်ကြည်ညို ရိုသေလေးစားအားထားယုံကြည်စွာ မှီဝဲထိုက်သူ၊ ဆည်းကပ်ထိုက်သူ၊ ထပ်တလဲလဲ အမြဲမပြတ် ချဉ်းကပ် မှီခိုထိုက်သူ ကလျာဏမိတ္တ အစစ်ဖြစ်တော်မူကြအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပါဟု လေးနက်စွာ တိုက်တွန်းလိုက်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

## ပဥ္စမအကြိမ်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## ၄၇-ပါးစုံညီ ပန္နရသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
## ဥက္ကဋ္ဌဆရာတော်၏
## သာရဏီယဩဝါဒကထာ

ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ (ပန္နရသမ) အစည်းအဝေးသို့ ကြွရောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသ ပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်ဘုရားများသည် မိမိတို့ဒေသ၌ တံခွန်ပမာ လွန်စွာထင်ရှားသည့် သာသနာ့ဦးသျှောင်ပုဂ္ဂိုလ်များဖြစ်ကြသည့်အလျောက် ကျောင်းတိုက်တာဝန်ကိစ္စ၊ မြို့လုံးဆိုင်ရာ၊ နယ်လုံးဆိုင်ရာ ဘာသာရေး၊ သာသနာရေးကိစ္စ စသည်တို့ဖြင့် မအားလပ်သည့်အကြားမှ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေး ဂရုပြုကာ ကြွရောက်တော်မူလာကြသည့်အတွက် အထူးပင်ကျေးဇူးတင်ဝမ်း မြောက်ရပါကြောင်း လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... အရှင်မြတ်တို့ ဝမ်းမြောက်ဖွယ်သတင်းစကားကို ရှေးဦးစွာ လျှောက်ထားလိုပါသည်ဘုရား။

၁၃၆၇–ခုနှစ် သီတင်းကျွတ်လဆန်း (၅၊ ၆)ရက်၊ (၂၀၀၅–ခုနှစ် အောက်တိုဘာလ ၇–ရက်၊ ၈–ရက်)နေ့များ၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်တွင် ''သာသနာ့တက္ကသိုလ်များ အဆင့်အတန်းမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ''ကို ကျင်းပခဲ့ပါသည်ဘုရား။

ထိုဆွေးနွေးပွဲ၌–

၁။ အရည်အချင်းမီဆရာများရရှိရေး၊

၂။ ပါဠိဘာသာသင်ကြားမှု၊ သင်ယူမှုအဆင့်မြှင့်တင်ရေး၊

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏သင်ကြားပို့ချမှု အဆင့်မြှင့်တင်ရေး၊

၄။ သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ ဗုဒ္ဓသာသနာတော်ဆိုင်ရာ တက္ကသိုလ်များ၏ သင်ကြားမှု၊ သင်ယူမှု အဆင့်မြှင့်တင်ရေး၊

၅။ အင်္ဂလိပ်ဘာသာသင်ကြားမှု အဆင့်မြှင့်တင်ရေး၊

၆။ သင့်လျော်သော သင်နည်းစနစ်များရရှိရေး၊

၇။ ပိဋကတိုက် (စာကြည့်တိုက်)များ အဆင့်မြှင့်တင်ရေး–

စသည်တို့ကို ရဟန်းပညာရှိ၊ လူပညာရှိများစွာ တက်ရောက်ဆွေးနွေးအကြံပေးကြပါသည်ဘုရား။

ထိုဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ဆွေးနွေးချက်၊ အကြံပြုချက်များမှ သင့်လျော်ကောင်းမွန်သည့် အနှစ်သာရများကို ထုတ်နုတ်၍ အကောင်အထည်ဖော်ဆောင်ကြမည် ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ယခုခေတ်သည် အိုင်တီနည်းပညာခေတ်ဖြစ်၍ နည်းပညာများ အလျင်အမြန် တိုးတက်ပြောင်းလဲနေ ပါသည်ဘုရား။ ပညာသင်ကြားရေးတွင် သမားရိုးကျ သင်ကြားနည်းဖြင့် တဟုန်ထိုး တိုးတက်နေသော နည်းပညာခေတ်ကြီးကို အမှီလိုက်နိုင်မည်မဟုတ်ပါဘုရား။

ထို့ကြောင့် သာသနာတော်ဆိုင်ရာ တက္ကသိုလ်များကို ခေတ်နှင့်အညီ တိုးတက်အောင် အဆင့်မြှင့်တင်ပေးရန် လိုအပ်နေပြီဖြစ်ပါ၍ ဤဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရကြောင်းကို အသိပေးလျှောက်ထားရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တည်ထောင်ဖွင့်လှစ်ထားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အုပ်ချုပ်မှုအောက်တွင်ရှိသော တက္ကသိုလ်ကြီးများဖြစ်ကြပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် စီမံချက် စည်းမျဉ်း အခန်း (၁) အပိုဒ် (၂) အပိုဒ်ခွဲ (ဂ)၌ ''သာသနာ့တက္ကသိုလ်''ဟူသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တည်ထောင်ဖွင့်လှစ်သော ''နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်''ကို ဆိုလိုသည်ဟူ၍လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း (၄) အပိုဒ် (၁၄)၌ မဟာနာယကအဖွဲ့သည် မိမိတည်ထောင်ဖွင့်လှစ်ထားသော တက္ကသိုလ်ကို ပရိယတ္တိမူ(၄)ချက်နှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ရမည် ဟူ၍လည်းကောင်း ပြဆိုထားပါသည်ဘုရား။

သို့ဖြစ်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အစဉ်တိုးတက်နေအောင် ကြောင့်ကြစိုက်ကြရမည့်တာဝန်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တာဝန်ဖြစ်သည့်အတွက် မိမိတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အုပ်ချုပ်မှုအောက်တွင်ရှိသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို လျစ်လျူရှုမထားဘဲ အခါအားလျော်စွာ အခြေအနေအရပ်ရပ်ကို လေ့လာခြင်း၊ ညွှန်ကြားပေးခြင်းများပြုတော်မူကြ၍ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကိုလည်း စောင့်ရှောက်တော်မူကြပါရန် တောင်းပန်လျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့်တကွ ရဟန်းတော်အားလုံး လိုက်နာကျင့်သုံးရမည့် သာသနာတော်၌ မကြီးပွားခြင်းအကြောင်းများနှင့် ကြီးပွားခြင်းအကြောင်းများကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ကုဟသုတ်ကို အကျဉ်းချုပ်၍ လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ဗုဒ္ဓရှင်တော်မြတ်သည် "**ယေကေစိ ဘိက္ခဝေ ဘိက္ခူ ကုဟာ ထဒ္ဓါ လပါ သိင်္ဂီ ဥန္နဠာ အသမာဟိတာ**"စသည်ဖြင့် ရဟန်းတော်များ၏ သာသနာတော်၌ မကြီးပွားခြင်းအကြောင်းတို့ကိုလည်းကောင်း၊ "**ယေ စ ခေါ တေ ဘိက္ခဝေ ဘိက္ခူ နိက္ကုဟာ နိလ္လပါ ဓိရာ အတ္ထဒ္ဓါ သုသမာဟိတာ**"စသည်ဖြင့် ရဟန်းတော်များ၏ သာသနာတော်၌ ကြီးပွားခြင်း၏ အကြောင်းတို့ကိုလည်းကောင်း ဟောကြားတော်မူခဲ့ပါသည်ဘုရား။ (ဣတိဝုတ်၊ ၂၇၀၊ အံ၊ ၁၊ ၃၃၅)

ဤဒေသနာတော်၏ ဆိုလိုရင်း အဓိပ္ပာယ်အကျဉ်းချုပ်မှာ–

ရဟန်းတို့...

(၁) ကုဟာ–မဂ်ဖိုလ်ရလေဟန် ရိပ်ကာစောင်းကာဖြင့် ဒါယကာ, ဒါယိကာမတို့ကို အံ့ဩအောင်၊ အထင်ကြီးအောင်ပြုသောရဟန်းများ၊ (ထွက်ရပ်ပေါက်လေဟန်၊ သိဒ္ဓိအမျိုးမျိုးပြီးလေဟန်စသည်ဖြင့် ဒါယကာ,ဒါယိကာမတို့ကို အံ့ဩအောင်၊ အထင်ကြီးအောင် ပြုသောရဟန်းများ)

(၂) ထဒ္ဓါ– ဒေါသ၊ မာနတို့ဖြင့် ကြမ်းတမ်းခက်ထန်သော ရဟန်းများ၊

(၃) လပါ– ဒါယကာ, ဒါယိကာမတို့ကို ဖေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း၊ ချဲဂဏန်းပေးခြင်းစသော မိစ္ဆာဇီဝဖြင့် မြူဆွယ်သောရဟန်းများ(ဝါ)ပစ္စည်းရဖို့အတွက် ဒါယကာ, ဒါယိကာမတို့ကို ဖိနှိပ်ပြောဆိုသော ရဟန်းများ၊

(၄) **သဒ္ဓိ**– ကုသိုလ်တရားတို့ကို ထိုးသတ်ခတ်ဖွတ်သော ဦးချိုအလား ထင်ရှားသော ကိလေသာရှိသောရဟန်းများ (ဝါ)ကိလေသာဦးချိုကြီး တစ်ထောင်ထောင်ရှိနေသော ရဟန်းများ၊

(၅) **ဥန္နဠာ**– ကျူရိုးအလား ထောင်လွှားတက်ကြွသော အချည်းနှီးသော မာန ရှိသော ရဟန်းများ၊

(၆) **အသမာဟိတာ**– ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကိုကောင်းမွန်တည်တံ့စွာ မထားနိုင်ကြသော ရဟန်းများ (ဝါ) စိတ်မတည်ကြည်ကြသော ရဟန်း များသည် ငါဘုရား၏ ရဟန်းများမဟုတ်ကြ။ငါဘုရား၏ကိုယ်ပိုင် ငါ ဘုရားနှင့်ဆိုင်သော ရဟန်းများမဟုတ်ကြ။ ထိုရဟန်းများသည် တရား ဖြင့်ဆုံးမရာ ဤသာသနာတော်မှ ကင်းကွာကြကုန်၏။ ဤဓမ္မဝိနယ သာသနာတော်၌ သီလစသောဂုဏ်တို့ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့လည်း မရောက်နိုင်ကြကုန်။

ရဟန်းတို့...

(၁) **နိက္ကုဟာ**– မဂ်ဖိုလ်ရလေဟန် ရိပ်ကာစောင်းကာဖြင့် ဒါယကာ, ဒါယိကာ မတို့ကို အံ့သြအောင်၊ အထင်ကြီးအောင်မပြုလုပ်ကြသောရဟန်းများ၊ (ထွက်ရပ်ပေါက်လေဟန်၊ သိဒ္ဓိအမျိုးမျိုးပြီးလေဟန်စသည်ဖြင့် ဒါယကာ, ဒါယိကာမတို့ကို အံ့သြအောင်၊ အထင်ကြီးအောင် မပြုသောရဟန်းများ)

(၂) **နိလ္လပါ**– ဒါယကာ, ဒါယိကာမတို့ကို ဖေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း၊ ချဲဂဏန်းပေးခြင်းစသော မိစ္ဆာဇီဝဖြင့် မြူဆွယ်မှု မပြုလုပ်သောရဟန်းများ (ဝါ) ပစ္စည်းရဖို့အတွက် ဒါယကာ,ဒါယိကာမ တို့ကို ဖိနှိပ်ပြောဆိုမှု မပြုလုပ်သော ရဟန်းများ၊

(၃) **ဓီရာ**– လုံ့လဝီရိယရှိသော ရဟန်းများ (ဝါ) ပညာရှိသော ရဟန်းများ၊

(၄) **နိတ္ထဒ္ဓါ**– ဒေါသ၊ မာနတို့ဖြင့် မကြမ်းတမ်း၊ မခက်ထန်သော ရဟန်းများ၊

(၅) **သုသမာဟိတာ**– ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကိုကောင်းမွန်တည်တံ့စွာ ထား နိုင်ကြသော ရဟန်းများ (ဝါ) စိတ်တည်ကြည်ကြသောရဟန်းများသည်

ငါဘုရား၏ ရဟန်းများ ဖြစ်ကြကုန်၏။ငါဘုရား၏ ကိုယ်ပိုင်၊ ငါဘုရားနှင့် ဆိုင်သော ရဟန်းများ ဖြစ်ကြကုန်၏။ ထိုရဟန်းများသည် တရားဖြင့် ဆုံးမရာ ဤသာသနာတော်မှ မကင်းကွာကြကုန်။ ဤဓမ္မဝိနယ သာသနာတော်၌ သီလစသောဂုဏ်တို့ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်း သို့လည်း ရောက်နိုင်ကြကုန်၏–ဟု ဆိုလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** ဤကုဟာသုတ်၌ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော တရားတော်များသည် ရဟန်းတော်များအတွက် လွန်စွာအရေးကြီးသော ရှောင်ရန်၊ ဆောင်ရန် တရားတော်များ ဖြစ်ကြပါသည် ဘုရား။

သို့ဖြစ်၍ ရှောင်ရမည့်တရားများကို ရှောင်၊ ဆောင်ရမည့်တရားများကို ဆောင်တော်မူကြကာ ဘုရားရှင်၏ အပယ်ခံရဟန်းများ မဖြစ်စေကြဘဲ သာသနာတော်မှ မကင်းကွာမူ၍ သာသနာတော်၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဂုဏ်ရည်ကို မြှင့်တင်ပေးတော်မူကြပါဟု တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့ဘုရား။

# ပဥ္စမအကြိမ်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ၄၇–ပါးစုံညီ သောင္ဃသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# သာရဏီယဩဝါဒကထာ

ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ (သောင္ဃသမ)အစည်းအဝေးသို့ ကြွရောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ပြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်ဘုရားများနှင့် ယခုလို လေးလချင် တစ်ကြိမ်ကျ မျက်နှာစုံညီတွေ့ဆုံကြ၍ သာသနာတော်ကိစ္စအဝဝတို့ကို လျှောက်ထားတင်ပြ ဆွေးနွေးတိုင်ပင်ခွင့်ရသည့်အတွက် နှစ်ထောင်းအားရဝမ်းမြောက်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

ယနေ့ကျင်းပသည့် အစည်းအဝေး၌ စာစောင်များ၊ ကျမ်းစာအုပ်များ စိစစ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို လျှောက်ထားလိုပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ဒုတိယအကြိမ် ပြင်ဆင် ဖြည့်စွက်ချက် အခန်း (၂) အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို (က)မှ (ဆ)အထိ (၇)ချက် ပြဆိုထားပါသည်။ ထို (၇)ချက်တို့တွင် အပိုဒ်ခွဲ(ဂ)၌ "ပရိယတ္တိ

သာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်”ဟု ဆိုထားပါသည်ဘုရား။

ထိုအပိုဒ်ခွဲ (၁)ပါ ရည်ရွယ်ချက်၌-

(၁) ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်၊

(၂) ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်-

ဟု စကားနှစ်ရပ်ရှိရာ ဒုတိယစကားရပ်အတွက် လျှောက်ထားမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ယခု မကြာသေးသော နှစ်များအတွင်း ဓမ္မ၊ အဓမ္မအငြင်းပွားမှုခင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုဓမ္မ၊ အဓမ္မအငြင်းပွားမှုခင်းများကို ဖြေရှင်းဆုံးဖြတ်ရသော ဝိနိစ္ဆယကိစ္စသည် လွယ်ကူသောကိစ္စမဟုတ်ပါ။ ကြီးလေးသောတာဝန်ကြီးတစ်ခု ဖြစ်ပါသည်ဘုရား။

ဤဓမ္မ၊ အဓမ္မဆုံးဖြတ်ပေးရန် စောဒနာအပ်သော ကျမ်းစာများကို လေ့လာကြည့်ရှုရာ စာပေစိစစ်ရေး၏ ပျော့ကွက်၊ဟာကွက်ကြောင့် ဖြစ်ရသည်ကို တွေ့မြင်သိရှိရပါသည်။ မှန်ပါသည်။ ထိုကျမ်းစာအုပ်များကို စိစစ်ကြည့်ရှုရာ စာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်သော ကျမ်းစာအုပ်များဖြစ်သည်ကို တွေ့ရပါသည်။ ဤအချက်ကို ထောက်ပြ၍ စုဒိတကများက သူတို့၏ကျမ်းစာအုပ်များသည် စာပေစိစစ်ရေးမှ ခွင့်ပြုချက်ဖြင့် ရိုက်နှိပ်အပ်သော ကျမ်းစာအုပ်များဖြစ်ခြင်းကြောင့်အဓမ္မ မဟုတ် ဓမ္မသာဖြစ်သည်ဟု သောဓနာထားသည်ကိုလည်း တွေ့မြင်ရပါသည်ဘုရား။

ထို့ကြောင့် ရိုက်နှိပ်ခွင့်ပြုရန် တင်ပြလာသည့် စာမူများကို စာပေစိစစ်ရေး ဥပဌာကများက သေချာစွာစိစစ်၍ ပညာရေးအဖွဲ့ဝင် ဆရာတော်များထံ တင်ပြ သင့်ပါသည်။ ယင်းသို့ စိစစ်၍ တင်ပြလာသော စာမူများကို ဥပဌာကများ၏

စိစစ်ချက်မျှဖြင့် အတည်မပြုသေးဘဲ ပညာရေးအဖွဲ့ငယ်ဆရာတော်များကလည်း စေ့စပ်သေချာစွာ ထပ်မံစိစစ်၍ ပိဋကတ်တော်နှင့် ညီညွတ်မှသာ ခွင့်ပြုသင့်ပါသည်။ ဤသို့ စေ့စပ်သေချာစွာ စိစစ်ပြီးမှ ခွင့်ပြုပါက စာစောင်များ၊ ကျမ်းစာအုပ်များနှင့် စပ်လျဉ်း၍ ဓမ္မ၊ အဓမ္မအငြင်းပွားမှုခင်းများ ဖြစ်ပွားဖွယ်အကြောင်း ရှိတော့မည် မဟုတ်ပါဘုရား။ ယင်းသို့ဖြစ်ပါက ဓမ္မ၊ အဓမ္မ အဆုံးအဖြတ်ပေးရမည့် ကြီးလေးသော တာဝန်ကြီးတစ်ခု ပေါ့သွားမည်ဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ဘုရားတပည့်တော်တို့သည် ''သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး''ဟူသော ဦးတည်ချက်ဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဝေးကြီး ကျင်းပ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်အရေးကိစ္စများကို ဆောင်ရွက်နေကြပါသည်ဘုရား။ သံဃာ့အဖွဲ့ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ အပိုဒ်ခွဲ (က)၌လည်း ''သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်ဖြစ်သည်''ဟု ပြဆိုထားပါသည်ဘုရား။

ယင်း ဦးတည်ချက်၊ ရည်ရွယ်ချက်များ ပြီးစီးပြည့်စုံရေးအတွက် တပည့်တော်တို့ လိုက်နာကျင့်သုံးကြရန် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ကိမိလသုတ်ဒေသနာတော်ကို အကျဉ်းချုပ်၍ လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရားသည် ကိမိလာမြို့ ကျည်းပင်တော၌ သီတင်းသုံးနေတော်မူစဉ် အရှင်ကိမိလသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ''မြတ်စွာဘုရား...မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလတ်သော် သဒ္ဓမ္မသုံးပြာ သာသနာတော်သည် အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ မတည်တံ့ပါသနည်း။ အဘယ်အကြောင်းကြောင့် ကာလရှည်ကြာတည်တံ့ပါသနည်းဟု မေးလျှောက်ရာ မြတ်စွာဘုရားက–

''**ဣဓ ကိမိလ တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော သတ္ထရိ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ**'' စသည်ဖြင့် သဒ္ဓမ္မသုံးပြာ သာသနာတော် ကာလရှည်ကြာ မတည်တံ့ခြင်း၏ အကြောင်း

(၅)ပါး၊သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာ တည်တံ့ခြင်း၏ အကြောင်း (၅)ပါးတို့ကို ဟောကြားတော်မူခဲ့ပါသည်ဘုရား။ (အံ၊ ၂၊ ၂၁၆)

ထိုကိမိလသုတ်တော်၏ အကျဉ်းချုပ်အဓိပ္ပါယ်မှာ-

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ လေးဖြာသောပရိသတ်တို့...

(၁) သတ္တုအဂါရဝ အပ္ပတိဿ ဝိဟရဏ၊

(၂) ဓမ္မအဂါရဝ အပ္ပတိဿ ဝိဟရဏ၊

(၃) သံဃအဂါရဝ အပ္ပတိဿ ဝိဟရဏ၊

(၄) သိက္ခာ အဂါရဝ အပ္ပတိဿ ဝိဟရဏ၊

(၅) အညမည အဂါရဝ အပ္ပတိဿ ဝိဟရဏ၊

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့အပေါ်၌ အလေးဂရုမပြုကြဘဲ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြဘဲ၊ အဆုံးအမစကားကို လေးစားနာယူမှု မရှိကြဘဲ၊ အမှီအခိုအကြီးအကဲအရာ၌ မထားကြဘဲ၊ ရိုသေတုပ်ဝပ်မှုမရှိကြဘဲ နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ မတည်တံ့နိုင်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာလေးဖြာသော ပရိသတ်တို့...

(၁) သတ္တုသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

(၂) ဓမ္မသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

(၃) သံဃသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

(၄) သိက္ခာသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

(၅) အညမညသဂါရဝ သပ္ပတိဿ ဝိဟရဏ၊

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့အပေါ်၌ အလေးဂရုပြုကြလျက်၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက်၊ အဆုံးအမစကားကို လေးစားနာယူကြလျက် အမှီအခိုအကြီးအကဲအရာ၌ ထားကြလျက်၊ ရိုသေတုပ်ဝပ်မှု ရှိကြလျက် နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ တည်တံ့နိုင်၏ဟု ဆိုလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

ယခုအခါ ရဟန်းရှင်လူအများစုသည် ရတနာသုံးပါးအပေါ်၌ ရှိသေလေးစားမှု နည်းပါးလာကြပါသည်။ ရတနာသုံးပါးအပေါ်၌ ရှိသေလေးစားမှုနည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးပြား သာသနာတော် ကာလရှည်ကြာ မတည်တံ့နိုင်ခြင်း၏ အကြောင်းဖြစ်သည့်အတွက် မိမိတို့၏ တပည့်ရဟန်း၊ သာမဏေများ၊ ဒကာ၊ ဒကာမများ ရတနာသုံးပါးအပေါ်၌ ကြည်ညိုရိုသေလေးစားမှုရှိလာအောင် သွန်သင်ဆုံးမပေးကြဖို့ တာဝန်သည် တပည့်တော်တို့၏ တာဝန်ဖြစ်ပါသည်။ မျိုးဆက်သစ်လူငယ်၊ မောင်မယ်ကလေးများ ဘုရား၊ တရား၊ သံဃာအကြောင်း သိမြင်အောင်၊ သာသနာစစ်၊ သာသနာမှန်ကို ကြည်ညိုတတ်အောင် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ လက်ရှိအခြေအနေ အောက်အရှိန်အဟုန် မကျဆင်းအောင် တည်တံ့နိုင်မြဲ၍ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

ယခုအခါ ရဟန်းရှင်လူ အများစုသည် မိမိတို့ ကျင့်သုံးရမည့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟုသော သိက္ခာသုံးပါး ကိုယ်ကျင့်တရား၌ ရိုသေလေးစားမှု နည်းပါးလာကြပါသည်။ အချို့သော ရဟန်းသာမဏေများသည် မကြည်ညိုသေးသောပုဂ္ဂိုလ်များ ကြည်ညိုအောင်၊ ကြည်ညိုပြီးသောပုဂ္ဂိုလ်များ ဆတက်ထမ်းပိုးတိုး၍ ကြည်ညိုအောင်၊ မပြုကျင့်ကြဘဲ ကြည်ညိုပြီးသောပုဂ္ဂိုလ်များ အကြည်ညိုပျက်အောင်၊ မကြည်ညိုသေးသောပုဂ္ဂိုလ်များ မကြည်ညိုသည်ထက် မကြည်ညိုအောင် ရှင်ရဟန်းတို့နှင့်မလျော်သော သာသနာ့ဂုဏ်သိက္ခာ ညှိုးမှိန်စေမည့် အလုပ်များကို ပြုလုပ်နေကြသည်ကို ဆရာတော်များ တွေ့မြင်ကြားသိနေကြပါလိမ့်မည်ဘုရား။ သို့ဖြစ်၍-

(၁) သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ညွှန်ကြားလွှာ (၇၂) အပိုဒ်(၂) အပိုဒ်ခွဲ (က)ပါ စည်းကမ်းကျင့်ဝတ် (၉)ချက်ကို လိုက်နာကျင့်သုံးကြရန်၊

(၂) ကျောင်းထိုင်ဘုန်းကြီးများသည် အပိုဒ်ခွဲ (ခ)ပါ စည်းကမ်းကျင့်ဝတ် (၅)ချက်ကို လိုက်နာကျင့်သုံးကြရန်၊

(၃) ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်းဥပဒေ (၃၁)ချက်ကို (အထူးအားဖြင့်) ယင်း စည်းမျဉ်းဥပဒေ (၃၁)ချက်တို့တွင် အပိုဒ် (၇၊ ၈၊ ၂၅၊ ၂၇၊ ၂၉)တို့ကို လိုက်နာကျင့်သုံးကြရန်-

ဟူသော ဤအချက် (၃)ချက်ကို မဖြစ်မနေ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်ဘုရား။

နောက်တစ်ချက် လျှောက်ထားလိုသည်မှာ ဓနအင်အား အသင့်အတင့်ရှိသည့် ဝိသမလောဘသမားအချို့တို့သည် အသံချဲ့စက်၊ မော်တော်ယာဉ်စသော အထောက်အကူပြုပစ္စည်းများ ထူထောင်၍ အလှူခံသမားငှားကာ ဘုရားတည်ရန်၊ သာသနာ့ဗိမာန်ကြီးဆောက်ရန်၊ ကျောင်းတော်ကြီးဆောက်ရန်စသည် အကြောင်းပြလျက် အလှူခံနေကြသည်မှာ နိုင်ငံအနှံ့ဖြစ်နေပါသည်ဘုရား။ ထိုသို့သော အလှူခံ အတုအယောင်များ ပပျောက်သွားအောင် အာဏာပိုင်အဖွဲ့အစည်းများနှင့် လက်တွဲလျက် တက်တက်ကြွကြွ ဆောင်ရွက်သင့်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ဥပါသိကာ လေးဖြာသောပရိသတ်တို့ အချင်းချင်း အပြန်အလှန် ရိုသေလေးစားမှုမရှိကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြ၊ အဆုံးအမအဆိုအမိန့်စကားကို လေးလေးစားစား မနာယူကြ၊ အမှီအခို အကြီး အကဲအရာ၌ မထားကြဘဲနေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလ ရှည်ကြာ မတည်တံ့နိုင်ဘဲ အလျင်အမြန် ကွယ်ပျောက်သွားနိုင်ပါသည်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ လေးဖြာသောပရိသတ်တို့ အချင်းချင်း အပြန်အလှန် ရိုသေလေးစားကြ၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက်၊ အဆုံးအမအဆိုအမိန့်စကားကို လေးစားနာယူကြ၊ အမှီအခိုအကြီး အကဲအရာ၌ ထားကြလျက်နေကြလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလ ရှည်ကြာ တည်တံ့နိုင်ပါလိမ့်မည်ဘုရား။

ဘုရားတပည့်တော်တို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၌လည်း အဖွဲ့ဝင် အချင်းချင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်း ရိုသေ လေးစားမှု ရှိနေကြမှ၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားနေကြမှ၊ အထက်အဖွဲ့ အစည်း၏ ညွှန်ကြားမိန့်မှာချက်များကို အောက်အဖွဲ့အစည်းက လေးစားလိုက်နာလျက် အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းက လေးလေး စားစား ဂရုတစိုက် လိုက်လျောဆောင်ရွက်ပေးကြမှ အထက်အဖွဲ့အစည်းကို အောက်အဖွဲ့အစည်းက အမိအဖ အကြီးအကဲအရာ၌ထားကြမှ၊ အောက်အဖွဲ့ အစည်းကိုလည်း အထက်အဖွဲ့အစည်းက မိခိုရာအားထားရာ အထောက်အကူပြုရာ မိမိတို့၏အင်အားအဖြစ်ထားကြမှသာ ဘုရားတပည့်တော်တို့၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလရှည်ကြာ ကောင်းစွာတည်တံ့နိုင်မည် ဖြစ်ပါသည် ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များအမှူးရှိသော ဆရာတော်အရှင်မြတ်တို့က စံပြအဖြစ်ဖြင့် ဦးဆောင်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့ ဒိဋ္ဌာနုဂတိလိုက်လာကြစေရန် သုံးပါးရတနာ ကျင့်သိက္ခာနှင့် အညမညဂါရဝတရား ငါးပါးတို့ကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံးလိုက်နာတော်မူကြလျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင် ဆောင်ရွက်တော်မူကြပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

# ပဥ္စမအကြိမ်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ၄၇-ပါးစုံညီ သတ္တရသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# သာရဏီယဩဝါဒကထာ

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ (သတ္တရသမ) အစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်ဘုရားများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံတော်မူကြ၍ သက်တော်ရာကျော် ရှည်တော်မူကြလျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာတော်မြတ်ကြီး၏ အရေးသုံးပါးကို ကိုယ်အား၊ ဉာဏ်အားရှိသမျှ လုံ့လမလစ် အားသစ်ကြိုးပမ်းတော်မူနိုင်ကြ၍ ရဟန်းတော်တိုင်း၏ တာဝန်ဖြစ်သော ဓုရနှစ်ရပ်ကိုလည်း မလစ်လပ်အောင် ထမ်းဆောင် ပြည့်ကျင့်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာဖြင့် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်များ ကျောင်းတိုက်ကိစ္စသော ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို လျစ်လျူရှုတော်မူ၍ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသဖြင့်လည်း အလွန်ကြည်လင်နှစ်သိမ့်ပြီ ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ ယခုလို လေးလတစ်ကြိမ် အညီအညွတ်စည်းဝေးတော်မူကြ၍ သံဃာ့ကိစ္စဖြစ်သည့် သာသနာတော်အရေးသုံးပါးကို ဆောင်ရွက်တော်မူနေကြခြင်းသည်–

"**ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ။** (ဒီ၊ ၂၊ ၆၅၊) ဟူသော ဗုဒ္ဓမိန့်မှာ ဒေသနာတော်ကို အလေးဂရုပြုကာ ရဟန်းတော်များအတွက် (သာသနာတော်မြတ်အတွက်)တိုးတက်ကြီးပွားစေရန်၊ မဆုတ်ယုတ် မလျော့ပါး မပျက်ပြားစေရန် လိုက်နာကျင့်သုံးနေကြခြင်းဖြစ်သည်ကို ဆင်ခြင်စဉ်းစားနှလုံးထားလျက် အားတက်ဖွယ်၊ ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

မကြုံစဖူး ထူးထူးကဲကဲ ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေးကြီး ရရှိကြ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းကြပြီးလျှင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်(၃)ရပ်ဖြင့် သာသနာတော်ကိစ္စအဝဝတို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ ပထမသက်တမ်း (၅)နှစ်၊ ဒုတိယသက်တမ်း (၅)နှစ်၊ တတိယသက်တမ်း (၅)နှစ်၊ စတုတ္ထသက်တမ်း (၅)နှစ်ကိုကျော်လွန်၍ ပဉ္စမသက်တမ်း၌ပင် (၅)နှစ်ကျော် (၆)နှစ်အတွင်း ချင်းနင်းဝင်ရောက်ခဲ့ပါပြီဘုရား။

ဤမျှလောက် (၂၆)နှစ်ခန့်တိုင်အောင် ဆောင်ရွက်ခဲ့ကြရာ၌ တပည့်တော်တို့၏ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ မည်မျှလောက်အောင်မြင်တိုးတက်သည်၊ မအောင်မြင် မတိုးတက်သည်ကိုလည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့အပေါ်၌ သံဃာထုနှင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားအားထားမှုများ တိုးတက်လာသည် (သို့မဟုတ်) ဆုတ်ယုတ်လာသည်ကိုလည်းကောင်း၊ သေသေချာချာ လေ့လာစိစစ်ရန် လိုအပ်လာပြီဟု ထင်မြင်ပါသည်ဘုရား။

ယင်းသို့ လေ့လာစိစစ်သည့်အခါ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေးကိစ္စများ အောင်မြင်တိုးတက်မှုမရှိဟု တွေ့မြင်ရလျှင် အောင်မြင်တိုးတက်မှုရှိစေရန် နည်းလမ်းရှာဖွေ၍ ပြုပြင်ဆောင်ရွက်သင့်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အပေါ်၌ သံဃာထုနှင့် ပြည်သူလူထုတို့၏ ယုံကြည်ကိုးစား အားထား ယုံကြည်မှု ဆုတ်ယုတ်လျော့ပါးလာသည်ကို တွေ့မြင်လျှင်လည်း ဆုတ်ယုတ် လျော့ပါးရခြင်း၏ အကြောင်းရင်းဖြစ်သည့် ပျော့ကွက်၊ ဟာကွက်၊ ချွတ်ယွင်းချက် များကို ရှာဖွေစိစစ်၍ အချိန်မီပြုပြင်ရန် လိုအပ်ပါသည်ဘုရား။

ဤသို့ပြုပြင်ရာဝယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှစ၍ ပြုပြင်သင့် ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မြန်မာနိုင်ငံတွင် အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးဖြစ်ပါသည်။ အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက မိမိတို့အဖွဲ့အစည်းကြီးကိုလည်းကောင်း၊ မိမိတို့ကိုယ်ကိုလည်းကောင်း၊ မထောက် မညှာ လေ့လာစိစစ်သင့်ပါသည်။ အဖွဲ့ဝင်ဖြစ်ကြသည့် မိမိကိုယ်ကို ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ (စုဒ္ဒသမ)အစည်းအဝေး၌ တပည့် တော် လျှောက်ထားခဲ့သည့်-

(၁) သီတင်းသုံးဖော်တို့ ချစ်ခင်နှစ်လိုကြည်ညိုထိုက်သော ပိယဂုဏ်၊

(၂) သီတင်းသုံးဖော်တို့ ရိုသေလေးစားထိုက်သော ဂရုဂုဏ်၊

(၃) ''ဤအရှင်သည် မချွတ်ကေန် သိသင့်,သိထိုက်သည်ကိုသိတတ်၊ မြင်သင့်, မြင်ထိုက်သည်ကို မြင်တတ်ပါပေသည်''ဟုချီးမွမ်းထိုက်သော ဘာဝနီယဂုဏ်၊

(၄) ကျွမ်းကျင်လိမ္မာပါးနပ်စွာ ပြောဆိုတတ်သော ဝတ္တာဂုဏ်၊

(၅) ပညာရှိများ၏ ပြောဆိုဆုံးမမှုကို နာခံနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမသြဝါဒကို လိုက်နာပြုကျင့်နိုင်သည့် ဝစနက္ခမဂုဏ်၊

(၆) သိမ်မွေ့နက်နဲသော ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့်စပ်သော စကားကို ပြောဆိုတတ်သောဂုဏ်ကို ဂမ္ဘီရကထာကတ္တာဂုဏ်ဟုအဋ္ဌကထာ ဖွင့်ပါသည်။ သံဃနာယကအဖွဲ့များ၏လုပ်ငန်းအရ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊

ပြုမူဆောင်ရွက်မှုများကိုလည်း အလျော်အားဖြင့် သွင်းယူသင့်ပါသည်။ သို့ဖြစ်၍ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူ ဆောင်ရွက်မှုဟူသမျှသည် နိုင်ငံတော်သံဃမဟာနာယကဟူသော အဆင့် အတန်းနှင့်ညီအောင် နက်နဲလေးနက်မှုရှိဖို့ အထူးလိုအပ်ပါသည်။ ဤသို့ သော ဂမ္ဘီရကထာကတ္တုဂုဏ်၊

(၇) အောက်အောက် သံဃာ့အဖွဲ့အစည်းနှင့် ဥပတ္ထမ္ဘကများ၊ နိုင်ငံတော်အစိုးရ နှင့် ရဟန်း ရှင်လူပြည်သူအားလုံးတို့ကို စေခိုင်းတိုက်တွန်းရန် အရာဌာန မဟုတ်သည့် အကျိုးမဲ့လုပ်ငန်းကိစ္စများ၌ မစေခိုင်းမတိုက်တွန်းတတ် သော န'ဋ္ဌာနနိယောဇကဂုဏ်–

ဟူသော ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံ၊ မပြည့်စုံကို စိစစ်သင့်ပါသည်။

ဤသို့ မိမိကိုယ်ကို မိမိတို့ မထောက်မညှာ လေ့လာစိစစ်၍ မိမိတို့၏ ပျော့ကွက်၊ ဟာကွက်များ တွေ့ရှိခဲ့ပါလျှင် အချိန်မီ ပြင်ဆင်ရန် ဝန်မလေးသင့်ကြ ပါဘုရား။ မိမိတို့မှာ ဂုဏ်အင်္ဂါအရည်အချင်းများ မပြည့်စုံသေးလျှင်လည်း ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် အထိုက်အလျောက်ပြည့်စုံအောင် သတိဆောင်၍ ပြုပြင်တော် မူကြရန် အချိန်နှောင်းပြီဟု မဆိုနိုင်သေးပါဘုရား။

ယင်းသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ပျော့ကွက်၊ ဟာကွက် ချွတ်ယွင်းချက်များ မရှိအောင် (သို့မဟုတ်) နည်းပါးနိုင်သမျှ နည်းပါးအောင်၊ မဟာ နာယကအဖွဲ့ဝင်ဆရာတော်များ ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးစားတော်မူကြပါလျှင် အောက်အောက်သံဃာ့အဖွဲ့အစည်းများ လည်း တပြည်းပြည်း ပြည့်စုံအောင် ကြိုးစားလာကြပါလိမ့်မည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

"ပုန စ ပရံ ဘိက္ခဝေ ဘယံ တောတိ အဋ္ဌဝိသကော်ပေါ်၊ စက္ကသမာ ရုဋ္ဌာ ဇာနပဒါ ပရိယာယန္တိ။ အယံ ဘိက္ခဝေ စတုတ္ထော အသမယော ပဓာနာယ။

**ပုန စ ပရံ ဘိက္ခဝေ မနုဿာ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရန္တိ၊ အယံ ဘိက္ခဝေ စတုတ္ထော သမယော ပဓာနာယ**”ဟု ကမ္မဋ္ဌာန်းအားထုတ်ဖို့ မသင့်လျော်သောအခါ၊ သင့်လျော်သောအခါတို့ကို ဗုဒ္ဓရှင်တော်မြတ်ခွဲခြားပြီး ဟောကြားတော်မူခဲ့ပါသည်။ **(အံ၊ ၂၊ ၅၀-၅၉၊)**

ကမ္မဋ္ဌာန်းအားထုတ်ဖို့ မသင့်လျော်သောအခါ သင့်လျော်သော အခါကို တိုက်ရိုက်ဟောကြား ပြဆိုထားသော်လည်း အခြားသာသနာရေးကိစ္စများကို ဆောင်ရွက်ဖို့ မသင့်လျော်သောအခါ၊ သင့်လျော်သောအခါများကိုလည်း အလျော်အားဖြင့် ယူနိုင်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ယခုအချိန်အခါသည် “**သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး**” ဟူသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ပုဒ်နှင့်အညီ သာသနာ့ကိစ္စဟူသမျှကို လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်ကြဖို့ လွန်စွာသင့်လျော်သော အချိန်အခါ ဖြစ်ပါသည်ဘုရား။

ရှင်းလင်းလျှောက်ထားပါဦးမည်ဘုရား... ယခုအချိန်အခါသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရအဖွဲ့က ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်အောင် အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်စေရန် အားသွန်ခွန်စိုက် ဆောင်ရွက်နေသော အချိန်အခါ ဖြစ်ပါသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုလည်း အထူး အလေးပေးဆောင်ရွက်နေသဖြင့် ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မရခဲ့ဘူးသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုအားလုံးလိုလို ညီညွတ်မှုရရှိပြီး လမ်းပန်း အဆက်အသွယ်များ ချောမွေ့ကာ တိုင်းပြည်အေးချမ်းသာယာနေသော အချိန်အခါ လည်း ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းပြည်ပ သာသနိကအဆောက်အအုံကြီးများ၊

စေတီပုထိုးများ ပြန်လည်ပြုပြင် မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရှေးကကျင်းပမြဲဖြစ်သော စာမေးပွဲများကို တိုးတက်ထောက်ပံ့ခြင်း၊ ရှေးက မကျင်းပဘူးသေး၍ လိုအပ်နေသော စာမေးပွဲများကို တိုးချဲ့ကျင်းပပေးခြင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အသစ်တီထွင်၍ ထောက်ပံ့ခြင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး တည်ထောင်ဖွင့်လှစ်ပေးခြင်း၊ ပြည်တွင်းပြည်ပ ထေရဝါဒဗုဒ္ဓသာသနာပြုလုပ်ငန်းများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှောက်ထောက်ပံ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က ဓမ္မစက်ဖြင့် ဆောင်ရွက်မှုများကို အာဏာစက်ဖြင့် ကူညီပံ့ပိုးပေးခြင်းစသည်ဖြင့် တပည့်တော်တို့ တစ်ခေတ်တွင် မကြုံစဖူး ထူးထူးကဲကဲ အားပေးချီးမြှောက် ထောက်ပံ့ကူညီနေသောအခါလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ သာသနာရေးကိစ္စဟူသမျှကို လုံ့လကြီးကုတ် အားထုတ်ဆောင်ရွက်ဖို့ အလွန်သင့်လျော်သော အချိန်အခါ ဖြစ်သည်ဟု တပည့်တော်လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်ဘုရား။ ဤသို့သော အခွင့်ကောင်း အချိန်အခါကောင်းကို နောင်အခါရ လိမ့်ဦးမည်ဟု မည်သူမျှ မပြောနိုင်ပါ။ ရဖို့ရန် အလွန်ခဲယဉ်းပါသည်ဘုရား။

ထို့ကြောင့်–

**မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။**

**သဒ္ဓေတ္ထ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော**–ဟူသော ဥပါလိတ္ထေရာပဒါန်လာ ဒေသနာတော်ကို စိတ်မှာသိုထား လေးစားလိုက်နာသောအားဖြင့် ရတောင့်ရခဲ ရရှိလာသော အခွင့်ကောင်း၊ အချိန်အခါကောင်းကို လက်မလွတ်စေပဲ အချိန်မနှောင်းမီ ပြုပြင်ဖွယ်ရှိသည်များကို ပြုပြင်တော်မူကြပြီးလျှင် မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီးကို မိမိတို့လက်ထက်မှာ သန့်ရှင်းနိုင်သမျှ သန့်ရှင်း၊ တည်တံ့နိုင်သမျှတည်တံ့၊ ပြန့်ပွားနိုင်သမျှပြန့်ပွားအောင် လုံ့လမလစ်အားသစ်ကြိုးပမ်းတော်မူကြပါဟု လေးလေးနက်နက် တိုက်တွန်းလျက် တပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

# ပဥ္စမအကြိမ်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ၄၇-ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# သာရဏီယဩဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ (အဋ္ဌာရသမ) အစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ကိုယ်၏ပင်ပန်းနွမ်းနယ်မှုကို ပဓာနမထားဘဲ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့ကို ရွှင်ရွှင်လန်းလန်း၊ ကျန်းကျန်းမာမာ တွေ့မြင်ရပါသဖြင့် နှစ်သက်ရွှင်လန်း ဝမ်းမြောက်မှု ပီတိသောမနဿများ ဖြစ်ပွားရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အဆင့်အမြင့်ဆုံး အဖွဲ့အစည်းကြီးဖြစ်၍ သာသနာရေးကိစ္စတို့အတွက် ရဟန်းရှင်လူပြည်သူအများတို့ အားကိုးအားထားပြုရသော အဖွဲ့အစည်းကြီးဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ရှင်မြတ်တို့သည်-

၁။ ခမာ = အရာရာ၌ သည်းခံခြင်းဂုဏ်၊

၂။ ဇာဂရိယ = နိုးကြားခြင်းဂုဏ်၊

၃။ ဥဋ္ဌာန = ထကြွလုံ့လဝီရိယရှိခြင်းဂုဏ်၊
၄။ သံဝိဘာဂ = ခွဲခြမ်းဝေဘန်ခြင်းဂုဏ်၊
၅။ ဒယာ = သနားငဲ့ညှာ ကရုဏာရှိခြင်းဂုဏ်၊
၆။ ဣက္ခဏာ = စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်ခြင်းဂုဏ်–

ဟူသော နာယကဂုဏ် (၆)ပါးတို့နှင့်ပြည့်စုံတော်မူကြသည့် အရှင်မြတ်များချည်းသာဖြစ်ကြရမည်ကို ဆရာတော်အရှင်မြတ်တို့ကိုယ်တော်တိုင် သိတော်မူကြပြီးဖြစ်ပါသည်ဘုရား။

ဤနာယကဂုဏ်ခြောက်ပါးတို့တွင်လည်း နောက်ဆုံးဖြစ်သော စေ့စေ့ငုငု ကြည့်ရှုခြင်းဟူသော “ဣက္ခဏ”ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ် အဝဝ ဟူသမျှတို့၌ ရှေးဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူး အထူးအားဖြင့် အလိုရှိအပ်, အလိုရှိသင့်၊ ပြည့်စုံစေအပ်, ပြည့်စုံစေသင့်ပါသည်ဘုရား။

အဘယ့်ကြောင့်ဆိုသော် အကြီးအမှူး ဦးစီးပဓာနဖြစ်ကြသောပုဂ္ဂိုလ်တို့သည် မိမိတို့ အကြီးအမှူးပြုရာ နယ်ပယ်အတွင်း၌ အကြောင်းအရာဝတ္ထု အစုစုတို့ကို တစ်ခုမကျန် ဝေဖန်ပိုင်းခြား ပြတ်သားစွာသိမြင်အောင် ကြည့်ရှုပြီးမှသာ ပဂ္ဂဟ၊ နိဂ္ဂဟ ကိစ္စကြီးငယ် အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ပါက ချွတ်ယွင်းချက်မရှိ တိကျမှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သဖြင့် ပရှုပဝါဒကင်းဝေး၍ လိုအပ်သော အကျိုး ပြည့်ဖြိုးအောင်မြင်နိုင်သောကြောင့် ဖြစ်ပါသည်ဘုရား။

အိမ်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် အိမ်နှင့်စပ်သမျှကိုလည်းကောင်း၊ ကျေးရွာ၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် ကျေးရွာနှင့်စပ်သမျှကိုလည်းကောင်း၊ မြို့နယ်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် မြို့နယ်နှင့်စပ်သမျှကိုလည်းကောင်း၊ ခရိုင်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် ခရိုင်နှင့်စပ်သမျှကိုလည်းကောင်း၊ တိုင်း၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် တိုင်းနှင့်စပ်သမျှကိုလည်းကောင်း၊ ပြည်နယ်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် ပြည်နယ်နှင့်စပ်သမျှကိုလည်းကောင်း၊ နိုင်ငံတော်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် နိုင်ငံတော်နှင့်စပ်သမျှကိုလည်းကောင်း၊ သာသနာတော်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည်

သာသနာတော်နှင့်စပ်သမျှကိုလည်းကောင်း ပိုင်းပိုင်းခြားခြား၊ ပြတ်ပြတ်သားသား ထင်ရှားသိမြင်အောင် စေ့စပ်သေချာစွာ စုံစုံစမ်းစမ်း ကြည့်ရှုဆင်ခြင်ပြီးမှ ပြုလုပ်ဆောင်ရွက်ပါက ချွတ်ချော်မှားယွင်းမှုမရှိ တိကျမှန်ကန်သဖြင့် ပရူပဝါဒကင်းဝေး၍ လိုအပ်သောအကျိုးများ ပြီးစီးအောင်မြင်နိုင်ပါသည်ဘုရား။

ထိုသို့မဟုတ် တစ်နားကြား တစ်ယောက်ကြား ထင်မြင်ရာသဘောဖြင့် ကသောကမျော ပြုလုပ်ဆောင်ရွက်ပါက ချွတ်ချော် မှားယွင်း မှန်ကန်ခြင်းမရှိသဖြင့် ပရူပဝါဒဖြစ်၍ လိုအပ်သော အကျိုးများ ပြီးစီးအောင်မြင်မှုမရှိဘဲ ဖောက်လွဲပျက်စီး အချည်းနှီးဖြစ်တတ်ပါသည်ဘုရား။

ထို့ကြောင့် ပိုင်းပိုင်းခြားခြား၊ ပြတ်ပြတ်သားသား သိမြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းဟူသော ''ဣက္ခဏ''ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ် အဝဝ ဟူသမျှတို့၌ ရှေးဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူးအထူးအားဖြင့် အလိုရှိအပ်၊ အလိုရှိသင့် ပြည့်စုံစေအပ်၊ ပြည့်စုံစေသင့်သည်ဟု လျှောက်ထားရခြင်းဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ရှေးပညာရှိများက–

**''အမြင်ရှိသူ၊ တောင်ထိပ်လူလျှင်၊ အောက်မှရှိငြား၊ အစားစားကို၊ ပိုင်းခြားဝေဖန်၊ သိသောတန်သို့၊ တဆံမခြား၊ ကြီးမှူးများလည်း၊ ခြောက်ပါး တွင်ပါ၊ ဣက္ခဏာဖြင့်၊ သေချာစေ့ငု၊ ကသိုဏ်းရှုသို့၊ ပြုတို့ပြီးမှ၊ နိဂ္ဂတနှင့်၊ ပဂ္ဂတ စစ္စ၊ ပြုလုပ်ရာ၌၊ သူငါပြောတိုင်း၊ ဆုတ်မဆိုင်းဘဲ၊ မနှိုင်းမယှဉ်၊ ပြုတုံချင်က၊ မမြင်အကျိုး၊ အပြစ်မိုးလိမ့်''** ဟု မိန့်ဆိုတော်မူကြပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို အဖွဲ့သုံးဖွဲ့ဖွဲ့လျက် တစ်ဖွဲ့တစ်ဖွဲ့အတွင်း၌လည်း သာသနာရေးအဖွဲ့ငယ်၊ ပညာရေးအဖွဲ့ငယ်၊ ဝိနိစ္ဆယရေးအဖွဲ့ငယ်ဟူ၍ အဖွဲ့ငယ်သုံးဖွဲ့စီ ထပ်မံဖွဲ့စည်းကာ သာသနာ့ကိစ္စအဝဝကို ဆောင်ရွက်နေကြပါသည်။ ယင်းအဖွဲ့ငယ်များသည် မိမိတို့လုပ်ငန်းတာဝန်များကို စေ့စေ့စပ်စပ်လေ့လာ၍ ကွင်းဆက်မပြတ်အောင် အထူးကြောင့်ကြစိုက်ကာ ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။

ထိုတွင် ပညာရေးအဖွဲ့ငယ် ဆရာတော်များအတွက် အထူးလျှောက်ထားလိုသည်မှာ ပညာရေးအဖွဲ့ငယ်ဆရာတော်များသည် စာပေစိစစ်ရေး၌ အထူးကြောင့်ကြစိုက်စေလိုပါသည်။ ယခုအခါ ဘာသာရေးစာစောင်များ၊ တရားစာအုပ်များ မြောက်များစွာ ထွက်ပေါ်နေပါသည်။ ထိုဘာသာရေး စာစောင်များ၊ တရားစာအုပ်များကို ကြည့်ရှုပါက ဓမ္မဝိနယနှင့်မညီညွတ်သော အချက်များကို တွေ့မြင်သိရှိနေရပါသည်။ ထို့ကြောင့် စာပေစိစစ်ရာ၌ ထိုဘာသာရေး စာစောင်၊ စာအုပ်များကို သေသေချာချာ လေ့လာစိစစ်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... နောက်တစ်ခု လျှောက်ထားလိုသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓဘာသာဝင် ဥပါသကာ, ဥပါသိကာမ များ၏ သားငယ်, သမီးငယ်များကို ဗုဒ္ဓသာသနာတော်နှင့် မကင်းကွာစေဘဲ ထိုကလေးငယ်များသန္တာန်၌ မြတ်ဗုဒ္ဓ၏အဆုံးမတော်များ ငယ်စဉ်ကပင် ကိန်းအောင်းသွားစေရန် အနာဂတ်နိုင်ငံတော်၏ သားကောင်း၊ သမီးကောင်းများဖြစ်လာကြစေရန် ရည်သန်လျက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပေါ်ပေါက်လာအောင် သာသနာရေးဝန်ကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးထံ မေတ္တာရပ်ခံခဲ့သဖြင့် ယခုအခါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အထိုက်အလျောက် ပေါ်ပေါက်လာခဲ့ပါသည်ဘုရား။

သို့ရာတွင် ယင်းကျောင်းများ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာများကို ပဓာနထား၍ မသင်ကြားကြဘဲ အတန်းစာမေးပွဲအောင်မြင်ရေးကိုသာ ပဓာနထား၍ အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းမျှလောက်ကိုသာ သင်ကြားနေသည်ဟု ကြားသိနေရပါသည်။ ယင်းသို့ဖြစ်လျှင် တပည့်တော်တို့၏ မူလရည်ရွယ်ချက်နှင့်မကိုက်ညီဘဲ ဖြစ်နေပါသည်ဘုရား။ သို့ဖြစ်၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာကို ပဓာနဘာသာရပ်အဖြစ် အလေးဂရုပြု၍ သင်ကြားစေရန် စီမံဆောင်ရွက်တော်မူသင့်ကြပါသည် ဘုရား။

ယင်းဖွင့်လှစ်ပြီးသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုလည်း လျစ်လျူရှုမထားဘဲ ဖွင့်ပြီးကျောင်းများ တိုးတက်လာအောင်၊ မဖွင့်ရသေးသော ဒေသများ၌ အသစ်ထပ်မံ ဖွင့်လှစ်နိုင်အောင်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားပေးနေသော ဘုန်းတော်ကြီးများလည်း စိတ်ဓာတ်မကျအောင် တွန်းအားပေးကာ ချီးမြှောက်စောင့်ရှောက်ကြရန်လည်း တိုက်တွန်းပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** နိဂုံးချုပ်လျှောက်ထားလိုသည်မှာ–

**“သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ”**ဟူသော မဟာဝဂ္ဂ သံယုတ်ပါဠိတော်၊ အဂ္ဂသုတ်ဒေသနာတော်နှင့်

**“သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိတိ လောဏဓူပနံ ဝိယ သဗ္ဗကာမိကာ မစ္စိဝိယ စ သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗံ ဝဒါမိတိ အတ္ထော”**ဟူသော ယခင် အဂ္ဂသုတ်ဒေသနာတော်၏အဖွင့် အဋ္ဌကထာအဆိုအမိန့်နှင့်အညီ အားလုံး သော ဟင်းကောင်းဟင်းလျာဟူသမျှတို့၌ ဆား၊ ကရဝေး၊ ဇီယာ၊ မဆလာစသော အမွှေးအထုံကို အလိုရှိအပ်သကဲ့သို့လည်းကောင်း၊ အလုံးစုံသော မင်းမှုကိစ္စ တိုင်းရေးပြည်ရေးဟူသမျှတို့၌ အမှုကိစ္စခပ်သိမ်းဝယ် ကျွမ်းကျင်သောအမတ်ကို အလိုရှိအပ်သကဲ့သို့လည်းကောင်း ထို့အတူပင် အမှုကိစ္စခပ်သိမ်းတို့၌ သတိကို အလိုရှိအပ်ပါသည်။ ကိစ္စအားလုံးကို သတိဖြင့် ပြီးစေနိုင်ပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရမင်းတို့ကလည်း သာသနာတော်အတွက် အဖက်ဖက်မှ လိုလေသေးမရှိအောင် အားပေးချီးမြှောက် ထောက်ပံ့နေသည့်အပြင် ပြည်သူပြည်သား ဒကာ,ဒကာမများကလည်း အင်တိုက်အားတိုက် အားပေးချီးမြှောက် ထောက်ပံ့နေသည့် ဤအချိန်ကောင်း၊ အခါကောင်းဝယ် နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာတော်အရေးသုံးပါးတို့ကို ဆောင်ရွက်တော်မူကြရာ၌ သတိတရားလက်ကိုင် ထား၍ အများအယွင်း ကင်းနိုင်သမျှကင်းအောင် အင်တိုက်အားတိုက် ဆောင်ရွက် တော်မူကြပါရန် တိုက်တွန်းလျက် တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့ဘုရား။

# ပဥ္စမအကြိမ်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ၄၇–ပါးစုံညီ ကျေနဝိသတိမအစည်းအဝေး၌မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# သာရဏီယဩဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇–ပါးစုံညီ (ကျေနဝိသတိမ) အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့သည် မိမိတို့၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ ကျောင်းတိုက်ကိစ္စစသည်တို့ကို ငဲ့ကွက်မပြု လျစ်လျူရှုတော်မူကြ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုတော်မူကြလျက် ကာယ၊ စိတ္တ နှစ်ဝအညီ သာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသည့်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

ဤအစည်းအဝေးသည် ပဥ္စမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ကျေနဝိသတိမ) အစည်းအဝေးဖြစ်၍ ပဥ္စမအကြိမ် (၆)နှစ်သက်တမ်းအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ နောက်ဆုံးအစည်းအဝေးဖြစ်ပါသည်ဘုရား။

ဆင့်အကြိမ် (၆)နှစ်သက်တမ်းတွင် ပထမ(၃)နှစ် သက်တမ်းအတွက် ၂၅% (ရာခိုင်နှုန်း) အနားယူတော်မူခြင်း၊ အစားထိုးရွေးချယ်ခြင်းများကိုလည်း သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ လုပ်ငန်းစိမံချက် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်တော်မူကြရမည်ဖြစ်ပါသည်ဘုရား။

ထိုသို့ အစားထိုးရွေးချယ်ခြင်းများကို ဆောင်ရွက်တော်မူကြရာ၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ဗဟုဿုတ၊ ပဋိပတ္တိ ဖြစ်တော်မူကြသော ဆရာတော်အရှင်မြတ်များကို စိစိစစ်စစ် ရွေးချယ်တော်မူကြရန် အထူးလိုအပ်လှပါသည်ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၌ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ဗဟုဿုတ၊ ပဋိပတ္တိဖြစ်တော်မူကြသော ဆရာတော်အရှင်မြတ်များ များစွာပါဝင်လာမှသာ သာသနာတော်သန့်ရှင်းရေး၊ သာသနာတော်အဓွန့်ရှည်စွာတည်တံ့ရေး၊ သာသနာတော်စည်ပင် ပြန့်ပွားထွန်းကားရေးဟူသော တပည့်တော်တို့၏ ရည်မှန်းချက် ပန်းတိုင်ရောက်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူအားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာ တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီး ဖြစ်ပါသည်ဘုရား။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူအားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာ သံဃာ့အဖွဲ့အစည်းကြီး ဖြစ်သည့်အလျောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် ယုံကြည်ကိုးစား အားထားလောက်သော ဂုဏ်နှင့်ပြည့်စုံအောင် သတိသမ္ပဇဉ် အမြဲယှဉ်နေတော်မူကြရန် အထူးလိုအပ်လှပါသည်ဘုရား။ သို့မှသာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးလည်း နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူအားလုံးတို့ ယုံကြည်ကိုးစား အားထားလောက်သော နက်နဲသောဂမ္ဘီရ ပရိသတ်တွင် ပါဝင်နိုင်မည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

မြတ်စွာဘုရားသည် အင်္ဂုတ္တရပါဠိတော်၊ ဒုကနိပါတ်၊ ပရိသဝဂ်၌-

“ဒွေမာ ဘိက္ခဝေ ပရိသာ၊ ကတမာ ဒွေ၊ ဥတ္တာနာ စ ပရိသာ ဂမ္ဘီရာစ ပရိသာ”စသည်ဖြင့် ပေါ်လွင်သော ဥတ္တာနပရိသတ်၊ နက်နဲသော ဂမ္ဘီရပရိသတ်ဟူ၍ ပရိသတ်နှစ်မျိုးကို ဟောတော်မူခဲ့ပါသည်ဘုရား။ (အံ၊ ၁၊ ၇၀)

ထိုနှစ်မျိုးတို့တွင် ဤသာသနာတော်၌ အပ်,မအပ်၊ အပြစ်ကင်း, မကင်း တွေဝေခြင်းအားဖြင့် ပျံ့လွင့်ကုန်သော၊ အနှစ်မပါ အချည်းနှီးသာဖြစ်လျက် မြင့်တက်လွင့်လူ ကျူရိုးနှင့်တူသော မာနရှိကုန်သော၊ လျှပ်ပေါ်လော်လည်ကုန်သော၊ ရိုင်းစိုင်းကြမ်းကြုတ်သည့် စကားရှိကုန်သော (ဝါ) နှုတ်ထွက်ကြမ်းတမ်းကုန်သော၊ နှုတ်မစောင့်စည်းဘဲ ဖရိုဖရဲပွာကြဲသောစကားရှိကုန်သော၊ သတိလွတ်ကင်းကုန်သော၊ ကောင်းစွာဆင်ခြင် မသိမြင်တတ်ကုန်သော၊ တည်ကြည်မှု သမာဓိမရှိကုန်သော၊ အာရုံအများ လှည့်လည်သွားနေသော စိတ်ရှိကုန်သော၊ လူ၏သွင်ပြင်ပေါ်လွင်သော ဣန္ဒြေရှိကုန်သော ရဟန်းတို့ပါဝင်နေသော ပရိသတ်သည် ပေါ်လွင်သော ဥတ္တာနပရိ သတ်မည်ပါသည်။ (အံ၊ ၁၊ ၇၀)

မပျံ့လွင့်ကုန်သော၊ မြင့်တက်လွင့်လူ ကျူရိုးနှင့်တူသော မာနမရှိကုန်သော၊ မလျှပ်ပေါ်မလော်လီကုန်သော၊ အပြောအဆို မကြမ်းတမ်းကုန်သော၊ နှုတ်စောင့် စည်းသဖြင့် ဖရိုဖရဲပွာကြဲသော စကားမရှိကုန်သော၊ အာရုံ၌ကပ်၍တည်သော သတိရှိကုန်သော၊ ကောင်းစွာဆင်ခြင် သိမြင်တတ်ကုန်သော၊ တည်ကြည်မှု သမာဓိရှိကုန်သော၊ အာရုံတစ်ခုတည်းရှိသည့် စိတ်ရှိကုန်သော၊ ဣန္ဒြေကို စောင့်စည်းကုန်သော ရဟန်းတို့ပါဝင်နေသော ပရိသတ်သည် နက်နဲသော ဂမ္ဘီရပရိသတ်မည်ပါသည်။

ဤပရိသတ်နှစ်မျိုးတို့တွင် နက်နဲသော ဂမ္ဘီရပရိသတ်သည် အမြတ်ဆုံးဖြစ် သည်ဟု မြတ်စွာဘုရား ဟောတော်မူပါသည်ဘုရား။ (အံ၊ ၁၊ ၇၀၊ ၇၁)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ် တို့ဘုရား…

ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် နက်နဲသော ဂမ္ဘီရပရိယတ်ဖြစ်နေမှသာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဟူသော တပည့်တော်တို့၏ ရည်မှန်းချက် ပန်းတိုင်သို့ရောက်အောင် ဆောင်ရွက်နိုင် ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ သည် ဥဒ္ဒေ၊ ဥဒ္ဒေသနိဒ္ဒေသအစရှိသော အပြစ်ဆယ်ပါးတို့ကို ပယ်ရှားပြုပြင် ဆင်ခြင်တော် မူကြ၍ အနုဒ္ဒေ၊ အနုဒ္ဒေသနိဒ္ဒေသအစရှိသော ဂုဏ်အင်္ဂါဆယ်ပါးတို့နှင့် ပြည့်စုံအောင် ကျုံ့ကြိုကြိုးကုတ် အားထုတ်တော်မူကြကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို နက်နဲသော ဂမ္ဘီရပရိယတ်တွင် ပါဝင်အောင် မြှင့်တင်ပေးတော်မူကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အရှင် မြတ်တို့ဘုရား။

# ဆဋ္ဌအကြိမ်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ၄၇–ပါးစုံညီ ပထမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# သာရဏီယဩဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား... ယခုကျင်းပအပ်သော အစည်းအဝေးသည် ယနေ့ နံနက် (၈)နာရီအချိန်က ကျင်းပအပ်ခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးက အသစ်ဖွဲ့စည်းပေးအပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏(ပထမ)အစည်းအဝေး ဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် (၄၇)ပါးရှိရမည်ဖြစ်သော်လည်း အကြောင်းမညီညွတ်၍ သရက်အခြေခံဒေသနှင့် ရမည်းသင်းအခြေခံဒေသတို့မှ လစ်လပ်သွားသော နိုင်ငံတော်သံဃမဟာနာယက (၂)ပါး အစားထိုးရွေးချယ်မှု မပြုရသေးသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်(၄၅)ပါးသာ ဖြစ်ပါသည် ဘုရား။ ထို (၄၅)ပါးတို့တွင် ယခင်က နိုင်ငံတော်သံဃမဟာနာယကတာဝန်ကို ဆောင်ရွက်ပူးသော ဆရာတော်များလည်း ပါဝင်ပါသည်။ ယခုမှအသစ်ရွေးချယ်အပ်သော ဆရာတော်များလည်း ပါဝင်ပါသည်။ အသစ်ရွေးချယ်အပ်သော ဆရာတော်များသည် ပရိယတ်ကျွမ်းကျင်သော်လည်း မဟာနာယကအဖွဲ့လုပ်ငန်းကိစ္စ၌ အတွေ့အကြုံနည်းပါးကြလိမ့်မည် ထင်ပါသည်။

ယခုအစည်းအဝေး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို အဖွဲ့ခွဲ သုံးဖွဲ့ခွဲ၍ တာဝန်များ ခွဲဝေကြရမည်ဖြစ်ပါသည်။ ယင်းသို့ အဖွဲ့ခွဲသုံးဖွဲ့ခွဲ၍ ဖွဲ့စည်းရာ၌

အဖွဲ့ခွဲစိတ်ဓာတ်၊ အဖွဲ့စွဲစိတ်ဓာတ်မထားကြဘဲ လုပ်ငန်းသဘော ချောမောပြေလည် အောင် ဖွဲ့စည်းကြရန်လိုအပ်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့ဘုရား...** တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ရဟန်းရှင်လူပြည်သူအားလုံးတို့ ယုံကြည်ကိုးစား အားထားရသော အဖွဲ့ကြီးဖြစ်သည့်အလျောက် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော သာသနာတော်ကိစ္စ အဝဝတို့ကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သော အရည်အချင်းပြည့်ဝသည့် ဆရာတော်များပါဝင်သည့်အဖွဲ့ကြီးဖြစ်အောင် လေ့လာ ကြိုးကုတ်အားထုတ်သင့်ကြပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... သမ္ဗဒ္ဓါလေးပါးတို့တွင် ဥဋ္ဌာနသမ္ဗဒ္ဓါ၌- **"တတ္ထ ဒက္ခော ဟောတိ အနလသော၊ တတြုပါယာယ ဝိမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ"**(အံ၊ ၃၊ ၁၀၈)

တတ္ထ၊ ထိုမိမိ၏လုပ်ငန်းကိစ္စ၌၊ ဒက္ခော၊ ကျွမ်းကျင်သည်။ အနလသော၊ မပျင်းမရိလုံ့လရှိသည်။ ဟောတိ၊ ဖြစ်၏။ တတြ၊ထိုမိမိ၏ လုပ်ငန်းကိစ္စ၌။ ဥပါယာယ ဝိမံသာယ၊ စူးစမ်းနှိုင်းချိန်တတ်သော ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ အလံ၊ စွမ်းနိုင်၏။ သံဝိဓာတုံ၊ စီမံခြင်းငှာ။ အလံ၊ စွမ်းနိုင်၏"ဟု မြတ်ဗုဒ္ဓက မိန့်တော်မူခဲ့ပါသည်။

ဤမြတ်ဗုဒ္ဓ၏ ဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်ကြ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့သည် မိမိတို့ဆောင်ရွက်ရမည့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ဟူသော သာသနာတော်ကိစ္စဟူသမျှ တို့၌ ကျွမ်းကျင်သော၊ စူးစမ်းနှိုင်းချိန်နိုင်သည့် ပညာနှင့် ပြည့်စုံသော၊ ပြုလုပ်ရန်၊ စီမံခန့်ခွဲရန်လည်း စွမ်းနိုင်သော အရည်အချင်းပြည့်ဝသည့် အရှင်မြတ်များ ဖြစ်လာ အောင် ပိဋကတ်တော်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိစသည်များ၊ သံဃာ့အဖွဲ့ အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ

ပြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းလက်စွဲ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာစသည်များကို ကျေညက်အောင် လေ့လာထားရန်လိုအပ်ပါသည်ဘုရား။

အထူးသတိပေးလျှောက်ထားလိုသည်မှာ–

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ အတိဝတ္တတိ။

နိဟီယတိ တဿ ယသော၊ ကာဠပက္ခေဝ စန္ဒိမာ။

ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိ လိုက်သောပုဂ္ဂိုလ်၏ ဂုဏ်သတင်းကျော်စောခြင်းစသည်သည် လဆုတ်ပက္ခ၌ လကဲ့သို့ တစ်နေ့တခြား ဆုတ်ယုတ်၏ဟူသော ဗုဒ္ဓမြတ်စွာဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ အဂတိ လေးပါး ကင်းစင်အောင် အမြဲမပြတ် နှလုံးသွင်းဆင်ခြင်သင့်ပါသည်။ ထိုအဂတိ လေးပါးတို့တွင် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိတို့မှ ကင်းစင်ရန် သတိသမ္ပဇဉ် အမြဲယှဉ်ပါက လွယ်ကူသော်လည်း မောဟာဂတိ ကင်းစင်ရန် မလွယ်ကူပါ။

“လောကမဖျင်းစေနှင့် ဓမ္မမယွင်းစေနှင့်”ဟူသော ကဝိတို့ အဆိုအမိန့်နှင့်အညီ လောကဘက်၊ ဓမ္မဘက် နှစ်ဖက်လုံး ကျွမ်းကျင်နေမှသာ မောဟာဂတိမှ ကင်းစင်နိုင်ပါသည်။ လောကအရာ၊ ဓမ္မအရာ နှစ်ပြာလုံး၌ မကျွမ်းကျင်သဖြင့် လွဲမှားစွာ ပြုလုပ်ပြောဆို ဆုံးဖြတ်မှုဟူသမျှ ဘယာဂတိ သက်ရောက်နိုင်ပါသည်။ ထို့ကြောင့် ဥဇ္ဇာနသမ္ဗုဒ္ဓ၌ မြတ်ဗုဒ္ဓမိန့်တော်မူခဲ့သည့် အတိုင်း မိမိတို့ ဆောင်ရွက်ရမည့် ကိစ္စအဝဝတို့၌ ကျွမ်းကျင်အောင်၊ စူးစမ်းနိုင်းချိန် နိုင်သည့် ပညာနှင့်ပြည့်စုံအောင်၊ ပြုလုပ်ရန်၊ စီမံခန့်ခွဲရန်လည်း စွမ်းနိုင်အောင် မိမိတို့ကိုယ်ကို အရည်အချင်း ပြင့်မားပြည့်ဝသည့် ပုဂ္ဂိုလ်များဖြစ်လာစေရန် သာသနာ ပြုစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်တော်မူကြပါဟု လေးလေးနက်နက် တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

## ဆင္ဃအကြိမ်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## ၄၇-ပါးစုံညီ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
## ဥက္ကဋ္ဌဆရာတော်၏
## သာရဏီယဩဝါဒကထာ

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာကအဖွဲ့ ၄၇-ပါးစုံညီ (ဒုတိယ) အစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်ဘုရားများ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတို့ကို လုံ့လမလစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသိသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား...

ယခုစည်းဝေးတော်မူကြသည့် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် ကောဇာသက္ကရာဇ်-၁၃၆၈ ခုနှစ်၊ တပေါင်းလလဆန်း (၁၃)ရက်၊ (၂၈-၂-၂၀၀၇)က ကျင်းပခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက အသစ်ဖွဲ့စည်းပေးခဲ့သော အဖွဲ့သစ်ဖြစ်ပါသည်။ အဖွဲ့သစ်ဖြစ်သည့်အလျောက် လူသစ်စိတ်သစ်ဖြင့် မိမိတို့တာဝန်ကျရာ ကာလ

အတွင်း၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးတို့ကို ဆတက်ထမ်းပိုးတိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားပါသည်ဘုရား။

ဤသို့ အားကြိုးမာန်တက်ဆောင်ရွက်တော်မူကြရာ၌ အဂတိဂမနကင်းစင်စွာဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ အရည်အချင်း ပြည့်ဝသည့်အရှင်မြတ်များ ဖြစ်လာအောင် ပထမအစည်းအဝေး၌ ဘုရားတပည့်တော်လျှောက်ထားခဲ့သော–

"တတ္ထ ဒက္ခော ဟောတိ အနလသော၊ တတြုပါယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ" (အံ၊၃၊၁၀၈)

ဟူသော မြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ–

၁။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ ကျွမ်းကျင်လိမ္မာသော ဒက္ခဂုဏ်၊

၂။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ မပျင်းမရိလုံ့လရှိရှိ ဆောင်ရွက်နိုင်သော အနလသဂုဏ်၊

၃။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ အကြောင်းဥပါယ်အသွယ်သွယ်မှာ စူးစမ်းနှိုင်းချိန်နိုင်သောဥပါယဝီမံသာဂုဏ်၊

၄။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ ပြုလုပ်ခြင်းငှာစွမ်းနိုင်သော ကရဏသမတ္ထဂုဏ်၊

၅။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ စီမံခြင်းငှာစွမ်းနိုင်သော သံဝိဓာနသမတ္ထဂုဏ်–

တို့နှင့် ပြည့်စုံအောင် လုံ့လကြိုးကုတ် အားထုတ်တော်မူသင့်ကြပါသည်ဘုရား။

ယခုလျှောက်ထားခဲ့သော ဂုဏ်တို့နှင့်ပြည့်စုံအောင်လည်း မိမိတို့လေ့လာသင်ကြားထားသည့် ပါဠိ၊အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ စသည့်တန်တန် ကျမ်းဂန်များသာမက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာစသည်များကိုလည်း ကျေညက်အောင်အမြဲမပြတ် ဖတ်ရှုလေ့လာထားရန် လိုအပ်ပါသည်ဘုရား။

ဤသို့ ကျေညက်အောင် အမြဲမပြတ် ဖတ်ရှုလေ့လာထားမှသာ မိမိတို့ ဆောင်ရွက်ချက်များ ဓမ္မဝိနယနှင့် ညီ၊ မညီကိုလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာစသည်များနှင့် ညီ၊မညီကိုလည်း ကောင်း အလွယ်တကူသိနိုင်ကြမည် ဖြစ်ပါသည်ဘုရား။

အခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းစသည်တို့ကို ကျေကျေ ညက်ညက် လေ့လာမထားပါက လွဲမှားစွာ ဆုံးဖြတ်မိတတ်ကြပါသည်။ ဥပမာ–နာယကအဖွဲ့က ဆုံးဖြတ်ခွင့်မရှိသော မှုခင်းမျိုးကို ဝင်ရောက်ဆုံးဖြတ်မိခြင်းမျိုး၊ ပြည့်ပြည့်စုံစုံ စိစစ်ရမည့် မှုခင်းများ၌ ပြည့်စုံအောင် မစိစစ်ခြင်းမျိုး စသည်တို့ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်များသာမက ပြည်နယ်/တိုင်း/ မြို့နယ်သံဃနာယကအဖွဲ့ဝင်အားလုံး သတိပြုရမည့်အချက်ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား... တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည်–

**"ဝေမေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကာတဗ္ဗံ" (မ၊၂၊ ၇၈)**
ဟူသော အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်လာ ဒေသနာတော်ကို လေးလေးစားစား လိုက်နာသောအားဖြင့်" မလုပ်ခင် ကြိုတင်စဉ်းစားပါ"ဟူသော မြန်မာပရိဘာသာအရ မိမိတို့ ဆောင်ရွက်ရသည့် သာသနာ့ကိစ္စဟူသမျှတို့ကို ဓမ္မဝိနယ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ ညွှန်ကြားလွှာ စသည်တို့နှင့် ညီညွတ်မှုရှိ၊မရှိကို ဆင်ခြင်စဉ်းစားပြီးမှ ပြုလုပ် ဆောင်ရွက်တော်မူကြပါ။ ဤသို့ ဆင်ခြင်စဉ်းစားတော်မူကြသည့်အခါ ဓမ္မဝိနယ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲ၊ ညွှန်ကြားလွှာစသည်တို့နှင့် ညီညွတ်မှုမရှိဟု သိရလျှင် မပြုလုပ်ရသေး၊ မဆုံးဖြတ်ရသေးသော ကိစ္စဖြစ်ပါက မပြုလုပ်ဘဲ၊ မဆုံး ဖြတ်ဘဲ ရှောင်ကြဉ်နိုင်ပါသည်။ ပြုလုပ်ဆဲ ကိစ္စဖြစ်ပါက ရှေ့သို့ဆက်လက် မပြု လုပ်ဘဲ ရပ်ဆိုင်းထားနိုင်ပါသည်။ ပြုလုပ်ပြီး၊ ဆုံးဖြတ်ပြီးပါကလည်း အမှန်သို့ ရောက်အောင် ပြင်ဆင်၍ နောင်အခါ မပြုမိအောင် ရှောင်ကြဉ်နိုင်ပါသည်။

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ အဖွဲ့ခွဲသုံးဖွဲ့ရှိရာ တစ်ဖွဲ့၏ ဆုံးဖြတ်ဆောင်ရွက်ချက်(သို့မဟုတ်)တစ်ပါး၏ ဆုံးဖြတ်ဆောင်ရွက်ချက်တွင် လုပ်ထုံးစသည်နှင့် မညီညွတ်သောအချက်ကို အခြားအဖွဲ့ခွဲက (သို့မဟုတ်) အခြားပုဂ္ဂိုလ်တစ်ပါးက တွေ့ရှိလျှင်လည်း အကျိုးလိုလားသော စိတ်ထားဖြင့် ပြုပြင်ပေးသင့်ကြပါသည်။ ယင်းသို့ပြုပြင်ပေးသည်ကို ဆောင်ရွက်မိသောအဖွဲ့က (သို့မဟုတ်) ဆောင်ရွက်မိသောပုဂ္ဂိုလ်က–

**နိဓိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။**

**နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။**

**တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော။**

**(ဓမ္မပဒ၊ ၂၄၊ထေရ–၃၄၄)**

ဟူသော ဒေသနာတော်ကို ဦးထိပ်ဝယ်ပန်ဆင်၍ ရွှေအိုးကို ပြောပြ ညွှန်ကြားလာသူလို သဘောထားကာ ဝမ်းမြောက်ဝမ်းသာ ပြင်ဆင်ပေးသင့်ကြပါသည်ဘုရား။ ဤသို့ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီပေးကြလျှင် မဟာနာယကအဖွဲ့ကြီးသည် အပြစ်ကင်း၍ သန့်ရှင်းသည်ထက် သန့်ရှင်းသောအဖွဲ့ကြီးဖြစ်လာမည်မှာ မလွဲပါဘုရား။

နောက်တစ်ချက်လျှောက်ထားလိုသည်မှာ ပထမပြန်စာမေးပွဲများနှင့် တချတန်းစာမေးပွဲများ သန့်ရှင်းရေးကိစ္စပင်ဖြစ်ပါသည်။ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဖြေဆိုကြသည့် စာမေးပွဲများ မသန့်ရှင်းဘူးဆိုတာ ကြား၍ပင် မလျော်သော လွန်စွာအရုပ်ဆိုး အကျည်းတန်သည့် သာသနာတော်အတွက် အမည်းကွက်ကြီးဖြစ်နေပါသည်ဘုရား။ ယင်းစာမေးပွဲသန့်ရှင်းရေးကိစ္စမှာ မြို့နယ်သံဃနာယကဆရာတော်များနှင့် စာမေးပွဲကြီးကြပ်ရေးဆရာတော်များအပေါ်မှာ တည်ပါသည်။ သို့ဖြစ်၍ မြို့နယ်သံဃနာယကဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေးဆရာတော်များ အထူးဂရုတစိုက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြစေရန် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များကိုပါ တွဲဖက်ကူညီဆောက်ရွက်ပေးစေရန် သင့်/မသင့် ညှိနှိုင်းတိုင်ပင်၍ညွှန်ကြားဆောင်ရွက်တော်မူကြပါဘုရား။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့ဘုရား...

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်တို့သာ ချီးမြှောက်ခွင့်ရနိုင်သည့် ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီးကို ကုသိုလ်ကံအလျောက် ချီးမြှောက် ခွင့်ရနေသည့် အခိုက်ဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရမင်းတို့ကလည်း ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို သာသနပစ္စတ္ထိကတို့၏ အနှောက်အယှက်မှ ကင်းအောင် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှု၊ အာမိသပစ္စည်းတို့ဖြင့် ထောက်ပံ့မှု၊ သာသနာ့ကိစ္စ ဆောက်ရွက်ကြရာဝယ် လိုအပ်သော အကူအညီပေးမှု စသည်တို့ဖြင့် ထူးထူးခြားခြား အားပေးချီးမြှောက် ထောက်ပံ့နေခြင်းစသော လွန်စွာရခဲသော အခွင့်ကောင်းကို ရရှိနေသည့်အခိုက် **"မာ ဝေါ ခဏော ဥပစ္စဂါ"** (အပ၊ ၁၊ ၅၁) ဟူသော ဥပါလိတ္ထေရာပဒါန် ဒေသနာတော်အရ ယင်းအခွင့်ကောင်းကို လက်မလွတ်စေဘဲ သာသနာတော်သန့်ရှင်းအောင်၊ အရှည်ခိုင်မြဲတည်တံ့အောင်၊ စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်အောင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဗိုလ်ငါးဖြာ လက်ကိုင်ထားလျက် ကြိုးစားအားသစ်တော်မူကြပါရန် လေးလေး နက်နက် တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမှတ် အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ ဘုရား။

# ဆင္ဒအကြိမ်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ၄၇–ပါးစုံညီ တတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# သာရဏီယဩဝါဒကထာ

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ (တတိယ) အစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ''ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော် သန့်ရှင်းတည့်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေ'' ဟု အာသီသပဏ္ဏာပြုလျက် နှုတ်ခွန်းဆက်စကား ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

ဆရာတော်ဘုရားများနှင့် ယခုလို လေးလလျှင် တစ်ကြိမ်ကျ မျက်နှာစုံညီ တွေ့ဆုံကြ၍ သာသနာတော်ကိစ္စအဝဝတို့ကို လျှောက်ထားတင်ပြ ဆွေးနွေးတိုင်ပင်ခွင့်ရသည့်အတွက် နှစ်သက်အားရဝမ်းမြောက်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ဤအစည်းအဝေး၌ လောကဓံ၏ ရိုက်ခတ်မှုဒဏ်ကို ခံကြရသည့်အခါ ယောနိသောမနသိကာရထားတော်မူနိုင်ကြဖို့ အကြောင်းများကို လျှောက်ထားလိုပါသည်ဘုရား။

ကောဇာသက္ကရာဇ် ၁၃၄၂–ခုနှစ်၊ နယုန်လ (ခရစ်နှစ် ၁၉၈၀–ပြည့်နှစ်၊ မေလ)၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသံဃာတော်အားလုံးတို့၏ သမ္မုတိပေး

ရွေးချယ်စေလွှတ်အပ်သော သမ္မတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော် (၁၂၂၈)ပါး တို့ တက်ရောက်ကြသည့် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ပဌမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ် နည်းများ၊ သာသနာဝင်မှတ်တမ်းများကို ပြဋ္ဌာန်းပြီးလျှင် ထိုသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ ဓမ္မဝိနယများနှင့်အညီ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဩဝါဒါစရိယ အဖွဲ့၊ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/ တိုင်းသံဃနာယကအဖွဲ့နှင့် ဝိနည်းဓိုရ်အဖွဲ့များကို ရွေးချယ်ဖွဲ့စည်းခဲ့ပါ သည်ဘုရား။

ပဌမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့အား တာဝန်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန် ဆောင်အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ထပ်ဆင့်တာဝန်ပေးအပ်ခဲ့ပါ သည်။ ယင်းသို့ ပေးအပ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းတာဝန်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်တို့သည် အားကြိုးမာန်တက် အဆက်မပြတ် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရာ သာသနပစ္စတ္ထိက=သာသနာ့အညစ်အကြေးများကို သန့်ရှင်း စင်ကြယ်စေခြင်း၊ အဓမ္မဝါဒများကို နှိမ်နင်းပယ်ရှားတားဆီးနိုင်ခြင်း၊ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်နိုင်ခြင်း၊ သာသနာပြုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းစသော အောင်မြင်မှုများကို အထင်အရှားတွေ့မြင်နိုင်ပါ သည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့ အစည်း အခြေခံ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းများ ဖြေရှင်းဆုံးဖြတ်

ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစီမံချက်များ၊ သာသနာပြု လုပ်ငန်းစီမံချက်များစသည်တို့၌ ဖော်ပြပါရှိသည့် သာသနာ့လုပ်ငန်းတာဝန်များ ကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါသည်ဘုရား။ ယင်းလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထုက ရွေးချယ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တို့မှတစ်ဆင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်းဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထုက ပေးအပ်သောတာဝန်ကို ဆောင်ရွက်နေ ခြင်းပင် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်း ရဟန်းတော် များအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးသနားတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို ဘုရားရှင်အလိုတော်ကျ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဖော်ပြပါ အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ စီမံချက်များ၌ မပါဝင်သော လောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက်ဆောင်ရွက်ခြင်းကိုမူကား ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများ လမ်းစဉ်အတိုင်း ရှောင်ကြဉ်ခဲ့ပါသည်ဘုရား။

ဤလျှောက်ထားခဲ့သည့်အတိုင်း မိမိတို့ဆောင်ရွက်ရမည့် သာသနာ့ တာဝန်များကိုသာ ကျေပွန်အောင် ဆောင်ရွက်ခဲ့သော်လည်း လောကီလူမှုကိစ္စများ၌ ပါဝင်ဆောင်ရွက်မှု မပြုကြသည်ကို မနှစ်သက် မကျေနပ်သော အချို့ရဟန်း, ရှင်,လူ တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ခဲ့ကြပါသည် ဘုရား။ “နတ္ထိ လောကေ အနိန္ဒိတော”(ဓမ္မပဒ၊၄၊၂၂၀) လောက၌ အကဲ့ရဲ့ မခံရသောသူမရှိဆိုသည့် ဒေသနာတော်အတိုင်းပင် ဖြစ်ပါသည်ဘုရား။ ဤကဲ့သို့ ရှုတ်ချအပြစ်တင်ကြခြင်းသည် လောကဓံတွာ ဓမ္မတာပင် ဖြစ်ပါသည်။ ထို့ကြောင့် ရှင်တော်မြတ်ဘုရားကလည်း–

“အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ၊ လောကော စ အဋ္ဌ လောကဓမ္မေ အနုပရိဝတ္တတိ။ ကတမေအဋ္ဌ၊လာဘောစ အလာဘော စ ယသော စ အယသော စ နိန္ဒာ စ ပသံသာ စ သုခဉ္စ ဒုက္ခဉ္စ”

စီးပွားဥစ္စာရခြင်း၊ စီးပွားဥစ္စာမရခြင်း၊ အခြံအရံအကျော်အစောရှိခြင်း၊ အခြံအရံ အကျော်အစော ကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ကိုယ်စိတ်နှစ်ပြာ ချမ်းသာခြင်း၊ ကိုယ်စိတ်နှစ်ပြာ ဆင်းရဲခြင်း ဤလောကဓံတရား ရှစ်ပါးတို့သည် သတ္တဝါအပေါင်းသို့ အစဉ်တစိုက် လိုက်ပါကြကုန်၏။ သတ္တဝါအပေါင်းကလည်း ဤလောကဓံတရားရှစ်ပါးတို့သို့ အစဉ်တစိုက်လိုက်ပါ၏”ဟု ဟောကြားတော်မူ ခဲ့ပါသည်။ (အံ၊ ၃၊ ၇)

ဤလောကဓံတရားရှစ်ပါးတို့နှင့် မည်သူမျှ မကင်းနိုင်ကြပါ။ ပရိသတ် လေးပါးအလယ်၌ ထိုင်နေတော်မူ၍ တရားဟောတော်မူသော မြတ်စွာဘုရား ကိုသော်မှ အချို့က ကဲ့ရဲ့ကြ၊ အချို့က ချီးမွမ်းကြသေးသည် ဟု ဓမ္မပဒအဋ္ဌကထာ (၃-၂၁၀)၌ ပြဆိုထားပါသည်ဘုရား။ ထို့အတူပင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးကို ကဲ့ရဲ့သူများရှိကြသလို ချီးမွမ်းသူများလည်း ရှိကြပါလိမ့်မည်ဘုရား။ ယင်းသို့ ကဲ့ရဲ့ခံကြရ၊ ချီးမွမ်းခံကြရသည့်အခါ လိုက်နာပြုကျင့်ရန်ကိုလည်း ဘုရားရှင် ကိုယ်တော်မြတ်က“**နိန္ဒာယ နပ္ပဝေဓေယျ၊ နဥန္နမေယျ ပသံသိတော ဘိက္ခု**” ဟု ဟောတော်မူခဲ့ပါသည်ဘုရား။ (သုတ္တနိပါတ်၊ ၄၂၃)

ဘိက္ခု၊ ရဟန်းသည်။ နိန္ဒာယ၊ သူတစ်ပါးတို့ ကဲ့ရဲ့ခြင်းကြောင့်၊ နပ္ပဝေဓေယျ၊ စိတ်ဓာတ် တွန့်ဆုတ် မတုန်လှုပ်ရာ။ ပသံသိတော၊ ချီးမွမ်းခံရလျှင်လည်း။ နဥန္န မေယျ၊ ဝမ်းသာလှုပ်ရှ မတက်ကြွရာ-တဲ့၊ ဤဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ အကဲ့ရဲ့ခံရလျှင်လည်း မတုန်လှုပ်ဘဲ၊ အချီးမွမ်းခံရလျှင်လည်း မတက်ကြွဘဲ စိတ်ဓာတ်တည်ငြိမ်အောင်ထားတော်မူကြရမည်သာ ဖြစ်ပါသည်ဘုရား။

“ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုတို့ကို မမြဲသောအနိစ္စ၊ ဆင်းရဲသောဒုက္ခ၊ ဖောက်ပြန် ပြောင်းလဲခြင်း သဘောရှိသော ဝိပရိဏာမဓမ္မတွေပဲ”ဟု ဆင်ခြင်စဉ်စား၍ အမှန် အတိုင်းသိပြီးလျှင် ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုကြောင့် လိုလားနှစ်သက်တပ်မက်မှုနှင့် ကိုယ်စိတ်ညှိုးနွမ်း ပင်ပန်းမှုတို့ကို ပယ်ရှားလျက် ဝဋ်ဒုက္ခအားလုံးမှ လွတ်မြောက် နိုင်ပုံများကို အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဒုတိယလောကဓမ္မသုတ်၌ မြတ်စွာ

ဘုရား အကျယ်ဟောကြားတော်မူထားသည်ကိုလည်း ကြည့်ရှုတော်မူကြပါဘုရား။
**(အံ၊ ၃၊ ၇-၈-၉)**

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ မသိနားမလည်သူများ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများသည် အလေးဂရု ပြုလောက်သည့် လိုရင်းပမာဏမဟုတ်။ ပညာရှိများ ကဲ့ရဲ့ခြင်းသည်သာ ကဲ့ရဲ့သည်မည်ကြောင်း၊ ပညာရှိများ ချီးမွမ်းခြင်းသည်သာ ချီးမွမ်းသည်မည်ကြောင်း ဟောတော်မူထားသည့်-

**အနုဝိစ္စ ဝိညူ ပသံသန္တိ၊ အစ္ဆိဒ္ဒဝုတ္တိံ မေဓာဝိံ၊ ပညာသီလသမာဟိတံ**

**ပန မေဓာဝိနော နိန္ဒိတော နိန္ဒိတော နာမ၊ ပသံသိတော စ**

**ပသံသိတော နာမ ဟောတိ-**

(ဓမ္မပဒ၊ ၄၊ ၂၊ ၂၁၀)ဟူသော မြတ်စွာဘုရားရှင် အမိန့်ဒေသနာတော်ကိုသာ ဦးထိပ်ရွက်ပန်ဆင်လျက် ပညာရှိသူတော်ကောင်းတို့ နှစ်ထောင်းအားရ ချီးမွမ်းဖွယ် ဖြစ်သော သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကိစ္စရပ်များကိုသာ ယောနိသောမနသိကာရတရား လက်ကိုင်ထား၍ ညီညာဖျဖျ ကြိုးပမ်းအားထုတ်တော်မူကြပါဟု တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

# ဆဋ္ဌအကြိမ်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ၄၇–ပါးစုံညီ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# သာရဏီယဩဝါဒကထာ

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ (စတုတ္ထ) အစည်းအဝေးသို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ချမ်းမြေ့စွာဖြင့် ရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်ကြီးကို အရှည်ခံ၍ တည်တံ့အောင်၊ စည်ပင်ပြန့်ပွားသည်ထက် စည်ပင်ပြန့်ပွားအောင်၊ ထွန်းကားတိုးတက်သည်ထက် ထွန်းကားတိုးတက်အောင်၊ ဝိတဏ္ဍာဘေး ကင်းဝေးလျက် ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးဖြစ်ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ မူလအခြေခံသည် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ ဖြစ်ပါသည်။ သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ

လေးသိန်းကျော်ခန့်မျှသော ဂိုဏ်းပေါင်းစုံသံဃာတော်အပေါင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဆောင်ရွက်အပ်သော သာသနာတော်ကိစ္စဟူသမျှသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ရပါမည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ပါက သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်အများစုက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်တော့သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်အများစုက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ပါတော့သည်ဘုရား။

သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့ အဖွဲ့ကြီးက ဆောင်ရွက်အပ်သော သာသနာတော်ကိစ္စဟူသမျှကို ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်အများစုက ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်အောင် သတိသမ္ပဇဉ်တရား လက်ကိုင်ထားလျက် လေးလေးစားစား ဆောင်ရွက်သင့်ပါသည်။ ယင်းသို့ ဂိုဏ်းပေါင်းစုံ သံဃာတော်အများစုက ကျေနပ်နှစ်သက် လက်ခံနိုင်စေရန်အတွက် အရေးကြီးသော သာသနာတော်ကိစ္စများကို ဆောင်ရွက်ကြရာဝယ် မိမိတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အကြံဉာဏ်များကို ရယူခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့် ဆွေးနွေးညှိနှိုင်း တိုင်ပင်ခြင်းတို့ဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အင်အားကိုလည်း ရယူသင့်သည်ဟု ထင်မြင်ကြောင်း လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...''သံဃာ့ကိစ္စ သံဃာဆောင်ရွက်'' ဟူသောမူအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်ကိစ္စများကို သံဃာတော်များ ဆောင်ရွက်တော်မူလာကြသည်မှာ ပဌမ၊ ဒုတိယ၊ တတိယ၊

စတုတ္ထ၊ ပဉ္စမသက်တမ်းတို့ကို ကျော်လွန်၍ ယခု ဆဋ္ဌသက်တမ်းပင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ နှစ်ပရိစ္ဆေဒကြာညောင်းလာသည့်အခါ အချို့ ပုဂ္ဂိုလ်များက မသိမိကြသောကြောင့်လည်းကောင်း၊ အချို့ပုဂ္ဂိုလ်များက မကြည့်ရှုမိ၊ မလေ့လာမိကြသောကြောင့်လည်းကောင်း၊ အချို့ပုဂ္ဂိုလ်များက သိပင်သိကြသော် လည်း လေးစားမှုနည်းပါးလာကြသောကြောင့်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ မပြုလုပ်သင့်၊ မပြုလုပ်ထိုက်သော အမှုကိစ္စ များကို ပြုလုပ်လာကြပါသည်ဘုရား။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ရေးဆွဲပြဋ္ဌာန်းခဲ့သော သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း စာမျက်နှာ- ၂၅၊ အခန်း (၂) အပိုဒ် (၄)၌- "ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာ ရှိရမည်"ဟု လည်းကောင်း၊

အခန်း (၂) အပိုဒ် (၅)၌

"ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒ သံဃာ့ဂိုဏ်း အသီးသီးမှ ရဟန်းသံဃာတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့အစည်းအတွင်း၌ အလိုအလျောက်ပါဝင်ပြီး ဖြစ်သည်" ဟုလည်းကောင်း၊

ယင်းအခြေခံစည်းမျဉ်း စာမျက်နှာ (၂၇) အပိုဒ် (၁၁)၌ -

"ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေတို့သည် ဤအခြေခံစည်းမျဉ်းအရ ဖွဲ့စည်းသော သံဃ နာယကအဖွဲ့ တစ်ဖွဲ့ဖွဲ့နှင့် သက်ဆိုင်စေရမည်။ သီးခြားကင်းလွတ်၍ သီတင်းသုံး နေထိုင်ခွင့် မရှိ"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းဥပဒေသည် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးကသော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကသော်လည်းကောင်း၊ ပယ်ဖျက်ရုပ်သိမ်းမှု မပြုသေးသမျှ တည်မြဲနေမည်သာဖြစ်ပါ

သည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းဥပဒေတည်မြဲနေသမျှ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်လည်း တည်မြဲနေမည်သာ ဖြစ်ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေဟူသမျှသည် ဂိုဏ်းပေါင်းစုံသံဃာထုက ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေများကို သံဃာကိုလေးစားသောအားဖြင့် ရိုသေစွာလိုက်နာသင့်ကြပါသည်။ နိုင်ငံတော် အစိုးရကလည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို စောင့်ရှောက်သောအားဖြင့် **"သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ"**ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောင်းထိုင်ဆရာတော်များ၊ ကျောင်းတိုက်နာယက ဆရာတော်များက မိမိတို့၏တပည့် ရဟန်းသာမဏေများအား ဖော်ပြခဲ့ပြီးသော စည်းမျဉ်းဥပဒေများကို သိရှိကြစေရန်၊ မချိုးဖောက်မိကြစေရန်နှင့် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့် ယောင်ယောင်မှားမှား မဖြစ်ကြစေရန်အတွက် ဆုံးမဩဝါဒပေး၍ ထိန်းသိမ်းစောင့်ရှောက်ကြစေဖို့ ပြည်နယ်/တိုင်း မြို့နယ်သံဃနာယက အဖွဲ့များမှ တစ်ဆင့်ညွှန်ကြားခြင်း၊ အထက်အောက် နာယကအဖွဲ့များ မကြာမကြာ တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးခြင်းတို့ဖြင့် နိုင်ငံတစ်ဝန်းလုံး ပြန့်နှံ့သိရှိအောင် ဆောင်ရွက်သင့် သည်ဟု ထင်မြင်ယူဆမိပါသည်။ ဆရာတော်ဘုရားများအချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်သင့်က ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည်–

**ယော ဝန္တတိ မန္တ္တ နုန္နေမေယျ၊**

**အက္ကုဋ္ဌောပိ န သန္ဓိယေထ ဘိက္ခု။**

**လဒ္ဓါ ပရဘောဇနံ န မဇ္ဇေ၊**

**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။** (သုတ္တနိပါတ်၊ ၃၃၃၊)

**သုတွာ ရုသိတော ဗဟုံ ဝါစံ၊**

**သမဏာနံ ဝါ ပုထုဇနာနံ။**

ဇရူသေန နေ န ပင္ဒိဝစ္စာ၊
န တိ သန္တော ပင္ဒိသေနိ ကရောန္တိ။ (သုတ္တနိပါတ်၊ ၄၂၃)
ဟူသော ဗုဒ္ဓမိန့်မှာ ဒေသနာတို့ကို အမြဲနှလုံးသွင်းကာ စိတ်ချမ်းသာစွာဖြင့် သာသနာတော်ကိစ္စများကို မဆုတ်မနစ် မလစ်ဟင်းရအောင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

**ပထမဂါထာအနက်**- ယော ဘိက္ခု၊ အကြင်ရဟန်းသည်၊ ဝန္ဒတိမန္တိ ငါ့ကို သူတစ်ပါးက ရှိခိုးသည်ဟူ၍။ န ဥန္နမေယျ၊ မာန်ထောင်လွှားကာ မတက်ကြွရာ။ ဝါ၊ အထင်မကြီးရာ။ အက္ကုဋ္ဌောပိ၊ သူတစ်ပါးတို့က ကဲ့ရဲ့စွပ်စွဲ ဆဲရေးကြ သော်လည်း။ န သန္ဓိယေထ၊ မကျေမချမ်း ဖြစ်ကာ ဒေါသစိတ်ဖြင့် မဆက်မစပ်ရာ။ ပရဘောဇနံ၊ သူတစ်ပါးတို့က လှူအပ်သော စားဖွယ်သုံးဆောင်ဖွယ်ပစ္စည်းကို။ လဒ္ဓါ၊ အလိုရှိတိုင်း အလွယ်တကူရခြင်းကြောင့်။ နမဇ္ဇေ၊ မာန်တက်ကြွကာမယစ်ရာ။ သော၊ ထိုသို့သောရဟန်းသည်။ လောကေ၊ လောက၌။သမ္မာပရိဗ္ဗဇေယျ၊ တစ်စုံတရာနှင့်မျှ မငြိမတွယ်မူ၍ ကောင်းစွာကျင့်သုံး နေထိုင်နိုင်ပေ၏။

**ဒုတိယဂါထာအနက်**- သမဏာနံ ဝါ၊ ရဟန်းတို့၏လည်းကောင်း။ ပုထုဇနာနံ ဝါ၊ လူအများတို့၏လည်းကောင်း။ ဗဟုံ ဝါစံ၊ များစွာသော အပြစ်ပြောကြ ကဲ့ရဲ့စွပ်စွဲကြသော စကားကို။ သုတွာ-သုတွာပိ၊ ကြားရပါသော်လည်း။ ရသိတော၊ အပြောခံရ ကဲ့ရဲ့စွပ်စွဲခံရသော ရဟန်းသည်။ နေ၊ ထိုအပြစ်ပြောကြ ကဲ့ရဲ့စွပ်စွဲကြသော သူတို့ကို။ ဖရုသေန၊ ကြမ်းတမ်းသော စကားဖြင့်။ န ပင္ဒိဝစ္စာ၊ တုံ့ပြန်၍ မပြောဆို မချေပရာ။ ဟိ၊ အကြောင်းကား။ သန္တော၊ သူတော်ကောင်းတို့သည်။ န ပင္ဒိသေနိ ကရောန္တိ၊ တုံ့ပြန်တိုက်ခိုက်ခြင်းကို မပြုကြကုန်။ ဝါ၊ တုံ့ပြန်တိုက်ခိုက်ရိုး မရှိကြသောကြောင့်ပေတည်း။

ဗုဒ္ဓရှင်တော်မြတ်က ပထမဂါထာဖြင့်-

“ငါ့ကို လူဂုဏ်တန် အထက်တန်းစားတွေကတောင် ရှိခိုးကြတယ်၊ ကိုးကွယ်ကြတယ်၊အရာရှိတွေ နိုင်ငံတော်အကြီးအကဲတွေကတောင် အလေးဂရုပြုကြတယ်”စသည်ဖြင့် နှလုံးသွင်းပြီး မာန်မာန မထောင်လွှားစေရ၊ မတက်ကြွစေရ

မတက်ကြွပါလင့်၊ မလိုလားသူတို့က ဆဲရေးကြ၊ ကဲ့ရဲ့ရှုတ်ချကြ၊ အပြစ်ပြောကြသော်လည်း "ငါ့ကို ဆဲရေးကြတယ်၊ ကဲ့ရဲ့ရှုတ်ချကြ၊ အပြစ်ပြောကြတယ်"စသည်တွေးကာ မကျေမချမ်း မဖြစ်စေရ၊ မကျေမချမ်း မဖြစ်ပါလင့်။ဒါယကာ, ဒါယိကာမတွေက လှူဒါန်းကြလို့ အသုံးအဆောင်ပစ္စည်းတွေ အလွယ်တကူ ရရှိပေါ်များနေခြင်းကြောင့်လည်း "ငါ့မှာ ပစ္စည်းဥစ္စာတွေ ပေါပေါများများ ရရှိပြီး ပြည့်စုံနေတယ်"ဟု မာန်မယစ်စေရ၊ မာန်မယစ်ပါလင့်ဟု ဆုံးမတော်မူခဲ့ပါသည်။

ဒုတိယဂါထာဖြင့်–

မိမိအပေါ်မှာ မကျေနပ်သော ရဟန်းများကဖြစ်စေ၊ လူများက ဖြစ်စေ၊ အပြစ်ပြောကြ၊ ကဲ့ရဲ့စွပ်စွဲကြတဲ့စကားကို ကြားရလို့ရှိလျှင် အဲဒီ အပြစ်ပြောကြ၊ ကဲ့ရဲ့စွပ်စွဲကြတဲ့သူတွေကို ကြမ်းတမ်းသော စကားဖြင့် တုံ့ပြန်ချေပမှု မပြုပါလင့်တဲ့။ ဖြေရှင်းသင့်သည့်အချက်ကိုပင် သိမ်မွေ့နူးညံ့သောစကားဖြင့်သာ ဖြေရှင်းပါဟု ဆိုလိုပါသည်၊ အဘယ့်ကြောင့် တုံ့ပြန်ချေပမှု မပြုရပါသလဲဆိုလျှင် သူတော်ကောင်းများဟာ တုံ့ပြန်တိုက်ခိုက်ရိုးမရှိကြသောကြောင့်ဖြစ်သည်ဟု ဆုံးမတော်မူခဲ့ပါသည်ဘုရား။။

ဆရာတော်အရှင်မြတ်တို့ဘုရား... ယခုအခါ အချိန်အခါ အခြေအနေအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ကြည်ညိုလေစား အားထားကြသော ပုဂ္ဂိုလ်များရှိသလို အပြစ်ပြောကြ၊ ရှုတ်ချစွပ်စွဲကြသော ပုဂ္ဂိုလ်များလည်း ရှိကြပါလိမ့်မည်။ ယင်းသို့ ရှိကြရာ၌ ကြည်ညိုလေးစား အားထားကြခြင်းကြောင့်လည်း စိတ်ဓာတ်တက်ကြွမှုမဖြစ်ရအောင်၊ အပြစ်ပြောကြ ရှုတ်ချစွပ်စွဲကြခြင်းကြောင့်လည်း စိတ်ဓာတ် ဆုတ်နစ် မကျေမနပ်မဖြစ်အောင် သတိထားတော်မူကြလျက် ထိုအပြစ်ပြောသူ၊ ကဲ့ရဲ့ရှုတ်ချ စွပ်စွဲကြသူတို့ကိုလည်း တုံ့ပြန်ချေပမှု ပြုမနေကြဘဲ"**သကိစ္စမနုယုဉ္ဇေယျ**"ဟူသော ဒေသနာတော်နှင့်အညီ မိမိတို့ ဆောင်ရွက်ရမည့် သာသနာ့ကိစ္စများကိုသာ မဆုတ်မနစ် အားသစ်ကြိုးပမ်းတော်မူကြပါဟု တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမွတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့ဘုရား။။

## ဆဋ္ဌအကြိမ်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## ၄၇–ပါးစုံညီ ပဌမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
## ဥက္ကဋ္ဌဆရာတော်၏
## သာရဏီယဩဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်သူမြတ်တို့ဘုရား...

ဆရာတော်အရှင်မြတ်တို့ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေးသို့ ကာယသာမဂ္ဂီ ၊စိတ္တသာမဂ္ဂီပေးကာ အညီအညွတ်ကြွရောက်တော်မူလာကြသည့်အတွက်–

**"ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ"** (ဒီ–၂–၆၅)ဟူသော ဘိက္ခုပရိဟာနိယဓမ္မနှင့် ညီညွတ်လှပါသဖြင့် သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

ဤအစည်းအဝေး၌ အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဒုတိယ သောဝစဿတာသုတ်ကို အကျဉ်းချုပ်၍ လျှောက်ထားလိုပါသည် ဘုရား။ **(အံ၊၂၊၄၂၀)**

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသော ညဉ့်သန်းခေါင်ယံအချိန်မှာ နတ်သားတစ်ယောက်လာရောက်၍ ဤသို့လျှောက်ထားပါသည်ဘုရား။

မြတ်စွာဘုရား...

သတ္ထုဂါရဝတာ = မြတ်စွာဘုရား၌ အလေးဂရုပြုခြင်း၊

| | | |
|---|---|---|
| ဓမ္မဂါရဝတာ | = | တရားတော်၌ အလေးဂရုပြုခြင်း၊ |
| သံဃဂါရဝတာ | = | သံဃာတော်၌ အလေးဂရုပြုခြင်း၊ |
| သိက္ခာဂါရဝတာ | = | အကျင့်သိက္ခာ၌ အလေးဂရုပြုခြင်း၊ |
| သမာဓိဂါရဝတာ | = | သမာဓိ၌ အလေးဂရုပြုခြင်း၊ |
| သောဝစဿတာ | = | ဆိုဆုံးမလွယ်ကူသူ လူလိမ္မာ၏ယဉ်ကျေးလေးစားမှု အပြုအမူရှိခြင်း၊ |
| ကလျာဏမိတ္တတာ | = | သဒ္ဓါတရားရှိသူစသောမိတ်ဆွေကောင်းရှိခြင်း၊ |

ဤတရား(၇)ပါးတို့သည် ရဟန်းတော်များရရှိပြီးဂုဏ်မှ မဆုတ်ယုတ်ရန် ဖြစ်ပါသည်ဘုရားဟု လျှောက်ထားပါသည်။

မြတ်စွာဘုရားရှင်ကလည်း သဘောတူခွင့်ပြုတော်မူပါသည်ဘုရား။

နောက်နေ့ရောက်သောအခါ မြတ်စွာဘုရားရှင်က ရဟန်းတော်တို့အား ဤအကြောင်းကို မိန့်တော်မူ၍ သတ္တဂါရဝတာစသော တရား(၇)ပါးတို့ကို ဟောတော်မူပါသည်။ ဤသို့ မြတ်စွာဘုရားဟောမိန့်တော်မူလသော် အရှင်သာရိပုတ္တရာက "မြတ်စွာဘုရား....မြတ်စွာဘုရား ဟောမိန့်တော်မူသော သတ္တဂါရဝတာစသော ဤတရားတော်တို့၏ အနက်အဓိပ္ပာယ်ကို ဤသို့ဤပုံ တပည့်တော် အကျယ်အားဖြင့် သိပါ၏"ဟု လျှောက်ထား၍ ယင်းတရား(၇)ပါးတို့၏ အနက်အဓိပ္ပာယ်အကျယ်ကို ဤသို့ လျှောက်ထားပါသည်ဘုရား။

"မြတ်စွာဘုရား.....ဤသာသနာတော်၌ ရဟန်းသည် မိမိကိုယ်တိုင်လည်း မြတ်စွာဘုရား၌ ရိုသေလေးစားခြင်းရှိ၏။ မြတ်စွာဘုရားအပေါ်ဝယ် ရိုသေလေးစားခြင်း၌ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မြတ်စွာဘုရား၌ ရိုသေလေးစားခြင်းမရှိသေးသော ရဟန်းတို့ကိုလည်း မြတ်စွာဘုရား၌ ရိုသေလေးစားခြင်းရှိအောင် ကျင့်သုံးဆောက်တည်စေ၏။ မြတ်စွာဘုရား၌ ရိုသေလေးစားခြင်းရှိပြီးသော ရဟန်းတို့၏ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ဟုတ်မှန်သည့်အတိုင်း ပြောဆိုသင့်ရာအခါ၌ ပြောဆို၏"ဟု သတ္တဂါရဝတာ၏ အနက်အဓိပ္ပာယ်အကျယ်ကို လျှောက်ထားပါသည်။

ထို့အတူ ဓမ္မဂါရဝတာ၊ သံဃဂါရဝတာ၊ သိက္ခာဂါရဝတာ၊ သမာဓိဂါရဝတာ၊ သောဝစဿတာ၊ ကလျာဏမိတ္တတာဟူသော တရား(၆)ပါးတို့၏ အနက်အဓိပ္ပာယ် အကျယ်ကိုလည်း တစ်ပါးတစ်ပါးလျှင် သုံးချက်စီ ချဲ့ထွင်လျှောက်ထားပါသည်။ ထိုအခါ မြတ်စွာဘုရားရှင်က သာဓုခေါ်တော်မူ၍ "ငါဘုရားဟောမိန့်အပ်သော ဤတရားတော်၏ အနက်အဓိပ္ပာယ်အကျယ်ကို ဤအတိုင်းမှတ်သားရမည်"ဟု မိန့်တော်မူပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ဤလျှောက်ထားခဲ့ပြီးသော တရား (၇)ပါးတို့သည် ရဟန်းတော်အားလုံး တို့အတွက် ရရှိပြီးသောဂုဏ်မှ မဆုတ်ယုတ်ရန် လွန်စွာလိုအပ်လှပါသည်ဘုရား။ ဤတရား (၇)ပါးတို့အနက် ဘုရား၊ တရား၊ သံဃာ၌ ရိုသေလေးစားခြင်းတို့ကို အထူးလျှောက်ထားဖို့ မလိုတော့ပါဘုရား။

စတုတ္ထဖြစ်တဲ့ သိက္ခာဂါရဝတာ၏အရေးပါပုံကို စဉ်းစားဆင်ခြင်ကြည့် တော်မူကြပါဘုရား။ ရဟန်းတော်တိုင်း၊ ရဟန်းတော်တိုင်း မိမိတို့ကျင့်ရမည့် အကျင့်သိက္ခာ၌ မရိုသေမလေးစားခြင်းကြောင့်သာ သာသနာတော်၌ မလိုလား အပ်သော အရေးအခင်းပြဿနာများ ပေါ်ပေါက်လာကြရပါသည်။

ရဟန်းတော်တိုင်း၊ ရဟန်းတော်တိုင်း မိမိတို့ကျင့်ရမည့် အကျင့်သိက္ခာ၌ ရိုသေလေးစားနေကြပါလျှင် သာသနာတော်၌ မလိုလားအပ်သော အရေးအခင်း ပြဿနာများ ပေါ်ပေါက်လာဖွယ်မရှိပါဘုရား။ ထို့ကြောင့် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များသည် မိမိတို့ကိုယ်တိုင်လည်း အကျင့်သိက္ခာ၌ ရိုသေလေးစားမှု ရှိရမည်။ အကျင့်သိက္ခာအပေါ်ဝယ် ရိုသေလေးစားမှု၌ ချီးမွမ်းဖွယ် ဂုဏ်ကို ပြောဆိုပေးကြရမည်။ အကျင့်သိက္ခာ၌ ရိုသေလေးစားခြင်း မရှိသေးသော ရဟန်းတို့ကို အကျင့်သိက္ခာ၌ ရိုသေလေးစားခြင်းရှိလာအောင်၊ ကောင်းစွာခံ ယူကျင့်သုံးအောင် တိုက်တွန်းဟောပြောပေးကြရမည်။ အကျင့်သိက္ခာ၌ ရိုသေလေး စားခြင်းရှိပြီးသော ရဟန်းတို့၏ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ဟုတ်မှန်သည့်အတိုင်း

ပြောသင့်, ပြောထိုက်ရာအခါ၌ ပြောဆိုပေးကြရပါမည်ဘုရား။ စာသင်တိုက်ဆရာတော်များနှင့် ကျောင်းထိုင်ဆရာတော်များကိုလည်း မိမိတို့ တပည့်ရှင်ငယ်၊ ရဟန်းငယ်များ ကိုယ်ကျင့်သိက္ခာ၌ ရိုသေလေးစားမှုရှိအောင် အမြဲမပြတ် ဆုံးမပေးကြရန်၊ လျှောက်ထားတိုက်တွန်းပေးကြရန် လိုအပ်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား...

ပဥ္စမ သမာဓိဂါရဝတာ အရ သမာဓိ၌ ရိုသေလေးစားမှုရှိမှသာ လူရှင်ရဟန်းတို့ ကြည်ညိုလေးစားထိုက်သော ပုဂ္ဂိုလ်ဖြစ်နိုင်ပါသည်။ သမာဓိ၌ မရိုသေမလေးစားလျှင် လူရှင်ရဟန်းတို့ ကြည်ညိုလေးစားကြမည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ ရဟန်းတော်တိုင်း၊ ရဟန်းတော်တိုင်း သမာဓိရှိရှိ ကျင့်သုံးနေထိုင်ရန် လိုအပ်လှပါသည်ဘုရား။

ဆဋ္ဌသောဝစဿတာဂုဏ်နှင့် ပြည့်စုံရန်လည်း လိုအပ်လှပါသည်။ အာစရိယ၊ အာစရိယမတ္တဖြစ်သော အလေးဂရုပြုထိုက်သော ဆရာတော်များ ဆိုဆုံးမသောစကားကို ရိုရိုသေသေ လွယ်ကူစွာ လိုက်နာကျင့်သုံးနေကြပါလျှင် အများအယွင်းနည်းပါး၍ အများ၏ကြည်ညိုလေးစားမှုကို ရနိုင်ကြမည် ဖြစ်ပါသည်ဘုရား။

သတ္တမ ကလျာဏမိတ္တတာဂုဏ်နှင့်လည်း ပြည့်စုံအောင် သတိပြုရမည်ဖြစ်ပါသည်။ ကလျာဏမိတ္တတာမဖြစ်ဘဲ ပါပမိတ္တတာဖြစ်နေလျှင် ထိုပုဂ္ဂိုလ်အတွက် ဆုတ်ယုတ်ပျက်စီးဖို့သာ ဖြစ်ပါသည်။ သို့ဖြစ်၍ သာသနာပြုရာ၌ လုပ်ငန်းကိစ္စများ ချောမောအောင်မြင်အောင် အားကိုးအားထားပြုရမည့် မိတ်ကောင်းဆွေကောင်းများကို ရွေးချယ်ပေါင်းသင်းရန်လိုအပ်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

ယခုလျှောက်ထားခဲ့ပြီးသော အကြောင်းများကြောင့် တပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့်တွင် ပါဝင်တော်မူကြသော အရှင်မြတ်များရော၊ သံဃာ့အဖွဲ့အစည်းတွင် မပါဝင်ကြသော အရှင်မြတ်များအားလုံးတို့သည် သံဃာ့အဖွဲ့အစည်းများ မဆုတ်ယုတ် မပျက်ပြားအောင် သာသနာတော်ကြီးမဆုတ်ယုတ်မပျက်ပြားအောင် မြတ်စွာဘုရားမိန့်တော်မူ၍

အရှင်သာရိပုတ္တရာ အကျယ်လျှောက်ထားအပ်သော သတ္တုဂါရဝတာစသော တရား (၇)ပါးတို့နှင့် မိမိတို့လည်း ပြည့်စုံအောင် ကျင့်သုံးခြင်း၊ ထိုတရား (၇)ပါးတို့နှင့် ပြည့်စုံခြင်း၌ ချီးမွမ်းဖွယ်ဂုဏ်ကို ပြောဆိုခြင်း၊ ထိုတရား (၇)ပါးတို့နှင့် မပြည့်စုံသေးသော ပုဂ္ဂိုလ်တို့ကိုလည်း ထိုတရား(၇)ပါးတို့နှင့်ပြည့်စုံအောင် ကျင့်သုံး ဆောက်တည်စေခြင်း၊ ထိုတရား(၇)ပါးတို့နှင့်ပြည့်စုံပြီးသော ပုဂ္ဂိုလ်တို့၏ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ဟုတ်မှန်သည့်အတိုင်း ပြောဆိုသင့်၊ ပြောဆိုထိုက်ရာအခါ၌ ပြောဆိုခြင်းတို့ဖြင့် သာသနာပြုတော်မူကြပါဟု တိုက်တွန်းလျက် ပဌမသော၀ စဿတာသုတ်၌လာသော ဂါထာတို့ကို အနက်မြန်မာပြန်ဆို၍ နိဂုံးချုပ်ပါမည်ဘုရား။

**သတ္ထုဂရု ဓမ္မဂရု၊ သံဃေ စ တိဗ္ဗဂါရဝေါ၊**
**သမာဓိဂရု အာတာပီ၊ သိက္ခာယ တိဗ္ဗဂါရဝေါ၊**
**ကလျာဏမိတ္တော သုဝစော၊ သပ္ပတိဿော သဂါရဝေါ၊**
**အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။ (အံ၊ ၂၊ ၄၂၀)**

သတ္ထုဂရု မြတ်စွာဘုရား၌ အလေးဂရုပြုခြင်းရှိသော။ ဓမ္မဂရု တရားတော်၌ အလေးဂရုပြုခြင်းရှိသော။ သံဃေစ၊ သံဃာတော်၌လည်း။ တိဗ္ဗဂါရဝေါ၊ ကြီးမားထက်သန်သော အလေးဂရုပြုခြင်းရှိသော။ သမာဓိဂရု၊ သမာဓိ၌ အလေးပြုခြင်းရှိသော။ အာတာပီ၊ ပြင်းထန်သော လုံ့လဝီရိယရှိသော။ သိက္ခာယ၊ အကျင့်သိက္ခာ၌။ တိဗ္ဗဂါရဝေါ၊ ကြီးမားထက်သန်သော အလေးဂရုပြုခြင်းရှိသော။ ကလျာဏမိတ္တော၊ မိတ်ကောင်းဆွေကောင်းရှိသော။ သုဝစော၊ ဆိုဆုံးမလွယ်ကူသူ လူလိမ္မာ၏ ယဉ်ကျေးလေးစားမှု အပြုအမူရှိသော။ သပ္ပတိဿော၊ အလေးဂရုပြုထိုက်သူတို့ကို ရိုသေတုပ်ကွ ဦးနှိမ်ချခြင်းရှိသော။ သဂါရဝေါ၊ အလေးဂရုပြုထိုက်သူတို့၌ အလေးဂရုပြုခြင်းရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဟာနာယ၊ ရရှိပြီးသော ဂုဏ်မှဆုတ်ယုတ်ခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ နိဗ္ဗာနဿေဝ၊ နိဗ္ဗာန်၏သာလျှင်။ သန္တိကေ၊ အနီး၌။ စရတိ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းချမ်းသာ သွားလာလှည့်လည်ရပေသတည်း ဟု ဝိဇ္ဇည်းမင်္ဂလာ ဒေသနာဓမ္မ ဖော်ညွှန်းပြလျက် သာရဏီယ ဩဝါဒကထာကို ဤမှာပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား။

# ဆဋ္ဌအကြိမ်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ၄၇-ပါးစုံညီ ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
# ဥက္ကဋ္ဌဆရာတော်၏
# သာရဏီယဩဝါဒကထာ

ဆဋ္ဌအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးသို့ အားပေးချီးမြှောက်ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား။

"ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံတော်မူကြ၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင်ဆောင်ရွက်တော်မူနိုင်ကြပါစေ"ဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကားလျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား...

မြတ်စွာဘုရားသည်- ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇန အဟိတာယ ပဋိပန္နာ ဗဟုဇန အသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီတိ။ ပ ။

ရဟန်းတို့ အကြင်ရဟန်းတို့သည် တရားစစ် တရားမှန်မဟုတ်သော အဓမ္မကို တရားစစ် တရားမှန်ဖြစ်သော ဓမ္မဟုလည်းကောင်း၊

တရားစစ် တရားမှန်ဖြစ်သော ဓမ္မကို တရားစစ် တရားမှန်မဟုတ်သော အဓမ္မဟုလည်းကောင်း၊

ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယဟုလည်းကောင်း၊

ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယဟုလည်းကောင်း၊

မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်၏ဟုလည်းကောင်း၊

မြတ်စွာဘုရားအလေ့အကျင့်ပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟုလည်းကောင်း၊

မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟုလည်းကောင်း ပြကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ စီးပွားချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်သည်မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွားစေသည် မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ဟု ဟောတော်မူပါသည်ဘုရား။ (အံ၊ ၁၊ ၁၈–၁၉)

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ယခု သာသနာတော်နောက်ပိုင်း အချိန်အခါ၌ အဓမ္မကို ဓမ္မဟုပြခြင်း စသည်ဖြင့် လူအများစီးပွားချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့အစီးအပွား မဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်ကြံကြကုန်သည်ဖြစ်၍ များစွာသော အကုသိုလ်ကို ဖြစ်ပွား စေကြကာ သာသနာတော်ကြီး ကွယ်ပျောက်အောင် ပြုလုပ်နေကြသည့် ရဟန်း သာမဏေများ ပေါ်ပေါက်နေကြသည်ကို ကြားသိကြရပါသည်ဘုရား။

အချို့ရဟန်းများကလည်း ထေရဝါဒဗုဒ္ဓသာသနာတော် မှေးမှိန် ကွယ်ပျောက်၍ မဟာယာနသာသနာဖြစ်ပေါ်အောင် လုပ်ဆောင်နေကြသည်ကိုလည်း ကြားသိနေရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

ဆိုခဲ့ပြီးသော အဓမ္မကို ဓမ္မဟုပြခြင်းစသည်ဖြင့် နတ်လူအများစီးပွား ချမ်းသာမဲ့အောင် ဆင်းရဲအောင် သာသနာတော်ကိုလည်း ကွယ်ပျောက်အောင် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားနေသည့် မြန်မာနိုင်ငံတော်၌ မဟာယာနသာသနာ ပေါ်ပေါက်လာအောင် ပြုလုပ်နေကြသော သာသနပစ္စတ္ထိက သာသနာ့ရန်စွယ် ဖြစ်သော ရဟန်းသာမဏေများ အင်အားမကောင်းမီ ကြိုတင်၍ ကာကွယ်ကြရန် လိုအပ်နေပြီဖြစ်ကြောင်းကို လျှောက်ထားပါသည်ဘုရား။

ထို့ပြင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟု ဆုံးဖြတ်ခဲ့သော ဝါဒများကို ပြန်လည်ဟောပြောနေကြသည်ကိုလည်းကောင်း၊ အဓမ္မဝါဒဟု ဆုံးဖြတ် ပြီးသော စာအုပ်စာတမ်းများကို မိတ္တူကူး၍ ဖြန့်ချိနေကြသည်ကိုလည်းကောင်း ကြားသိတွေ့မြင်နေကြရပါသည်ဘုရား။

ထိုအဓမ္မဝါဒကို ပြန်လည်ဟောပြောနေမှု၊ အဓမ္မဝါဒစာအုပ်စာတမ်းများကို မိတ္တူကူး၍ ဖြန့်ချိနေမှုစသည်တို့ကို သက်ဆိုင်ရာမှ စုံစမ်းစစ်၍ ဖော်ထုတ်အရေးယူ သင့်ပြီဖြစ်ကြောင်းကိုလည်း လျှောက်ထားအပ်ပါသည်ဘုရား။

ယင်းသို့ တိတိကျကျပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မှုများကို မပြုလုပ်ဘဲ လျစ်လျူရှုနေပါက ယင်းအဓမ္မဝါဒများ ပြန်လည်ခေါင်းထောင်လာမည်ကို

လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ ဆုံးဖြတ်အပ်သော ဝိနိစ္ဆယများ အချည်းနှီး အလဟဿဖြစ်သွားမည်ကိုလည်းကောင်း စိုးရိမ်မိပါသည်ဘုရား။ ဤကိစ္စကို လေးလေးနက်နက် ဆင်ခြင်စဉ်းစား နှလုံးထားတော်မူကြပါဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပြင်ဆင်ဖြည့်စွက်ချက် စာမျက်နှာ(၂၀)၊ အခန်း(၁) အပိုဒ်ခွဲ(က)၌ "သာသနာဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်ကို ဆိုသည်"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(င)၌ "ထေရဝါဒဆိုသည်မှာ ပထမသံဂါယနာမှ ဆဋ္ဌသံဂါယနာအထိ သံဂါယနာခြောက်တန်တင်ထားသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသော ပိဋကကို ဆိုသည်"ဟုလည်းကောင်း၊ ယင်းအခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၁၂) အပိုဒ်ခွဲ(ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်"ဟုလည်းကောင်း၊ အပိုဒ်(၁၃)၌ "သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖော်ပြပါ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိသည်"ဟုလည်းကောင်း ပြဆိုထားပါသည်။

ဤပြဆိုချက်များကို ပေါင်းရုံးသုံးသပ်ပါက မြတ်စွာဘုရား၏ အဆုံးအမ၊ သာသနာတော်ဖြစ်သော ပထမသံဂါယနာမှ ဆဋ္ဌသံဂါယနာအထိ သံဂါယနာခြောက်တန်တင်ထားသော ထေရဝါဒပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသော ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်နိုင်သည်ဟု အဓိပ္ပာယ်ရရှိပါသည်ဘုရား။

သို့ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိသည်ကို သိတော်မူကြစေရန် လျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...**

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၄)၌ "ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံ

ပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာရှိရမည်”ဟုလည်းကောင်း၊ အပိုဒ်(၅)၌ “ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ဂိုဏ်း အသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သံဃာ အဖွဲ့အစည်းအတွင်း၌ အလိုအလျောက်ပါဝင်ပြီးဖြစ်သည်”ဟုလည်းကောင်း ပြဋ္ဌာန်းထားပါလျက် ယခုအခါ အချို့ရဟန်းသာမဏေများသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင်သော သံဃာ့အဖွဲ့အစည်း များဖွဲ့စည်းလျက် ဆောင်ရွက်နေကြပါသည်ဘုရား။ ယင်းသို့ ဆောင်ရွက်နေကြ ခြင်းသည် အဆိုပါသံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အပိုဒ်(၄) အပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ကြသည့်အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ထုတ်ပြန်သော ညွှန်ကြားလွှာအမှတ်(၈၁)ကိုလည်း ဖောက်ဖျက်ကျူးလွန်ရာ ရောက်ပါသည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်သော အမိန့်အမှတ်(၆/၉၀)နှင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ ဥပဒေအမှတ်(၂၀/၉၀)တို့ကို လည်း ကျူးလွန်ရာရောက်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ အဆိုပါစည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေတိုင်း သိနေကြဖို့ အထူးလိုအပ်ပါသည်။ ထို့ကြောင့် ဤစည်းမျဉ်းဥပဒေများကို ရဟန်း သာမဏေများ သိနားလည်အောင် သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များ၊ ကျောင်းထိုင်ကျောင်းပိုင်ဆရာတော်များ၊ ကျောင်းတိုက်ဆရာတော်များ၊ စာချ ဆရာတော်များက အခါအခွင့်သင့်တိုင်း ဟောပြောဆုံးမတော်မူကြရန် တပည့်တော်တို့ မဟာနာယကအဖွဲ့က ဆောင်ရွက်ပေးသင့်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့ဘုရား...**

မြတ်စွာဘုရားသည် သုတ္တပဋက၌လည်း - **ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ “အဓမ္မော”တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ တေစိမံ သဒ္ဓမ္မံ ဌပေန္တီတိ။ ပ ။**

ရဟန်းတို့ အကြင်ရဟန်းတို့သည်...

တရားစစ် တရားမှန်မဟုတ်သော အဓမ္မကို တရားစစ် တရားမှန် မဟုတ်သော အဓမ္မဟုလည်းကောင်း၊

တရားစစ် တရားမှန်ဖြစ်သော ဓမ္မကို တရားစစ် တရားမှန်ဖြစ်သော ဓမ္မဟု လည်းကောင်း၊

ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ် ဝိနည်းမှန် မဟုတ်သော အဝိနယဟုလည်းကောင်း၊

ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယဟုလည်းကောင်း၊

မြတ်စွာဘုရားမဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရားမဟောအပ် မပြောအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို မြတ်စွာဘုရားအလေ့အကျင့် ပြုအပ်၏ဟုလည်းကောင်း၊

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု လည်းကောင်း၊

မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု လည်းကောင်း ပြကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများစီးပွားချမ်းသာဖြစ်ခြင်း အကျိုးဖြစ်ခြင်းငှာ နတ်လူတို့၏ အစီးအပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွားစေသည်မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့

စေသည်မည်ကုန်၏ဟု ဟောတော်မူခဲ့ပါသည်ဘုရား။ **(အံ၊ ၁၊ ၁၉)**

သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့်တကွ သံဃာ့အဖွဲ့အစည်း အသီးသီး၌ ပါဝင်သော အရှင်မြတ်များသည်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ မပါဝင်သော အရှင်မြတ်တို့သည်လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ရဟန်းသာမဏေအားလုံးတို့သည် လူအများ၏ စီးပွား ချမ်းသာဖြစ်ခြင်း၊ အကျိုးဖြစ်ခြင်းငှာ နတ်လူတို့၏ အစီးအပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သောပုဂ္ဂိုလ်၊ များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်စေသောပုဂ္ဂိုလ်၊ ဤသာသနာတော်ကိုလည်း တည်တံ့စေသော ပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ကြံ ကျိုးကုတ် အားထုတ်တော်မူကြပါဟု တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဃနာယကသင်တန်းနှင့် ဝိနည်းမိုရ်သင်တန်းများဖွင့်ပွဲ၌ မိန့်ကြားတော်မူအပ်သော ဥက္ကဋ္ဌဆရာတော်၏ သာရဏီယ ဩဝါဒကထာ

ပြည်နယ်/တိုင်းအသီးသီးမှ ကြွရောက်တော်မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ပြည်နယ်သံဃနာယက ဆရာတော်များနှင့် တိုင်းသံဃနာယကဆရာတော် အရှင်မြတ်တို့ဘုရား။

ယနေ့ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်၊ ခရစ်နှစ် ၂၀၀၄-ခုနှစ်၊ ဇွန်လ (၁)ရက်နေ့မှစ၍ နယုန်လပြည့်ကျော် (၈)ရက်၊ ဇွန်လ (၁၀)ရက်နေ့အထိ (၁၀)ရက်တိုင်တိုင် သင်ကြားပို့ချမည့် သံဃနာယကသင်တန်းနှင့် ဝိနည်းမိုရ်သင်တန်းများဖွင့်ပွဲ၌ အောက်မေ့ဖွယ်၊ အမှတ်ရဖွယ် သာရဏီယ ဩဝါဒ စကားလျှောက်ထားခွင့်ရသည့်အတွက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်၊ ခရစ်နှစ် ၁၉၈၀-ပြည့်နှစ်၊ မေလ (၂၅)ရက် တနင်္ဂနွေနေ့၌ ကျင်းပသော ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးကြီးက ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့ အစည်းအခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။

ယင်း အခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင် ရွက်နိုင်ကြစေရန် သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-

ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်၊ ခရစ်နှစ် ၁၉၈၀–ပြည့်နှစ်၊ မေလ (၂၆)ရက် တနင်္လာနေ့၌ကျင်းပသော ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။

ထိုနှစ် နယုန်လဆန်း (၁၄)ရက်၊ မေလ (၂၇)ရက် အင်္ဂါနေ့၌ ကျင်းပသော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။

ထိုသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပထမအကြိမ်သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့်ဖွဲ့စည်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာဟူသော သာသနာတော်အရေးကိစ္စကြီးသုံးရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာ အချို့သော သံဃနာယကအဖွဲ့များ၊ အချို့သော ဝိနည်းဓိုရ်ဆရာတော်များသည် အတွေ့အကြုံ မရှိကြသေး၍ လုပ်ငန်းကျွမ်းကျင်မှု နည်းပါးကြသေးသဖြင့် အချို့ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ကြရာ၌ ပြဿနာပြေလည်အောင် မဆောင်ရွက်နိုင်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် မညီမညွတ် မှားယွင်းဆောင်ရွက်ခြင်းစသည်များ ဖြစ်ပေါ်ခဲ့ပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၁၉၈၁–ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်မှ (၁၄)ရက်အထိ (၁၃)ရက်တိုင်တိုင် ဝိနည်းဓိုရ်သင်တန်းကိုလည်းကောင်း၊ ၁၉၈၁–ခုနှစ်၊ မေလ (၄)ရက်မှ (၁၉)ရက် အထိ (၁၆)ရက်တိုင်တိုင် နာယကသင်တန်းကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ထိုနာယကသင်တန်း ပို့ချချက်များမှ ရရှိလာသောအချက်အလက်များကို စုစည်းပြီး နာယကလက်စွဲကို ပြုစု၍ အတည်ပြုထုတ်ပြန်ခဲ့ပါသည်။

ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရာ၌ အထောက်အကူပြုစေခြင်းငှာ ဝိနိစ္ဆယလက်စွဲကိုလည်းကောင်း၊ အချိန်အခါ အခြေအနေအရ

ဖြစ်ပေါ်လာသော ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ရန် ညွှန်ကြားလွှာများကိုလည်း ကောင်း ထုတ်ပြန်ပေးခဲ့ပါသည်ဘုရား။

ဤသို့ ဘက်ပေါင်းစုံမှ ဖြည့်တင်းဆောင်ရွက်ပေးခဲ့ခြင်းကြောင့် သံဃာ့အဖွဲ့အစည်းများ ပထမသက်တမ်း၊ ဒုတိယသက်တမ်းများ၌ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များ အဆင်ပြေ ချောမွေ့ခဲ့သော်လည်း နောက်ပိုင်းကာလများ၌ နာယကအပြောင်း အသစ်ပြောင်းလွဲခြင်း၊ ဝိနည်းဓိုရ်အသစ် ပြောင်းလွဲခြင်း၊ အခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ နာယကလက်စွဲ ဝိနိစ္ဆယ လက်စွဲနှင့် ညွှန်ကြားလွှာများကို လေ့လာကြည့်ရှုမှုနည်းပါးခြင်း၊ အခြေခံစည်းမျဉ်း နှင့်လုပ်ထုံးလုပ်နည်းစာအုပ် လက်စွဲစာအုပ် ညွှန်ကြားလွှာများ ရှားပါးခြင်းစသော အကြောင်းအရပ်ရပ်တို့ကြောင့် သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှု နည်းပါးလာသဖြင့် ထိုထိုဝိနိစ္ဆယ ရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာ၌ ပြဿနာမပြေလည်မှုများ၊ လွဲမှားစွာ ဆောင်ရွက်မှုများ ဖြစ်ပေါ်လာသည်ကို မကြာခဏ တွေ့ကြုံနေရပါသည်ဘုရား။

ဥပမာ- ဝိလုပ်ထုံးစာမျက်နှာ ၂၂၊ အခန်း (၄) အပိုဒ် (၂၁) အပိုဒ်ခွဲ (ဂ)၌ "နိုင်ငံတော်က တရားလိုမပြုလုပ်ဘဲ နစ်နာသူကိုယ်တိုင်က တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုရမည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ တစ်ခုခုနှင့် သက်ဆိုင်နေပါက တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုလိုခြင်း ရှိ/မရှိ မေးမြန်း စိစစ်ရမည်။ ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုခြင်း မပြုတော့ပါကြောင်း သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ(၃)ဖြင့် ဝန်ခံကတိပြုသော စောဒကအား စောဒနာလွှာကိုသာ ဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ရမည်" ဟု အတိအလင်းပြဆိုထားပါလျက် အချို့သော သံဃနာယကအဖွဲ့များသည် ယင်းသို့ မေးမြန်းစိစစ်ခြင်း မပြုမူ၍ ပုံစံ (၃) ဝန်ခံကတိပြုလွှာကို မယူဘဲ စောဒနာလွှာကို လက်ခံ၍ ဝိနိစ္ဆယဖွဲ့ကာ ဆုံးဖြတ်စေကြပါသည်။ ဝိနည်းဓိုရ်ဆရာတော်များက လည်း

ပုံစံ (၃)ဖြင့် ဝန်ခံကတိပြုချက် ပါ/မပါကို မစိစစ်တော့ဘဲ ဆုံးဖြတ်ကြပါသည်။ ဤသို့သော ဘောင်မဝင်သော ဝိနိစ္ဆယများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က မူလကပင် ပျက်ပြယ်ကြောင်း ဆုံးဖြတ်၍ အစကပြန်လည် စစ်ဆေးစေရသဖြင့် အချိန်ကုန်၊ စရိတ်ကုန်၊ လူပန်းဖြစ်ကာ အမှုသည်များမှာ များစွာနစ်နာကြရပါသည်။ ဤပုံစံ(၃)ကိစ္စမျိုးမှာ သံဃနာယကအဖွဲ့က ပမာဒဖြစ်၍ မစိစစ်မိဘဲ လက်ခံစစ်ဆေးစေကာမူ ဝိနိစ္ဆယအဖွဲ့က ပုံစံ(၃) ပါ/မပါစိစစ်၍ ပုံစံ(၃)မပါပါက သံဃနာယကအဖွဲ့ထံ တင်ပြတောင်းခံစေသင့်ပါသည်။ သို့ပါလျက် နှစ်ဖွဲ့လုံးပင် သတိမမူမိကြ၍ အမှုသည်နစ်နာရသော သာဓကဖြစ်ပါသည်။

အချို့ ဝိနိစ္ဆယအမှုတွဲများ၌ ဝိနိစ္ဆယအဖွဲ့ သဘာပတိ၏ မှခင်းမှတ်တမ်း မပါရှိခြင်း၊ နောက်ဆုံး စောဒနာလွှာ၊ သောဓနာလွှာ မတောင်းခံခြင်း၊ သက်သေစုံလင်အောင် မစစ်ဆေးခြင်းစသည်တို့ကိုလည်း မကြာမကြာ တွေ့ရတတ်ပါသည်။ ဝိလက်စွဲ အပိုဒ် (၁၉၃)အရ အမှုမှန်ပေါ်ထွက်ရေးအတွက် မေးသင့်၊မေးထိုက်သည့် အချက်များကို ကြိုတင်လေ့လာထားပြီး ဟာကွက် ပျော့ကွက်များ မရှိအောင် မေးမြန်းစစ်ဆေးမှုမရှိသဖြင့် အမှုမှန် မပေါ်ပေါက်သော မှုခင်းများလည်း များစွာ တွေ့ရတတ်ပါသည်။ ဤသို့သော ဟာကွက် ပျော့ကွက်များသည် လုပ်ထုံးလုပ်နည်းစသည်တို့ကို အဖန်ဖန်အထပ်ထပ် ဖတ်ရှုလေ့လာမှု မရှိခြင်းကြောင့် ဖြစ်ကြရပါသည်။

ဤသို့သော မလိုလားအပ်သော ပြဿနာရပ်များ မပေါ်ပေါက်အောင် (သို့မဟုတ်) နည်းပါးနိုင်သမျှ နည်းပါးအောင် သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ လုပ်ထုံးလုပ်နည်းကျွမ်းကျင်၍ အရည်အချင်း မြင့်မားစေရန် ဤသင်တန်းကို ဖွင့်လှစ် သင်ကြားပို့ချရခြင်းဖြစ်ပါသည်ဘုရား။

ဤသို့သော မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်ရခြင်းသည် သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ၏ မိမိတို့ လုပ်ငန်းကိစ္စ၌ လုံ့လကြိုးကုတ်အားထုတ်လေ့လာမှု မပြုကြ၍ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှု

အားနည်းခြင်းကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ မိမိတို့ လုပ်ငန်းကိစ္စ၌ ကျွမ်းကျင်၍ အရည်အချင်း မြင့်မားလာအောင် မြှင့်တင်ပေးရန်ကိစ္စမှာ မဖြစ်မနေဆောင်ရွက်ပေးရမည့် ကိစ္စဖြစ်လာပါသည်။

ဆရာတော်အရှင်မြတ်တို့ဘုရား... သမ္ပဒါလေးပါးတို့တွင် ဥဋ္ဌာနသမ္ပဒါ၌-
**"တတ္ထ ဒက္ခော ဟောတိ အနလသော၊ တတြုပါယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ" (အံ၊ ၃၊ ၁၀၈)**

တတ္ထ၊ ထိုမိမိ၏ လုပ်ငန်းကိစ္စ၌။ ဒက္ခော၊ ကျွမ်းကျင်သည်။ အနလသော၊ မပျင်းမရိ လုံ့လရှိသည်။ ဟောတိ၊ ဖြစ်၏။ တတြ၊ ထိုမိမိ၏ လုပ်ငန်းကိစ္စ၌။ ဥပါယာယ ဝီမံသာယ၊ စူးစမ်းနှိုင်းချိန်တတ်သော ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ အလံ၊ စွမ်းနိုင်၏။ သံဝိဓာတုံ၊ စီမံခြင်းငှာ။ အလံ၊ စွမ်းနိုင်၏-ဟု မြတ်ဗုဒ္ဓက မိန့်တော်မူခဲ့ပါသည်။

ဤသို့ မြတ်ဗုဒ္ဓ၏ဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်ကြ၍ သံဃနာယက အဖွဲ့ဝင်ဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များသည် မိမိတို့ ဆိုင်ရာလုပ်ငန်း ကိစ္စတို့၌ ကျွမ်းကျင်သော၊ စူးစမ်းနှိုင်းချိန်နိုင်သည့် ပညာနှင့်ပြည့်စုံသော၊ ပြုလုပ်ရန် စီမံခန့်ခွဲရန်လည်း စွမ်းနိုင်သော အရည်အချင်းပြည့်ဝသည့် ပုဂ္ဂိုလ်များ ဖြစ်လာအောင် ဤသင်တန်းမှ ပို့ချသင်ကြားပေးသော အချက်အလက်များကို စိတ်ပါဝင်စားစွာ မှတ်သားလေ့လာတော်မူကြ၍ မိမိတို့ပြည်နယ်/တိုင်းအတွင်းရှိ နာယကဆရာတော် များ၊ ဝိနည်းဓိုရ်ဆရာတော်များအား ထပ်ဆင့်သင်တန်းများ ပို့ချသင်ကြားပေးတော် မူကြလျက် လုပ်ထုံးလုပ်နည်းကျွမ်းကျင်၍ အရည်အချင်း မြင့်မားပြည့်ဝသည့် သံဃနာယကများ၊ ဝိနည်းဓိုရ်များ ဖြစ်လာစေရန် သာသနာပြုစိတ်ဓာတ်အပြည့် အဝဖြင့် ကြိုးပမ်းဆောင်ရွက်တော်မူကြပါဟု လေးလေးနက်နက် တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးချုပ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဃနာယကသင်တန်းနှင့်ဝိနည်းဓိုရ်သင်တန်းဆင်းပွဲ၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ်ဩဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းများ၌ ကြွရောက်လေ့လာတော်မူကြသည့် ပြည်နယ်/ တိုင်းအသီးသီးမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် များ၊ ပြည်နယ်သံဃနာယကဆရာတော်များနှင့် တိုင်းသံဃနာယကဆရာတော် အရှင်မြတ်တို့ဘုရား...

ကောဇာသက္ကရာဇ်၁၃၆၆-ခုနှစ်၊ နယုန်လဆန်း(၁၄)ရက်၊ ခရစ်နှစ်၂၀၀၄-ခုနှစ်၊ဇွန်လ (၁) ရက်နေ့မှစ၍ သင်ကြားပို့ချခဲ့သော သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းများသည် ယနေ့ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ နယုန်လပြည့်ကျော်(၈)ရက်၊ ခရစ်နှစ်၂၀၀၄-ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့တွင် ချောမောအောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်၍ သက်ဆိုင်သူရဟန်းရှင်လူအားလုံး ရွှင်ပြုံးကြည်နူး အထူးဝမ်းမြောက်ကြရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွင့်လှစ်ပို့ချခဲ့သည့် သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းပို့ချချက် များကို ဆရာတော်အရှင်မြတ်တို့ ကျေကျေညက်ညက်၊ ရှင်းရှင်းလင်းလင်း၊ ပိုင်ပိုင်နိုင်နိုင်လေ့လာသင်ယူကြပြီး၊ ဆွေးနွေးကြပြီး ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်ဘုရား။ အကယ်၍ ကျေကျေညက်ညက်၊ ရှင်းရှင်းလင်းလင်း၊ ပိုင်ပိုင်နိုင်နိုင် မရှိသေးလျှင်လည်း

ပြန်မကြွမီ ရသမျှအချိန်အတွင်းမှာ ဆွေးနွေးမေးမြန်းနိုင်ကြပါသည်ဘုရား။ ယခုကြွရောက်သင်ယူလေ့လာတော်မူကြသည့် ဆရာတော်များသည် သင်တန်းပြဆရာများ အဖြစ်ဖြင့် မိမိတို့အခြေခံဒေသများ၌ ထပ်ဆင့်သင်တန်းများ ပြန်လည်ပို့ချကြရမည် ဖြစ်ပါသည်ဘုရား။ ယင်းသို့ ပြန်လည်ပို့ချရသည့်အခါ ပို့ချသောဆရာတော်များ ကိုယ်တိုင်က မကျေမညက်၊ မရှင်းမလင်း၊ မပိုင်မနိုင်ဖြစ်နေခဲ့လျှင် လက်ဆင့်ခံသင်ယူကြရတဲ့ သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များမှာ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးဟူသော သာသနာ့အရေးကိစ္စရပ်များကို ဝိနည်းတရားတော်၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲညွှန်ကြားလွှာများနှင့်အညီ မှန်မှန်ကန်ကန် စနစ်တကျဖြစ်အောင် ဆောင်ရွက်ကြရန် များစွာအခက်အခဲတွေ့နိုင်ပါသည်ဘုရား။ ထို့ကြောင့် ယခုကြွရောက် သင်ယူလေ့လာတော်မူကြသည့် ဆရာတော်များက ဤသင်တန်းပို့ချချက်များကို စိတ်ပါဝင်စားစွာဖြင့် ကျေကျေညက်ညက်၊ ရှင်းရှင်းလင်းလင်း၊ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် လေ့လာသင်ယူ ဆွေးနွေးတော်မူသွားကြရန်လိုအပ်လှပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** ရပ်/ကျေး၊ မြို့နယ်၊ ပြည်နယ်/တိုင်း သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ သံဃနာယကလက်စွဲ၊ ဝိလုပ်ထုံး၊ ဝိလက်စွဲနှင့် ညွှန်ကြားလွှာများကို အာဂုံနှုတ်တက်ရသလောက်နီးနီး အဖန်အဖန် အထပ်ထပ် မပြတ်လေ့လာနေကြရန် အထူးလိုအပ်လှပါသည်ဘုရား။ ဝိနည်းဓိုရ်ဆရာတော်များကမူ ဝိနည်းအရာ၌ တေဒဂ်ရအရှင်ဥပါလိရဟန္တာအရှင်မြတ်ကြီးသည်-

**ဝိနယော အာသယော မယှံ၊**

**ဝိနယော ဌာနစင်္ကမံ။**

**ကပ္ပေမိ ဝိနယေ ဝါသံ၊**

**ဝိနယော မမ ဂေါစရော။ (အပ၊၁၊၅၂)**

ဝိနည်းတရားတော်သည် ငါ၏ တည်နေရာပေတည်း။ ဝိနည်းတရားတော်သည် ငါ၏ ရပ်ရာဌာန၊ သွားရာစင်္ကြံပေတည်း။ ငါသည် ဝိနည်းတရားတော်၌

နေခြင်းကိုပြု၏။ ဝိနည်းတရားတော်သည် ငါ၏ကျက်စားရာပေတည်းဟု ဥဒါန်းကျူး တော်မူကာ ဝိနည်းတရားတော်မှာသာ အာရုံစိုက်ကာ စိတ်စွဲနေသကဲ့သို့ ထို့အတူပင် ဥဒါန်းကျူးကာကျူးကာ ဝိနည်းတရားတော်မှာသာ အာရုံစိုက်ကာ စိတ်စွဲနေဖို့ အလွန်လိုအပ်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော်၏ အတွေ့အကြုံ တစ်ခုကို လျှောက်ထားပါရစေဘုရား။ ဘုရားတပည့်တော်တို့၏သာသနာတော်မှာ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး အောင်မြင်စွာကျင်းပ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းကာ သာသနာရေးကိစ္စရပ်များကို ယခုလို သံဃာတော်များ ဆောင်ရွက်နိုင်အောင် မနေမနား အားထုတ်ဆောင်ရွက်ပေးခဲ့သောပုဂ္ဂိုလ်မှာ ထိုအချိန်က ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်လွင်ဖြစ်ပါသည်။ ထိုဒကာကြီး ဦးစိန်လွင်သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အာဂုံနှုတ်တက်ရနေသလောက် လေ့လာကြည့်ရှုထား ပါသည်။ ဆရာတော်များနှင့် သာသနာရေးကိစ္စတစ်ခုခုကို ဆွေးနွေးကြသည့်အခါ လုပ်ထုံးစာအုပ် အခန်းမည်မျှ၊ အပိုဒ်မည်မျှမှာ မည်သို့ဆိုထားပါသည်- စသည်ဖြင့် ကောက်ကာင်ကာ လျှောက်ထားနိုင်သည်ကို အံ့ဩဘွယ်ရာတွေ့ရပါသည်။ လူပုဂ္ဂိုလ်သည်ပင် သာသနာရေးဝန်ကြီးဖြစ်သည့်အတွက် သာသနာရေးကိစ္စသည် ငါ့ကိစ္စဟူသော ခံယူချက်ဖြင့် ဤမျှလေ့လာနိုင်သေးလျှင် တပည့်တော်များ သာသနာ့ ဝန်ထမ်း ရဟန်းတော်များက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံး လုပ်နည်းနှင့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း စသည်တို့ကို ကျေညက်နေအောင် အဘယ်မှာလျှင် မလေ့လာဘဲ နေသင့်ပါမည်နည်းဘုရား။ မဖြစ်မနေကေန်ပင် လေ့လာသင့်ပါသည်ဘုရား။ ထို့ကြောင့် ရပ်/ကျေး၊ မြို့နယ်၊ ပြည်နယ်/တိုင်း သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များကို လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများ၊ ညွှန်ကြားလွှာများနှင့် ဝိနည်းတရားတော်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ဝိနိစ္ဆယများ၌ အာရုံစိုက်ကာ

ဤကိစ္စဟာ ငါတို့ကိစ္စ၊ ဤအလုပ်ဟာ ငါတို့အလုပ်၊ ဤတာဝန်ဟာ ငါတို့ တာဝန်ဟု စိတ်စွဲနေအောင် ကြံဆောင်ကြိုးကုတ် အားထုတ်ပို့ချတော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... အရှင်မြတ်တို့သည် မိမိတို့ ဒေသသို့ ပြန်လည်ရောက်ရှိကြသည့်အခါ မိမိတို့က သင်တန်းပြဆရာများအဖြစ်ဖြင့် မိမိတို့ပြည်နယ်၊ တိုင်းအတွင်းရှိ မြို့နယ်အားလုံးတို့၌ သံဃနာယကဆရာတော်များ အားလုံး၊ ဝိနည်းဓိုရ်ဆရာတော်များအားလုံး ဤသင်တန်းပို့ချချက်များကို သိရှိနားလည်၍ ကျေကျေညက်ညက်၊ ရှင်းရှင်းလင်းလင်း၊ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ဆင့်ပွားသင်တန်းများ ပို့ချပေးကြရမည်ဖြစ်ပါသည်။ ဤသို့ဆင့်ပွားသင်တန်းများ ပို့ချပေးတော်မူကြရာ၌ တပည့်တော်တို့ကို သင်တန်းမှာ ဤစာအုပ်တွေမှာပါတဲ့ အတိုင်းပဲ ဖတ်ပြလိုက်တာပါပဲ၊ အရှင်ဘုရားတို့လည်း ဒီစာအုပ်တွေကိုပဲ ဖတ်ကြပါဟု ပေါ့ပေါ့တန်တန် မဖြစ်စေဘဲ သင်တန်းတက်ကြတဲ့ သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ စိတ်ပါဝင်စားမှုရှိအောင်၊ ကျေကျေ ညက်ညက်၊ ရှင်းရှင်းလင်းလင်း၊ ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်အောင်၊ ဤကိစ္စဟာငါတို့ ကိစ္စ၊ ငါတို့အလုပ်ဟု စိတ်ထဲမှာ စွဲသွားအောင် ကြိုးကြိုးစားစားသင်ကြား ပို့ချပေးတော်မူကြစေလိုပါသည်ဘုရား။

ခရီးလမ်းပန်းသွားလာမှုခက်ခဲခြင်း၊ နေရာဒေသ ဝေးကွာခြင်း၊ ဆွမ်းကွမ်း ကိစ္စခက်ခဲခြင်းစသော အကြောင်းများကြောင့် သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များကို သင်တန်းပို့ချရာ ပြည်နယ်/တိုင်းမြို့နယ်တစ်ဌာနထဲသို့ စုံလင်အောင် မပင့်နိုင်ပါက သင့်လျော်မည့် သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များကို မိမိတို့ကသင်တန်းများပို့ချပေးပြီး ထိုဆရာတော်များကို တစ်ဆင့်ကြွရောက်စေ၍ အုပ်စုအလိုက် ဆင့်ပွားသင်တန်းများ ပို့ချစေခြင်းဖြင့် သံဃနာယကဆရာတော်များအားလုံး၊ ဝိနည်းဓိုရ်ဆရာတော်များအားလုံး သင်တန်းတက်ရောက် သင်ယူလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်တော်မူကြစေလိုပါ

သည်ဘုရား။ လိုအပ်ပါက အာဏာပိုင်အဖွဲ့အစည်းများထံမှ အကူအညီတောင်းခံ၍ သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ အကြွင်းအကျန်မရှိ သင်တန်းတက်ရောက်သင်ယူလေ့လာနိုင်ရန် တစ်နည်းနည်းဖြင့် စီစဉ်ဆောင်ရွက်သင့် ပါသည်ဘုရား။ အာဏာပိုင်အဖွဲ့အစည်းများထံ အကူအညီတောင်းခံရာ၌လည်း အပြောအဆို သိမ်သိမ်မွေ့မွေ့ဖြင့် ပြေပြေပြစ်ပြစ်ဆက်ဆံဖို့ အထူးလိုအပ်ပါသည် ဘုရား။ အခွင့်အရေးယူခြင်းမျိုး၊ နိုင်ထက်စီးနင်း ပြောဆိုဆက်ဆံခြင်းမျိုး စသည်တို့မဖြစ်စေရန် အထူးသတိပြုတော်မူကြစေလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** နိဂုံးချုပ်လျှောက်ထားလိုသည်မှာ သံဃနာယကဆရာတော်များအားလုံး၊ ဝိနည်းဓိုရ်ဆရာတော်များအားလုံး သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲစာအုပ်များ၊ ညွှန်ကြားလွှာများနှင့်တကွ ဝိနည်းဒေသနာတော်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ဝိနိစ္ဆယစသည်များကို ကျေပွန်စွာလေ့လာတော်မူကြ၍ အရည်အချင်းပြည့်ဝကြမှသာ သာသနာ့ကိစ္စဟူသမျှတို့ကို ဓမ္မဝိနယနှင့်အညီ ဖြေရှင်း ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ဤသို့ သာသနာ့ကိစ္စ ဟူသမျှတို့ကို ဓမ္မဝိနယနှင့် အညီ ဖြေရှင်းဆောင်ရွက်နိုင်ကြမှသာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား တိုးတက်ရန်ဟူသော သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက် အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပါဝင်ကြသော ဆရာတော်များအားလုံး ဝိနည်းဒေသနာတော်နှင့်တကွ လုပ်ထုံး လုပ်နည်းစသည်တို့ကို ကျေပွန်စွာလေ့လာကြ၍ သာသနာ့ကိစ္စ ဟူသမျှတို့ကို ဓမ္မဝိနယနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်သော အရည်အချင်းပြည့်ဝသည့် သာသနာပြု ဘုရားသားတော်များဖြစ်အောင် သာသနာပြုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက် ကြွကြွ အားထုတ်တော်မူကြပါဟု လေးနက်စွာ တိုက်တွန်းလျက် တပည့်တော်၏ ဩဝါဒကထာကို အဆုံးသတ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

## မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြည်ပသာသနာပြုရဟန်းတော်များ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနား၌ မိန့်ကြားတော်မူအပ်သော

## သာရဏီယဩဝါဒကထာ

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး စီမံအုပ်ချုပ်ရေး၊ သင်ကြားပို့ချရေး ရဟန်းတော်များ၊ လူပုဂ္ဂိုလ်ဆရာ၊ ဆရာမ၊ သင်တန်းဆင်းရဟန်းတော်များနှင့် ဥပတ္ထမ္ဘက ဒကာ,ဒကာမများတို့။

ယနေ့ကျင်းပသော ပြည်ပသာသနာပြုရဟန်းတော်များ သင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာတော်နှင့်တကွ သင်ကြားရေးဆရာတော်များ၊ လူပုဂ္ဂိုလ် ဆရာ၊ ဆရာမများ သင်တန်းဆင်း အသိအမှတ်ပြုလက်မှတ်ခံယူကြမည့် သင်တန်းသားများ၊ ပစ္စည်းလေးပါးထောက်ပံ့ကြသောဒကာ, ဒကာမများစသော ဤမဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ သာသနာပြုလုပ်ငန်းကိစ္စများ၌ စိတ်တူကိုယ်မျှ ပါဝင်ဆောင်ရွက်နေကြသော ရဟန်းရှင်လူ အားလုံးတို့ကို စုံစုံညီညီ တွေ့ဆုံခွင့်ရသဖြင့် အထူးပင် နှစ်သက်ရွှင်လန်းဝမ်းမြောက်ရပါသည်။

ဤမဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ပြည်ပသာသနာပြုရဟန်းတော်များ သာသနာပြုသင်တန်းဖွင့်လှစ်ခဲ့သည့် (၄)နှစ်တာကာလအတွင်း၌ (၂)ကြိမ်တိုင်တိုင် သင်တန်းဆင်း အသိအမှတ်ပြု လက်မှတ်ဆက်ကပ်နိုင်ခဲ့သဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ဟုပင် ဆိုရပါမည်။ သို့သော်လည်း ဤမျှဖြင့် အားရကျေနပ်မနေဘဲ သက်ဆိုင်ရာပုဂ္ဂိုလ်များက ဤသာသနာပြု

ကျောင်းတော်ကြီး အရှည်ခံ့၍တည်တံ့စေရန် အဆောက်အအုံများ၊ သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများစသည်တို့ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ ဤသင်တန်းကျောင်းတော်ကြီးကို နိုင်ငံတကာအဆင့်နှင့် လိုက်လျောညီထွေဖြစ်အောင် လက်ရှိဆရာများအား မွမ်းမံသင်တန်းပေးခြင်း၊ အဆင့်မီဆရာသစ်များရရှိအောင် ရှာဖွေဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းကျမ်းစာအုပ်များ ပြည့်စုံအောင်ထားရှိခြင်း၊ ရိုက်နှိပ်ဖြန့်ဝေခြင်း၊ အဆင့်မီစာကြည့်တိုက်ဖွင့်လှစ်ခြင်း စသည်တို့ကို စီမံဆောင်ရွက်ပေး ကြရမည်ဖြစ်ပါသည်။ စီမံဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပါသည်။

သင်ကြားရေးဆရာတော်များ၊ လူပုဂ္ဂိုလ်ဆရာ၊ ဆရာမများကလည်း ဇါတို့သည် လိပ်ကန်းထမ်းပိုး ဥပမာကဲ့သို့ လွန်စွာရခဲ ကြုံခဲလှသော ဗုဒ္ဓမြတ်စွာ သာသနာတော်မှာသာ ရနိုင်၊ သိနိုင်၊ တွေ့ကြုံနိုင်သည့် တရားစစ်တရားမှန်တို့ကို ကမ္ဘာအနှံ့ပြန့်ပွားအောင် ဓမ္မဒါနကုသိုလ်ထူးကို ဆည်းပူးအားထုတ်နေကြရသော ပုဂ္ဂိုလ်များဖြစ်ပေသည်ဟူသော အသိစိတ်ဓာတ်ဖြင့် ဤသာသနာပြုလုပ်ငန်းကြီးကို ဆက်လက်ကြိုးစားအားထုတ်သင့်ကြပါသည်။ ဆက်လက်ကြိုးစား အားထုတ်ကြပါဟု အလေးအနက်တိုက်တွန်းပါသည်။

ဤမဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြည်ပသာသနာပြုသင်တန်းဆင်းလက်မှတ်ခံယူကြမည့် အရှင်တို့ကို အထူးပြောကြားလိုသည်မှာ ဤမဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးမှ မွေးထုတ်လိုက်သော ပြည်ပသာသနာပြုသင်တန်းဆင်း အရှင်များသည် နောင်အနာဂတ်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကို ကမ္ဘာအနှံ့ပြန့်ပွားစေရန် သာသနာပြုကြလိမ့်မည်ဟု ဘုန်းကြီးတို့ယုံကြည်ကြပြီးဖြစ်ပါသည်။

ဤသို့နိုင်ငံရပ်ခြားတိုင်းတစ်ပါး၌ သာသနာပြုသွားရောက် နေထိုင်ကြသည့်အခါ တိုင်းတစ်ပါးသားရဟန်းများ၏ မသင့်မတော်မလျော်သော သမဏသာရုပ္ပမဖြစ်သော အမူအကျင့်တို့ကို အတုယူကာ ပြုလုပ်မိတတ်ကြပါသည်။ ထို့ကြောင့်

**ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။**

**ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။** (ဝိသုဒ္ဓိ၊၁၊၃၅)

ပါတိမောက္ခသံဝရသီလကို သုတ်သင်သောရဟန်းသည် အသက်ကိုစွန့်ရစေကာမူ ဘုရားရှင်ပညတ်တော်မူအပ်သော သီလစောင့်စည်းမှုကို မပျက်စီးစေရာ-ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်မှာသည့်အတိုင်း ပါတိမောက္ခသံဝရသီလကို အသက်တမျှ စောင့်ထိန်းတော်မူကြ၍ **"အပ္ပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျောဘာဝါယ"** ဟူသော ဘုရားရှင်အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်ကာ မကြည်ညိုသေးသူများ ကြည်ညိုအောင် ကြည်ညိုပြီးသောသူများ ဆတက်ထမ်းပိုးတိုး၍ ကြည်ညိုအောင် ကိုယ်နှုတ်နှလုံးစောင့်သုံးတော်မူကြစေလိုပါသည်ဘုရား။ လူအများတို့က ကြည်ညိုနိုင်လောက်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ပြည့်စုံမှ ထိုပုဂ္ဂိုလ်၏ဟောပြောချက်ကို ယုံကြည်လက်ခံနိုင်ကြမည်ဖြစ်ပါသည်။ လူအများတို့ ကြည်ညိုဘွယ်မရှိသော ပုဂ္ဂိုလ်များ ဟောပြောချက်ကိုကား မည်သူမျှ ယုံကြည်လက်ခံနိုင်ကြမည် မဟုတ်ပါ။ သို့ဖြစ်၍ သာသနာပြုပုဂ္ဂိုလ်များသည် လူအများကြည်ညိုခံနိုင်လောက်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ပြည့်စုံသည့် စံပြပုဂ္ဂိုလ်များဖြစ်အောင် စောင့်သုံး နေထိုင်ကြရမည်သာဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်က-

**အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။**

**အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။** (ဓမ္မပဒ၊ ၃၇)

ရှေးဦးစွာမိမိကိုယ်ကိုသာ သင့်လျော်သောအကျင့်၌ တည်နေအောင်ပြုပါ။ ထို့နောက်မှ သူတစ်ပါးကို ဆုံးမပါ။ ပညာရှင်သည် သူတစ်ပါး ကဲ့ရဲ့ခြင်းဖြင့် မညစ်မနွမ်းပါစေလင့်ဟု ဟောမိန့်တော်မူခဲ့ပါသည်။

ဗုဒ္ဓ၏အဆုံးအမဖြင့် သူတစ်ပါးကိုယဉ်ကျေးအောင် ဟောပြောဆုံးမ သာသနာပြုကြမည့် အရှင်များသည် ဗုဒ္ဓရှင်တော်မြတ်၏ ယခင် ပြဆိုခဲ့သော အဆုံးအမကို ဦးထိပ်မှာ သံမှိုနှက်သကဲ့သို့ စွဲမြဲစွာ နှလုံးသွင်းတော်မူကြလျက်

ထေရဝါဒ ဗုဒ္ဓသာသနာတော် ကမ္ဘာအနှံ့ပြန့်ပွားအောင် သာသနာပြုနိုင်ကြသည့် သာသနာ့အာဇာနည်၊ သာသနာပြုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်များဖြစ်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြပါဟု လေးလေးနက်နက် တိုက်တွန်းလိုက်ပါသည်။

## ၁၃၅၃–ခုနှစ်၊ဒုတိယဝါဆိုလဆန်း(၁၃)ရက်၊(၂၄၊၇၊၁၉၉၁) မကွေးတိုင်း၊ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက် လွှဲအပ်လှူဒါန်းဖွင့်လှစ်သည့် အခမ်းအနားဌ် (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား) ရေးသား၊ ဖတ်ကြားတော်မူအပ်သော

## သာရဏီယဩဝါဒကထာ

မကွေးတိုင်း၊ "ပရိသုပဋ္ဌာကသိပ္ပါလယ" ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက် လွှဲအပ်လှူဒါန်းဖွင့်လှစ်ပွဲသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပခုက္ကူမြို့ သာသနဝိပုလာရာမတိုက် ဆရာတော်ဘုရားကြီးအမှူးရှိသော ဆရာတော်သံဃာတော်အရှင်မြတ်များနှင့် မကွေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးအမှူးရှိသော ကုသိုလ်ရှင် ဒကာ, ဒကာမအပေါင်းတို့.....

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းပြောကြားလိုပါသည်။ ကောဇာသက္ကရာဇ် ၁၃၄၂–ခုနှစ်၊ နယုန်လ၊ ၁၉၈၀–ပြည့်နှစ်၊ မေလအတွင်း ကျင်းပခဲ့သော သံဃသမ္မုတိရသံဃာ့ကိုယ်စား လှယ် (၁၂၁၈)ပါး တက်ရောက်သည့် ဂိုဏ်းပေါင်းစုံသံဃာအစည်းအဝေးကြီးက–

(၁) အကျင့်သိက္ခာမြင့်မားစေခြင်း၊

(၂) ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း၊

(၃) ပါဠိဘာသာ တတ်ကျွမ်းစေခြင်း၊

(၄) မြန်မာစာပေ အရေးအသားတော်စေခြင်း–

ဟူသော ပရိယတ္တိအခြေခံမှု (၄)ရပ်ကို ချမှတ်တော်မူခဲ့ပါတယ်။

ထိုပရိယတ္တိအခြေခံမှု (၄)ရပ်ကို အကောင်အထည်ဖော်သောအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ပရိယတ္တိစီမံကိန်းတစ်ရပ် ရေးဆွဲ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ အဆင့်ဆင့်တင်ပြခဲ့ရာ ၁၃၄၄-ခုနှစ်၊ နယုန်လ၌ကျင်းပသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။

ထိုပရိယတ္တိပညာရေးစီမံကိန်း၌-

(က) တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲစနစ် ပြုပြင်ကျင်းပရန်၊

(ခ) ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးရန်၊

(ဂ) ပထမပြန်စာမေးပွဲ ပြုပြင်ကျင်းပသွားရန်၊

(ဃ) ရန်ကုန်နှင့်မန္တလေးမြို့တို့၌ ပရိယတ္တိပညာရေးတက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းစီတည်ထောင်ဖွင့်လှစ်ရန်-

ဟူသော စီမံကိန်း(၄)ရပ်ရှိပါတယ်။

ထိုစီမံကိန်းအရ အရည်အချင်းပြည့်မီသော ကျောင်းထိုင်ဘုန်းကြီးများ ပေါ်ထွက်ရေးအတွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်ခဲ့ သည့်မှာ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းတို့မှာ ဖွင့်လှစ် ပြီးစီးခဲ့ပါပြီ၊ ယခုမကွေးတိုင်းမှာ (၅) ကြိမ်မြောက်ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။

ဤကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက်ကြီးကို ဘယ်ပုံ ဘယ်နည်း လျှောက်ရမည်၊ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ပြောကြားလိုပါတယ်။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။ ဘုရားအဖြစ်သို့ရောက်တော်မူပြီးသည့် နောက် ပဉ္စမဝါကို ကူဋာဂါရသာလာ ... 

ထိုအခါ ဗိမ္ဗိသာရမင်းတရားသည် ဘုရားအမှူးရှိသော သံဃာတော်များကို ရွှေနန်းတော်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင်-

မြို့ရွာနှင့် မဝေးလွန်းခြင်း၊

မြို့ရွာနှင့် မနီးကပ်လွန်းခြင်း၊

သွားလမ်းလာလမ်းနှင့် ပြည့်စုံခြင်း၊

လူတိုင်းလူတိုင်းအလိုရှိသောအခါ သွားလာဖို့ရန်လွယ်ကူခြင်း၊

မြို့သံ၊ ရွာသံ၊ လူသံတို့မှ ဆိတ်ငြိမ်ခြင်း-

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော အဘယ်အရပ်၌ မြတ်စွာဘုရားသီတင်းသုံးတော်မူပါမည်နည်းဟု စဉ်းစားကြံစည်သည့်အခါ မိမိပိုင်ဝေဠုဝန်ဥယျာဉ်တော်သည် အင်္ဂါငါးပါးနှင့် ပြည့်စုံသည်ဖြစ်၍ ထိုဝေဠုဝန်ဥယျာဉ်တော်ကို ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား လှူဒါန်းလိုသဖြင့် ရွှေကရား၌ ရေထည့်ပြီးလျှင်-

**"ဧတာဟံ ဘန္တေ ဝေဠုဝနံ ဥယျာနံ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ"**

ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ဧတံ ဝေဠု ဝနံဥယျာနံ၊ ဤဝေဠုဝန်ဥယျာဉ်တော်ကို ။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒမ္မိ၊ လှူဒါန်းပါ၏-

ဟု နှုတ်မြွက်၍ မြတ်စွာဘုရားလက်တော်၌ ရေစက်ကိုသွန်းချကာ လှူဒါန်းပါတယ်။ ဝေဠုဝန်ဥယျာဉ်တော်ကို မြတ်စွာဘုရား အလှူခံတော်မူသောအခါ **"မြတ်စွာဘုရား၏ သာသနာအမြစ် တွယ်လေပြီ"**ဟုမပြောဆိုသော်လည်း ပြောဆိုသကဲ့သို့ ဤမဟာပထဝီမြေကြီးသည် တယိမ်းယိမ်း တနွဲ့နွဲ့ တုန်လှုပ်ပါတယ်။

ထိုအခါ မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ်အရံကို လှူဒါန်းသော အကြောင်းဝတ္ထုကြောင့် တရားစကား ဟောကြားတော်မူပြီးလျှင် -

**"အနုဇာနာမိ ဘိက္ခဝေ အာရာမံ"**

ဘိက္ခဝေ၊ ရဟန်းတို့။ အာရာမံ၊ အရံကျောင်းတိုက်ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏-ဟု ရဟန်းတို့ကို မိန့်ကြားတော်မူ၍ ကျောင်းတိုက်အရံကို ခွင့်ပြုတော်မူခဲ့ပါတယ်။ ထိုအခါမှစ၍ သာသနာတော်မှာ ကျောင်းတိုက်အရံများ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဝေဠုဝန်ဥယျာဉ်တော်ကို ကျောင်းတိုက်အရံအဖြစ်လှူဒါန်းစဉ်အခါက ဥယျာဉ်တော်အတွင်းမှာ ဘုရင်မင်းမြတ်သုံးစွဲသည့် မင်းကွန်း ပြသဒ်၊ မဏ္ဍပ်ကနား စသည့် အဆောက်အအုံများလည်း ရှိပါလိမ့်မည်။ သို့သော်လည်း မြတ်စွာဘုရားက ကျောင်းတိုက်အရံကိုသာ ခွင့်ပြု၍ ကျောင်းကိုတော့ သီးခြားခွင့်ပြုတော်မူသေးပါဘူး။ ထို့ကြောင့် စူဠဝါပါဠိတော်၊ သေနာသနက္ခန္ဓကမှာ-

**"တေန ခေါ ပန သမယေန ဘဂဝတာ ဘိက္ခူနံ သေနာသနံ အပညတ္တံ ဟောတိ"**ဟု မိန့်တော်မူပါတယ်။

ကျောင်းအဆောက်အအုံကို ခွင့်ပြုတော်မမူသေးသည့်အတွက် ရဟန်းတော်များ တရားအားထုတ်ကြသည့်အခါ ကုတ်လုပ်လေးတာ အပြန်ငါးရာဝေးတဲ့ တောအရပ်မှာသွားပြီး အားထုတ်ကြပါတယ်။ အချို့က သစ်ပင်အောက်၊ အချို့က တောင်ပေါ်၊ အချို့ချောက်ကြိုမြောင်ကြား၊ အချို့ကလိုဏ်ဂူ၊ အချို့က သုသာန်၊ အချို့က တောအုပ်၊ အချို့က လွင်တီးခေါင်၊ အချို့က ကောက်ရိုးပုံ စသောအရပ်များမှာ အားထုတ်ကြရပါတယ်။

တစ်နေ့သောအခါ ရာဇဂြိုဟ်သူဌေးကြီးသည် နံနက်စောစော ဥယျာဉ်သို့ အသွား တောအရပ် သစ်ပင်အောက်စသည်မှာ တရားအားထုတ်ပြီးကြွလာကြတဲ့ ရဟန်းတော်တွေကို မြင်ရ၍ ကြည်ညိုစိတ်ဖြစ်ပေါ်ပြီး "အရှင်ဘုရားတို့ တပည့်တော်ကျောင်းဆောက်လုပ်လှူဒါန်းလိုပါတယ်၊ အရှင်ဘုရားတို့ သီတင်းသုံးတော်မူကြမည်လား"ဟု လျှောက်ထားပါတယ်။ ရဟန်းတော်များက **"န ခေါ ဂဟပတိ ဘဂဝတော ဝိဟာရာ အနုညာတာ"**အိမ်ရှင်သူဌေး မြတ်စွာဘုရားက ကျောင်းများကို ခွင့်ပြုတော်မမူသေးဘူးဟု ပြောကြားကြတယ်။ ဒါဖြင့်လျှင် မြတ်စွာဘုရားကို

လျှောက်ထားမေးမြန်းပြီး တပည့်တော်အား မိန့်ကြားတော်မူကြပါဘုရားလို့ လျှောက်ထားလိုက်တယ်။ ထိုအကြောင်းကို ရဟန်းတော်များက မြတ်စွာဘုရားအား လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "**အနုဇာနာမိ ဘိက္ခဝေ ပဉ္စလေဏာနိ ဝိဟာရံ အဍ္ဎယောဂ ပါသာဒံ ဟမ္မိယံ ဂုဟံ**" ရဟန်းတို့ အမိုးလေးဘက်ချကျောင်း၊ နှစ်ဘက်ရပ်မိုးသောကျောင်း၊ အထွတ်တပ်သည့် ပြာသာဒ်ရှည်၊ အထွတ်မတပ်သည့် ပြာသာဒ်ဦးပြည်း၊ လိုဏ်ဂူ စသောကျောင်းငါးမျိုးတို့ကို ငါဘုရားခွင့်ပြုတော်မူ၏ဟု ကျောင်းအဆောက်အအုံငါးမျိုးကို ခွင့်ပြုတော်မူပါတယ်။

ဤအကြောင်းကို အရှင်မြတ်တို့က သူဌေးကြီးထံ အကြောင်းပြန်ကြားတဲ့အခါ ရာဇဂြိုဟ်သူဌေးကြီးက တစ်နေ့တည်းဖြင့် ကျောင်းပေါင်း(၆၀)တို့ကို စတင်တည်ဆောက်ပါတယ်။ ပြီးတဲ့အခါ သံဃာတော်အပေါင်းနှင့်တကွ မြတ်စွာဘုရားကို မိမိအိမ်သို့ပင့်လျက် ဆွမ်းလုပ်ကျွေးပြီးတဲ့နောက် "မြတ်စွာဘုရား... တပည့်တော်သည် ကောင်းမှုကို အလိုရှိသည်ဖြစ်၍ ကျောင်းပေါင်း(၆၀)တို့ကို ဆောက်လုပ်ထားပါသည်ဘုရား။ ထိုကျောင်းတို့အပေါ်မှာ တပည့်တော် ဘယ်လိုကျင့်ရပါမည်လဲ၊ ထိုကျောင်းတို့ကို တပည့်တော် ဘယ်လိုလှူဒါန်းရပါမည်လဲ"ဟု လျှောက်ထားပါတယ်။

မြတ်စွာဘုရားက "**တေန ဟိ တွံ ဂဟပတိ တေသဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ**" အိမ်ရှင်သူဌေး ထိုကျောင်းပေါင်း(၆၀) ဆောက်လုပ်စေအပ်ပြီးဖြစ်ခဲ့လျှင် ထိုကျောင်းပေါင်း(၆၀)တို့ကို ဤကျောင်းတိုက်သို့ ရောက်၊ မရောက်ဖြစ်သော၊ အရပ်လေးမျက်နှာ၌ တည်ရှိသော သံဃာအား ပေးလှူလော့ဟု ညွှန်ကြားတော်မူပါတယ်။

ရာဇဂြိုဟ်သူဌေးသည်"ကောင်းပါပြီ မြတ်စွာဘုရား"ဟု ဝန်ခံပြီး ထိုကျောင်းပေါင်း(၆၀)တို့ကို အာဂတာနာဂတ စာတုဒ္ဒိသာ သံဃာတော်အား လှူဒါန်းပါတယ်။ ထိုအခါမှစ၍ မြတ်စွာဘုရား သာသနာတော်၌ ကျောင်းကန်များလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ ထိုကျောင်းကန် အဆောက်အအုံနှင့်တကွ ကျောင်းတိုက်အရံကြီးများကို သံဃာတော်များ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပါတယ်။

ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်တို့သည်လည်း ကျောင်းတိုက်ကြီးများ တည်ထားကိုးကွယ်၍ ထိုကျောင်းတိုက်ကြီးများ အရှည်ခံ၍ တည်တံ့စေရန် ဝတ်မိုးဝတ်မြေများ လှူဒါန်းလျက် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြပါတယ်။ ထိုသို့ စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသဖြင့် ယနေ့တိုင်အောင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် ကျောင်းတိုက်ကြီးများဖြင့် စည်ကားသိုက်မြိုက်လျက် ရှိပါတယ်။

ထို့ကြောင့် မကွေးတိုင်း "ပရိယတ္တိပဋိပတ္တိ (ပရိသုပဋ္ဌာက) သိပ္ပါလယ"မည်သော ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက်ကြီးကိုလည်း မြတ်စွာဘုရားအလိုတော်ကျ ဤကျောင်းတိုက်သို့ရောက်, မရောက်ဖြစ်သော၊ အရပ်လေးမျက်နှာ၌တည်နေသော အာဂတ၊ အနာဂတ၊ စာတုဒ္ဒိသသံဃာအား လှူဒါန်း၍ ဤကျောင်းတိုက်ကြီးကို စီမံအုပ်စီးဘို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအား လွှဲအပ်ရန် ဖြစ်ပါတယ်။ ဤကျောင်းတိုက်ကြီး အရှည်ခံ၍ တည်တံ့အောင်၊ စည်ပင်တိုးတက်အောင် စောင့်ရှောက်ချီးမြှင့်ထောက်ပံ့ဖို့ တာဝန်ကို ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပတ္ထမ္ဘကအဖွဲ့အား တာဝန်ပေးအပ်ရန် ဖြစ်ပါတယ်။

ကျောင်းထိုင်ဘုန်းကြီးသင်တန်းဖွင့်လှစ်ပြီးတဲ့နောက် ဤကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းက ရပ်ကွက်/ကျေးရွာ ဒကာ,ဒကာမများကို ဦးဆောင်နိုင်သော၊ ရပ်ကွက်/ကျေးရွာရှိ ကလေးသူငယ်များအား ဘာသာရေး အခြေခံကောင်းစေလျက် အဆင့်မီစာပေ ပညာသင်ကြားနိုင်သော၊ ဒကာ,ဒကာမအများ လေးစားကြည်ညို မှီခိုအားထားလောက်သော သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် ပြည့်စုံသော ကျောင်းထိုင်ဘုန်းကြီးများထွက်ပေါ်လာအောင် သင်ပြပြီး မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းအုပ်ဆရာတော်နှင့် ဂဏဝါစက၊ နယဒေသက ဆရာတော်များသည်-

**အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။**

**အထည မနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။** (ဓမ္မပဒ၊၃၇)

အတ္တာနမေဝ၊ မိမိကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပတိရူပေ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော အကျင့်၌။ နိဝေသယေ၊ တည်နေစေရာ၏။ အထပစ္ဆာ၊ ထိုမှနောက်၌။ အညံ၊ သူတစ်ပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ နကိလိသေယျ၊ မညစ်နွမ်းစေရာ–ဟူသော ဗုဒ္ဓမိန့်မှာ ဒေသနာတော်နှင့်အညီ မိမိကိုယ်တိုင် အပ္ပိစ္ဆတာစသောဂုဏ်၊ အရိယာဝံသ ပဋိပဒါစသော ဂုဏ်တို့နှင့် ပြည့်စုံကြလျက် သိက္ခာသုံးရပ် အကျင့်မြတ်၌ သာသနာ့စံပြ ပုဂ္ဂိုလ်များဖြစ်အောင် ကျင်သုံးတော်မူကြ၍ အရည်အသွေးပြည့်ဝသည့်ကျောင်းထိုင် ဘုန်းတော်ကြီးများ ထွက်ပေါ်လာအောင် စွမ်းအားရှိသမျှ ကြိုးစားအားထုတ်၍ သင်ကြားပို့ချတော်မူကြပါရန် တိုက်တွန်းလိုပါသည်။

ဒကာ၊ ဒကာမအပေါင်းသူတော်ကောင်းတို့ကလည်း အရည်အချင်းပြည့်ဝသည့် ကျောင်းထိုင်ဘုန်းကြီးများ မွေးထုတ်ပေးမည့် ဤကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကြီး အရှည်ခံ၍ တည်တံ့အောင်၊ စည်ပင်တိုးတက်အောင် ကျောင်းအုပ်ဆရာတော်၊ ဂဏဝါစက နယဒေသကဆရာတော်များနှင့် သင်တန်းသား ဆရာတော်များ ပစ္စည်းလေးပါး သပ္ပါယဖြစ်၍ ချမ်းချမ်းသာသာ သင်ကြားပို့ချသင်ယူနိုင်ကြစေရန် အာမိသာနုဂ္ဂဟဖြင့် လိုလေသေးမရှိရလေအောင် ထောက်ပံ့ကြရန် တိုက်တွန်းလျက် ဩဝါဒကထာကို နိဂုံးချုပ်လိုက်ပါတယ်။

# ၄၆–ကြိမ်မြောက်
# တိပိဋကဓရ ရွေးကျူးပူဇော်ပွဲအခမ်းအနားၥ
# မိန့်ကြားတော်မူအပ်သော
# သာရဏီယသြဝါဒကထာ

၄၆–ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ အောင်မြင်တော်မူကြသည့် တိပိဋကဓရအလျာ သာသနာ့အာဇာနည်ဖြစ်တော်မူကြသော ဒီဃနိကာယကောဝိဒအောင်၊ ဝိနယဓရအောင်၊ ဒီဃနိကာယဘာဏကအောင်စသော အရှင်မြတ်(၂၇)ပါးတို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ, ဥပါသိကာမအပေါင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား စိတ်ထားရွှင်လန်း ဝမ်းပန်းတသာ အခါမလပ် အမှတ်ရဖွယ်၊ အောက်မေ့ဖွယ်ဖြစ်သော သမ္မောဒနီယသာရဏီယ သြဝါဒစကားမြွက်ကြားပါမည်ဘုရား။

ရွေးများမဆွ ပထမဦးစွာ စာတော်အောင်မြင် အာဇာနည်ဂိုဏ်းဝင် အရှင်မြတ်များအတွက် အားတက်ဖွယ်စကား လျှောက်ကြားလိုသည်မှာ–

**"ဝီရိယာယတ္တော ဝေ သဗ္ဗော လောကုတ္တရော လောကိယော စ ဝိသေသာဓိဂမော"** ခပ်သိမ်းသော လောကုတ္တရာတရားများကို မျက်မှောက်ပြုရခြင်းသည်လည်းကောင်း၊ လောကၥဖြစ်သော ထူးကဲသာလွန်ကောင်းမွန်သော အောင်မြင်မှုမျိုးကို ရရှိခြင်းသည်လည်းကောင်း ဝီရိယတရားနှင့်ဆက်နွှယ်ကြောင်း ရှေးဆရာကောင်းတို့ ငြိမ့်ညောင်းသံသာ ဟောမိန့်မှာသည့် စကားလာအတိုင်း လောကီကိစ္စတွေမှာ သာမန်အောင်မြင်မှုကို သင့်တင့်လျော်ကန်သော ကြိုးစားမှုဝီရိယဖြင့် ရရှိနိုင်သော်လည်း ထူးကဲမွန်မြတ်သော အောင်မြင်မှုကို ထက်သန်သော

လုံ့လဝီရိယဖြင့်သာ ရရှိနိုင်ပါသည်။ လောကုတ္တရာတရားထူး တရားမြတ်များကိုကား ထို့ထက်သာလွန် ထက်သန်မြဲမြံသော ဝီရိယဖြင့်သာ မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။

ဤတိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် အရှင်မြတ်တို့သည် လောကုတ္တရာတရားကိုးပါးရကြောင်း နည်းလမ်းကောင်းကို ညွှန်းဆိုမိန့်ကြားရာ ပိဋကတ်ကျမ်းစာများကို ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြရာမှာ သာမန်ပြုလုပ် အားထုတ်ကြိုးစား ရွတ်ဆိုကာမျှဖြင့် အောင်ခဲ့ကြသည် မဟုတ်ပါ။ နေ့စဉ်ရက်ဆက် မပျက်မကွက်ဘဲ လေ့ကျက်ပုံမှန် အမြဲသင်အံ ပြန်ဆိုရ သည့် ထက်သန်သော လုံ့လဝီရိယနှင့် တကွဖြစ်ဖက် ထက်မြက်သောဆန္ဒ၊ တက်ကြွသော စိတ္တ၊ ထူးချွန်သောပညာ ဤလေးဖြာသော ဣဒ္ဓိပါဒ်ပြည့်စုံပြီးစီးမှု အကြောင်းရင်းတို့ ပေါင်းစပ်ညီညွတ်မှုကြောင့်သာ အောင်မြင်ကြခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့၏အကျိုး ဖွံ့ဖြိုးပြည့်စုံမှုကို ရရှိတော်မူကြသည့် အရှင်မြတ်တို့မှာ ဝမ်းသာအားရ ရှိနေကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း နှစ်ထောင်းအားရ ကျေနပ်ဝမ်းမြောက်မှု ဖြစ်မိပါသည်။ အရှင်မြတ်တို့အား လာရောက်ဖူးမြော်ပူဇော်ကြသော နိုင်ငံတော် အစိုးရအမှူးပြုသည့် ဥပါသကာ, ဥပါသိကာမအပေါင်း သူတော်ကောင်းတို့မှာလည်း ဝမ်းသာကြည်ညို သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်များ ဖြစ်ပွားကြမည်ဖြစ်ပါသည်။

တိပိဋကဓရအလျာ အာဇာနည်အရှင်မြတ်တို့ဘုရား... နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့နှင့် နိုင်ငံတော်အစိုးရအမှူးပြုသည့် ဥပါသကာ, ဥပါသိကာမ အပေါင်းသူတော်ကောင်းတို့၏ အရှင်မြတ်တို့ အောင်မြင်မှုကို ဝမ်းမြောက်ကြည်ညို ဖြစ်ကြရသည်မှာ သာသနာတော်တည်တံ့ရေး လမ်းကြောင်းပေါ်တွင် အရှင်မြတ်တို့ ရပ်တည်ခြင်းကို တွေ့မြင်ရသောကြောင့် ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယက ဦးဆောင်လျက် နိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ပြည်တွင်းသာမက ပြည်ပကမ္ဘာ အရပ်ရပ်သို့ပင် နှံ့စပ်အောင် တတ်စွမ်းသမျှ ကြိုးစားအားထုတ်နေကြသည်ကိုလည်း အရှင်မြတ်တို့ အသိပင်ဖြစ်ပါသည်။

သာသနာတည်တံ့ရေးအတွက် ပြုကျင့်လုပ်ဆောင်သင့်သော အချက်များမှာလည်း–

**ရတန်းများတို့၊ တရားကိုနာ၊ ကျမ်းစာကိုသင်၊**

**နှုတ်တွင်ကျက်ဆောင်၊ သိအောင်လည်းမှတ်၊ ပဋိပတ်ပါ၊**

**ဖြည့်ကျင့်ရာသည်၊ သာသနာတည်ဖို့အလုပ်တည်း။**

ဟူသော အင်္ဂုတ္တရနိကာယ်၊ ပဥ္စကနိပါတ၊ ပဌမသဒ္ဓမ္မသမ္မောသသုတ်၌လာသော ကျင့်ဖွယ်ရာငါးပါးနှင့်အတူ မိမိကျင့်ကြံသော တရားများကို သူတစ်ပါးတို့ ကျင့်ကြံရအောင် ထပ်ဆင့်ဟောကြားရမည်ဟူသော ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌လာရှိသော ကျင့်ဖွယ်ရာများပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရှင်မြတ်တို့သည် သင်ကြားကျက်ဆောင် သိအောင်မှတ်ရုံမျှဖြင့် မရပ်တန့်ကြဘဲ ပရိယတ္တိလမ်းကြောင်းမှာရှိသော သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ အကျင့်ကောင်းတို့ကို မိမိတို့ကိုယ်တိုင် သိရှိပေါက်ရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြမှ နိဿရဏတ္ထပရိယတ္တိ ဖြစ်ရှိကြကာ သာသနာတော် တည်တံ့ရေးအတွက်လည်း ပြည့်စုံသော အကြောင်းအထောက်အပံ့ဖြစ်မည်ကို နှလုံးသွင်းတော်မူကြ၍ သာသနာအရှည်ခံ့လျက် တည်တံ့အောင်၊ စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်အောင် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို လုံ့လမလစ် အားသစ်ကြိုးပမ်းတော်မူကြပါရန် တိုက်တွန်းပါသည်ဘုရား။

တိပိဋကစရေချီးကျူးပူဇော်ပွဲသို့ ကြွရောက်လာကြသော စာအောင်အရှင်မြတ်များနှင့် နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ, ဥပါသိကာမအပေါင်းသူတော်ကောင်းတို့.....

**"သာသနံ ပုညဝန္တဿ ပုညဝန္တာဝ လဗ္ဘရေ"** ဟူသော ရှေးမထေရ်ကျော် ဆရာတော်တို့ မိန့်ဖော်ဟောပြ ဩဝါဒတော်အရ သာသနာတော်မြတ်ကြီးကို ယခုကဲ့သို့ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ခွင့်ရကြသည့် အရှင်မြတ်တို့သည် ရှေးဘုန်းရှေးကံ ပြည့်လျှံကြီးမား ဘုန်းသမ္ဘာရှင်များ ဖြစ်ကြသကဲ့သို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊

ဆေး လေးထွေသော ပစ္စည်းဖြင့် ချီးမြှောက်ခွင့်ရကြသည့် ဥပါသကာ, ဥပါသိကာမ အပေါင်းသူတော်ကောင်းတို့လည်း ရှေးဘုန်းရှေးကံကြီးမားကြသော ကြောင့် ချီးမြှောက်ထောက်ပံ့ခွင့်ရကြသည်ဟုသိရှိကြကာ အခါခါရွှင်လန်း ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရပါမည်။ ဤသို့ဆရာ,ဒကာ ညီညွတ်စွာဖြင့် ဝမ်းသာဝမ်းမြောက် မိမိတို့ဆိုင်ရာ အနုဂ္ဂဟဖြင့် ချီးမြှောက်ကြလျှင် ဗုဒ္ဓမြတ်စွာသာသနာလည်း နေဝါလ ဝန်း ထွန်းသည့်ပမာ အရှည်အကြာ တည်ကာသန့်ရှင်း ထွန်းလင်းမည်ဖြစ်သော ကြောင့်–

သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ၊
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။ (ဣတိဝုတ်၊၂၇၀)

သာဂါရာစ၊ အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်းတို့သည်လည်းကောင်း။ အနဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်နေကြား အရှင်မြတ်များတို့သည်လည်းကောင်း။ ဥဘော၊ ဆရာဒကာ ညီညာပေါင်းရုံး နှစ်ဦးလုံးသူတို့သည်။ အညောညနိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ အညီလက်တွဲ အချင်းချင်းအမှီသဟဲ ရကြကုန်သည်ဖြစ်၍။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ရာမှန်သော။ အနုတ္တရံ၊ မိမိထက်လွန် မွန်မြတ်သော တရားမရှိသော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ အာရာဓယန္တိ၊ နိဗ္ဗာန်တိုင်ပေါက် ခရီးရောက်အောင် ပြီးမြောက်အောင်တစေ ချီးမြှောက်ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း–ဟု ဝိဇ္ဇည်းမင်္ဂလာ ပတ္ထနာသြဝါဒ ညွှန်းဖော်ပြလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယသာရဏီယ သြဝါဒကထာအစဉ်ကို ဤတွင်ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသတည်း။

## ၃၈-ကြိမ်မြောက်
## တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဖွင့်လှစ်သည့်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော
# သာရဏီယဩဝါဒကထာ

တိပိဋကဓရရွေးချယ်ရေး စာတော်ပြန်ပွဲ စာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြမည့် တိပိဋကဓရအလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့် တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ, ဥပါသိကာမအပေါင်း သူတော် ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား ကာလကြာမြင့် မှတ်သားသင့်သော သာရဏီယဩဝါဒစကား မြွက်ကြားလိုပေသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးစ အဋ္ဌမသတ္တာဟတွင် အဇပါလညောင်ပင်အောက်၌ သီးတင်းသုံးနေတော်မူခိုက် ယုတ်မာမိုက်မဲသည့် မာရ်နတ်သားက-

''ဘဂဝါ ယဒတ္ထံ တုမှေဟိ ပါရမိယော ပူရိတာ၊သော ဝေါ အတ္တော အနုပ္ပတ္တော၊ ပဋိဝိဒ္ဓံ သဗ္ဗညုတညာဏံ၊ ကိံ တေ လောကဝိစာရဏေန ॥ပ॥+ ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု ဒါနိ သုဂတော၊ ပရိနိဗ္ဗာန ကာလော ဒါနိ ဘန္တေ ဘဂဝတော''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား... အရှင်ဘုရားသည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ဟူသော အကျိုးကိုရရန် ပါရမီတို့ကိုဖြည့်ကျင့်တော်မူခဲ့ပါသည်။ (ယခု)ထို အကျိုးကို ရတော်မူခဲ့ပါပြီ၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း သိမြင်တော်

မှုအပ်ပါပြီ၊ အရှင်ဘုရားအား လောကထဲ၌ လှည့်လည်တော်မူခြင်းဖြင့် အဘယ်ကျိုးရှိပါမည်နည်း။ပ။+ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား... ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ကောင်းသောစကား မြွက်ကြားတော်မူတတ်သော မြတ်စွာဘုရား...ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ မြတ်စွာဘုရား... ယခုအခါ ဘုန်းတော်ကြီးမားမြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူရာအခါတန်ပါပြီ"

ဟုလျှောက်ထားခဲ့ပါသည်။ (ဒီ၊ ၄၊ ၂၊ ၁၄၅။ သံ၊ ၄၊ ၃၊ ၂၀၄။ ဒီ၊ ၂၊ ၈၇၊ သံ၊ ၃၊ ၂၂၈)

ထိုအခါမြတ်စွာဘုရားက–

"န တာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ။ပ"

"ယုတ်မာစွာလတ် တယ်မာနတ်–ငါဘုရား၏တပည့်သာဝက,သာဝိကာများဖြစ်ကြသည့် ဘိက္ခု ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာလေးဖြာသော ပရိသတ်တို့သည် တတ်သိလိမ္မာ မရှိကြသေးသမျှ ကောင်းစွာဆုံးမအပ်ပြီးသူများ မဖြစ်ကြသေးသမျှ ရဲရင့်သူများမဖြစ်ကြသေး သမျှများစွာ ကြားနာအပ်ပြီးသော သုံးပုံပိဋကတ်ပရိယတ်ရှိသည့် ဗဟုသုတပုဂ္ဂိုလ်များ မဖြစ်ကြသေးသမျှ၊ သုံးပုံပိဋကတ်တရားမြတ်ကို မဆောင်နိုင်ကြသေးသမျှ အရိယာမဂ်တရားအားလျော်သော ဝိပဿနာ အကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊ လျောက်ပတ်သောအကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊တရားနှင့်လျော်စွာကျင့်လေ့ရှိသူများမဖြစ်ကြသေးသမျှ၊ မိမိတို့ဆရာ မြတ်စွာဘုရား၏ဝါဒကို သင်ယူ၍မပြောနိုင်၊ မဟောနိုင်၊ မပြသနိုင်၊မတည်တံ့စေနိုင်၊မဖွင့်ဆိုနိုင်၊ မဝေဖန်နိုင်၊ မပေါ်လွင်စေနိုင်ကြသေးသမျှ ပေါ်ပေါက် (တိုက်ခိုက်)လာသည့် သူတစ်ပါးတို့၏ အယူဝါဒကို အကြောင်းမှန်နှင့်တကွ ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောနိုင်ကြသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူမည် မဟုတ်သေး"

ဟု မိန့်ကြားတော်မူပါသည်။ (ဒီ၊၂၊၈၈ရုံး၊သံ၊၃၊၂၂၈)

ဘုရားရှင်သည် မိမိ၏ တပည့်သာဝက, သာဝိကာများ တတ်သိလိမ္မာရှိသူများ ဖြစ်စေချင်သည်။ ကောင်းစွာဆုံးမပြီးသူ၊ ကောင်းစွာ ယဉ်ကျေးပြီးသူများဖြစ်စေချင်သည်။ ရဲရင့်သူ၊ အကြားအမြင်များသူ၊ သုံးပုံပိဋကတ် တရားမြတ်ကို ဆောင်ထားနိုင်သူများဖြစ်စေချင်သည်။ အရိယာမဂ်အားလျော်သော ဝိပဿနာအကျင့်ကို ကျင့်နိုင်သူ၊ လျောက်ပတ်သော အကျင့်ကိုကျင့်နိုင်သူ၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိသူများဖြစ်စေချင်သည်။ မိမိတို့ဆရာမြတ်စွာဘုရား၏ အယူဝါဒကို သင်ယူ၍ ပြောနိုင်၊ ဟောနိုင်၊ ပြသနိုင်၊ တည့်တံ့စေနိုင်၊ ဖွင့်ဆိုနိုင်၊ ဝေဖန်နိုင်၊ ပေါ်လွင်စေနိုင် သူများဖြစ်စေချင်သည်။ ပေါ်ပေါက်(တိုက်ခိုက်)လာသည့် သူတစ်ပါးတို့၏ အယူဝါဒကို အကြောင်းမှန်နှင့်တကွ ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို ဟောပြနိုင်သူများဖြစ်စေချင်သည်။ ဤစကားတော်ဖြင့် တပည့်သာဝက, သာဝိကာတို့အပေါ်၌ ဘုရားရှင်ထားတော်မူအပ်သော ဆန္ဒတော်ကား ဤမျှလောက်ကြီးမားတော်မူသည်ကို သိမြင်နိုင်ပါသည်။

တိပိဋကဓရအလျာ အာဇာနည်အရှင်မြတ်တို့ဘုရား... အရှင်မြတ်တို့၏ သုတ်၊ဝိနည်း၊အဘိဓမ္မာသုံးဖြာသော ပိဋကတို့ကို ကျက်မှတ် ပြန်ဆိုရေးဖြေတော်မူကြခြင်းသည် ဖော်ပြခဲ့သော မြတ်စွာဘုရားဆန္ဒတော်ကို တစ်စိတ်တစ်ဒေသ အားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်၍ အရှင်မြတ်တို့အနေဖြင့်''ငါတို့သည် မြတ်စွာဘုရားဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင်ဖြည့်ကျင့်နေသူများပါတကား''ဟု နှလုံးသွင်းဆင်ခြင်၍ ကြည်လင်ရွှင်ပြဝမ်းမြောက်သင့်ကြပါသည်။ မြတ်စွာဘုရား မျှော်မှန်းသည့်အတိုင်း ပြည့်စုံသည့်တိုင်အောင် အားထုတ်ဖို့လိုအပ်ပါသေးသည်။ မြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူသည့်အတိုင်း ဓမ္မာနုဓမ္မပဋိပတ်ကို အထွတ်အထိပ်ရောက်အောင် ကျင့်ကြံပွားများအားထုတ်ကြမှသာ မြတ်စွာဘုရား၏ ဆန္ဒတော်ကို ပြည့်စုံအောင်ဖြည့်ကျင့်ရာရောက်ကြပါလိမ့်မည်။

ထို့အပြင် မြတ်စွာဘုရားဟောကြားတော်မူသည့် ပိဋကတ်ကျမ်းစာတို့ကို ကျက်အံပြန်ဆို တွေးတောကြံစီခြင်းသည်လည်း ဂန္ထဓုရတာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်ပါသည်။ ယင်းတာဝန်သည် မြတ်စွာဘုရားသာသနာတော် အရှည်ခံ၍တည်တံ့ရန် အတွက် အဓိကကျသော တာဝန်ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် အရှင်မြတ်တို့ အနေဖြင့်"ငါတို့သည် သာသနာတော်တွင် အဓိကကျသော သာသနာ့တာဝန်ကို ထမ်းဆောင်၍ သာသနာတော်ကို စောင့်ရှောက်နေသူများ ဖြစ်ကြသည်"ဟု နှလုံးသွင်းကာ ဂုဏ်ယူဝမ်းမြောက်သင့်ကြပါသည်။

နိုင်ငံတော်အစိုးရအမျိုးပြုသော ဥပါသကာ, ဥပါသိကာမအပေါင်းတို့ အနေဖြင့်လည်း–

**သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။**

**နပ္ပပုညာ ကရုတာစိ၊ ပဝွဇိတု မဝိသယာ–** ဟူသော ရှေးပညာရှိ ဆရာတော်ကြီးများ၏ ညွှန်ကြားမိန့်ကြားချက်အရ "ဘုန်းရှင် ကံရှင် သမ္ဘာရှင်ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အစရှိသည့် လိုအပ်ရာရာ အာမိသဖြင့် ထောက်ပံ့လှူဒါန်းနေကြသော ငါတို့သည် ရှေးအခါက ဆည်းပူးခဲ့၊ ပြုခဲ့ဖူးသော ပါရမီဘုန်းကံရှိသူများဖြစ်သောကြောင့်သာ လှူဒါန်းထောက်ပံ့နေနိုင်ကြပေသည်"ဟု သိရှိကြကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ကြပေသည်။

ဤသို့မြတ်စွာဘုရားသာသနာတော်ကြီးနှင့် ကြုံကြိုက်ကြ၍သာ ဆရာ,ဒကာ ဆိုင်ရာတာဝန်ကို ထမ်းရွက်ကြခြင်းဖြင့် များမြတ်သော ကုသိုလ်တရားများကို ဆည်းပူးရရှိကြပြီးဖြစ်ပါသည်။ထိုကုသိုလ်များရဲ့ အရှိန်အဟုန်ကြောင့် နိုင်ငံတော်ကြီးအေးချမ်းသာယာဖွံ့ဖြိုး၍ နိုင်ငံသူ နိုင်ငံသား အားလုံးတို့သည်လည်း နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိအကျိုးများ ရရှိနိုင်ကြပါစေဟု ပတ္ထနာပြု၍ ဘုန်းကြီးရဲ့ သာရဏီယဩဝါဒကထာကို ဤတွင်နိဂုံးကမ္ပတ် အဆုံးသတ်ပါသတည်း။

## ၅၈-ကြိမ်မြောက် တိပိဋကဓရ ရွေးကျူးပူဇော်ပွဲအခမ်းအနားဦ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ

(၅၈)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာတော်ပြန်ပွဲ စာမေးပွဲကြီးတွင် ပိဋကတစ်ပုံ၊ နှစ်ပုံစသည် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမျူးပြုသော ဥပါသကာ, ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား စိတ်ထားရှင်ကြည် အခါရှည်မြင့် အမှတ်ရသင့်သောသမ္မောဒနီယသာရဏီယ ဩဝါဒကထာ မြွက်ကြားလိုပါသည်။

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ၊
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

(အံ၊ဋ္ဌ၊၁၊၇၂)

နေမင်းတည်ရှိနေသည့်အခါ အရောင်အလင်းကို တွေ့မြင်ရသကဲ့သို့ ဗုဒ္ဓဘုရား ဟောမြွက်ကြားသည့် တရားဓမ္မက္ခန် သုတ္တန်အဘိဓမ္မာ ဒေသနာတော်များ ထင်ရှားရှိနေသမျှ ဝိနည်းတရားတော်များ ထွန်းကားနေသမျှကာလပတ်လုံး သူတော်ကောင်းတရား ဘုရားသာသနာတော်တည်းဟူသော အရောင်အလင်းကို တွေ့မြင်နေကြရလိမ့်မည်။

နေမင်းဝင်သွားသည်ရှိသော် လောကကြီး၌ အမိုက်မှောင်ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရား ဟောမြွက်ကြားသည့် တရားဓမ္မကွန် သုတ္တန်အဘိဓမ္မာဒေသနာတော်များ ထင်ရှားမရှိခဲ့သော်၊ ဝိနည်းတရားတော်များလည်း ပျောက်ပျက်ခဲ့သည်ရှိသော် လောကကြီး၌ (မသူတော် တရားတည်းဟူသော) အမိုက်မှောင်ကြီးသာ ဖြစ်ပေါ်လိမ့်မည် ဟူသော မနောရထပူရဏီ ခေါ်မည်တွင်ဆို အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒေသနာတော်အရ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ်ကို သင်ယူခြင်း ပရိယတ္တိသည် သာသနာတော်သုံးရပ်တွင် အရင်းမူလ ပဓာနကျကြောင်း အရှင်မြတ်တို့ သိပြီးဖြစ်ကြပါသည်။

ယင်းသို့ သိရှိပြီးသည့်အားလျော်စွာ အရှင်မြတ်တို့ အဇ္ဈတ္တသန္တာန်တွင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးဖြာသော ဗိုလ်ကြီးများကို ဦးစီးစေလျက် ဆောင်ရွက်ကျက်မှတ်ခဲ့ကြသဖြင့် (၅၈)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် မူလအဘိဓမ္မိကပိဋကဓရ၊ ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒ အစရှိသော ပရိယတ္တိအောင်ပန်း ဘွဲ့တံဆိပ်အခန်းခန်းကို ဆင်မြန်းပန်ဆင်တော်မူကြရခြင်းဖြစ်ပါသည်။

အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှု အောင်မြင်မှုများသည် တပည့်တော်တို့၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးတွင် ထိပ်တန်းကျသော အောင်မြင်မှုများဖြစ်သည့်အတွက် သာသနာတော်တိုးတက်ပွင့်လင်းမှုအရေး မျှော်တွေးကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေနှင့် အလွန်တရာ ဝမ်းသာဂုဏ်ယူလျက်ရှိကြပါသည်ဘုရား။

နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ, ဒါယိကာမများတို့သည်လည်း အရှင်မြတ်တို့၏အားထုတ်မှု၊ အောင်မြင်မှုများကို လွန်စွာအားရ ကြည်ညိုမှုရှိကြသည့်အားလျော်စွာ ယခု(၅၈)ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲကြီးတွင် ပသံသာကာရ ပူဇနီယဝတ္ထု အစုစုတို့ဖြင့် ပူဇော်ကြ၊ လှူဒါန်းကြသည်မှာ လိုလေသေးမရှိဟု ဆိုရမလောက်အောင်ပင် ပြည့်စုံလှပါသည်ဘုရား။

မူလအာဘိဓမ္မိက၊ ပိဋကဓရ စသည့်အခန်းခန်း ဘွဲ့အောင်ပန်းကို ဆင်မြန်းပန်ဆင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်တို့ဘုရား...

“ဒွေမာနိ ဘိက္ခဝေ ပဓာနာနိ ဒုရဘိသမ္ဘဝါနိ” အစရှိသော အင်္ဂုတ္တိုရ်လာ ပဓာနသုတ်တရားတော်အရ လောက၌ဖြစ်စေနိုင်ခဲသည့် အားထုတ်မှု နှစ်မျိုးတို့တွင် အိမ်၌နေသူ လူဒါယကာ, ဒါယိကာမတို့သည် အရှင်မြတ်တို့အား အကြောင်းပြုကာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသောပစ္စည်းတို့ကို ထောက်ပံ့ခြင်းဖြင့် ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုမျိုးကို အားထုတ်လျက်ရှိကြပါသည်။

အရှင်မြတ်တို့လည်း ဒါယကာ, ဒါယိကာမများ၏ လှူဒါန်းချီးမြှောက်မှုကိုခံယူကာ ယခုကဲ့သို့ အောင်မြင်သည်အထိ ပရိယတ္တိကို ကြိုးစားတော်မူကြ၍ ပဋိပတ်ဘက်ကို ဆက်လက်အားထုတ်နိုင်ကာ ဒါယကာ, ဒါယိကာမတို့အား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူနိုင်ကြမည်ဖြစ်ပါသည်ဘုရား။

ဤကဲ့သို့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အချင်းချင်း ညီညီညာညာ ကြည်သာဝမ်းမြောက် ချီးမြှောက်မှုပြုကြ၍ သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ပါက ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးသည် အနှစ်များမြောင် ငါးထောင်မက ရှည်ကြာတည်တံ့နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပရိယတ္တိဝန်ဆောင် အရှင်မြတ်တို့သည်လည်း မိမိတို့ဆိုင်ရာ သာသနာ့ကိစ္စအဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်တော်မူနိုင်ကြ၍လည်းကောင်း၊ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ, ဒါယိကာမတို့သည်လည်း မိမိတို့ဆိုင်ရာ သာသနာနုဂ္ဂဟကိစ္စ အဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်နိုင်ကြ၍လည်းကောင်း သာသနာတော်၏ အနှစ်ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြု နိုင်ကြပါစေဟု ပတ္ထနာပြုကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

## ၅၉-ကြိမ်မြောက်
## တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဖွင့်လှစ်သည့်အခမ်းအနားၾ
## မိန့်ကြားတော်မူအပ်သော
## သာရဏီယသြဝါဒကထာ

(၅၉) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာပြန်ပွဲ စာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆိုကြ၊ ရေးဖြေကြမည့် တိပိဋကဓရအလျာ သာသနာ့အာဇာနည်အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမျိုးပြုသော ဥပါသကာ, ဥပါသိကာမအပေါင်းတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား အခါကာလကြာမြင့်သည့်တိုင်အောင် အမှတ်ရသင့်၊ အမှတ်ရထိုက်သော သြဝါဒစကားပြောကြားလိုပါသည်။

အင်္ဂုတ္တရနိကာယ်၊ ပထမသဒ္ဓမ္မသမ္မောသသုတ်(အံ၊၂၊၁၅၅)၌-

“ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ” အစရှိသည်ဖြင့်လည်းကောင်း၊

“ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ” အစရှိသည်ဖြင့်လည်းကောင်း မြတ်စွာဘုရားမိန့်ကြားတော်မူအပ်သည့် သာသနာတော်ကွယ်ပခြင်းအကြောင်းနှင့် သာသနာတော်တည်တံ့ခြင်းအကြောင်းတို့ကို နှလုံးသွင်းဆင်ခြင်နိုင်ကြဖို့ အကျဉ်းချုပ် ပြောကြားလိုပါတယ်။

သာသနာကွယ်ပဖို့ အကြောင်း(၅)ပါးက-

၁။ ရဟန်းတော်များ၏ တရားတော်ကို ရိုသေစွာမနာယူခြင်း၊

၂။ တရားတော်ကို ရိုသေစွာ မသင်ယူခြင်း၊

၃။ တရားတော်ကို ရိုသေစွာ မဆောင်ကြခြင်း၊

၄။ ဆောင်ထားအပ်သောတရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ မဆင်ခြင်ခြင်း၊

၅။ တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့် တရားတော်အတိုင်း ရိုသေစွာ မလိုက်နာ မကျင့်သုံးခြင်း–

ဟူသော အကြောင်းတရားငါးပါးဖြစ်ပါတယ်။

ရဟန်းတော်တွေဟာ ယခုပြောခဲ့တဲ့ အကြောင်းတရားငါးပါးအတိုင်း ကျင့်သုံးနေကြရင် သာသနာတော်ဟာ မကြာမီကွယ်ပျောက်သွားမှာ ဖြစ်ပါတယ်။

သာသနာတည်တံ့ခြင်း အကြောင်းတရား(၅)ပါးကတော့ သာသနာကွယ်ပကြောင်း တရား(၅)ပါးကို ပြောင်းပြန်ယူရမည်ဖြစ်ရာ–

၁။ ရဟန်းတော်များ၏ တရားတော်ကို ရိုသေစွာနာယူခြင်း၊

၂။ တရားတော်ကို ရိုသေစွာသင်ယူခြင်း၊

၃။ တရားတော်ကို ရိုသေစွာ ဆောင်ထားခြင်း၊

၄။ ဆောင်ထားအပ်သည့် တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဆင်ခြင်ခြင်း၊

၅။ တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း ရိုသေစွာ လိုက်နာကျင့်သုံးခြင်း–

ဟူသော အကြောင်းတရား (၅)ပါးတို့ ဖြစ်ပါတယ်။

ရဟန်းတော်များဟာ ဤအကြောင်းတရား(၅)ပါးတို့ကို ပြည့်စုံအောင် ကျင့်သုံးနေကြလျှင် သာသနာတော်ကြီးဟာ အရှည်ခံ၍ တည်တံ့နေမှာ ဖြစ်ပါတယ်။

တိပိဋကဓရ စာပြန်ပွဲကြီးကို ဝင်ရောက်ပြန်ဆိုရေးဖြေတော်မူကြမည့် အရှင်မြတ်တို့ဟာ မြန်မာနိုင်ငံပရိယတ္တိသာသနာတော်မှာ အဆင့်မြင့်စွာနဲ့ ပရိယတ်တာဝန်ကို အားသွန်ခွန်စိုက်ကြိုးပမ်းနေကြသော သာသနာ့အာဇာနည် အရှင်မြတ်များ ဖြစ်ကြပါတယ်။ အဆင့်မြင့်သည့် ပရိယတ္တိဝန်ဆောင်ပီပီ ရည်ရွယ်ချက်မြင့်မားစွာထားရှိပြီး ကျက်မှတ်ထားသည့် တရားတော်များ၏ အနက်အဓိပ္ပာယ်ကို

ထိထိမိမိသိရှိအောင် ဆင်ခြင်ဖို့လိုအပ်ပါတယ်။ **"သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ယေဝ ပမာဏံ"**ဟု အဋ္ဌကထာဆိုရာမှာ သာသနာတည်တံ့ရန်အတွက် ပရိယတ္တိက ပဓာနကျကြောင်းကိုသာ ဆိုပါတယ်။ အကျင့်ပဋိပတ်မပါဘဲ ပရိယတ် တစ်ခုတည်းဖြင့် သာသနာတည်နိုင်ကြောင်းကို ဆိုလိုသည်မဟုတ်ပါ။ ဒါ့ကြောင့် သာသနာတည်တံ့ခြင်း အကြောင်း(၅)ပါးတွင် တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း မလိုက်နာ မကျင့်သုံးကြလျှင် မလိုက်နာ မကျင့်သုံးအပ်သော တရားတော်သည် မိမိသန္တာန်မှာ မတည်ဘဲ ကွယ်ပျောက်နေသည်ကို သတိပြုရမှာ ဖြစ်ပါတယ်။ အဲဒီလို တရားသဘောတွေကို သိပြီးသည့်အခါ သိပြီးသောတရားတော်များကို တတ်နိုင်သမျှ မိမိတို့ ကိုယ်တိုင်ကျင့်သုံးခြင်း၊ တပည့်တပန်းရဟန်း သာမဏေ များကိုလည်း တွင်တွင်ကျယ်ကျယ်ပို့ချခြင်း၊ သာသနာတော်မြတ်ကြီးကို ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းနေကြတဲ့ ဒကာ,ဒကာမများကိုလည်း ဟောပြောခြင်းတို့ကို ပြုလုပ်ကြမှ သာသနာတော်တည်တံ့ပြန့်ပွားနိုင်မှာ ဖြစ်ပါတယ်။

တိပိဋကဓရ ရွေးချယ်ရေးစာပြန်ပွဲ စာမေးပွဲကြီးကို ဆင့်နွဲပြန်ဆိုကြမည့် စာပြန်သံဃာအရှင်မြတ်တို့ဘုရား...**"ဂန္ထဓုရ ဝိပဿနာဓုရာနိ ဒွေယေဝ ဓုရာနိ"**ဟူသော ဒေသနာတော်နှင့်အညီ ဤသာသနာတော်မှာ စာပေကျမ်းဂန်သင် အံပို့ချခြင်း=ဂန္ထဓုရတာဝန်၊ ဝိပဿနာကမ္မဋ္ဌာန်းတရားများပွားများခြင်း= ဝိပဿနာ ဓုရတာဝန်ဟု တာဝန်နှစ်ပါးရှိကြောင်းကို ပြဆိုထားပါသည်။ အဲဒီလို မြတ်စွာဘုရား မိန့်ကြားထားသည့်အတိုင်း စာပြန်ပွဲအောင်လျှင်ဖြစ်စေ၊ မအောင်လျှင်ဖြစ်စေ ဘုရားသာသနာတော်တွင် ခန္ဓာကြံ့ခိုင်စွမ်းနိုင်သည့် အရွယ်မှာရှိနေပါက မြတ်စွာ ဘုရား ဟောမြွက်ကြားသည့် တရားဒေသနာတော်တွေကို သင်အံလေ့ကျက် ဆောင်ရွက်ရမည့် ဂန္ထဓုရတာဝန်သည် ဇါတိတာဝန် ဖြစ်သည်ဟု နှလုံးသွင်းကြကာ ပြန်ဆိုသင့်ပါသည်။ ဤကဲ့သို့ ကောင်းမြတ်သည့်နှလုံးသွင်းဖြင့် ပြန်ဆိုပါက မြင်းကောင်းနှံလိုလိပ် သတိဖိတ်စင်၍ စာမေးပွဲမှ လွဲချော်ကျရှုံးစေဦးတော့ အရှင်မြတ်တို့ စိတ်အစဉ်သည် မပင်မပန်း ရွှင်လန်းချမ်းမြေ့စွာ သာသနာတော်စိတ်ဓာတ်အပြည့်ဖြင့်

ဘုရားဟောတရားတော်များကို အစဉ်မပျက်ဆက်လက် ကြိုးပမ်းလိုစိတ် ဖြစ်ရှိနေကြပါလိမ့်မည်။ စာပြန်ပွဲအောင်ရုံတစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် ပြန်ဆိုပါက စာမေးပွဲကျရှုံးလျှင် နလုံးမသာဖြစ်နေတတ်ပါသည်။ စာပေကို ဆက်လက်မကျက်လိုခြင်းစသည့် မကောင်းသော အလားအလာများ ဖြစ်ပွားလာနိုင်ပါသည်။

သို့ဖြစ်သောကြောင့် အနာရောဂါ ကင်းစင်ကွာ၍ ခန္ဓာကြံ့ခိုင်စွမ်းနိုင်သည့် အရွယ်မှာ မြတ်စွာဘုရား ဟောကြားမြွက်ဖော် တရားတော်များကို ငါတို့လည်း စွမ်းနိုင်သမျှ ကျင့်ကြံရန်၊ တပည့်အများ စာသင်သားတို့ကိုလည်း သင်ကြားပို့ချပေးနိုင်ရန်၊ တပည့်ဒကာ, ဒကာမတွေကိုလည်း မှန်မှန်ကန်ကန် ဟောကြားညွှန်ပြနိုင်ရန် စွမ်းနိုင်သမျှ ကျက်မှတ်ထားမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျက်မှတ်ပြန်ဆိုပါက နိဿရဏတ္ထစာသင်နည်းဖြစ်၍ ပစ္စုပ္ပန်၊ သံသရာ ချမ်းသာဖွံ့ဖြိုး နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားများကို ရရှိလိမ့်မည်ဖြစ်ကြောင်း သတိပေးစကားပြောကြားလိုပါသည်ဘုရား။

တိပိဋကစရေ စာပြန်ပွဲကြီးတွင် ပိဋကတ်ကျမ်းစာများကို ပြန်ဆိုတော်မူကြသည့် အရှင်မြတ်တို့အား ဆွမ်းစသောလှူဒါန်းဖွယ်ပစ္စည်းတို့ဖြင့် လှူဒါန်းထောက်ပံ့ကြသည့် ဒကာ,ဒကာမအပေါင်းတို့အားလည်း ယခုကဲ့သို့ လှူဒါန်းပူဇော်ခြင်းသည် တရားတော်ကို ပူဇော်ရာရောက်သောကြောင့် ရနိုင်ခဲသည့် ဓမ္မပူဇာမဟာကုသိုလ်များ ရရှိကြ၍ နိဗ္ဗာန်တိုင်ထိ များမြတ်သည့် အကျိုးတရားများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ ရရှိခံစားနိုင်ပါစေလို့ပဲ ဆုတောင်းရင်း ဘုန်းကြီးရဲ့ဩဝါဒကထာကို နိဂုံးချုပ်လိုက်ပါသည်။

# ၅၉-ကြိမ်မြောက် တိပိဋကဓရ ရွေးကျူးပူဇော်ပွဲအခမ်းအနားသို့ မိန့်ကြားတော်မူအပ်သော သာရဏီယ ဩဝါဒကထာ

၅၉-ကြိမ်မြောက်တိပိဋကဓရ၊ တိပိဋကကောဝိဒစာတော်ပြန်ပွဲ စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ (၁)ပါး၊ မူလအဘိဓမ္မကောဝိဒ (၁)ပါး၊ ဒီဃနိကာယကောဝိဒ(၃)ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ (၇)ပါး၊ ဒီဃဘာဏက(၄)ပါး၊ မူလအဘိဓမ္မိက (၂)ပါး၊ ဝိနယဓရ(၁၁)ပါး၊ ဥဘတောဝိဘင်္ဂဓရ (၄၀)ပါးအားဖြင့် အောင်ပွင့်အောင်ပန်း အခန်းခန်းကို ရှင်လန်းပန်ဆင် အာဇာနည် အရှင်မြတ် (၇၃)ပါးတို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ, ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား ဝမ်းမြောက်ဖွယ်၊ အမှတ်ရဖွယ်ဖြစ်သော သမ္မောဒနီယသာရဏီယဩဝါဒစကား မြွက်ကြားလိုပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ ထမ်းဆောင်ရမည့် သာသနာ့တာဝန်သည် ဝါသဓုရ၊ ပရိယတ္တိဓုရဟူ၍နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းသည် ဝါသဓုရ ဖြစ်ပါသည်။ စာပေကျမ်းဂန်ကို သင်အံကြိုးကုတ် အားထုတ်ခြင်းသည် ပရိယတ္တိဓုရ ဖြစ်ပါသည်။ **(သုတ္တနိပါတ်၊ အဋ္ဌကထာ၊ ၁၉၃)။**

ရဟန်းတော်တို့၏ ဝါသဓုရ၊ ပရိယတ္တိဓုရနှစ်ပါးကို ပွားများကြိုးကုတ် အားထုတ်နေခြင်းသည် မြတ်စွာဘုရား၏သာသနာတော်ကို တရားဖြင့်ချီးမြှောက်သည့် ဓမ္မာနုဂ္ဂဟာဖြစ်ပါသည်။ ရဟန်းတော်အရှင်မြတ်တို့၏ သာသနာတော်ကို

ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ရာ၌ ချမ်းချမ်းသာသာ ချီးမြှောက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့်တကွ ဥပါသကာ,ဥပါသိကာမအပေါင်း သူတော်ကောင်းတို့က ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ဆေးလေးပါးသောပစ္စည်းတို့ကို လှူဒါန်းထောက်ပံ့ခြင်းသည်ပစ္စည်းဖြင့်ချီးမြှောက်သည့် အာမိသာနုဂ္ဂဟဖြစ်ပါသည်။

တိပိဋကစာပွဲဝင် စာအောင်အရှင်မြတ်တို့က သာသနာတော်ကို ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြခြင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သား ဥပါသကာ, ဥပါသိကာမအပေါင်း သူတော်ကောင်းတို့က ယခုကဲ့သို့ အာမိသပူဇာတို့ဖြင့် ပူဇော်ချီးမြှောက်ကြခြင်းသည် မြတ်စွာဘုရားသာသနာတော်ကို အရှည်ခံ၍ တည်တံ့အောင် သာသနာပြုကုသိုလ်ထူးကြီးကို ဆည်းပူးအားထုတ်ကြခြင်းဖြစ်ပါသည်။

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ၊ ပဏ္ဍိတော
တိ ပေဋကံ သုတွာ ဒွေပိ ပူရေတိ ။ပ။ တသ္မာ
ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ"

ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၄၁၂၊ ၄၁၃)၊ ပါထိကဝဂ္ဂအဋ္ဌကထာ(၈၂)တို့ မိန့်မှာသည့်အတိုင်း သာသနာတော်တည်တံ့ရေး၏ လိုရင်းပမာဏမှာ ပရိယတ္တိသာ ဖြစ်ပါသည်။ ပညာရှိသည် ပိဋကတ်သုံးပုံကို နာကြားသင်ယူပြီး၍ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်နှစ်ရပ်ကိုလည်း ဖြည့်ကျင့်နိုင်ပါသည် ။ပ။ ပရိယတ်တည်လျှင် သာသနာတော်တည်ပါသည်။

ထို့ကြောင့် တိပိဋကဓရစာပွဲဝင် စာအောင်အရှင်မြတ်တို့သည် "ဝါတို့သည် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့အောင် ဓမ္မာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာပြုပုဂ္ဂိုလ်များဖြစ်သည်" ဟုလည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူ, ပြည်သား၊ ဥပါသကာ, ဥပါသိကာမအပေါင်း သူတော်ကောင်းတို့ကလည်း "ဝါတို့သည် သာသနာတော်မြတ်ကြီး အရှည်တည်တံ့အောင် အာမိသာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာပြုပုဂ္ဂိုလ်များဖြစ်သည်" ဟုလည်းကောင်း နှလုံးသွင်းဆင်ခြင်၍ ကြည်လင်ရွှင်လန်း ဝမ်းမြောက်နေသင့်ကြပါသည်။

တိပိဋကဓရ စာတော်ပြန်ပွဲ ဆင့်နွဲအောင်မြင် အာဇာနည်အရှင်မြတ်တို့ ဘုရား... **“ပရိယတ္တိ နိဿာယ ပရိဝါရော ဥပ္ပဇ္ဇတိ၊ ပရိဝါရံ နိဿာယ လာဘော”** ဟူသော သုတ္တနိပါတ်အဋ္ဌကထာ (၁၉၃)လာ မိန့်မှာတော်မူချက်အရ ပရိယတ်ကို အမှီပြု၍ တပည့်ဒါယကာ များစွာဝန်းရံ အခြွေအရံများ ဖြစ်ပွားလာတတ်ပါသည်။ အခြွေအရံကိုအမှီပြု၍ လာဘ်လာဘပေါ်များလာတတ်ပါသည်။ ဖြစ်ပေါ်လာသည့် လာဘ် လာဘသည် စိတ်ဓာတ်မခိုင်သည့် ပုဂ္ဂိုလ်များအတွက် တိုးတက်ရေးဘက်ကို ဦးမတည်ဘဲ ရှာန်၊ မဂ်၊ ဖိုလ်တရားရရန်အတွက် အနှောက်အယှက် အတားအဆီး ဖြစ်နေတတ်ပါသည်။

ထို့ကြောင့် အရှင်မြတ်တို့၏ အဆင့်မြင့်သော ပရိယတ္တိအောင်ပန်းဆင်မြန်း ရခြင်းကို အမှီပြု၍ လာဘ်ပူဇော်သက္ကာရ များပြားလာပါက **“ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ”**ဟူသော နိဒါနဝဂ္ဂသံယုတ်၊ ဒါရုဏသုတ်(၄၂၄)လာ သည့်အတိုင်း “လာဘ်ပူဇော်သက္ကာရများခြင်း၊ဂုဏ်သတင်းကျော်စောခြင်းသည် ခက်ထန်လှ၏၊ ခါးစပ်လှ၏၊ ကြမ်းတမ်းလှ၏၊ ယောဂလေးတန် ကုန်ရာမှန်သော အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ရရန်အတွက် အနှောက်အယှက် အန္တရာယ် ဖြစ်၏”ဟု နှလုံးသွင်းဆင်ခြင်တော်မူကြကာပရိယတ္တိလမ်းခရီးတွင် ဆုံးခန်းတိုင်မြောက် မရောက်သေးဘဲ ပြီးဆုံးလိုက်ရသော အခြေအနေမျိုး မဖြစ်ရအောင် သတိဆောင်တော်မူကြ၍ နိဿရဏတ္ထပရိယတ္တိဖြစ်အောင် နှလုံးသွင်းဆင် ခြင်တော်မူကြပါဟု အသနားလျှောက်ထားလိုပါသည်။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ-

**သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။**

**နပ္ပပုညာ ကရဟာစိ၊ ပဂ္ဂဏှိတုမဝိဿယာ။**

ပုညဝန္တဿ၊ ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနံ၊ အံ့ဖွယ်ရှစ်ပြာသာသနာတော်ကို။ ပုညဝန္တာဝ၊ ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်

ဖြစ်သော ပုဂ္ဂိုလ်တို့သာလျှင်။ ပဂ္ဂဏှိတုံ၊ ချီးမြှောက်ခြင်းငှါ (ဝါ) ချီးမြှောက်ခွင့်ကို။ လဗ္ဘရေ၊ ရနိုင်ကြကုန်၏။ အပ္ပပုညာ၊ ဘုန်းကံနည်းပါး အောက်တန်းစားပုဂ္ဂိုလ်တို့သည်ကား။ အဝိသယာ၊ အရာမဟုတ်သည်၏အဖြစ်ကြောင့်။ ကရဟာစိ၊ တစ်ရံတစ်ဆစ်မျှ။ ပဂ္ဂဏှိတုံ၊ ချီးမြှောက်ခြင်းငှါ (ဝါ)ချီးမြှောက်ခွင့်ကို။ နလဗ္ဘရေ၊ မရနိုင်ကြကုန်-ဟူသော ဒေသနာအရ တိပိဋကစာပွဲသဘင် အောင်ပန်းဆင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှုးရှိသော ပြည်သူ, ပြည်သား၊ ဥပါသကာ, ဥပါသိကာမအပေါင်း သူတော်ကောင်းတို့သည် “ငါတို့သည်ကား ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်ဖြစ်ကြသောကြောင့်သာ ဘုန်းရှင် ကံရှင်၊ သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ခွင့်ရနေကြပေသည်တကား”ဟု ပီတိသောမနဿ အဆင့်ဆင့်ပွားလျက် ဘုရားမြတ်စွာသာသနာတော်ကို စဉ်ဆက်မပြတ် အားပေးထောက်ပံ့နိုင်ကြပါစေ”ဟု ပတ္တနာပြုလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယသာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် ရဟန်းလူရှင် သူတော်စင်အပေါင်းတို့။

# ၆၀-ကြိမ်မြောက်
# တိပိဋကဓရ ရှီးကျူးပူဇော်ပွဲအခမ်းအနား၌
# မိန့်ကြားတော်မူအပ်သော
# သာရဏီယဩဝါဒကထာ

(၆၀)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာတော်ပြန်ပွဲကြီးတွင် အောင်မြင်တော်မူကြသည့် ဒီဃနိကာယကောဝိဒ(၃)ပါး၊ ဝိနယကောဝိဒ(၄)ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ(၇)ပါး၊ မူလအာဘိဓမ္မိက(၂)ပါး၊ ဒီဃဘာဏက(၂)ပါး၊ ဝိနယဓရ(၂၅)ပါး၊ ဥဘတောဝိဘင်္ဂဓရ(၄၄)ပါးအားဖြင့် အောင်ပွင့်အောင်ပန်း အခန်းခန်းကို လန်းလန်းရွှင်ရွှင် ပန်ဆင်ကြသည့် သာသနာ့အာဇာနည်အရှင်မြတ်(၈၇)ပါး၊ နိုင်ငံတော်အစိုးရ အမျှုးပြုသည့် ဥပါသကာ, ဥပါသိကာမအပေါင်းသူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကိုယ်စား ဝမ်းမြောက်ဖွယ်၊အမှတ်ရဖွယ်ရာ သမ္မောဒနီယသာရဏီယဩဝါဒစကားမိန့်ကြားလိုသည်မှာ-

အရှင်တို့သည် သုတ်၊ဝိနည်း၊ အဘိဓမ္မာသုံးဖြာသော ပိဋကတ်တော်ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ လေ့လာသင်ကြပြီး ဖြစ်ပါသည်။

အရှင်ဘုရားတို့လေ့လာသင်ယူအပ်ပြီးသော ထိုပိဋကတ်တော်များဝယ်-

**ပရိယတ္တိဘေဒံ သမ္ဘတ္တိ၊ ဝိပတ္တိဥ္စာပိ ယံ ယတိ၊**
**ပါပုဏာတိ ယထာ ဘိက္ခု၊ တမ္ပိ သဗ္ဗံ ဝိဘာဝယေ။**

ဟူ၍ သမန္တပါသာဒိကာအဋ္ဌကထာ စာမျက်နှာ(၁၉)၌ ဖော်ပြအပ်သော ပရိယတ္တိအပြားသုံးပါးတို့တွင် ပုထုဇဉ်သေက္ခတို့နှင့် သက်ဆိုင်သော အလဂဒ္ဒူပမာပရိယတ္တိကိုရှောင်ရှား၍ နိဿရဏတ္ထပရိယတ္တိဖြစ်အောင် အရှင်တို့ လေ့လာသင်ယူတော်မူခဲ့ကြမည်ဟု ယုံကြည်ပြီးဖြစ်ပါသည်။ ဤသို့ အလဂဒ္ဒူပမာပရိယတ္တိကို ရှောင်ရှား၍

နိဿရဏတ္ထပရိယတ္တိဖြစ်အောင် လေ့လာသင်ယူတော်မူကြမှသာ ဝိပတ္တိလွတ်မြောက် သမ္ပတ္တိဆိုက်ရောက်မည် ဖြစ်ပါသည်ဘုရား။

တိပိဋကဓရစာတော်ပြန်ပွဲ ဆင်နွဲအောင်မြင် အာဇာနည်အရှင်တို့ဘုရား...

သမန္တပါသာဒိကာမည်သော ဝိနည်းအဋ္ဌကထာစာမျက်နှာ(၂၀)၌-

**“ဝိနယော ပန သုပ္ပဋိပန္နော ဘိက္ခု သီလသမ္ပတ္တိံ နိဿာယ တိဿော ဝိဇ္ဇာ ပါပုဏာတိ”** ဝိနည်းပိဋက၌ ကောင်းစွာကျင့်သော ရဟန်းသည် သီလနှင့် ပြည့်စုံခြင်းကိုမှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်နိုင်၏ဟု မိန့်ဆိုတော်မူပါသည်။ (ဝိနည်းပိဋကကို နိဿရဏတ္ထပရိယတ္တိဖြစ်အောင် ကောင်းစွာသင်ယူ၍ ဝိနည်းပိဋကမှာ လာသည့်အတိုင်း သီလကို ပြည့်ကျင့်သော ရဟန်းကို ဝိနည်း၌ကောင်းစွာ ကျင့်သော ရဟန်းဟု ဆိုပါသည်)

အရှင်တို့ဘုရား... ဝိနည်းပိဋကကို မတတ်သိ၊ မကျွမ်းကျင်လျှင် ရှောင်ရမည့်အရာ၊ ကျင့်ရမည့်အရာတို့ကို မသိနိုင်ပါ။ ဝိနည်းပိဋကကို တတ်သိကျွမ်းကျင်မှသာ ရှောင်ရမည့်အရာ၊ ကျင့်ရမည့်အရာတို့ကို ခွဲခြားသိမြင်နိုင်ပါသည်။ ရှောင်ရမည့်အရာ၊ ကျင့်ရမည့်အရာတို့ကို ခွဲခြားသိမြင်မှသာလျှင် ရှောင်သင့်သည်ကိုရှောင်၊ ကျင့်သင့်သည်ကိုကျင့်၍ သီလပြည့်စုံနိုင်ပါသည်။ ဤသီပြည့်စုံခြင်း(သီလသမ္ပဒါ)က ဝိဇ္ဇာသုံးပါးအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။ ထို့ကြောင့် “ဝိနည်းပိဋက၌ ကောင်းစွာကျင့်သော ရဟန်းသည် သီလနှင့်ပြည့်စုံခြင်းကို မှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ရောက်နိုင်၏” ဟု မိန့်ဆိုတော်မူပါသည်။

ထပ်၍ရှင်းပြပါဦးမည်။ ဝိနည်းပိဋက ဝေရဉ္စကဏ္ဍ၌ ပု၊ ဒိ၊ အာ-ဟူသော ဝိဇ္ဇာသုံးပါးတို့ကို အကျယ်ဟောတော်မူထားပါသည်။ ဝိနည်းပိဋကကို လေ့လာ သင်ယူစဉ် ထိုဝိဇ္ဇာသုံးပါးတို့ကို သိရသဖြင့် ဝိဇ္ဇာသုံးပါးတို့ကို ရလိုသော အဇ္ဈာသယ ဆန္ဒ ပြင်းပြလျက်ရှိပါသည်။ ထို့ကြောင့် သီလပြည့်စုံမှု(သီလသမ္ပဒါ)ကို အခြေခံ၍ ဝိပဿနာတရား အားထုတ်သောအခါ ရဟန္တာဖြစ်သည်နှင့်တစ်ပြိုင်နက် အဇ္ဈာသယ အားလျော်စွာ ဝိဇ္ဇာသုံးပါးတို့ ပြည့်စုံလာရပါသည်။

အရှင်တို့ဘုရား...

“ **သုတ္တေ သုပ္ပဋိပန္နော သမာဓိသမ္ပဒံ နိဿာယ ဆ အဘိညာ ပါပုဏာတိ**” သုတ္တန်ပိဋကၝ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိ၏ ပြည့်စုံခြင်းကိုမှီ၍ အဘိညာဉ်ခြောက်ပါးတို့သို့ ရောက်နိုင်၏-ဟူ၍လည်းကောင်း၊

“ **အဘိဓမ္မေ သုပ္ပဋိပန္နော ပညာသမ္ပဒံ နိဿာယ စတဿော ပဋိသမ္ဘိဒါ ပါပုဏာတိ**” အဘိဓမ္မာပိဋကၝ ကောင်းစွာကျင့်သော ရဟန်းသည် ပညာ၏ ပြည့်စုံခြင်းကိုမှီ၍ ပဋိသမ္ဘိဒါလေးပါးတို့သို့ ရောက်နိုင်၏-ဟူ၍လည်းကောင်း၊ ယင်းအဋ္ဌကထာ စာမျက်နှာ(၂၀)၌ မိန့်ဆိုတော်မူပါသည်။

သုတ္တန်ပိဋကကို ကောင်းစွာသင်ယူသူသည် ထိုသုတ္တန်ပိဋကဝယ် အကျယ် ဟောတော်မူအပ်သော ဈာန်အဘိညာဉ်တို့ကို သင်ယူလေ့လာစဉ် ထိုဈာန်အဘိညာဉ် တို့ကို ရလိုသော အဇ္ဈာသယအလိုဆန္ဒ ပြင်းပြလျက် ရှိတတ်ပါသည်။ ထို့ကြောင့် ဈာန်သမာဓိကို ကြိုးစားအားထုတ်၍ ဥပစာရသမာဓိလောက် ရောက်လျှင်ပင် ဝိပဿနာသို့တက်၍ အရဟတ္တမဂ်ကို ရသည့်အခါ အထုံပါလာသော သမာဓိကြောင့် အဘိညာဉ်ခြောက်ပါးတို့လည်း ပြီးစီးရပါသည်။

အဘိဓမ္မပိဋကကို ကောင်းစွာသင်ယူသူသည် နာမ်ရုပ်နှစ်ပါးကို ခွဲခြား နိုင်သော ပညာနှင့် ပြည့်စုံနိုင်ပါသည်။ ထိုပညာကို အခြေခံ၍ အရဟတ္တမဂ်ကို ရသောအခါ ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်း တစ်ပါတည်းရနိုင်ပါသည်။

ထပ်၍ရှင်းပြပါဦးမည်။ အဘိဓမ္မပိဋက ပဋိသမ္ဘိဒါဝိဘင်းဝယ် ပဋိသမ္ဘိဒါ တို့ကို အကျယ်ဟောတော်မူထားပါသည်။ ထိုပဋိသမ္ဘိဒါတို့ကို လေ့လာသင်ယူစဉ် ပဋိသမ္ဘိဒါဉာဏ်ကိုရလိုသော ဆန္ဒပြင်းပြလျက် ရှိနေတတ်ပါသည်။ ထို့ကြောင့် အဘိဓမ္မပိဋကကို လေ့လာသင်ယူ၍ ရရှိသောပညာ၏ ပြည့်စုံခြင်း (ပညာသမ္ပဒါ)ကို ဥပနိဿယပစ္စည်းပြု၍ ဝိပဿနာတရားအားထုတ်သောအခါ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် အဇ္ဈာသယအားလျော်စွာ ပဋိသမ္ဘိဒါလေးပါးတို့လည်း ပြီးစီးရပါသည်။

သို့ဖြစ်၍ ဝိနယဝရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မူလအာဘိဓမ္မိက၊ ဥဘတောဝိဘင်္ဂဝရ၊ ဥဘတောဝိဘင်္ဂကောဝိဒ စသည်တန်တန်

ဘွဲ့တံဆိပ်တော်အလှူခံကြမည့် သာသနာ့အာဇာနည်အရှင်တို့သည်လည်း ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာသုံးပြာသော ပိဋကတော်များကို အဖွင့်သံဝဏ္ဏနာ၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ ကျနသေချာ လေ့လာသင်ကြခြင်းဖြင့် လျှို့ဝှက်ခဲကပ် ဒုန္နယတ်ကို ပြတ်ပြတ်သားသား ပိုင်းခြားသိမြင်တော်မူကြ၍ နိဿရဏတ္ထစာသင်နည်းကို လက်ကိုင်ထားရှိသူများပီပီ "သီလကို ဟောသောအရာ၊ သမာဓိကို ဟောသော အရာ၊ ပညာကို ဟောသောအရာတို့၌ ထိုကျမ်းဂန်လာ သိက္ခာသုံးတန် အကျင့်မှန်တို့ ထိုသန္တာန်ဝယ် ကေန်ပြစ်ပွားအောင် ကြိုးစားအားထုတ်မည်"ဟူသော ယောနိသော မနသိကာရ လက်ကိုင်ထားတော်မူကြ၍ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူကြသဖြင့် ဝိဇ္ဇာသုံးအင် အဘိညာဉ်ခြောက်ပြာ၊ ပဋိသမ္ဘိဒါလေးဝ၊ လောက်ကုံလုံ ပြည့်စုံကြသည့် တေဝိဇ္ဇက၊ ဆဠဘိညာ၊ ပဋိသမ္ဘိဒါပတ္တ ဂုဏ်ထူးရသည့် ပဋိဝေဓဉာဏ်ရှင် သူတော်စဉ် များဖြစ်ကြ၍ အသခ်တစခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါစေ၊ ဤတိပိဋကဓရ ပူဇော်ပွဲကြီး၌ သာသနာ့အာဇာနည် အရှင်မြတ်တို့အား အာမိသ၊ဓမ္မနှစ်ဝသော ပူဇော်ခြင်းတို့ဖြင့် ဝပ်စင်းကော်ရော် ပူဇော်ကြသည့် နိုင်ငံတော်အစိုးရအမှူးရှိသော ဥပါသကာ၊ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့လည်း ယခုကဲ့သို့ လှူဒါန်းပူဇော် ကြရသည့် အာမိသပူဇာ၊ ဓမ္မပူဇာ မဟာကုသိုလ်ထူးကြောင့် ဒုက္ခခပ်သိမ်း အေးငြိမ်း ရာအမှန် မြတ်နိဗ္ဗာန်သို့ ဝင်စံနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလျက် ဘုန်းကြီး၏ ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသတည်း။

# ၁၃၆၇–ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက်၊ (၇၊ ၂၊ ၂၀၀၆) မန္တလေးမြို့၊မဟာအတုလဝေယန်အတုမရှိကျောင်းတော်ကြီးတွင် ကျင်းပသည့် ၂၇–ကြိမ်မြောက် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ မဟာဘွဲ့နှင်းသဘင် အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယ ဩဝါဒကထာ

ကောဇာသက္ကရာဇ်–၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက်၊ ခရစ်နှစ်–၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့၊ မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူး၍ မန္တလေးတိုင်း၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျင်းပပြုလုပ်အပ်သော ဤ(၂၇) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိုင်းသံဃနာယကဆရာတော်ကြီးများအမှူးရှိသော စာအောင်သံဃာတော် အရှင်မြတ်များနှင့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီးအမှူးရှိသော ဒါယကာ, ဒါယိကာမအပေါင်းတို့... ဤဓမ္မသဘင်အခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား ဘုန်းကြီးက ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူအပ်သော ဆိဂ္ဂဋ္ဌယုဂသုတ်တော်ကို အကျဉ်းချုံး၍ သာရဏီယဩဝါဒစကား မြွက်ကြားပါမည်။

ဤစကြဝဠာကြီးတစ်ခုလုံး မြေပြင်မရှိ ရေပြင်ကြီးဖြစ်နေတယ်ဆိုပါစို့။ ထိုစကြဝဠာအပြည့်ဖြစ်နေတဲ့ ရေပြင်ကြီးမှာ ယောက်ျားတစ်ယောက်က အပေါက်

တစ်ပေါက်သာရှိတဲ့ ထမ်းပိုးကို ပစ်ချထားပါသတဲ့။ အဲဒီထမ်းပိုးဟာ အရှေ့လေလာလျှင် အနောက်၊ အနောက်လေလာလျှင် အရှေ့၊ မြောက်လေလာလျှင်တောင်၊ တောင်လေလာလျှင်မြောက်သို့ မျောနေပါသတဲ့။ ထိုရေပြင်ထဲမှာ နှစ်ပေါင်းတစ်ရာ၊ တစ်ရာကျော်လွန်မှ တစ်ကြိမ်၊ တစ်ကြိမ်ပေါ်လာတဲ့ လိပ်ကန်းတစ်ကောင်လည်း ရှိပါသတဲ့။ အဲဒီလိပ်ကန်းဟာ နှစ်ပေါင်းတစ်ရာ၊ တစ်ရာကျော်လွန်လို့ ပေါ်လာတဲ့အခါ ထမ်းပိုးပေါက်မှာ လည်ပင်းစွပ်မိဖို့ ခဲယဉ်းသည်ထက် လူ့အဖြစ်ရဖို့ခဲယဉ်း၏။ ထို့အတူ လောက၌ အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ် ပွင့်ဖို့ရာ ခဲယဉ်း၏။ လောက၌ ဗုဒ္ဓရှင်တော်မြတ်ဟောကြားတော်မူအပ်သော ဓမ္မဝိနယသာသနာတော် ထွန်းလင်းတောက်ပဖို့ ခဲယဉ်း၏။ သင်တို့မှာ ခဲယဉ်းသည့် လူ့အဖြစ်ကိုရနေကြပြီ။ ခဲယဉ်းတဲ့ ဘုရားပွင့်ရာအခါနှင့်လည်းကြုံနေကြရပြီ။ ထိုကဲ့သို့ ခဲယဉ်းခြင်း သုံးပါးလုံး ပြည့်ပြည့်စုံစုံ ရနေကြသောကြောင့် ဤသည်ကား ဆင်းရဲအမှန် ဒုက္ခသစ္စာတည်း။ ဤသည်ကား ဆင်းရဲဖြစ်ကြောင်းအမှန်သမုဒယသစ္စာတည်း။ ဤသည်ကား ဆင်းရဲချုပ်ရာအမှန် နိရောဓသစ္စာတည်း။ ဤသည်ကား ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်လမ်းစဉ်အမှန်မဂ္ဂသစ္စာတည်းဟုသိမြင်အောင် အားထုတ်ကြရမည်ဟု ဗုဒ္ဓရှင်တော်မြတ်ဟောကြားတော်မူပါသည်။

လူ့အဖြစ်ကို အဘယ်မျှရခဲသနည်းဆိုလျှင် ဗုဒ္ဓရှင်တော်မြတ်သည် လက်သည်းဖျားပေါ်၌ မြေမှုန့်အနည်းငယ်တင်ထား၍ လက်သည်းဖျားပေါ်၌ တင်ထားအပ်သော မြေမှုန့်နှင့် ဤကမ္ဘာမြေကြီးတို့ အဘယ်ကပိုများသနည်းဟု မေးတော်မူရာ ရဟန်းတို့က ဤကမ္ဘာမြေကြီးက ပို၍များပါသည်။ လက်သည်းဖျားပေါ်၌ တင်ထားအပ်သော မြေမှုန့်ကား အနည်းငယ်မျှသာဖြစ်ပါသည်။ မရေတွက်လောက်၊ မပြောပလောက်ပါဟု လျှောက်ထားကြပါသည်။ ရဟန်းတို့... ဤအတူပင် လူ့ဘဝ၌ဖြစ်ကြသော သတ္တဝါတို့ကား နည်းပါးလှကုန်၏။ အခြားဘုံ၌ဖြစ်သော သတ္တဝါတို့ကသာ များကုန်၏ဟု ဟောတော်မူပါသည်။ ဤမျှလောက် လူ့အဖြစ်ကို ရဖို့ခဲယဉ်းလှပါသည်။ ဘုရားရှင်တို့သည် ကမ္ဘာတိုင်းပွင့်တော်မူသည် မဟုတ်ကြပါ။ ဘုရားမပွင့်သည့် သုညကမ္ဘာတွေ အသင်္ချေအနန္တကျော်လွန်မှ အနည်းငယ်မျှသော ကမ္ဘာတစ်ခုတစ်

လေ၌သာ ဘုရားရှင်များ ပွင့်တော်မူကြပါသည်။ ဤမျှလောက် ဘုရားရှင်တို့ပွင့်ဖို့ ခဲယဉ်းလှပါသည်။ ထိုအတူပင် ဘုရားရှင်တို့ ဟောကြားတော်မူအပ်သော ဓမ္မဝိနယ သာသနာတော်ထွန်းကားတောက်ပဖို့လည်း ခဲယဉ်းလှပါသည်။

စာအောင်အရှင်မြတ်များနှင့်တကွ ဒါယကာ, ဒါယိကာမ အပေါင်းတို့သည် ရှေးကံထောက်ပင့်သဖြင့် အလွန်ရခဲသည့် လူ့အဖြစ်ကို ရနေကြပြီ။ အလွန်တွေ့ ကြုံရခဲသည့် ဘုရားပွင့်တော်မူသည့်အခါနှင့်လည်း တွေ့ကြုံနေကြပြီ။ အလွန် ကြုံကြိုက်ခဲလှသည့် မြတ်စွာဘုရားသာသနာတော် ထွန်းလင်းတောက်ပရာ အချိန်အခါကောင်းနှင့်လည်း တွေ့ကြုံနေကြရပြီ။

ဤသို့သော အခွင့်ကောင်း၊ အခါကောင်းနှင့် ကြုံကြိုက်နေသည့်အခါ သာသနာတော်မြတ်ကြီး တည်တံ့ခိုင်မြဲ၍ ထွန်းလင်းတောက်ပအောင် ကြံဆောင် ကြိုးကုတ် အားထုတ်သင့်လှပါသည်။ သာသနာတော် တည်တံ့ခိုင်မြဲ၍ ထွန်းလင်း တောက်ပအောင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ပရိယတ္တိတရားတော် များကို ဆရာစဉ်ဆက် လေ့ကျက်သင်ယူကြရပါမည်။ ထို့ကြောင့်-

"ပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိတံ ဟောတိ"

ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ မိန့်မှာတော်မူခဲ့သည်။

သာသနာတော်သုံးရပ်တို့တွင် ရေသောက်မြစ်နှင့်တူသော ပရိယတ်ခိုင်မြဲနေ မှသာ ပင်စည်အကိုင်းအခက်နှင့်တူသော ပဋိပတ်အကျင့်မှန် ရှင်သန်နိုင်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော ပဋိဝေဓအသီးအပွင့်များကို သတ္တဝါများ ခံစားသုံးဆောင်နိုင်ကြ မည်ဖြစ်ပါသည်။

ထို့ကြောင့် ပရိယတ္တိသဒ္ဓမ္မကို ပို့ချသင်ကြားနေကြသော သံဃာတော်များနှင့် ပစ္စည်းလေးပါးဟူသော အာမိသဖြင့် ထောက်ပံ့နေကြသော ဒါယကာ, ဒါယိကာမ အပေါင်းတို့သည် သာသနာတော်တည်းဟူသော သစ်ပင်ကြီးကို ရေသောက်မြစ်မှစ၍ ပြုစုပျိုးထောင်ပေးနေသော သာသနာပြုပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ထို့ကြောင့် မိမိတို့၏ အလွန်မွန်မြတ်လှစွာသော သာသနာပြုလုပ်ငန်းကြီးကို ထက်သန်သော

သဖြင့် ဝိရိယတို့ဖြင့် ဆတက်ထမ်းပိုး တိုး၍တိုး၍ အားကြိုးမာန်တက် ဆောင်ရွက်ကြပါရန် လေးနက်စွာ တိုက်တွန်းပါသည်။

စာအောင်အရှင်မြတ်တို့ကို အထူးပြောကြားလိုသည်မှာ အရှင်တို့သည် ပရိယတ်ကျမ်းဂန် သင်အံတတ်မြောက်သည့်အခါ မိမိတို့ကို ပစ္စည်းဖြင့် မငြိငြင်မပင်ပန်းရအောင် ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေးလေးပါးသော အာမိသဖြင့် ထောက်ပံ့ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်တကွ စေတနာရှင် ပြည်သူပြည်သား ဒါယကာ, ဒါယိကာမတို့အား ဗုဒ္ဓမြတ်စွာသာသနာတော်၏ အနှစ်သာရ ဓမ္မရသများကို ခံစားသုံးဆောင်နိုင်ကြစေရန် မြတ်ဗုဒ္ဓ၏ဒေသနာတော်များကို ဟောကြားပြသဆုံးမခြင်း၊သောတုဇနတို့အား ပရိယတ်ကျမ်းဂန်များကိုသင်ကြားပို့ချခြင်းစသည်ဖြင့် သာသနာတော်တည်တံ့ခိုင်မြဲ၍ ထွန်းလင်းတောက်ပနေအောင်ဆောင်ရွက်ကြရမည့်တာဝန်သည် သာသနာ့မျိုးဆက်သစ်ဖြစ်ကြသော အရှင်တို့၏လက်၌ ကျရောက်နေပါသည်။ ထိုကျရောက်လာသော တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြပါဟု တိုက်တွန်းလိုက်ပါသည်။

ထို့ပြင် ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)က အမျိုးဘာသာ သာသနာတော်ကို အဖက်ဖက်မှ လိုလေသေးမရှိအောင် အားပေးချီးမြှောက်ထောက်ပံ့နေသော အချိန်အခါဖြစ်သည့်အတွက် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရန် အလွန်ကောင်းမွန်သော အခွင့်ထူးကြီးကို ရရှိသောအခါဖြစ်ပါသည်။ ထို့ကြောင့် အဖက်ဖက်မှ ဖွံ့ဖြိုးမှုနောက်ကျနေသော နယ်စပ်ဒေသ၊တောင်တန်းဒေသများရှိ တိုင်းရင်းသူ၊တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအား ကရုဏာထား မေတ္တာပွား၍ ထေရဝါဒဗုဒ္ဓသာသနာတော် အရိပ်အာဝါသသို့ ဝင်ရောက်ခိုလှုံနိုင်ကြစေရန်၊ နယ်စပ်ဒေသနှင့် တောင်တန်းဒေသများသို့ ကြွရောက်သာသနာပြုကြရန်နှင့် စေတနာရှင် ဒါယကာ, ဒါယိကာမအပေါင်းတို့ကလည်း နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများကို အားပေးချီးမြှောက်ထောက်ပံ့ကြပါရန် တိုက်တွန်းလျက် သာရဏီယဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်ပါသတည်း။

## ၁၃၆၉–ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက် (၁၀–၂–၂၀၀၈) မန္တလေးမြို့၊ မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီးတွင် ကျင်းပသည့် ၂၈–ကြိမ်မြောက် ဓမ္မာစရိယနှင့်ပထမပြန်စာမေးပွဲ မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော

# သာရဏီယဩဝါဒကထာ

ယနေ့ သာသနာတော် ၂၅၅၁–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉– ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက်၊ ခရစ်နှစ် ၂၀၀၈–ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်၊ တနင်္ဂနွေနေ့တွင် မန္တလေးမြို့ အတုလဝေယန်ကျောင်းတော်ကြီး၌ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးစီးဌာနက ကြီးမှူးကျင်းပအပ်သော ဓမ္မာစရိယစာချတန်းစာမေးပွဲ၊ ပဌမပြန်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်သည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အမြဲမပြတ် အမှတ်ရသင့်၊ အမှတ်ရထိုက်သော သာရဏီယဩဝါဒစကားပြောကြား ခွင့်ပြုတော်မူပါရန် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အမှူးရှိသော သံဃာတော်အပေါင်းအား လျှောက်ထားပါသည်ဘုရား။

ဓမ္မာစရိယစာချတန်းအောင် အရှင်မြတ်များနှင့် ပဌမပြန်စာမေးပွဲ၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီးနှင့် အားပေးချီးမြှောက်တက်ရောက်ကြည်ညိုကြသော ဒါယကာ,ဒါယိကာမအပေါင်းတို့...

ယနေ့ကျင်းပအပ်သော မဟာဘွဲ့နှင်းသဘင်အခမ်းအနားကြီးသည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားရေးကို အားပေးချီးမြှောက် ထောက်ပံ့ပူဇော်ကြသည့် သာသနာပြုပွဲသဘင်ကြီး ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်ကြီး အရှည်တည်တံ့ ပြန့်ပွားရေး၏ နိုင်းယှဉ်ကြောင်းပမာဏ အဓိကအချက်မှာ ပရိယတ်ပင်ဖြစ်သည်ကို သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၊ စာမျက်နှာ(၄၁၂-၄၁၃)တို့၌ -

**"သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ၊**

**ပဏ္ဍိတော တိ ပေဋကံ သုတွာ ဒွေပိ ပူရေတိ ။ပ။**

**တသ္မာ ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ"**ဟု မိန့်ဆိုတော်မူခဲ့ပါသည်။

အဓိပ္ပာယ်မှာ "ပဋိဝေဓ၊ ပဋိပတ္တိတို့က ရံခါရှိ၍ ရံခါမရှိသော်လည်း သာသနာတော်တည်တံ့ခြင်း၏ နိုင်းယှဉ်ကြောင်း လိုရင်းပမာဏ အဓိကအချက်မှာ ပရိယတ်သာဖြစ်သည်။ ပညာရှိသူသည် ပိဋကသုံးပုံဟူသော ပရိယတ်ကို နာကြား သင်ယူ၍ ပဋိဝေဓ၊ ပဋိပတ္တိနှစ်ပါးတို့ကိုလည်း ဖြည့်ကျင့်နိုင်၏။ ထို့ကြောင့် ပရိယတ်တည်လျှင် သာသနာတော်တည်၏"ဟု ဆိုလိုပါသည်။

ဗုဒ္ဓရှင်တော်မြတ်ကလည်း-

**"ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ၊ ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ သက္ကစ္စံ ဓမ္မံ သုဏန္တိ၊ သက္ကစ္စံ ဓမ္မံ ပရိယာပုဏန္တိ၊ သက္ကစ္စံ ဓမ္မံ ဓာရေန္တိ၊ သက္ကစ္စံ ဓာတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခန္တိ၊ သက္ကစ္စံ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇန္တိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ" (အံ၊ ၂၊ ၁၅၅-၁၅၆)**

"ရဟန်းတို့... ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရားတည်း ဟူသော သာသနာတော်တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ မကွယ်ပရန် ဖြစ်ကုန်၏။ အဘယ်ငါးမျိုးတို့နည်းဟူမူ -

ရဟန်းတို့...ဤသာသနာတော်၌ ရဟန်းတို့သည်-

- ပရိယတ်တရားတော်ကို ရိုသေစွာ နာကြားကုန်၏။

- ပရိယတ်တရားတော်ကို ရိုသေစွာ သင်ယူကုန်၏။
- ပရိယတ်တရားတော်ကို ရိုသေစွာ ဆောင်ထားကုန်၏။
- ဆောင်ထားအပ်သော ပရိယတ်တရားတို့၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ကုန်၏။
- အနက်အဓိပ္ပာယ်ကိုသိ၍၊ တရားသဘောကိုသိ၍ လောကုတ္တရာတရားအား လျော်သောအကျင့်ကို ရိုသေစွာကျင့်ကုန်၏။

ရဟန်းတို့... ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရားတည်းဟူ သော သာသနာတော်တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ မကွယ်ပရန်ဖြစ်ကုန်၏''ဟု ဟောတော်မူခဲ့ပါသည်။

ရှေးဆရာတော်များကလည်း စာသင်ငယ်တို့ မှတ်လွယ်ဆောင်လွယ်စေရန်–

''အင်္ဂုတ္တိုရ်လာ၊ သာသနာတည်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားကိုနာ၊ စာပေကိုသင်၊ နှုတ်တွင်ကျက်ဆောင်၊ သိအောင်လည်းပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကို၊ ကျင့်လတ်ကောင်းစွာ၊ ဤငါးဖြာတည်း'' ဟု လင်္ကာဆောင်ပုဒ် ရေးသားဖွဲ့စီတော်မူခဲ့ကြပါသည်။

ဤပါဠိတော်၊အဋ္ဌကထာလာသည့်အတိုင်း ရဟန်းတော်များဟာ ပရိယတ်ဟုခေါ်ဆိုအပ်သော မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားတော်များကို မသင်ယူကြပါက သိနားလည်ကြတော့မည်မဟုတ်ပါ။ ဒကာ,ဒကာမများကိုလည်း သိနားလည်အောင် ဟောပြနိုင်တော့မည်မဟုတ်ပါ။ ဤသည်ပင် ပရိယတ္တိသာသနာကွယ်ပျောက်မှုဖြစ်ပါသည်။ မသိနားမလည်ကြပါက လိုက်နာနိုင်ကြ၊ ကျင့်သုံးနိုင်ကြတော့မည်မဟုတ်ပါ။ ဤသည်ပင် ပဋိပတ္တိသာသနာကွယ်ပျောက်မှုဖြစ်ပါသည်။ မလိုက်နာကြ၊ မကျင့်သုံးနိုင်ကြပါက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို သိမြင်နိုင်ကြ၊ ရနိုင်ကြတော့မည်မဟုတ်ပါ။ ဤသည်ပင် ပဋိဝေဓသာသနာတော် ကွယ်ပျောက်မှုဖြစ်ပါသည်။

ရဟန်းတော်များဟာ ပရိယတ်ဟုခေါ်ဆိုအပ်သော မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားတော်များကို သင်ယူနေကြပါက တတ်သိနားလည်

နိုင်ကြပေလိမ့်မည်။ ဒကာ, ဒကာမများကိုလည်း သိနားလည်အောင် ဟောပြနိုင်ကြပေလိမ့်မည်။ ဤသည်ပင် ပရိယတ္တိသာသနာတော် တည်တံ့မှုဖြစ်ပါသည်။ တတ်သိနားလည်ကြပါလျှင် လိုက်နာကျင့်သုံးနိုင်ကြပေလိမ့်မည်။ ဤသည်ပင် ပဋိပတ္တိသာသနာတော်တည်တံ့မှုဖြစ်ပါသည်။ လိုက်နာကျင့်သုံးကြပါလျှင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို သိမြင်ရရှိနိုင်ကြပေလိမ့်မည်။ ဤသည်ပင် ပဋိဝေဓသာသနာတော်တည်တံ့မှု ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်၏ တရားတော်မြတ်တည်းဟူသော ပရိယတ်စာပေကို အတိုင်းအတာတစ်ခုအထိ သင်ယူတတ်မြောက်ကြသည့်အတွက် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ပူဇော်ခြင်းခံကြရသော ရဟန်းသာမဏေ အရှင်မြတ်များနှင့် စာအောင်ပုဂ္ဂိုလ်အားလုံးတို့သည်ပင် “ငါတို့သည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့အောင် တရားဖြင့်ချီးမြှောက်မှု = ဓမ္မာနုဂ္ဂဟဖြင့် သာသနာပြုနေကြသူများပါတကား”ဟု နှလုံးသွင်းဆင်ခြင်လျက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်တက်ကြွစွာဖြင့် ဆက်လက်၍ ကြိုးစားအားထုတ်ကြပါဟု လေးလေးနက်နက် တိုက်တွန်းပါသည်။

ပထမပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို စတင်တည်တော်မူခဲ့သည့် ပုဂံပြည့်ရှင်၊ အနော်ရထာမင်းစောခေါ် အနိရုဒ္ဓမင်းတရားကြီးသည် သထုံပြည်မှ ပိဋကတ်အစုံ(၃၀)တို့ကို ပင့်ဆောင်ကာ ပုဂံပြည်၌ မြတ်ဗုဒ္ဓသာသနာတော်ကို အခြေခိုင်အောင် တည်တံ့စေသကဲ့သို့ ယနေ့ ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်များ ခံယူကြသည့် အရှင်များလည်း သာသနာတော်၏ အုတ်မြစ်သဖွယ်ဖြစ်သော ပရိယတ်စာပေကို သင်အံလေ့ကျက် ဆောင်ရွက်အားထုတ်ခြင်းဖြင့် အနာဂတ်သာသနာတော်အခြေခိုင်အောင် ပြုစုစောင့်ရှောက်ကြမည့် သာသနာတော်၏ သားကောင်းရတနာများဖြစ်လိမ့်မည်ဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ယုံကြည်အားကိုးပါကြောင်း ထုတ်ဖော်ပြောကြားလိုပါသည်။

အထူးသတိပေးလိုတာကတော့ ယခုအချိန်မှာ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့် စာသင်သားသံဃာငယ်များမှာ စိတ်ဓာတ်ချောက်ချား သမာဓိပျက်ပြားပြီး စာပေပရိယတ်သင်ကြားမှု လျော့ရိလျော့ရဲဖြစ်နေကြတာကို ကြားသိတွေ့မြင်နေရပါသည်။ အဲဒီလို စိတ်ဓာတ်ချောက်ချား သမာဓိပျက်ပြားပြီး စာပေပရိယတ်သင်ကြား မှုလျော့ရဲနေကြလျှင် မိမိတို့အတွက်ရော၊ သာသနာတော်အတွက်ပါဆုံးရှုံးနစ်နာမှုကြီးတစ်ရပ် ကောနဲဖြစ်သွားပါလိမ့်မည်။ စာသင်သားသံဃာများအဖို့ စိတ်ဓာတ်ချောက်ချားဖို့ ဘာအကြောင်းမျှ မရှိပါ၊ သူများယောင်လို့ မယောင်မိကြဖို့ အရေးတကြီး လိုအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဂိုဏ်းပေါင်းစုံသံဃာထုကြီးတစ်ရပ်လုံးက ပြဋ္ဌာန်းထားတဲ့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားအပ်သော ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ သံဃာ့ဝန်ဆောင်ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့များ၊ မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များ၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များ၊ ပြည်နယ်/ တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ ဤသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ဟာ အခိုင်အမာရပ်တည်ပြီး သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော အဓိကဦးတည်ချက်သုံးရပ်ဖြင့် သာသနာ့ကိစ္စဟူသမျှတို့ကို ကြိုးပမ်းအားထုတ် ပြုလုပ်ဆောင်ရွက်နေကြပါသည်။ ဤသို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အခိုင်အမာရပ်တည်ပြီး သာသနာ့ကိစ္စများကို ဆောင်ရွက်နေကြသမျှကာလပတ်လုံး ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်ကြီး တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်ပါသည်။ သို့လောသို့လော တွေးတောယုံမှားစိတ်ဓာတ်ပျက်ပြား ဖွယ်မရှိပါ။

ထို့ကြောင့် စာသင်သားသံဃာငယ်များအဖို့ ဘာမျှစိတ်ဓာတ် ချောက်ချားဖို့ မလိုပါ။ သူများယောင်သည်ကို လိုက်ပါပြီး မယောင်မိဘဲ **"သကိစ္စမနုယုဉ္ဇေယျ"**

ဟူသော ဗုဒ္ဓရှင်တော်မြတ်၏ အမိန့်အာဏာတော်ကိုသာ လေးလေးနက်နက် ဦးထိပ်ပန်ဆင်ကာ မိမိတို့၏လုပ်ငန်းကိစ္စဖြစ်သည့် ပရိယတ်၊ပဋိပတ်များကို ကြိုးကြိုးစားစား အားထုတ်တော်မူကြပါလို့ သတိပေးစကား ပြောကြားလိုက်ပါသည်။

နိုင်ငံတော်အစိုးရအမှူးပြုသော သမ္မာဒိဋ္ဌိက ဗုဒ္ဓဘာသာဝင် ဥပါသကာ, ဥပါသိကာမအပေါင်းတို့ကလည်း ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဝသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက် သာသနာပြုနေကြသော သံဃာတော်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသော ပစ္စည်းဝတ္ထုတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းဟူသော အာမိသာနုဂ္ဂဟဖြင့်လည်းကောင်း၊ တရားဓမ္မဩဝါဒတို့ကို နာကြားခြင်း၊ လိုက်နာကျင့်သုံးခြင်းဟူသော ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ချီးမြှောက်ကြလျက် သာသနာပြုကြရမည်ဖြစ်ပါသည်။

ဤသို့ ရှင်ဘက်၊ လူဘက် နှစ်ဖက်လုံး ညီညီညာညာ ထက်သန်စွာသော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ ပြန့်ပွား ထွန်းကားတိုးတက်အောင် သာသနာပြုနိုင်ကြပါစေ၊ သာသနာပြုနိုင်ကြသဖြင့် မိမိတို့၏အကျိုးစီးပွား တိုးပွားဖြစ်ထွန်းကြ၍ နိဗ္ဗာန်တိုင်အောင်သော ချမ်းသာသုခရရှိကြပါစေဟု အာသီသပတ္ထနာပြုလျက် သာရဏီယဩဝါဒကထာကို ဤမှာပင် နိဂုံးကမ္ပတ် အဆုံးသတ်ပါသတည်း။

## ၁၃၆၆-ခုနှစ်၊ နတ်တော်လပြည့်၊ (၂၆-၁၂-၂၀၀၄) တနင်္ဂနွေနေ့ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းမဏ္ဍပ်ရုံကြီးဟွင် ကျင်းပသည့် ဒသမအကြိမ် သာသနတက္ကသီလမဟာဓမ္မာစရိယနှင့်သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့နှင်းသဘင် အခမ်းအနားဌ် မိန့်ကြားတော်မူအပ်သော သခရဏီယသြဝါဒကထာ

သာသနာရေးဝန်ကြီးဌာနကကြီးမှူး၍ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနက ကျင်းပပြုလုပ်သော ဒသမအကြိမ် သာသနတက္ကသီလမဟာဓမ္မာစရိယနှင့် သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ ဂုဏဝိသိဋ္ဌပူဇာသဘင်သို့ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် သက်တော်မှူးပ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင် ဆရာတော်များအမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသံဃာတော် အရှင်သူမြတ်တို့ဘုရား...ဤဂုဏဝိသိဋ္ဌပူဇာသဘင်အခမ်းအနားဌ် တက္ကသိုလ်ကြီးများ၏ အဓိပတိဆရာတော်အနေဖြင့် သမ္မောဒနီယသြဝါဒကထာ ပြောကြားခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ပါသည် ဘုရား။

သာသနတက္ကသီလဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲသို့ စိတ်အားထက်သန်စွာ ရှေးဦးညီညာ တက်ရောက်လာကြသော မန္တလေးတိုင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အမှူးပြုသော ဌာနဆိုင်ရာ

အကြီးအကဲများ၊ ဗုဒ္ဓဘာသာဝင်သူတော်စင် ဒါယကာ,ဒါယိကာမအပေါင်းတို့...

"ဂုဏဝသေန တိ သမ္ဗုဒ္ဓဿ ယထာနာမ ရာဇာ စက္ကဝတ္တိ စက္ကရတနာနုဘာဝေန စက္ကဝါဠဂဗ္ဘေ ရဇ္ဇသိရိံ ပတ္တာ" စသည်ဖြင့် အင်္ဂုတ္တရအဋ္ဌကထာ မိန့်မှာပြဆိုအပ်သည့်အတိုင်း လေးကျွန်းသနင်း စကြဝတေးမင်းသည် စကြာရတနာ၏အာနုဘော်ဖြင့်စကြဝဠာတိုက်ဝယ်စကြဝတေး၏အသရေ(စကြဝတေးမင်းအဖြစ်)သို့ရောက်ပြီးနောက် ကြောင့်ကြမဲ့မနေဘဲ အချိန်အခါအားလျော်စွာနှိပ်ကွပ်ထိုက်သူတို့ကို နှိပ်ကွပ်ဆုံးမ၍ ချီးမြှောက်ထိုက်သူတို့ကို ချီးမြှောက်လေသည်။

ဤအတူပင် သုံးလောကထွတ်ဖူး အောင်ပွဲမှူးသခင် ဘုရားရှင်သည်လည်း မဟာဗောဓိမဏ္ဍိုင်၌ ရတော်မူအပ်သော သဗ္ဗညုတဉာဏ်၏ အာနုဘော်ဖြင့် တရားမင်းအဖြစ်သို့ ရောက်တော်မူပြီးနောက် အနုတ္တရ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူလျက် အေးအေးလူလူ ကြောင့်ကြမဲ့နေတော်မမူဘဲ ပရိသတ်လေးပါးတို့အလယ် တင့်တယ်စွာခင်းထားအပ်သော မြတ်သော ဘုရားရှင့်နေရာတော်ဝယ် သီတင်းသုံးနေထိုင်တော်မူကာ တပည့်သာဝက, သာဝိကာများဖြစ်ကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသောပရိသတ်တို့အား တရားစမ္ပယောဂြတော်မူလျက် နှိပ်ကွပ်ထိုက်သည့် ကိုယ်ကျင့်တရား မကောင်းသူများကို မြင့်မိုရ်တောင်ခြေရောက် အောက်ပစ်ချလိုက်သလို နှိပ်ကွပ်ဆုံးမတော်မူ၍ ချီးမြှောက်ထိုက်သည့် ကိုယ်ကျင့်တရားကောင်းမွန်သူများကို ဘဝဂ်ဘုံရောက် ပင့်မြှောက်တင်ထားလိုက်သလို ချီးမြှောက်တော်မူခဲ့လေသည်။

ဤသို့ စကြဝတေးမင်းနှင့် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်တို့၏ လောကအကျိုးစီးပွား၊ သာသနာတော်အကျိုးစီးပွားကို ပြုကျင့်တော်မူကြခြင်းဟူသော ပဝေဏီထုံးဥပဒေသကို နှလုံးသွင်းကြလျက် ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရတို့သည်လည်း ရှေးရှေးသော သာသနာပြုမင်းကောင်းမင်းမြတ်တို့ ကျင့်သုံးခဲ့သော ပဝေဏီထုံးဟောင်း အစဉ်အလာကောင်းကို လိုက်နာကျင့်သုံးသောအားဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊လမ်းများပြုပြင်ဖောက်လုပ်ခြင်း၊

မြစ်ကူးတံတားကြီးများတည်ဆောက်ခြင်းစသော တိုင်းပြုပြည်ပြုလုပ်ငန်းကြီးများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာတွင် တစ်ဖက်မှလည်း ဗုဒ္ဓမြတ်စွာသာသနာတော်ကို အားပေးချီးမြှောက်ထောက်ပံ့လိုသော စေတောပဏိဓိ နှလုံးသွင်းရှိကြသဖြင့် သာသနာတော်အရှည်တည်တံ့၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်အောင် စွမ်းစွမ်းတမံ ရွက်ဆောင်တော်မူကြသည့်နည်းတူ ပြည်သူပြည်သား စေတနာရှင် ဒါယကာ, ဒါယိကာမအပေါင်းတို့ကလည်း ဝိုင်းဝန်းချီးမြှောက် ထောက်ပံ့ ပူဇော်လျက် ရှိကြပေသည်။

ဤသို့ ပူဇော်သင့်၊ ပူဇော်ထိုက်သော ပူဇာရဟပုဂ္ဂိုလ်တို့ကို ထိုက်ထိုက် တန်တန် ပူဇော်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်တကွ စေတနာရှင် ဒါယကာ,ဒါယိကာမအပေါင်းတို့သည်-

ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။
တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညသင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ။

ဟူသော ဒေသနာတော်အရ ဤမျှဤမျှ ဂဏန်းချ၍ ပြောပြခြင်းငှာမတတ်နိုင်သော ပစ္စုပ္ပန်၊တမလွန် နှစ်တန်သော အကျိုးတရားတို့ကို ရရှိခံစားကြရမည်ဖြစ်သည့်အပြင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့အောင်၊ စည်ပင်ပြန့်ပွား ထွန်းကား တိုးတက်အောင် ဆောင်ရွက်ပြုစုကြသော သာသနာပြုမင်းကောင်းမင်းမြတ်များ၊ သာသနာပြုသူတော်ကောင်း ဥပါသကာ, ဥပါသိကာမများ ဖြစ်ကြပေသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် ရဟန်းတော်တို့က ဓမ္မာနုဂ္ဂဟဖြင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရမင်းများနှင့် ပြည်သူ့ပြည်သား၊ ဒါယကာ,ဒါယိကာမ များက အာမိသာနုဂ္ဂဟဖြင့်လည်းကောင်း စုပေါင်းညီညာ ချီးမြှောက်ကြမှသာလျှင် အရှည်တည်တံ့၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်နိုင်ပေမည်။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်မှသာ

ဗုဒ္ဓယဉ်ကျေးမှုနှင့် ဆက်စပ်လျက် တိုးတက်မြင့်မားလာခဲ့သော ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီးသည်လည်း ရေမြင့်ကကြာတင့်သကဲ့သို့ အဖက်ဖက်မှ တိုးတက် မြင့်မားလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိပေ လိမ့်မည်။

သို့ဖြစ်၍ -

**သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။**

**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။ (ဣတိဝုတ်၊၂၇၀)**

သာဂါရာစ၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ခေါင်းဆောင်ရှေ့သွား (နိုင်ငံတော်အစိုးရအမှုးရှိသော) ဒါယကာ,ဒါယိကာမများတို့သည်လည်းကောင်း။ အနဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်၌ ခေါင်းဆောင်ရှေ့သွား ဆရာတော် ဘုရားတို့သည်လည်းကောင်း။ ဥဘော၊ တိုင်းပြည်သာယာ သာသနာတိုးတက် တန့်ရိုးလက်ဖို့ အဖက်ဖက်မှ မလစ်ရအောင် လုံ့လကြိုးကုတ် အားထုတ်ကြငြား နှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမည် မယွင်း အချင်းချင်းလျှင် မှီတင်းယှက်နွှဲ မြဲထက်မြဲအောင် လက်တွဲကြကုန်လျက်။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ကြောင်းမှန်သော။ အနုတ္တရံ၊ အသာအလွန်မရှိ မြတ်ခေါင်ထိသော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ အာရာဓယန္တိ၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် မလင့်ပုံသေ ပြီးစီးနိုင်ကြပါစေကုန် သတည်းဟု အာသီသပတ္ထနာ မေတ္တာပုဗ္ဗင်္ဂမဖြင့် ဩဝါဒကထာကို ဤမှာပင် ကမ္မတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသတည်း။

## ၁၃၆၇–ခုနှစ်၊ နတ်တော်လပြည့်နေ့(၁၅–၁၂–၂၀၀၅)ကြာသပတေးနေ့ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းမဏ္ဍပ်ကြီးတွင် ကျင်းပသည့် ကောဒသမအကြိမ် သာသနတက္ကသီလမဟာဓမ္မာစရိယနှင့်သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့နှင်းသဘင်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ

သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့တံဆိပ်၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့တံဆိပ်ကို ခံယူတော်မူကြမည့် သာသနာ့အာဇာနည်အရှင်တို့ဘုရား...

အရှင်တို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အသက်ထက်ဆုံး အောက်မေ့သင့်၊ အောက်မေ့ထိုက်သော သာရဏီယဩဝါဒ မြွက်ကြားလိုသည်မှာ –

အရှင်တို့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၌ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူသော သုံးပြာသောပိဋကတ်များကို ခေတ်အမြင်၊ ခေတ်လေ့လာနည်းဖြင့် လေ့လာသင်ယူပြီးကြပြီး ဖြစ်ပါသည်။

အရှင်ဘုရားတို့ လေ့လာသင်ယူအပ်ပြီးသော ထိုပိဋကတ်များဝယ်–

ပရိယတ္တိဘေဒံ သမ္ပတ္တိံ၊ ဝိပတ္တိဥ္စာပိ ယံ ယတိ။
ပါပုဏာတိ ယထာ ဘိက္ခု၊ တမ္ပိ သဗ္ဗံ ဝိဘာဝယေ။

ဟူ၍ သမန္တပါသာဒိကာအဋ္ဌကထာ၌ ဖော်ပြအပ်သော ပရိယတ္တိအပြားသုံးပါးတို့တွင်

ပုထုဇဉ်၊ သေက္ခတို့နှင့် သက်ဆိုင်သော အလဂဒ္ဒူပမာပရိယတ္တိကို ရှောင်ရှား၍ နိဿရဏတ္ထပရိယတ္တိဖြစ်အောင် အရှင်တို့ လေ့လာသင်ယူတော်မူခဲ့ကြမည်ဟု ယုံကြည်ပြီးဖြစ်ပါသည်။

ဤသို့ အလဂဒ္ဒူပမာပရိယတ္တိကို ရှောင်ရှား၍ နိဿရဏတ္ထပရိယတ္တိဖြစ်အောင် လေ့လာသင်ယူတော်ကြမှသာ ဝိပတ္တိလွတ်မြောက်၊ သမ္ပတ္တိဆိုက်ရောက်မည် ဖြစ်ပါသည်ဘုရား။

အရှင်တို့ဘုရား... သမန္တပါသာဒိကာမည်သော ဝိနည်းအဋ္ဌကထာ၌ -

**"ဝိနယေ ပန သုပ္ပဋိပန္နော ဘိက္ခု သီလသမ္ပတ္တိံ နိဿာယ တိဿော ဝိဇ္ဇာပါပုဏာတိ"**

ဝိနည်းပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် သီလ၏ ပြည့်စုံခြင်းကို မှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်နိုင်၏-ဟု မိန့်ဆိုတော်မူပါသည်။ (ဝိနည်းပိဋကကို နိဿရဏတ္ထပရိယတ္တိဖြစ်အောင် ကောင်းစွာသင်ယူ၍ ဝိနည်းပိဋကမှာ လာသည့်အတိုင်း သီလကို ပြည့်ကျင့်သောရဟန်းကို ဝိနည်း၌ ကောင်းစွာကျင့်သော ရဟန်းဟု ဆိုပါသည်။)

အရှင်တို့ဘုရား...ဝိနည်းပိဋကကို မတတ်သိ၊ မကျွမ်းကျင်လျှင် ရှောင်ရမည့်အရာ၊ ကျင့်ရမည့်အရာတို့ကို မသိနိုင်ပါ။ ဝိနည်းပိဋကကို တတ်သိကျွမ်းကျင်မှသာ ရှောင်ရမည့်အရာ၊ ကျင့်ရမည့်အရာတို့ကို ခွဲခြားသိမြင်နိုင်ပါသည်။ ရှောင်ရမည့်အရာ၊ ကျင့်ရမည့်အရာတို့ကို ခွဲခြားသိမြင်မှသာလျှင် ရှောင်သင့်သည်ကိုရှောင်၊ ကျင့်သင့်သည်ကိုကျင့်၍ သီလပြည့်စုံနိုင်ပါသည်။ ဤသီလပြည့်စုံခြင်း (သီလသမ္ပဒါ)က ဝိဇ္ဇာသုံးပါးအား ပကတူပနိဿယဖြင့် ကျေးဇူးပြုနိုင်ပါသည်။ ထို့ကြောင့် "ဝိနည်းပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် သီလပြည့်စုံခြင်းကိုမှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်နိုင်၏" ဟု မိန့်ဆိုတော်မူပါသည်။

ထပ်မံ ရှင်းပြပါဦးမည်။ ဝိနည်းပိဋက၊ ဝေရဥ္စကဏ္ဍ၌ ပု၊ ဒိ၊ အာ-ဟူသော ဝိဇ္ဇာသုံးပါးတို့ကို အကျယ်ဟောတော်မူထားပါသည်။ ဝိနည်းပိဋကကို လေ့လာ

သင်ယူစဉ် ထိုဝိဇ္ဇာသုံးပါးတို့ကို သိရသဖြင့် ဝိဇ္ဇာသုံးပါးတို့ကို ရလိုသောအဇ္ဈာသယ ဆန္ဒပြင်းပြလျက် ရှိပါသည်။ ထို့ကြောင့် သီလပြည့်စုံမှု (သီလသမ္ပဒါ)ကို အခြေခံ၍ ဝိပဿနာတရား အားထုတ်သောအခါ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် အဇ္ဈာသယအားလျော်စွာ ဝိဇ္ဇာသုံးပါးတို့ ပြည့်စုံလာရပါသည်။

အရှင်တို့ဘုရား...

**"သုတ္တေ သုပ္ပဋိပန္နော သမာဓိသမ္ပဒံ နိဿာယ ဆ အဘိညာ ပါပုဏာတိ"**

သုတ္တန်ပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိ၏ ပြည့်စုံခြင်းကိုမှီ၍ အဘိညာဉ်ခြောက်ပါးတို့သို့ ရောက်နိုင်၏-ဟူ၍ လည်းကောင်း၊

**"အဘိဓမ္မေ သုပ္ပဋိပန္နော ပညာသမ္ပဒံ နိဿာယ စတဿော ပဋိသမ္ဘိဒါ ပါပုဏာတိ"**

အဘိဓမ္မပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် ပညာ၏ ပြည့်စုံခြင်းကိုမှီ၍ ပဋိသမ္ဘိဒါလေးပါးတို့သို့ ရောက်နိုင်၏-ဟူ၍လည်းကောင်း ယင်းအဋ္ဌကထာ၌ မိန့်ဆိုတော်မူပါသည်။

သုတ္တန်ပိဋကကို ကောင်းစွာသင်ယူသူသည် ထိုသုတ္တန်ပိဋကဝယ် အကျယ်ဟောတော်မူအပ်သော ဈာန်အဘိညာဉ်တို့ကို သင်ယူလေ့လာစဉ် ထိုဈာန် အဘိညာဉ်တို့ကို ရလိုသော အဇ္ဈာသယဆန္ဒ ပြင်းပြလျက်ရှိတတ်ပါသည်။ ထို့ကြောင့် ဈာန်သမာဓိကို ကြိုးစားအားထုတ်၍ ဥပစာရသမာဓိလောက်ရောက်လျှင်ပင် ဝိပဿနာသို့တက်၍ အရဟတ္တမဂ်ကိုရသည့်အခါ အထုံပါလာသော သမာဓိကြောင့် အဘိညာဉ်ခြောက်ပါးတို့လည်း ပြီးစီးရပါသည်။

အဘိဓမ္မပိဋကကို ကောင်းစွာသင်ယူသူသည် နာမ်ရုပ်နှစ်ပါးကို ခွဲခြားနိုင်သော ပညာနှင့်ပြည့်စုံနိုင်ပါသည်။ ထိုပညာကို အခြေခံ၍ အရဟတ္တမဂ်ကို ရသောအခါ ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်း တစ်ပါတည်းရနိုင်ပါသည်။

ထပ်၍ ရှင်းပြပါဦးမည်။ အဘိဓမ္မပိဋက၊ ပဋ္ဌာန်းဒီပနီ ဝိဘင်းဝယ် ပဋိသမ္ဘိဒါ တို့ကို အကျယ်ဟောတော်မူထားပါသည်။ ထိုပဋိသမ္ဘိဒါတို့ကို လေ့လာသင်ယူစဉ် ပဋိသမ္ဘိဒါဉာဏ်ကိုရလိုသော ဆန္ဒပြင်းပြလျက် ရှိနေတတ်ပါသည်။ ထို့ကြောင့် အဘိဓမ္မပိဋကကို လေ့လာသင်ယူ၍ ရရှိသောပညာ၏ ပြည့်စုံခြင်း (ပညာသမ္ပဒါ)ကို ဉပနိဿယပစ္စည်းပြု၍ ဝိပဿနာတရားအားထုတ်သောအခါ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် အဓ္ဈာသယအားလျော်စွာ ပဋိသမ္ဘိဒါလေးပါးတို့လည်း ပြီးစီးရပါသည်။

သို့ဖြစ်၍ သာသနတက္ကသိုလမဟာဓမ္မာစရိယဘွဲ့တံဆိပ်နှင့် သာသန တက္ကသိုလဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူကြမည့် သာသနာ့အာဇာနည် အရှင်တို့သည်လည်း ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သုံးဖြာသော ပိဋကတော်များကို အဖွင့်သံဝဏ္ဏနာ၊ အဌကထာ၊ ဋီကာနှင့်တကွ ကျနသေချာ လေ့လာသင်ယူခြင်းဖြင့် လျှို့ဝှက်ခဲကပ် ဒုန္နယတ်ကို ပြတ်ပြတ်သားသား ပိုင်းခြားသိမြင်ကြ၍ နိဿရဏတ္ထ စာသင်နည်းကို လက်ကိုင်ထားရှိကြသူများပီပီ ''သီလကိုဟောသောအရာ၊ သမာဓိကိုဟောသောအရာ၊ ပညာကိုဟောသောအရာတို့၌ ထိုကျမ်းဂန်တို့၌လာ သော သိက္ခာသုံးတန်တို့ ငါ့သန္တာန်ဝယ် ကေန်ဖြစ်ပွားအောင် ကြိုးစားအားထုတ် မည်''ဟူသော ယောနိသောမနသိကာရ လက်ကိုင်ထားရှိကြသူများ ဖြစ်ကြ၍ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူကြသဖြင့် ဝိဇ္ဇာသုံးအင် အဘိညာဉ်ခြောက်ဖြာ ပဋိသမ္ဘိဒါလေးဝ လောက်ကော့လို ပြည့်စုံကြသည့် တေဝိဇ္ဇက၊ ဆဠဘိညာ၊ ပဋိသမ္ဘိဒါပတ္တ၊ ဂုဏ်ထူးရသည့် ပဋိဝေဓဉာဏ်ရှင် သူတော်စင်များဖြစ်ကြ၍ အသင်္ခတစခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါစေဟု ပတ္ထနာပြုလျက် သာရဏီယ ဩဝါဒကထာကို ဤမှာပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသတည်း။

## ၁၃၆၈–ခုနှစ်၊ နတ်တော်လပြည့်၊ (၄–၁၂–၂၀၀၆) တနင်္လာနေ့ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းဓမ္မာရုံကြီးတွင် ကျင်းပသည့် ဒွါဒသမအကြိမ် သာသနတက္ကသိလမဟာဓမ္မာစရိယနှင့်သာသနတက္ကသိလဓမ္မာစရိယ ဘွဲ့နှင်းသဘင်အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ

သာသနာရေးဝန်ကြီးဌာနက ကြီးမှူး၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကျင်းပပြုလုပ်အပ်သော ဒွါဒသမအကြိမ် သာသနတက္ကသိလမဟာဓမ္မာစရိယနှင့် သာသနတက္ကသိလဓမ္မာစရိယ ဘွဲ့နှင်းသဘင်အခမ်းအနား၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိအဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကိုယ်စားအဖြစ်ဖြင့်လည်းကောင်း အသက်ထက်ဆုံး အောက်မေ့ထိုက်သော သာရဏီယဩဝါဒစကား ပြောကြားလိုပါသည်။

ဘွဲ့ခံ သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား...

အရှင်တို့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၌ နိကာယ်ငါးရပ် ပိဋကတ်တော်များကို ခေတ်မီလေ့လာသင်ယူနည်းဖြင့် လေ့လာသင်ယူကြပြီးဖြစ်ရာ အရှင်တို့လေ့လာသင်ယူခဲ့သော ဝိနည်းအဋ္ဌကထာစသည်တို့၌ ပြဆိုအပ်သော –

- အလဂဒ္ဒူပမာ ပရိယတ္တိ
- နိဿရဏတ္ထ ပရိယတ္တိ
- ဘဏ္ဍာဂါရိက ပရိယတ္တိ

ဟူသော စာပေကျမ်းဂန်သင်ယူမှု ပရိယတ္တိသုံးမျိုးကို လေ့လာကြပြီး ဖြစ်ပါလိမ့်မည်။ ထိုသုံးမျိုးအနက် နောက်ဆုံးဖြစ်သော ဘဏ္ဍာဂါရိကပရိယတ္တိဆိုသည်မှာ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ စသော ရဟန္တာအရှင်မြတ်တို့၏ စာပေပရိယတ်သင်ကြားပို့ချမှုသာ ဖြစ်ပါသည်။ ရဟန္တာအရှင်မြတ်တို့သည် မိမိတို့အတွက် မဟုတ်ဘဲ ဘဏ္ဍာတိုက်စိုးများသည် မင်း၏ဘဏ္ဍာများ၊ တိုင်းပြည်၏ဘဏ္ဍာများကို မပျောက်မပျက်အောင် စောင့်ရှောက်သကဲ့သို့ တရားတော်အစဉ်အဆက်ကို စောင့်ရှောက်ခြင်း၊ မြတ်စွာဘုရား၏ အနွယ်အဆက်ကို စောင့်ရှောက်ခြင်း အကျိုးငှာ စာပေပရိယတ်ကို သင်ကြားပို့ချတော်မူကြပါသည်။

မိမိတို့၏ စာပေကျမ်းဂန်သင်ယူမှု ပရိယတ္တိသည် ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်များအတွက် ဖြစ်ခွင့်ရှိသော ရှေ့ပရိယတ်နှစ်မျိုးတို့အနက် မြွေဖမ်းမလိမ္မာသူ၏ မြွေဖမ်းခြင်းနှင့်တူသော အလဂဒ္ဒူပမာပရိယတ္တိ မဖြစ်စေဘဲ သံသရာဝဋ်မှ လွတ်မြောက်ခြင်းအကျိုးရှိသော နိဿရဏတ္ထပရိယတ္တိဖြစ်အောင် သတိဆောင်တော်မူကြပါဟု သတိပေးလိုပါသည်။

### ဘွဲ့ခံ သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား...

ပရိယတ္တိစာပေ သင်ယူပြီးနောက် ပုဂ္ဂလပညတ်ပါဠိတော်လာ ကြွက်နှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့တွင် တွင်းလည်းတူး အောင်းလည်းအောင်းသောကြွက်ကဲ့သို့ သုတ္တဂေယျ၊ ဝေယျာကရဏစသော ပိဋကတ်တော်ကိုသင်ယူပြီး သစ္စာလေးပါးတရားကိုလည်း သိအောင်ပြုသည့် ပိဋကတ်လည်းတတ် အမှန်တရားကိုလည်းသိသော ပုဂ္ဂိုလ်မျိုးဖြစ်အောင် ကျင့်ကြံသွားကြရန် လိုအပ်ပါသည်။ အရှင်တို့သည် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးစုံကိုလည်း အထိုက်အလျောက် သင်ယူမှတ်သား ကျင့်ကြံကြပြီး ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားသခင်က ဝိနည်းမဟာဝါမှာ သာသနာပြုစေလွှတ်ပုံ၊ သာသနာပြုရန် နည်းလမ်းများကို ညွှန်ကြားထားပြီး ဖြစ်ပါသည်။ သာသနာပြုရန်နည်းမှာ သတ္တဝါတို့ချမ်းသာခြင်းငှာ၊ အစီးအပွားအလို့ငှာ အစ၊အလယ်၊အဆုံး

သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံသော တရားတော်ကို ဟောပြရန်ပင်ဖြစ်ပါသည်။ ဟောပြသောအခါမှာလည်း ဓမ္မကထိကပုဂ္ဂိုလ်လေးမျိုးတွင် အနည်းငယ်ကိုလည်း ဟော၏၊ အကျိုးအကြောင်းနှင့် စပ်သည်ကိုလည်း ဟော၏၊မိမိပရိသတ်ကိုလည်း အကျိုးအကြောင်း ဟုတ်သည်၊ မဟုတ်သည်၌ ဟောပြောပြသသော ပုဂ္ဂိုလ်တစ်ဦး၊ အများကိုလည်းဟော၏၊ အကျိုးအကြောင်းနှင့် စပ်သည်ကိုလည်း ဟော၏၊ မိမိပရိသတ်ကိုလည်း အကျိုးအကြောင်း ဟုတ်သည်၊မဟုတ်သည်၌ လိမ္မာအောင်လည်း ဟောပြောသောပုဂ္ဂိုလ်တစ်ဦး၊ ဤပုဂ္ဂိုလ်နှစ်ဦးကဲ့သို့ကျင့်သုံးရန်လည်းလိုအပ်ပါသည်။

## ဘွဲ့ခံ သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား...

နောက်ဆုံးတစ်ချက်အနေနဲ့ မှာကြားလိုတာကတော့ အရှင်တို့သည် မိမိတို့ ကိုယ်တိုင် ပရိယတ်၊ ပဋိပတ်တရားများကို နှစ်ရှည်လများကြိုးစားသင်ယူခဲ့ကြပြီး ဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်အတွက် များစွာအထောက်အကူပြုနိုင်သော အရည်အချင်းပြည့်ပုဂ္ဂိုလ်များအဖြစ် သိမှတ်ယုံကြည်ပါသည်။ သို့ဖြစ်၍ မိမိတို့တတ်သိနားလည်ထားသည်ကို ပိုမိုတတ်သိနားလည်အောင် ဆက်လက်လေ့လာသင်ယူကြပြီး မသိမလိမ္မာသေးသော အခြားပုဂ္ဂိုလ်များကိုလည်း တတ်သိနားလည်အောင် ဟောပြောပြသ ဆိုဆုံးမကြဖို့ တိုက်တွန်းလိုပါသည်။

စတုတ္ထပုဂ္ဂလပညတ်ပါဠိတော်မှာ –

၁။ သူတော်ကောင်း မဟုတ်သော သူယုတ်မာပုဂ္ဂိုလ်၊

၂။ သူတော်ကောင်း မဟုတ်သော သူယုတ်မာအောက် သာလွန်၍ သူတော်ကောင်း မဟုတ်သော သူယုတ်မာပုဂ္ဂိုလ်၊

၃။ သူတော်ကောင်း(ကောင်းသော)ပုဂ္ဂိုလ်၊

၄။ သူတော်ကောင်း(ကောင်းသော)ပုဂ္ဂိုလ်ထက် သာလွန်သော သူတော်ကောင်း (ကောင်းသော)ပုဂ္ဂိုလ် ဟူ၍ ရှိရာတွင် –

အမှတ်စဉ်(၄)ဖြစ်သော ပုဂ္ဂိုလ်ကဲ့သို့ မိမိလည်း မကောင်းမှုဒုစရိုက်တရားတို့မှ ရှောင်ကြဉ်ကြပြီး သူတစ်ပါးတို့အားလည်း မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်စေ

ကာ မိမိလည်း သုစရိုက်တရားတို့ကို လိုက်နာကျင့်သုံးပြီး သူတစ်ပါးတို့ကိုလည်း လိုက်နာကျင့်သုံးစေသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များအဖြစ် ပြည်တွင်း၊ပြည်ပနှစ် ဌာနတို့၌ ဆင်းရဲချမ်းသာမရွေး ကျေးလက်တောရွာပါမကျန် နေထိုင်သီတင်းသုံး၍ သာသနာပြုခြင်း၊ လူအများတွေကြုံ ခံစားနေရသော ကိုယ်စိတ်ဆင်းရဲခြင်း၊ နလုံး မသာယာခြင်းနှင့် စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓမြတ်စွာတရားဒေသနာတော်ဖြင့် သက်သာပျောက်ကင်း ချမ်းသာစေခြင်းတို့ဖြင့် ပရဟိတပဋိပန္နပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင်လည်း ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြ၍ မြတ်စွာဘုရား သာသနာတော်ဝယ် တံခွန်အောင်လံသဖွယ် ထင်ရှားသည့် ရှေ့သွားခေါင်းဆောင်များ ဖြစ်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုလျက် ဩဝါဒကထာကို နိဂုံးချုပ်ပါသည် သာသနတက္ကသိလမဟာဓမ္မာစရိယနှင့် သာသနတက္ကသိလဓမ္မာစရိယဘွဲ့ခံ သာသနာ့အာဇာနည် အရှင်တို့ဘုရား။

## ရန်ကုန်မြို့
## အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များ ပညာရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား၌ မိန့်ကြားတော်အပ်သော အစည်းအဝေးဖွင့် သမ္မောဒနီယသန္ဒေသကထာ

- ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်မြတ်များ
- ပြည်ပနိုင်ငံများမှ လာရောက်ကြသည့် ဗုဒ္ဓဘာသာသုတေသီများ
- ဧည့်သည်တော်များနှင့် သူတော်ကောင်းအပေါင်းတို့...

ယနေ့ကျင်းပအပ်သော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာ တက္ကသိုလ်များ ပညာရေးနှီးနှောဖလှယ်ပွဲသို့ ရှင်လန်းတက်ကြွစွာ တက်ရောက်ကြသည်ကို တွေ့မြင်ရသဖြင့် မြတ်ဗုဒ္ဓသာသနာတော်ကြီး၏ အနာဂတ်အရေးအတွက် လွန်စွာအားတက် ဝမ်းသာရပါကြောင်း ရွှေဦးစွာ နှုတ်ခွန်းဆက်ပြောကြားလိုပါသည်။ မိမိတို့၏ ကိုယ်စိတ်ပင်ပန်း နွမ်းနယ်မှုကို အလေးမထားဘဲ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ထွန်းကား ပြန့်ပွားလာစေရန်အတွက် ယခုကဲ့သို့ လာရောက် ကြိုးစားဆောင်ရွက်ကြသည်ကို တွေ့မြင်ရသဖြင့် သုတေသီများအားလုံး ဧည့်သည်တော်များအားလုံးကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

ယခုကျင်းပသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ ပညာရေးနှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်သဖြင့် လွန်စွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ နိုင်ငံပေါင်း

(၁၃)နိုင်ငံမှ ဗုဒ္ဓဘာသာကောလိပ်(၂၂)ခု၊ တက္ကသိုလ်(၁၅)ခုတို့မှ ထေရဝါဒ ဗုဒ္ဓဘာသာ သုတေသီပညာရှင်များ ယခုကဲ့သို့ စုဝေးပူးပေါင်း၍ ထေရဝါဒဗုဒ္ဓဘာသာ တရားတော်များကို အဆင့်မြင့်မြင့် စနစ်တကျပို့ချသင်ကြားရေးအတွက် စုဝေးညှိနှိုင်းတိုင်ပင်ကြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်မည်ဟု ယူဆပါသည်။ ထူးကဲမွန်မြတ်သော "ဓမ္မသာကစ္ဆာပွဲ"ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင်ခန့်က ပုဂံခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာ ထင်ထင်ရှားရှား ဝင်ရောက်လာချိန်မှ စတင်၍ ဘုန်းတော်ကြီးကျောင်းများတွင် ထေရဝါဒဗုဒ္ဓဘာသာ ပိဋကတ်စာပေများကို ရိုသေလေးစားစွာ နာယူမှတ်သားပြီး လက်တွေ့ကျင့်သုံးလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ထိုကာလမှစတင်ပြီး ရဟန်းသံဃာတော်များသည် ပရိယတ္တိစာပေများကို လက်ဆင့်ကမ်း ပို့ချသင်ယူလာခဲ့ကြသလို ပရိယတ္တိကည္ဝန်ပြသော ပဋိပတ္တိကျင့်စဉ်များကိုလည်း လိုက်နာကျင့်ဆောင်ခဲ့ကြပါသည်။ ပရိယတ္တိစာပေသမိုင်းတစ်လျှောက် မြန်မာဆရာတော်များက လက်ဆင့်ကမ်း သင်ကြားပို့ချလာခဲ့သလို အရှင်အဂ္ဂဝံသပြုစုသော သဒ္ဒနီတိကျမ်းမှစတင်၍ ပါဠိသဒ္ဒါကျမ်းများ၊ သုတ္တန်အဖွင့်ကျမ်းများ၊ ဝိနိစ္ဆယဖြတ်ထုံးများ၊ အဘိဓမ္မာအဖွင့်ကျမ်းများနှင့် အရကောက်ကျမ်းများကိုလည်း စာသင်သားများအနေဖြင့် ပိဋကတ်စာပေနယ်သို့ အလွယ်တကူ ချဉ်းကပ်ဝင်ရောက်နိုင်အောင် ပြုစုအားထုတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် သမိုင်းစဉ်တစ်လျှောက်လုံး ပုဂံခေတ်ကပင်စတင်၍ အရိယာပုဂ္ဂိုလ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့ပြီး ယနေ့အချိန်ကာလ၌လည်း မြို့နယ်ပေါင်း(၃၂၀)ကျော်တွင် မြို့နယ်တိုင်း၊ မြို့နယ်တိုင်း၌ ပရိယတ္တိစာသင်တိုက်များရှိသလို ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများကိုလည်း မြင်တွေ့ကြရမည် ဖြစ်ပေသည်။ သမိုင်းစဉ်တစ်လျှောက်လုံး ဆရာတပည့် အစဉ်အဆက်ဆက်က ပရိယတ္တိပို့ချသင်ယူမှု ဂန္ထဓုရတာဝန်နှင့်ပဋိပတ္တိနည်းပြကျင့်သုံးမှု ဝိပဿနာဓုရ တာဝန်နှစ်ရပ်ကို ပံ့ပိုးထမ်းဆောင်လာခဲ့ကြသဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာသနာတော် စည်ပင်ထွန်းကားလျက်ရှိကြောင်း တွေ့မြင်ကြရမည်ဖြစ်ပေသည်။

ပိဋကတ်စာပေများကို သင်ယူပို့ချကြရာတွင် မူရင်းပါဠိတော်ကြီးများနှင့် အဋ္ဌကထာ၊ ဋီကာ အဖွင့်ကျမ်းများကို ရှေးရိုးပါဠိဘာသာကျမ်းကျင်မှု အခြေခံ သင်ကြားနည်းဖြင့် စာမေးပွဲမဝင်ဘဲ သင်ယူကြသူများရှိသကဲ့သို့ နိုင်ငံတော်အစိုးရက ကျင်းပပေးသော ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ တိပိဋကစာမေးပွဲများတွင် ဝင်ရောက်ဖြေဆို၍ သင်ယူသော စာသင်နည်းများလည်း ရှိပေသည်။ ပရိယတ္တိစာသင်တိုက်များက ပရိယတ္တိစာပေများကို ပို့ချပေးသည့် နည်းတူ နိုင်ငံတော်အစိုးရ၏ ပရိယတ္တိစာမေးပွဲများနှင့် စေတီယင်္ဂဏအသင်း၊ သကျသီဟအသင်းစသော အမျိုးသားပရိယတ္တိစာမေးပွဲများက စာသင်သံဃာတော် များ၏ သင်ယူလေ့လာမှုကို သွယ်ဝိုက်သောနည်းဖြင့် အားပေးလျက်ရှိပါသည်။

၁၉၈၆-ခုနှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(၂)ခုကို တည်ထောင်ဖွင့်လှစ်ခဲ့ပေသည်။ ယင်းတက္ကသိုလ် (၂)ခုတို့တွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ရှေးရိုးသင်နည်းအပြင် ခေတ်မီသင်ကြားပို့ချနည်းများပါ ပြည့်စွက်ပို့ချလျက်ရှိပါသည်။ ၎င်းအပြင် သာသနာပြုလုပ်ငန်းများနှင့် ဆက်နွယ်ရာ အင်္ဂလိပ်ဘာသာစသော အခြားဘာသာရပ်များကိုလည်း ပို့ချ ပေးလျက်ရှိပါသည်။ ယခုအချိန် ယင်းသာသနာ့တက္ကသိုလ်(၂)ခုမှ ဓမ္မာစရိယ B.A(Buddhism) ဘွဲ့ရသူပေါင်း (၉၈၂)ပါးနှင့် မဟာဓမ္မာစရိယ M.A.(Buddhism) ဘွဲ့ရသူပေါင်း(၂၀၈)ပါး ထွက်ပေါ်ခဲ့ပြီး ယခုအခါ ဓမ္မပါရဂူဘွဲ့ (Ph.D; Buddhism)ဘွဲ့သင်တန်းပါ တိုးချဲ့ဖွင့်လှစ် သင်ကြားလျက်ရှိပေသည်။ နောင်နှစ်များတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့သည်လည်း မိမိတို့၏သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် အညီ ဖွင့်လှစ်ပို့ချလာခဲ့ပေသည်။ အထက်တန်း ပိဋကတ်စာပေများကို လေ့လာရာ တွင်လည်း ၁၉၄၈-ခုနှစ်မှစတင်ခဲ့သော တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးသည် လည်း ၅၉-နှစ်တာကာလအတွင်း ပိဋကတ်သုံးပုံ အာဂုံဆောင်၍ ပိဋကတ်သုံးပုံ သဘောရေးဖြေအောင်မြင်သော အရှင်မြတ်(၁၁)ပါး ပေါ်ထွန်းခဲ့ပေသည်။

ပရိယတ္တိနယ်ပယ်တွင် ဤမျှအရင်းအနှီး စိုက်ထုတ်ထားသော မြန်မာနိုင်ငံ အနေဖြင့် မိမိ၏ကိုယ်ပိုင်အတွေ့အကြုံများကို ညီအစ်ကိုတော် ထေရဝါဒတက္ကသိုလ် များကို မျှဝေပေးရန်ဆန္ဒရှိသလို နိုင်ငံတကာထေရဝါဒတက္ကသိုလ်များ၏ အတွေ့ အကြုံများကို ရယူ၍လည်း မြန်မာနိုင်ငံ ပရိယတ္တိတက္ကသိုလ်ကြီးများ အဆင့်မြှင့် တင်ရေးအတွက် အသုံးချလိုပါသည်။

ထေရဝါဒဗုဒ္ဓဘာသာကို လေ့လာရာတွင် ပါဠိဘာသာရပ်သည် အခြေခံဖြစ် သောကြောင့် ပါဠိဘာသာသင်ရိုးများ၊ သင်ကြားပုံနည်းစနစ်များကို ဆွေးနွေးကြမည် ဖြစ်သည့်အတွက် လွန်စွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါသည်။ ထိုနည်းတူစွာ အဘိဓမ္မာဘာသာရပ်၊ ကမ္မဋ္ဌာန်းဘာသာရပ်များကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသဖြင့် လောကသဘာဝများကို ကိုင်တွယ်ဖြေရှင်းရာတွင် ယင်းဘာသာရပ်များက အထောက်အကူပြုမည်ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော တက္ကသိုလ် ကောလိပ်များအတွက် စိတ်ဝင်စားဖွယ်ဘာသာရပ်များ ဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးတွင် အထိရောက်ဆုံး ဘာသာရပ်များဖြစ် သောကြောင့် ယခုကျင်းပသော ပညာရေးနှီးနှောဖလှယ်ပွဲမှ အထိုက်တန်ဆုံး အကျိုး ရလဒ်များကို ကောက်ရှိနိုင်ကြောင်း သုံးသပ်ယူဆပါသည်။

ထို့ပြင် ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော်များသည် ကမ္ဘာသုံးအင်္ဂလိပ် ဘာသာစကားဖြင့် အဘိဓမ္မာဘာသာရပ်နှင့် ကမ္မဋ္ဌာန်းဘာသာရပ်တို့ကို ကမ္ဘာသို့ ဖြန့်ဝေပေးနိုင်မည်ဆိုပါကလည်း ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး လုပ်ငန်းများ ယခုထက်ပိုမို အောင်မြင်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လျက်ရှိသော ထေရဝါဒဗုဒ္ဓဘာသာ တက္ကသိုလ်ကြီးများသည် မဟာဝိဇ္ဇာတန်းနှင့်ပါရဂူတန်းများ သင်ကြားရေး၊ ကျမ်းကြီးကြပ်ရေး၊ ဆရာများနှင့်ကျောင်းသားများ အပြန်အလှန်လဲလှယ်ရေးကိစ္စ များတွင် အားလုံးအတွက် အကျိုးရှိမည့် သဘောတူညီချက်များ ရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ယခုကဲ့သို့ ညီညွတ်စွာ မကြာခဏ တိုင်ပင်ညှိနှိုင်း ဆွေးနွေးကြခြင်းသည် ဘုရားရှင်လမ်းညွှန်တော်မူသည့် မဆုတ်ယုတ်ကြောင်းတရား= အပရိဟာနိယဓမ္မနှင့် တစ်သားတည်း ထပ်တူကျလျက်ရှိသဖြင့် နောင်အနာဂတ်ကာလများတွင်လည်း ညီအစ်ကိုတော် ထေရဝါဒဗုဒ္ဓဘာသာဝင် အချင်းချင်း လက်တွဲညီညာစွာဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော် အကျိုးကို ဆက်လက်သည်ပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဤအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များအားလုံး၏ ပထမဆုံးသမိုင်းဝင်ညီလာခံကြီးကို ဖွင့်လှစ်အပ်ပါသည်။

# ရန်ကုန်မြို့
# အပြည်ပြည်ဆိုင်ရာသီတဂူသာသနာပြုဗိမာန်တော်တွင်ကျင်းပသည့်
# အဘိဓမ္မာမဟာသိပ္ပံသင်တန်းဖွင့်ပွဲ အခမ်းအနား၌
# မိန့်ကြားတော်မူအပ်သော
# သမ္မောဒနီယ အနုဗလပ္ပဒါနကထာ

၁၃၆၉–ခုနှစ်၊ ဝါခေါင်လဆန်း(၁၂)ရက်၊ ၂၀၀၇–ခုနှစ်၊ ဩဂုတ် လ(၂၅)ရက်၊ စနေနေ့၊ အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုဗိမာန်တော် အမှတ်(၁၀) ပင်လုံလမ်း၊ ပါရမီလမ်း၊ ဒဂုံ(မြောက်)၊ ရန်ကုန်မြို့၌ ကျင်းပအပ်သော သာသနာတော်ဆိုင်ရာ အခမ်းအနားသည် ဗုဒ္ဓအဘိဓမ္မာဒေသနာတော်များကို ကမ္ဘာသုံးဖြစ်သော အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမည့် အဘိဓမ္မာမဟာသိပ္ပံ International Institute of Abhidhamma သင်တန်းဖွင့်လှစ်သည့် အခမ်းအနား ဖြစ်ပါသည်။ ဤအခမ်းအနားကြီး၌ သမ္မောဒနီယအနုဗလပ္ပဒါနကထာ=ဝမ်းမြောက်ဖွယ်ရာ အားပေးစကား ပြောကြားလိုသည်မှာ –

သာသနာတော် အရှည်တည်တံ့ပြန့်ပွားရေးကို အားပေးလိုသည့် ကုသိုလ်ဆန္ဒ အပြည့်အဝရှိကြကုန်သော၊ ဤသင်တန်းဖြစ်မြောက်ရေးကို အားပေးချီးမြှောက် ထောက်ပံ့ကြိုးပမ်းကြကုန်သော ရဟန်းရှင်လူအပေါင်း သူတော်ကောင်းတို့...

မြတ်စွာဘုရားသည် “**ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ**”(ဒီ၊၂၊၁၂၆–၁၂၇) ဟူ၍ ဓမ္မ၊ဝိနယအားဖြင့် နှစ်ပါးပြားသည့် ဘုရားစကားတော်မြတ် ပရိယတ်တရားကို ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကိုယ်တော်၏အရာ၌ ထားတော်မူခဲ့ပါသည်။

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ"(ဒီ၊ ဋ္ဌ၊ ၃၊ ၈၂။ အဘိ၊ ဋ္ဌ၊ ၂၊ ၄၁၂)ဟူ၍လည်း သာသနာတော် အဓွန့်ရှည်ကြာစွာတည်တံ့ရေး အတွက် ပရိယတ်တရားတော်သည်သာ နှိုင်းယှဉ်ကြောင်း လိုရင်းပမာဏဖြစ် သည်ဟု ပါဠိကဝဂ္ဂအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာတို့၌ ဖွင့်ဆိုခဲ့ပါသည်။

ဖော်ပြပါ ပါဠိတော်၊ အဋ္ဌကထာတို့ကို ထောက်ဆ၍ ယနေ့ အဘိဓမ္မာ မဟာသိပ္ပံသင်တန်းကြီး ဖြစ်မြောက်ရေးကို အားပေးချီးမြှောက်ထောက်ပံ့ ကြိုးပမ်းကြကုန်သော ရဟန်းရှင်လူအပေါင်းတို့၏ ဆောင်ရွက်ချက်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး ကမ္ဘာအနှံ့ ပြန့်ပွားရေးအတွက် သာသနာတော်ကို ချစ်မြတ် နိုးသူတိုင်း အားသွန်ကြိုးပမ်း ထမ်းဆောင်ကြရမည့်တာဝန်ကို ထမ်းဆောင်ကြခြင်း ဖြစ်၍ ဝမ်းမြောက်သင့်၊ ဝမ်းမြောက်ထိုက်သော သာသနာပြုလုပ်ငန်းကြီး ဖြစ်ပါ သည်။ ပညာရှိသူတော်ကောင်းမှန်သမျှ အားပေးချီးမြှောက်ကြရမည့် **အပဏ္ဏက ပဋိပဒါ** - မမှားနိုင်သည့်လမ်းကြောင်း အကျင့်ကောင်း အကျင့်မှန်သာဖြစ်ပါသည်။

ဤအဘိဓမ္မာ မဟာသိပ္ပံသင်တန်းကြီးကို ကမ္ဘာသုံးဘာသာဖြစ်သည့် အင်္ဂလိပ်ဘာသာဖြင့် အဘိဓမ္မာခုနစ်ကျမ်းလုံး အပြီးအဆုံးရောက်အောင် သင်ကြား ပို့ချမည်ဖြစ်သည်ဟု သိရသည့်အတွက် ထေရဝါဒဗုဒ္ဓအဘိဓမ္မာ ကမ္ဘာအနှံ့ ပြန့်ပွားတော့မည်ဟု မျှော်တွေးလျက် ဝမ်းမြောက်ကြည်နူးရပါသည်။

မြန်မာနိုင်ငံတော်၌ အဘိဓမ္မာဒေသနာတော်ကို လေ့လာသင်ကြားရာဝယ် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကိုသာမက အဘိဓမ္မာအရကောက်ကျမ်းများကိုပါ တွဲဖက်လေ့လာ သင်ကြားကြပေသည်။ ထိုအဘိဓမ္မာ အရကောက်ကျမ်းများကို စတင်ရေးသားပြုစုခဲ့သောပုဂ္ဂိုလ်ကား ကျော်လေးပါးတို့တွင် တစ်ပါးအပါအဝင် ဖြစ်သော တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသ ဖြစ်ပါသည်။

အရကောက်ဟူသည်မှာ အဘိဓမ္မာပါဠိတော်များ၏ သဘောသရုပ်၊ အဓိပ္ပာယ်တို့ကို လက်ဖြင့်ကောက်၍ ပြဘိသကဲ့သို့ မိမိရရ၊ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းပြတ်သားစွာ သဘောပေါက်နားလည်စေရန် မြန်မာဘာသာဖြင့် စီစဉ်

ရေးသားသော ကျမ်းဖြစ်ပါသည်။ ထိုကျမ်းကိုမှီငြမ်းပြု၍ အဘိဓမ္မာအရကောက်နည်းများကို ဆရာတပည့်နှစ်ဦးလုံး စာအုပ်မကိုင်ဘဲ ညအချိန် သဘောပေါက်အောင် ဆွေးနွေးပြောပြခြင်းဖြင့် သင်ကြားပို့ချခဲ့ကြပါသည်။ ထိုသို့ ညအချိန်၌ စာအုပ်လွတ် သင်ကြားပို့ချခြင်းကြောင့် ယင်းသင်ကြားပို့ချနည်းကို ''ညဝါ''ဟုခေါ်တွင်ခဲ့ကြပါသည်။ ထိုနည်းသည် စာသင်သားတို့အား အဘိဓမ္မာဉာဏ် ရင့်သန်နိုင်မာစေလျက် ဗုဒ္ဓအဘိဓမ္မာတရားတော်၏ အနက်အဓိပ္ပာယ်ကို တိကျနက်နဲစွာ သိမြင်နားလည်ရန် အထောက်အကူပြုခဲ့လေသည်။ ထို့ကြောင့် အခြားသောထေရဝါဒဗုဒ္ဓနိုင်ငံများ၌ မရှိသော ဤအဘိဓမ္မာအရကောက်နည်းများကိုအစဆုံးတီထွင်ပြုစုခဲ့သည့် တောင်ဖီလာဆရာတော်ဘုရားကြီးကို အဘိဓမ္မာစာပေ၏ ရှေ့ဆောင်ပုဂ္ဂိုလ်တစ်ပါးအဖြစ်ဖြင့် အထူးမှတ်တမ်းတင်၍ ကျေးဇူးဥပကာပြုထိုက်ပေသည်။

အဘိဓမ္မာအရကောက်ကျမ်းများ၏ အကျိုးကျေးဇူးများကို အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးက ဖော်ပြပါအတိုင်း မိန့်တော်မူခဲ့ပါသည်။

''ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ အရကောက်ကျမ်းများ ထင်ထင်ရှားရှား ရှိနေသောကြောင့်သာလျှင် အဘိဓမ္မာသာသနာတော်ကြီး မတိမ်မမြုပ် မကွယ်ပျောက်ဘဲ ယနေ့တိုင်အောင်ပင် တိုးပွားတည်တံ့၍နေလေပြီ၊ မာတိကာအရကောက်ကျမ်း၊ ဓာတုကထာအရကောက်ကျမ်း၊ ယမိုက်အရကောက်ကျမ်း၊ ပဋ္ဌာန်းအရကောက်ကျမ်းများ မရှိကြသော အခြားထေရဝါဒ သီဟိုဠ်၊ ယိုးဒယား(ထိုင်း)နိုင်ငံများ၌ အဘိဓမ္မာသာသနာတော်ကြီးသည် တည်တံ့သင့်သလောက်မတည်တံ့နိုင်၊ ထွန်းတောက်သင့်သလောက် မထွန်းတောက်နိုင် ရှိနေကြသည်။ ဤအချက်မှာ စင်စစ်အားဖြင့် အဘိဓမ္မာဒေသနာတော်ကြီးအတွက် ဝမ်းနည်းစရာ အချက်ပင်ဖြစ်သည်။ အထူးအားဖြင့် အဘိဓမ္မာကို ကြိုးစား၍ သင်ယူပို့ချကြရန် တိုက်တွန်းသည်။ ပရိယတ္တိသာသနာကွယ်ပျောက်ရာ၌ ရှေးဦးစွာ အဘိဓမ္မာသာသနာကွယ်ပျောက်မည်ဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မာကို လေ့လာကြသည့် ကလျာဏပုထုဇဉ်သူတော်ကောင်းတို့သည်လည်း မိမိတို့ဉာဏ်အားရှိသမျှ

ကြိုးစားကြပြီးလျှင် အများသူငါ နားလည်နိုင်လောက်သည့် အဘိဓမ္မာအရကောက် ကျမ်းများကို ရေးသားဖြန့်ဖြူးကြပါက အဘိဓမ္မာသာသနာတော်ကြီးသည် ကြာရှည်စွာ တည်တံ့နိုင်ပေမည်။ အဘိဓမ္မာသာသနာတည်တံ့ပါလျှင်လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရား၏သာသနာတည်တံ့သည်ပင်ဖြစ်တော့သည်”ဟု ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးက မကြာခဏ တပည့်များအား မိန့်ကြားသတိပေး နှိုးဆော်တော်မူခဲ့ပါသည်။

ထို့ကြောင့် အဘိဓမ္မာမဟာသိပ္ပံသင်တန်းပို့ချကြမည့် ပညာရှင်များကိုလည်း ကမ္ဘာသုံးဖြစ်သော အင်္ဂလိပ်ဘာသာဖြင့် အဘိဓမ္မာအရကောက်ကျမ်းများ ပေါ်ထွက်လာအောင် ကြိုးပမ်းကြပါဟု တိုက်တွန်းပါသည်။

အဘိဓမ္မာမဟာသိပ္ပံသင်တန်းကို ပို့ချသင်ယူကြမည့် ရဟန်းရှင်လူအပေါင်းတို့... စာပေပို့ချသင်ကြားမှုဟူသော ပရိယတ်လုပ်ငန်းသည်–

၁။ မြွေဖမ်းမလိမ္မာသူ၏ မြွေဖမ်းပုံနှင့်တူသော အလဂဒ္ဒူပမာစာသင်နည်း၊

၂။ သံသရာမှ ကျွတ်လွတ်ခြင်းအကျိုးရှိသော နိဿရဏတ္ထစာသင်နည်း၊

၃။ ရဟန္တာအရှင်မြတ်တို့၏ ပရိယတ်ဓမ္မက္ခန္ဓာ တရားရတနာများ မဆုံးပါး မကွယ်ပျောက်အောင် စောင့်ရှောက်သောအားဖြင့် သင်ကြားမှုတည်းဟူသော ဘဏ္ဍာဂါရိကစာသင်နည်း– (အဘိ၊ ဋ၊ ၁၊ ၂၄)

ဟူ၍ သုံးမျိုးရှိလေရာ မိမိတို့၏ အဓိကပဓာနလုပ်ငန်းရပ်ဖြစ်သည့် အဘိဓမ္မာတရားတော်များကို ပို့ချသင်ယူကြခြင်းဟူသော ပရိယတ်လုပ်ငန်းသည် ဖော်ပြခဲ့သော စာသင်နည်းသုံးမျိုးအနက် သံသရာဝဋ်မှ ကျွတ်လွတ်ခြင်းအကျိုးရှိသော နိဿရဏတ္ထစာသင်နည်းဖြစ်အောင် သတိဆောင်ကာ လေ့လာပို့ချ သင်ယူကြစေလိုပါသည်။ သို့မှသာလျှင်–

၁။ **ဝိနယေ ပန သုပ္ပဋိပန္နော ဘိက္ခု သီလသမ္ပဒံ နိဿာယ တိဿော ဝိဇ္ဇာ ပါပုဏာတိ** = ဝိနည်း၌ ကောင်းစွာကျင့်သောရဟန်းသည် သီလ၏ပြည့်စုံခြင်းကိုမှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ရောက်နိုင်၏။

၂။ သုတ္တေ သုပ္ပဋိပန္နော သမာဓိသမ္ပန္နံ နိဿာယ ဆဠဘိညာ ပါပုဏာတိ=သုတ္တန်၌ ကောင်းစွာကျင့်သောရဟန်းသည် သမာဓိ၏ပြည့်စုံခြင်းကိုမှီ၍ အဘိညာဉ်ခြောက်ပါးတို့သို့ရောက်နိုင်၏။

၃။ အဘိဓမ္မေ သုပ္ပဋိပန္နော ပညာသမ္ပန္နံ နိဿာယ စတဿော ပဋိသမ္ဘိဒါ ပါပုဏာတိ = အဘိဓမ္မာ၌ ကောင်းစွာကျင့်သော ရဟန်းသည် ပညာ၏ပြည့်စုံခြင်းကိုမှီ၍ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့သို့ ရောက်နိုင်၏

**(အဘိ၊ ဋ္ဌ၊ ၁၊ ၂၅)**

ဟူသော စာပေပို့ချသင်ကြားမှု ပရိယတ္တိလုပ်ငန်း၏ သမ္ပတ္တိသုံးပါး အကျိုးတရားတို့အနက် ထိုက်သင့်ရာ ပဋိသမ္ဘိဒါပတ္တအကျိုး ရကြမည်ဖြစ်ပါသည်။

ထိုမှတစ်ပြာ သာသနာကွယ်ပခြင်း သုံးမျိုးတို့အနက် ပရိယတ္တိသာသနာကွယ်ပရာ၌ အဘိဓမ္မာမှစ၍ ကွယ်လိမ့်မည်ဖြစ်ကြောင်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၄၁၃)မိန့်မှာချက်ကို ထောက်ရှုပါက ဤအဘိဓမ္မာမဟာသိပ္ပံသင်တန်းကို ကြိုးပမ်းအားထုတ်ကြသော ရဟန်းရှင်လူ သူတော်ကောင်းတို့သည် သာသနာကွယ်ပမည့်ဘေးကို ရှေ့တန်းမှ ကာကွယ်စောင့်ရှောက်ကြသူများဖြစ်သည်ဟု ဆိုသင့်ဆိုထိုက်ပါသည်။ ယင်းသို့ သာသနာကွယ်ပမည့်ဘေးကို ရှေ့တန်းမှ ကာကွယ်စောင့်ရှောက်သောအားဖြင့် အဘိဓမ္မာတရားရတနာကို လေ့လာပို့ချသင်ကြားကြသောကြောင့်ပင် ဘုရားရှင်သာသနာတော်သည် နေအထောင်၊ လအထောင် ထွန်းပြောင်သကဲ့သို့ တောက်ပထိန်လင်းလာမည်ဖြစ်ရာ ဤအဘိဓမ္မာမဟာသိပ္ပံသင်တန်းကို ပဏ္ဍိတဂိုဏ်းဝင် ပညာရှင်မှန်သမျှတို့ အားရရွှင်လန်းဝမ်းပန်းတသာ အနုမောဒနာပြုကြမည်သာ ကေန်အမှန် ဖြစ်ပါသည်။

ထို့ကြောင့်ဘုရားမြတ်စွာသာသနာတော်အဓွန့်ရှည်ကြာစွာတည်တံ့ကြောင်းကောင်းမွန်မြင့်မြတ်လှသည့် အဘိဓမ္မာမဟာသိပ္ပံသင်တန်းကို သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဗိုလ်ငါးဖြာ လက်ကိုင်ထားလျက် ကြိုးစားအားထုတ်ကြပါဟု လေးနက်စွာ တိုက်တွန်းအားပေးလိုက်ပါသတည်း။

## ၁၃၆၂–ခုနှစ်၊ နတ်တော်လဆန်း(၈၊၉)ရက်၊ (၃၊၄–၁၂–၂၀၀၀) ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ကြီးတွင် ကျင်းပပြုလုပ်သည့် ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဒေသိယဂဏဘာရနိတ္ထာရကဆရာတော်များ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အစည်းအဝေးဖွင့် သာရဏီယသမ္မောဒနီယကထာ

ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဒေသိယဘာရ ဂဏနိတ္ထာရက ဆရာတော်များ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့နှင့်တကွ တက်ရောက်ကြည်ညိုကြသော ဝေါပက ဒါယကာ, ဒါယိကာမများအမျိုးရှိသည့် သူတော်စင်အပေါင်းတို့ အမှတ်ရဖွယ်၊ ဝမ်းမြောက်ဖွယ် သာရဏီယသမ္မောဒနီယ စကားပြောကြားလိုပါသည်။

ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရားရှင်က –

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။ (ဓမ္မပဒ၊ ၄၂)

ဗုဒ္ဓါနံ၊ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားသိမြင် သဗ္ဗညုဘုရားရှင် တို့၏။ ဥပ္ပါဒေါ၊ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းသည်။ သုခေါ၊ ချမ်းသာ၏(ဝါ) လူနတ်ပြဟ္မာ သတ္တဝါအပေါင်း ချမ်းသာကြောင်း ဖြစ်ပါပေ၏။ ဗုဒ္ဓါနံ ၊ မြတ်စွာဘုရား

ရှင်တို့၏။ သဒ္ဓမ္မဒေသနာ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် တရားမြတ်ကို လူနတ်ဖြဟ္မာသတ္တဝါတို့အား ဟောကြားတော်မူခြင်းသည်။ သုခါ၊ ၏ (ဝါ) ၏။ သံဃသာ၊ ဗုဒ္ဓ, ဓမ္မ, လိုက်နာကြသည့် သာဝကခေါ် သံဃာတော်၏(ဝါ)ရှင်အပေါင်း, လူအပေါင်း, ရှင်လူအပေါင်း၏။ သာမဂ္ဂီ၊ ကိုယ်စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သားထဲ(တည်း) ညီညွတ်နေခြင်းသည်။ သုခါ၊ ၏ (ဝါ) ၏။ သမဂ္ဂါနံ၊ စိတ်တူကိုယ်မျှ ညီညွတ်ကြသည့် သမဂ္ဂ သံဃာတို့၏ (ဝါ) စိတ်တူကိုယ်မျှ ညီညွတ်ကြသည့် ရှင်အပေါင်း, လူအပေါင်း, ရှင်လူ အပေါင်းတို့၏။ တပေါ၊သမ္မပ္ပဓာန်လုံ့လ ဝီရိယလေးပါး မြတ်တရားကို ပွားများကြိုးကုတ် အားထုတ်ခြင်းသည်။ သုခေါ၊ ချမ်းသာ၏ (ဝါ) လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း ချမ်းသာကြောင်းဖြစ်ပါပေ၏-ဟု သုခလေးဖြာ ချမ်းသာကြောင်းတရားကို ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့နှင့်တကွ ဒါယကာ, ဒါယိကာမအပေါင်းတို့...

(၁) သဗ္ဗညုဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခြင်းကို ဗုဒ္ဓုပ္ပါဒသုခဟုခေါ်ဆိုအပ်ပါသည်။

(၂) သဗ္ဗညုဘုရားရှင်တို့၏ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် တရားတော်မြတ်ကို လူနတ်ဗြဟ္မာ သတ္တဝါတို့အား ဟောကြားတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခဟု ခေါ်ဆိုအပ်ပါသည်။

(၃) ဘုရားရှင် တပည့်သာဝကဖြစ်သော သံဃာတော်၏ (ဝါ) ရှင်အပေါင်း၊ လူအပေါင်း၊ ရှင်လူအပေါင်းတို့၏ ကိုယ်စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သားထဲ(တည်း) ညီညွတ်နေခြင်းကို သံဃသာမဂ္ဂီသုခဟု ခေါ်ဆိုအပ်ပါသည်။

(၄) ညီညွတ်သော သံဃာတော်၏ (ဝါ) ညီညွတ်သောရှင်အပေါင်း၊ လူအပေါင်း၊ ရှင်လူအပေါင်းတို့၏ သမ္မပ္ပဓာန်လုံ့လ ဝီရိယလေးပါးကို ပွားများကြိုးကုတ် အားထုတ်ကျင့်သုံးခြင်းကို တပေါသုခဟု ခေါ်ဆိုအပ်ပါသည်။

(၁-၂) အကယ်၍သာ ဘုရားရှင်တို့ ပွင့်တော်မမူခဲ့ပါလျှင် ပွင့်တော်မူပါသော်လည်း သူတော်ကောင်းတရားကို ဟောကြားတော်မမူခဲ့ပါလျှင် လူနတ်

ပြဟ္မာ သတ္တဝါတို့ ပွားရမည့် ကုသိုလ်တရား၊ ပယ်ရမည့် အကုသိုလ်တရားကို ခွဲခြားပိုင်ပိုင် မသိနိုင်ကြသောကြောင့် ပွားရမည့်ကုသိုလ်တရားကို မပွားများကြဘဲ ပယ်ရမည့် အကုသိုလ်ဒုစရိုက်တို့၌သာ ပျော်ပိုက်နေကြသဖြင့် ဒုဂ္ဂတိဘဝသို့သာ လားရောက်ကြ၍ ဒုက္ခကြီးစွာ ခံစားကြရမည်သာ ဖြစ်ပါသည်။

ယခုမှာမူ မြတ်စွာဘုရားရှင်ပွင့်တော်မူ၍ သူတော်ကောင်းတရားကို ဟောကြားတော်မူခဲ့ခြင်းကြောင့် လူနတ်ပြဟ္မာ သတ္တဝါတို့ ပွားရမည့်ကုသိုလ်တရား၊ ပယ်ရှားရမည့် အကုသိုလ်တရားတို့ကို ခွဲခြားသိမြင်ကြ၍ ကုသိုလ်ကိုပွားများ၊ အကုသိုလ်ကို ရှောင်ရှားနိုင်ကြသောကြောင့် ချမ်းသာသုခ ခံစားကြရပေသည်။ ထို့ကြောင့် ဘုရားရှင်တို့ ပွင့်တော်မူခြင်းကို ဗုဒ္ဓုပ္ပါဒသုခ၊ သူတော်ကောင်းတရား ဟောကြားတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဤသုခနှစ်ပါးတို့သည် မြတ်စွာဘုရားရှင်တို့နှင့်သာ သက်ဆိုင်သောသုခများ ဖြစ်ကြပါသည်။ ဤသုခနှစ်ပါးတို့ကို ဘုရားရှင်ကိုယ်တော်မြတ်က လူနတ်ပြဟ္မာသတ္တဝါတို့အား ပေးသနားတော်မူခဲ့ပြီး ဖြစ်ပါသည်။

၃။ သံဃာကွဲပြားနေလျှင် (ဝါ) ရှင်အပေါင်း၊ လူအပေါင်း၊ ရှင်လူအပေါင်းတို့ ကွဲပြားနေလျှင် ခိုက်ရန်ဒေါသဖြစ်ကြ၍ ဒုက္ခကြီးစွာရောက်ကြရမည်သာ ဖြစ်ပါသည်။ အကြင်မြို့၊ အကြင်ရွာ၊ အကြင်တိုင်းပြည်၊ အကြင်ကျောင်းတိုက်၌ အချင်းချင်းစိတ်ဝမ်းကွဲပြားကြ၏။ ထိုမြို့ထိုရွာ၊ ထိုတိုင်းပြည်၊ ထိုကျောင်းတိုက်သည် မချမ်းသာဘဲ ဆင်းရဲနေမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်က ဣတိဝုတ္တကပါဠိတော်၊ သံဃဘေဒသုတ်၌ –

"ကေဝမ္ဗော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနာ–ဟိတာယ ဗဟုဇနာသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ

ဒေ၀မနုဿာနံ၊ ကတမော ကေ၀မ္ဗော သံဃဘေဒေါ၊ သံဃေ ဒေါ် ပန ဘိက္ခဝေ ဘိန္နေ အညမညံ ဘဏ္ဍနာနိစေ၀ တောန္တိ၊ အညမညံ ပရိဘာသာ စ တောန္တိ၊ အညမညံ ပရိက္ခေပါ စ တောန္တိ၊ အညမညံ ပရိစ္စဇနာ စ တောန္တိ၊ တတ္ထ အပ္ပသန္နာစေ၀ နပ္ပသီဒန္တိ၊ ပသန္နာနဉ္စ ကေစ္စာနံ အညထတ္တံ တောတိ”

ရဟန်းတို့– တစ်ခုသောတရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ စီးပွားမဲ့ရန်၊ လူအများ ချမ်းသာမဲ့ရန်၊ လူအများ အကျိုးမဲ့ရန်၊ နတ်လူတို့ အကျိုးစီးပွားမဲ့ရန်၊ ဆင်းရဲရန်သာ ဖြစ်၏။ တစ်ခုသော တရားဟူသည် အဘယ်နည်း။ သံဃာကွဲပြားခြင်းတည်း။

ရဟန်းတို့– သံဃာကွဲပြားသည်ရှိသော် (သံဃာကွဲပြားခြင်းကြောင့်) အချင်းချင်းငြင်းခုံမှု၊ အချင်းချင်းခြိမ်းခြောက်မှု၊ အချင်းချင်းရှုတ်ချပစ်ပယ်မှု၊ အချင်းချင်းနှင်ထုတ်စွန့်လွှတ်မှုတို့ ဖြစ်ကုန်၏။ ထိုသံဃာကွဲပြားရာ၌ မကြည်ညိုသေးသောသူတို့လည်း မကြည်ညိုကုန်။ ကြည်ညိုပြီးသော အချို့သူတို့လည်း အကြည်ညိုပျက်ကုန်၏–ဟု ဟောတော်မူခဲ့ပါသည်ဘုရား။

သံဃာညီညွတ်နေလျှင် ခိုက်ရန်ဒေါသ မဖြစ်ကြရသဖြင့် လူနတ်ဗြဟ္မာ သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြရမည်သာ ဖြစ်ပါ သည်။ အကြင်မြို့၊ အကြင်ရွာ၊ အကြင်တိုင်းပြည်၊ အကြင်ကျောင်းတိုက်၌ အချင်းချင်း စိတ်ဝမ်းမကွဲပြား တစ်သားထဲ(တည်း) ညီညွတ်နေ၏။ ထိုမြို့၊ ထိုရွာ၊ ထိုတိုင်းပြည်၊ ထိုကျောင်းတိုက်သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က ဣတိဝုတ္တကပါဠိတော်၊ သံဃသာမဂ္ဂိသုတ်၌ –

“ကေ၀မ္ဗော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇန တိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ တိတာယ သုခါယ ဒေ၀မနုဿာနံ၊ ကတမော ကေ၀မ္ဗော၊ သံဃသာမဂ္ဂီ၊ သံဃေ ဒေါ် ပန ဘိက္ခဝေ သမဂ္ဂေ န စေ၀ အညမညံ ဘဏ္ဍနာနိ တောန္တိ၊ န စ အညမညံ ပရိဘာသာ တောန္တိ၊ န စ အညမညံ ပရိက္ခေပါ တောန္တိ၊ န စ အညမညံ ပရိစ္စဇနာ တောန္တိ၊

တတ္ထ အပ္ပသန္နာစေဝ ပသီဒန္တိ၊ ပသန္နာနဥ္စ ဘိယျောဘာဝေါ ဟောတိ”

ရဟန်းတို့- တစ်ခုသောတရားသည်လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ အစီးအပွားဖြစ်ရန်၊ လူအများချမ်းသာရန်၊ လူအများအကျိုးရှိရန်၊ နတ်လူတို့ အကျိုးစီးပွားဖြစ်ရန်၊ ချမ်းသာရန်သာဖြစ်၏။ တစ်ခုသောတရားဟူသည် အဘယ်နည်း။ သံဃာညီညွတ်ခြင်းတည်း။

ရဟန်းတို့- သံဃာညီညွတ်သည်ရှိသော် (သံဃာညီညွတ်ခြင်းကြောင့်) အချင်းချင်းငြင်းခုံမှု၊ အချင်းချင်းခြိမ်းခြောက်မှု၊ အချင်းချင်းရှုတ်ချပစ်ပယ်မှု၊ အချင်းချင်း နှင်ထုတ် စွန့်လွှတ်မှုတို့ မဖြစ်ကုန်။ ထိုသံဃာညီညွတ်ရာ၌ မကြည်ညိုသေးသော သူတို့လည်း ကြည်ညိုကုန်၏။ ကြည်ညိုပြီးသောသူတို့လည်း တိုး၍ ကြည်ညိုကုန်၏ဟု ဟောတော်မူခဲ့ပါသည်ဘုရား။

၄။ ဆရာတော် အရှင်မြတ်တို့ဘုရား... ရှင်အပေါင်း၊ လူအပေါင်း၊ ရှင်လူအပေါင်းတို့ ညီညွတ်ရုံသာ ညီညွတ်ကြ၍ သမ္မပ္ပဓာန်လေးပါးအကျင့်တရားတို့ကို အားမထုတ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြပါလျှင် ချမ်းသာသုခကို ရနိုင်ကြမည်မဟုတ်ပါ။ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများကြိုးကုတ် အားထုတ်မှသာ ချမ်းသာသုခရနိုင်ကြမည် ဖြစ်ပါသည်ဘုရား။

ထို့ကြောင့်ပင် ဘုရားတပည့်တော်တို့ ပခုက္ကူမဟာဝိသုတာရာမိက နိကာယဝင် အရှင်မြတ်တို့သည် မိမိတို့နိကာယကြီးလည်း အရှည်တည်တံ့ခိုင်မြဲ၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်နေစေရန်၊ သာသနာတော်မြတ်ကြီးလည်း အရှည်တည်တံ့ခိုင်မြဲ၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်စေရန်၊ လူနတ်ဗြဟ္မာ သတ္တဝါတို့လည်း စီးပွားချမ်းသာဖြစ်စေရန် ရည်သန်တော်မူကြ၍ အချင်းချင်း ညီညွတ်စွာဖြင့် မိမိအကျိုး၊ နိကာယအကျိုး၊ သာသနာတော်အကျိုးတို့ကို သယ်ပိုး ရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် ဘုရားတပည့်တော်၏ သာရဏီယသမ္မောဒနီယကထာကို နိဂုံးကမွတ် အဆုံးသတ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။

# ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ကောဒသမသန္နိပါတဩဝါဒခံယူပူဇော်ပွဲ သံဃာ့အစည်းအဝေးကြီး၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူမဟာဝိသုတာရာမိကဂဏဝါစကနိကာယ ကောဒသမသန္နိပါတ ဩဝါဒခံယူပွဲသို့ ကြွရောက်လာတော်မူလာကြသော မဟာဝိသုတာရာမိက ဂဏဝါစကနိကာယဝင် ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား...

ယနေ့ ၁၃၆၅-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၄)ရက်နေ့၌ ကျင်းပအပ်သော ဤသံဃာ့အစည်းအဝေးကြီးသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ကောဒသမသန္နိပါတဩဝါဒခံယူပွဲ အစည်းအဝေးကြီး ဖြစ်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့၏ ကျေးဇူးရှင်ထိပ်ခေါင်တင် ဖြစ်တော်မူသောရေစကြို ဆရာတော်ဘုရားကြီးသည် ကောဇာသက္ကရာဇ် ၁၂၆၅-ခုနှစ်၊ တပို့တွဲလပြည့် ကျော်(၄)ရက်၊ ကြာသပတေးနေ့ မြန်မာနာရီ(၄)ချက်တီးကျော်အချိန်၌ ဤပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးကို စတင်တည်ထောင်တော်မူ၍ နိကာယ်ငါးရပ်၊ ပိဋကတ်တော်တို့ကို ပို့ချလျက် သာသနာပြုတော်မူခဲ့ရာ ယခု ၁၃၆၅-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၄)ရက်နေ့၌ နှစ်(၁၀၀)ပြည့်မြောက်ခဲ့ပြီဖြစ်၍ ပခုက္ကူ

မဟာဝိသုတာရာမ စာချနည်းထွင် ကျေးဇူးတော်ရှင် ထိပ်ခေါင်တင်ဖြစ်တော်မူသော ရေစကြိုဆရာတော်ဘုရားကြီးနှင့် နိကာယဦးသျှောင် ဂဏမဟာဝိနာယက ဆရာတော်ဘုရားကြီးများ၏ ဂုဏ်ကျေးဇူးတော်များကို ရည်မျှော်မှန်းဆ၍ မဟာထေရဂုဏပူဇာရာပြည့်မင်္ဂလာ အထိမ်းအမှတ်ပွဲတော်ကြီးကို နံနက်အခါက ဆင်နွှဲကျင်းပပူဇော်ကြပြီးလျှင် ယခု နေ့လည်ပိုင်းအချိန်၌ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ကောဒသမသန္နိပါတ ဩဝါဒခံယူပွဲကိုလည်း ဆင်နွှဲကျင်းပ ကြပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား... ရေစကြိုမြို့ အောင်မြေသာယာ ကျောင်းတိုက်ကြီးနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးတို့၏အသျှင် ကျောင်းတိုက်ခွဲပေါင်း (၃၀၀)ကျော်တို့၏ တိုက်တည်နည်းထွင် ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် -

၁။ ဥဒယျာဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု(ပဌမတံဆိပ်တော်)

၂။ ဥဒယျာဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု (ဒုတိယတံဆိပ်တော်)

၃။ ဥဒယျာဓမ္မာဘိ မုနိဝရ ဉာဏကိတ္တိ သိရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု (တတိယတံဆိပ်တော်)

ဘွဲ့တံဆိပ်တော်သုံးတန်ရ ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော် ဘုရားကြီးအထံမှာ နိကာယ်ငါးရပ် ပိဋကတ်တော်များကို သင်ယူတော်မူစဉ်အခါ ရာပေါင်းများစွာသော သံဃာတော်များအလယ်၌ "ငါတပည့် ဂန္ထသာရကား ပစ္စည်းလေးပါးကို မငဲ့မူ၍ ပရိတ်ရွတ် ဆွမ်းစဉ် အလှူခံမလိုက်ဘဲ နိကာယ်ငါးဖြာ စာငါများကိုသာပို့ချလျက် ဗုဒ္ဓမြတ်စွာသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်သွား လိမ့်မည်" ဟု မိန့်ကြားတော်မူခဲ့သော အမိန့်တော်ဩဝါဒကို ဦးထိပ်ရွက်ပန်ဆင် တော်မူလျက် မန္တလေးရတနာပုံနေပြည်တော် မဟာဝိသုတာရာမတိုက်ဝယ် သီတင်းသုံးတော်မူစဉ်အခါ၌လည်းကောင်း၊ သစ်ဆိမ့်တိုက်ဝယ် သီတင်းသုံးတော်

မူစဉ်အခါ၌လည်းကောင်း၊ ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ဝယ် သီတင်းသုံးတော်မူစဉ်အခါ၌လည်းကောင်း၊ ဤပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးကို တည်ထောင်၍ စာပွဲသဘင် ဆင်ယင်တော်မူရာအခါ၌လည်းကောင်း ပဋ္ဌာန်းခံ၊ သိမ်သမုတ်ကိစ္စမှတစ်ပါး ပရိတ်ရွတ်၊ ဆွမ်းစဉ်စသည် အလှူခံမလိုက် လာဘသက္ကာရကို လုံးဝငဲ့ကွက်တော်မမူဘဲ နိကာယ်ငါးရပ် ပိဋကတ်တော်ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာပါတွဲဖက်လျက် အမြဲမပြတ် အထပ်ထပ်အခါခါ ပို့ချကာဖြင့် သာသနာပြုတော်မူခဲ့ပါသည်။

ရှေးခေတ်က သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းကိုသာ သင်ရိုးပိဋကတ်ဟု သတ်မှတ်ပို့ချ၍ ကျန်နိကာယ်များကို ပို့ချမှုမပြုဘဲ ကြည့်စာအဖြစ်ဖြင့်သာ လေ့လာကြပါသည်။ ထို့ကြောင့် ကျန်နိကာယ်များကို ကျမ်းအိပ်ဟုပင် ခေါ်ဆိုကြပါသည်။ ဆရာတော်ဘုရားကြီးသည်ကား နိကာယ်ငါးရပ် အားလုံးကိုပင် ပါဠိ၊ အဋ္ဌကထာ တွဲဖက်၍ အလျင်အမြန်ပေါက်ရောက်အောင် ပို့ချတော်မူခဲ့ပါသည်။ ထို့ကြောင့် စာသင်သားများသည် နိကာယ်ငါးရပ်ကို အလျင်အမြန် ပေါက်ရောက်တော်မူကြပါသည်။ နိကာယ်ငါးရပ် ပိဋကတ်ကို တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူကြသော သာသနာ့ဦးသျှောင် တပည့်ကြီးပေါင်းများစွာလည်း သုဓမ္မာဂိုဏ်းသာမက ရွှေကျင်၊ ဒွါရစသော ဂိုဏ်းအသီးသီးတို့၌ပင် ပေါ်ထွန်းခဲ့ပါသည်။ ထို့ကြောင့် **"စာတတ်လိုပြီး ပခုက္ကူသွား"**ဟူ၍လည်းကောင်း **"ပခုက္ကူရောက် နိကာယ်ပေါက်"** ဟူ၍လည်းကောင်း၊ **"ပခုက္ကူရောက်မှ ဘုရားနှင့်တွေ့ရ"**ဟူ၍လည်းကောင်း သာသနာ့လောကမှာ ဆိုရိုးစကား တွင်သည့်တိုင်အောင်ပင် ထင်ရှားကျော်ကြားခဲ့ပါသည်ဘုရား။

ဤသို့ နိကာယထိပ်ခေါင်တင် ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး စတင်တည်ထွင်တော်မူအပ်သော ဝါစနာမဂ္ဂကို ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများဖြစ်ကြသော အရှင်ပညာ၊ အရှင်သုန္ဒရ၊ အရှင်နန္ဒဝံသအစရှိသော နိကာယထိပ်ခေါင်တင် ကျေးဇူးရှင် ဆရာတော်အဆက်ဆက်တို့ကလည်း နိကာယ်

ငါးရပ် ပိဋကတ်တော်ကို မပြတ်ပို့ချလျက် ဆက်လက်ထိန်းသိမ်းတော်မူခဲ့ကြရာ စာသင်တိုက်ခွဲပေါင်း(၃၀၀)ခန့်တိုင်အောင်ပင် ပြန့်ပွားတိုးတက်ခဲ့ပါသည်။

ဤသို့ပင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ တပည့်အဆက်ဆက်တို့ ဆက်လက်ထိန်းသိမ်း ပို့ချခဲ့ကြသော်လည်း ယခုနောက်ပိုင်းခေတ်သို့ ရောက်လာသောအခါ၌ စာမေးပွဲများ ခေတ်စားလာသည့်အတွက် နိကာယဝင်စာသင်တိုက်များ၌လည်း စာမေးပွဲဆိုင်ရာ စာဝါများကိုသာ ပို့ချနေကြသောကြောင့် ပခုက္ကူနိကာယဝင် စာသင်တိုက်အချို့မှာ နိကာယ်ကျမ်းကြီးများကို သင်ယူမည့် စာသင်သားများ နည်းပါးလာသည့်အတွက် နိကာယ်ကျမ်းကြီးများကို ပို့ချမှုနည်းပါးလာခဲ့ပါသည်။ ထို့ကြောင့် အချို့အချို့ပုဂ္ဂိုလ်များက ပခုက္ကူစာသင်နည်းစနစ်သည် ကွယ်ပျောက်သလောက်ဖြစ်သည်ဟု ထင်မြင်ယူဆ ပြောဆိုကြပါသည်။ အချို့ပုဂ္ဂိုလ်များကလည်း လုံးဝကွယ်ပျောက်သွားပြီဟုပင် ထင်မြင်ယူဆ ပြောဆိုကြပါသည်ဘုရား။

ထိုသို့ပင် အချို့အချို့ပုဂ္ဂိုလ်တို့က ထင်မြင်ယူဆ ပြောဆိုကြသော်လည်း ပခုက္ကူနိကာယဝင် အချို့စာသင်တိုက်များမှာ ပခုက္ကူစာသင်နည်းဖြင့် နိကာယ်ကျမ်းကြီးများကို တတ်နိုင်သမျှ ပို့ချနေကြသော စာချဆရာတော်များလည်း ရှိကြပါသည်။ ဤပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးမှာမူ ရှေးအစဉ်အဆက်ကကဲ့သို့ပင် နိကာယ်ကျမ်းကြီးများကို ပို့ချတော်မူလျက်ရှိသည်ကို ဤတိုက်တော်ကြီးသို့ ရောက်ဖူးသောပုဂ္ဂိုလ်တို့ သိကြပါသည်။ ဤပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်လာကြသော အချို့ဆရာတော်များကမူ ဤစာသင်တိုက်ကြီးသို့ရောက်မှပဲ နိကာယ်စာဝါကြီးများကို ပို့ချသင်ယူသံများ ကြားရပါပေသည်ဟုပင် ချီးကျူး တော်မူကြပါသည်။

ဆရာတော်အရှင်မြတ်တို့ဘုရား.... ဘုရားတပည့်တော် လျှောက်ထားလို သည်မှာ အလွန်ကြံ့တောင့်ကြံ့ခဲလှသော ဤအစည်းအဝေးကြီးမှာ ယခုကဲ့သို့ နိကာယဝင် အရှင်မြတ်တို့ စုံစုံညီညီ တွေ့ကြုံဆုံစည်းကြရာအခါ၌ အချင်းချင်းညှိနှိုင်း တိုင်ပင်တော်မူကြကာ နိကာယထိပ်ခေါင်တင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများ

ချမှတ်တော်မူသွားခဲ့ကြသော နိကာယ်ငါးရပ် မပြတ်ပို့ချမှု ဝါစနာမဂ္ဂ မပျောက်မပျက်ရအောင် ခေတ်နှင့်လည်းလျော်သော ပို့ချနည်း စည်းမျဉ်းစည်းကမ်းများ တိတိကျကျ ချမှတ်လျက် ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... နောက်တစ်ချက် လျှောက်ထားလိုသည်မှာ အခါတစ်ပါး၌ ဘုရားရှင်ကိုယ်တော်မြတ်က အရှင်မဟာကဿပကို **"ကဿပ... ရဟန်းတို့ကို ဆုံးမလော့၊ ရဟန်းတို့ကို တရားစကားဟောပြောလော့၊ ကဿပ...သင်သည်လည်းကောင်း၊ ငါသည်လည်းကောင်း ရဟန်းတို့ကို ဆုံးမသင့်၏၊ တရားစကား ဟောပြောသင့်၏"**ဟု မိန့်တော်မူရာ အရှင်မဟာကဿပက **"မြတ်စွာဘုရား... ယခုအခါ ရဟန်းတို့သည် ဆုံးမခက်ကြပါသည်၊ ဆုံးမခက်စေတတ်သော အကုသိုလ်များနှင့် ပြည့်စုံကြပါသည်ဘုရား"**ဟု လျှောက်ထားခဲ့ပူးပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား...** ဘုရားရှင်လက်ထက်တော်ကပင် ဤသို့သော ဆုံးမခက်သော ရဟန်းများရှိနေပါက ယခုအခါမှာ ဆိုဖွယ်မရှိတော့ပါဘုရား။

ထို့ကြောင့် မဟာဝိသုတာရာမိက ဂဏဝါစကနိကာယဝင် ဆရာတော်အရှင်မြတ်တို့သည် မိမိတို့၏တပည့်များကို ဒကာ,ဒကာမတို့ အကြည်ညိုပျက်စေနိုင်သော သမဏသာရုပ္ပမဖြစ်သော အမှုများကို ရှောင်ကြဉ်စေ၍ သောဝစဿတာဂုဏ်နှင့်ပြည့်စုံအောင် ဆုံးမတော်မူကြရန် လိုအပ်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... သာသနာတော်နောက်ပိုင်း ရောက်လာသော ယခုအခါ၌ သာသနာတော်အရှည်ခံ့၍ တည်တံ့ကြောင်းဖြစ်သော ပရိယတ်၊ ပဋိပတ်တရားများကို ကြိုးစားအားထုတ်မှု မပြုကြဘဲ လာဘ၊သက္ကာရ၊ သိလောကကိုသာ ငဲ့ကွက်၍ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ အင်းအိုင်အတတ်၊ မှော်အတတ်၊ ထွက်ရပ်ပေါက် စူဠဂန္ဓာရအတတ်စသော တန္တရ၊ မန္တရ အလုပ်တို့ကို ပြုလုပ်နေကြသော ရဟန်းများ ပေါ်များလာပါသည်။ ဒကာ, ဒကာမများကလည်း ထိုသို့သောပုဂ္ဂိုလ်များကိုသာ လွန်စွာအထင်ကြီး၍ ဆည်းကပ်ကိုးကွယ်နေကြပါသည်ဘုရား။

တပည့်တော်တို့ ပခုက္ကူမဟာဝိသုတာရာမိကနိကာယဝင် အရှင်မြတ်တို့သည် ဒကာ, ဒကာမတို့ကို သာသနာတော်ကို ကြည်ညိုတတ်သည့် အသိမှန် အမြင်မှန်ကို ရစေကြလျက် မိမိတို့ကိုယ်တိုင်လည်း သာသနာတော်၏ အညစ်အကြေး၊ သာသနာကွယ်ပကြောင်းဖြစ်သည့် ထိုတန္တရ,မန္တရအမှုများကို ဝေးစွာရှောင်ကြဉ်တော်မူကြ၍ သာသနာတော်တည်တံ့ကြောင်းဖြစ်သော ဂန္ထဓုရ၊ ဝိဿနာဓုရနှစ်ပါးကိုသာ ပွားများကြိုးကုတ် အားထုတ်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းလျက် တပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

# ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ကောဒသမသန္နိပါတဩဝါဒခံယူပူဇော်ပွဲ သံဃာ့အစည်းအဝေးကြီး၌ မိန့်ကြားတော်မူအပ်သော နိဂုံးချုပ်ဩဝါဒကထာ

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူ မဟာဝိသုတာရာမိကဂဏဝါစကနိကာယ ကောဒသမသန္နိပါတ ဩဝါဒခံယူပွဲသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့ဘုရား...

ကောဇာသက္ကရာဇ် ၁၃၆၅–ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၄) ရက်နေ့မှစ၍ ကျင်းပပြုလုပ်ခဲ့သော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ နှစ်(၁၀၀)ပြည့် အထိမ်း အမှတ်ပူဇော်ပွဲနှင့် ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ကောဒသမ သန္နိပါတ ဩဝါဒခံယူပူဇော်ပွဲ သံဃာ့အစည်းအဝေးကြီးသည် ယနေ့ ၁၃၆၅–ခုနှစ်၊ တပို့တွဲ လပြည့်ကျော် (၆)ရက်နေ့ဝယ် အောင်မြင်ချောမောစွာ ပြီးမြောက်ခဲ့ပြီဖြစ်၍ နိကာယဝင် အရှင်မြတ်များနှင့်တကွ ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့ နှစ်ထောင်း အားရဝမ်းသာကြည်နူးကြရပါသည်ဘုရား။

ပခုက္ကူမဟာဝိသုတာရာမိကဂဏဝါစက နိကာယဝင်ဆရာတော်အရှင်မြတ် တို့ဘုရား... ဤကောဒသမသန္နိပါတ ဩဝါဒခံယူပူဇော်ပွဲ သံဃာ့အစည်းအဝေး ကြီးကို (၃)ရက်တိုင်တိုင် ကျင်းပတော်မူခဲ့ကြရာဝယ် မဟာဝိသုတာရာမိကဂဏ

ဝါစကနိကာယကြီး၏ အဓိကရည်ရွယ်ချက်များဖြစ်သော–

၁။ သာသနာတော်တည်တံ့ရေး၊

၂။ သာသနာတော်ကြီးပွားရေး၊

၃။ သာသနာတော်ပြုပြင်ရေး၊

၄။ ဩဝါဒခံယူရေး၊

၅။ ပရိယတ်သင်ကြားပို့ချမှု ထိန်းသိမ်းရေး–

ဟူသော သာသနာတော်အရေးကိစ္စ(၅)ချက်ကို ဆရာတော်(၅)ပါးတို့က အကျယ်တဝင့် ရှင်းလင်းတင်ပြကြ၍ ဆရာတော်(၅)ပါးတို့က ထောက်ခံဆွေးနွေး အကြံဉာဏ်များ ပေးတော်မူသွားသည်မှာ လွန်စွာအားရ ကျေနပ်ဖွယ်ကောင်းပါသည်ဘုရား။

ဤတင်ပြချက်၊ ဆွေးနွေးချက်များကို အခြေခံ၍ ဆုံးဖြတ်ချက် (၃)ချက်တို့ကို ချမှတ်နိုင်ခဲ့ကြ၍ မှတ်တမ်းတင်ခြင်း(၃)ရပ်တို့ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ခြင်းသည် ဤသံဃာ့အစည်းအဝေးကြီး၏ လွန်စွာကျေနပ်ဖွယ်ကောင်းသော ရလဒ်ကြီးများ ဖြစ်ပါသည်ဘုရား။

သို့ရာတွင် ဤဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာ၌ လွယ်ကူစွာ အကောင်အထည်ဖော်နိုင်မည့် ဆုံးဖြတ်ချက်များရှိသလို ရုတ်တရက် အကောင်အထည် ဖော်ရန် မလွယ်ကူသော ဆုံးဖြတ်ချက်များလည်း ရှိပါလိမ့်မည်။ လွယ်ကူစွာ အကောင်အထည်ဖော်နိုင်မည့် ဆုံးဖြတ်ချက်များကို အလျင်အမြန် အကောင် အထည်ဖော် ဆောင်ရွက်တော်မူကြ၍ ရုတ်တရက် အကောင်အထည်ဖော်ရန် မလွယ်ကူသော ဆုံးဖြတ်ချက်များကို အကောင်အထည်ပေါ်လာအောင် ဤပင်မဌာန ချုပ်ဖြစ်သော ပခုက္ကူမဟာဝိသုတာရာမတိုက်ရှိ နာယက၊ ဂဏဝါစကဆရာတော် များက အထူးလုံ့လစိုက်၍ တိကျသောစနစ်များချမှတ်ကာ တိုက်ခွဲများရှိ နိကာယဝင် အရှင်မြတ်တို့နှင့် ညှိနှိုင်းတိုင်ပင်တော်မူကြလျက် အကောင်အထည်ပေါ်အောင် ဆောင်ရွက်တော်မူကြရန် တိုက်တွန်းစကား လျှောက်ထားပါသည်ဘုရား။

ဆုံးဖြတ်ချက်သာချမှတ်၍ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ပေါ်အောင် မဖော်ဆောင်နိုင်ပါက အများကဲ့ရဲ့ဖွယ် ဖြစ်ပါလိမ့်မည်ဘုရား။ ထို့ကြောင့် ဆုံးဖြတ်ချက်အားလုံးကို အလျင်အမြန် မဖြစ်မနေအကောင်အထည်ပေါ်အောင် ဆောင်ရွက်တော်မူကြ၍ အချို့ဆုံးဖြတ်ချက်များကို အချိန်ယူပြီး တစ်စတစ်စ ဆက်လက်ဆောင်ရွက်တော်မူကြပါဘုရား။ တပည့်တော်တို့၏ နိကာယာဓိပတိဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြင်းခြံဆရာတော်ဘုရားကြီးသည် နိကာယကြီး၏ အဓိကရည်ရွယ်ချက် (၅)ချက်တို့အနက် ပရိယတ်သင်ကြားပို့ချမှု ထိန်းသိမ်းရေးဟူသော ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ပခုက္ကူနိကာယဓါစနာမဂ္ဂဖြစ်သော နိကာယကြီးများပို့ချမှု အစဉ်အလာပျောက်ကွယ်သွားမည်ကို လွန်စွာစိုးရိမ်ကြောင့်ကြတော်မူသဖြင့် နိုင်ငံတော်အစိုးရအကြီးအကဲများနှင့် တွေ့ကြုံသည့်အခါ နိကာယစာမေးပွဲကြီးကျင်းပရန် မကြာမကြာတိုက်တွန်းခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ နိုင်ငံတော်အစိုးရက နိကာယစာမေးပွဲကြီးကို ကျင်းပပေးခဲ့ပါသည်ဘုရား။ ဆရာတော်ဘုရားကြီးသည် မိမိကိုယ်တော်တိုင်လည်း နိုင်ငံတော်အစိုးရ၏ အကူအညီ၊ မိမိဒကာ, ဒကာမများ၏အထောက်အပံ့ဖြင့် နိကာယစာသင်တိုက်ကြီး တည်ထောင်တော်မူ၍ နိကာယစာဝါများ ပို့ချစေကာ နိကာယသာသနာ တစ်ခေတ်ဆန်းသစ်စေတော်မူခဲ့သည်မှာ ယခုအခါ အောင်မြင်သင့်သလောက် အောင်မြင်နေပါသည်ဘုရား။

မြင်းခြံဆရာတော်ဘုရားကြီးသည် မိမိတပည့်များတွင် ဉာဏ်ထက်မြက်သော တပည့်များအား သကျသီဟ၊ စေတိယင်္ဂဏစသော စာမေးပွဲကြီးများကို ဝင်ရောက်ဖြေဆိုခွင့်မပေးဘဲ နိကာယကြီးများကို သင်ယူစေ၍ နိကာယစာမေးပွဲများ အောင်မြင်ပြီးမှသာ အခြားစာမေးပွဲများကို ဝင်ရောက်ဖြေဆိုခွင့် ပေးတော်မူခဲ့ပါသည်။ ယခုအခါ မြင်းခြံဆရာတော်ကြီးကဲ့သို့ပင် အခြားစာမေးပွဲများကို ဝင်ရောက်ဖြေဆိုခြင်း မပြုစေဘဲ နိကာယကြီးများကိုသာ ချပို့တော်မူကြသော ဆရာတော်များလည်း ရှိခဲ့ကြပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား… ဘုရားတပည့်တော် လျှောက်ထားလိုရင်းမှာ အခြားစာမေးပွဲများကို ဖြေဆိုခြင်း၊ ထိုစာမေးပွဲနည်းလမ်းဖြင့် စာသင်ခြင်းမျိုးကို တားမြစ်လိုခြင်းမဟုတ်ပါ။ စာမေးပွဲအောင်မြင်ရုံမျှဖြင့် အားရတင်းတိမ်မနေဘဲ နိကာယ်ကျမ်းဂန်ကြီးများကို နှံ့စပ်အောင် ဆရာသမားများကလည်း ပို့ချတော်မူကြ၊ စာသင်သားတို့ကလည်း သင်ယူကြရန် လျှောက်ထားလိုရင်းဖြစ်ပါသည်ဘုရား။

ဘုရားတပည့်တော် နောက်တစ်ချက် လျှောက်ထားလိုသည်မှာ ကျေးဇူးတော်ရှင် နိကာယထိပ်ခေါင်တင် ဖြစ်တော်မူကြသော ရေစကြိုဆရာတော်ဘုရားကြီးနှင့်တကွ ဆရာတော်ဘုရားကြီး အဆက်ဆက်တို့ စီရင်တော်မူအပ်ခဲ့သော နိကာယ်ပါဠိ၊ အဋ္ဌကထာ၊ နိဿယစာမူများကို ကျမ်းစာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေနိုင်အောင် အသင်းအဖွဲ့ဖွဲ့စည်းလျက် ဆောင်ရွက်တော်မူကြရန်ကိုလည်း တိုက်တွန်းပါသည်ဘုရား။

နိဂုံးချုပ် လျှောက်ထားလိုသည်မှာ တပည့်တော်တို့ ပခုက္ကူမဟာဝိသုတာရာမိကဂဏဝါစကနိကာယဝင် အရှင်မြတ်တို့သည် ယခင် သန္နိပါတများက ကျေးဇူးတော်ရှင် နိကာယထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒကထာများကို အပန်ပန်အထပ်ထပ် နှလုံးသွင်းဆင်ခြင်ကာ ဦးထိပ်ပန်ဆင်လျက် ကျင့်သုံးတော်မူကြပြီးလျှင် ဤအစည်းအဝေးကြီးက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို အကောင်အထည်ပေါ်အောင် စွမ်းအားရှိသမျှ အားထုတ်တော်မူကြ၍ ဘုရားရှင်၏သာသနာတော်မြတ်ကြီး အရှည်ခံ့၍တည်တံ့အောင်၊ စည်ပင်ပြန့်ပွား တိုးတက်ထွန်းကားအောင် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျက် တပည့်တော်၏ နိဂမနသာရဏီယ ဩဝါဒကထာကို အဆုံးသတ်ပါသည် ပခုက္ကူမဟာဝိသုတာရာမိကဂဏဝါစကနိကာယဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

## ၁၃၆၈–ခု၊ကဆုန်လပြည့်ကျော်(၇)ရက်၊(၁၈–၅–၂၀၀၆) မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်စံပြကျေးရွာ ဝေဠုဝန်မစိုးရိမ်တိုက်သစ်၊ ပရိယတ္တိစာသင်တိုက်ဖွင့်ပွဲ၌ မိန့်ကြားတော်မူအပ်သော

# ဩဝါဒကထာ

ယနေ့ မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်စံပြကျေးရွာ၌ ဝေဠုဝန်မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဖွင့်ပွဲမင်္ဂလာမှာ ဘုန်းကြီးက ဩဝါဒပေးရမယ်ဆိုတော့ ဆွေမျိုးစပ်ဩဝါဒပေါ့။ ကိုးပင်ဝေဠုဝန်ကျောင်းတိုက်ဆရာတော်တွေဆိုတာဟာ ဘုန်းကြီးတို့ရဲ့ ဆရာသမားတွေနဲ့ ညီတော်နောင်တော် စာသင်ဖက်တွေ ဖြစ်ပါတယ်။ ချောင်းကောက်ဆရာတော် ဦးကလျာဏတို့ ဦးသာသနတို့လည်းအတူတူပါပဲ။ ဘုန်းကြီးတို့ရဲ့ မကွေးတိုက်ကြီးကို စတင်တည်ထောင်တဲ့ ဆရာတော်အရှင်နာရဒ ကတော့ ပခုက္ကူတိုက်ထွက်ပဲ။ ဆရာတော် ဦးပဒုမဆိုတာ ပခုက္ကူတိုက်ထွက်လည်း ဟုတ်တယ်၊ ပခုက္ကူမှာစာချလည်းဖြစ်တယ်။ မစိုးရိမ်တိုက်ကနေပြီး သင်္ကျသီဟာစမှာ စရိယအောင်တော့ မစိုးရိမ်တိုက်ထွက်လည်းဖြစ်တယ်။ ဒါ့ကြောင့် တပည့်တော်တို့ ယခုလက်ရှိ သာသနာ့တာဝန်ထမ်းဆောင်နေတဲ့ သံဃာတော်တွေဟာ ပခုက္ကူ အနွယ်အဆက်၊ မစိုးရိမ်အနွယ်အဆက်တွေ ဖြစ်ပါတယ်။

ဒီရွာ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်ဖွင့်ပွဲကို ဆရာတော်ကြွရောက်ပြီးတော့ ချီးမြှောက်ပါလို့ ဦးဝါသေဋ္ဌဆီက အကြောင်းကြားလာပါတယ်။ ဘုန်းကြီးကလည်း အသက်က(၈၄)နှစ်ဆိုတော့ ဟိုဟိုဒီဒီ သိပ်မသွားချင်ဘူး။ သို့သော်လည်းပဲ ကိုးပင်ရွာမှာ ဝေဠုဝန်မစိုးရိမ်တိုက်သစ်ဖွင့်မယ်ဆိုတော့ ဘုန်းကြီးတို့က အားပေးရမှာ

ဖြစ်တဲ့အတွက် မပြစ်မနေလာခဲ့ရတာဖြစ်ပါတယ်။ ဘုန်ကြီးတို့မပြစ်မနေလာခဲ့ရတဲ့ အကြောင်းကတော့ ခုနပြောသလိုပဲ ဒီရှာသာသနာပွင့်လင်းထွန်းကားပြီးတော့ သွားအောင်လို့ သာသနာချီးမြှောက်တဲ့အနေနဲ့ ကြွရောက်လာတာပါပဲ။

ဒီတော့ စာသင်တိုက်ဖွင့်လှစ်တယ်ဆိုရင် ဦးဇါသေဌ ခုန လျှောက်သွားတဲ့ အတိုင်း ဒါယကာ, ဒါယိကာမတွေ မှတ်သားလောက်တဲ့ ဩဝါဒပေးပါလို့လည်း လျှောက်တယ်။ အဲဒီတော့ ဒါယကာ,ဒါယိကာမတွေရော စာသင်တိုက်ဖွင့် သံဃာ တော်အရှင်မြတ်တွေရော အားလုံးလိုက်နာသင့်တဲ့ ဘုရားရှင်ကိုယ်တော်မြတ် မိန့်တော်မူတဲ့ ဩဝါဒကိုပဲပေးလိုပါတယ်။

ဘုရားရှင်လက်ထက်တော်အခါက အရှင်ကိမိလဆိုတဲ့ မထေရ်တစ်ပါးရှိ ပါတယ်။ အဲဒီအရှင်ကိမိလမထေရ်က မြတ်စွာဘုရားကို လျှောက်ထားပါတယ်။ မြတ်စွာဘုရား... ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံသွားတဲ့နောက် အဘယ် အကြောင်းကြောင့် သာသနာအရှည် မတည်တံ့ပါသလဲဘုရား၊ အဘယ်အကြောင်း ကြောင့် သာသနာအရှည်တည်တံ့ပါသလဲဘုရားလို့ သာသနာမတည်တံ့ခြင်းရဲ့ အကြောင်း၊ သာသနာတည်တံ့ရခြင်းရဲ့အကြောင်း မေးလျှောက်ပါတယ်။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က "ကိမိလ... ငါဘုရားပရိနိဗ္ဗာန်စံသွားတဲ့အခါ ဘိက္ခု ပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ်ဆိုတဲ့ ပရိသတ် ၄-ပါးတို့-

- မြတ်စွာဘုရား၌ မရိုမသေ မလေးမစား နေကြခြင်း၊
- တရားတော်အပေါ်၌ မရိုမသေ မလေးမစား နေကြခြင်း၊
- သံဃာတော်အပေါ်၌ မရိုမသေ မလေးမစား နေကြခြင်း၊
- မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာ စသည်၌ မရိုမသေမလေးမစားနေကြခြင်း၊
- မိမိတို့အချင်းချင်း အပြန်အလှန် မရိုမသေ မလေးမစားနေကြခြင်း-

ဆိုတဲ့အကြောင်း(၅) မျိုးကြောင့် သာသနာအရှည်မတည်တံ့ဘဲ ကွယ်ပျောက်သွား တယ်တဲ့။

အဲဒီဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ်ဆိုတဲ့ ပရိသတ်(၄)ပါးတို့-

- ဘုရားရှင်ကိုယ်တော်မြတ်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊
- တရားတော်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊
- သံဃာတော်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊
- မိမိတို့ကျင့်သုံးရမည့် သိက္ခာ စသည်၌ ရိုသေလေးစား၍နေကြခြင်း၊
- မိမိတို့အချင်းချင်း အပြန်အလှန် ရိုသေလေးစား၍နေကြခြင်း-

ဟူသော အကြောင်း(၅)မျိုးတို့ကြောင့် သာသနာအရှည်ခံ၍ တည်တံ့နိုင်တယ်လို့ ဟောတော်မူပါတယ်။

ဟုတ်လည်းဟုတ်ပါတယ်။ ဘုရားရှင်ရဲ့ ပရိသတ်က လေးပါးရှိတယ်။ ဘိက္ခုပရိသတ်တဲ့... ဘိက္ခုပရိသတ်ဆိုတာ ရဟန်းတော်တွေပါပဲ။ ရဟန်းတော်တွေကို ပဓာနထားပြီးဆိုလိုက်လျှင် သာမဏေတွေလည်း ပါသွားတယ်။

ဘိက္ခုနီပရိသတ်တဲ့...ဘိက္ခုနီပရိသတ်ကတော့ ဘုရားရှင်လက်ထက်က ရှိခဲ့တယ်။ ဘုရားရှင်ပရိနိဗ္ဗာန်စံသွားတဲ့နောက် နှစ်ပေါင်း(၁၀၀၀)အတွင်းမှာပဲ ဘိက္ခုနီသာသနာကွယ်ပျောက်သွားခဲ့တယ်။ ဒါ့ကြောင့် အခုတော့ ဘိက္ခုနီပရိသတ် မရှိတော့ဘူး။

ဥပါသကာပရိသတ်တဲ့... ရတနာသုံးရပ် ဆည်းကပ်တတ်တဲ့ အမျိုးသား ဒကာတွေပေါ့။ ဥပါသိကာပရိသတ်ဆိုတာ ရတနာသုံးရပ် ဆည်းကပ်တတ်တဲ့ အမျိုးသမီးဥပါသိကာမတွေပေါ့။ အဲဒီတော့ ယခုမျက်မှောက်ခေတ်မှာတော့ ရဟန်း သာမဏေတွေရှိတယ်။ ဒါယကာ, ဒါယိကာမတွေ ရှိတယ်။ အဲဒီပရိသတ်တွေဟာ မြတ်စွာဘုရားအပေါ်၌ မရိုမသေမလေးမစားနေကြမယ်ဆိုရင် သာသနာကွယ်ပျောက်သွားမယ်။ ဟုတ်ပါတယ်။ ဘုန်းကြီးတို့ယယ်က ဘုရားရှင်ကိုယ်တော်မြတ်အပေါ် ရိုသေလေးစားမှုနဲ့ ယခုမျက်မှောက်ခေတ် ရဟန်းတော်တွေ၊ မျက်မှောက်ခေတ် ဒကာ,ဒကာမတွေ ရိုသေလေးစားပုံဟာ အလွန့်အလွန်

ကွာခြားပါတယ်။ ရှေးရှေးတုန်းက ဆရာတော်ဘုရားကြီးတွေ ဘုရားခန်းနား ရောက်သွားတယ်ဆိုရင် အဝေးကြီးကနေပြီးတော့ လက်အုပ်ချီပြီး ကျုံ့ကျုံ့ကျုံ့ကျုံ့ သွားကြတယ်။ သက်တော်ထင်ရှား မြတ်စွာဘုရားရှေ့တော်မှောက်သွားရသလိုပဲ။ ရိုသေလေးစားကြတယ်။ အခုကာလမှာတော့ အဲဒီလိုမဟုတ်တော့ဘူး။ ရိုသေ လေးစားမှုဟာ နည်းပါးသွားတယ်။ ဘုရားရှင်ကိုယ်တော်မြတ်မရှိတော့သော်လည်း ရုပ်ပွားတော်ဟာ ဘုရားရှင်ကိုယ်တော်စားပဲ၊ အဲဒီတော့ ရုပ်ပွားတော်နားမှာဆိုရင် ဘုရားရှင်ရှေ့တော်မှောက် ရောက်နေသလို စိတ်ထဲထားပြီးတော့ ဘုရားရှင် သက်တော်ထင်ရှားရှိရင် ငါဒီလိုနေနိုင်ပါ့မလား၊ ဒီစကားတွေ ဘုရားရှင်ရှေ့ထား ပြောနိုင်ပါ့မလားစသည်ဖြင့် စဉ်းစားဆင်ခြင်ပြီး အနေအထိုင်ရော၊ အပြောအဆိုရော ဆင်ခြင်ပြီး ဘုရားရှင်အပေါ်၌ ရိုသေရတယ်၊ လေးစားရတယ်။

တရားတော်အပေါ်၌လည်း ရိုသေလေးစားရတယ်။ ရှေးတုန်းကတော့ ဘုရားရှင်ကိုယ်တော်တိုင်ပဲ တရားတော်ကို နာခဲ့ပါတယ်။ အရှင်သာရိပုတ္တရာတို့ အရှင်အာနန္ဒာတို့ တရားဟောတဲ့အခါ ဘုရားရှင်ကိုယ်တော်တိုင် တရားနာခဲ့တယ်။ အခုကာလတော့ အေး... မလွဲသာလို့သာ တရားနာရတယ်။ တရားအပေါ်မှာ တကယ်ရိုသေလေးစားမှုက နည်းသွားတယ်။ ဒီတော့ ဘုရားရှင်ကိုယ်တော် တိုင်တောင် ရိုရိုသေသေတရားနာသေးတာပဲ။ မိမိတို့လဲပဲ တရားတော်အပေါ်၌ ရိုသေလေးစားမှု ရှိနေရတယ်။

သံဃာတော်တဲ့...ယခုသံဃာတော်တွေ မျက်မှောက်မှာရှိတဲ့ သံဃာတော် တွေဟာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်စတဲ့ အရိယာတို့က ဆင်းသက် လာတဲ့ အနွယ်အဆက်တွေဖြစ်ပါတယ်။ ဒါ့ကြောင့် သံဃာတော်တွေအပေါ်မှာလည်း ရိုသေလေးစားရတယ်။ အဲဒီလို ဘုရားရှင်အပေါ်၌လည်း ရိုသေလေးစားမယ်။ တရားတော်အပေါ်၌လည်း ရိုသေလေးစားမယ်။ သံဃာတော်အပေါ်၌လည်း ရိုသေ လေးစားမယ်ဆိုရင်တော့ သာသနာအရှည်ခံ၍ တည်တံ့နိုင်မယ်တဲ့။ သုံးမျိုးပေါ့။

၄–နံပါတ်ကတော့ သိက္ခာဂါရဝတဲ့ ..သိက္ခာဂါရဝဆိုတာ အကျင့်သိက္ခာ၌ ရှိသေလေးစားခြင်းပါပဲ။ အလွန်အရေးကြီးပါတယ်။ ရဟန်းတော်တွေလည်း အရေးကြီးတာပဲ ကျင့်သုံးရမှာပဲ။ ဒကာ, ဒကာမတွေလဲ အရေးတကြီးကျင့်သုံးရမှာပဲ။ ရဟန်းတော်အရှင်မြတ်တွေဟာ မိမိတို့ကျင့်သုံးရမယ့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတွေအပေါ်မှာ ရှိသေလေးစားမှု နည်းပြီးလာပါတယ်။ ဒကာ, ဒကာမတွေလည်း ထို့အတူပဲ၊ လူတို့ကျင့်သုံးရမယ့် ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလတွေ ကျင်းသုံးဖို့ရာ လျော့ရဲပြီးတော့လာခဲ့တယ်။ ဒါဟာ သိက္ခာကို မလေးစားတာဘဲ။ ရဟန်းတော်အရှင်မြတ်တွေဆိုရင် သီလသိက္ခာတွေ ရှေးရှေးက ဆရာတော်ဘုရားကြီးများဟာ ခုဒ္ဒါနုခုဒ္ဒက အလွန်သေးငယ်တဲ့ သိက္ခာပုဒ်ကလေးတွေတောင်မှ စေတနာနဲ့ မလွန်ကျူးမိအောင် စောင့်ထိန်းတော်မူကြတယ်။ အခုကာလ ရဟန်းတော်တွေကတော့ အေး... ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်မဟုတ်ဘူး။ ဒီ့ထက်ကြီးမားတဲ့ သိက္ခာပုဒ်ကြီးတွေတောင် လွန်ကျူးပြီးနေကြတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ရပ်ထဲရွာထဲကို ဆွမ်းစားပင့်လို့ ဆွမ်းကိုလာကပ်တဲ့အခါ ဆွမ်းပွဲက အင်မတန်ကြီးနေရင် အကပ်မပြောက်ပါဘူး။ အကပ်မပြောက်ပေမယ့် ဒီအတိုင်းပဲ အကပ်ခံစားလိုက်ကြတာပဲ၊ စားလိုက်တော့ အာပတ်သင့်တာပေါ့။ အေး...အကပ်မပြောက်ဘူး။ ကပ်လို့ ပြောက်တယ်ဆိုတာက အားအလတ်ရှိတဲ့ယောကျ်ားတစ်ယောက်မ,နိုင်တဲ့ပစ္စည်းကိုသာ ကပ်လို့ရတာကိုး။ ခုကာလ ဆွမ်းပွဲကြီးတွေဆိုတာက အကြီးကြီးတွေပဲ။ ဟင်းတွေကလည်း အများကြီး။ အားအလတ်ရှိတဲ့ ယောကျ်ားတစ်ယောက်မ,မနိုင်ဘူး။ အဲဒီဆွမ်းပွဲကြီး အကပ်ခံပြီးစားနေကြတာပဲ။ အဲဒါ သိက္ခာမလေးစားတာဘဲ။

စားဖွယ်သောက်ဖွယ်ထဲမှာ ဗီဇကံဆိုတဲ့ မျိုးစေ့တွေပါတတ်တယ်။ ရေတ်သီးတောင့်စသည်ပေါ့။ ပူစီနံပင်ဆိုတာလည်း မျိုးစေ့ပါပဲ။ အဲဒီလို မျိုးစေ့တွေပါရင် ကပ္ပိရတယ်။ မကပ္ပိဘဲစားရင် အာပတ်သင့်တယ်။ ခုကာလ ကပ္ပိဖို့တွေမေ့နေကြတယ်။ ဘုန်းကြီးကျောင်းက ကိုရင်၊ ကျောင်းသားတွေတောင်မှ ကပ္ပိတာမသိတော့ဘူး။ ဘုန်းကြီးတို့ကျေးငူးရှင် ပခုက္ကူဆရာတော်ဘုရားကြီး ဆတော်နန်က

(ဆရာတော် ဦးနန္ဒဝံသ) ရန်ကုန်ကပြန်လာတော့ အမိန့်ရှိတယ်။ ''ငါ...ရန်ကုန်သွား တော့ ဆွမ်းစားပင့်တာနဲ့ လိုက်သွားတယ်''တဲ့။ ''ဆွမ်းဝိုင်းထဲမှာ ရေတ်သီးတောင့် ပါလာလို့ ငါကကပ္ပိတယ်''တဲ့။ ''ဘေးက ရန်ကုန်ဘုန်းကြီးတွေက ငါ့ဘယ့်နှယ်ပြော တုန်းဆိုတော့ ဟိုကိုယ်တော်က တောကျတယ်လို့ ပြောတယ်''တဲ့ ဟုတ်လား။ ဝိနည်းကို တကယ်လေးစားတာကိုပဲ ယခုကာလတော့ တောကျတယ်လို့ဖြစ်နေ ကြတယ်။ ပြောရမယ်ဆိုရင်တော့ အများကြီးပါပဲ၊ ဥပမာအားဖြင့် စားဖွယ်၊ သောက်ဖွယ်တွေဆိုရင် ရဟန်းတော်တွေ မကိုင်ကောင်းဘူး။ စားဖွယ်၊သောက်ဖွယ် တွေကို ရဟန်းတော်တွေ သွားထိလိုက်လို့ရှိရင် အဲဒီထိတဲ့ပုဂ္ဂိုလ်ကတော့ မစားရဘူး။ ကျန်တဲ့ရဟန်းတော်တွေကတော့ အကပ်ခံစားရင်ရသေးတယ်။ ထိရုံတင်မဟုတ်ဘဲနဲ့ ကိုင်လိုက်လို့ နေရာရွှေ့သွားရင် ဘယ်ရဟန်းတော်မှ မစားသင့်ဘူး။ ခုကာလတော့ စားဖွယ်သောက်ဖွယ်တွေ အကပ်မခံရဘဲနဲ့ ကိုယ်တိုင်ကိုင်နေတာပဲ။ အလှူအတန်း တွေမှာ ဆိုလို့ရှိရင် ဒကာ,ဒကာမတွေနဲ့ရောပြီး သူတို့က ဆွမ်းပြင်တယ်။ သူက ကိုင်လိုက် ငါကကိုင်လိုက်နဲ့ပေါ့လေ။ ပြီးတော့မှ ငါ့ကပ်စမ်းဆိုပြီး ပြန်အကပ်ခံတယ်။ အကပ်က ပျက်နေပေါ့ပဲ။ ဘယ်အကပ်ခံလို့ရတော့မတုန်း။ အဲဒီလိုသာသနာတော်မှာ သီလသိက္ခာဘက်မှာ မရှိမသေဘဲနဲ့ လျော့ရဲရဲဖြစ်လာတယ်။ ကြာလှပါပြီ။ ဒို့ဒကာ, ဒကာမတွေကလည်း ဒီလိုပဲ မိမိတို့ကျင့်သုံးရမယ့် သီလသိက္ခာတွေဘက်က လျော့ရဲရဲဖြစ်နေတယ်။ ဘုန်းကြီးက အမြွက်မျှပြောတာပဲ။ ပြောမယ်ဆိုရင်အများ ကြီးပဲ။ ဒါကြောင့်မို့လို့ သံဃာတော်အရှင်မြတ်တွေကလည်း ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ် လေးမှစပြီးတော့ စေတနာနဲ့ မလွန်ကျူးမိအောင် ရိုရိုသေသေလေးလေးစားစား ကျင့်သုံးရတယ်။ဒကာ, ဒကာမတွေကလည်းပဲ မိမိတို့စောင့်ထိန်းရမယ့် ၅-ပါးသီလ၊ အာဇီဝဋ္ဌမကသီလတွေရှိရိုသေသေ လေးလေးစားစား ကျင့်သုံးရတယ်။ အဲဒီလို သီလသိက္ခာကျင့်သုံးနေရင်တော့ သာသနာအရှည်ခံ၍တည်တံ့နေမှာပဲ။ယခု အခြေအနေအတိုင်း ဆက်သွားရင်တော့ သာသနာကသိပ်ပြီးတော့ကြာကြာခံမှာ မဟုတ်တော့ဘူး။ အဲဒါ ပြုပြင်သင့်တာ ပြုပြင်ရအောင်လို့ဘုန်းကြီးကပြောခဲ့တာပါပဲ။ သီလသိက္ခာ ဖြည့်ကျင့်သလို သမာဓိသိက္ခာ၊ပညာသိက္ခာတွေကိုလည်း ရိုရိုသေသေ လေးလေးစားစား ဖြည့်ကျင့်ဖို့လိုပါတယ်။

နောက်ဆုံး အညမညအဂါရဝ၊ အညမညဂါရဝ=အချင်းချင်း မရိုမသေ မလေးမစားနေကြရင် သာသနာကွယ်မယ်တဲ့...၊ အချင်းချင်း ရိုသေလေးစားပြီး နေကြရင် သာသနာအရှည်ခိုင်မြဲ တည်တံ့မယ်တဲ့... ဘုရားကဟောတယ်။ အချင်းချင်း ဆိုတဲ့နေရာမှာ ယခုလို စာသင်တိုက်ကြီးဆိုလို့ရှိရင် နာယကဆရာတော်နဲ့ စာချဘုန်းကြီးတွေနဲ့ စာသင်သားတွေ အချင်းချင်းအပြန်အလှန် ရိုရိုသေသေ လေးလေးစားစား၊ နာယကဆရာတော်တွေကိုလည်း ဖခင်ကဲ့သို့သဘောထား၊ စာချဘုန်းကြီးတွေကို မိမိတို့ရဲ့ နောင်တော်တွေလိုသဘောထားပြီးတော့ စာသင်သားတွေက ဆက်ဆံရတယ်၊ စာချဆရာတော်တွေနဲ့ နာယကဆရာတော်တွေကလည်း ငယ်သားတွေကို မိမိသားသမီးအရင်းလို သဘောထားပြီးတော့ ရိုရိုသေသေလေးလေးစားစား ဆက်ဆံရမယ်။

စာချဘုန်းကြီးတွေ အပေါ်မှာလည်း ထို့အတူပဲ။စာသင်သားတွေ အပေါ်မှာလည်း ထို့အတူပဲ။ အဲဒီလို နာယကအချင်းချင်း၊ နာယကနှင့် ကျောင်းအုပ်ဆရာတော်၊ နာယကနှင့်စာသင်သား၊ စာသင်သားအချင်းချင်း အကုန်လုံး အပြန်အလှန် ညီညီညွတ်ညွတ် ရိုရိုသေသေ လေးလေးစားစားနေကြမှ စာသင်တိုက်ဆိုတာ ကြီးပွားတယ်။ လက်အောက်ငယ်သားတွေကလည်း နာယကနှင့် စာချဘုန်ကြီးတွေ အပေါ်မှာ မရိုသေမလေးစားဘူး။ စာချဘုန်းကြီး အချင်းချင်းလည်း တစ်ယောက်နဲ့ တစ်ယောက် မရိုသေမလေးစားဘူး။ နာယကဆရာတော်အပေါ်မှာလည်း မရိုသေ မလေးစားဘူးဆိုရင် ဘယ်ဒီစာသင်တိုက်ကြီးပွားတိုးတက်တော့မလဲ။ အမြန်ဆုံး ပျက်စီးသွားမှာပဲ။ ဒါ့ကြောင့် အညမညအဂါရဝ= မရိုမသေ မလေးမစားနေကြတာဟာ သာသနာကွယ်မယ်တဲ့။ ထို့အတူပဲ ဥပါသကာ, ဥပါသိကာမတွေလည်း မိမိတို့အချင်းချင်း အပြန်အလှန် ရိုရိုသေသေ လေးလေးစားစားနေကြရတယ်။ ဥပါသကာ, ဥပါသိကာမတွေနဲ့ ရဟန်းတော်အရှင်မြတ်တွေလည်း အပြန်အလှန် ရိုရိုသေသေ လေးလေးစားစား နေကြရတယ်၊ ရဟန်းတော်တွေကလည်း ဒကာ,ဒကာမတွေအပေါ်မှာ သိပ်မလေးစားဘူး။ မလေးစားဘူးဆိုတာ သူတို့အကြည်ညိုခံနိုင်လောက်အောင် မနေဘူးပေါ့။ သူတို့အကြည်ညိုခံလောက်အောင်နေရင် ရိုသေလေးစားတာပါပဲ။ ဒကာ, ဒကာမတွေကလည်း ဆရာတော်တွေကို မရိုမသေ

မလေးစားဘဲနဲ့ သူငယ်ချင်းပေါင်းသလို မပေါင်းကြနဲ့၊ ရဟန်းတော်တွေကလည်း သူငယ်ချင်းပေါင်းသလို မပေါင်းသင့်ဘူး။

ဟိုရှေးက ပိဏ္ဍပါတိယတိဿမထေရ်ဆိုတာ ရှိတယ်။ အဲဒီ မထေရ်က အင်မတန် သီလသိက္ခာနှင့် ပြည့်စုံတော်မူတယ်။ ဒါ့ကြောင့် ဒကာမကြီးတစ်ယောက်က အဲဒီမထေရ်ကို ၁၂-နှစ်တိုင်တိုင် ဆွမ်းလုပ်ကျွေးခဲ့သတဲ့။ တစ်နေ့တော့ အဲဒီရွာ မီးလောင်တယ်။ မီးလောင်တော့ နိုပြင်ကိုယ်တော်တွေကတော့ ကိုယ့်ဆွမ်းခံအိမ်တွေ သွားကြတာပေါ့။ ဟာ...ဘယ့်နှယ်တုန်း ဒကာကြီး, ဒကာမကြီးတွေ ဘာတွေရလိုက်သေးတုန်း၊ ဘာတွေပါသွားတုန်းစသည်ဖြင့် မေးကြမြန်းကြတယ်။ ပိဏ္ဍပါတိယတိဿမထေရ်ကတော့ ကြွမလာဘူး။ အဲဒီတော့ ရွာထဲက ဒကာ, ဒကာမတွေက အဲဒီဒကာမကြီးကိုပြောကြတယ်။ အမေကြီး ဘုန်းကြီးက စားချိန်ကြမှ လာမှာပါလို့ပြောသတဲ့... ဟုတ်တယ်။ နောက်တစ်နေ့ ဆွမ်းစားချိန်ကျတော့ သင်္ကန်းရုံပြီး ကြွလာတယ်။ မထေရ်မြတ်ကြွလာတယ်ဆိုရင် အိမ်ကလည်း မီးထဲပါသွားတော့ ခင်းစရာမရှိတာနဲ့ ဂိုဒေါင်ရိပ်မှာပဲ နေရာခင်းပြီးတော့ ဆွမ်းကပ်ရတယ်။ ဆွမ်းကပ်ပြီးတော့လဲ ဆွမ်းဘုဉ်းပေးပြီး ပြန်သွားတာပဲ။ ဘာမှမမေးဘူး။ ဒီတော့ ဒကာ,ဒကာမတွေကဝိုင်းပြီး အမေကြီးကို ပြောင်ကြလှောင်ကြတယ်။ ကျွန်တော်တို့ မပြောဘူးလား၊ အမေကြီး ဘုန်းကြီးက စားချိန်ကြမှလာတာပါလို့ ပြောသတဲ့။ ဒီတော့ အမေကြီးကပြောတယ်။ အေး....နင်တို့ဘုန်းကြီးတွေနဲ့ နင်တို့နဲ့ပဲတန်တယ်။ ငါ့ဘုန်းကြီးနဲ့ ငါပဲတန်တယ်လို့ ပြောဆိုလိုက်ပါသတဲ့။ အလွန်လေးနက်တဲ့ စကားပါ။ အေး...မိမိတို့က မရိုမသေ မလေးမစား သူငယ်ချင်းပေါင်း ပေါင်းနေရင် မိမိတို့နဲ့ တန်တဲ့ ဘုန်းကြီးရမှာပဲ။ မိမိတို့က ရိုရိုသေသေ လေးလေးစားစား အဂ္ဂဒက္ခိဏေယျ အနေနဲ့ ဆည်းကပ်ကိုးကွယ်ရင် မိမိတို့နဲ့ထိုက်တန်တဲ့ မြတ်တဲ့ဘုန်းကြီးရမှာပါပဲ။

အဲဒါကြောင့် ဒကာ,ဒကာမတွေကလည်း ရဟန်းတော်များနဲ့ ဆက်ဆံတဲ့ နေရာမှာ အဂ္ဂဒက္ခိဏေယျ=မြတ်သောအလှူခံဆိုတဲ့ အနေနဲ့ ဆက်ဆံရတယ်။ ဒကာ, ဒကာမတွေအပေါ်မှာ ရဟန်းတော်များကလည်း ထို့အတူပဲ။ အေး...လမင်းနဲ့တူရ

သတဲ့။ လဆိုတာ ကောင်းကင်က သွားတယ်။ ဘယ်သူနဲ့မှ မဆက်ဆံဘူး။ ဒါပေမယ်လို့ အဲဒီလကို ဘယ်သူကမှလဲ မမုန်းဘူး။ ထို့အတူပဲ ရဟန်းတော်တွေဆိုတာ ဒကာ, ဒကာမတွေနဲ့ ဆက်ဆံတဲ့အခါ လနှင့်တူစွာ ဆက်ဆံရတယ်။ အဲဒီလို အချင်းချင်း ရိုရိုသေသေ လေးလေးစားစားမဆက်ဆံကြလို့ မပေါင်းသင်းကြရင်တော့ သာသနာ ကွယ်နိုင်တယ်တဲ့။

ဒါ့ကြောင့် ဝေဠုဝန်မစိုးရိမ်တိုက်သစ်ပရိယတ္တိစာသင်တိုက် တည်ထောင်တဲ့အခါမှာလည်း နာယကဆရာတော်နဲ့ စာချဘုန်းကြီးတွေ၊ စာသင်သားတွေ အချင်းချင်း အပြန်အလှန် ရိုရိုသေသေ လေးလေးစားစားနေကြဖို့ ရဟန်းတော်များနဲ့ ဒကာ, ဒကာမတွေလည်းအပြန်အလှန် ရိုရိုသေသေ လေးလေးစားစားနေကြဖို့ ဘုန်းကြီးက တိုက်တွန်းပါတယ်။ အဲဒီလို ရိုရိုသေသေ လေးလေးစားစားနေကြရင်တော့ သာသနာတော် အရှည်ခံ၍တည်တံ့မှာပါပဲ။ ဒီတရား ၅-ပါးက အလွန်အရေးကြီးတယ်။ ဘုရားကြည်ညိုမှု၊ တရားကြည်ညိုမှု၊ သံဃာကြည်ညိုမှု၊ မိမိတို့ကျင့်သုံးရမယ့် အကျင့်သိက္ခာတွေ ရိုသေလေးစားမှု၊ အချင်းချင်းအပြန်အလှန် ရိုသေလေးစားမှု သာသနာတည်တယ်။

အဲဒီလို ဘုရား၌ မရိုသေမလေးစားဘူး၊ တရားတော်၌ မရိုသေမလေးစားဘူး၊ သံဃာတော်၌ မရိုသေမလေးစားဘူး၊ မိမိတို့ကျင့်သုံးရမဲ့ သိက္ခာ၌လည်း မရိုသေမလေးစားဘူး၊ မိမိတို့အချင်းချင်းလဲ အပြန်အလှန် မရိုသေမလေး စားဘူးဆိုရင်တော့ သာသနာကွယ်မှာပဲ။ သာသနာကွယ်ရုံမကဘူး တည်ထောင်တဲ့ စာသင်တိုက်လည်း ဖြစ်ထွန်းမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားက ကိမိလမထေရ်အား ဟောကြားထားတဲ့အတိုင်း ဂါရဝတရား(၅)ပါးနှင့် ပြည့်စုံအောင် ကျင့်သုံးလျက် သာသနာပြုကြဖို့ တိုက်တွန်းချင်ပါတယ်။ သာသနာအရှည်တည်တံ့အောင်၊ စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်အောင် ရှက်ဆောင်ကြပါလို့ တိုက်တွန်းလျက် ဘုန်းကြီးရဲ့ ဩဝါဒကို နိဂုံးချုပ်ပါတယ်။

## ၁၃၅၀-ပြည့်နှစ်၊တော်သလင်းလပြည့်ကျော်(၁၅)ရက်(၁၀၊၁၀၊၈၈) မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ်၊ တုလွတ်ဝေယန်သိမ်ကျောင်းတော်ကြီးတွင် မကွေးတိုင်း၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ

ဒီနေ့ဒီရက်မှာ မကွေးတိုင်းအတွင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဗျူဟာမှူး ဗိုလ်မှူးကြီးအမှူးရှိတဲ့ မကွေးတိုင်း၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ဒကာကြီးများ၊ ပြီးတော့ မြို့နယ်စုငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ဒကာကြီးများနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် သက်ဆိုင်ရာ ဒကာများကို ယခုလို ရင်းရင်းနှီးနှီး တွေ့ဆုံပြီးတော့ ဩဝါဒပေးခွင့်ရတဲ့အတွက် ဘုန်းကြီးနှင့်တကွ မကွေးမြို့ပေါ်မှာရှိကြတဲ့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှာ ဆောင်ရွက်နေတော်မူကြတဲ့ ဆရာတော်အားလုံး ဝမ်းမြောက်ဝမ်းသာ ရှိကြပါတယ်။

ယခုလို လာရောက်ပြီးတော့ ဆရာတော်အရှင်မြတ်တွေထံမှ ဩဝါဒ ခံယူခြင်းဟာလဲ အလွန်သင့်မြတ်ကောင်းမွန်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယခုမကွေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဗျူဟာမှူး ဗိုလ်မှူးကြီးအမှူးရှိတဲ့ အားလုံးသော တာဝန်ရှိပုဂ္ဂိုလ်တွေဟာ တိုင်းပြည်အကျိုး သယ်ပိုးရွက်ဆောင်ပြီး နေကြရတဲ့အတွက်ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အဆုံးအမဩဝါဒတွေကို လေ့လာခွင့်များးစွာ မရကြပါဘူး။

သံဃာတော်အရှင်မြတ်တွေထံမှာ ယခုလို ဩဝါဒခံလိုက်တဲ့အတွက်ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဆုံးအမဩဝါဒထူးတွေလဲ ကြားနာရတော့ တိုင်းပြည်အတွက်တိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်။ အဲဒါကြောင့် ယခုလို ဩဝါဒခံတာဟာ လျော်ကန်သင့်မြတ်လို့ ကောင်းမြတ်တဲ့ လုပ်ငန်းတစ်ခုလို့ ဒီလိုမှတ်ရပါမယ်။ ဘုန်းကြီးက မကွေးမြို့သံဃာထုရဲ့ကိုယ်စား ဒကာကြီးများကို ဩဝါဒပေးရမယ်ဆိုတော့ မိမိတိုင်းအတွင်း ရောက်လာတဲ့ဒကာကြီးတွေဟာ ယခုမှပင် တွေ့ရသော်လည်း ဘုန်းကြီးရဲ့စိတ်ထဲမှာ ဒကာရင်းတွေ၊ တပည့်ရင်းတွေလို့ ဒီလိုပဲ အောက်မေ့ပါတယ်။

ကိုယ့်တိုင်းထဲရောက်လာပြီးတော့ ကိုယ့်တိုင်းအတွင်း ငြိမ်ဝပ်ပိပြားအောင်၊ သာယာစည်ပင်အောင် ဆောင်ရွက်ပေးမယ့် ဒကာတွေဟာ မိမိတို့ရဲ့ဒကာရင်းတွေ တပည့်ရင်းတွေလို့ပဲ အောက်မေ့ပါတယ်။ အဲဒါကြောင့် ဩဝါဒပေးရတဲ့နေရာမှာ တပည့်ရင်း၊ဒကာရင်းများအား ဩဝါဒပေးသလိုပဲ ဘုန်းကြီးတို့က ပွင့်ပွင့်လင်းလင်းပဲ ဩဝါဒပေးမှာပါပဲ။

**"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ တုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာတူလော့"တဲ့။**

မေတ္တာ၊ ကရုဏာ ရှေ့ထားပြီးတော့ အပြစ်မြင်လို့ရှိရင် အဲဒီလိုမြင်တဲ့ အပြစ်ကို စိတ်ထဲမှာ သိုသိပ်ဖုံးဖိမထားပါဘဲနဲ့ ထုတ်ဖော်ပြောဆိုပြီး အကျိုးလိုလားစိတ်နဲ့ အပြုသဘောဆုံးမတဲ့ ပုဂ္ဂိုလ်ဟာ ဆရာစစ်ဆရာမှန် ဖြစ်တယ်တဲ့။ အဲဒီလို မဟုတ်ဘဲနဲ့ အားလုံးကောင်းပါတယ်လို့လိုက်နေရင်တော့ ဒါဟာ ဆရာစစ်ဆရာမှန်လို့ မဆိုထိုက်ပါဘူး။ ဒါကြောင့် ရှေးရှေးဆရာတော်တွေကမှာခဲ့တယ်။ "ရှေးရှု မေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"တဲ့။အဲဒီ ရှေးဆရာတော်များရဲ့ အဆုံးအမအတိုင်း ဘုန်းကြီးရဲ့စိတ်ထဲမှာရှိသလိုပဲ ကိုယ့်ဒကာရင်းတွေ၊ တပည့်ရင်းတွေအနေနဲ့ ပွင့်ပွင့်လင်းလင်း ဩဝါဒပေးမှာ ဖြစ်ပါတယ်။

အဲဒီလို ဩဝါဒပေးတဲ့နေရာမှာလဲ ဘုရားရှင်ကိုယ်တော်မြတ်က ကောသလ မင်းတရားကြီးအား ဩဝါဒပေးတဲ့ ရာဇောဝါဒကထာကို အခြေခံထားပြီး ဩဝါဒ စကားမိန့်ကြားမှာ ဖြစ်ပါတယ်။ ရာဇောဝါဒဆိုတဲ့ ပါဠိပုဒ်က ရာဇ-ဆိုတဲ့ပုဒ်နဲ့ ဩဝါဒ-ဆိုတဲ့ပုဒ်၊ အဲဒီနှစ်ပုဒ်ကို စပ်ထားတာပါပဲ။ ရာဇ-ဆိုတာက မင်း၊ မင်းဆိုတာ တစ်တိုင်းတစ်ပြည်လုံး တစ်နိုင်ငံလုံး အုပ်ချုပ်ရတဲ့မင်းလဲရှိတယ်။ မကွေးတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းစသည်ဖြင့် တိုင်းတို့၊ ပြည်နယ်တို့စသည်မှာ အုပ်ချုပ်ရတဲ့ ပုဂ္ဂိုလ်များလဲ ကိုယ့်သက်ဆိုင်ရာဒေသမှာ မင်းပါပဲ။ ပဒေသရာဇာထဲ ပါတာပါပဲ။ မြို့နယ်စု၊ မြို့နယ်မှာ အုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ သူ့မြို့နယ်စု၊ သူ့မြို့နယ်အရ ရာဇာထဲ ပါဝင်ပါတယ်။ အဲဒီလို ရာဇာလို့ခေါ်ရတဲ့ အုပ်ချုပ်သူ လူတန်းစားများအား ဘုရားရှင်ဆုံးမတဲ့ ဩဝါဒကို ရာဇောဝါဒကထာလို့ ခေါ်တယ်။ အဲဒီ ရာဇ-ဆိုတဲ့ပုဒ်အရ ဘာကြောင့် ရာဇာမည်သလဲလို့ မေးစရာရှိတယ်။

အုပ်ချုပ်သူလူတန်းစားကို ဘာကြောင့် ရာဇာလို့ခေါ်သလဲဆိုလျှင် **“စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ ရဉ္ဇေတီတိ ရာဇာ”** စတူဟိ သင်္ဂဟဝတ္ထူဟိ၊လေးပါးသော သင်္ဂဟဝတ္ထုတို့ဖြင့် (ဝါ) လေးပါးသော ချီးမြှောက်ကြောင်းဖြစ်သော ဝတ္ထုတို့ဖြင့်။ ပရိသံ၊ တိုင်းသားပြည်သူ ရှင်လူပရိသတ်ကို။ ရဉ္ဇေတိ၊ နှစ်သက်စေတတ်၏။ ဣတိ တသ္မာ၊ ထို့သို့ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် တိုင်းသားပြည်သူ ရှင်လူပရိသတ် အပေါင်းကို နှစ်သက်စေတတ်သောကြောင့်။ ရာဇာ၊ ရာဇာမည်၏-တဲ့။

ရာဇာ-ဆိုတာ တိုင်းသားပြည်သူ ရှင်လူ ပရိသတ်အပေါင်းကို သင်္ဂဟဝတ္ထု လေးပါးတို့ဖြင့် နှစ်သက်စေတတ်၊ ကျေနပ်စေတတ်သောကြောင့်၊ နှစ်သက်ကျေနပ် အောင် ပြုလုပ်ပေးတတ်သောကြောင့် ရာဇာခေါ်တယ်တဲ့။ ယခုလာပြီး ဩဝါဒခံကြတဲ့ ဒကာကြီးတွေဟာ ရာဇာထဲပါဝင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အဲဒီတော့ တိုင်းငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှာပါတဲ့ ဒကာကြီးတွေကလဲ တစ်တိုင်းလုံးမှာရှိတဲ့ ရဟန်းရှင်လူ ပြည်သူပရိသတ်တွေ နှစ်သက်အောင်၊ မြို့နယ်စုမှာ ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေကလဲ ကိုယ့်မြို့နယ်စုမှာရှိတဲ့ ရဟန်းရှင်လူပရိသတ်တွေ ကျေနပ် နှစ်သက်အောင် ပြုလုပ်ပေးတတ်ကြပါတယ်။ ပြုလုပ်ပေးရမှာလဲ ဖြစ်ပါတယ်။

အဲဒါကြောင့် ရာဇာခေါ်တယ်တဲ့။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ကျေနပ်နှစ်သက်အောင် ပြုလုပ်ပေးရမယ်ဆိုတော့ သင်္ဂဟဝတ္ထုဆိုတာ ဘာလဲလို့ဆိုလျှင် -

(၁)နံပါတ်က ဒါန-တဲ့။ ဒါနဆိုတာ မိမိတို့ရဲ့ ပစ္စည်းဥစ္စာ ပစ္စုပ္ပန်အကျိုး၊ တမလွန် အကျိုးအတွက် မိမိတတ်နိုင်သမျှ စွန့်ကြဲပေးကမ်းမှုပါပဲ။ လှူဒါန်းမှုပါပဲ။ အကျယ်ချဲ့ ပြောစရာမလိုပါဘူး။ မိမိတို့တတ်နိုင်သမျှ ပေးကြ၊ ကမ်းကြ၊ လှူကြ၊ တန်းကြဖို့ပါ။

(၂)နံပါတ်က ပိယဝါစာ-တဲ့။ ပိယဝါစာ-ဆိုတာ ချစ်ခင်ဖွယ်၊ နှစ်သက်ဖွယ်ဖြစ်တဲ့ စကားကိုပြောဆိုခြင်းကို ဆိုလိုပါတယ်။ အဲဒီတော့ ဒကာကြီးတို့ လုပ်ငန်းက အများနဲ့ဆက်ဆံပြီး ပြုလုပ်နေရတဲ့ လုပ်ငန်း၊ တိုင်းအုပ်ချုပ်တယ်ဆိုတာ တစ်တိုင်းလုံးနဲ့ ဆက်ဆံရတယ်။ မြို့နယ်စု အုပ်ချုပ်တယ်ဆိုလဲ အဲဒီမြို့နယ်စုနဲ့ အကုန်လုံး ဆက်ဆံနေရတယ်။ မြို့နယ်အုပ်ချုပ်တယ်ဆိုလဲ တစ်မြို့နယ်လုံးနဲ့ ဆက်ဆံနေရတယ်။ အဲဒီလို ဆက်ဆံတဲ့နေရာမှာ ဩဝါဒတွေလဲ ပေးရမယ်။ မကြာမကြာ ဆွေးနွေးရမယ်။ အဲဒီအခါမှာ ပိယဝါစာတဲ့။ အားလုံးချစ်ခင်ဖွယ်၊ နှစ်သက်ဖွယ်ဖြစ်အောင် ပြောဆိုရမယ်။

ပြောတဲ့နေရာမှာ "**နှုတ်ချို လျှိုတစ်ပါး**"ဆိုတဲ့အတိုင်းပဲ ချိုချို သာသာနဲ့ အားလုံးသော ရဟန်းရှင်လူ ပရိသတ်တွေ နှစ်သက်သွားအောင် ချိုသာသောစကားနဲ့ ပြောရမယ်။ ဒါ ပိယဝါစာပါပဲ။

(၃) နံပါတ်က အတ္ထစရိယာ-တဲ့။ အတ္ထစရိယာဆိုတာ အမှုကိစ္စကို ဆောင်ရွက်ပေးခြင်းပါပဲ။ ဒီတိုင်းမှာ အုပ်ချုပ်တဲ့ဒကာကြီးတွေက တိုင်းအတွင်း တိုင်းသူပြည်သားတွေအတွက် ဆောင်ရွက်ပေးရမယ့် ကိစ္စတွေအားလုံး ဆောင်ရွက် ရမယ်။ မြို့နယ်စုမှာ အုပ်ချုပ်ရတဲ့ ပုဂ္ဂိုလ်တွေက မြို့နယ်စုမှာ၊ မြို့နယ်မှာ အုပ်ချုပ်ရတဲ့ ပုဂ္ဂိုလ်တွေက မြို့နယ်မှာ ဆောင်ရွက်စရာရှိသမျှ ရဟန်းရှင်လူ ပြည်သူပရိသတ်တို့ ကိစ္စများကို ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်ပေးကြရမယ်။ အဲဒါ အတ္ထစရိယာပါပဲ။ အဲဒီလို အတ္ထစရိယာဆောင်ရွက်ပုံကို ရှေးဆရာတော်များက မှာကြားထားတယ်။

"ခန္ဓာကိုယ်သက်၊ စည်းစိမ်ပျက်ကို၊ လွှန်မက်၍သာ၊ မနေရာဘူး။
မညာကိုယ်ကျိုး၊ ပြည်သူ့ကျိုးဌ၊ နေမျိုး သက်လယ်၊ ရှုရေးကျယ်လော့၊
နိုးနွယ်ရှာရှာ၊ ဆုံးမနာလျက်၊ ရာဇာဟူထ၊ ပြည့်မိဘတို့၊ ပြည်ရွာကိစ္စ၊
ဆောင်ကြရ၏"တဲ့၊

အဲဒီ အတ္ထစရိယာကို အကျယ်ဆုံးမထားတာ ဖြစ်ပါတယ်။ "ခန္ဓာကိုယ်သက်၊ စည်းစိမ်ပျက်ကို၊ လွှန်မက်၍သာ မနေရာဘူး"တဲ့။ မိမိရဲ့ခန္ဓာကိုယ်၊ မိမိရဲ့အသက်၊ မိမိရဲ့စည်းစိမ်ကို အလွန်မက်မောပြီး မနေရာဘူးတဲ့။ "မညာကိုယ်ကျိုး၊ ပြည်သူ့ကျိုးဌ၊ နေမျိုးသက်လယ်၊ ရှုရေးကျယ်လော့"တဲ့။ ကိုယ်ကျိုးကိုမငဲ့ဘဲနဲ့ ပြည့်သူ့အကျိုးကို ငဲ့ပြီးတော့ ဆောင်ရွက်ရတယ်တဲ့။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ "နိုးနွယ်ရှာရှာ၊ ဆုံးမနာလျက်၊ ရာဇာဟူထ၊ ပြည့်မိဘတို့၊ ပြည်ရွာကိစ္စ၊ ဆောင်ကြရ၏"တဲ့။ မိမိတို့နဲ့ဆက်စပ်တဲ့ ရင်းနှီးတဲ့ဆရာသမားတွေထံမှာ အဆုံးအမဩဝါဒတွေ နာခံပြီးတော့ အဲဒီတိုင်းသူပြည်သားတို့ရဲ့အကျိုးကို မိမိတို့က ပြည့်မိပြည့်ဖ ဖြစ်သည့်အားလျော်စွာ ဆောင်ရွက်ပေးကြရမှာ ဖြစ်တယ်တဲ့။ အဲဒီတော့ ဒကာကြီးတို့က တိုင်းရဲ့မိဘတွေပဲ။ မြို့နယ်စုရဲ့ မိဘတွေပဲ၊ မြို့နယ်ရဲ့ မိဘတွေပဲ။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ရှေးရှေးသောမင်းများဟာ ခုနကပြောသလို မိမိရဲ့ခန္ဓာကိုယ်၊ မိမိရဲ့အသက်၊ မိမိရဲ့စည်းစိမ်တွေ မငဲ့ကွက်ဘဲ ပြည်သူ့အကျိုး ဆောင်ရွက်ကြတယ်တဲ့။

"မာဃစန္ဒီ၊ အာလမ္ဗိက၊ ဒေါ်ဒေါ်ရနှင့်၊ ခဆပဋ္ဌာ၊ သချာနှစ်စု၊
ဗသျှုဆိဒြ မုနိစသား၊ သက္ကပြိုလောက်၊ ကိန်းခန်းရောက်သော်၊
မဘောက်ဖြိုမြဲ၊ မဖြိုလွှဲက၊ ပြည်ထဲဥပဒ်၊ များတတ်သောတူ၊
ဖြိုမူမယွင်း၊ ထိုနှစ်တွင်းဝယ်၊ ထိုမင်းမလွဲ၊ စုတိမြဲတည့်၊ သို့ဘဲ
တစိ၊ တူတုံဘိလည်း၊ ပြည့်မိပြည့်ဘ၊ ဖြစ်ကြသောအား၊ ထိုမင်း
များတို့၊ တရားမပျက်၊ ကြောင်တသက်နှင့်၊ ကြက်တစ်မြုံတူ၊
မှတ်ယူဆက်ဆက်၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်မပြု၊ ပြည်ကျိုးရှု၍၊
ပြည်သူ့ချမ်းသာ၊ ဆောင်ကြစွာ၏၊ ပမာမခြား၊ ဘချစ်သားလည်း၊
မပွားထို့နှယ်၊ ပြည်ကျိုးသယ်လော့။

လို့ မန်လည်ဆရာတော်ကြီးက ဆုံးမထားခဲ့တယ်။ ဒါဟာ ဘုရားရှင်ရဲ့ ရာဇောဝါဒ ထဲကထုတ်ပြီး အတ္တစရိယာအရ ဆုံးမတာဖြစ်ပါတယ်။ "မာဃစန္ဒို၊ အာလမ္ဗိက၊ ဒေါ်ဒေါ်ရှန်ရွှဲ ခဆပဥ္စာ၊ သရုံနှစ်ရ၊ ဗသျူ့ဆိဒြ မုနိစသား၊ သက္ကမြိုလောက်" ဆိုတာ တွေကတော့ ဗေဒင်ကျမ်းလာ စကားတွေပါပဲ။ ဆိုလိုရင်းကတော့ သင်္ကရာဇ်ဖြိုဖို့ ကိန်းခန်းများ ရောက်လာရင် ဖြိုကိုဖြိုရမယ်။ သင်္ကရာဇ်မဖြိုလျှင် တိုင်းပြည်မှာ ဥပဒ်ကျရောက်တတ်တယ်တဲ့။ ဖြိုပြန်လျှင်လဲ အဲဒီသင်္ကရာဇ်ဖြိုတဲ့မင်းဟာ ထိုနှစ်မှာပဲ စုတေရတယ်-တဲ့။ အဲဒီတော့ တိုင်းသားပြည်သူတွေ ဥပဒ်ရောက်ချင် ရောက်ပစေ၊ ငါတော့ စုတေမခံနိုင်ဘူးဆိုပြီး မဖြိုဘဲနေမလား၊ ဒါမှမဟုတ် ငါစုတေချင် စုတေပစေ၊ တိုင်းသားပြည်သူတွေ ဥပဒ်မရောက်အောင် သင်္ကရာဇ်ဖြိုမလားဆိုတော့ ထိုမင်းတွေဟာ ပြည့်မိပြည့်ဘဖြစ်သည့်အားလျော်စွာ ကြောင်တစ်သက်နဲ့တော့ ကြက်တစ်မြီုလုံး အသေမခံဘူးဆိုတဲ့သဘောမျိုးနဲ့ တိုင်းသားပြည်သူတွေကိုငဲ့ပြီး သင်္ကရာဇ် ဖြိုတော်မူကြတယ်တဲ့။ အဲဒါလောက် ရှေးရှေးသောမင်းတွေဟာ ကိုယ်ကျိုးမငဲ့ဘဲနဲ့ အတ္တစရိယာဆိုတဲ့ သင်္ဂဟဝတ္ထုဖြင့် တိုင်းပြည်ကို ချီးမြှောက်တော်မူကြတယ်တဲ့။ အဲဒါက (၃)နံပါတ် အတ္တစရိယာ-အရပဲ။ ယခုဒကာကြီးတွေလဲ တိုင်းပြည်ကိစ္စ ဆောင်ရွက်ကြတယ်ဆိုရင် အဲဒီလိုပဲ ကိုယ်ရဲ့အကျိုးထက် တိုင်းပြည်အကျိုးကို ကြည့်ပြီးတော့ အတ္တစရိယာနဲ့ ပြည့်စုံအောင် ဆောင်ရွက်ဖို့လိုပါတယ်။

**(၄) နံပါတ်က သမာနတ္တတာ-တဲ့။** သမာနတ္တတာဆိုတာက တိုင်းသူ ပြည်သား အားလုံးသော ပုဂ္ဂိုလ်တွေကို မိမိနဲ့တန်းတူထားပြီး ဆက်ဆံဖို့ ဖြစ်ပါတယ်။ အဲဒီလို ကိုယ်နဲ့တန်းတူထားတာကို သမာနတ္တတာလို့ ခေါ်ပါတယ်။ အဲဒီလို ဒါနရယ်၊ ပိယဝါစာရယ်၊ အတ္တစရိယာရယ်၊ သမာနတ္တတာရယ် အဲဒီလေးခုဖြင့် တိုင်းသား ပြည်သူ ရှင်လူပရိသတ်တွေကို နှစ်သက်အောင်၊ ကျေနပ်အောင် ဆောင်ရွက်ပေး တတ်သောကြောင့် ရာဇာခေါ်တယ်တဲ့။ အဲဒါကြောင့် တို့ဒကာကြီးတွေလဲ ရာဇာထဲ ပါတဲ့အတိုင်း အဲဒီသင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ကိုယ့်တိုင်းပြည်အတွင်းမှာရှိတဲ့

ရှင်လူပရိသတ်တွေ၊ ကိုယ့်မြို့နယ်စုအတွင်းမှာရှိတဲ့ ရှင်လူပရိသတ်တွေ၊ ကိုယ့်မြို့နယ်မှာရှိတဲ့ ရှင်လူပရိသတ်တွေကို နှစ်သက်ကျေနပ်အောင် ဆောင်ရွက်ပြီးပေးကြပါလို့ ဘုန်းကြီးက ပထမအခြေခံ ပြောပါတယ်။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "မဟာရာဇ၊ ဒကာတော်မင်းမြတ်။ ရာဇာနာမ၊ မင်းမည်သည်။ ဓမ္မေန၊ ရာဇဓမ်ဆယ်ပါး မင်းကျင့်တရားဖြင့်။ ရဋ္ဌံ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်မှုကို။ ကာရေတဗ္ဗံ၊ ပြုစေအပ်၏၊ ပြုစေရမည်-လို့ ကောသလမင်းကြီးအား ဩဝါဒပေးတော်မူတယ်။

ဒကာတော်မင်းကြီး...တဲ့၊ မင်းဆိုတာ တရားနဲ့အညီ မင်းပြုရတယ်တဲ့။ ရာဇဓမ်(၁၀)ပါး မင်းကျင့်တရားနဲ့အညီ မင်းပြုရတယ်။ တစ်နိုင်ငံလုံးအုပ်ချုပ်တဲ့ ပုဂ္ဂိုလ်၊ ခုနက ဘုန်းကြီးပြောသွားသလိုပဲ အဆင့်ဆင့် အစိတ်စိတ် အုပ်ချုပ်သွားတဲ့ ရာဇာမှန်သမျှ ကိုယ်နဲ့ထိုက်တန်တဲ့ တရားတွေ ညီညွတ်အောင် အားထုတ်ပြီးတော့ အုပ်ချုပ်ရတယ်။ အဲဒါ "ဒါနံ သီလံ ပရိစ္စာဂံ" ဒါန-ဆိုတာ တမလွန်အကျိုးငှာ လှူသင့် လှူထိုက်သမျှ လှူနိုင်သမျှ လှူရတယ်။ "သီလံ"တဲ့၊ မိမိတို့စောင့်ထိန်းရတဲ့ ငါးပါးသီလစတဲ့ သီလတွေလဲ စောင့်ထိန်းနိုင်သမျှ စောင့်ထိန်းရတယ်။ "ပရိစ္စာဂံ" တဲ့၊ ပရိစ္စာဂ-ဆိုတာ ပစ္စုပ္ပန်အကျိုးငှာ လက်အောက်ငယ်သားတွေ အမှုထမ်း၊ အရာထမ်းတွေကို သူ့ရာထူးဌာနန္တရအလိုက် ချီးမြှောက်ရတယ်၊ ပေးကမ်းစွန့်ကြဲရတယ်။ ဒါတွေကတော့ သူ့ဥပဒေအရ စွန့်ကြဲပြီးပဲ ဖြစ်ပါတယ်။

"အဇ္ဇဝံ မဒ္ဒဝံ တပံ"တဲ့၊ ရာဇာဆိုတဲ့ပုဂ္ဂိုလ်ဟာ အဇ္ဇဝ=တိုင်းသားပြည်သူ ရှင်လူအပေါင်းအပေါ်မှာ ဖြောင့်မတ်တဲ့နှလုံးသား ရှိရတယ်တဲ့။ ဖြောင့်ဖြောင့်မတ်မတ် ကျင့်ရတယ်။ ဖြောင့်ဖြောင့်မတ်မတ် ပြောရတယ်။ ဖြောင့်ဖြောင့်မတ်မတ် လုပ်ရတယ်။ ပြောတဲ့အတိုင်းပဲ မိမိတို့ကလဲ ဆောင်ရွက်ပြီးပေးရတယ်။ ဒီကိစ္စတော့ ဆောင်ရွက်ပေးပါ့မယ်ဆိုရင် ဒီကိစ္စ မိမိတို့က ဖြောင့်ဖြောင့်မတ်မတ် မကွေ့မကောက် ဆောင်ရွက်ပေးဖို့လိုတယ်၊ ဘယ်ဘက်မှမပါဘဲ ခုနက ဒကာကြီး လျှောက်သွားသလို တည့်တည့်မတ်မတ် ဆောင်ရွက်ပေးတာ "အဇ္ဇဝ"ပါပဲ။ ဒါဟာ ဒကာကြီးတို့အတွက်

လိုအပ်တဲ့အချက်ပါပဲ။ ဒါ့ကြောင့် အဇ္ဇဝဂုဏ်နဲ့ပြည့်စုံအောင် ဒကာကြီးများ ဖြောင့်ဖြောင့်မတ်မတ် ဆောင်ရွက်ဖို့ ဘုန်းကြီးဩဝါဒပေးပါတယ်။

"**မဒ္ဒဝံ**"တဲ့၊ မဒ္ဒဝ-ဆိုတာ နူးညံ့ရပါတယ်။ ဒကာကြီးတို့ဟာ အများနဲ့ ဆက်ဆံနေတဲ့၊ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် အများနဲ့ဆက်ဆံတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်၏ကြမ်းတမ်းမှု၊ နှုတ်၏ကြမ်းတမ်းမှု၊ စိတ်၏ကြမ်းတမ်းမှု မရှိစေရပါဘူး။ ကိုယ်အမူအရာအားဖြင့်လဲ နူးနူးညံ့ညံ့ ဆက်ဆံရမယ်။ နှုတ်အမူအရာအားဖြင့်လဲ နူးနူးညံ့ညံ့ ဆက်ဆံရမယ်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ နူးညံ့ဖို့က ဘာလဲဆိုတော့ စိတ်ကကို နူးညံ့နေမှဖြစ်ပါတယ်။ အဲဒါ့ကြောင့် မိမိတို့ စိတ်ကို အနူးညံ့ဆုံးထား ပြီးတော့ ငါရဲ့တိုင်းအတွင်းတော့ ငါအကောင်းဆုံး ဆောင်ရွက်မယ်ဆိုတဲ့ စိတ် ဆုံးဖြတ်ပြီး နူးနူးညံ့ညံ့ဆက်ဆံပါတဲ့။ "**တပံ**"တဲ့၊ တပ-ပုဒ်အရဆိုတာကတော့ မိမိတို့ကိုယ်တိုင်ကပဲ စံပြအနေနဲ့ ခြိုးခြိုးခြံခြံ ကျင့်သုံးကြဖို့လိုပါတယ်။

"**အက္ကောဓံ အဝိဟိံသဉ္စ**"တဲ့၊အုပ်ချုပ်သူ လူတန်းစားဆိုတာ အက္ကောဓ= ဒေါသမထားဘဲနဲ့ အုပ်ချုပ်ခံလူတန်းစားအပေါ်မှာ မေတ္တာထားပြီး အုပ်ချုပ်ရတယ်။ အဲဒါ့ကြောင့် ဒကာကြီးတွေအနေနဲ့က ကိုယ့်တိုင်းအတွင်းမှာ ရှိရှိသမျှ ရဟန်းရှင်လူ ပြည်သူပရိသတ်တွေအပေါ်မှာ ဒေါသ၊ အာဃာတမထားဘဲနဲ့ မေတ္တာတရားပွား များပြီး ဆောင်ရွက်ပေးဖို့လိုပါတယ်။ မေတ္တာဟာ အအောင်နိုင်ဆုံး လက်နက်ပါပဲ။ အကောင်းဆုံးလက်နက်ပါပဲ။ အဲဒါ့ကြောင့် အက္ကောဓဆိုတာ မေတ္တာတရား။ မိဘများဟာ သားသမီးများက တစ်စုံတစ်ရာပြစ်မှားလျှင် သားသမီးအပေါ် အမျက်မထားဘဲနဲ့ မေတ္တာပွားနိုင်တယ်။ အုပ်ချုပ်သူ လူတန်းစားဟာလဲ မိဘပါပဲ၊ အုပ်ချုပ်ခံလူတန်းစားဟာ သားသမီးပါပဲ၊ ဒါ့ကြောင့် မိမိတို့၏သားသမီးသဖွယ်ဖြစ်တဲ့ တိုင်းအတွင်းမှာရှိတဲ့ ပရိသတ်တွေအပေါ်မှာ ဒေါသမထားဘဲနဲ့ မေတ္တာတရားဖြင့် အုပ်ချုပ်ပါတဲ့။

"**အဝိဟိံသဉ္စ**"တဲ့၊ အဝိဟိံသ-ဆိုတာ မညှဉ်းဆဲရဘူးလို့ ဆိုလိုပါတယ်။ တိုင်းသားပြည်သူတွေ စိတ်ဆင်းရဲအောင်၊ ကိုယ်ဆင်းရဲအောင် မညှဉ်းဆဲဘဲနဲ့

ကရုဏာတရားဖြင့် အုပ်ချုပ်ပါတဲ့။ ဒါဟာ ထင်ရှားပါတယ်။ သိပ်အကျယ်ချဲ့ ပြောစရာမလိုဘူး။

**"ခန္တိဥ္စ အဝိရောဓနံ"** တဲ့၊ ခန္တီ=သည်းခံရမယ်တဲ့။ သည်းခံခြင်းဆိုတာ (၂)မျိုးရှိပါတယ်။ ဒကာကြီးတို့ တိုင်းရေးပြည်ရေး ဆောင်ရွက်တဲ့အခါမှာ ဖြောင့်ဖြူးတဲ့ လမ်းချည်းပဲ သွားနေရတာ မဟုတ်ပါဘူး။ လမ်းကြမ်းလဲ ရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ယခုအခါ တိုင်းပြည်မငြိမ်မသက်ဖြစ်တဲ့အချိန်ဆိုတော့ ဖြုန်းကနဲထပြီး တာဝန်ယူလိုက်ရတဲ့ အတွက် ချောမွေ့တဲ့လမ်းခရီးကနည်းပြီး ကြမ်းတမ်းတဲ့အခါက များတယ်။ အဲဒီအခါမျိုးမှာ မိမိတို့မှာ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတွေ တွေ့လာတယ်။ တွေ့ရင်လဲ အဲဒီကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတွေကို ဝါယောကျ်ားပဲ ဆိုပြီး သည်းခံနိုင်ရမယ်။ ပြီးတော့လဲပဲ တိုင်းသားပြည်သူ လူအများက တစ်စုံတစ်ရာ ပြစ်မှားချို့ယွင်းမိတာတွေလဲ ရှိပါလိမ့်မယ်။ အဲဒီလို ပြည်သူပြည်သားတွေ မှားယွင်းတာကိုလဲ သည်းခံရပါမယ်။ မိမိအပေါ်မှာ ကျရောက်လာတဲ့ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတွေလဲ သည်းခံရမယ်။ မတော်တဆမှားယွင်းမိတဲ့ တိုင်းသားပြည်သူတို့အပေါ်မှာလဲ သည်းခံရမယ်တဲ့။ ဒါခန္တီတရားပါ။

နောက်ဆုံး(၁၀)နံပါတ်ကတော့ **"အဝိရောဓနံ"**တဲ့၊ အဝိရောဓန-ဆိုတာ ပြည်သူများနဲ့ မဆန့်ကျင်စေရဘူးတဲ့။ ပြည်သူလူထုနဲ့ မဆန့်ကျင်ရဘူး။တိုင်းမှာ အုပ်ချုပ်တဲ့ ဒကာတွေဟာ အဲဒီတိုင်းသားတွေနဲ့ မဆန့်ကျင်စေရဘူး။မြို့နယ်စု၊ မြို့နယ်မှာ အုပ်ချုပ်တဲ့ဒကာတွေလဲ ထို့အတူပဲ ကိုယ့်မြို့နယ်စု၊ ကိုယ့်မြို့နယ်မှာရှိတဲ့ ပြည်သူတွေရဲ့ အလိုဆန္ဒနဲ့ မဆန့်ကျင်အောင် ဆောင်ရွက်ပါတဲ့။ ဘုရားရှင်က ဩဝါဒပေးပါတယ်။ မဆန့်ကျင်အောင် ဆောင်ရွက်ရမယ်ဆိုတာ ခိုးချင်တဲ့လူ ခိုးစေ၊ တိုက်ချင်တဲ့လူ တိုက်စေ၊ ဒီလိုဆိုတာမဟုတ်ပါဘူး။ တရားသဖြင့်လိုလားတဲ့၊ ကောင်းမြတ်တဲ့ ဆန္ဒကို မဆန့်ကျင်အောင် ဆောင်ရွက်ပေးပါလို့ ဆိုလိုပါတယ်။ အဲဒီတော့ တိုင်းသူပြည်သား လူအများတွေ လိုလားတဲ့၊ တရားနဲ့ညီညွတ်တဲ့၊ ကောင်းမြတ်တဲ့ အလိုဆန္ဒတွေကို ဒကာကြီးတို့က မရ,ရအောင် ဆောင်ရွက်ပေးရမှာ

ဖြစ်ပါတယ်။ အဲဒါဟာ အဝိရောဓန =တိုင်းသူပြည်သားတွေနဲ့ မဆန့်ကျင်တာပါဘဲ။ ဒီအချက်ဟာ ဒကာကြီးတို့မှာ အရေးကြီးတဲ့ အချက်ပါပဲ။ တိုင်းသားပြည်သူတွေနဲ့ ဆန့်ကျင်နေရင် မိမိတို့လုပ်ငန်းဟာ မအောင်မြင်နိုင်ပါဘူး၊ တိုင်းသားပြည်သူတွေနဲ့ မဆန့်ကျင်မှသာ မိမိတို့ရဲ့ဆန္ဒဟာ အောင်မြင်နိုင်ပါမယ်။ လုပ်ငန်းဟာ အောင်မြင်နိုင်ပါမယ်။

အဲဒါကြောင့် မဆန့်ကျင်အောင် ပြုလုပ်တဲ့နေရာမှာ မိမိတို့အပေါ်မှာ တိုင်းသား ပြည်သူတွေက တစ်ခါတည်းယုံကြည်မှုရှိပြီးလာအောင် အလုပ်နဲ့လက်တွေပြ ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ အဲဒီလို မိမိတို့က ပြည်သူအားလုံး ယုံကြည်မှု ရလာအောင်၊ အလုပ်နဲ့လက်တွေပြပြီး မဆန့်ကျင်အောင် ဆောင်ရွက်သွားရင် ဒကာကြီးများ မျှော်မှန်းတဲ့ပန်းတိုင်ကို ဧကန်မုချရောက်မှာ ဖြစ်ပါတယ်။ အဲဒီ ရာဇဓမ်(၁၀)ပါး မင်းကျင့်တရားဖြင့် ညီညွတ်အောင်သုံးမရင် ဘုရားရှင်က တိုင်းပြည်ဟာ သာယာဝပြောလာမယ်တဲ့။ ဒီလို ဟောပါတယ်။ ဒါ့ကြောင့် တိုင်းပြည်သာယာကြောင်း တရား(၁၀)ပါးကိုလဲပဲ ကျမ်းဂန်မှာလာတဲ့အတိုင်း ရှေးဆရာတော်ကြီးများ မိန့်ကြားတော်မူပါတယ်။

> "တသွယ်ထိုမှ၊ နေလဂြိုဟ်သွား၊ ဖြောင့်သားတဖြာ၊ မိုးမှန်
> စွာနှင့်၊ ဩဇာတက်ဖြိုး၊ သီးမျိုးပေါ်ယယ်၊ အန္တရာယ်ကင်းငြိမ်း၊
> ပုဒိမ်းမထွက်၊ စစ်မက်လည်းကင်း၊ ချင်းချင်းညီညွတ်၊ ဖြောင့်
> မတ်တရား၊ သုံးပါးရတနာ၊ ရိုသေစွာလျက်၊ သဃ်ာရတန်း၊
> စောင့်မှန်းအကျင့်၊ ဤဆယ်ဆင့်ကား၊ လင်းပွင့်တိုင်းပြည်၊
> သာကြောင်းမည်၏"

တိုင်းပြည်သာယာဖွယ်အကြောင်း(၁၀)ပါး ရှေးဆရာတော်များ ဒေသနာ တော်မှာလာတဲ့အတိုင်း ဩဝါဒပေးထားပါတယ်။ "တသွယ်ထိုမှ၊ နေလဂြိုဟ်သွား၊ ဖြောင့်သားတဖြာ" တဲ့၊ နေတို့၊ လတို့၊ ဂြိုဟ် နက္ခတ်တွေ ဖြောင့်ဖြောင့်သွားခြင်း၊ ဒါဟာ တိုင်းပြည်သာယာကြောင်းတဲ့။ အဲဒီလို ဖြောင့်ဖြောင့်သွားတော့ "မိုးမှန်စွာနှင့်၊ ဩဇာတက်ဖြိုး"တဲ့၊ မိုးတွေ မှန်မှန်ကန်ကန်ရွာပြီးတော့ မြေဩဇာတွေ တိုးတက် လာတာ တိုင်းပြည်သာယာကြောင်းတဲ့။

"**သီးမျိုးပေါ်ယယ်**" ဆိုတာ အစာရေစာပေါ်များနေတာကို ဆိုလိုပါတယ်။ ဒါလဲ တိုင်းပြည်သာယာကြောင်းပါပဲ။ "**အန္တရာယ်ကင်းငြိမ်း**"တဲ့၊ အန္တရာယ်တွေ၊ ဘေးရန်တွေ ကင်းငြိမ်းပြီးတော့၊"**မုဒိမ်းမထွက်**"တဲ့၊ ခိုးသားဓားပြ မုဒိမ်းမှုတွေ ငြိမ်းနေတာ တိုင်းပြည်သာယာကြောင်းပါပဲ။ "**စစ်မက်လဲကင်း**" တဲ့၊ တိုင်းပြည်မှာ စစ်မက်ကင်းနေတာ သာယာကြောင်း၊ "**ချင်းချင်းညီညွတ်**"တဲ့၊ ကိုယ့်တိုင်း ပြည်သားတွေ၊ ပြည်ထောင်စုသားတွေ ညီညွတ်နေတာဟာ တိုင်းပြည်သာယာ ကြောင်းပါပဲ။ "**ဖြောင့်မတ်တရား၊ သုံးပါးရတနာ၊ ရှိသေစွာလျှက်**"တဲ့၊ ရတနာ သုံးပါး ရှိသေရမယ်တဲ့။ ဒီအချက်ကတော့ ခုနက ဒကာကြီးလျှောက်ထားတဲ့ အထဲမှာပါပါတယ်။ ဒကာကြီးလျှောက်ထားတဲ့ စကားရပ်ထဲမှာ "ယခု အုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓဘာသာမိကောင်းဖခင်များက ပေါက်ဖွားလာတဲ့ ဗုဒ္ဓဘာသာ သူတော်စင်တွေ ဖြစ်ကြသည့်အားလျော်စွာ ရတနာသုံးပါးကို ကြည်ညိုပြီးဖြစ်ပါ တယ်"လို့ ပါပါတယ်။ အဲဒီအချက်နှင့်စပ်လို့ ဘုန်းကြီးအကျယ်ချဲ့ပြီး ဩဝါဒပေး လိုပါတယ်။ ဘာကြောင့်တုံးဆိုလျှင် တိုင်းပြည်သာယာကြောင်း (၁၀)ပါးထဲမှာ ဒီတရားက အရေးကြီးတဲ့အတွက်ကြောင့်ပါပဲ။

"**သုံးပါးရတနာ၊ ရှိသေစွာလျှက်**"တဲ့၊ ရတနာသုံးပါး ရှိသေရမယ်။ မရှိမသေပြစ်မှားမိလျှင် ဥပဒ်အန္တရာယ် ကျရောက်တတ်တယ်။ ဒီမြို့မှာဘုန်းကြီးတို့ ကြားသိရတဲ့ အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ပြောပြရမယ်ဆိုလျှင် ပြီးခဲ့တဲ့ အရေးအခင်းတုန်းက ဆန္ဒပြတဲ့အထဲမှာ ဘုန်းကြီးတွေပါတယ်လို့ ကြားရတယ်။ အဲဒီတော့ ဘုန်းကြီးတွေဆိုရင် အတူတူပဲလို့ အချို့ယယ်ရှယ်သူတို့က အောက်မေ့တတ် ကြပါတယ်။ ဆန္ဒပြတဲ့၊ သပိတ်မှောက်တဲ့အထဲ မပါတဲ့ဘုန်းကြီးက ဘယ်လို ဘုန်းကြီးလို့ သူတို့က ခွဲခွဲခြားခြား မသိမမြင်တတ်ကြပါဘူး။ ဘုန်းကြီးဆို အတူတူချည်းပဲလို့ သူတို့က ထင်နေတတ်ကြတယ်။ အချို့အချို့ ယယ်ရှယ်သူများဟာ မပြစ်မှားသင့်၊ မပြစ်မှားထိုက်တဲ့ ဆရာတော်ကြီး၊ သမားတော်ကြီးတွေကို ပြစ်မှားမိ ကြတယ်လို့ ကြားသိရပါတယ်။ ဒါဟာ မပြစ်သင့်ဘဲ ဖြစ်ရတာပဲ။ သူ့မှာ အပြစ်ရှိလို့ သပိတ်မှောက်တဲ့အထဲပါလို့ ဆန္ဒပြတဲ့အထဲပါလို့ လက်နက်မိလို့ဆိုရင်တော့

ဒီပုဂ္ဂိုလ်ကို ဖမ်းကိုဖမ်းရမှာပဲ။ အပြစ်ကိုပေးတန် ပေးရမှာပဲ။ ဒါမျိုးကို ဘုန်းကြီးတို့က ဘာမျှမပြောလိုပါဘူး။ ခုနကပြောသလို ဘာမှအပြစ်မရှိတဲ့ မြို့ပေါ်မှာ တချို့အတွက် အထိပ်ဖြစ်တဲ့ဆရာတော်၊ သမားတော်တွေကို ပြစ်မှားမိတယ်ဆိုလျှင် မသိတတ်တဲ့ ကလေးတွေမို့ ပြစ်မှားမိတာပင် ဖြစ်သော်လဲ ထိခိုက်တတ်တယ်။ ဒါဟာ သူတို့ချည်း ထိခိုက်တာ မဟုတ်ပါဘူး။ ထိခိုက်ပြီဆိုတော့ အားလုံးပဲထိခိုက်တတ်တယ်။

"ထက်မြက်ဝှန်သူ၊ အဆိပ်တူသည်၊ သင့်သူသာမျှ သေတတ်စွရှင့်၊ သမဏာဖြတွဏာ၊ အရိယာတု၊ သဃ်ာရတန်း၊ ကျင့်ခန်းမြတ်သူ၊ အဆိပ်မှုကား၊ ရှင်လူနီးရင်း၊ ရွှေသင်းပင်းနှင့်၊ မကြွင်းပျက်စီး၊ လောင်သည့်မီးသို့၊ သေပြီးဆက်ဆက်၊ ရဲကျက်ငါ"တဲ့။

အဆိပ်ဆိုတာ စားတဲ့လူ၊ သင့်တဲ့လူသာ သေစေတယ်တဲ့ ဘေးကလူကို မထိခိုက်ပါဘူး။ သံဃာရတနာဆိုတဲ့ တကယ့်ကိုအကျင့်မြတ်တဲ့ ပုဂ္ဂိုလ်သွားပြီးတော့ ပြစ်မှားမိတဲ့ အဆိပ်ကတော့ သူတစ်ယောက်တည်း ထိခိုက်တာမဟုတ်ဘူးတဲ့။ သူနဲ့ရင်းနှီးတဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ အပေါင်းအသင်းတွေ အားလုံးလဲ ထိခိုက်တတ်ပါတယ်။ ဒါတင်မကဘဲနဲ့ အဲဒီအပြစ်မှားခံရတဲ့ ပုဂ္ဂိုလ်ရဲ့ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်အလိုက် တစ်တိုင်းတစ်ပြည်လုံးထိအောင်လဲပဲ ပျက်စီးသွားနိုင်ပါတယ်။

"ဒိဗ္ဗစက်ရှင်၊ သူမြတ်စင်ကြောင့်၊ ပြိတ်ပင်ပြိတ်ရွက်၊ လက်နက် ဖြစ်ခြင်း၊ ညီနောင်မင်းတို့၊ ချင်းချင်းသတ်ကြ၊ သွေးချောင်း ကျလျက်၊ သာလှလွန်ကဲ၊ သံဖြင့်တွဲသား၊ မြို့သဲကြေညာ၊ နတ်တစ်ရွာသို့၊ ဒွါရာပူရ်၊ မိုးပျံပြည်ကြီး၊ ကုန်ပျက်စီးရှင့်"တဲ့။

ဒိဗ္ဗစက္ခုအဘိညာဉ်ရတယ်ဆိုတဲ့ ရသေ့ကြီးကို ဒွါရာဝတီပြည်က မင်းညီ မင်းသားတွေက မယုံကြည်လို့ သွားပြီးပြစ်မှားကြတယ်။ အေး- ပြစ်မှားကြတဲ့ အတွက် ဘာဖြစ်ကုန်လဲဆိုတော့ ပြိတ်ပင်တွေ၊ ပြိတ်မြက်တွေဟာ ကိုင်လိုက်တဲ့အခါ လက်နက်တွေ ဖြစ်ကုန်တယ်တဲ့။ အဲဒီလက်နက်တွေနဲ့ အချင်းချင်းသတ်ပြီးတော့

ဒ္ဒါရာဝတီလို့ခေါ်တဲ့ ရှေးတုန်းကတော့ နတ်ရဲ့တန်ခိုးနဲ့ မိုးပျံနိုင်တဲ့ ပြည်ကြီးလို့ဆိုပါ တယ်။ ရန်သူလာရင် တိုင်းပြည်ကြီးဟာ နတ်ရဲ့တန်ခိုးနဲ့ ပျောက်ပျောက်သွားတယ်၊ တန်ခိုးကြီးတဲ့ တိုင်းပြည်ကြီး၊ အဲဒါတောင်မှ ခုနကပြောတဲ့ ဒိဗ္ဗစက္ခုရှင်ရသေ့သွားပြီး ပြစ်မှားမိလို့ အချင်းချင်းသတ်ပြီးတော့ တစ်တိုင်းတစ်ပြည်လုံး ပျက်စီးသွားတယ်တဲ့။

"တသီးချွတ်ယွင်း၊ ကုရုမင်းလည်း၊ ဂိဏ်းသင်းနှစ်ပါး၊
ရသေ့များကို၊ တရားတိုက်ကာ၊ ပဏ္ဍာယူစား၊ အကျင့်မှား၍၊
တိုင်းကားရေနစ်၊ ပင်လယ်ဖြစ်ခဲ့" တဲ့။

ကုရုမင်းဆိုတာ ရှေးတုန်းက ရသေ့တွေ နှစ်ပက္ခရှိတာကို သူကဟိုဘက်က လာဘ်စားလိုက်၊ ဒီဘက်က လာဘ်စားလိုက်နဲ့ ရသေ့တွေအပေါ် တရားနှင့်မညီညွတ် ကျင့်မိတဲ့အတွက် တိုင်းပြည်ကြီး ပျက်စီးသွားတယ်တဲ့။

"မဇ္ဈျရဋ္ဌ၊ မာတင်ကြောင့်၊ တကွပြည်လုံး၊ ဆုံးခဲ့ကုန်ချီ"တဲ့။

မာတင်ရသေ့ကြီးကို သွားပြစ်မှားမိတဲ့အတွက် မဇ္ဈျတိုင်းကြီး တစ်တိုင်းလုံး တစ်ခါတည်း ပြာပူမိုးတွေ၊ မီးကျီးမိုးတွေရွာချပြီး လက်နက်မိုးတွေရွာပြီး တစ်တိုင်း တစ်ပြည်လုံး ပျက်စီးပူးပါတယ်။

"မဇ္ဈျရဋ္ဌ၊ မာတင်ကြောင့်၊ တကွပြည်လုံး၊ ဆုံးခဲ့ကုန်ချီ၊
ဒဏ္ဍကီလည်း၊ မညီဝမ္မ၊ ရှင်ကိသကို၊ စိတ်ကပြစ်မှား၊
မခံ့ညားဘဲ၊ ကျင့်မှားမိတွက်၊ တိုင်းလုံးပျက်ခဲ့" တဲ့။

ဒဏ္ဍကီမင်းဆိုတာ ရှေးတုန်းကရှိတယ်။ သူက ကိသဝစ္ဆ ရှင်ရသေ့ကို ပြစ်မှားပါတယ်။ အဲဒီလို ပြစ်မှားတဲ့အတွက် အားလုံးပျက်စီးတော့မယ်ဆိုတာကို စစ်သူကြီးတစ်ယောက်ကတော့ သိတယ်။ ဒါ့ကြောင့် စစ်သူကြီးကတော့ စောစော စီးစီးကပဲ မိသားစုနဲ့ ထွက်ပြေးမိလို့ လွတ်သွားတယ်။ ကျန်တဲ့တစ်တိုင်းတစ်ပြည်လုံး ပျက်စီးပူးတယ်။ အဲဒီလို တစ်ယောက်ပြစ်မှားတာနဲ့ အများပျက်စီးတတ်ပါတယ်တဲ့။

အဲဒါကြောင့် ဒကာကြီးတို့အနေနဲ့ ဘုန်းကြီးစောစောက ပြောထားသလို ရင်းနှီးတဲ့အနေနဲ့ ပြောတာပါ။ မိမိရဲ့ လက်အောက်ငယ်သားလေးတွေ အဲဒီလို မပြစ်အောင် ကြိုတင်ပြီးဆုံးမထားဖို့ လိုအပ်မယ်ထင်ပါတယ်။

အခု မြို့နယ်အဆင့်က ပုဂ္ဂိုလ်တွေဟာ နောင်အခါမှာ တိုင်းအဆင့်ရောက်လာနိုင်ပါတယ်။ တိုင်းအဆင့်က ပုဂ္ဂိုလ်တွေဟာလဲ နိုင်ငံတော်အဆင့်ရောက်လာနိုင်ပါတယ်။ အဲဒီတော့ နောင်သတိထားဖို့တွေလဲ လိုပါတယ်။ ဘယ်လို လိုသလဲဆိုတော့ တို့တိုင်းပြည်ဟာ ရတနာသုံးပါး ထွန်းကားတဲ့တိုင်းပြည် ဖြစ်ပါတယ်။ အဲဒါကြောင့် ရတနာသုံးပါးနဲ့ ပတ်သက်လာရင်တော့ အပြစ်မဖြစ်အောင် ရှောင်နိုင်သမျှရှောင်ဖို့ အလွန့်အလွန် အရေးကြီးပါတယ်။ တစ်တိုင်းတစ်ပြည်လုံးအတွက် ထုတ်လိုက်တဲ့ အမိန့်တွေ ရှိပါတယ်။ ထုတ်လိုက်တဲ့အခါမှာ ဖြူနီးခနဲ အမှတ်တမဲ့နဲ့ထုတ်တာပဲ။ အဲတစ်တိုင်းတစ်ပြည်လုံး ထုတ်လိုက်တယ်ဆိုတော့လဲ ဘယ်သူမှ မရှောင်သာဘူးပေါ့၊ ကောင်းတဲ့လူလဲထိ၊ ဆိုးတဲ့လူလဲထိ။ ဒီလို ထိသွားတတ်တယ်။ တို့မြန်မာပြည်မှာ လူဦးရေသန်းပေါင်း (၃၀)ကျော် (၄၀)ရှိတယ်။ အဲဒီလို သန်းပေါင်း (၃၀) ကျော်တောင် ရှိနေတယ်ဆိုတော့ ဒီလူတွေထဲမှ တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ယောက်မဟုတ်သော်လဲဘဲ တစ်သိန်းတစ်ယောက်ဆိုသလို အလွန့်အလွန် ကောင်းမြတ်တဲ့ သူတော်ကောင်းတွေ ရှိပေလိမ့်မယ်။ ပြီးတော့ ရတနာသုံးပါးဆိုတာ အမြဲပဲရှိနေတယ်။ အဲဒီလို သူတော်ကောင်းတွေ သွားထိမယ်၊ ရတနာသုံးပါးကို သွားထိမယ်ဆိုရင်လဲပဲ မရည်ရွယ်ဘဲနဲ့ ပျက်စီးသွားတတ်ပါတယ်။ ဒါဟာ တိုင်းပြည်အတွက်ပြောတာပါ။ ဒကာကြီးတို့လဲ ယခုမကွေးတိုင်းအုပ်ချုပ်ရတယ် ဆိုပေမယ့်လို့ ဒီတွင်နားချင်မှ နားမှာပါ။ နောင်အခါတစ်တိုင်းတစ်ပြည်လုံး အုပ်ချုပ်ရတဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်ချင်လဲဖြစ်သွားမှာပါ။အဲဒီလိုအခါကျတော့ ကိုယ့်အတွက်နဲ့ တစ်တိုင်းတစ်ပြည်လုံး မပျက်စီးအောင် ဘုန်းကြီးကကြိုတင်ပြီးတော့ ဩဝါဒပေးတဲ့စကားပါ။

**"အကယ်ထင်ရှား၊ လွန်စည်ကားသည့်၊ သိကြားတည်လစ်၊**

**ပြည်ပင်ဖြစ်လည်း"**

အလွန်ကိုထင်ရှားတဲ့ အလွန်ကိုစည်ကားတဲ့၊ သိကြားမင်းတည်ထားတဲ့ တိုင်းပြည်ကြီးပဲ ဖြစ်ပါစေ-တဲ့၊

**"အကယ်ထင်ရှား၊ လွန်စည်ကားသည့်၊ သိကြားတည်လစ်၊**

**ပြည်ပင်ဖြစ်လည်း၊ မစစ်မဆေး၊ မှုအရေး၌၊ မလေးမနာ၊**

သူမြတ်စွာနှင့်၊ ရတနာသုံးပါး၊ ဥစ္စာများကို၊ သုံးစားသိမ်းယူ၊
လုယက်မှုဖြင့်၊ ပြည်သူမင်းတို့၊ (မင်းကိုချည်း ဆိုလိုသည်
မတုတ်ပါဘူး၊ မင်းမတုတ်ဘဲ ပြည်သူတွေ ဖျက်ဆီးလည်း
အတူတူပဲတဲ့) ပြည်သူမင်းတို့၊ ချွတ်ယွင်းဖောက်မှား၊ ဖောက်ပြား
ကုန်လျှက်၊ တရားပျက်သော်၊ ဆက်ဆက်ထိုပြည်၊ ပျက်အံ့
သည်တည်း" တဲ့။

တိုင်းပြည်ကြီး ပျက်သွားတတ်တယ်တဲ့။

"မစည်မကား၊ မထွန်းကားဘူး၊ တိုင်းကားသုဥ်ဖျင်း၊
ဘုန်းဂုဏ်ကင်း၍၊မင်းလည်းညှိုးငယ်၊တန်ခိုးပြယ်လိမ့်"တဲ့၊

အဲဒီလိုများ ဖြစ်မှားမိရင်တဲ့၊ တစ်တိုင်းတစ်ပြည်လုံး ပျက်စီးတတ်တယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်တွေလဲ ကန်ခိုးသေးသိမ်ပြီး မှေးမှိန်သွားတတ်တယ်–တဲ့။

"မပယ်မှတ်စွဲ၊ အမြဲရှုမျှော်၊ ကြံတွေးခေါ်လျှက်၊ ရှေ့မြော်
နောက်မြင်၊ ပညာရှင်တို့၊ လျှောက်တင်ရေးရာ၊ ပြည်ကြီးသာ
အောင်၊ လိုက်နာသမှု၊ အလေးပြုလော့"တဲ့။

အဲဒါကြောင့် အဲဒီ အဆုံးအမတွေလဲ မပယ်ရှားဘဲနဲ့ ဒကာကြီးတို့စိတ်ထဲမှာ မှတ်ထားပါတဲ့။ "မပယ်မှတ်စွဲ၊ အမြဲရှုမျှော်"တဲ့၊ ဒါတွေကို ဒကာကြီးတို့ အမြဲတမ်းစိတ်ထဲမှာ စဥ်းစားထားရမယ်တဲ့။ "ကြံတွေးခေါ်လျှက်၊ ရှေ့မျှော် နောက်မြင်၊ ပညာရှင်တို့" ရှေ့နောက် မြော်မြင်တတ်တဲ့ ပညာရှိများက အဲဒီအတိုင်း ဆုံးမညွှန်ပြ သြဝါဒများပေးရင် အဲဒီအဆုံးအမတွေကို "ပြည်ရေးသာအောင်၊ လိုက်နာသမှု၊ အလေးပြုလော့"တဲ့၊ တိုင်းပြည်ကြီး သာယာအောင် လိုက်နာပြီး တော့ အလေးဂရုပြုကြပါတဲ့။ ဒါတွေဟာ ဘုရားရှင်အဆုံးအမ သြဝါဒထဲက ယူပြီးတော့ ရှေးဆရာတော်များ မိန့်ကြားထားတဲ့ သြဝါဒတွေ ဖြစ်ပါတယ်။ အေး–ပြီးတော့ တိုင်းပြည်သာယာအောင် ဒကာကြီးတို့ အုပ်ချုပ်နေတာ ဖြစ်ပါတယ်။

ဒ့်ကြောင့် တိုင်းပြည်သာယာကြောင်း တရားတွေကို ဘုန်းကြီးက ဟောနေရတာ ဖြစ်ပါတယ်။

**“တတည်မှတ်ရာ၊ ကျမ်းအလာဖြင့်၊ လယ်ယာလုပ်မျိုး၊ ပြည့်ဖြိုး ပြောစည်”**တဲ့၊ နောက်တစ်မျိုး တိုင်းပြည်သာယာကြောင်း တရားက လယ်ယာ လုပ်တဲ့ တောင်သူဦးကြီးတွေ အားကျပါးကျ ပေါပေါများများ လုပ်နိုင်လာဖို့လိုတယ်။ တောင်သူလုပ်တဲ့၊ လယ်ယာလုပ်တဲ့ပုဂ္ဂိုလ်တွေ များပြားလာဖို့ အားထုတ်ပါးထုတ် လုပ်ဖို့ ဒကာကြီးတို့က အားပေးဖို့လိုတယ်။

**“လယ်ယာလုပ်မျိုး၊ ပြည့်ဖြိုးပြောစည်၊ ကုန်သည်ဖြင်ပေါ်”** တဲ့။ ကုန်သည်တွေကို မနှိမ်ရဘူး၊ **“ကုန်သည်ဖြင်ပေါ၊ သဘောဖြောင့်မတ်”** တဲ့။ ကုန်သည်တိုင်းတော့ မဟုတ်ဘူး။ ဖြောင့်မတ်တဲ့ ကုန်သည်များကို မနှိမ်ရဘူး၊ ဖြောင့်မတ်တဲ့ကုန်သည်ဆိုတာက သူ့ရသင့်၊ ရထိုက်တဲ့ အမြတ်အစွန်းလောက်ယူ ပြီးတော့ ရောင်းဝယ်တဲ့ ကုန်သည်မျိုးဟာ သဘောဖြောင့်မတ်တဲ့ ကုန်သည်ပဲ။ အေး– မတရား အမြတ်ကြီးစားပြီး တိုင်းပြည်မှာ မငြိမ်မသက်အောင်၊ သက်သက်မဲ့ ပစ္စည်းမရှား ရှားအောင်၊ ပစ္စည်းတွေ ဈေးမတက် တက်အောင်လုပ်တဲ့ ကုန်သည်ကို ဘုန်းကြီးတို့ မဆိုလိုပါဘူး။

အဲဒီလို သဘောဖြောင့်မတ်တဲ့ ကုန်သည်တွေကို ဒကာကြီးတို့က ပေါပေါ များများ ထွန်းကားလာအောင် မြှောက်ပင့်ပေးရမယ်တဲ့။ **“ကုန်သည်ဖြင်ပေါ၊ သဘောဖြောင့်မတ်၊ မှူးမတ်ပည်းဖြင်”** တဲ့။ ဒီ‘သဘောဖြောင့်မတ်’ဆိုတဲ့ပုဒ်က ကုန်သည်နဲ့လဲ ဆိုင်တယ်၊ မှူးမတ်နဲ့လဲ ဆိုင်တယ်။ မှူးမတ်ဆိုတာ ခုကာလမှာ အမှုထမ်း၊ အရာထမ်း အားလုံးတွေပေါ့။ အဲဒီလို သဘောဖြောင့်မတ်တဲ့ (ဝါ) တရားနဲ့ အညီ ဆောင်ရွက်မယ့် အမှုထမ်း၊ အရာထမ်းတွေ ပေါများနေတာဟာလဲပဲ တိုင်းပြည်သာယာဝပြောဖို့ အကြောင်းတစ်မျိုးဖြစ်တယ်တဲ့၊ **“မှူးမတ်ပည်းဖြင်၊ ကြားမြင်သုတ၊ သီလရှိမှန်း၊ ရတန်းသဃာ၊ အရိယာများပြား၊ ဤလေးပါးလည်း၊ တိုင်းကား ရွှေပြည်၊ သာကြောင်းမည်ဓါ”**တဲ့။ ပြီးတော့ တရားကို ကောင်းကောင်းမွန်မွန်

ကျင့်နေတဲ့ သံဃာတော်တွေ ပေါများတာလဲပဲ တိုင်းပြည်သာယာကြောင်း ဖြစ်ပါတယ်တဲ့၊ဘုရားရှင်မိန့်တော်မူတဲ့အတိုင်း ရှေးဆရာတော်ကြီးများလဲ မိန့်ထားပါတယ်။

အဲဒီမှာ ခုနက ဘုန်းကြီးပြောတဲ့အထဲက တိုင်းပြည်သာယာကြောင်း (၁၀)ပါးထဲမှာ **"တသွယ်ထိုမှ၊ နေလဖြိုက်သွား၊ ဖြောင့်သားတပြာ၊ မိုးမှန်စွာနှင့်၊ ညြဇာတက်ဖြိုး"** အဲဒီလို ပြောခဲ့ပါတယ်။ နေ၊လ ဖြိုက်သွားမှန်အောင်၊ မိုးတွေမှန်အောင်၊ မြေညြဇာတွေတက်အောင် တပည့်တော်တို့ ဘယ်လိုလုပ်နိုင်ပါမလဲလို့ ဒီလိုမေးစရာ ရှိပါတယ်။ ဒါတော့ ဘုရားရှင်က မိန့်တော်မူသွားပြီးသားမို့လို့ ဆရာတော်တွေ ရေးတာပါ။

အချိန်နာရီတွေ ကြာသွားပြီဖြစ်တဲ့အတွက်ကြောင့် ဘုန်းကြီးက အကျဉ်းချုံးပြီး ပြောလိုက်မယ်။ ဘုရားရှင်က ကောသလမင်းကြီးကို-

"မင်းမြတ်တဲ့... မင်းများ တရားမစောင့်ဘူးဆိုမှဖြင့်ရင် မှူးမတ်တွေလဲ တရားမစောင့်ကြတော့ဘူး။ မင်းမှုထမ်းတွေ တရားမစောင့်ကြတော့ဘူး။ ရာဇယုတ္တပုဂ္ဂိုလ်၊ ရာဇယုတ္တပုဂ္ဂိုလ်ဆိုတာ မင်းနှင့်စပ်ယှဉ်တဲ့ ပုဂ္ဂိုလ်ကိုခေါ်တယ်။ မင်းနဲ့စပ်ယှဉ်ပြီးနေတဲ့ အားလုံးလဲ တရားမစောင့်ကြတော့ဘူး။ မင်း,တရားမစောင့်ရင် မင်းမှုထမ်းတွေလဲ တရားမစောင့်ဘူး။ မင်းမှုထမ်းတွေ တရားမစောင့်ရင် ပုဏ္ဏားသူကြွယ်ဆိုတဲ့ အထက်တန်းလွှာပုဂ္ဂိုလ်တွေလဲ တရားမစောင့်ကြတော့ဘူး။ အထက်တန်းလွှာ ပုဂ္ဂိုလ်တွေ တရားမစောင့်ဘူးဆိုမှဖြင့် နိဂုံးဇနပုဒ်မှာနေတဲ့ သူတွေလဲ တရားမစောင့်ကြတော့ဘူး။ အဲဒီလို မင်းနှင့်တကွ တစ်တိုင်းတစ်ပြည်လုံး တရားမစောင့်ကြဘူးဆိုတော့ နေ၊ လတွေ အသွားမမှန်တော့ဘူးတဲ့။ နေ၊ လတွေ အသွားမမှန်ရင် နက္ခတ်၊ဖြိုက်တွေလဲ အသွားမမှန်တော့ဘူး။ ဖြိုက်တွေ၊ နက္ခတ်တွေ အသွားမမှန်တော့ဘူးဆိုရင် နေ့တွေ၊ ညတွေလဲ မမှန်ကန်တော့ဘူး။ နေ့တွေ၊ ညတွေ မမှန်ကန်ရင် လတွေ၊ လခွဲတွေ မမှန်ကန်တော့ဘူး။ လတွေ၊ လခွဲတွေ မမှန်ကန်ရင် ဥတုတွေ နှစ်တွေလဲ မမှန်ကန်တော့ဘူး။ ဥတုတွေ၊ နှစ်တွေ မမှန်ကန်တော့ဘူးဆိုရင် လေတွေဟာလဲ လမ်းမှန်မသွားဘဲနဲ့ တိုက်ချင်သလိုတိုက်၊ ဖြစ်ချင်သလိုဖြစ်ပြီး

လမ်းမှားသွားကုန်ကြတယ်။ မုတ်သုံလေတွေဟာ ဝင်ချိန်မဝင်ဘူး။ ဝင်ချိန်ကျော်မှ ဝင်တယ်။ မုတ်သုံလေတွေ ဆုတ်ချိန်မတန်ဘဲ ဆုတ်တယ်။ လေမုန်တိုင်းတွေ မကျသင့်ဘဲကျတယ်။ အဲဒီတော့ ဘာဖြစ်လာသလဲ။ ဝဿဟာကနတ်တွေ စိတ်မချမ်း မသာဖြစ်ပြီး စိတ်ဆိုးကြ၊ အမျက်ထွက်ကြတယ်။ အဲဒီအခါမှာ မိုးတွေဟာကောင်းစွာ ရွာသွန်းမှု မပြုဘူးတဲ့။ မှန်မှန်မရွာဘူး။ ရွာသင့်တဲ့အချိန် မရွာဘူး၊ မရွာသင့်တဲ့အချိန် ရွာတယ်။ အဲဒီတော့ ကောက်စပါးတွေ၊ အစာဆန်ရေတွေလဲပဲ ပြည့်ပြည့်စုံစုံ ဖြစ်မလာဘူး။ ညီညီညွတ်ညွတ် မမှည့်ဘူး၊ သိမ်ဖျင်းလာတယ်။ အဲဒါတွေ စားကြရ တော့ လူတွေဟာ အသက်တိုတယ်၊ ရောဂါများတယ်၊ အဆင်းပျက်တယ် ဒါက မကောင်းတဲ့ ရှောင်ရမဲ့ဘက်ကပဲ။

အဲဒါတွေကို ပြောင်းပြန်ပြန်လိုက်ရင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်တွေ တရားစောင့်မယ်ဆိုရင် အမှုထမ်းတွေ တရားစောင့်တယ်။ အမှုထမ်းတွေ တရား စောင့်မယ်ဆိုရင် ပုဏ္ဏားသူကြွယ်တွေ တရားစောင့်တယ်။ ပုဏ္ဏားသူကြွယ်တွေ တရားစောင့်ရင် ဇနပုဒ်သား၊ နိဂုံးသားတွေ တရားစောင့်တယ်။ အဲဒီလို တစ်တိုင်း တစ်ပြည်လုံး တရားစောင့်လာပြီဆိုရင် နေ့တွေ၊ လတွေလဲ မှန်လာတယ်၊ နက္ခတ် တွေလဲ အသွားမှန်တယ်။ အဲဒီတော့ ညဉ့်တွေ၊ နေ့တွေလဲမှန်လာတယ်၊ ညဉ့်တွေ၊ နေ့တွေ မှန်လာပြီဆိုရင် လ၊ လခွဲတွေလဲ မှန်လာတယ်။ ဥတုတွေ၊ နှစ်တွေလဲ မှန်လာတယ်။ အဲဒီတော့ လေတွေဟာ လမ်းမှားမသွားဘဲနဲ့ လမ်းမှန်သွားကြ တယ်တဲ့။ အဲဒီလို လမ်းမှန်သွားပြီဆိုရင် ဝဿဟာကနတ်တွေလဲ စိတ်ချမ်းသာပြီးတော့ စိတ်မဆိုးတော့ဘူး။ မိုးတွေလဲ မှန်မှန်ကန်ကန် ရွာတယ်၊ ဆန်ရေစပါးတွေ ပေါ်များတယ်၊အစာဆန်ရေတွေလဲ အမှည့်အရင့်ညီတယ် အဲဒါတွေစားကြရသောက်ကြရ တော့လူတွေမှာ အသက်ရှည်တယ်၊ အဆင်းလှတယ်၊ ခွန်အားတိုးတယ်၊ အဲဒီလို အကျိုးတွေရတယ် မင်းကြီး...”လို့ ဘုရားရှင်ကိုယ်တော်မြတ် မိန့်ကြားတော်မူ ပါတယ်။ အဲဒါကြောင့် ခုပြောတဲ့ “နေလဗြိတ်သွား၊ ဖြောင့်သားတဖြာ”အစရှိတဲ့ ဒီတိုင်းပြည်သာယာကြောင်း တရား(၁၀)ပါးဟာ ဘယ်ကဆင်းသက်လာသလဲဆို တော့ မင်းကဆင်းသက်လာတယ်တဲ့။

အဲဒါကြောင့် ဒီနေ့ ဒကာကြီးတို့ ဩဝါဒခံတဲ့အခါမှာ ဘုန်းကြီးက ကောသလမင်းကြီးအား ဘုရားရှင်ကိုယ်တော်တိုင် ပေးတော်မူတဲ့ အဆုံးအမ ရာဇောဝါဒကထာကို အခြေခံပြီးတော့ ဒီဩဝါဒကိုပေးရခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘုရားရှင် မိန့်တော်မူတဲ့ ဩဝါဒကထာမှာလာတဲ့ ယခု ဘုန်းကြီးပြောခဲ့တဲ့ လိုက်နာသင့် လိုက်နာထိုက်တဲ့ တရားဓမ္မတွေ လိုက်နာလို့ ရှောင်သင့်ရှောင်ထိုက်တဲ့ တရားဓမ္မတွေကို ရှောင်ကြဉ်ပြီး မိမိတို့တိုင်း၊ မိမိတို့မြို့နယ်သာယာအောင် အုပ်ချုပ်စေလိုပါတယ်။ ဘုန်းကြီးတို့ကလဲ ဓမ္မဝိနယနှင့်ညီညွတ်တဲ့ အကူအညီများကို ပေးပြီး ရိုင်းပင်းကူညီသွားကြမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် မကွေးတိုင်း၊ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် ဒကာကြီးများ၊ မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်ဒကာကြီးများ၊ မကွေးမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ဒကာကြီးများနှင့် မကွေးတိုင်း အတွင်းမှာရှိရှိသမျှ ရဟန်းရှင်လူအားလုံး၊ မြန်မာနိုင်ငံမှာရှိတဲ့ ရဟန်းရှင်လူအားလုံး၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ ရဟန်းရှင်လူအားလုံးတို့ မိမိတို့ လိုလားတောင့်တတဲ့ အလိုဆန္ဒတွေ ပြည့်ဝပြီးတော့ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာနဲ့ တိုင်းပြည်အကျိုး၊ သာသနာ့ အကျိုး သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ။

# ၁၃၅၂–ခု၊တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက်(၁၂၊၁၁၊၁၉၉၀) မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ် တုလွတ်ဝေယန်သိမ်တော်ကြီးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်အဖွဲ့ဝင်များ၏ ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော

# ဩဝါဒကထာ

ဒကာကြီးများ တိုင်းပြည်မှာ လှည့်လည်ပြီးတော့ ဆရာတော်ဘုရားများရဲ့ ဩဝါဒကို ခံယူနေတယ်ဆိုတာ ရေဒီယိုနဲ့ သတင်းစာတွေထဲမှာ တွေ့နေရပါတယ်။ တိုင်းပြည်ရဲ့အကြီးအကဲ၊ တိုင်းပြည်ရဲ့မိဘသဖွယ်ဖြစ်နေတဲ့ ဒကာကြီးတို့လို ပုဂ္ဂိုလ်တွေ ဆရာတော်ဘုရားတွေရဲ့ ဩဝါဒခံယူပြီးတော့ ကျင့်သုံးနေကြတာဟာ အလွန် ကောင်းမြတ်တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ မန်လည်ဆရာတော်ကြီးကလည်းပဲ ပြည့်မိပြည့်ဘဖြစ်တဲ့ တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရမင်းများဟာ မိမိနဲ့ဆက်စပ် နီးနွယ်တဲ့ ဆရာသမားများထံမှ အဆုံးအမကို နာယူပြီးတော့ တိုင်းပြည်ကို ကောင်းအောင် အုပ်ချုပ်သင့်တဲ့အကြောင်း အဆုံးအမဩဝါဒ ဒီလိုပေးထားပါတယ်။

''ခန္ဓာကိုယ်သက်၊ စည်းစိမ်ပျက်ကို၊ လွန်မက်၍သာ၊ မနေရာဘူး၊ မညှာကိုယ်ကျိုး၊ ပြည်သူ့ကျိုး၌၊ နေမျိုးသက်လယ်၊ ရှုရေးကျယ်လော့၊ နီးနွယ်ရှာရှာ၊ ဆုံးမနာလျက်၊ ရာဇာတုထ၊ ပြည်မိဘတို့၊ ပြည်ရွာကိစ္စ၊ ဆောင်ကြရန်''တဲ့။

မိမိရဲ့ခန္ဓာကိုယ်၊ မိမိရဲ့အသက်၊ မိမိရဲ့စည်းစိမ်များကို လွန်စွာမက်မောရှိ မနေရဘူး။ မိမိရဲ့အကျိုးကိုလဲ မငဲ့မညှာဘဲနဲ့ တိုင်းပြည်ရဲ့အကျိုး၊ တိုင်းသူပြည်သား တွေရဲ့အကျိုးကို ရှုမျှော်ပါတဲ့။ မိမိနဲ့ဆက်စပ်နိုင်ငွယ်တဲ့ ဆရာသမားများထံမှ အဆုံးအမကို ခံယူပြီးတော့ ပြည့်မိပြည့်ဘဖြစ်တဲ့ တိုင်းပြည်အုပ်ချုပ်နေကြတဲ့ အစိုးရမင်းတွေဟာ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ကြရမယ်တဲ့။ အဲဒီလိုဆုံးမ တော်မူပါတယ်။ ဘယ်အထိ၊ ဘယ်အတိုင်းအတာအထိ တိုင်းပြည်ရဲ့အကျိုးဆောင်ရွက် ရမလဲဆိုတာ ဆရာတော်ဘုရားကြီးက–

"မာဃစန္ဒီ၊ အာလမ္ဗိက၊ ဒေါ်ဒေါ်ရနှင့်၊ ခဆပဋ္ဌာ၊ သင်္ချာနှစ်စု၊
ဗဿုဆိဖြ မုနိစသား၊ သက္ကဖြိုလောက်၊ ကိန်းခန်းရောက်သော်၊
မဘောက်ဖြိုမြဲ၊ မဖြိုလွှဲက၊ ပြည်ထဲဥပဒ်၊ များတတ်သောတူ၊
ဖြိုမှုမယွင်း၊ ထိုနှစ်တွင်းဝယ်၊ ထိုမင်းမလွဲ၊ စုတိမြဲတည့်၊ သို့ပဲတစ်၊
တုတုံဘိလည်း၊ ပြည့်မိပြည့်ဘ၊ ဖြစ်ကြသောအား၊ ထိုမင်းများတို့၊
တရားမပျက်၊ ကြောင်တသက်နှင့်၊ ကြက်တမြုံတူ၊
မှတ်ယူဆက်ဆက်၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်မပြု၊ ပြည်ကျိုးရှု၍၊
ပြည့်သူ့ချမ်းသာ၊ ဆောင်ကြစွာ၏၊ ပမာမခြား၊ ဘချစ်သားလည်း၊
မပွားထို့နှယ်၊ ပြည့်ကျိုးသယ်လော့"လို့

ဤသို့ ရှေးရှေးသောမင်းများ ဆောင်ရွက်ကြပုံကို ဆရာတော်ဘုရားကြီးက ညွှန်ပြထားပါတယ်။ မာဃစန္ဒီအစရှိတဲ့ ဗေဒင်ကိန်းခန်းများအရ သက္ကရာဇ်ဖြိုဖို့ရာ ကိန်းခန်းရောက်လာခဲ့လို့ရှိရင် သက္ကရာဇ်ကိုဖြိုကိုဖြိုရတယ်။ သက္ကရာဇ်မဖြိုရင် တိုင်းပြည်မှာ ဥပဒ်ကြီးစွာရောက်တတ်တယ်တဲ့။ သက္ကရာဇ်ဖြိုပြန်ရင်လဲပဲ ထိုသက္ကရာဇ်ဖြိုတဲ့မင်းဟာ ထိုနှစ်အတွင်းမှာပဲ နတ်ရွာစံရတယ်တဲ့။ အဲဒီတော့ ငါတော့ နတ်ရွာမစံနိုင်ဘူး။ တိုင်းပြည်ဥပဒ်ရောက်ချင်ရောက်ပစေလို့ သက္ကရာဇ်မဖြိုဘဲနေကြ မလား၊ အေး... ငါနတ်ရွာစံချင်စံပစေ၊ တိုင်းပြည်ဥပဒ်မရောက်အောင် သက္ကရာဇ် ဖြိုမယ်လို့ပဲ ဖြိုကြမလားဆိုတော့ ရှေးမင်းတွေဟာ ကြောင်တစ်သက်နဲ့ကြက်တစ်မြုံ မပျက်စီးစေနဲ့။ ဒီလိုသဘောထားပြီးတော့ မိမိရဲ့အသက် မရှုမငဲ့ဘဲ ဖြိုတော်မူ ကြတယ်။ အဲဒီ ကိုယ့်အတွက်မငဲ့ဘဲ တိုင်းကျိုးပြည်ကျိုးဆောင်ရွက်သွားကြတာပါပဲ။

ထို့အတူပဲ ပြည့်မိပြည်ဘဖြစ်တဲ့ ပုဂ္ဂိုလ်များဟာ–

"ပြည့်မိပြည့်ဘ၊ ဖြစ်ကြသော့အား၊ ထိုမင်းများတို့၊
တရားမပျက်၊ ကြောင်တစ်သက်နှင့်၊ ကြက်တစ်မြုံတူ၊
မှတ်ယူဆက်ဆက်၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်မပြု၊
ပြည်ကျိုးရှု၍၊ ပြည်သူ့ချမ်းသာ၊ ဆောင်ကြစွာ၏၊ ပမာမခြား၊
ဘချစ်သားလည်း၊ မများထို့နှယ်၊ ပြည်ကျိုးသယ်လော့"တဲ့။

ငါ၏ ချစ်သားလဲပဲ တိုင်းပြည်ရဲ့အကျိုးကို ထိုနည်းအတူ ဆောင်ရွက်ပါလို့ မဃဒေဝမင်းကြီးက မိမိရဲ့သားတော်ကြီးအား ဆုံးမတဲ့အနေနဲ့ မန်လည်ဆရာတော်ဘုရားကြီးက ဆုံးမဩဝါဒပေးခဲ့ပါတယ်။ ဆက်ပြီးတော့ ဆရာတော်ဘုရားကြီးက တိုင်းပြည်သာယာဝပြောအောင်လဲပဲ ညွှန်ပြတော်မူပါတယ်။

"တစ်သွယ်ထိုမှ၊ နေလဂြိုဟ်သွား၊ ဖြောင့်သားတပြာ၊ မိုးမှန်စွာနှင့်၊
ဩဇာတက်ဖြိုး၊ သီးမျိုးပေါ်ယယ်၊ အန္တရာယ်ကင်းငြိမ်း၊
မုဒိမ်းမထွက်၊ စစ်မက်လည်းကင်း၊ ချင်းချင်းညီညွတ်၊
ဖြောင့်မတ်တရား၊ သုံးပါးရတနာ၊ ရိုသေစွာလျက်၊ သဃာ်ရတန်း၊
စောင့်မှန်းအကျင့်၊ ဤဆယ်ဆင့်ကား၊ လင်းပွင့်တိုင်းပြည်၊
သားကြောင်းမည်၏"လို့...

ဆရာတော်ဘုရားကြီးက ညွှန်ပြခဲ့ပါတယ်။ တိုင်းပြည်မှာ နေလဂြိုဟ်သွားမှန်ကန်နေခြင်း၊ မိုးများမှန်ကန်နေခြင်း၊ မြေဩဇာတွေတက်ခြင်း၊ အသီးအပင်တွေ၊ အသီးအရွက်တွေ၊ စားဖွယ်သောက်ဖွယ်တွေ ပေါ်များနေခြင်းအစရှိတဲ့ ဆယ်ပါးသောအချက်တွေဟာ တိုင်းပြည်ကြီး သာယာဝပြောကြောင်း ဖြစ်တယ်တဲ့။ အဲဒီလို သာယာဝပြောကြောင်းဖြစ်အောင် ကျင့်ရမယ်လို့ ဆရာတော်ဘုရားကြီးက ဩဝါဒပေးခဲ့ပါတယ်။ ဒီတော့ နေလနက္ခတ်တွေ အသွားအလာမှန်ကန်အောင်၊ မိုးတွေမှန်ကန်အောင်၊ မြေဩဇာတွေတက်ပြီးတော့ စားရေရိက္ခာပေါ်များလာအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ပါတဲ့။ ပြီးတော့ "ချင်းချင်းညီညွတ်"တဲ့၊ တိုင်းပြည်ရဲ့

အထဲမှာ စစ်မက်ကင်းခြင်း၊ မုဒိမ်းဒဏ္ဍကင်းခြင်း၊ တိုင်းသူပြည်သား လူအများနဲ့ တိုင်းပြည်အုပ်ချုပ်နေတဲ့ အစိုးရမင်းများ အချင်းချင်း ချစ်ခင်ညီညွတ်နေကြခြင်း အစရှိတဲ့ တရားတွေဟာ တိုင်းပြည်ရဲ့သာယာကြောင်း၊ ဝပြောကြောင်းတရားဖြစ်တယ်တဲ့။

အဲဒီလို မိုးမှန်ခြင်းအစရှိတဲ့တရားတွေ၊ နေလနက္ခတ်အသွားမှန်ခြင်း အစရှိတဲ့အချက်တွေ တပည့်တော်တို့ ပြုလုပ်နိုင်သလားဆိုတော့ ပြုလုပ်နိုင်တဲ့ အကြောင်း ဘုရားရှင်ကိုယ်တော်မြတ်က ကောသလမင်းကြီးအား ဩဝါဒပေးပူးတယ်။ အခါတစ်ပါးမှာ ကောသလမင်းကြီးဟာ ဘုရားရှင်ထံမှောက် ဆိုက်ရောက်ပြီးလာပါ တယ်။ ဒီတော့ ဘုရားရှင်အား သူက ဘာလျှောက်သလဲဆိုတော့ "ဒီနေ့ တပည့်တော် အခြားအမတ်များ မတရားသဖြင့် ဆုံးဖြတ်ထားတဲ့ အမှုတစ်ခုကို မှန်မှန်ကန်ကန်ဖြစ်အောင် ဆုံးဖြတ်ပြီးတော့ အရှင်ဘုရားထံမှောက် ဆိုက်ရောက်လာခဲ့ပါတယ်"လို့ လျှောက်တယ်။ ဒီတော့ ဘုရားရှင်က–

"မဟာရာဇ ရညာနာမ ဓမ္မေန ရဇ္ဇံ ကာရေတဗ္ဗံ"

မဟာရာဇ၊ ဒကာတော်မင်းမြတ်။ ရညာနာမ၊ တိုင်းပြည်အုပ်ချုပ်သော အစိုးရမင်းမည်သည်။ ဓမ္မေန၊ တရားသဖြင့်၊ (ဝါ) တရားနှင့်အညီ။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေတဗ္ဗံ၊ ပြုစေထိုက်၏။

တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရမင်းဆိုတာ တရားနှင့်အညီ မင်းပြုသင့်တယ်– အစချီပြီးတော့ ရာဇောဝါဒကထာကို ဟောကြားတော်မူပါတယ်။ တိုင်းပြည်အုပ်ချုပ် နေတဲ့ အစိုးရမင်းများ တရားမစောင့်ခဲ့ရင် ရာဇယုတ္တလို့ခေါ်တဲ့ အမှုထမ်းတွေ တရားမစောင့်ဘူး။ မင်းမှုထမ်းတွေ တရားမစောင့်ရင် ပုဏ္ဏားသူကြွယ်တွေ တရား မစောင့်ကြဘူး။ ပုဏ္ဏားသူကြွယ်တွေ တရားမစောင့်ရင် နိဂုံးဇနပုဒ်နေတဲ့ လူတွေလဲ တရားမစောင့်ဘူး။ နိဂုံးဇနပုဒ်နေတဲ့လူတွေ တရားမစောင့်ရင် နေ၊လတွေ အသွား မမှန်တော့ဘူး။ နေ၊လတွေ အသွားမမှန်တော့ရင် နက္ခတ်တာရာတွေ အသွားမမှန် တော့ဘူး။ နက္ခတ်တာရာတွေ အသွားမမှန်ရင် ညဉ့်တွေနေ့တွေလဲ အချိန်မမှန် တော့ဘူး။ ညဉ့်တွေ၊နေ့တွေ အချိန်မမှန်ရင် လတွေ၊ လခွဲတွေလဲ အချိန်မမှန်တော့ဘူး။

လ၊လခွဲများ အချိန်မမှန်တော့လို့ရှိရင် ဥတုတွေ၊ နှစ်တွေလဲ မမှန်မကန် ဖြစ်ကုန်တယ်။ ဥတုတွေ၊ နှစ်တွေ အချိန်မမှန်မကန် ဖြစ်လာရင် လေများလဲပဲ ညီညီမျှမျှ မတိုက်ခတ်ဘူး။ နွံတဲ့အခါ သိပ်နွံနေးတယ်။ ထန်တဲ့အခါ သိပ်မတရား ထန်တယ်။ မုန်တိုင်းတွေ ကျတတ်တယ်။ အဲ... မုတ်သုန်လေတွေဟာလဲ ဝင်ချိန်တန်လျက်သားနဲ့ မဝင်ဘူး။ ဆုတ်ချိန်မတန်ဘဲနဲ့ ဆုတ်သွားတယ် စသည်ဖြင့် လေများဟာ မမှန်မကန်သွားတယ်။

အဲဒီလို လေတွေ မမှန်မကန် တိုက်ခတ်တော့ နတ်တွေ စိတ်ဆိုးကြတယ်တဲ့။ နတ်တွေ စိတ်ဆိုးကြရင် မိုးများဟာ ကောင်းစွာမရွာသွန်းဘူး။ မိုးမမှန်ဘူးဆိုတော့ ကောက်ပဲသီးနှံများလဲပဲ အမှည့်အရင့် မညီကြဘူး။ မအောင်မမြင်ဖြစ်ကြတယ်။ အဲဒီ မအောင်မမြင် အမှည့်အရင့်မညီတဲ့ ကောက်ပဲသီးနှံတွေ စားသုံးရတော့ လူတွေဟာ အသက်တိုကြတယ်။ အဆင်းမလှကြဘူး။ ခွန်အားဆုတ်ယုတ်ကြ၊ ရောဂါများကြတယ်။

တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရမင်းတွေ တရားစောင့်ပြီဆိုရင် ရာဇယုတ္တလို့ခေါ်တဲ့ မင်းမှုထမ်းတွေလဲ တရားစောင့်ကြတယ်။ မင်းမှုထမ်းတွေ တရားစောင့်ရင် ပုဏ္ဏားသူကြွယ်တွေလဲ တရားစောင့်ကြတယ်။ ပုဏ္ဏားသူကြွယ်တွေ တရားစောင့်ကြရင် နိဂုံးဇနပုဒ်နေတဲ့ တိုင်းသူပြည်သားတွေလဲ တရားစောင့်ကြတယ်။ အဲဒီလို နိဂုံးဇနပုဒ်နေတဲ့ တိုင်းသူပြည်သားတွေ တရားစောင့်ကြတော့ နေ၊လ၊ နက္ခတ်တွေလဲ အသွားအလာ မှန်တယ်။ နေ၊လ၊နက္ခတ်တွေ အသွားအလာ မှန်ရင်ဖြင့် ညဉ့်တွေ နေ့တွေ အချိန်မှန်တယ်။ လ၊ လခွဲတွေ အချိန်မှန်တယ်။ ဥတုတွေ၊ နှစ်တွေအချိန်မှန်တော့ လေများလဲ မှန်မှန်ကန်ကန် တိုက်ခတ်တယ်။ မုတ်သုန်လေတွေဟာလဲ ဝင်ချိန်တန်ရင်ဝင်တယ်။ ဆုတ်ချိန်တန်ရင် ဆုတ်တယ်။ မတရားသဖြင့် မုန်တိုင်းတွေ အကြီးအကျယ်မကျဘူး။ အဲဒီလို လေတွေ အသွားအလာမှန်တော့ နတ်တွေ စိတ်မဆိုးဘူး။ နတ်တွေ စိတ်မဆိုးရင် မိုးတွေ မှန်မှန်ကန်ကန်ရွာတယ်။ မိုးကောင်းတယ်။ အဲဒီလို မိုးလေဝသမှန်တော့ ကောက်ပဲသီးပင်တွေ အမှည့်အရင့်ညီတယ်။

အောင်အောင်မြင်မြင်ရှိတယ်။ အဲဒီလို အောင်အောင်မြင်မြင် အမှည့်အရင့်ညီတဲ့ ကောက်ပဲသီးနှံတွေ စားရသောက်ရတော့ လူတွေဟာ အသက်ရှည်တယ်။ အဆင်း လှတယ်။ ခွန်အားရှိတယ်။ ရောဂါကင်းတယ်။

''မင်းကြီး... ရှေးရှေးသော မင်းကောင်းမင်းမြတ်တွေဟာ ပညာရှိတို့ရဲ့ ဩဝါဒကထာနာယူပြီးတော့ တရားသဖြင့် မင်းပြုကြတဲ့အတွက် နတ်ပြည်ကို ပြည့်စေတယ်''လို့ မိန့်တော်မူပြီးတော့ အတိတ်က ဖြစ်ခဲ့တဲ့ ရာဇောဝါဒဇာတ်တော်ကို ဟောတော်မူခဲ့ပါတယ်။

ရှေးအတိတ်အခါက အရှင်အာနန္ဒာအလောင်းဟာ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း ဖြစ်ပါတယ်။ အဲဒီတုန်းက ဘုရားအလောင်းတော်က ပုဏ္ဏားမျိုးမှာဖြစ် တယ်။ အရွယ်ရောက်တဲ့အခါ တတ်သင့်တတ်ထိုက်တဲ့ အတတ်အားလုံး သင်ယူပြီး တဲ့နောက် ရသေ့ရဟန်းပြုပြီး ဈာန်အဘိညာဉ်ရလို့ ဟိမဝန္တာတောမှာ သစ်သီးသစ်ဥ စားပြီးနေပါသတဲ့။

ရှေးရှေးမင်းတွေဟာ ငါတိုင်းပြည်အုပ်ချုပ်မင်းလုပ်နေတဲ့အခါ ငါ့အပေါ် တိုင်းသူပြည်သားများ ကျေနပ်ကြရဲ့လား၊ ငါ့မှာ ချို့ယွင်းချက်များ ရှိသေးသလား၊ ငါ့ရဲ့အပြစ်တွေကိုပဲ ပြောနေသလား၊ ငါ့ရဲ့ ဂုဏ်ကျေးဇူးတွေပဲ ချီးမွမ်းနေကြသလား၊ ဘာများ ငါ့ဘက်က ပြင်စရာရှိသေးသလဲလို့ သိရအောင် တိုင်းပြည်လှည့်လည်ပြီး တော့ စုံစမ်းလေ့ရှိပါသတဲ့။ အဲဒီ အရှင်အာနန္ဒာလောင်းလျာဖြစ်တဲ့ ဗာရာဏသီ ပြည့်ရှင်မင်းလဲပဲ ထိုနည်းအတူပဲ တိုင်းပြည်လှည့်လည် စုံစမ်းတဲ့အခါ နေပြည်တော် အတွင်းအပ ဇနပုဒ်နယ်ပယ်ကစပြီးတော့ သူ့ရဲ့အပြစ်ပြောတာ မတွေ့ရဘူးတဲ့။ သူ့ရဲ့ဂုဏ်ကျေးဇူးတွေကို ချီးမွမ်းနေကြတာကိုသာ တွေ့ရသတဲ့။ ဒီတော့ တောကြို တောင်ကြားမှာ ဘယ်လိုနေပါလိမ့်မလဲလို့ သိရအောင် ဟိမဝန္တာတောထဲ လျှောက်ပြီး စုံစမ်းတဲ့အခါ ဘုရားလောင်း သီတင်းသုံးတဲ့ သခ်မ်းကျောင်းကလေး ရောက်သွား သတဲ့။ ဘုရားလောင်းရသေ့ကြီးက သူ့ကို ဗာရာဏသီမင်းလို့ မသိပါဘူး၊ ကျောင်း ရောက်လာတဲ့ ဧည့်သည်တစ်ယောက်အနေနဲ့ ဧည့်ခံပါတယ်။ အဲဒီအခါ ဘုရားလောင်း

ရသေ့ကြီးက ပဉ္စောင်သီးမှည့်လေးတွေ ကျောင်းမှာယူပြီးတော့ ဘုဉ်းပေးနေတဲ့အခါ ဖြစ်ပါတယ်။

အဲဒါကြောင့် (မဟာပုည) ဒါဟာ ယဉ်ယဉ်ကျေးကျေး ခေါ်လိုက်တာပါပဲ။ ဘုန်းကံကြီးမား ခရီးသွားယောကျ်ားလို့ ဆိုလိုပါတယ်။ "အမောင်... ဟောဒီ ပဉ္စောင်သီးမှည့်လေးတွေ စားပြီးတော့ ဟောဒီ ရေအေးအေးလေး သောက်ပါ"လို့ ဘုရားလောင်းရသေ့ကြီးက ဧည့်ခံတယ်။ အဲဒီအခါ ပဉ္စောင်သီးမှည့်လေးတွေ စားတော့ သိပ်ချိုတာပဲတဲ့။ "ဟာ.. ချိုလိုက်တာဘုရား၊ ပဉ္စောင်သီးမှည့်က သိပ်ချို တာပဲဘုရား" "အေး.. တိုင်းပြည်အုပ်ချုပ်နေတဲ့မင်းတွေ တရားစောင့်လို့"ဟု ရသေ့ကြီးက မိန့်တော်မူတယ်။ "ဩော်.. တိုင်းပြည်အုပ်ချုပ်နေတဲ့မင်းတွေ တရားမစောင့်တဲ့အခါ မချိုဘူးလားဘုရား" "အေး.. တရားမစောင့်ရင် မချိုဘူး၊ တောသစ်သီးသစ်ဥတွေဟာ အဆီဩဇာမရှိဘူး၊ တစ်တိုင်းတစ်ပြည်လုံးလဲ အဆီဩဇာမရှိဘဲ ခန်းခြောက်သွားတယ်"လို့ မိန့်ပါတယ်။ "ဟုတ်လောက်ပါရဲ့ ဘုရား"လို့ သူက ဒီလောက်ပဲလျှောက်ပြီးတော့ ရသေ့ကြီးကို သူဟာ ဘုရင်မင်းမြတ် ဖြစ်တယ်ဆိုတာ အသိမပေးဘဲ ပြန်လာခဲ့တယ်။

တိုင်းပြည်ရောက်တဲ့အခါကျတော့ ရသေ့ပြောတာဟုတ်၊မဟုတ် စမ်းကြည့်မယ်လို့ ကြံစည်ခဲ့လို့ တိုင်းပြည်ရောက်တော့ မတရားတဲ့ အလုပ်တွေချည်းလုပ်တယ်၊ တရားတွေ မမှန်မကန် ဆုံးဖြတ်တယ်၊ အခွန်ဘဏ္ဍာတွေ မတရားကောက်ယူတယ်၊ တိုင်းပြည်ညှဉ်းဆဲတယ်ပေ့ါ။ အဲဒီလိုနဲ့ချည်း မတရားလုပ်ပြီးတော့ ကာလအတော် ကြာတော့ ဟိမဝန္တာတောကို နောက်တစ်ခေါက် ရောက်သွားတယ်။ ရသေ့ကြီးကလဲ အရင်တစ်ခါလိုပဲ ပဉ္စောင်သီးမှည့်လေးတွေ ပေးပြီးတော့ ရေအေးနဲ့ ဧည့်ခံတယ်။ အဲဒီအခါ ကောက်ပြီး စားလိုက်တော့ ပဉ္စောင်သီးမှည့်ဟာ ခါးသတဲ့။ ခါးလိုက်တာ ဘုရားဆိုပြီး ထွေးပစ်တယ်။ "ပဉ္စောင်သီးမှည့်က ခါးလှချည်လားဘုရား"လို့ လျှောက်တော့ "အေး.. တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရမင်းတွေ တရားမစောင့်လို့" တဲ့။ "ဩော်.. တရားမစောင့်ရင် ဒီလိုပဲ ခါးသလားဘုရား" "အေး.. ခါးတာပေ့ါကွာ၊

ဒီတော့ သစ်သီးသစ်ဥတွေ ဘယ်ကမလဲ တစ်တိုင်းပြည်လုံး အဆီသြဇာ ခန်းခြောက်သွားတတ်တယ်” ဆိုပြီးတော့ ဘုရားလောင်း ရသေ့ကြီးက ဗာရာဏသီမင်းအား တရားဟောတယ်။

ဂဝံ စေ တရမာနာနံ၊ ဇိမှံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ တာ ဇိမှံ ဂစ္ဆန္တိ၊ နေတ္တေ ဇိမှံ ဂတေ သတိ။
ဝေမေဝ မနုဿေသု၊ ယော တောတိ သေဋ္ဌသမ္မတော။
သော စေ အဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ ဒုခံ သေတိ၊ ရာဇာ စေ ဟောတိ အဓမ္မိကော။

တရမာနာနံ၊ မြစ်ကိုကူးသွားကြကုန်သော။ ဂဝံ၊ နွားတို့တွင်။ ပုင်္ဂဝေါ၊ ရှေ့ဆောင်နွားလားသည်။ ဇိမှံ၊ ကောက်ကောက် ကွေ့ကွေ့ သွားသည်။ စေ ဂစ္ဆတိ၊ အကယ်၍သွားငြားအံ့။ ပုင်္ဂဝေါ၊ ရှေ့ဆောင်နွားလားသည်။ ဇိမှံဂတေ၊ ကောက်ကွေ့သွားသည်။သတိ၊ ရှိသော်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ တာ၊ ထိုနွားမတို့သည်။ ဇိမှံ ဂစ္ဆန္တိ ကောက်ကောက်ကွေ့ကွေ့ သွားကြကုန်၏၊ ကောက်ကောက်ကွေ့ကွေ့လိုက်ကြကုန်၏။ ဝေမေဝ၊ ဤနည်းအတူသာလျှင်။ မနုဿေသု၊ လူတို့တွင်၊ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သေဋ္ဌသမ္မတော၊ အမြတ်ဆုံးဟု သမုတ်အပ်သည်။ (ဝါ) ပဓာနဟု သမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုလူအပေါင်းတို့တွင် အမြတ်ဆုံး ပဓာနပုဂ္ဂိုလ်ဟု သမုတ်အပ်သော တိုင်းပြည်အုပ်ချုပ်သော အစိုးရသည်။ အဓမ္မံ၊ တရား၏ဆန့်ကျင်ဘက်ကို (ဝါ) မတရားမှုကို။ စေ စရတိ၊ အကယ်၍ကျင့်အံ့။ ဝေံသတိ၊ ဤသို့ကျင့်သည်ရှိသော်။ ဣတရာ ပဇာ၊ တိုင်းသူ ပြည်သား အခြားလူအများတို့သည်။ ပဂေဝ၊ အဘယ်မှာလျှင် မတရားမှုကို မပြုဘဲ ရှိချေတော့အံ့နည်း။

ရာဇာ၊ တိုင်းပြည်ကို အုပ်ချုပ်သော အစိုးရမင်းသည်။ အဓမ္မိကော၊ တရားမစောင့်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ သဗ္ဗံ ရဋ္ဌံ၊ တစ်တိုင်းတစ်ပြည်လုံးသည်(ဝါ)တိုင်းသားပြည်သူ ရှင်လူ အပေါင်းသည်။ဒုခံ၊ ဆင်းဆင်းရဲရဲ။သေတိ၊ အိပ်ရ, နေရ, သွားရလေ၏။ ဒုခံ သေတိ၊ ဣရိယာပုတ်လေးဖြာ ဆင်းရဲစွာနေရ၏။

ကဏှပက္ခ=အမည်းဘက်၊အဆိုးဘက်က ရှေးဦးစွာဟောကြားပါတယ်။ အဲဒီနောက် သုက္ကပက္ခ=အကောင်းဘက်၊ အဖြူဘက်လဲပဲ ဘုရားလောင်းရသေ့ကြီး ဟောကြားတော်မူခဲ့ပါတယ်။

**ဂဝံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။**

**သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။**

**ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။**

**သော သစေ ဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။**

**သဗ္ဗံ ရဋ္ဌံ သုခံ သေတိ၊ ရာဇာ စေ ဟောတိ ဓမ္မိကော**–လို့ ဟောတော်မူတယ်။

တရမာနာနံ၊ မြစ်ကိုကူးသွားကြကုန်သော။ ဂဝံ၊ နွားတို့တွင်။ ပုင်္ဂဝေါ၊ ရှေ့ဆောင်နွားလားသည်။ စေ ဥဇုံ ဂစ္ဆတိ၊ အကယ်၍ ဖြောင့်ဖြောင့် သွားငြားအံ့။ နေတ္တေ ဥဇုံဂတေသတိ၊ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသည်ရှိသော်။ သဗ္ဗာဂါဝီ၊အလုံးစုံသော နွားမအပေါင်းတို့သည်။ ဥဇုံယန္တိ၊ ဖြောင့်ဖြောင့်လိုက်ကြကုန်၏။ ဧဝမေဝ၊ ဤနည်းထားယူ အလားတူသာလျှင်၊ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သေဋ္ဌသမ္မတော၊ အမြတ်ဆုံးဟု သမုတ်အပ်သည် (ဝါ) ပဓာနဟု သမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုလူအပေါင်းတို့တွင် အမြတ်ဆုံးပဓာနပုဂ္ဂိုလ်ဟု သမုတ်အပ်သော တိုင်းပြည်အုပ်ချုပ်သောအစိုးရသည်။ ဓမ္မံ၊ တရားကို။ သစေ စရတိ၊ အကယ်၍ကျင့်အံ့။ ဧဝံသတိ၊ ဤကဲ့သို့ တရားကိုကျင့်သည်ရှိသော်။ ဣတရာပဇာ၊ တိုင်းသားပြည်သူ အခြားရှင်လူပေါင်းသည်။ ပဂေဝ၊ အဘယ်မှာလျှင် တရားမစောင့်ဘဲ ရှိတော့အံ့နည်း။ ရာဇာ၊ တိုင်းပြည်ကို အုပ်ချုပ်သော အစိုးရမင်းသည်။ ဓမ္မိကော၊ တရားစောင့်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သဗ္ဗံရဋ္ဌံ၊ တစ်တိုင်းတစ်ပြည်လုံးသည် (ဝါ) တိုင်းသားပြည်သူ ရှင်လူအပေါင်းသည်။ သုခံ၊ ချမ်းချမ်းသာသာ။ သေတိ၊ အိပ်ရနေရသွားရလေ၏။ သုခံသေတိ၊ ဣရိယာပုထ်လေးဖြာ ချမ်းသာစွာနေရ၏။

ဒါက အကောင်းဘက်က ဘုရားအလောင်းရသေ့ကြီးက ဟောတော်မူပါတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်တွေ တရားစောင့်ပြီဆိုရင်လဲ တိုင်းသူပြည်သားတွေဟာ အားလုံးတရားစောင့်ကြတယ်။ အဲဒီလိုဆိုရင် တစ်တိုင်းပြည်လုံးချမ်းသာသုခ ခံစားရတယ်လို့ ဩဝါဒကထာ မိန့်ကြားတော်မူတော့ ဗာရာဏသီမင်းက "မှန်ပါ့ဘုရား.. တပည့်တော်ဟာ တိုင်းပြည်အုပ်ချုပ်နေတဲ့ ဗာရာဏသီမင်းပါဘုရား။ ရှေးက ပဉ္စောင်သီးကို ချိုအောင်ပြုခဲ့တာလဲ တပည့်တော်ပါပဲဘုရား။ အဲဒီနောက် ခါးအောင်ပြုလုပ်ခဲ့တာလဲ တပည့်တော်ပါပဲဘုရား။ အခုတော့ နောက်ထပ်တစ်ဖန် တပည့်တော် ချိုအောင်ပဲ ပြုလုပ်ပါတော့မယ်ဘုရား"လို့ ဝန်ခံပြီးတော့ တိုင်းပြည်ပြန်သွားပြီး တရားသဖြင့် အုပ်ချုပ်တယ်တဲ့။ "တိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်တော့ နတ်ပြည်ကို ပြည့်စေတယ် မင်းကြီး"လို့ ဘုရားရှင်ကိုယ်တော်မြတ်က ကောသလမင်းကြီးအား ဩဝါဒကထာ မြွက်ကြားပါတယ်။ အဲဒီ ဩဝါဒကထာအတိုင်းပဲ ဘုန်းကြီးကလဲ ဒကာကြီးတို့ကို တစ်ဆင့်ဩဝါဒကထာ အနေနဲ့ ပြောကြားပါတယ်။

အဲဒီမှာ အာနန္ဒာအလောင်း ဗာရာဏသီမင်းလျှောက်ထားတဲ့ "ဘန္တေ အရှင်ဘုရား။ ပုဗ္ဗေ ရှေး၌။ အဟမေဝ၊ တပည့်တော်သည်သာလျှင်။ နိဂြောဓပက္ကံ၊ ပဉ္စောင်သီးမှည့်ကို။ မဓုရံကတွာ၊ ချိုအောင်ပြုခဲ့ပြီး၍၊ ချိုအောင်ပြုခဲ့ပြီးနောက်။ တိတ္တကံ အကာသိ၊ ခါးအောင်လဲ ပြုခဲ့ပါပြီ။ ဣဒါနိ၊ ယခုအခါ၌။ ပုန၊နောက်ထပ်တစ်ဖန်။ မဓုရံ ကရိဿာမိ၊ ချိုအောင်သာပြုပါတော့မယ်ဘုရား"လို့ ဝန်ခံသွားတယ်။ အဲဒီအတိုင်းပဲ ဒကာကြီးတို့လဲ တိုင်းပြည်ကိုကောင်းအောင်၊ တစ်တိုင်းပြည်လုံးချမ်းသာအောင် ပြုလုပ်နိုင်တာလဲ ဒကာကြီးတို့ပဲ။ တိုင်းပြည်မကောင်းအောင် ပြုလုပ်နိုင်တာလဲ ဒကာကြီးတို့ပါပဲ။ အဲဒီတော့ ဘုရားလောင်းရသေ့ကြီးထံမှာ အရှင်အာနန္ဒာအလောင်း ဘုရင်မင်းမြတ် ဝန်ခံသွားသလိုပဲ တပည့်တော်တို့လဲ ကောင်းအောင်လုပ်ပါ့မယ်လို့ အဲဒီလို ဝန်ခံပြီးတော့ ကောင်းအောင်လုပ်ကြဖို့၊ ဆိုခဲ့တဲ့အတိုင်း တစ်တိုင်းပြည်လုံး ချမ်းသာအောင်လုပ်ကြဖို့၊ တိုတိုပြောရရင်တော့ ချိုအောင်သာလုပ်ကြပါလို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်။ အဲ.. တပည့်တော်

တို့လဲ ချိုအောင်လုပ်နေတာပါပဲဘုရား။ ကောင်းတာလုပ်နေတာပါပဲဘုရားလို့ ဒကာကြီးတို့က လျှောက်ထားချင်မှာပါပဲ။ ဘုန်းကြီးတို့ကလဲ ယုံကြည်ပြီးသားလဲဖြစ်ပါတယ်။ မျက်မြင်ဒိဋ္ဌလဲ မြင်နေရတာပါပဲ။

ဒါပေမယ်လို့ ဘုန်းကြီးက ဟို..သက္ကတစာပေကလာတဲ့ ပုံပြင်လေးတစ်ခု ပြောချင်ပါတယ်။ ရှေးက ဒိသာပါမောက္ခဆရာကြီးဟာ တပည့်များကို ဆုံးမတဲ့အခါ အမြဲတမ်း "ငါ့တပည့်များ ပညာကြိုးစားကြကွ၊ ပညာကြိုးစားကြကွ"လို့ အမြဲတိုက်တွန်းပါသတဲ့။ အဲ.. ဩဝါဒပေးပြီဆိုရင် ဒို့ပြင် ဩဝါဒပေးပြီးပြီဆိုရင် ဒီဟာက အမြဲထည့်ပေးလေ့ရှိတယ်။ ပညာကြိုးစားကြကွဆိုတာပေါ့။ အဲဒါနဲ့ တပည့်တွေက ဆရာကြီးကို ပြန်ပြီးပြောကြတယ်။ "ဆရာကြီး.. ဆရာကြီးက ပညာကြိုးစားကြ၊ ပညာကြိုးစားကြလို့ အမြဲတိုက်တွန်းတဲ့အတွက် ကျွန်တော်တို့လဲ ပညာကြိုးစားပါတယ်။ အဲ..ခုတော့ အစွမ်းကုန်လဲ ကြိုးစားထားပါတယ် ဆရာကြီးရာ"တဲ့။ "အေး.. ငါ့တပည့်များ အစွမ်းကုန်ကြိုးစားတယ်ဆိုလို့ ဆရာကြီးဝမ်းမြောက်ပါတယ်။ ဒါပေမယ်လို့ ဆရာပြောလိုတာက ယခုကြိုးစားတာထက် ဟိုဘက်ကို နည်းနည်း တိုးပြီး ကြိုးစားလိုက်ကြပါ"လို့ ဒိသာပါမောက္ခဆရာကြီးက တပည့်များကို ဩဝါဒပေးပါတယ်။

အဲဒီအတိုင်းပဲ ဒကာကြီးတို့လဲ ယခုချိုအောင် လုပ်နေကြပါတယ်။ ကောင်းအောင် လုပ်နေကြပါတယ်။ ဒါပေမယ့် အဲဒီထက် ဟိုဘက်တိုးပြီးတော့လဲ နည်းနည်း ကြိုးစားလိုက်ပါဦးလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။

## ၁၃၄၉–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁)ရက်၊(၂၄၊၈၈) မကွေးမြို့၊ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ စည်းမျဉ်းသစ်(မူကြမ်း)အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဂေါပကအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းတို့၏ ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော

## ဩဝါဒကထာ

ကြွရောက်တော်မူလာကြသော မြသလွန်စေတီဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ဘုရားကြီးများဘုရား... ဆရာတော်ကြီးများ ကိုယ်စားဘုရားတပည့်တော်အား ထိုအစည်းအဝေးကို တက်ရောက်လာကြတဲ့ ဂေါပကအဖွဲ့ဝင် ဒါယကာများနှင့် မကွေးတိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မကွေးမြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မကွေးတိုင်း သာသနာရေးဦးစီးမှူး အမှူးရှိတဲ့ သာသနာရေးဆိုင်ရာဌာနမှ ပုဂ္ဂိုလ်များအစရှိတဲ့ ပရိသတ်တို့အား ဩဝါဒကထာအနည်းငယ်မြွက်ကြားရန် ခွင့်ပြုတော်မူကြပါဘုရား။

ဘုန်းကြီးဩဝါဒပေးရန် အထူးအထွေတော့ မလိုလှပါဘူး။ ဆရာတော်ကြီးများရဲ့ ဩဝါဒကိုခံယူပြီး ဂေါပကအဖွဲ့က ဆောင်ရွက်လာတာလဲ နှစ်ပေါင်းအတော်ကြာနေတော့ အားလုံးကျွမ်းကျင်ပြီးသား နားလည်ပြီးသား ဖြစ်ပါတယ်။အဲ... တိုင်း/ မြို့နယ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်တွေဆိုတာလဲ သူတို့အလုပ် ကျွမ်းကျင်ပြီးသားပါပဲ။ အနည်းငယ်လောက်ပဲ ဖြည့်စွက်ဩဝါဒပေးဖို့ ရှိပါတယ်။

ခုရေးဆွဲပြီးတော့ ပြဋ္ဌာန်းအတည်ပြုရမှာက မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ စည်းမျဉ်းအသစ် ဖြစ်ပါတယ်။

စေတီဆိုတာ ဘုရားနဲ့အတူတူပဲလို့ စိတ်ထဲအောက်မေ့နေဖို့ လိုပါတယ်။ ဒီ့ကြောင့်မြန်မာတွေဟာ စေတီကိုလဲ ဘုရား၊ဘုရားလို့ ခေါ်နေကြတယ်။ဘာ့ကြောင့် စေတီကို ဘုရား၊ဘုရား လို့ခေါ်နေကြသလဲဆိုတော့ စေတီကို မိမိတို့ ကြည်ကြည် ညိုညို ရိုရိုသေသေ ပူဇော်မယ်ဆိုရင် သက်တော်ထင်ရှား မြတ်စွာဘုရား ပူဇော်ရ တာနဲ့ ဘာမှမထူးဘူး။ အတူတူပဲ အကျိုးရတယ်။ စေတီကို ပြစ်မှားမိရင်လဲ သက်တော်ထင်ရှားမြတ်စွာဘုရား ပြစ်မှားသလောက် အပြစ်ကြီးကျယ်နိုင်ပါတယ်။ အဲဒါကြောင့် စေတီတော်ဟာ ဘုရားနဲ့တစ်တန်းတည်း စိတ်ထဲမှာထားနိုင်ရင် တန်းတူညီမျှတဲ့ အကျိုးတွေပေးနိုင်လို့ စေတီကို ဘုရားလို့ ခေါ်ပါတယ်။ ဒါဟာ စေတီကို ဘုရားလို့ တင်စားခေါ်ရတဲ့အကြောင်းပါပဲ။

အဲဒီတော့ ခုလုပ်ရမယ့်လုပ်ငန်းက စေတီတော်ရဲ့ လုပ်ငန်းဖြစ်တော့ ဘုန်းကြီးတို့ရော ဒကာတို့ပါ အများကြီးသတိထားပြီး လုပ်ရမယ့်လုပ်ငန်းကိစ္စ ဖြစ်ပါတယ်။ စေတီတော်အတွက် လုပ်ရတာဆိုတော့ မိမိတို့စိတ်၊ စေတနာ၊ သဒ္ဓါတရားတွေ ကောင်းမွန်သလောက် အကျိုးရနိုင်ပါတယ်။ စိတ်ထားပျက်ကွက် သွားရင်လဲ အပြစ်တွေအများကြီး ကျရောက်နိုင်ပါတယ်၊ အဲဒါကြောင့် ဒီကိစ္စဆောင်ရွက် တဲ့နေရာမှာ တကယ့်ကိုပဲ ဖြူစင်သန့်ရှင်းတဲ့စိတ်၊ စေတနာ၊ သဒ္ဓါတရားတွေထားပြီး တော့ ဇိတ္တိုကိုးကွယ်အားထားနေတဲ့ မြသလွန်စေတီတော်မြတ်ကြီး ဆတက်ထမ်းပိုး တိုးတက်ပြီး စည်ကားသွားအောင်၊ ကြီးပွားသွားအောင် ဇိတ္တိုဆောင်ရွက်မယ်ဆိုတဲ့ ကောင်းမြတ်တဲ့ စေတနာထားပြီး ဆောင်ရွက်ကြရန် ရှေးဦးစွာတိုက်တွန်းလိုပါတယ်၊ အဲဒီလို ဆောင်ရွက်ကြမယ်ဆိုရင် ဆောင်ရွက်တိုင်း၊ ဆောင်ရွက်တိုင်း ဒီကိစ္စနဲ့ လှုပ်ရှားတိုင်း၊ လှုပ်ရှားတိုင်း အမြတ်ကုသိုလ်တွေ ပွားနေမှာဖြစ်ပါတယ်။အဲဒါကြောင့် စေတီတော်မြတ်ကြီးကို သက်တော်ထင်ရှား မြတ်စွာဘုရားလောက် စိတ်ထဲမှာ ထားပြီးတော့ ကြိုးစားအားထုတ်ကြဖို့ ရှေးဦးစွာ တိုက်တွန်းရခြင်း ဖြစ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ် မရှိတဲ့နောက် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာရီရိကခေါ်တဲ့ ကိုယ်တော်မှဖြစ်ပေါ်လာတဲ့ ဓာတ်တော်, မွေတော်တွေ၊ ဘုရားရှင်ရဲ့

အသုံးအဆောင်ဖြစ်တဲ့ ပရိဘောဂ သက်နှ်း၊ သပိတ်စသည်တွေ ဒါတွေကိုဌာပနာပြီး တော့ စေတီတော်တွေဆိုတာ ပေါ်ပေါက်လာတာပါပဲ။ အဲဒီတော့ စေတီတော်ရှိလာပြီ ဆိုရင် ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ ထိုစေတီတော်အား သဒ္ဓါတရားပွားပြီး တော့ လှူကြ၊ တန်းကြ၊ ပူဇော်ကြတယ်။ အဲဒါကြောင့် စေတိယသန္တကခေါ်တဲ့ စေတီပိုင်ပစ္စည်းဥစ္စာများလဲ ပေါ်ပေါက်လာတော့တာပဲ။

စေတီရှိရင် စေတိယသန္တကဆိုတာ ပေါ်ပေါက်လာတာပါပဲ။ စေတိယ သန္တက ပေါ်ပေါက်လာလျှင် ဒီစေတိယသန္တက မပျောက်ပျက်အောင်၊ တိုးပွားလာ အောင်၊ စေတိယသန္တကက စေတီတော်ကို အကျိုးပြုအောင် စောင့်ရှောက်ပေးမယ့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဆိုတာ လိုအပ်လာတာပါပဲ။ မရှိမဖြစ်တာကို ပြောပါတယ်။ စေတီရှိရင် စေတိယသန္တက ပေါ်လာမယ်။ စေတိယသန္တက ပေါ်လာရင် ဒါစောင့်ရှောက်ဖို့ ဂေါပကဆိုတာ ရှိရမှာပဲ။ အဲဒါ ခုမှရှိတာမဟုတ်ဘူး။ ဟို ရှေးရှေးဘုရားရှင်တွေ လက်ထက်တော်ကလဲ ရှိခဲ့တာပါပဲ။ ဟိုလွန်ခဲ့တဲ့ (၉၁)ကမ္ဘာတက်က ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူတယ်။ အဲဒီတုန်းက တို့ဘုရား လက်ထက်မှာ နာမည်ကြီးနေတဲ့ ဇောတိကသူဌေးရဲ့ အလောင်းအလျာဟာ အပရာဇိတခေါ်တဲ့ သူဌေးဖြစ်ခဲ့တယ်။သူရဲ့ နောင်တော်ကြီးက မဟာသေန-တဲ့။ ညီအစ်ကိုနှစ်ယောက် အလွန်မှ ကြွယ်ဝတဲ့ သူဌေးမျိုးပေါ့။ နောင်တော်ကြီးကတော့ ဘုရားထံဝင်ရောက်ရဟန်းပြုပြီး ရဟန္တာဖြစ်သွားပါတယ်။ အဲဒီလို နောင်တော်ကြီး ရဟန္တာ ဖြစ်သွားတော့ ညီငယ်က ဘုရားရှင်သီတင်းသုံးဖို့ကျောင်းတော်ကြီးဆောက်ပါ တယ်။ ကျောင်းတော်ကြီးဆောက်ပြီးတော့ အဲဒီကျောင်းတော်ကြီးထဲမှာ အဖိုးတန်ရတနာတွေ အများကြီးလှူဒါန်းထားတယ်။ ကျောင်းတော်ကြီးကို ရတနာ တွေဖြင့် မွမ်းမံထားတယ်။ ဒါတင်မကဘူး၊ ကျောင်းတိုက်တစ်တိုက်လုံး တစ်ခါတည်း ရတနာတွေ ခင်းထားတယ်။ ဒူးဆစ်နစ်လောက်အောင် ရှိတယ်။ ကျောင်းတော်ကြီး ပြီးပြီဆိုတော့ ဘုရားရှင်နဲ့ သံဃာတော်တွေကို ပင့်တယ်။ ကျောင်းလက်ခံဖို့ ဘုရားရှင် ကိုယ်တော်မြတ်လဲ ကျောင်းတော်ကြွလာလို့ တံတိုင်းဝရောက်တော့ ဘုရားရှင် ကျောင်းတော်ထဲ မဝင်ပါဘူး။ ရပ်တန့်တော်မူနေပါတယ်။ ကျောင်းဒကာ

ဖြစ်တဲ့ အပရာဇိတကလဲ "မှန်ပါဘုရား၊ တပည့်တော် ကျောင်းဆောက်လို့ အားလုံးပြီး ပါပြီဘုရား၊ အလှူခံရန် ကျောင်းထဲကြွတော်မူပါဘုရား"လို့ လျှောက်တယ်။ ဘုရားရှင်က မကြွဘူး။ မဟာသေနကိုသာ လှည့်ကြည့်တော်မူပါတယ်။ မဟာသေနမထေရ်က ဘုရားရှင်ရဲ့အလိုကို သိတယ်။ "ဟဲ့..အပရာဇိတ၊ နင့်ကျောင်းထဲမှာ အဖိုးထိုက် အဖိုးတန် ရတနာတွေရှိနေတယ်။ အဲဒါတွေကို မင်းတာဝန်ယူပြီး စောင့်ထိန်းဖို့ အစောင့်ချထားပါမယ်လို့လျှောက်လိုက်"လို့မိန့်တော်မူပါတယ်။ အဲဒီတော့မှ အပရာဇိတဟာ "မှန်လှပါဘုရား၊ ဟောဒီကျောင်းတိုက်ထဲမှာ တပည့်တော်လှူဒါန်း ခင်းကျင်းထားတဲ့ အဖိုးတန်ရတနာတွေအတွက် ရှင်တော်ဘုရားနဲ့ သံဃာတော်များမှာ လုံးဝတာဝန်မရှိပါဘုရား။ တပည့်တော်အစောင့်အရှောက်ဂေါပက ချပေးပါမယ်ဘုရား"လို့လျှောက်မှ ဘုရားရှင်က ကျောင်းတိုက်ထဲဝင်ပါတယ်၊ အဲဒီတော့ အပရာဇိတကလဲ တံခါးလေးမျက်နှာမှာ အစောင့်အရှောက် လေးယောက် လေးယောက် ချထားရတယ်။ အဲဒီကတည်းက ဂေါပကဆိုတာ ပေါ်လာတာပါပဲ။

အပရာဇိတက ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ သစ္စာသီးလောက်ရှိတဲ့ ပတ္တမြားကြီး ချထားတယ်။ ပတ္တမြားကြီးက အရောင်နဲ့ ဘုရားရှင်ရဲ့ ရောင်ခြည်တော်နဲ့ ပနံရပြီး အင်မတန်မှ ကြည်ညိုဖွယ်ရှိအောင် ချထားတာပဲ။ အဲဒီပတ္တမြားကြီးကို မိစ္ဆာဒိဋ္ဌိပုဏ္ဏားတစ်ယောက်က ခိုးသွားတယ်တဲ့။ အဲဒါ ဘုရားရှင်မျက်မှောက်မှာကို ခိုးတာ။ စေတီတော့ ပြောစရာမလိုဘူး။ သက်တော်ထင်ရှား ဖြတ်စွာ ဘုရားလက်ထက်မှာ ဘုရားခြေရင်းထားတဲ့ ပတ္တမြားကြီး ခိုးသွားတယ်။ ဒီတော့ အပရာဇိတက ဘုရားအား လျှောက်တယ်။ "တပည့်တော်ဘုရား၊ဟောဒီ ကျောင်းတိုက်ထဲ ရတနာတွေ ခင်းထားတယ်၊ အစောင့်အရှောက်တွေလဲ ချထားတယ်။ သူတို့ကို အမိန့်ပေးထားတယ်။ ရတနာတွေ ဘယ်သူပဲကောက်ကောက် လက်နဲ့သာ ကောက်သွားပါစေ။ မင်းတို့ မတားကြနဲ့။ ခါးပိုက်တို့ အိတ်ထောင်တို့၊ တောင်းတို့၊ ခွက်တို့နဲ့တော့ မယူစေနဲ့လို့ တပည့်တော် အမိန့်ပေးထားပါတယ်။ နေ့တိုင်းနေ့တိုင်း လူတွေကောက်ယူနေတာကြောင့် နည်းသွားလျှင် တပည့်တော် ထပ်ထပ်ဖြည့်တာ ပါပဲ။ ဘာမှစိတ်အနှောင့်အယှက် မဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် ဘုရားရှင် ခြေရင်းချ

ထားတဲ့ ပတ္တမြားကြီးကတော့ ဘုရားရှင်ရောင်ခြည်တော်နဲ့ ပတ္တမြားကအရောင်နဲ့ အင်မတန်မှ ပနံရအောင် တပည့်တော်ထားတာ။ ဒါကို ခိုးသွားတော့ တပည့်တော် စိတ်ထဲ သိပ်ဆင်းရဲတာပဲ”လို့ လျှောက်တယ်။ အဲဒါကြောင့် ဘုရားရှင်က ဆုတောင်း မရှိလို့ သူတစ်ပါးခိုးယူတာ ခံရတာ။ နောက်နောင် သူတစ်ပါးတို့ မခိုးယူနိုင်အောင် ဆုတောင်းဆိုလို့ အဲဒီမှာ ဆုတောင်းလာတာ။ “ကျွန်ုပ်ရဲ့ ပစ္စည်းဥစ္စာများ ကျွန်ုပ်မပေးဘဲ မြတ်ဆာချည်ပင် တစ်ပင်တောင် မင်းစိုးရာဇာစတဲ့ ရန်သူများ တိုက်ခိုက်လုယူခြင်းငှာ မစွမ်းနိုင်ပါစေသား” စသည်ဖြင့် ဆုတောင်းလာလို့ ဇောတိက သူဌေးဖြစ်လာတယ်လို့ ဆိုတယ်။ အဲဒီကတည်းက အစောင့်အရှောက်ဆိုတာ ပေါ်လာရတာပဲ။

ပစ္စည်းရှိရင် အစောင့်အရှောက်ပေါ်လာတာပဲ။ စေတီတော်ရှိလာရင် စေတိယသန္တကတွေ ရှိလာလိမ့်မယ်။ စေတိယသန္တကရှိလာရင် ၎င်းတို့ကို ထိန်းသိမ်းဖို့ စောင့်ရှောက်ဖို့ ဂေါပကဆိုတာရှိလာမယ်။ ဒါ့ကြောင့် ဂေါပကအဖွဲ့တွေ ဖွဲ့ကြရတယ်။ ဂေါပကအဖွဲ့တွေ ရှေးကလဲ ဖွဲ့ခဲ့ရတာပဲ။ ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသွားတဲ့အခါ ယခု ထိုဂေါတမဘုရားလို ဓာတ်တော်တွေ အကွဲအပြား မတည်ဘူး။ သက်တော်ရှည်တဲ့ ဘုရားဆိုတော့ ရွှေတုံးကြီးတစ်တုံး တည်းလို ဖြစ်နေတယ်။ အဲဒါကြောင့် စေတီတော်ကြီးတစ်ဆူတည်း တည်ရတယ်အဲဒီ အခါ ရှင်ဘုရင်က မုခ်တစ်ခု၊ အိမ်ရှေ့မင်းက မုခ်တစ်ခု၊ သူဌေးကြီးက မုခ်တစ်ခု၊ကျန်တဲ့ တိုင်းသူပြည်သားတွေက မုခ်တစ်ခု တာဝန်ယူရတယ်။ အဲဒီတုန်းက ရွှေအုတ်တွေနဲ့ တည်တာဆိုတော့ အင်မတန်ကြီးကျယ်တဲ့ စေတီကြီးပေါ့။

အဲဒီမှာ ရသောရတဆိုတဲ့ အနာဂါမ် ဥပါသကာကြီးက ဇမ္ဗူဒိပ်တစ်ကျွန်း လုံးလှည့်ပြီး အလှူခံ၍ စေတီကြီးတည်ဆောက်ဖို့ ဆောင်ရွက်ပါတယ်။ စေတီတော် ဂေါပကဖွဲ့တဲ့အခါ ရွာနေသူဌေးနဲ့ မြို့နေသူဌေးတို့ ဂေါပကအဖွဲ့မှာ သူဖြစ်သင့်၊ ငါဖြစ်သင့် လုကြတယ်။ ရွာနေသူဌေးက တစ်ကုဋေလှူတယ်၊ မြို့နေသူဌေးက နှစ်ကုဋေလှူတယ်။ ရှေးက ဘုရားဂေါပကဆိုတာ လှူပြီးတော့ ကုသိုလ်ရအောင် လုပ်ကြတယ်။ သူကနှစ်ကုဋေလှူရင် ဒီကသုံးကုဋေလှူတယ် စသည်ဖြင့်ပေါ့။

တောသူဌေးက ကိုးကုဋေလောက်ချမ်းသာတာ၊ မြို့သူဌေးက ကုဋေလေးဆယ် ချမ်းသာတာ၊ မတတ်နိုင်ဘူး။ နောက်တော့ တောသူဌေးကအကြံပိုင်တယ်။ကျွန်ုပ် ကတော့ ရှိသမျှပစ္စည်းနဲ့ ကျွန်ုပ်ရော၊ သားရော၊ မယားရော အကုန်လုံးလှူပြီးတော့ ဇေါပကလုပ်ပါတယ် ဆိုပြီးလုပ်တော့ မြို့သူဌေးမတတ်နိုင်ဘူး။ အဲဒီလို ရှေးက ဇေါပကတွေဟာ ဘုရားကို ကိုယ့်အသက်တောင် မငဲ့ကွက်ဘဲ လှူဒါန်းပြီးတော့ စောင့်ရှောက်လာခဲ့တယ်။ အဲဒါတွေဟာ ဘာလိုလားလို့တုံး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်လိုလားလို့။ အကျိုးလိုလားလို့။ ပစ္စည်းဥစ္စာမငဲ့ဘူး၊ အသက်လဲ မငဲ့ဘူး။ တစ်ခါတည်း ပစ္စည်းဥစ္စာရော၊ သားရော၊ မယားရော အကုန်လုံး ဘုရားလှူပြီးတောင် ဇေါပကလုပ် စောင့်ရှောက်ထိန်းသိမ်းလာခဲ့ကြတယ်။ ဒါတွေကို အတုယူပြီး နောင်လဲပဲ ထိန်းသိမ်းနိုင်အောင် ဘုန်းကြီးက ထည့်ပြောတာဖြစ်ပါတယ်။

ဇေါပကအဖွဲ့တွေက စေတီယသန္တကကို စောင့်ရှောက်ရမယ်၊ သုံးစွဲရမယ်၊ သုံးစွဲတဲ့နေရာမှာ စေတီအတွက် သုံးစွဲရတာပါပဲ။ စေတီယသန္တကဆိုတာ အလွန်သိမ်မွေ့တယ်။ သံဃိကပစ္စည်းထက် ပိုပြီး သိမ်မွေ့တယ်။ **"သံဃပစ္စည်း၊ အဆိပ်သီး၊ သုံးနည်းအလွန်ခက်"**လို့ ရှေးကဆိုကြတယ်၊ သံဃာတော်ရဲ့ပစ္စည်းဟာ အဆိပ်သီးလိုပဲတဲ့၊ သုံးဖို့ရာ သိပ်ခက်ခဲတယ်လို့ ဆိုပါတယ်၊ အဲဒီ သံဃိကပစ္စည်းထက် စေတီတော်ရဲ့ပစ္စည်းက ပိုပြီးသိမ်မွေ့ခက်ခဲပါတယ်။ ကိုင်တွယ်ဖို့ သုံးစွဲဖို့ အခက်ခဲဆုံး ပစ္စည်း ဖြစ်ပါတယ်။ မီးနဲ့တူပါတယ်။ မီးကို မကိုင်တတ်ရင် လောင်တတ်ပါတယ်။ ကိုင်တွယ်တတ်၊ သုံးစွဲတတ်ရင် ဒီမီးကပဲ အကျိုးစီးပွားကို ဖြစ်စေပါတယ်။ မီးမရှိရင် မဖြစ်ပါဘူး၊ ဒီမီးနဲ့ပဲ ချက်ရ၊ ပြုတ်ရ၊ လုပ်ရ၊ ကိုင်ရတယ်။ ဒို့ကြောင့် မီးဟာ ကိုင်တွယ်တတ်ရင် မိတ်ဆွေဖြစ်ပါတယ်၊ ကိုယ့်ရဲ့ အသက်သခင် ဖြစ်ပါတယ်၊ မကိုင်တတ်၊ မတွယ်တတ်ရင်လဲ ကိုယ့်ပြန်လောင်တတ်တယ်။ အဲဒီလိုဘဲ စေတီယ သန္တကလဲ ကိုင်တတ်လို့ရှိရင် မိမိမှာ အများကြီးအကျိုးကျေးဇူးရှိတယ်။ စေတီတော် အတွက် စေတနာဖြူစင် သန့်ရှင်းစွာထားပြီး စေတီတော်ကြီး ကြီးပွားအောင်၊ တိုးတက်အောင်၊ ကောင်းအောင်ပြုပြင်နေရင် ပြုလုပ်တိုင်း ပြုလုပ်တိုင်း ကုသိုလ်ဇော တွေစောပြီး မိမိမှာ အများကြီးအကျိုးရှိတယ်၊ မီးသုံးစွဲတတ်လို့ အကျိုးများသလိုပါပဲ။

စေတီယသန္တကကို မကိုင်တတ်၊ မတွယ်တတ်တော့ မိမိတို့က စေတနာ သဘောတရား မမှန်ကန်လို့ တစ်ဖက်ဖက်က ချို့ယွင်းသွားရင် မီးလိုပဲ ကိုင်တွယ်တဲ့ ပုဂ္ဂိုလ်ကို လောင်တတ်တယ်။ မီးလောင်တာ ဒီတစ်ဘဝပဲ။ သိပ်ကြောက်စရာ မကောင်းဘူး။ ဒီတစ်ဘဝ ဒုက္ခရောက်တယ်။ စေတီယသန္တကကို မကိုင်တတ်၊ မတွယ်တတ်လို့ မိမိအတွက် မိမိပယောဂကြောင့် တစ်စုံတစ်ခု ချို့ယွင်းသွားရင် အဲဒါ ဘဝများစွာ လောင်တတ်ပါတယ်။

အဲဒီဘဝများစွာ မလောင်ရအောင်လို့ ယခုဒီစည်းမျဉ်း အတည်ပြုတဲ့နေရာ လဲပဲ ချို့ယွင်းချက်၊ ပျော့ကွက်၊ ဟာကွက်မရှိအောင်ပေါ့။ စေတနာကောင်းကောင်းနဲ့ အားလုံးက ဝိုင်းဝန်းကူညီပြီးတော့ ဆောင်ရွက်ကြဖို့လိုပါတယ်။ အဲ.. မိမိအတွက် မိမိတို့ ဒီစည်းမျဉ်း လုပ်လိုက်ခြင်းကြောင့် စေတီတော်မှာ တစ်စုံတစ်ရာ ထိခိုက်မသွား အောင် ရှေးကစည်းမျဉ်းဟောင်းနဲ့ ဂေါပကဟောင်းရှိတယ်။ စည်းမျဉ်းဟောင်းနဲ့ ဂေါပကဟောင်း လုပ်နေတာထက် နောက်ထပ်စည်းမျဉ်းသစ် ဂေါပကသစ်ဖွဲ့ လိုက်တဲ့အတွက် တိုးတက်လာရမယ်။ ပိုပြီး ကောင်းလာရမယ်။ ပိုပြီးမတိုးတက်ရင် တန်းတူဖြစ်စေရမယ်။ တိုးလဲ မတိုးတက်ဘူး။ တန်းတူလဲ မဖြစ်ဘူး။ လျော့သွား ပြီဆိုရင် ဘယ်သူ့အပေါ် တာဝန်ရောက်လာသလဲ။ စည်းမျဉ်းသစ်ရေးဆွဲပြီးတော့ အတည်ပြုပြဋ္ဌာန်းပေးတဲ့ ပုဂ္ဂိုလ်တွေရော၊ အဲဒီ စည်းမျဉ်းကို ဝိုင်းဝန်းပြီးတော့ လုပ်တဲ့ပုဂ္ဂိုလ်တွေပါ အားလုံးအပေါ် ပြန်ပြီးတာဝန် ကျရောက်လာနိုင်တယ်။

အဲဒီလိုဆိုရင် မီးမကိုင်တွယ်တတ်လို့ လောင်သလို ငါတို့လဲ လောင်မှာပါ လားလို့ အဲဒါကို သတိထားရမယ်။ အဲဒီလို သတိထားပြီးတော့ အားလုံးဆရာ၊ ဒကာတွေ၊ ဂေါပကအဖွဲ့ဟောင်းရော၊ တာဝန်ရှိ ဒကာကြီးတွေရော အကုန်လုံးဒါကို ညီညီညွတ်ညွတ် စေ့စေ့စပ်စပ် တိုင်ပင်ပြီးတော့ ဒီစည်းမျဉ်းကို အချိန်ယူလေ့လာပြီး ရေးဆွဲဖို့ လိုအပ်ပါတယ်။ အဲဒါကို အကောင်အထည်ဖော်ရာမှာလဲ လိုသေးတယ်။ စည်းမျဉ်းကောင်းပေမယ်လို့ အကောင်အထည်ဖော်တာကလဲ ကောင်းဦးမှ။ လူကောင်းမှ မှုကောင်းတယ်၊ မှုကောင်းတိုင်း မဖြစ်ဘူး။ မှုကောင်းသလို လူကောင်းမှ

ဖြစ်တာ။အဲဒါကြောင့်မို့လို့ အကောင်အထည်ဖော်တဲ့နေရာမှာ ပိုပြီးအရေးကြီးပါတယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒါကို သတိမလစ်ဖို့ အလွန်အရေးကြီးတယ်။

အဲဒီလို သတိမလွတ်တဲ့ အကောင်အထည်ဖော်တဲ့နေရာမှာ ဒီမူကို ဝိတို့လို လားတဲ့အတိုင်း အကောင်အထည်ဖော်နိုင်တဲ့လူ ဟုတ်၊မဟုတ် လူရွေးဖို့ဘက်ကျ တော့လဲ အများကြီး သတိပြုဖို့လိုအပ်ပါလိမ့်မယ်။ အဲဒါကြောင့်မို့လို့ စည်းမျဉ်းဘက် ကလဲ ဟာကွက်မရှိအောင်၊ နောက်ဒီစည်းမျဉ်းအတည်ဖြစ်တော့ အကောင်အထည် ဖော်တဲ့နေရာမှာလဲ ရွေးချယ်မှုစသည်ဘက်က လစ်ဟင်းမသွားအောင် အစစအရာရာ အကုန်လုံးပဲ သတိထားပြီး ဆောင်ရွက်ကြဖို့လိုပါတယ်။ ဒီလိုမဟုတ်လို့ မိမိ ပယောဂနဲ့ ခုနက ဘုန်းကြီးပြောသလို တစ်စုံတစ်ခု ချို့ယွင်းသွားရင် ကိုယ့်အပေါ်မှာ တာဝန်ကျရောက်လာနိုင်တယ်။

သီဟိုဠ်ကျွန်းမှာ ရောဟနဇနပုဒ်ဆိုတာ ရှိတယ်။ အဲဒီ ရောဟနဇနပုဒ်မှာ ဒီဃာဝုစေတီ ဆိုတာရှိတယ်။ အဲဒီစေတီမှာ တံခွန်ပြားလုပ်ပြီး လျှံဒါန်းထားတဲ့ အဝတ်အထည်ရှိတယ်။ တစ်နေ့မှာ လေကြမ်း၊ မိုးကြမ်းတိုက်တော့ အဲဒီတံခွန်ပြား လွင့်လာပြီး လယ်သမားတစ်ဦးရဲ့ လယ်ထဲကျလာတယ်။ လယ်သမားကလဲ သူ့လယ်ထဲကျလာတော့ တံခွန်ကြီး ကြည့်ပြီးတော့ အဲဒီမှာ စာတန်းထိုးထားတာ ဖတ်ကြည့်လျှင် ဒီဃာဝုစေတီက တံခွန်ကြီးမှန်းတော့ သိတယ်။ ဒါပေမယ့် ငါ့လယ်ထဲ ရောက် ငါဝတ်ရမှာပဲ။ ငါပိုင်တယ်ဆိုပြီး ဝတ်လိုက်တာပဲ။ ဒါပေမယ့်လို့ မသုံးစွဲထိုက်တဲ့ စေတိယသန္တကကို သုံးစွဲမိတဲ့အတွက် နောက်ပြိတ္တာကြီး ဖြစ်တယ်။ ပြိတ္တာကြီးဖြစ်တဲ့အခါ သံပြားတစ်ထောင် ထပ်ပြီးတော့ ရဲရဲပြောင်ပြောင် တောက်လောင်နေတဲ့ အဝတ်ကြီးဝတ်ရသလိုပဲတဲ့။ အဲဒါကြောင့် ရဟန်းတော်တစ်ပါးထံသွားပြီး ကိုယ်ထင်ပြရတယ်။ ရဟန်းတော်ကမေးတော့ သူဟာ စေတီတော်က ပစ္စည်းသုံးမိလို့ ယခုလို ဆင်းရဲဒုက္ခရောက်နေရပါတယ်။ ဒါကြောင့် ပုဆိုးတစ်ထောင်ကို တံခွန်ကုက္ကားလုပ်ပြီး အဲဒီစေတီလှူပေးပါဘုရား။ ထို့နောက် တပည့်တော်ကို အမျှဝေပါလို့ လျှောက်ထားတယ်။

ဒ့ါကြောင့် ရဟန်းတော်က ရရသမျှ အဝတ်ကလေးတွေ စုထားတယ်။ အဝတ်(၅၀)ရသွားရင် သွားပြီးတော့ တံခွန်ကုက္ကားလုပ်၊ အမျှပေးဝေ၊ နောက်ဆုံး တံခွန်ကုက္ကားတစ်ထောင်ပြည့်တော့မှ သူ့ခမျာ ဒိဋ္ဌက လွတ်သွားသတဲ့။ အဲဒီစေတီက လွင့်လာတဲ့ ပစ္စည်းသုံးစွဲမိလို့ ဒုက္ခရောက်တာ ပြောပါတယ်။ အဲဒီလိုပဲ စေတီတော်နဲ့ ဆက်နွယ်လာရင် အစစအရာရာ သတိထားနိုင်အောင် အားလုံးအတွက် ဘုန်းကြီးက သတိပေးတဲ့အနေနဲ့ပါ။ စေတနာကောင်းရင်တော့ ကြောက်စရာမရှိပါဘူး။ ကိုယ်ကနေ စေတနာကောင်းကောင်းနဲ့ လုပ်ရမယ်။ ကိုယ့်ပယောဂကြောင့် စေတီတော်မှာ တစ်စုံတစ်ခု ချို့ယွင်းမသွားအောင်တော့ သတိထားဖို့လိုပါတယ်။ အဲဒါကြောင့် စည်းမျဉ်းသစ်ရေး ဆွဲတာရော၊ ထိုစည်းမျဉ်းသစ် အတည်ပြုပြီးနောက် ဒီစည်းမျဉ်းသစ် အကောင်အထည်ဖော်တာရော အားလုံးသတိထားပြီးတော့ ရေးသားဖို့ အကောင်အထည်ဖော်ဖို့ ဩဝါဒပေးပါတယ်။

ဆရာတော်များသိအောင် လျှောက်ထားဖို့ကတော့ ခုနက တာဝန်ရှိပုဂ္ဂိုလ်များလဲ လျှောက်ထားသွားပါပြီ။ တိုင်းသာသနာရေးဌာန ဦးစီးမှူးလဲ လျှောက်သွားပါပြီ။ ဒီစည်းမျဉ်းအကောင်အထည်ဖော်ရတာကတော့ တပည့်တော်ထပ်ပြီး လျှောက်ထားစရာလိုမယ်မထင်ပါဘူး။ ဟို ၁၉၆၃– ခုနှစ်က အစိုးရထုတ်ပြန်ထားတဲ့ ဥပဒေရှိပါတယ်။ အများနဲ့သက်ဆိုင်တဲ့ပစ္စည်း ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတဲ့။ အဲဒီ ဥပဒေပုဒ်မ(၂)၊အပိုဒ်(၄)ထဲမှာမြသလွန်စေတီပါပါတယ်။အပိုဒ်(၃)ထဲမှာ ရွှေတိဂုံ၊ ဆူးလေ၊ မိုလ်တထောင်၊ ပြီးတော့ ရွှေမော်ဓော၊ အဲဒီစေတီတွေပါပါတယ်။ မဟာမြတ်မုနိတို့လည်း ပါပါတယ်။ အဲဒီ ဥပဒေအရ သူတို့လဲ စည်းမျဉ်းစည်းကမ်းတွေ ရေးဆွဲထားတာရှိပါတယ်။ အပိုဒ်(၄)မှာ စေတီတော်(၃၀)နီးပါး ပါပါတယ်။ အဲဒီ စေတီတော်တွေထဲမှာ တပည့်တော်တို့ မကွေးတိုင်းထဲက မြသလွန်၊ ရွှေစက်တော်၊ စက္ကိန်းတဲ၊ သီဟိုဠ်ရှင်ဘုရားတွေပါပါတယ်။ ဒါလဲကြာပါပြီ။ အကောင်အထည် မဖော်ဖြစ်ကြလို့ပါပဲ။ယခုတော့ မြသလွန်စေတီတော်အပါအဝင် တိုင်းထဲမှာရှိတဲ့ စေတီတော်တွေကို ရန်ကုန်က ရွှေတိဂုံတို့ မန္တလေးကမဟာမြတ်မုနိတို့နဲ့ အလားတူ အကောင်အထည်ဖော်မယ်ဆိုပြီးတော့ တိုင်းမှတာဝန်ရှိသူများကစီစဉ်တဲ့ အနေပါပဲ။

ဒါက ဆရာတော်ဘုရားများ သိအောင်လျှောက်ပါတယ်။ စိစဉ်တဲ့အခါမှာ ရေးကအတည်ပြုထားတဲ့ စည်းမျဉ်းဟောင်း မဟုတ်တော့ဘဲ ရွှေတိဂုံ၊ မဟာမြတ်မုနိတို့မှာရှိတဲ့ စည်းမျဉ်း စည်းကမ်းနဲ့ တစ်ပြေးညီ ရေးဆွဲပြီးတော့ ဒါကိုအတည်ပြုပြဌာန်းပေးဖို့ ဆရာတော်များအား လျှောက်ထားတာဖြစ်ပါတယ်။

အဲဒီစည်းမျဉ်းအသစ်ကို ဒီအတိုင်းကြီး အတည်ပြုရမယ်လို့တော့ သူတို့က လျှောက်ထားလိုခြင်းမဟုတ်ပါဘူးဘုရား။ အဲဒီစေတီတော်တွေမှာ ပြဌာန်းထားတဲ့ စည်းမျဉ်းနဲ့အညီ ရေးဆွဲပြဌာန်းထားတဲ့ ဒီစည်းမျဉ်းတွေကို တပည့်တော်တို့ဒေသနဲ့ အချိန်ကာလကြည့်ပြီး သင့်တော်၏၊ မသင့်တော်၏ဆိုတာကို တပည့်တော်တို့ ထပ်မံကြည့်ရှုသုံးသပ်ပြီး ပြင်ဆင်ပေးရန်လဲ လိုအပ်ပါတယ်။ အဲဒီလို ပြင်ဆင်ပေးတဲ့ အခါမှာလည်း တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ ပြန်လည်သုံးသပ်မှာ ဖြစ်ပါတယ်။ အဲဒီလို သုံးသပ်ပြင်ဆင်ပြီးတော့ တပည့်တော်တို့ အတည်ပြုပြဌာန်းဖို့ရာ ကြိုးစား အားထုတ်ကြဖို့ပါပဲ။

အဲဒီလို ကြိုးစားအားထုတ်တဲ့နေရာမှာ ခုနပြောသလိုပဲ စေတီတော် အတွက် မိမိတို့ရဲ့ ပယောဂဖြင့် စေတီတော်တိုးတက်လာဖို့ အရေးကြီးပါတယ်။ အရေးအကြီးဆုံးပါပဲ။ တိုးတက်သည်ထက်တိုးတက်၊ ကောင်းသည်ထက် ကောင်းအောင်လုပ်ရတာပါတဲ့။ မူလ စည်းမျဉ်းမကောင်းလို့ မမှန်လို့ လုပ်ရတာ မဟုတ်ပါဘူးတဲ့။ မူလစည်းမျဉ်းက ကောင်းလဲကောင်းပါတယ်၊ မှန်လဲမှန်ပါတယ်။ သို့သော်လဲ အစိုးရဥပဒေနှင့်အညီ တာဝန်အရလုပ်ရခြင်း ဖြစ်ပါတယ်တဲ့။ ဒီလို လျှောက်ထားလိုခြင်း ဖြစ်ပါတယ်ဘုရား။ အဲဒီတာဝန်အရ လုပ်တဲ့နေရာမှာ တာဝန်ရှိသူချည်းပဲ လွှဲထားလို့ မဖြစ်ပါဘူး။ တာဝန်ရှိသူတွေကတော့ တာဝန်ကျ တဲ့အခါ ဒီမြို့ဒီရွာ ရောက်လာကြတာ ဖြစ်ပါတယ်။ အမြဲနေတာ မဟုတ်ပါဘူး။ ဒီမြို့ဒီရွာမှာ အမြဲနေတာက တပည့်တော်တို့နဲ့ ဂေါပကဒကာတွေပဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ တာဝန်အရ လုပ်တဲ့နေရာမှာ သူတို့ချည်းမလုပ်ဘဲနဲ့ ဒီမှာအမြဲ နေတဲ့ ဂေါပကလူကြီးများနဲ့ အမြဲသီတင်းသုံးတော်မူကြတဲ့ ဆရာတော်များကို အသိပေးပြီး ဒါကို အကောင်းဆုံးဖြစ်အောင် လျှောက်ထားခြင်းဖြစ်ပါတယ်။

အဲဒါကြောင့် သူတို့ဥပဒေအရ သူတို့ရဲ့တာဝန်အလျောက်လုပ်တဲ့ ဒီစည်းမျဉ်းစည်းကမ်းကို တပည့်တော်များက လက်ပိုက်ကြည့်မနေဘဲနဲ့ ဂေါပကအဖွဲ့ရော၊ တပည့်တော်များရော အားလုံးကူညီဝိုင်းဝန်းပြီး တစ်စိတ်တစ်သဘောတည်းထားပြီး ဒီစည်းမျဉ်းအကောင်းဆုံးဖြစ်အောင်၊ အတိုးတက်ဆုံးဖြစ်အောင် ဆရာတော်များကလဲ ဩဝါဒပေးပြီး ပြင်ဆင်တော်မူကြပါ။ မိမိတို့ ဂေါပကလူကြီးများကလဲ ဒီစည်းမျဉ်းကို ဝိုင်းဝန်းပြီး အကောင်းဆုံးဖြစ်အောင် ပြုပြင်ပေးကြပါ။ အဲဒီလို ပြုပြင်ပေးပြီးတော့ မြသလွန်စေတီတော်မြတ်ကြီးအတွက် အကောင်းဆုံးဖြစ်အောင် စိတ်စေတနာထားပြီး ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။

# မကွေးမြို့
# မြသလွန်စေတီတော် ဘဏ္ဍာဂါရိကဂေါပကအဖွဲ့၏
# ဥပဋ္ဌာကအဖွဲ့ကို မိန့်ကြားတော်မူအပ်သော
# ဩဝါဒကထာ

ဥပဋ္ဌာကအဖွဲ့ဝင် တပည့်များအား ဩဝါဒါစရိယဆရာတော်များ ကိုယ်စား ဘုန်းကြီးက ဩဝါဒစကားအကျဉ်းမျှ ပြောကြားလိုပါတယ်။

မြသလွန်စေတီတော် ဘဏ္ဍာဂါရိကဂေါပကအဖွဲ့ဝင် ဒကာကြီးများဟာ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် လက်တွဲပြီး စေတီတော်မြတ်ကြီး၏ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပါပြီ။

နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့သည်အားလျော်စွာပင် လုပ်ငန်းကိစ္စ အဝဝမှာလဲ လွန်စွာကျွမ်းကျင်နေကြပါပြီ။ တာပေကျမ်းဂန်ဖြင့် အဆုံးအဖြတ်ပေးကြရမည့် ကိစ္စမျိုး၊ အခြားခက်ခဲတဲ့ ပြဿနာမျိုးမှတစ်ပါး အဆောက်အအုံဆောက်လုပ်ရေး ကိစ္စ၊ ပွဲတော်ကျင်းပရေးကိစ္စ၊ ဘဏ္ဍာတော်ခွဲဝေသုံးစွဲရေးကိစ္စ စသည်များမှာ ဩဝါဒပေးရန် မလိုအပ်သလောက်ပင် ဖြစ်ပါတယ်။ တာပေကျမ်းဂန်နှင့်အညီ အဆုံးအဖြတ်ပေးရမည့်ကိစ္စမျိုး၊ အခြားခက်ခဲတဲ့ ပြဿနာမျိုး ပေါ်ပေါက်လာလျှင်သာ ဩဝါဒါစရိယဆရာတော်များက အဆုံးအဖြတ်ပေးကြရ၊ ဩဝါဒပေးကြရပါတယ်။

ယခုလက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ ဂေါပကအဖွဲ့ဝင် ဒကာကြီးများဟာ အသက်အရွယ်ကြီးရင့်လာကြပြီဖြစ်သည့်အတွက် ဆက်လက်ပြီး တာဝန်မထမ်း ဆောင်နိုင်ကြတဲ့ အချိန်မှာ သူတို့လို လုပ်ငန်းကျွမ်းကျင်တဲ့ အရည်အချင်းပြည့် ဂေါပကအဖွဲ့ဝင်များ ရှိဖို့လိုအပ်လာပါလိမ့်မယ်။ အဲဒီအချိန်မှာ လုပ်ငန်းကျွမ်းကျင်တဲ့ အရည်အချင်းပြည့် ဂေါပကအဖွဲ့ဝင်များကို ခက်ခက်ခဲခဲ ရှာဖွေမနေရတော့ဘဲ

အလွယ်တကူ ဂေါပကအဖွဲ့ ဖွဲ့စည်းနိုင်ရေးကိုရည်ရွယ်ပြီး အမောင်တို့ကို အထောက် အကူပြု ဥပဏ္ဍကအဖွဲ့ဝင်အဖြစ်ဖြင့် ဖွဲ့စည်းထားတာဖြစ်တယ်။အမောင်တို့ဟာ ဂေါပကအဖွဲ့ကြီးကိုအထောက်အကူပြုနေတဲ့ အလုပ်သင်ဂေါပကတွေပါပဲ။ ခေတ်စကားဖြင့် ပြောရလျှင်တော့ ဂေါပကမျိုးဆက်သစ်တွေပါပဲ။

အဲဒီတော့ အမောင်တို့ကလဲ ဂေါပကဒကာကြီးများရဲ့ ရည်ရွယ်ချက်၊ မျှော်မှန်းချက်အတိုင်း တကယ့်ကိုလုပ်ငန်းကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝတဲ့ ဂေါပကအဖွဲ့ဝင်များ ဖြစ်လာနိုင်အောင် အထောက်အကူပြု ဥပဏ္ဍကအဖြစ်ကပင် ဂေါပကလူကြီးများ၏ လုပ်ကိုင်ဆောင်ရွက်ပုံ၊ စီမံခန့်ခွဲပုံ၊ စေတနာရှင်အများနှင့် ပြောဆိုဆက်ဆံပုံ၊ တွေးခေါ်ယူဆပုံ စသည်များကို စေ့စေ့စပ်စပ် လေ့လာအတုယူပြီး ဂေါပကအဖွဲ့ကြီး၏ ဆောင်ရွက်ဖွယ်ကိစ္စများကို ကူညီဆောင်ရွက်ကြပါ။ အလုပ်သင်ဂေါပကဆိုတဲ့အတိုင်း ဂေါပကတို့၏ လုပ်ငန်းကိစ္စ အဝဝတို့ကို ကျကျနန လုပ်ကိုင်ဆောင်ရွက်တတ်အောင်၊ စီမံခန့်ခွဲတတ်အောင် လေ့လာသင်ယူကြပါလို့ ဩဝါဒစရိယအဖွဲ့ကိုယ်စား တိုက်တွန်းပါတယ်။

မကွေးမြို့ မြသလွန်စေတီတော် ဘဏ္ဍာဂါရိကဂေါပကအဖွဲ့ဟာ အခြားမြို့ ကြီးများရှိ ဂေါပကအဖွဲ့များနှင့် မတူပါဘူး။ အခြားမြို့ကြီးများရှိ ဂေါပကအဖွဲ့များမှာ ဂေါပကအတွက် နေ့တွက် (သို့မဟုတ်) စရိတ်ဆိုတာမျိုး ရှိပါတယ်။ မြသလွန်စေတီ တော် ဂေါပကအဖွဲ့မှာ ဂေါပကအတွက် နေ့တွက်(သို့မဟုတ်) စရိတ်ဆိုတာမျိုး မရှိပါဘူး။ ကိုယ့်စရိတ်ကိုယ်ခံပြီး စေတနာ့ဝန်ထမ်း ဆောင်ရွက်ကြရပါတယ်။ ပွဲတော်တွင်း အချိန်ပြည့် တာဝန်ထမ်းဆောင်ရတဲ့အခါမျိုးမှာပင် ကိုယ့်ထမင်းချိုင့်နှင့် ကိုယ်လာပြီး ဆောင်ရွက်ကြရပါတယ်၊ ဘုရားဘဏ္ဍာတော်မှ လုံးဝသုံးစွဲခွင့် မရှိပါဘူး။ သဒ္ဓါတရားသက်သက်ဖြင့် ဆောင်ရွက်ကြရပါတယ်။ အမောင်တို့လဲ ရှေးရှေးဂေါပက အဖွဲ့ဝင်များလို သဒ္ဓါတရားသက်သက်ဖြင့် ဆောင်ရွက်ကြရပါမယ်။

ဂေါပကလုပ်ရတာဟာ စေတနာထားတတ်လျှင် လွန်စွာအကျိုးပေးကြီး ကျယ်တဲ့ ကုသိုလ်ထူးများကို ရနိုင်ပါတယ်။ မြသလွန်စေတီတော်မြတ်ကြီး၏

ဝေယျာဝစ္စအဝဝတို့ကို ဆောင်ရွက်နေကြတဲ့အခါမှာ မြသလွန်စေတီတော်ကြီး လောက်ကိုသာ အာရုံမပြုဘဲ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေး နေကြရတယ်လို့ စိတ်ထဲမှာ ထင်မြင်လာအောင် နှလုံးသွင်းအာရုံပြုပြီး ဆောင်ရွက်ကြ ရမယ်။ အဲဒီလို နှလုံးသွင်းအာရုံပြုပြီး ဆောင်ရွက်နိုင်ကြလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးရသလောက် လွန်စွာအကျိုးပေးကြီးကျယ်တဲ့ ကုသိုလ်ထူးများကို အမောင်တို့ရရှိမှာ အမှန်ဖြစ်ပါတယ်။

နောက်တစ်ချက် ပြောလိုတာက အမောင်တို့ဟာ ယခုဂေါပကအဖွဲ့၏ အထောက်အကူပြု ဥပဋ္ဌာကများ ဖြစ်နေကြပြီ။ နောင်အခါမှာလဲ ဂေါပကပုဂ္ဂိုလ်တွေ ဖြစ်ကြတော့မယ်။ အဲဒီတော့ အမောင်တို့ဟာ လူငယ်လေးတွေ မဟုတ်တော့ဘူး။ လူကြီးလူကောင်းတွေ ဖြစ်လာပြီဆိုတာကို နှလုံးသွင်းကြရမယ်။ လူကြီး လူကောင်း တွေဖြစ်လာလျှင် ဘယ်လိုဖြစ်ရမလဲ။ စပါးနှံလို ဖြစ်ရမယ်။ စပါးနှံကလေးဟာ ထွက်ခါစမှာ ထောင်နေတယ်။ ဘာကြောင့် ထောင်နေသလဲဆိုတာ အနှစ်မပြည့် သေးလို့ထောင်နေတယ်။

နောင်အခါ အဆန်ထည့်လို့ အနှစ်အသားပြည့်ပြီး ရင့်လာတော့ အဲဒီစပါးနှံ ကလေးဟာ ငိုက်ကျသွားတယ်။ အဲဒီစပါးနှံကလေးလိုပဲ အမောင်တို့လဲ ဥပဋ္ဌာက မဖြစ်ခင်၊ ဂေါပကမဖြစ်ခင် လူငယ်အဖြစ်တုန်းကတော့ ထောင်ထောင်ထောင်ထောင် နေချင်နေကြပေလိမ့်မယ်။ ယခု ဥပဋ္ဌာကဖြစ်ပြီးလို့၊ နောင်ဂေါပကဖြစ်ပြီးလို့ လူကြီးလူကောင်းဖြစ်လာလျှင် ငိုက်ကျသွားကြရမယ်။

ဆိုလိုတာက ယခု ဥပဋ္ဌာက ဖြစ်လာတဲ့အခါ၊ နောင်ဂေါပကဖြစ်လာ တဲ့အခါ လူကြီးလူကောင်းဖြစ်လာပြီ။ လူကြီးလူကောင်းဖြစ်လာတော့ လူကြီး လူကောင်းတို့ရဲ့ ဂုဏ်သရေဆိုတဲ့ အနှစ်ပြည့်လာတဲ့အတွက် မိမိကိုယ်ကိုနှိမ့်ချတဲ့ နိဝါတတရား၊ မောက်မာတဲ့ မာန်မာနမရှိမှု နိမာနတရားနှင့် ပြည့်စုံရမယ်လို့ ဆိုလိုတယ်။

မိမိကိုယ်ကိုနှိမ်ချတဲ့ နိဝါတတရားမရှိဘဲ မာန်မာနထောင်လွှားနေသူမှာ ချစ်ခင်ကြည်ညိုသူ မရှိဘူး။ အဲဒီလူကို အများကမရှိသေ၊ မလေးစားကြဘူး။ လူအများ၏ ချစ်ခင်ကြည်ညို ရိုသေလေးစားမှုမရှိသူ ဆောင်ရွက်တဲ့လုပ်ငန်းကိစ္စလဲ ဘယ်မှာအောင်မြင်နိုင်တော့မှာလဲ။ မိမိကိုယ်ကို နှိမ်ချတဲ့ နိဝါတတရား လက်ကိုင်ထားပြီး မာန်ထောင်လွှားမှု မရှိသူကိုသာ လူအများက ချစ်ခင်ကြည်ညို ရိုသေလေးစားကြတယ်။ လူအများ၏ ချစ်ခင်ကြည်ညို ရိုသေလေးစားမှုခံရသူ ဆောင်ရွက်တဲ့ လုပ်ငန်းကိစ္စများလဲ အောင်မြင်ပြီးမြောက်တယ်။ ဒါကြောင့် အမောင်တို့ဟာ မိမိကိုယ်ကိုနှိမ်ချတဲ့ နိဝါတတရား၊ နိမာနတရား လက်ကိုင်ထားကြရမယ်။ ဒါမှသာ လူအများ၏ ချစ်ခင်ကြည်ညို ရိုသေလေးစားမှုရရှိပြီး မိမိတို့လုပ်ဆောင်ချက်တွေ အောင်မြင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက ခန္တီတရားရှိဖို့လဲလိုတယ်။ ဂေါပက (ဘုရားလူကြီး)ဆိုတာ ရဟန်းရှင်လူ အများနှင့်ဆက်ဆံရတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ပြစ်တင်ပြောဆိုကဲ့ရဲ့မှုမှ မလွတ်နိုင်ဘူး။ မိမိတို့ရဲ့ ဆောင်ရွက်ချက်ကို ကြိုက်နှစ်သက်သူ၊ ကျေနပ်သူရှိသလို မကြိုက်မနှစ်သက်သူ၊ မကျေနပ်သူများလဲ ရှိတတ်တယ်။ အဲဒီမကြိုက်မနှစ်သက်သူ၊ မကျေနပ်သူများက အပြစ်တင်ကြ၊ ကဲ့ရဲ့ကြမှာပဲ။ ယခု လက်ရှိ ဂေါပကလူကြီး များလဲ အပြစ်အကင်းဆုံး၊ အကောင်းဆုံး ဆောင်ရွက်နေကြတာပါပဲ။ ဒါပေမယ့် သူတို့လဲ မကျေနပ်သူတို့ရဲ့ ပြစ်တင်ပြောဆိုမှု၊ ကဲ့ရဲ့မှုကို ခံကြရသေးတာပဲ။ အမောင်တို့ ဂေါပကဖြစ်လာတဲ့အခါမှာလည်း ပြစ်တင်ပြောဆိုမှု ကဲ့ရဲ့မှုကိုတော့ခံကြရမှာပဲ။ အဲဒီအခါမှာ မိမိတို့က သည်းခံနိုင်ဖို့ အရေးကြီးတယ်။ ဘယ်သူတွေက ပြစ်တင် ပြောဆို ကဲ့ရဲ့စေကာမူ မိမိတို့ ဆောင်ရွက်ချက်မှန်ကန်ဖို့သာ ပဓာနဖြစ်တယ်လို့ နှလုံးသွင်းပြီး သည်းခံမှုခန္တီတရား လက်ကိုင်ထားကြရမယ်။

နောက်ထပ် ပြောလိုတဲ့အချက်ကတော့ "**သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ**"လို့ မြတ်စွာဘုရား ဟောတော်မူတယ်။ "သတိကို ကိစ္စအားလုံး၌ အလိုရှိအပ်တယ်၊ သတိဟာ ကိစ္စအားလုံးကို ပြီးစေနိုင်တယ်"တဲ့။ ဒါကြောင့်

စေတိယသန္တက= စေတီတော်ပိုင် ဘဏ္ဍာများကို သုံးစွဲတဲ့အခါ၊ စေတီတော်ကြီးရဲ့ အခြားကိစ္စတွေကို ဆောင်ရွက်တဲ့အခါများမှာ အမြဲသတိထားရမယ်၊ စေတိယသန္တက ဘဏ္ဍာတော်ကို ဤကိစ္စမှာ သုံးစွဲရန်သင့်မသင့် ဤလုပ်ငန်းကိစ္စမျိုးကို ဆောင်ရွက်ရန် သင့်၊မသင့် စသည်ဖြင့် ဆောင်ရွက်သမျှကိစ္စတိုင်းမှာ အမှားအယွင်းမရှိရလေအောင် အမြဲတမ်း သတိတရား လက်ကိုင်ထားပြီး ဆောင်ရွက်ကြရမယ်။

ယခုပြောခဲ့တဲ့ ဩဝါဒကို ပြန်ပြီးအကျဉ်းချုံးလိုက်လျှင် လက်ရှိ ဂေါပက ဒကာကြီးများ၏ အလုပ်အကိုင်၊ အစီအမံ၊ အတွေးအခေါ် စသည်ကို နည်းခံကြပါ။ အတုယူကြပါ။ လေ့လာကြပါ။ ဂုဏ်ပကာသန၊ လာဘ်အကျော်အစော စသည်တို့ကို မငဲ့ဘဲ ထက်သန်သော သဒ္ဓါတရားသက်သက်ဖြင့် တက်တက်ကြွကြွ ဆောင်ရွက် ကြပါ။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးနေရသလို စိတ်ထဲမှာ ထင်လာအောင် အာရုံပြုပြီး ဆောင်ရွက်ကြပါ။ မိမိကိုယ်ကိုနှိမ့်ချမှု=နိဝါတ၊ နိမာန တရား၊ အစစအရာရာမှာ သည်းခံမှု=ခန္တီတရား၊ ဆောင်ရွက်သမျှကိစ္စတိုင်း၊ ကိစ္စတိုင်းမှာ အမြဲတမ်းဆင်ခြင် အောက်မေ့မှု သတိတရားတို့ကို လက်ကိုင်ထားပြီး ဆောင်ရွက်ကြပါလို့ ဆိုလိုပါတယ်။

အဲဒီဩဝါဒကို မှတ်မှတ်သားသားနာယူ၍ လေးလေးစားစား လိုက်နာပြီး မြသလွန်စေတီတော်မြတ်ကြီး၏ ဝေယျာဝစ္စအဝဝတို့ကို ဆောင်ရွက်ကြပါဟု တိုက်တွန်းလျက် ဘုန်းကြီး၏ဩဝါဒကို နိဂုံးချုပ်ပါတယ်။

## ၁၃၅၉-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၉)ရက် (၂၇၊၈၊၁၉၉၇) မကွေးပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ

ယနေ့ မကွေးမြို့ နေ့စဉ်သံဃာ့ဒါနဆွမ်းလောင်းအသင်း ဥက္ကဌက ပရိယတ္တိစာပြန်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားသွားတာ အားလုံးသော ဆရာတော်များအသိပဲ ဖြစ်ပါတယ်။ ပရိယတ္တိစာမေးပွဲကျင်းပရတာဟာ ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ မူလအရင်းအမြစ်ဖြစ်တဲ့ ပရိယတ္တိသာသနာတော် အရှည်ခံ့၍ တည်တံ့ ပြန့်ပွားစေရေးဆိုတဲ့ နံပါတ်(၁)ရည်ရွယ်ချက်လည်း ပါ,ပါတယ်။ ဒီ ဟုတ်ပါတယ်။ စာမေးပွဲကျင်းပတယ်ဆိုတာ ပရိယတ္တိသာသနာတော်အရှည်ခံ့၍ တည်တံ့စေရေးကို ရှေးရှုပြီးတော့ ကျင်းပကြတာပဲ ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာ ဒီသာသနာတော်ကြီးကို လွယ်လွယ်ကူကူ တည်ထားတော်မူခဲ့တာ မဟုတ်ပါဘူး ဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဒီသာသနာတော်ကြီးတည်ထားနိုင်တဲ့ ပုဂ္ဂိုလ် အဖြစ်ရောက်အောင် (ဝါ) ဘုရားအဖြစ်ရောက်အောင် လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကာလပတ်လုံး ခဲခဲယဉ်းယဉ်း၊ ပင်ပင်ပန်းပန်း အားထုတ်ပြီးလို့ အကြီး ကျယ်ဆုံး၊ အမွန်မြတ်ဆုံးဖြစ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီး ရရှိပြီး ဘုရားဖြစ်လာမှ အမွန်မြတ်ဆုံးဖြစ်တဲ့ သာသနာတော်ကြီးတည်ထားနိုင်တာဖြစ်ပါတယ်။ အဲဒီလို ခဲခဲယဉ်းယဉ်း၊ ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်ပြီးတော့ ဘုရားအဖြစ်သို့ရောက်၊ ဘုရားအဖြစ်သို့ရောက်လို့ အကြီးကျယ်ဆုံး၊ အမွန်မြတ်ဆုံးဖြစ်တဲ့ ဉာဏ်တော်ကြီးရ၊ အဲဒီ ဉာဏ်တော်ကြီးရလို့မိုလို့ ဒီသာသနာတော်ကြီး တည်ထားနိုင်တယ်။

ဒီလို ခဲခဲယဉ်းယဉ်း ရရှိလာတာကိုလည်းပဲ “**ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ၊ ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ**” ... 

ဒီလို ခဲခဲယဉ်းယဉ်း ရရှိလာတာကိုလည်းပဲ “**ကိစ္ဆေန မေ အဓိဂတံ အလံ ဒါနိ ပကာသိတုံ**”လို့ ဘုရားရှင် မိန့်တော်မူတဲ့စကားအရ သိရှိရပါတယ်။ အဲဒီလောက် ဘုရားရှင်ကိုယ်တော်မြတ်က အဆင်းရဲ၊ အပင်ပန်းခံပြီးတော့ ကြိုးကြိုးကုတ်ကုတ် တည်ထားခဲ့တဲ့ ဒီသာသနာတော်ကြီး၊ ဘုရားရှင်မရှိတဲ့နောက် အစဉ်အဆက် ချီးမြှောက်ထောက်ပံ့လာကြတာလည်းပဲ အားလုံးအသိပဲဖြစ်ပါတယ်။ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် လေးလမြောက်မှာ အရှင်မဟာကဿပ အမှူးရှိတဲ့ ရဟန္တာအရှင်မြတ်ကြီး၅၀၀ တို့ ပထမသံဂါယနာတင်ပြီး သာသနာတော်မြတ်ကြီးကို ချီးမြှောက်ထောက်ပံ့ခဲ့ကြတယ်။ အဲဒီအခါ အဇာတသတ်မင်းအစရှိတဲ့ သူတော်စင်တွေက အာမိသာနုဂ္ဂဟဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီကြတယ်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးလို့ အနှစ်တစ်ရာမြောက်ရောက်တဲ့အခါကျတော့ အရှင်မဟာယသအမှူးရှိတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ ဒုတိယသံဂါယနာတင်ကြတယ်။ ကာလာသောကမင်းအစရှိတဲ့ သာသနာကြည်ညိုတဲ့ သူတော်စင်တွေက အာမိသာနုဂ္ဂဟဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီကြတယ်။ အေး.... ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် နှစ်ပေါင်း ၂၃၅–နှစ်မြောက်ရောက်တော့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးအမှူးရှိတဲ့ ရဟန္တာအရှင်မြတ်တွေ တတိယသံဂါယနာတင်တော်မူကြတယ်။ အသောကမင်းကြီးအစရှိတဲ့ သူတော်စင်တွေက အာမိသာနုဂ္ဂဟဖြင့် ပံ့ပိုး ကူညီကြတယ်။ နှစ်ပေါင်း ၄၅၀–ရောက်တော့ စတုတ္ထသံဂါယနာတင်တယ်။ အေး.... မြန်မာပြည် မင်းတုန်းမင်းလက်ထက် ပဉ္စမသံဂါယနာတင်တယ်။ ဖ.ဆ.ပ.လ အစိုးရခေတ်ကျတော့ ဆဋ္ဌသံဂါယနာတင်တယ်။

အဲဒီလို ရှေးရှေးသော သာသနာ့ဦးသျှောင် သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်ကြီးတွေနဲ့ သာသနာကို ကြည်ညိုကြတဲ့ မင်းကောင်းမင်းမြတ်တွေ၊ သူဌေးသူကြွယ်၊ ကုန်သည်အစရှိတဲ့ သူတော်စင်တွေဟာ သာသနာတော်ကြီးကို တက်ညီလက်ညီ ဝိုင်းဝန်းပြုစုထောက်ပံ့ပြီး သယ်ဆောင်လာခဲ့ကြတယ်။ မြန်မာပြည်ကိုလည်း ‐အဲဒီတတိယသံဂါယနာအပြီးမှာ အရှင်သောဏတို့၊ အရှင်ဥတ္တရတို့ ဦးဆောင်တဲ့ သံဃာတော်အရှင်မြတ်တွေ ကြွရောက်ပြီး သာသနာပြုခဲ့တယ်။

သထုံကနေ ပုဂံကို ရှင်အရဟံ ကြွလာပြီးတော့ အနော်ရထာမင်းနဲ့ တိုင်ပင်ညှိနှိုင်း၍ သာသနာပြုခဲ့ကြတယ်။

အဲဒီလို အဆက်ဆက် သာသနာပြုပြီးလာလို့လည်းပဲ ယခုထက်တိုင် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ပြီးနေတယ်။ အဲဒီတော့ ရှေးရှေးက သာသနာတော်ကို ချီးမြှောက်သွားတဲ့ အရှင်မဟာကဿပ၊ အရှင်မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿအစရှိတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေရော၊ နောင်းခေတ်မှာ သာသနာကို ချီးမြှောက်သွားကြတဲ့ ဆရာတော်ဘုရားကြီးတွေရော၊ သာသနာကို အာမိသာနုဂ္ဂဟဖြင့် တတ်နိုင်တဲ့ဘက်က ထမ်းဆောင်ပေးခဲ့ကြတဲ့ သာသနာပြု မင်းကောင်းမင်းမြတ်တွေရော၊ သာသနာ့ဒါယကာ, ဒါယိကာမ၊ ဥပါသကာ, ဥပါသိကာမတွေရော ရှေးရှေးက ဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ ယခု ကွယ်လွန်ကုန်ကြပြီ မရှိကြတော့ဘူး။ အဲဒီတော့ သာသနာဟာ ယခုဘယ်သူ့ လက်ထက်ရောက်၊ ဘယ်သူ့တာဝန်ဖြစ်နေတုန်းလို့ စဉ်းစားရတယ်။ အဲဒီလို စဉ်းစားတော့ တပည့်တော်တို့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၊ တိုင်းပြည်အုပ်ချုပ်နေတဲ့ နိုင်ငံတော်အစိုးရမင်းများ၊ ဗုဒ္ဓဘာသာဝင်သူတော်စင် ဒကာ, ဒကာမတွေရဲ့ လက်ထဲမှာရောက်နေတယ်။ ယခု မျက်မှောက်ရှိတဲ့ ရှင်ရဟန်းများနဲ့ နိုင်ငံတော်အစိုးရ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့ရဲ့ အပေါ်မှာကျရောက်နေတယ်။ ဤသာသနာတော်ကြီး အရှည်ခံ၍ တည်တံ့အောင်၊ ဤသာသနာတော်ကြီး စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်အောင် ဆက်လက်ပြီးတော့ ရှေးရှေးမထေရ်ကြီးများလို၊ ရှေးရှေးမင်းကောင်းမင်းမြတ်များလို၊ ရှေးရှေး ဥပါသကာ, ဥပါသိကာမများလို အားပေးချီးမြှောက်ထောက်ပံ့ သွားဖို့ တာဝန်ဟာ အရှင်မြတ်တို့ တပည့်တော်တို့တာဝန်၊ နိုင်ငံတော်အစိုးရတာဝန်၊ ဗုဒ္ဓဘာသာဝင်သူတော်စင်အားလုံးရဲ့ တာဝန်ဖြစ်တယ်။ ဒါ့ကြောင့် ဒီတာဝန်အရ ထမ်းဆောင်ကြရမှာချည်းပါပဲ။

အဲဒီတော့ ဘုရားရှင်တည်ထားခဲ့တဲ့ သာသနာဆိုတာကလည်း အရှင်ဘုရားတို့ သိခဲ့ပြီပဲ၊ ဒါယကာ,ဒါယိကာမတွေလည်း ကြားဖူးပြီပဲ၊ နံပါတ်တစ်က

ပရိယတ္တိသာသနာ= သင်ယူအပ်၊ သင်ယူသင့်၊ သင်ယူထိုက်တဲ့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးပြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်ဆိုတဲ့ တရားတော်တွေဟာ ပရိယတ္တိပေါ့၊ သင်ယူရတဲ့ တရားတော်တွေပါပဲ။

နံပါတ်နှစ်က ပဋိပတ္တိသာသနာ=ကျင့်အပ်၊ကျင့်သင့်၊ ကျင့်ထိုက်တဲ့ သီလ၊ ရတင်ကမ္မဋ္ဌာန်းအားထုတ်မှုနဲ့၊ ကမ္မဋ္ဌာန်းဆိုတာ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်မှုနဲ့ ဈာန်သမာပတ်အကျင့်တွေ ဖြစ်ပါတယ်။

နံပါတ်သုံးက ပဋိဝေဓသာသနာ= ထိုးထွင်း၍ သိအပ်၊သိသင့်၊ သိထိုက်တဲ့ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရားကိုးပါးဖြစ်ပါတယ်။ သာသနာအရှည်ခံ့၍ တည်တံ့တယ်ဆိုတာ အဲဒီပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာဆိုတဲ့ သာသနာသုံးရပ် မိမိတို့အပေါ်မှာ တည်နေတာကိုပဲ ဆိုလိုပါတယ်။ သတ္တဝါတွေရဲ့ သန္တာန်မှာတည်နေရင် သာသနာတည်တာပဲ။ စာအုပ်ထဲတည်နေတာနဲ့တော့ တည်တယ်လို့မခေါ်ရဘူး။ အေး... ရဟန်းရှင်လူတို့ သန္တာန်မှာ တည်နေမှတည်တယ်လို့ခေါ်ရတယ်။ စည်ပင်ထွန်းကား ပြန့်ပွားတယ် ဆိုတာလဲပဲ အဲဒီ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဆိုတဲ့ သာသနာသုံးရပ် စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်ပြီးနေတာကိုပဲ ဆိုလိုပါတယ်။ အဲဒီတော့ သာသနာတည်တယ်၊ သာသနာစည်ပင်တယ်ဆိုတာတစ်ခုတည်းနဲ့ မပြီးပါဘူး။ ပရိယတ်လည်းတည်မှ ပဋိပတ်လည်းတည်မှ၊ ပဋိဝေဓလည်းတည်မှ၊ ပရိယတ်လည်း စည်ပင်ထွန်းကား ပြန့်ပွားမှ၊ ပဋိပတ်လည်း စည်ပင်ထွန်းကားပြန့်ပွားမှ၊ ပဋိဝေဓလည်း စည်ပင် ထွန်းကားပြန့်ပွားမှ သာသနာတည်တယ်၊ သာသနာစည်ပင်ပြန့်ပွားတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီလို သာသနာသုံးရပ်တည်တံ့နေအောင်၊ သာသနာသုံးရပ်စည်ပင် ထွန်းကားပြန့်ပွားနေအောင် တာဝန်ထမ်းဆောင်ဖို့က ခုန တပည့်တော် လျှောက်ထား တဲ့အတိုင်း သာသနာ့ဝန်ထမ်းရှင်ရဟန်းများနဲ့ နိုင်ငံတော်အစိုးရမင်းများ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်များ၊ ဥပါသကာ, ဥပါသိကာမများ အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။

အဲဒီတော့ သာသနာသုံးရပ်ရှိတဲ့အနက်က ဘယ်သာသနာက ပိုပြီးအရင်းခံကျသလဲ၊ ပဓာနကျသလဲဆိုတော့ ပရိယတ်ကသာ အရင်းခံကျတယ်။ ပရိယတ်သာလျှင် ပဓာနဖြစ်တယ်။

**"သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ"**လို့ သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာလည်း ဖွင့်ပြထားတယ်။ ပါထိကဝဂ္ဂအဋ္ဌကထာမှာလည်းပါတယ်။

သာသနဋ္ဌိတိယာ၊ သာသနာတည်တံ့ခြင်း၏ (ဝါ) သာသနာတည်တံ့ရေး အတွက်။ ပရိယတ္တိယေဝ၊ ပရိယတ်သာလျှင်။ ပမာဏံ၊လိုရင်းပမာဏတည်း-တဲ့။

သာသနာတည်ဖို့ဆိုတာကတော့ ပရိယတ်သည်သာလျှင် လိုရင်းပမာဏ ဖြစ်တယ်လို့ အဋ္ဌကထာမိန့်မှာထားတယ်။ သာရတ္ထဋီကာမှာလည်းပဲ-

**"ပရိယတ္တိ သဒ္ဓမ္မော နာမ တိဗ္ဗိဓမ္ပိ သဒ္ဓမ္မံ ပတိဋ္ဌာတိ"**လို့ မိန့်ဆို ထားတယ်။

ပရိယတ္တိသဒ္ဓမ္မော နာမ၊ ပရိယတ္တိသဒ္ဓမ္မမည်သည်။ တိဗ္ဗိဓမ္ပိ၊ သုံးပါး အပြားရှိသည်လည်းဖြစ်သော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးဖြာ သာသနာကို။ ပတိဋ္ဌာပေတိ၊ တည်စေနိုင်၏-တဲ့။

အေး.. ပရိယတ္တိသာသနာသာလျှင် လိုရင်းပဓာနဖြစ်တယ်၊ ပရိယတ္တိ သာသနာသည် သဒ္ဓမ္မသုံးဖြာ သာသနာကို တည်စေနိုင်တယ်လို့ ဒီလို ကျမ်းဂန်များမှာ ပြဆိုထားတယ်။ တပည့်တော်တို့ သာသနာဟာ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက် သာသနာနှစ် ၄၅၀-လောက်မှာ သီဟိုဠ်ကျွန်းမှာ ဗြာဟ္မတိဿ သူပုန်ဘေးကြီးထလို့ ၁၂-နှစ်လုံးလုံး တိုင်းပြည်ပျက်နေတယ်။ အဲဒီ အခါတုန်းက ဘောဇနေသပ္ပါယမဖြစ် တော့ သံဃာတော်တွေဟာ ပရိယတ္တိသာသနာ မထမ်းဆောင်နိုင်ကြဘူး။ အာဟာရ မပြည့်စုံတော့ အချို့ ဇမ္ဗူဒိပ်ဘက် ထွက်ပြေးရတယ်။ အချို့လည်း သစ်ရွက်ကလေး တွေ ပြုတ်ပြီးတော့ သစ်ရွက်ပြုတ်နဲ့ပဲ မျှတနေရတယ်။ တစ်ခါတစ်ရံကျတော့လည်း သစ်ရွက်ပြုတ်တောင် မစားရလို့ ပရိယတ်မကွယ်ပျောက်အောင် သံဃာတော် တွေဟာ ရင်ဘတ်ပေါ်သဲပုံ၊ အချို့ကလည်း သဲအစိုပေါ်မှာ ရင်မပူအောင်မှောက်ပြီး

တော့ ပရိယတ်ကိုနှလုံးသွင်း ဆင်ခြင်လာခဲ့တယ်၊ ထမ်းဆောင်လာခဲ့တယ်။ အဲဒီလို ထမ်းဆောင်ပြီးတော့ နောက်စတုတ္ထသံဂါယနာတင်ခါနီးကျတော့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ သုံးမျိုးရှိတဲ့ အထဲက ပရိယတ်နဲ့ ပဋိပတ်မှာ ဘယ်ဒင်းကလိုရင်း ပဓာနကျသလဲလို့ ပြဿနာပေါ်လာတယ်။ အဲဒီအခါမှာ ပံ့သကူစုတင်ဆောင် အရှင်မြတ်တွေက ပဋိပတ္တိသာသနာသာလျှင် လိုရင်းပဓာနကျတယ်လို့ တင်ပြကြတယ်။ ဓမ္မကထိက အရှင်မြတ်တွေက ပရိယတ္တိသာသနာသာလျှင် လိုရင်းပဓာနကျတယ်လို့ တင်ပြကြတယ်။ အဲဒီတော့ သူ့ဘက်ကလည်း အခြေအတင် ငါ့ဘက်ကလည်း အခြေအတင် ပြောကြားကြတဲ့အခါမှာ နောက်ဓမ္မကထိက အရှင်မြတ်တွေက–

"သုတ္တန္တေသု အသန္တေသု ဝိနယေ ပမုဋ္ဌမှိ"အစရှိတဲ့ ဒေသနာတော်ကို တင်ပြတယ်။ မြတ်စွာဘုရားရဲ့ သုတ္တန်တရားတော်များနဲ့ ဝိနည်းတရားတော်များ ကွယ်ပျောက်သွားရင် လောကကြီးမှာ နေမင်းကြီးကွယ်ပျောက်သွားတဲ့အခါ အမှောင်ထုကြီး ဖုံးလွှမ်းလာသလို အမှောင်ထုကြီးဖုံးလွှမ်းလာမယ်။ သုတ္တန်နဲ့ ဝိနည်းတရားတော်တွေ ထွန်းလင်းတောက်ပနေရင် နေမင်းကြီးထွက်ပေါ်နေတဲ့အခါ အလင်းရောင်မြင်နေရသလို သာသနာ့အလင်းရောင် မြင်နေရမယ်ဆိုတဲ့ ဒေသနာတော်ကို တင်ပြလိုက်တဲ့အခါကျတော့ ဓမ္မကထိကတွေရဲ့ စကားက အောင်မြင်သွားတယ်တဲ့။ အဲဒီတော့ ပရိယတ်သာလျှင် လိုရင်းပဓာနဖြစ်တယ်လို့ ဒီလိုဆုံးဖြတ်ကြတယ်။

အေး... အဋ္ဌကထာများမှာလည်း ပရိယတ်လိုရင်းပဓာနဖြစ်တဲ့အကြောင်း အမျိုးမျိုးဥပမာပြကြတာပါပဲ။သစ်ပင်ကြီးတစ်ပင်မှာ အမြစ်ရေလောင်းပေးလိုက်လို့ရှိရင် ပင်စည်ရော၊ အခက်၊ အလက်၊ အပွင့် အသီးတွေရော အားလုံးပြီးစီးသလို ပရိယတ်ချိုးဖြောက်လိုက်ရင် သာသနာသုံးရပ် ချိုးဖြောက်ရာရောက်တယ်ဆိုတဲ့ ဥပမာတွေလည်းပြတယ်၊ အေး.. နွားမဥပမာနဲ့လည်း ပြတယ်။ အင်မတန်များပြားတဲ့ နွားအုပ်ကြီးထဲမှာ နွားလားဥသဘတွေ ဘယ်လောက်ပဲများနေနေ အနွယ်ကို စောင့်ထိန်းမဲ့ နွားမ,တစ်ကောင်မှမရှိရင် ဒီနွားအစဉ်အဆက်ပြတ်သွားတယ်တဲ့။

အနှယ်ကိုစောင့်ထိန်းမဲ့ နွားမ,ရှိနေရင် နွားအစဉ်အဆက် မပြတ်ဘူးလို့ပြတယ်။ ထို့အတူပဲ ပရိယတ္တိသာသနာထမ်းဆောင်မဲ့ ပုဂ္ဂိုလ်ရှိနေလို့ရှိရင် ဒါ... သာသနာ သုံးရပ်တည်နေတာပဲတဲ့။ တစ်နည်းအားဖြင့်လည်း ရွှေအိုးမြှုပ်ထားတာကို ကျောက်ပြားမှာ စာရေးထားတယ်။ ဘယ်နေရာမှာ ရွှေအိုးမြှုပ်ထားတယ်၊ ဘယ်လောက်နက်တယ်၊ ဘယ်လိုတူးတယ်စသည်ဖြင့် စာရေးထားတယ်။ အဲဒီစာ မပျောက်ရင် မြှုပ်ထားတဲ့ ရွှေအိုးမပျောက်ဘူး။ အဲဒီစာပျောက်သွားရင်တော့ ရွှေအိုး ပျောက်သွားတာပဲ။ ထို့အတူပါပဲ ပရိယတ်ဟာ ကျောက်ပြားမှာ ရေးထားတဲ့ အမှတ်အသားလိုပဲ။ ပဋိပတ်၊ ပဋိဝေဓဆိုတဲ့ ရွှေအိုးသိအောင် ညွှန်ပြထားတာပါပဲ။ ဒါ့ကြောင့် ပရိယတ်သာလျှင် မူလပဓာနဖြစ်တယ်လို့ အဲဒီလို အဌကထာများမှာလည်းပဲ ဥပမာ၊ ဥပမေယျနဲ့ ဖွင့်ပြထားတာရှိပါတယ်။

ဒါ့ကြောင့်မို့လို့ မြန်မာပြည်မှာ ပရိယတ္တိသာသနာကို လွန်စွာချီးမြှောက် ထောက်ပံ့ကြတယ်။ ပရိယတ္တိသာသနာကို လွန်စွာချီးမြှောက်ထောက်ပံ့ကြတဲ့ အတွက်ကြောင့်လည်းပဲ မြန်မာပြည်မှာ ယခု ထေရဝါဒဗုဒ္ဓသာသနာဟာ အထွန်း တောက်ဆုံးဖြစ်နေတယ်။ ကမ္ဘာပေါ်မှာ မြန်မာပြည်ဟာ အထွန်းတောက်ဆုံးပါပဲ။ အခြားသီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ အဲဒီနိုင်ငံတွေမှာ လည်းပဲ ထေရဝါဒဗုဒ္ဓသာသနာ ရှိတော့ရှိပါရဲ့၊ သို့သော် မြန်မာပြည်လောက် မထွန်းတောက်ပါဘူး။ ထိုင်းမှာတော့ သာသနာ့အဆောက်အဦ ကြီးကြီးမားမားတွေ ရှိပါတယ်။ အဲဒီလို အင်မတန်ကြီးကျယ်တဲ့ အဆောက်အဦကြီးတွေရှိတယ်။ သူတို့မှာ ဒီရုပ်ဝတ္ထုတွေကတော့ တအံ့တဩရှိပါတယ်။ ကျောင်းထဲဝင်သွားရင် အံ့မဆုံးလောက်အောင် အင်မတန်ကြီးကျယ်ပါတယ်။ အဲသလိုတော့ကြီးကျယ်တယ်။ သို့သော်လည်းပဲ ပရိယတ်သင်ကြားတဲ့ နေရာမှာတော့ တပည့်တော်တို့ မြန်မာပြည် လိုတော့ တကယ်နှစ်နှစ်ကာကာ၊ လေးလေးနက်နက်၊ ပြည့်ပြည့်စုံစုံ မရှိပါဘူး။ သူတို့ကတော့ ခေတ်ပညာတွေပဲများပါတယ်။ အခြားအခြား လာအိုစတဲ့ နိုင်ငံတွေမှာ လည်း ဒီလိုပါပဲ။ ကမ္ဘောဒီးယားတော့ မရောက်ဘူးလို့ မသိပါဘူး။ ဒါပေမဲ့ကမ္ဘော ဒီးယားလည်း ဒီလို ကြီးကျယ်တယ်ဆိုတာ ဆဋ္ဌသံဂါယနာတုန်းက သိရပါတယ်။

ကမ္ဘောဒီးယား ရဟန်းတော်တွေက ပြောတယ်။ မြန်မာနိုင်ငံမှာ ကျောင်းကြီးကြီး ကျယ်ကျယ် မတွေ့ဖူးဘူးလို့ ပြောတယ်။ ဟုတ်တယ်။ သူတို့နိုင်ငံတွေနဲ့စာရင် မြန်မာနိုင်ငံမှာ ကျောင်းကြီးကြီးကျယ်ကျယ် မရှိပါဘူး။ သူတို့နိုင်ငံမှာတော့ အင်မတန် အံ့ဩလောက်တဲ့ ကျောင်းကြီးတွေ ရှိပါတယ်။ ခမ်းနားပါတယ်။ သို့သော်လည်းပဲ ပရိယတ်၊ ပဋိပတ်ဘက်ကတော့ မြန်မာပြည်မမီပါဘူး။ သီရိလင်္ကာကျတော့ ဒီပရိယတ်၊ ပဋိပတ်မှာ ဒီပြင်နိုင်ငံတွေနဲ့စာရင်သင့်ပါတယ်။ သို့သော် မြန်မာပြည် လောက် ခြေခြေမြစ်မြစ်၊ ပြည့်ပြည့်စုံစုံ မသင်ကြပါဘူး။ အဲဒီလို မြန်မာပြည်ဟာ ပရိယတ္တိသာသနာတော်ကို ထိန်းထားနိုင်တဲ့အတွက်လည်းပဲ ယနေ့ ထေရဝါဒနိုင်ငံ တွေထဲမှာ ထိပ်တန်းကပြေးနေတာပါပဲ။

အဲဒါကြောင့် ရှေးရှေးသော ဆရာတော်တွေနဲ့ တိုင်းပြုပြည်ပြု မင်းကောင်း မင်းမြတ်တွေ၊ သာသနာ့ဒါယကာဖြစ်တဲ့ ဥပါသကာ, ဥပါသိကာမတွေအားလုံး လက်တွဲပြီးတော့ ပရိယတ္တိသာသနာတော်ကြီး အရှည်ခံ့၍ တည်တံ့အောင်ဆိုပြီး အားထုတ်ပါးထုတ် သာသနာတော်မြတ်ကြီးကို ချီးမြှောက်ထောက်ပံ့ပြီးလာခဲ့ကြတာ အရှင်မြတ်တို့လည်း သိပြီး၊ ဒို့ဒါယကာ,ဒါယိကာမတွေလည်း သိပြီး ဖြစ်ပါတယ်။ ဒို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့အခါကျတော့လည်း ရဟန်းတော်အရှင် မြတ်တွေရဲ့ တောင်းဆိုမှုနဲ့ နိုင်ငံတော်အစိုးရက ပရိယတ္တိသာသနာအားပေးသော အားဖြင့် အလွန်အထက်တန်းကျတဲ့ တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးတွေ၊ ဓမ္မာစရိယစာချတန်းစာမေးပွဲကြီးတွေ၊ ပဌမပြန်စာမေးပွဲကြီးတွေ ကျင်းပပေးပါ တယ်။ အေး.. ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ ဆိုရင် နိကာယ်ငါးရပ်စာမေးပွဲ နောက်ထပ်အသစ်တိုးချဲ့ဖွင့်လှစ်ပေးပါတယ်။ အဲဒီလို နိုင်ငံတော်က ပြုစုထားပါတယ်။ နိုင်ငံတော်က ပြုစုပျိုးထောင်ပေးနေပါတယ်။ ဒါကတော့ တစ်နိုင်ငံလုံးအတွက်ပါပဲ။

အေး.. မိမိတို့ ဆိုင်ရာဆိုင်ရာ မြို့တွေမှာလည်း ဒီလိုပဲ အားထုတ်ကြပါ တယ်။ မန္တလေးဆိုရင် သကျသီဟစာမေးပွဲကြီးဆိုတာ တစ်နိုင်ငံလုံး အကျော်အမော်

တမေးပွဲကြီးပါပဲ။ တပည့်တော်တို့ သီပေါမင်းပါတော်မူသွားပြီးတော့ ရဟန်းတော် အရှင်မြတ်တွေ မန္တလေးမှာမနေနိုင်ကြဘူး။ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ကြရတယ်။ ပရိယတ္တိ အားမထုတ်နိုင်ကြဘူး။ ဒီတော့ မန္တလေးက ရဟန်းတော် အရှင်မြတ်တွေ၊ ဒကာ,ဒကာမတွေ တိုင်ပင်ညှိနှိုင်းပြီးတော့ ဒီလိုတော့ မဖြစ်သေးဘူး။ ပရိယတ္တိ သာသနာတော်ကြီးကို အားပေးဦးမှပဲဆိုတော့ သင်္ကျသီဟအသင်းကြီးတည် ထောင်မယ်လို့ သတင်းစာကနေကြော်ငြာတယ်။ အဲဒီကြော်ငြာတဲ့အထဲမှာ ဘာပါ သလဲဆိုတော့ –

“ကမ္ဘသဏ္ဍာ၊ လူဗိုလ်ပါတို့၊ ငဲနှင့်မဆိုင်၊ မတတ်နိုင်တု၊
မပြိုင်ခင်ရှုံး၊ စိတ်နှလုံးကို၊ ဒုန်းဒုန်းကြီးချ၊ ရှိချေကမူ၊
ဗုဒ္ဓသာသနာ၊ ကွယ်ပျောက်ရာ၏”

ဆိုတဲ့ တပ်လှန့်နှိုးဆော်တဲ့ အပိုဒ်ကလေးပါတယ်။

“ကမ္ဘသကာ၊ လူဗိုလ်ပါတို့” မြန်မာလူမျိုးတွေဟာ ကမ္ဘသကာ,က အလွန်ချစ်တတ်တာကိုး။ အေး.. ကမ္ဘသကာပေါ့၊ မတတ်နိုင်ပါဘူးဆိုတာကများ တယ်။ “ကမ္ဘသကာ၊ လူဗိုလ်ပါတို့၊ ငဲနှင့်မဆိုင်၊ မတတ်နိုင်ဟု၊ မပြိုင်ခင်ရှုံး၊ စိတ်နှလုံးကို၊ ဒုန်းဒုန်းကြီးချ၊ ရှိချေကမူ၊ ဗုဒ္ဓသာသနာ၊ ကွယ်ပျောက်ရာ၏”လို့တပ်လှန့် နှိုးဆော်လိုက်တယ်။ အဲဒီကြော်ငြာကို သတင်းစာကနေ ကြော်ငြာလိုက်တယ်။ အဲဒီသတင်းစာထဲ ကြော်ငြာတာတွေ့လိုက်လို့ မော်လမြိုင်က သူဌေးကြီးဦးသာညွှန်း ဆိုတာက ချက်ချင်းငွေတစ်ထောင်လာလှူတယ်။ ဟိုတုန်းက တစ်ထောင်ဆိုတာက နည်းတာမဟုတ်ဘူး၊ အဲဒီငွေတစ်ထောင်မ,တည်ပြီးတော့ သင်္ကျသီဟအသင်းကြီး တည်ထောင်တာ၊ အဲဒီလို တည်ထောင်ပြီးတော့ ပရိယတ္တိသာသနာအားပေးလာတာ သီပေါမင်းပါတော်မူပြီးတဲ့နောက် ၁၃–နှစ်လောက်ကနေပြီး တည်ထောင်လာတယ်လို့ ထင်ပါတယ်။ အဲဒီကတည်းက ယခုထက်တိုင်ပဲ မြန်မာပြည်မှာတော့ အကျော်အမော် တမေးပွဲကြီးပါပဲ။

အေး.. နောက် စေတိယင်္ဂဏစာမေးပွဲတို့၊ ညောင်တုန်းစာမေးပွဲတို့၊ မော်လမြိုင်က သုသမာစာရစာမေးပွဲတို့ စသည်ဖြင့် စာမေးပွဲကြီးတွေ ပေါ်ပေါက်လာပါတယ်။ အဲဒါတွေဟာ ပရိယတ္တိသာသနာအရှည်ခံ၍ တည်တံ့အောင်အားပေးကြတာပါပဲ။ တကယ့်ကို ပရိယတ်ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်ပြီးတော့နေကြတဲ့ စာချဆရာတော်တွေ၊ ပရိယတ်ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်နေကြတဲ့ စာသင်သားသံဃာတော်တွေကို အာမိသာနုဂ္ဂဟဖြင့် ချီးမြှောက်နိုင်အောင်ဆိုပြီးတော့ ဒီစာမေးပွဲကြီးတွေကို တည်ထောင်ကြတာ ဖြစ်ပါတယ်။

အေး ... အဲဒီလိုပဲ အခြားအခြားမြို့ရွာတွေမှာလည်းပဲ ကိုယ်တတ်နိုင်သမျှ ကိုယ့်နယ်နဲ့ ထိုက်လျောက်အောင် စာမေးပွဲတွေ ကျင်းပပြီးတော့ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ပြီးလာခဲ့ကြပါတယ်။ တပည့်တော်တို့ မကွေးမြို့မှာ မရှိဘူး။ အဲဒီဘက်မှာ မကွေးမြို့က အတော့်ကိုနည်းနေတယ်။ တပည့်တော်ကျောင်းမှာလည်း တပည့်တော်ဟာ တပည့်တော် စာမေးပွဲကျင်းပရတာပဲ။ တပည့်တော်ဟာ တပည့်တော် ဆုပေးရတာပဲ။ နောက်ပိုင်း ခု လေး,ငါး,ဆယ်နှစ်ကျမှ ဆရာကြီး ဦးအေးမောင်သူ့ဆောင်ရွက်ပေးလို့ ကျောင်းနားပတ်ဝန်းကျင် ရပ်ကွက်နှင့် မန်ကျည်းကန်ရွာက အထောက်အပံ့ရပါတယ်။ တစ်မြို့လုံးမသိပါဘူး။ မြောက်စာသင်တိုက် (မဟာဓမ္မကာရာမတိုက်)လည်း ဒီလိုပဲ။ ကိုယ့်ဟာကိုယ်ပဲ ကျင်းပပေးရတာပဲ။ ဆရာတော်တွေကပဲ ထောက်ပံ့ပေးရတာပဲ။အခြားစာသင်တိုက်တွေလည်း ဒီလိုပဲ။ မိမိတိုက်မိမိကျင်းပပြီးတော့ မိမိတို့ကပဲ ထောက်ပံ့ရတာပဲ။ မြို့လုံးကျွတ်၊ မြို့နယ်လုံးကျွတ်ပါဝင်တဲ့စာမေးပွဲကမရှိပါဘူး။ ဒီနားက မင်းဘူးမြို့မှာလည်း သူ့မြို့နဲ့သူတန်ရုံဝိနည်းစာမေးပွဲဆိုတာရှိပါတယ်။ ရေနံချောင်းစာမေးပွဲကတော့ ဗြိတိသျှခေတ်ကတည်းက ထင်ထင်ရှားရှား ကြီးကြီးကျယ်ကျယ် ရှိတယ်။ ခုလည်း သူတို့ကရှိနေတာပဲ။

အဲဒီလို အခြားအခြား မြို့တွေမှာ ပရိယတ္တိသာသနာအရှည်ခံ၍ တည်တံ့အောင်၊ ပရိယတ္တိသာသနာ စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်လာအောင်၊ ပရိယတ်ကို အားပေးချီးမြှောက်ထောက်ပံ့နေတဲ့ စာချသံဃာတော်တွေ၊ စာသင်သား

သံဃာတော်တွေ ပစ္စည်းလေးပါးဖြင့် မပင်ပန်းမနွမ်းနယ်ရအောင် ချီးမြှောက် ထောက်ပံ့နေကြတယ်။ ဒါတွေကို မကွေးမြို့ ယခု သံဃာ့ဒါနဆွမ်းလောင်းအသင်း ဒကာကြီးတွေက မြင်ပြီးတော့ အခြားမြို့တွေ ပရိယတ္တိသာသနာထွန်းကားအောင် စာမေးပွဲကြီးများကျင်းပပြီး ထောက်ပံ့နေသလို ဇါတိမြို့မှာလည်းပဲ ဒီလိုစာမေးပွဲကြီး တွေ ဖြစ်သင့်တယ်လို့ သူတို့မြင်လာတဲ့အတွက် ယနေ့ ဒီအစည်းအဝေးမှာ ဆရာတော်များကို ပင့်ပြီးတော့ လျှောက်ထားတာဖြစ်ပါတယ်။ အဲဒီလို လျှောက်ထား ချက်ဟာ ယခု တပည့်တော် လျှောက်ထားခဲ့တဲ့ ကျမ်းဂန်လာ စကားများနှင့်အညီ သာသနာတော်သုံးရပ်မှာ အခြေအမြစ်ဖြစ်တဲ့ ပရိယတ္တိသာသနာကစပြီးတော့ သာသနာပြုစုပျိုးထောင်တဲ့ လုပ်ငန်းကိစ္စကြီးဖြစ်တယ်။ အဲဒီလို သာသနာတော်ကို အခြေအမြစ်ကစပြီး ပြုစုပျိုးထောင်တဲ့ လုပ်ငန်းကိစ္စကြီးဖြစ်ခြင်းကြောင့် တပည့် တော်တို့အားလုံး သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအနေနဲ့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီး လက်ခံရမှာအမှန်ပါပဲ။

အေး.. အဲဒီလို လက်ခံပြီးတော့ ဒီစာမေးပွဲကြီး ဖြစ်မြောက်အောင်ကျင်းပ တယ်ဆိုရင် ခု ပြဋ္ဌာန်းလိုက်၊ခု တစ်မျိုးတစ်ပုံ ပြင်လိုက်၊ခုတစ်မျိုးတစ်ပုံ ပြဋ္ဌာန်း လိုက်၊ တော်ကြာတစ်မျိုးတစ်ပုံ ပြင်လိုက်၊ ဒီလိုတော့ မဖြစ်သင့်ဘူး။ "ဆိုခဲ့စေ မြဲစေ"ဆိုတဲ့အတိုင်း တပည့်တော်တို့ ဒီစာမေးပွဲကြီး ကျင်းပတယ်ဆိုရင် စာမေးပွဲ စည်းမျဉ်းကို ကျကျနနရေးဖို့လိုအပ်ပါမယ်။ စာမေးပွဲစည်းမျဉ်း ကျကျနနရေးပြီး တော့ ကျမ်းစာပြဋ္ဌာန်းမှုတွေ ဒါတွေလိုအပ်ပါမယ်။ အဲဒီ စည်းမျဉ်းနှင့် ကျမ်းစာ ပြဋ္ဌာန်းမှုဟာ စာမေးပွဲမှာ အလွန်အရေးကြီးပါတယ်။ အဲဒီ အလွန်အရေးကြီးတဲ့ စည်းမျဉ်းရေးဆွဲမှုနဲ့ကျမ်းစာပြဋ္ဌာန်းမှုကို တပည့်တော်တို့ အချိန်ယူပြီးတော့ အခြား အခြား စာမေးပွဲကြီးတွေမှာ လေ့လာဖို့လည်းသင့်ပါတယ်။ အဲဒီလို အခြားအခြား မြန်မာပြည်မှာ ကျော်စောထင်ရှားခဲ့တဲ့ စာမေးပွဲကြီးတွေပေါ့။ အဲဒီစာမေးပွဲကြီးတွေမှာ လေ့လာပြီးတော့ စည်းမျဉ်းရေးဆွဲထားတာတွေ၊ ကျမ်းစာပြဋ္ဌာန်းထားတာတွေ တပည့်တော်တို့ နည်းယူတန် ယူရမှာဖြစ်ပါတယ်။ အဲဒီလို နည်းယူတန်တာ နည်းယူပြီးတော့ တပည့်တော်တို့စာမေးပွဲဟာ အခိုင်မာဆုံး အထွန်းတောက်ဆုံး

ခုနက ဥက္ကဋ္ဌကြီးလျှောက်ထားသလိုပဲ ဒီသာသနာမှာ အလွန်ပြောင်မြောက်တဲ့၊ ဒီစာမေးပွဲအောင်လာရင် ရဟန်းရှင်လူအားလုံးက လေးစားလောက်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်သွားတာပေါ့။ ဥပမာအားဖြင့် သကျသီဟအောင်တဲ့ ဆရာတော်ဆိုရင် တစ်နိုင်ငံလုံးက လေးစားသွားတယ်။ "သကျသီဟဓမ္မာစရိယ"တဲ့ဆိုရင် အများက လေးစားတယ်။

အေး... ခုတော့ သကျသီဟ၊ စေတိယင်္ဂဏ၊ အစိုးရ (သ.စ.အ)ဓမ္မာစရိယ ဆိုလျှင် သာပြီးလေးစားတယ်။ အဲဒီလို တပည့်တော်တို့ မကွေးစာမေးပွဲက အမြင့်ဆုံးအတန်းအောင်သွားပြီဆိုရင်လည်း ခုနက သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ ဆရာတော်အရှင်မြတ်တွေကို အားလုံးသော ရဟန်းတော် အရှင်မြတ်တွေက လေးစားကြသလို လေးစားလောက်တဲ့ စာမေးပွဲကြီးဖြစ်မြောက် အောင် အရှင်မြတ်တွေကလည်းပဲ စည်းမျဉ်းတွေ ရေးဆွဲပြီးတော့ ပြဋ္ဌာန်းချက်တွေနဲ့ ပြည့်စုံအောင် လေ့လာအချိန်ယူပြီး စီမံပေးတော်မူကြပါ။ ဒါယကာ, ဒါယိကာမ တွေကလည်းပဲ အဲဒီ စာမေးပွဲကြီး မပြစ်လျှင်မနေရ၊ ဖြစ်မြောက်အောင် ကြိုးကြိုး စားစား အားထုတ်ပြီး ဆောင်ရွက်ကြဖို့လိုပါတယ်။ အဲဒီလို ဆောင်ရွက်ကြဖို့ရာ ဘုန်းကြီးတိုက်တွန်းလိုတာကတော့ ဘုရားရှင်ဟောကြားထားတဲ့ ဂါထာအတိုင်းပဲ ဖြစ်ပါတယ်။

**သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။**

**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမမနုတ္တရံ။ (ဣတိဝုတ်၊ ၂၇၀)**

သာဂါရာစ၊ အိမ်ရာတည်ထောင် လူ့ဘောင်နေကြ လူဒါယကာ, ဒါယိကာမ အများတို့သည်လည်းကောင်း (ဝါ) သာဂါရာစ၊ အိမ်ရာတည်ထောင် လူ၏ဘောင်ဝယ် ခေါင်းဆောင်ရှေ့သွား ဒါယကာ, ဒါယိကာမအများတို့သည်လည်းကောင်း။ အနဂါ ရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်၌ ခေါင်းဆောင်ရှေ့သွား ဆရာတော်ဘုရားတို့ သည်လည်းကောင်း။ ဥဘော၊ ဆရာ, ဒကာ ညီညာပေါင်းရုံး နှစ်ဦးလုံးတို့သည်။ အညောညနိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမည်မယွင်း အချင်းချင်းလျှင်

မိုးတင်းယှက်နွဲ မြဲထက်မြဲအောင် လက်တွဲကြကုန်လျက်။ အနုတ္တရ၊ အတုမရှိ မြတ်ခေါင်ထိသော။ ယောဂကွေမံ၊ ယောဂလေးတန်ကုန်ကြောင်းမှန်သော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးပြားသာသနာတော်ကြီးကို။ အာရာဓယန္တု၊ ပြီးစီးစေနိုင်ကြပါစေကုန် သတည်း။

# ၁၃၆၁–ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက် မကွေးမြို့၊ နေ့စဉ်သံဃဒါနဆွမ်းလောင်းအသင်း သင်းလုံးကျွတ်အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ

ယနေ့ သာသနာတော်နှစ် ၂၅၄၂–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၁–ခုနှစ်၊ မကွေးမြို့နေ့စဉ်သံဃဒါနဆွမ်းလောင်းအသင်းကြီး၏ သင်းလုံးကျွတ်အစည်းအဝေးမှာ အခမ်းအနား အစီအစဉ်အရ သံဃာတော်အပေါင်း၏ကိုယ်စား ဘုရားတပည့်တော်အား ဩဝါဒစကားပြောကြားခွင့်ပြုတော်မူကြပါဘုရား။

ဤအစည်းအဝေးမှာ ဩဝါဒပေးရန် ဘုရားရှင်ကိုယ်တော်မြတ် အင်္ဂုတ္တရ ပါဠိတော်၊ ဧကနိပါတ်မှာ ဟောကြားတော်မူထားတဲ့ အယောနိသောမနသိကာရ၊ အသဒ္ဓမ္မဿဝနတရားနှစ်ပါးနှင့် ယောနိသောမနသိကာရ၊ သဒ္ဓမ္မဿဝနတရားနှစ်ပါးကိုပဲ ဘုန်းကြီး ဩဝါဒပေးလိုပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်က...

**"နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အယောနိသောမနသိကာရော" (အံ၊ ၁၊ ၁၁)** အစရှိသည်ဖြင့် အယောနိ သောမနသိကာရအပြစ်ကို ဟောကြားဩဝါဒပေးတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော အိုသူတော်စင်အပေါင်းတို့။ ယေန၊ အကြင်တရားဖြင့်၊ အကြင်တရားကြောင့်။ အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ၊ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ သည်လည်း။ ဥပ္ပဇ္ဇန္တိ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာဝါ ကုသလာဓမ္မာ၊ ဖြစ်ပေါ်ပြီးသော

ကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ ဆုတ်ယုတ်ကြကုန်၏။ ဣဒံ အယံ အယောနိသောမနသိကာရော ယထာ၊ ဤအယောနိသောမနသိကာရကဲ့သို့သော၊ (ဝါ) ဤအယောနိသောမနသိကာရနှင့်တူသော (ဝါ) ဤမသင့်မတင့် နှလုံးသွင်းခြင်းနှင့်တူသော (ဝါ) ဤကုသိုလ်၏ ဖြစ်ကြောင်းမဟုတ်သော လိုလားတောင့်တအပ်သော စီးပွားချမ်းသာကိုရခြင်း၏ အကြောင်းမဟုတ်သော နှလုံးသွင်းခြင်းနှင့်တူသော။ အညံ၊ တစ်ပါးတစ်ခြားသော။ တံ ဧကဓမ္မမ္ပိ၊ ထိုတစ်ခုသောတရားကိုလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။အယောနိသောမနသိကရောတော၊ မသင့်မတင့် နှလုံးသွင်းသောပုဂ္ဂိုလ်မှာ (ဝါ) ကုသိုလ်တရားဖြစ်ပွားကြောင်း မဟုတ်သောအားဖြင့် နှလုံးသွင်းနေသောပုဂ္ဂိုလ်မှာ (ဝါ) လိုလားတောင့်တအပ်သော စီးပွားချမ်းသာကိုရခြင်း၏ အကြောင်းမဟုတ်သောအားဖြင့် နှလုံးသွင်းနေသူမှာ။ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ၊ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ ဆုတ်ယုတ်ကြရကုန်၏ – လို့ ဟောကြားတော်မူထားပါတယ်။

ချစ်သားတို့ မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တရားတွေ ဖြစ်ပေါ်ကြောင်း၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတွေ ဆုတ်ယုတ်ကြောင်းဖြစ်တဲ့ မသင့်မတင့်နှလုံးသွင်းခြင်းဆိုတဲ့ အယောနိသောမနသိကာရ မှတစ်ပါး အခြားတစ်ခုသော တရားကိုမျှ ငါဘုရားမြင်တော်မမူဘူးတဲ့။ မသင့်မတင့်နှလုံးသွင်းတဲ့ပုဂ္ဂိုလ်မှာ (ဝါ) အယောနိသောမနသိကာရရှိနေတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ အကုသိုလ်တရားများလည်း ဖြစ်ပေါ်လာကြတယ်။ ဖြစ်ပြီးသော ကုသိုလ်တရားများလည်းပဲ ဆုတ်ယုတ်ကုန်ကြတယ်တဲ့။ အယောနိသောမနသိကာရဆိုတာ ရှေးဆရာတော်များက လွယ်လွယ်နဲ့ ဘာသာပြန်ထားတာကတော့ မသင့်မတင့်နှလုံးသွင်းခြင်းတဲ့။ အဋ္ဌကထာဖွင့်ထားတာကတော့ ကုသိုလ်ဖြစ်ပေါ်ခြင်း၏ အကြောင်းမဟုတ်သောအားဖြင့် နှလုံးသွင်းခြင်း၊ လိုလားတောင့်တအပ်တဲ့ စီးပွားချမ်းသာရခြင်း၏ အကြောင်းမဟုတ်သောအားဖြင့် နှလုံးသွင်းခြင်းကို အယောနိသောမနသိကာရလို့ ခေါ်ပါတယ်။ ဟုတ်တယ်။ မသင့်မတင့်

နှလုံးသွင်းရင် ကုသိုလ်တရားတွေလဲ ဖြစ်ခြင်းရဲ့ အကြောင်းမဟုတ်ပါဘူး။ လိုလား တောင့်တတတ်တဲ့ စီးပွားချမ်းသာရခြင်းရဲ့ အကြောင်းလဲ မဟုတ်ပါဘူး။ဒါ့ကြောင့် ကုသိုလ်ရဖို့ လိုလားတောင့်တတဲ့ စီးပွားချမ်းသာရဖို့ အကြောင်းမဟုတ်တဲ့ နှလုံးသွင်း ခြင်းဆိုတာ မသင့်မတော် မလျော်သောအားဖြင့် နှလုံးသွင်းတာပါပဲ။ဒါကို အယောနိ သောမနသိကာရလို့ ပါဠိလိုခေါ်ပါတယ်။ အဲဒီတော့ မဖြစ်သေးတဲ့ အကုသိုလ်တွေ ဖြစ်အောင်၊ ဖြစ်ပေါ်ပြီးသား ကုသိုလ်တွေ ဆုတ်ယုတ်လျော့ပါးသွားအောင် ပြုလုပ် တတ်တဲ့တရားဟာ အယောနိသောမနသိကာရပဲ။ မသင့်မတင့် နှလုံးသွင်းခြင်းပဲ။ အဲဒီ အယောနိသောမနသိကာရရှိနေရင် အဲဒီပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ အကုသိုလ် တရားတွေလည်း ထပ်ခါထပ်ခါ ဖြစ်ပြီးနေတာပဲ။ ဖြစ်ထားပြီးကုသိုလ်တွေလဲပဲ ဆုတ်ယုတ်ကုန်ကြတာပဲ။

ဒါ့ကြောင့် နေ့စဉ် သံဃာ့ဒါနဆွမ်းလောင်းအသင်းကြီးမှာ ပါဝင်ပြီးတော့ သာသနာပြုလုပ်ငန်းကြီး လုပ်ဆောင်နေကြတဲ့ ဒို့ ဒကာ, ဒကာမတွေ အဲဒီ မသင့်မတင့် နှလုံးသွင်းခြင်းဆိုတဲ့ အယောနိသောမနသိကာရကို မိမိတို့သန္တာန်မှာ မဝင်လာ အောင် နှလုံးသွင်းပြီးတော့ ရှောင်ရှားဖို့လိုပါတယ်။ အသင်းဆိုတာ အများနဲ့ လုပ်ရတာဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်တည်း လုပ်လို့ဖြစ်တာမဟုတ်ပါဘူး။ အများနဲ့ လုပ်ရတာဆိုတော့ ကိုယ့်စိတ်တိုင်းကျချည်း မဖြစ်နိုင်ဘူး။ မိမိလုပ်ချင် တာက ဒီလိုလုပ်ချင်တယ်၊ ဟိုတစ်ယောက်ကတော့ ဟိုလိုလုပ်ချင်တယ်။ နောက် တစ်ယောက်က တစ်မျိုးလုပ်ချင်တယ်။ အဲဒီတော့ သူလုပ်ချင်တာနဲ့ ကိုယ်လုပ်ချင် တာက တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မယ်။ မတိုက်ဆိုင်လို့ သူလုပ်သွားတာ မှားနေ တာပဲ။ သူလုပ်သွားတဲ့အတွက် ဘာတွေဖြစ်ကုန်လိမ့်မယ်– စသည်ဖြင့် နှလုံးသွင်းရင် ဒါ... အယောနိသောမနသိကာရပဲ။ ကုသိုလ်ရခြင်းရဲ့ အကြောင်းမဟုတ်သော အားဖြင့် နှလုံးသွင်းတာပဲ။ စီးပွားချမ်းသာရခြင်း၏ အကြောင်းမဟုတ်သောအားဖြင့် နှလုံးသွင်းမိတာပါပဲ။ အဲဒီလို အသင်းအပေါ်မှာ ဖြစ်ပေါ်လာတဲ့ တစ်စုံတစ်ခုသော အကြောင်းကြောင့် မသင့်မတင့် နှလုံးသွင်းရင် မိမိမှာလဲပဲ မဖြစ်သေးတဲ့ အကုသိုလ် တရားတွေ ဖြစ်ဖြစ်လာတယ်။ ဖြစ်ပြီးသား ကုသိုလ်တရားတွေလည်း ဆုတ်ယုတ်

ဆုတ်ယုတ်ပြီးတော့ သွားတတ်တယ်တဲ့။ ဒါကြောင့် အယောနိသောမနသိကာရ= မသင့်မတင့် နှလုံးသွင်းခြင်းဆိုတဲ့ တရားကို ဒို့အသင်းသူ, အသင်းသား၊ ဥပါသကာ, ဥပါသိကာတွေ ဝေးဝေးကရှောင်ကြဉ်ဖို့ ဘုန်းကြီးသြဝါဒပေးလိုပါတယ်။

ထိုအယောနိသောမနသိကာရနဲ့ အလားတူပဲ။ အသမ္ပဇညတရားကိုလည်း မြတ်စွာဘုရားဟောကြားတော်မူထားတယ်။

**"နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ အသမ္ပဇညံ"** (အံ၊ ၁၊ ၁၂)

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော အိုသူတော်စင်အပေါင်းတို့။ ယေန၊ အကြင်တရားဖြင့်၊ အကြင်တရား ကြောင့်။ အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ၊ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ သည်လည်း။ ဥပ္ပဇ္ဇန္တိ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ၊ဖြစ်ပေါ်ပြီးသား ကုသိုလ်တရားများလည်း။ ပရိဟာယန္တိ ဆုတ်ယုတ်ကြရကုန်၏။ ဣဒံ အယံ အသမ္ပဇညံယထာ၊ ဤကောင်းစွာအပြားအားဖြင့် မသိခြင်း၊ မဆင်ခြင်မစဉ်းစား နိုင်ခြင်းဟူသော အသမ္ပဇညတရားနှင့်တူသော။ အညံ၊ တစ်ပါးတစ်ခြားသော။ဧကံ ဓမ္မမ္ပိ၊ ထိုတစ်ခုသောတရားကိုလည်း။ အဟံ၊ ငါဘုရားသည်။န သမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အသမ္ပဇာနဿ၊ ကောင်းစွာအပြားအားဖြင့် မသိသောပုဂ္ဂိုလ်မှာ (ဝါ) ဆင်ခြင်နိုင်းဆမှု၊ ဆင်ခြင် တိုင်းတာမှုမရှိသော ပုဂ္ဂိုလ်မှာ။ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ၊ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့လဲပဲ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားများလဲပဲ။ ပရိဟာယန္တိ၊ ဆုတ်ယုတ်သွားကြ ကုန်၏။

အသမ္ပဇညတရားဆိုတာ ကောင်းစွာအပြားအားဖြင့် သိခြင်း၏ ဆန့်ကျင် ဘက် မသိတတ်တဲ့ မောဟပါပဲ။ အဲဒီလို ကောင်းစွာအပြားအားဖြင့် မသိတတ်တဲ့

အသမ္မောဟညာဏ်ဆိုတာ ကောင်းစွာ မသိ မဆင်ခြင်နိုင်၊ မစဉ်းစားနိုင်ခြင်းလို့လည်း လွယ်လွယ်ပြန်ပါ
တယ်။ လုပ်ငန်းကိစ္စအဝဝတွေမှာ မဆင်ခြင်မစဉ်းစားနိုင်တဲ့တရား၊ အဲဒီ မဆင်ခြင်
မစဉ်းစားနိုင်တဲ့တရားဟာ မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တရားတွေလည်း ဖြစ်ပေါ်
စေတတ်တယ်၊ ဖြစ်ပေါ်စေကြောင်းဖြစ်တယ်၊ ဖြစ်ပေါ်ပြီးသား ကုသိုလ်တရား
များလဲပဲ ဆုတ်ယုတ်ကြောင်း ဖြစ်တယ်တဲ့၊ ဒီလို တရားမျိုး ငါဘုရား ရှုပြင် မမြင်ဘူးတဲ့၊
အဲဒီတော့ ကောင်းစွာအပြားအားဖြင့် မသိတတ်တဲ့ပုဂ္ဂိုလ်၊မဆင်ခြင်၊မစဉ်းစား
နိုင်တဲ့ပုဂ္ဂိုလ်မှာ မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တရားတွေလည်း ဖြစ်ပွားလာတယ်။
ဖြစ်ပေါ်ပြီးသား ကုသိုလ်တရားတွေလည်း ဆုတ်ယုတ်ပျက်ပြားပြီး သွားတတ်တယ်တဲ့။

အေး.. ဒါ့ကြောင့် ဒို့အသင်းသူ, အသင်းသား၊ ဥပါသကာ, ဥပါသိကာမတွေ
နေ့စဉ်နေ့စဉ် သံဃာတော်အပေါင်းအား ဆွမ်းခဲဘွယ်ဘောဇဉ်တွေ၊ အာဟာရတွေ
လောင်းလှူပြီးတော့ သာသနာပြုနေကြရာမှာ အသင်းနဲ့ပတ်သက်တဲ့၊ ဆောင်ရွက်
စရာရှိတဲ့ ကိစ္စအဝဝတွေမှာ ဆင်ခြင်နှိုင်းဆပြီး မသိတတ်တဲ့၊မသိကျွမ်းတဲ့ အဲဒီ
အသမ္မောဟညာဏ်တရားကို ပယ်ရှားပြီးထားရတယ်။ မိမိတို့ ဒီအသင်းနဲ့ပတ်သက်၍ သိသင့်၊
သိထိုက်တာတွေ အားလုံးသိအောင်၊ ဆောင်ရွက်သင့်၊ဆောင်ရွက်ထိုက်တာတွေ
အားလုံးဆောင်ရွက်နိုင်အောင် ဒီလို လေ့လာပြီးထားရတယ်။ အဲဒီလို သိသင့်၊
သိထိုက်တဲ့ လုပ်ငန်းကိစ္စတွေ သိအောင်မလေ့လာဘူး။ လုပ်သင့်၊လုပ်ထိုက်တဲ့
လုပ်ငန်းကိစ္စတွေကို ပြုလုပ်တတ်အောင် မလေ့လာမကျွမ်းကျင်ရင် ဒါ အသမ္မောဟ
အသမ္မောဟပုဂ္ဂိုလ် ဖြစ်တာပဲ။ အသမ္မောဟပုဂ္ဂိုလ်ဆိုတာ ကောင်းစွာအပြားအားဖြင့်
မသိသူလို့ စာသံထွက်ပါတယ်။ မဆင်ခြင်မစဉ်းစားနိုင်သူ၊မဆင်ခြင်တတ်သူ၊ မတွေး
တောတတ်သူပါပဲ။ လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီးတော့ နားမလည်တာပါပဲ။ အဲဒီလို
သိသင့်တာတွေ မသိလို့ အသမ္မောဟဖြစ်နေတဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ အကုသိုလ်တွေ
ဖြစ်ဖြစ်၊ဖြစ်ဖြစ်လာတယ်။ ဖြစ်ပြီးသား ကုသိုလ်တွေလည်း ဆုတ်ယုတ်၊ ဆုတ်ယုတ်
ပြီးတော့ သွားတတ်တယ်တဲ့။ ဒါ့ကြောင့် အဲဒီမသိမှု အသမ္မောဟတရားလည်းပဲ
မိမိသန္တာန်မှာ မဝင်နိုင်အောင် တားဆီးပိတ်ပင်ပြီးတော့ ထားရမယ်လို့ မြတ်စွာဘုရား
ဆုံးမတော်မူပါတယ်။ ဒါက ကဏှပက္ခ= အမည်းဘက်က တရားနှစ်ပါးပါပဲ။

အဲဒီတရားနှစ်ပါး ပြောင်းပြန့်ပြန်လိုက်ရင် သုက္ကပက္ခ= အဖြူဘက်က တရားနှစ်ပါးဖြစ်လာတယ်တဲ့။

**“နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ယောနိသောမနသိကာရော” (အံ၊ ၁၊ ၁၂) ဧသည်ဖြင့်** ဟောကြားတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော အိုသူတော်ကောင်းအပေါင်းတို့။ ယေန၊ အကြင်တရားဖြင့်၊ အကြင် တရားကြောင့်၊ အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ၊ မဖြစ်သေးသောကုသိုလ်တရားတို့သည် လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကြကုန်၏။ ဣဒံ အယံ ယောနိသောမနသိကာရောယထာ၊ ဤအသင့်အတင့် နှလုံးသွင်းခြင်းကဲ့သို့သော (ဝါ) ဤသင့်တင့်အောင် နှလုံးသွင်းခြင်းဟူသော ယောနိသောမနသိကာရနှင့်တူသော။ အညံ၊ တစ်ပါးတစ်ခြားသော။ ဧကံ ဓမ္မမ္ပိ၊ ထိုတစ်ခုသောတရားကိုလည်း၊ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့ ယောနိသောမနသိကရောတော၊ သင့်တင့်အောင် နှလုံးသွင်းနိုင်သော ပုဂ္ဂိုလ်မှာ။ အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ၊ မဖြစ်ပေါ်သေးသော ကုသိုလ်တရားများ လည်းပဲ။ ဥပ္ပဇ္ဇန္တိ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားများလည်းပဲ။ ပရိဟာယန္တိ၊ဆုတ်ယုတ်သွားကြကုန်၏-တဲ့။

အယောနိသောမနသိကာရရဲ့ ပြောင်းပြန် သုက္ကပက္ခ= အဖြူဘက်က တရားဆိုတာ ယောနိသောမနသိကာရ၊ ယောနိသောမနသိကာရဆိုတဲ့ ပါဠိကို ရှေးဆရာတော်များက အသင့်အတင့် နှလုံးသွင်းခြင်း၊ သင့်တင့်အောင် နှလုံးသွင်းခြင်းလို့ တိုတိုဘာသာပြန်ပါတယ်။ အဋ္ဌကထာဆရာကတော့ ကုသိုလ်ကောင်းမှုဖြစ်ခြင်းရဲ့ အကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ လိုလားတောင့်တအပ်တဲ့ စီးပွားချမ်းသာကို

ရခြင်း၏ အကြောင်းအားဖြင့် နှလုံးသွင်းခြင်းလို့ ဖွင့်ထားပါတယ်။ အဲဒီတော့ သင့်သင့် တင့်တင့် နှလုံးသွင်းနိုင်ရင်၊ ဖြစ်ပေါ်လာတဲ့ကိစ္စအဝဝမှာ သင့်လျော်အောင် နှလုံးသွင်း နိုင်ရင် ဒါ.. ကုသိုလ်တရားတွေလည်း ဖြစ်လာတာပါပဲ။ ရလာတာပါပဲ။ အေး..ဒါကြောင့် အဲဒီသင့်တင့်အောင် နှလုံးသွင်းနိုင်ခြင်းဆိုတဲ့ယောနိသောမနသိကာရဟာ မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ဖို့အကြောင်းလည်းဖြစ်တယ်။ဖြစ်ပေါ်ပြီးသား အကုသိုလ်တရားတွေ ဆုတ်ယုတ်ကုန်ကြောင်းလည်း ဖြစ်တယ်။ အဲဒီလိုတရားမျိုးဟာ ဒီယောနိသောမနသိကာရမှတစ်ပါး အခြားတစ်ခုသော တရားကိုမျှ ငါဘုရားမြင်တော် မမူဘူးတဲ့။ သင့်တင့်အောင် နှလုံးသွင်းနိုင်တဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ လည်း ဖြစ်ဖြစ်လာတယ်။ ဖြစ်ပြီးသား အကုသိုလ်တရားတွေလဲ ဆုတ်ယုတ်၊ ဆုတ်ယုတ်သွားကြတယ်လို့ မိန့်တော်မူပါတယ်။

ဒီ့ကြောင့် နေ့စဉ် သံဃာ့ဒါနဆွမ်းလောင်းအသင်း ဥပါသကာ, ဥပါသိကာမ တွေအားလုံး အရာရာမှာ အသင့်အတင့်နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိ ကာရ လက်ကိုင်ထားကြဖို့ အလွန်အရေးကြီးပါတယ်။ ဒီအသင်းကိစ္စနဲ့ပတ်သက် လာရင် ပြဿနာဆိုတာမရှိမဟုတ်ဘူး။ ရှိကြမှာပဲ။ ခုနပြောခဲ့သလို တစ်ဦးရဲ့ ဆောင်ရွက်ချက်ကို တစ်ဦးက အပြစ်မြင်တတ်တယ်။ ဒီပုဂ္ဂိုလ်ရဲ့ ဆောင်ရွက်ချက်ကို ဟိုပုဂ္ဂိုလ်က အပြစ်မြင်တတ်တယ်။ အဲဒီလို အပြစ်မြင်နေရင် အယောနိသောမနသိ ကာရ၊ အေး... သူဟာ ဒီကိစ္စဆောင်ရွက်တာ သူ့မှာ ဘယ်လိုအမြင်တွေရှိနေလို့ ဆောင်ရွက်တာမှန်း ငါမသိနိုင်လို့သာ။ သူလည်းပဲ ကောင်းသောအားဖြင့် အသင်းရဲ့ ကောင်းရာကောင်းကြောင်း ဆောင်ရွက်တာပဲ။ အသင်းရဲ့ တိုးတက်ရာတိုးတက် ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း ဆောင်ရွက်တာပဲ။ သံဃာတော်အရှင်မြတ်တွေ ချမ်းချမ်းသာသာ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာပြုနိုင်အောင် ဆောင်ရွက်တာ ဖြစ်မှာပဲ။ ဒါ သူ့ဆောင်ရွက်ချက်ကို မှားတယ်လို့ ငါမြင်ရင် ငါ့အပြစ်ပဲ။ အဲဒီလို သင့်တင့်အောင် နှလုံးသွင်းနိုင်ရင် အသင်းသူ၊ အသင်းသားအချင်းချင်း စိတ်ဝမ်းမကွဲ တစ်သားတည်းညီညွတ်ပြီး ဆောင်ရွက်သမျှကိစ္စတွေ အားလုံးချောချောမောမော၊ အောင်အောင်မြင်မြင် ပြီးစီးပြီးသွားနိုင်တယ်။

အဲဒီတော့ မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်ဖြစ်၊ဖြစ်ဖြစ်လာတယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ဆုတ်ယုတ်၊ဆုတ်ယုတ်သွားတာပေါ့။ ဒါ့ကြောင့် ဘုရားရှင်က မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်ပွားလာဖို့၊ ဖြစ်ပြီးသားအကုသိုလ်တွေ ဆုတ်ယုတ်သွားဖို့ အကြောင်းဖြစ်တဲ့တရား ဒီယောနိသောမနသိကာရအပြင် အခြားတရား တစ်ပါးတစ်လေမျှ ငါဘုရားမြင်တော်မမူဘူးလို့ မိန့်တော်မူတယ်။ ဒါ့ကြောင့် ဒီ ယောနိသောမနသိကာရ အမြဲတမ်းလက်ကိုင်ထားကြဖို့ ဘုန်းကြီးက ဘုရားရှင်ရဲ့ ဩဝါဒကို ဒီမှာတစ်ဆင့် ပြောကြားရခြင်းဖြစ်ပါတယ်။

ယောနိသောမနသိကာရနဲ့အလားတူ ဘုရားရှင်က သမ္မာဒိဋ္ဌိတရားကိုလည်း ဟောကြားတော်မူပါတယ်။

**''နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ သမ္မာဒိဋ္ဌိ'' (အံ၊ ၁၊ ၁၂)**

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယေန၊ အကြင်တရားဖြင့်၊ အကြင်တရားကြောင့်။ အနုပ္ပန္နာဝါ ကုသလာ ဓမ္မာ၊ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာဝါ အကုသလာဓမ္မာ။ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားများလဲပဲ။ ပရိဟာယန္တိ၊ ဆုတ်ယုတ်သွားကြရကုန်၏။ ဣဒံ အယံ သမ္မာဒိဋ္ဌိယထာ၊ ဤကောင်းစွာအပြားအားဖြင့် သိတတ်သော ဉာဏ်ပညာ တည်းဟူသော တရားကဲ့သို့သော။ အညံ၊ တစ်ပါးတစ်ခြားသော။ တံ ဧကဓမ္မမ္ပိ၊ ထိုတစ်ခုသော တရားကိုမျှလည်း။ အဟံ၊ ငါဘုရားသည်၊ န သမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့၊ သမ္မာဒိဋ္ဌိ၊ ကောင်းစွာအပြားအားဖြင့် သိတတ်သောပုဂ္ဂိုလ်မှာ။ အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ၊ မဖြစ်ပေါ်သေးသောကုသိုလ် တရားများလည်းပဲ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာ စ အကုသလာဓမ္မာ၊ ဖြစ်ပေါ်ကုန်ပြီးသော အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကြ ကုန်၏-လို့ဟောတော်မူတယ်။

သမ္မဒညတရားဆိုတာ ကောင်းစွာအပြားအားဖြင့် သိတတ်တဲ့ဉာဏ်ပညာတဲ့။ အစစအရာရာမှာ ကောင်းကောင်းမွန်မွန်၊မှန်မှန်ကန်ကန် အထူးထူး၊ အပြားပြား ခြုံငုံပြီးသိတတ်တဲ့ ဉာဏ်ပညာကို သမ္မဒညတရားလို့ခေါ်တယ်။ အေး.. နေ့စဉ်သံဃဒါနဆွမ်းလောင်းအသင်းကြီးမှာ သာသနာပြုလုပ်ငန်းကိစ္စတွေ ဆောင်ရွက်နေကြရတယ်။ ခေတ်အားလျော်စွာပဲ လုပ်ငန်းကိစ္စတွေက တာဝန်တွေ ကြီးလေးပြီးတော့လာတယ်။ အဲဒီတော့ ဒီလုပ်ငန်းကိစ္စတွေနဲ့ပတ်သက်ပြီး စီမံခန့်ခွဲတဲ့နေရာမှာ ကျွမ်းကျွမ်းကျင်ကျင်သိနိုင်တဲ့ ဉာဏ်ပညာ အလွန်အရေးကြီးပါတယ်။ ဘယ်လိုစီမံမှ ငါတို့လုပ်ငန်းကြီးအောင်မြင်မယ်။ ဘယ်လိုစီမံရင်တော့ ငါတို့လုပ်ငန်း အဆင်ပြေမှာမဟုတ်ဘူးစသည်ဖြင့် သိတတ်တဲ့ ဉာဏ်ပညာဟာ ဒီနေရာမှာ အရေးကြီးတယ်တဲ့။ အဲဒီလို လုပ်ငန်းကိစ္စ အဝဝပေါ်မှာ ကျကျနနသိနိုင်တဲ့ ဉာဏ်ပညာရှိနေရင် အဲဒီပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်တယ်။ ဖြစ်ပြီးသား အကုသိုလ်တွေ ဆုတ်ယုတ်ပြီးသွားတယ်တဲ့။ အဲဒီတော့ မိမိတို့လုပ်ငန်းကိစ္စတွေ အားလုံး အောင်မြင်မှုရလာတာပေါ့။

ဒီ့ကြောင့် နေ့စဉ်သံဃဒါန ဆွမ်းလောင်းအသင်းကြီးမှာ ပါဝင်ပြီး အလုပ်အမှုဆောင်အဖြစ်နဲ့ ကိုယ်တိုင်လုပ်ဆောင်နေတဲ့ ဒါယကာ, ဒါယိကာမတွေရော၊ အေး.. ဒီမှာ ကိုယ်တိုင်မပါသော်လည်းဘဲ အသင်းကြီးရဲ့ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်း အားပေးနေတဲ့ အားလုံးသောဒါယကာ, ဒါယိကာမတွေ ယခု ဘုရားရှင် ဟောကြားထားတဲ့ ရှောင်ကြဉ်ရမယ့်တရားက နှစ်ပါး၊ ပွားများရမယ့်တရားက နှစ်ပါးရှိပါတယ်။ အဲဒီတော့ မသင့်မတင့်နှလုံးသွင်းခြင်းဆိုတဲ့ အယောနိသောမနသိကာရ၊ လုပ်ငန်းကိစ္စအဝဝတို့၌ မကျွမ်းမကျင် မသိမမြင်ခြင်းဟူသော အသမ္မဒည ဤတရားနှစ်ပါးကို ပယ်ရှားပြီးတော့ အစစအရာရာမှာ အသင့်အတင့်နှလုံးသွင်းနိုင်တဲ့ ယောနိသောမနသိကာရ၊ လုပ်ငန်းကိစ္စအဝဝတွေမှာ ကျကျနန၊ ပိုင်ပိုင်နိုင်နိုင် စီမံခန့်ခွဲနိုင်တဲ့ ဉာဏ်ပညာဆိုတဲ့ သမ္မဒညတရားနှစ်ပါးနဲ့ ပြည့်စုံနေရမယ်။ အဲဒီလို ကဏှပက္ခတရားနှစ်ပါးကို ပယ်ရှားပြီးတော့ သုက္ကပက္ခတရားနှစ်ပါးနှင့်ပြည့်စုံအောင် အားထုတ်ကြလျက် ဒီနေ့စဉ်သံဃဒါန ဆွမ်းလောင်း

အသင်းကြီး အရှည်တည်တံ့အောင်၊ စည်ပင်တိုးတက်ပြီးတော့ နောင်သာသနာ တည်သရွေ့ သာသနာတော်ကြီး ချီးမြှောက်ထောက်ပံ့နိုင်တဲ့ သာသနာပြုအသင်းကြီး ဖြစ်အောင် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလျက် ဘုန်းကြီးရဲ့ဩဝါဒကို နိဂုံးကမွတ် အဆုံးသတ်ပါသည် သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့...။

# ၁၃၅၈–ခုနှစ်၊ တပေါင်းလပြည့် (၂၃၊၃၊၉၇)တနင်္ဂနွေနေ့
# ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ
# မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပသည့်
# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ
# အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော
# သမ္မောဒနီယ ဩဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က လျှောက်ထားအပ်သော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ ဂုဏပိသိဋ္ဌပူဇာသဘင်သို့ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ ဝန်ဆောင် ဆရာတော်များနှင့် ပြည်တွင်းပြည်ပမှ ဘွဲ့ခံဆရာတော် အရှင်မြတ်တို့ ဘုရား...

ဤဂုဏပိသိဋ္ဌပူဇာသဘင်အခမ်းအနား၌ ဘုရားတပည့်တော်အား သံဃာတော်အပေါင်း၏ကိုယ်စား သမ္မောဒနီယဩဝါဒစကား ပြောကြားခွင့်ပြုတော်မူကြပါရန် ရိုသေလေးမြတ်စွာ ပန်ကြားလျှောက်ထားအပ်ပါသည်ဘုရား။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားသို့ စိတ်အားထက်သန်စွာ စည်းဝေးညီညာ တက်ရောက်လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရအဖွဲ့ဝင်

အကြီးအကဲများအမျိုးရှိသော ဗုဒ္ဓဘာသာဝင်သူတော်စင် ဥပါသကာ,ဥပါသိကာမ အပေါင်းတို့...

ဤယနေ့ ဤအချိန်အခါဝယ် ကျက်သရေမင်္ဂလာအပေါင်း ခညောင်း ပြည့်စုံသည့် ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးဝယ် ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပအပ်သော ဤသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲကြီးသည်ကား ဘုရားရှင်ကိုယ်တော်တိုင် စတင်တီထွင်တော်မူခဲ့သော ပဝေဏီလမ်းကြောင်း ထုံးဟောင်းအစဉ်အလာသို့ ကောင်းစွာလိုက်၍ ဆင်ယင်ကျင်းပအပ်သော သာသနာနုဂ္ဂဟဂုဏပူဇာမဟာ သဘင်ကြီး ဖြစ်ပေသည်။

"ဂုဏဝသေန တိ သမ္မာသမ္ဗုဒ္ဓေါ ယထာနာမ ရာဇာ စက္ကဝတ္တိ စက္ကရတနာနုဘာဝေန စက္ကဝါဠဂဗ္ဘေ ရဇ္ဇသိရိံ ပတ္တော" စသည်ဖြင့် အင်္ဂုတ္တရအဋ္ဌကထာ မိန့်မှာပြဆိုအပ်သည့်အတိုင်း လေးကျွန်းသနင်း စကြဝတေးမင်းသည် စကြာ ရတနာ၏အာနုဘော်ဖြင့် စကြဝဠာတိုက်ဝယ် စကြဝတေး၏အသရေ (စကြဝတေး မင်းအဖြစ်)သို့ ရောက်ပြီးနောက် ကြောင့်ကြမဲ့မနေဘဲ ဝိနိစ္ဆယဌာန၌နေလျက် အချိန်အခါအားလျော်စွာ နှိပ်ကွပ်ထိုက်သူတို့ကို နှိပ်ကွပ်ဆုံးမ၍ ချီးမြှောက်ထိုက် သူတို့ကို ချီးမြှောက်လေသည်။ ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးဌာနန္တရပေးထိုက်သူများကို ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးဌာနန္တရပေး၍ ချီးမြှောက်လေသည်။

ဤအတူပင် သုံးလောကထွတ်ထူး အောင်ပွဲမျိုးသခင် ဘုရားရှင်သည်လည်း မဟာဗောဓိမဏ္ဍိုင်၌ ရတော်မူအပ်သော သဗ္ဗညုတဉာဏ်၏ အာနုဘော်ဖြင့် တရားမင်း အဖြစ်သို့ ရောက်တော်မူပြီးနောက် အနုတ္တရဗုလသမာပတ်ချမ်းသာကို ခံစားတော်မူလျက် အေးအေးလူလူ ကြောင့်ကြမဲ့နေတော်မမူဘဲ ပရိသတ်လေးပါးတို့အလယ် တင့်တယ်စွာ ခင်းထားအပ်သော မြတ်သောဘုရားရှင်၏ နေရာတော်ဝယ် သီတင်းသုံးနေထိုင်တော် မူကာ တပည့်သာဝက၊ သာဝိကာများဖြစ်ကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာလေးပြာသော ပရိသတ်တို့အား တရားဓမ္မဟောပြတော်မူလျက် နှိပ်ကွပ်

ထိုက်သည့် ကိုယ်ကျင့်တရား မကောင်းသူများကို မြင်းမိုရ်တောင်ခြေရောက်အောင် ပစ်ချလိုက်သလို နှိပ်ကွပ်ဆုံးမတော်မူ၍ ချီးမြှောက်ထိုက်သည့် ကိုယ်ကျင့်တရား ကောင်းမွန်သူများကို ဘဝဂ်ဘုံရောက်အောင် ပင့်မြှောက်တင်ထားလိုက်သလို ချီးမြှောက်တော်မူပြီးလျှင် ဘွဲ့ထူး၊ ဂုဏ်ထူးပေး၍ တေဒဂ်ရာထူးဌာနန္တရ၌ ထားသင့်ထားထိုက်သော အရှင်အညာသိကောဏ္ဍညစသော သာဝကတို့ကို ဟုတ်မှန်စွာ မိမိသဘောအားဖြင့်ဖြစ်သော ဂုဏ်၏အစွမ်းဖြင့် ရာထူးဌာနန္တရတို့၌ထားတော်မူလျက်–

“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော”စသည်ဖြင့် ရွှေနှုတ်တော်လှစ်ဖွင့်၍ ချီးမြှင့်မြှောက်စားတော်မူလေသည်။

ဤသို့စကြဝတေးမင်းနှင့် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်တို့၏ လောကအကျိုးစီးပွား၊ သာသနာတော်အကျိုးစီးပွားကို ပြုကျင့်တော်မူကြခြင်း ဟူသော ပဝေဏီထုံးဥပဒေသကို နှလုံးသွင်းကြလျက် ရှေးရှေးသော သီဟိုဠ်မြန်မာ သာသနာပြုမင်းကောင်းမင်းမြတ်တို့သည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားတိုးတက်ရန် ရည်သန်ကြလျက် လောက၊ သာသနာနှစ်ဖြာလုံး၌ လွန်စွာအကျိုးများတော်မူကြသည့် စာတတ်၊ ပေတတ်၊ ကျမ်းတတ်အကျော်ဆရာတော်များနှင့် အချို့ပုဂ္ဂိုလ်များအား ကဝိစက္ကဝတ္တိဘွဲ့၊ ဇိဝိဿရသံဃရာဇာဘွဲ့၊ မဟာသာမိဘွဲ့၊ ဗုဒ္ဓသာသနမဟာသုရသောမတိဘွဲ့ စသော ဘွဲ့တံဆိပ်တော်များ၊ သုဓမ္မာလင်္ကာရဘွဲ့၊ သိရိမဟာစတုရင်္ဂဗလဘွဲ့၊ ရာဇဂုရုဘွဲ့၊ ရာဇာဓိရာဇဂုရုဘွဲ့စသော ဘွဲ့တံဆိပ်တော်များကို လှူဒါန်းဆက်ကပ်ခဲ့ကြလေသည်။ ဗြိတိသျှအစိုးရခေတ်မှာပင် တောင်ခွင်သာသနာပိုင်ဆရာတော်၏ တင်ပြချက်ကိုလိုက်လျောသောအားဖြင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ပေသည်။ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးသည့်နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမင်းတို့သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်နှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပူဇော်ခဲ့ကြလေသည်။

ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရမင်းတို့သည်လည်း ရှေးရှေးသော သာသနာပြုမင်းကောင်း၊ မင်းမြတ်တို့ကျင့်သုံးခဲ့သော ပဝေဏီထုံးဟောင်း အစဉ်အလာကောင်းကို လိုက်နာကျင့်သုံးသောအားဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ လမ်းများပြုပြင်ဖောက်လုပ်ခြင်း၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ခြင်းစသော တိုင်းပြုပြည်ပြုလုပ်ငန်းကြီးများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာတွင် တစ်ဖက်မှလည်း ဗုဒ္ဓမြတ်စွာသာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့လိုသော စေတနာပဏီဓိနှလုံးသွင်းရှိကြသဖြင့် သာသနာတော်အရှည်တည်တံ့၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်အောင် စွမ်းစွမ်းတမံ ရွက်ဆောင်တော်မူကြသည့် ပြည်တွင်းပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ဥပါသကာ,ဥပါသိကာမများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို လျှာဒ်နိုးဆက်ကပ်ပေးအပ်ချီးမြှောက်လျက် ဂုဏ်ပြုပူဇော်ပွဲကြီးကိုလည်း ထိုက်ထိုက်တန်တန် ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲကျင်းပပူဇော်ကြပေသည်။ ပြည်သူပြည်သား စေတနာရှင် ဒါယကာ, ဒါယိကာမအပေါင်းတို့ကလည်း ဝိုင်းဝန်းချီးမြှောက်ထောက်ပံ့ ပူဇော်ကြပေသည်။

ဤသို့ ပူဇော်သင့်ပူဇော်ထိုက်သော ပူဇာရဟပုဂ္ဂိုလ်တို့ကို ထိုက်ထိုက်တန်တန် ပူဇော်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့်တကွ စေတနာရှင် ဒါယကာ, ဒါယိကာမအပေါင်းတို့သည်-

ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ တိဏ္ဏသောကပရိဒ္ဒဝေ။
တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံသင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ-

ဟူသော ဒေသနာတော်အရ ဤရွေ့ဤမျှ ဂဏန်းချ၍ ဟောပြခြင်းငှာမတတ်နိုင်သော ပဋ္ဌာန်း တမလွန်နှစ်တန်သော အကျိုးတရားတို့ကို ရရှိခံစားကြရမည်ဖြစ်သည့်အပြင် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့အောင်၊ စည်ပင်ပြန့်ပွားထွန်းကား

တိုးတက်အောင် ဆောင်ရွက်ပြုစုကြသော သာသနာပြုမင်းကောင်းမင်းမြတ်များ၊ သာသနာပြုသူတော်ကောင်း ဥပါသကာ, ဥပါသိကာမများ ဖြစ်ကြပေသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် ရဟန်းတော်တို့က ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရမင်းများနှင့် ပြည်သူပြည်သား ဒါယကာ, ဒါယိကာမများက အာမိသာနုဂ္ဂဟဖြင့်လည်းကောင်း စုပေါင်းညီညာ ချီးမြှောက်ကြမှသာလျှင် အရှည်တည်တံ့၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်နိုင်ပေမည်။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်မှသာ ဗုဒ္ဓယဉ်ကျေးမှုနှင့် နီးနွယ်ဆက်စပ်လျက် တိုးတက်မြင့်မားလာခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း ရေမြင့်ကကြာတင့်သကဲ့သို့ အဖက်ဖက်မှ တိုးတက်မြင့်မားလျက် ခေတ်မီနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိပေလိမ့်မည်။

သို့ဖြစ်၍-

**သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ**

**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။ (ဣတိဝုတ်၊၂၇၀)**

သာဂါရာစ၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ခေါင်းဆောင် ရှေ့သွား (နိုင်ငံတော်အစိုးရအမှူးရှိသော)ဒါယကာ, ဒါယိကာမအများတို့သည်လည်းကောင်း။ အနဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်၌ ခေါင်းဆောင်ရှေ့သွား ဆရာတော်ဘုရားတို့သည်လည်းကောင်း။ ဥဘော၊ တိုင်းပြည်သာယာ သာသနာတိုးတက် တန်ခိုးလက်ဖို့ အဖက်ဖက်မှ မလစ်ရအောင် လုံ့လကြိုးကုတ် အားထုတ်ကြငြားနှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမည်မယွင်း အချင်းချင်းလျှင် မှီတင်းယှက်နွှဲ မြဲထက်မြဲအောင် လက်တွဲကြကုန်လျက်။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ကြောင်းမှန်သော၊ အနုတ္တရံ၊ အသာအလွန်မရှိ မြတ်ခေါင်ထိသော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ အာရာဓယန္တိ၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် မလစ့်ပုံသေ ပြီးစီးနိုင်ကြပါစေကုန်သတည်း-ဟု အာသီသပတ္ထနာ မေတ္တာပုဗ္ဗင်္ဂမဖြင့် ဩဝါဒကထာကို ဤမှာပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသတည်း။

## ၁၃၅၉–ခုနှစ်၊ တပေါင်းလပြည့်(၁၂၊၃၊၉၈)ကြာသပတေးနေ့ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲ အခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သမ္ဗောဓနီယဩဝါဒကထာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တေသကုဏာဇာတ် စတ္တာလီသ နိပါတ်တော်လာ "ပဂ္ဂဏှေ ပဂ္ဂဟာရဟံ = ချီးမြှောက်ရန် ထိုက်တန်သူကို ချီးမြှောက်ရမည်"ဟူသောကျမ်းဂန် ဒေသနာနှင့်အညီ ၁၃၅၉–ခုနှစ်၊ပြာသိုလဆန်း (၇)ရက်၊ (ခရစ်နှစ် ၁၉၉၈–ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်) တနင်္ဂနွေနေ့ လွပ်လပ်ရေးမင်္ဂလာအခါသမယတွင် အမိန့် ကြော်ငြာစာအမှတ် (၂/၉၈)ကို ထုတ်ပြန်၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွား ရေးကို လေးလေးစားစား စိတ်ဝယ်ထားလျက် ဘုရားမြွက်စွာ သာသနာတော် အကျိုးကို သယ်ပိုးရွက်ဆောင်ခြင်းဟူသော သာသနဟိတာဝဟဂုဏ်၊ ပရိယတ္တိ စာပေကျမ်းဂန်များကို သင်ကြားပို့ချမှုတာဝန်ကို ရွက်ဆောင်တော်မူခြင်းဟူသော ဂန္ထဓုရာဝဟဂုဏ်၊ သမထ၊ ဝိပဿနာ ဘာဝနာတရားပွားများအားထုတ်မှု ပဋိပတ် တာဝန်ကို ရွက်ဆောင်တော်မူခြင်းဟူသော ဝိပဿနာဓုရာဝဟဂုဏ်၊ ဒါယကာ, ဒါယိကာမအပေါင်းတို့ကို ယဉ်ကျေးလိမ္မာစေလျက် သာသနာစစ်၊သာသနာမှန်ကို သိရှိနိုင်ကြစေရန် မေတ္တာ၊ ကရုဏာရှေ့ထားကာဖြင့် ဒေသနာအဝဝ ဩဝါဒကထာ ချီးမြှောက်ကာဖြင့် သာသနာပြုတော်မူခြင်းဟူသော ဓမ္မာနုဂ္ဂဟဂုဏ်၊ ဗုဒ္ဓမြွက်စွာ

သာသနာတော်ကို အာမိသပစ္စည်း အသီးသီးတို့ဖြင့် အံ့ချီးဖွယ်ရာ ကြီးကျယ်စွာလှူ စေတနာကဲမောက် ချီးမြှောက်ထောက်ပံ့လျက် သာသနာပြုခြင်းဟူသောအာမိသာနုဂ္ဂဟဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူကြသည့် ပြည်တွင်း ပြည်ပ သာသနာ့ဦးသျှောင် ဆရာတော်ကြီး(၁၁၈)ပါး၊ သီလရှင်(၈)ပါး၊ ဥပါသကာ, ဥပါသိကာမ(၁၇)ယောက်တို့အား အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတစသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဝမ်းမြောက်ရွှင်လန်း လှူဒါန်းကြောင်း ကြေငြာလျက် စေတနာရှင် ပြည်သူအပေါင်း သူတော်ကောင်းတို့နှင့် စုပေါင်းလက်တွဲကာ သာသနာတော် ၂၅၄၁–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၉–ခုနှစ်၊ တပေါင်းလပြည့်၊ ဤယနေ့ဝယ် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ဤမဟာဓမ္မသဘင်ကြီးကို ဆင်ယင်ကျင်းပလျက် အာမိသပူဇာ၊ ဓမ္မပူဇာ ဤနှစ်ပြာ တို့ဖြင့် သဒ္ဓါကော်ရော် ပူဇော်ချီးမြှောက်ကြသည့် ပုဇနီယပူဇာ မင်္ဂလာကုသိုလ်ထူးကို ဆည်းပူးအားထုတ်ကြပေသည်။

ဤသို့ အံ့ဖွယ်ရှစ်ပြာ ပြည့်စုံပါသော သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့စေရန်၊ စည်ပင်ပြန့်ပွား ထွန်းကားစေရန် ထက်သန်သောစေတနာဖြင့် သဒ္ဓါကော်ရော် ပူဇော်ချီးမြှောက် ထောက်ပံ့ခြင်းသည်–

‘‘ယာဝကီဝဉ္စ အာနန္ဒ ဝဇ္ဇီနံ အရဟန္တေသု ဓမ္မိကာ ရက္ခာဝရဏဂုတ္တိ သုသံဝိဟိတာ ဘဝိဿတိ၊ ‘ကိန္တိ အနာဂတာ စ အရဟန္တော ဝိဇိတံ အာဂစ္ဆေယျုံ၊ အာဂတာ စ အရဟန္တော ဝိဇိတေ ဖာသုံ ဝိဟရေယျုံ’န္တိ၊ ဝုဒ္ဓိယေဝ အာနန္ဒ ဝဇ္ဇီနံ ပါဋိကင်္ခါ နော ပရိဟာနိ’’

‘‘အာနန္ဒာ… ဝဇ္ဇီမင်းတို့သည် ဝဇ္ဇီတိုင်းသို့ မကြွလာကြသေးသောရဟန္တာ တို့ကြွလာအောင်၊ ကြွလာပြီးသော ရဟန္တာတို့ ဝဇ္ဇီတိုင်း၌ ချမ်းသာစွာနေကြရအောင် ရဟန္တာတို့အပေါ်၌ တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကို

ကောင်းစွာစီမံပေးနေသမျှ ကာလပတ်လုံး ဝဋ္ဋိမင်းတို့အဖို့ ကြီးပွားတိုးတက်ရန်သာ ရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ”ဟူသော ရာဇအပရိဟာနိယ တရားလမ်းကြောင်းကို မစောင်းမတိမ်း ထိန်းသိမ်းလိုက်နာ ကောင်းစွာအသင့် ပြုကျင့်နေသည်သာ ဖြစ်သောကြောင့် မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖို့လည်းကောင်း ကေန်မုချကြီးပွားတိုးတက်ရန်သာ ဖြစ်ပေသည်။

ဤမျှသာမကသေး။ ယနေ့ပြုရသည့်ဂုဏသိဋ္ဌပူဇာ မင်္ဂလာသဘင်ကြီးသည်

**“ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ”**

“အာနန္ဒာ...ငါဘုရားသည် သင်တို့အား အကြင်ဓမ္မဝိနယကို ဟောကြား ပညတ်အပ်ပြီ။ ထိုဓမ္မဝိနယသည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ၌ သင်တို့၏ဆရာဘုရားပဲ”ဟု ကိုယ်တော်၏အရာမှာထားခဲ့သော ဓမ္မဝိနယကို ထမ်းဆောင်တော်မူကြသည့် ဆရာတော်ကြီးများကို ပူဇော်ရာဝယ် ထိုဆရာတော်ကြီးများ၏ သန္တာန်၌တည်ရှိသည့် ဘုရားအရာ၌တည်သော ဓမ္မစေတီတည်းဟူသော ဗုဒ္ဓရတနာကို ပူဇော်သည့် ပူဇော်ပွဲလည်း ဖြစ်ပါသည်။ ထိုဓမ္မကွန္ဓာ တရားရတနာ ဟူသော ဓမ္မရတနာကို ပူဇော်သည့် ပူဇော်ပွဲလည်း ဖြစ်ပါသည်။ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက-စသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများ အမျှုးရှိသော သံဃာရတနာကို ပူဇော်သည့် ပူဇော်ပွဲလည်း ဖြစ်ပါသည်။

ဤသို့ တစ်လောကလုံး၌ အမြတ်ဆုံးဖြစ်တော်မူသော ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သုံးပြာရတနာတို့ကို သဒ္ဓါကော်ရော် ပူဇော်ကြသော ရတနတ္တယပူဇာ မင်္ဂလာကောင်းမှု အစုစုတို့ကြောင့်-

**အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။**
**အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ။**
**အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော။**
**ဒေဝဘူတော မနုဿော ဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။** (အံ၊၁၊၃၄၄)

ဟူသော အဂ္ဂပ္ပသာဒသုတ်လာ ဒေသနာတော်နှင့်အညီ ကြီးကျယ်မြင့်မြတ်သော ကုသိုလ်တရားများ တိုးပွားပြီးလျှင် မြတ်သော အသက်ရှည်ခြင်း၊ ကိုယ်ရေအဆင်း လှပခြင်း၊ အခြွေအရံပေါ်များခြင်း၊ ကောင်းသောဂုဏ်သတင်းကျော်စောခြင်း၊ ကိုယ်စိတ်နှစ်ပြာ ချမ်းသာခြင်း၊ ကိုယ်အားဉာဏ်အားကြီးမားခြင်းစသော အကျိုးများ တိုးပွားပြစ်ထွန်းလျက် မြတ်သောပုဂ္ဂိုလ်၏ဖြစ်ကြောင်း အကောင်းမြတ်ဆုံးဖြစ်သော မဂ်ဖိုလ်တရားထူးသို့ ဆိုက်ရောက်ကာ လွန်စွာရွှင်လန်း ဝမ်းမြောက်ကြရမည် ကေန်ဖြစ်ပေသည်။

ထို့ကြောင့် ဤယနေ့ပြုကြသည့် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာကုသိုလ်ထူးသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး အရှည်ခိုင်၍ တည်တံ့ကြောင်း၊ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်ကြောင်းလည်း ဖြစ်ပါပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြီးနှင့်တကွ နိုင်ငံတော်သူ၊ နိုင်ငံတော်သားတို့၏ ကြီးပွားတိုးတက်ကြောင်းလည်း ဖြစ်ပါပေသည်။ ငါတို့အတွက် တမလွန်ဘဝအဆက်ဆက်တို့၌လည်း အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြွေအရံများခြင်း၊ ကျော်စောခြင်း၊ ချမ်းသာခြင်း၊ ခွန်အားပြည့်ဝခြင်း စသောအကျိုးတရားများ တိုးပွားရုံမျှမက အမြတ်ဆုံးဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ပင် လျင်မြန်ထုတ်ချောက် ဆိုက်ရောက်နိုင်ကြောင်း ဖြစ်ပါပေသည်ဟု နစ်နစ်နှောနှော သဘောမိမိ ပိုင်နိုင်စွာသိကြ၍ အနုသယတိဘာဝနာတရား ပွားများ ကြိုးကုတ် အားထုတ်ကြကာ ဝိပဿနာတရားအလျဉ်သို့ အစဉ်ဆိုက်ရောက်လျက် မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်ကြ၍ ရာဂစသီး တစ်ဆယ့် တစ်မီးတို့ အငြိမ်းတိုင်ငြိမ်းကြပါစေသော်ဟု အာသိသပတ္ထနာပြုလျက် ဩဝါဒကထာကို ဤမှာပင် ကမ္မတ်ပုံး၍ နိဂုံးချုပ်အပ်ပါသည် သဗ္ဗရိသန္ဓယ်ဝင် သူတော်စင်အပေါင်းတို့။

# မကွေးတိုင်းအတွင်းရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ ဂုဏာဝိသိဋ္ဌပူဇာသဘင်၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ

မကွေးတိုင်းအတွင်း၌ သီတင်းသုံးတော်မူကြတဲ့ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များကို မကွေးတိုင်း၊ တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌကြီး ဦးဆောင်၍ တ.ဝ.တအဖွဲ့၊ ခ.ဝ.တအဖွဲ့၊ မ.ဝ.တအဖွဲ့များနှင့် တိုင်းအတွင်းရှိ သူတော်စင် ဒကာ,ဒကာမအများ စုပေါင်းကျင်းပပြုလုပ်ကြတဲ့ ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကြီးမှာ ဆရာတော်ဘုရားကြီးများရဲ့ကိုယ်စား ဩဝါဒသာရဏီယ စကားပြောကြားခွင့်ရတဲ့အတွက် လွန်စွာဝမ်းမြောက်ပါတယ်။

ဘွဲ့ထူး၊ဂုဏ်းထူးဆက်ကပ်ချီးကျူးမှုပူဇော်မှုနှင့်ပတ်သက်ပြီး အစဉ်အလာ သမိုင်းကြောင်းကိုပြောရလျှင် ဘုရားရှင်လက်ထက်တော်မှ စတယ်လို့ ပြောရပါလိမ့်မယ်။ ရှင်တော်မြတ်ဘုရားက မိမိရဲ့သာသနာတော်မှာ ပါရမီအလျောက် ထူးချွန်လာတဲ့ပုဂ္ဂိုလ်များကို “**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိ ကောဏ္ဍညော**”ည့်အပိုင်းအခြားကို သိကြကုန်သော ငါဘုရား၏ တပည့်ရဟန်းတို့တွင် အညာသိကောဏ္ဍညသည် အမြတ်ဆုံးအသာဆုံး ဖြစ်သည်။“**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော**” ကြီးကျယ်သော ပညာရှိကြတဲ့ ငါဘုရား၏တပည့်ရဟန်းတို့တွင် သာရိပုတ္တရာသည် အမြတ်ဆုံး၊အသာဆုံးဖြစ်သည်– စသည်ဖြင့် ဧတဒဂ်ဘွဲ့ထူး၊ ဂုဏ်ထူးဖြင့် ချီးကျူးမြှောက်စားတော်မူခဲ့ပါတယ်။

သာသနာတော်မှာ ထူးချွန်တဲ့ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်များကို ဘုရင်ချီးကျူးမြှောက်စားတော်မူခဲ့သည်အားလျော်စွာ ရှေးရှေးသောသာသနာပြုမင်းကောင်းမင်းမြတ်များလဲပဲ သာသနာတော်မှာ ပရိယတ်ကျမ်းဂန်တတ်မြောက်ကျော်ကြားထင်ရှားတဲ့ ဆရာတော်များကို အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ရာဇဂုရုဘွဲ့တံဆိပ်တော်စတဲ့ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ကျောင်းတိုက်တော်ကြီးများ တည်ဆောက်ကိုးကွယ်ခဲ့ကြပါတယ်။ ဗြိတိသျှအစိုးရလက်ထက်မှာပင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့ပါတယ်။ မြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီးတဲ့ ယခုခေတ်မှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဆက်ဆက်တို့ဟာ ပရိယတ်ကျမ်းဂန်တတ်မြောက်ကျွမ်းကျင်၍ ထင်ရှားကျော်ကြားတဲ့ သီလဝန္တသိက္ခာကာမဆရာတော်များကို အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခဲ့ကြပါတယ်။

ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်မှာတော့ ရှေးကနှင့်မတူဘဲ သာသနာတော်ကို ထူးထူးခြားခြား ချီးမြှောက်လိုတဲ့အတွက် ဘွဲ့တံဆိပ်တော်အသစ်များ တီထွင်ပြီး ထူးထူးခြားခြား ချီးမြှောက်ပူဇော်ခဲ့ပါတယ်။

ရှေးကတော့ ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ် တတ်မြောက်ကျွမ်းကျင်၍ စာပေကျမ်းဂန်ပို့ချပြီး ပရိယတ်သာသနာတော်ကို ချီးမြှောက်တော်မူကြတဲ့ ပရိယတ်ဝန်ဆောင်ဆရာတော်ဘုရားကြီးများကိုသာ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခဲ့ပါတယ်။

ယခုတော့ ပဌမစာချ၊ ဒုတိယစာချ၊ တတိယစာချဆရာတော်များ၊ ပဋိပတ်ဝန်ဆောင် ကမ္မဋ္ဌာနာစရိယဆရာတော်များ၊ ဓမ္မကထိကဆရာတော်များ၊ အခြား သာသနာပြုဆရာတော်များကိုပါ ထိုက်သင့်သည့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခဲ့ပါတယ်။

သာပြီးထူးခြားတာကတော့ ဘုရားရှင်လက်ထက်တော်အခါက ထူးချွန်သော ရဟန်းသာမက ထူးချွန်သောရဟန်းမိန်းများ၊ ဥပါသကာ= အမျိုးသားများနှင့် ဥပါသိကာ= အမျိုးသမီးများကိုပါ တေဒဂ်ဘွဲ့ထူးဖြင့် ဘုရားရှင်ချီးကျူးမြှောက်စား တော်မူသလို ယခု န.ဝ.တအစိုးရကလဲ ရဟန်းတော်များသာမက စာပေပို့ချပြီး ပရိယတ္တိသာသနာတော်ကို စောင့်ရှောက်နေကြတဲ့ စာတတ်ပေတတ် သီလရှင်ဆရာ ကြီးများ၊ သာသနာတော်ကို ထူးထူးခြားခြား ချီးမြှောက်ထောက်ပံ့နေကြတဲ့ လူဥပါသကာ,ဥပါသိကာမများကိုပါ ထိုက်သင့်သည့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခဲ့ပါတယ်။

ယခုလို ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ဆက်ကပ်ခံရ၊ အပူဇော်ခံရတဲ့ မကွေးတိုင်း အတွင်း သက်တော်ထင်ရှားရှိတဲ့ ဆရာတော်များမှာ –

| | | |
|---|---|---|
| (၁) | အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရဆရာတော် | (၁)ပါး |
| (၂) | အဂ္ဂမဟာပဏ္ဍိတ ။ | (၂၀)ပါး |
| (၃) | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ။ | (၅)ပါး |
| (၄) | မဟာဂန္ထဝါစကပဏ္ဍိတ ။ | (၂)ပါး |
| (၅) | အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ။ | (၁)ပါး |
| (၆) | မဟာသဒ္ဓမ္မဇောတိကဓဇ ။ | (၁)ပါး |

စုစုပေါင်း အပါးရေ (၃၀) ပါးရှိပါတယ်။

အဲဒီအပါးရေ (၃၀)ရှိဆရာတော်ကြီးများကို ယနေ့ မကွေးမြို့ မြို့တော်ခန်းမ ကြီးမှာ မကွေးတိုင်း တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်သောင်း ဦးဆောင်တဲ့ တ.ဝ. တ အဖွဲ့၊ မကွေးတိုင်းအတွင်းရှိ ခ.ဝ.တ အဖွဲ့များ၊ မကွေးတိုင်း (၂၅) မြို့နယ်မှ မ.ဝ.တ အဖွဲ့များနှင့် တိုင်းအတွင်းရှိ ဒကာ, ဒကာမများ စုပေါင်းပြီး ထူးမြတ်သော ဂုဏ်ပူဇာမဟာမင်္ဂလာသဘင်ကြီး ဆင်ယင်ကျင်းပပူဇော်ကြရတာဟာ လွန်စွာဝမ်းမြောက်ဖွယ်ကောင်းပါတယ်။

ယခုလို ပူဇော်သင့်၍ ပူဇော်ထိုက်တဲ့ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ၊ အဂ္ဂမဟာဂန္ထဝါစက

ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများကို အာမိသပူဇာ၊ ဓမ္မပူဇာ ဤနှစ်ပြာတို့ဖြင့် ကောင်းစွာ ကော်ရော် ပူဇော်လိုက်ကြရခြင်းသည် "ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ" ဟူသောဒေသနာတော်နှင့်အညီ ပစ္စုပ္ပန်၊ တမလွန်နှစ်တန်လုံးမှာ ကြီးပွားတိုးတက်ကြောင်း ကောင်းမြတ်တဲ့မင်္ဂလာ ဖြစ်ပါတယ်။

ယခု အပူဇော်ခံကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများသည် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တဂုဏ်၊ ဗဟုဿုတ၊ အာဂတာဂမ၊ ဓမ္မဓရ၊ ဝိနယဓရ၊ မာတိကာဓရဂုဏ်၊ ဂန္ထကာရကဂုဏ် စသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကြသည့်အပြင် သာသနာတော်အရှည်ခံ၍ တည်တံ့အောင်၊ သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်အောင် နိကာယ်ငါးရပ် ပိဋကတ်ကျမ်းများကို တပည့်သံဃာရဟန်းများစွာတို့အား သင်ကြားပို့ချလျက် သာသနာတော်ကြီးကို ရှေ့သောက်မြစ်ကစပြီး ပြုစုတော်မူနေကြတဲ့ သာသနာပြုပုဂ္ဂိုလ်ကြီးများ ဖြစ်တော်မူကြပါတယ်။

ဤဆရာတော်ကြီးများလို နိကာယ်ငါးရပ် ပိဋကတ်ကျမ်းဂန် တတ်မြောက်ကျွမ်းကျင်တော်မူကြတဲ့ ဆရာတော်တွေက နိကာယ်ငါးရပ် ပိဋကတ်ကျမ်းဂန်များကို မပို့ချကြလျှင် ဘုရားဟောပါဠိတော်တွေ အမြစ်ပြတ်ပြီး သာသနာတော်ကြီး ကွယ်ပျောက်သွားမည်ဖြစ်တဲ့အကြောင်းကို ဘုရားရှင်က တတိယသဒ္ဓမ္မသမ္မောသသုတ်၌ -

ပုန စ ပရံ ဘိက္ခဝေ ယေ တေ ဘိက္ခူ ဗဟုဿုတာ အာဂတာဂမာ ဓမ္မဓရာ ဝိနယဓရာ မာတိကာဓရာ၊ တေ သက္ကစ္စံ သုတ္တန္တံ ပရံ ဝါစေန္တိ၊ တေသံ အစ္စယေန ဆိန္နမူလကော သုတ္တန္တော ဟောတိ အပ္ပဋိသရဏော၊ အယံ ဘိက္ခဝေ တတိယော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ- စသည်ဖြင့်ဟောတော်မူခဲ့ပါတယ်။ (အံ၊ ၂၊ ၁၅၇)

အဓိပ္ပါယ်အကျဉ်းကတော့– အကြားအမြင်များတဲ့ ဗဟုသုတဂုဏ်၊ အာဂုံ ပါဠိနှုတ်တက်တဲ့ အာဂတာဂမဂုဏ်၊ သုတ်အဘိဓမ္မာကိုဆောင်နိုင်တဲ့ ဓမ္မဓရဂုဏ်၊ ဝိနည်းကိုဆောင်နိုင်တဲ့ ဝိနယဓရဂုဏ်၊ မာတိကာကိုဆောင်နိုင်တဲ့ မာတိကာဓရ ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြတဲ့ ရဟန်းတော်များက ဘုရားဟောဖော် ပါဠိတော်များကို ရှိရှိသေသေ၊ ကောင်းကောင်းမွန်မွန် သူတစ်ပါးကို မပို့ချကြလျှင် ထိုရဟန်းတော်များ ကွယ်လွန်သွားကြတဲ့အခါ ဘုရားဟောဖော်ပါဠိတော်များဟာ အမြစ်ပြတ်ပြီး ထောက် တည်ရာမရှိတော့ဘူးတဲ့။ ဒါဟာ သာသနာကွယ်ကြောင်းတရားပဲတဲ့။

အကြားအမြင်များတဲ့ ဗဟုသုတစသောဂုဏ်တွေနှင့် ပြည့်စုံတော်မူကြတဲ့ ရဟန်းတော်များက ဘုရားဟောဖော် ပါဠိတော်များကို ရှိရှိသေသေ၊ ကောင်းကောင်း မွန်မွန် သူတစ်ပါးကို ပို့ချနေကြလျှင် ထိုရဟန်းတော်များ ကွယ်လွန်သွားကြတဲ့အခါ ဘုရားဟောဖော် ပါဠိတော်များ အမြစ်မပြတ်ဘဲ ထောက်တည်ရာ ရှိနေခဲ့တယ်။ ဒါဟာ သာသနာတည်တံ့ဖို့ သာသနာမပျောက်ပျက်၊ မကွယ်ပဖို့အကြောင်းဘဲလို့ ဆိုလိုပါတယ်။

ဒို့ကြောင့် ပရိယတ်ကျမ်းဂန်စာပေတွေကို သင်ကြားပြသပို့ချတော်မူ နေကြတဲ့ ဒီဆရာတော်ဘုရားများကို သာသနာတော်ကို အခြေအမြစ်ကစပြီး ပြုစုတော်မူနေကြတဲ့ သာသနာပြုပုဂ္ဂိုလ်များ ဖြစ်တော်မူကြတယ်လို့ ဆိုရပါတယ်။

ဤမျှသာမက ဤဆရာတော်ကြီးများသည် သာသနာတော်ရဲ့ ဘေးရန် အန္တရာယ်တစ်စုံတစ်ရာ ပေါ်ပေါက်လာတဲ့အခါမှာလည်း ရှေ့တန်းကနေပြီး သာသနာ့ ဘေးရန် အတန်တန်ကို တွန်းလှန်တိုက်ဖျက်လျက် သာသနာတော်ကြီးကို ဝိတဏ္ဍာဝါဒီတို့ရဲ့ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တော်မူနေကြတဲ့ သာသနာစောင့်ပုဂ္ဂိုလ်မြတ်ကြီးများလည်း ဖြစ်တော်မူကြပါတယ်။

ထင်ရှားအောင်ပြောရလျှင် ဂိုဏ်းပေါင်းစုံသံဃာညီညွတ်ရေး မရသေး၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မပေါ်ပေါက်မီက သာသနပစ္စတ္ထိက ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်တွေ ဟောပြောရေးသားနေကြတဲ့ ကျောက်သဘော်ဝါဒ၊ လူသေလူဖြစ်ဝါဒ၊

ရွှေအဘိဓမ္မာဝါဒ၊ တုံးနာမ်တိုင်နာမ်ဝါဒ၊ ထွန်တုံးလက်ကျန်ဝါဒစတဲ့ သာသနာ့ဘေးရန် အန္တရာယ်တွေကို ရှေ့တန်းမှနေ၍ တွန်းလှန်တိုက်ဖျက်တော်မူခဲ့ကြတဲ့ ဆရာတော်တွေ ဤပူဇော်ပွဲကြီးမှာ အထင်အရှားပါဝင်တော်မူကြပါတယ်။

ဤဆရာတော်ဘုရားတွေထဲမှာ အချို့,အချို့ဆရာတော်ဘုရားများသည် ဘုရားဟောပါဠိတော်တွေကို မလေ့လာ၊ မကြည့်ရှုနိုင်တဲ့ ရဟန်းရှင်လူတို့ ကြည့်ရှုလေ့လာနိုင်ရန် ကျမ်းဂန်အမျိုးမျိုး ရေးသားပြုစုပြီး အသိဉာဏ်အလင်းရောင်ပေးနေတော်မူကြတဲ့ ဂန္ထကာရကကျမ်းပြုပုဂ္ဂိုလ်ကြီးများလည်း ဖြစ်တော်မူကြပါတယ်။

ဤသို့သော ဂုဏ်ကျေးဇူးအမျိုးမျိုးနှင့် ပြည့်စုံတော်မူကြသောကြောင့် ဤပူဇော်ပွဲကြီးသို့ အပူဇော်ခံကြွရောက်တော်မူလာကြတဲ့ ဆရာတော်ဘုရားကြီးများသည် ပူဇော်သင့်၊ ပူဇော်ထိုက်တဲ့ ပူဇနိယပုဂ္ဂိုလ်ကြီးများ ဖြစ်တော်မူကြပါတယ်။

ဒီလို ပူဇော်သင့်၊ ပူဇော်ထိုက်တဲ့ ဂုဏ်တော်တွေကို ဟုတ်မှန်တဲ့အတိုင်း သိမြင်ကြလို့ နိုင်ငံတော်အစိုးရအဆက်ဆက်တို့က ဘွဲ့တံဆိပ်တော်များ လျှောက်နှီးဆက်ကပ်လျက် အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ထိုက်ထိုက်တန်တန် ပူဇော်ခဲ့ကြခြင်း ဖြစ်ပါတယ်။

ယခုလဲ မကွေးတိုင်း တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်သောင်း ဦးဆောင်သော မကွေးတိုင်းအတွင်းရှိ ဒကာ,ဒကာမ သူတော်စင်အပေါင်းတို့ကလဲ ဒီဂုဏ်တွေကို သိကြလို့ ဂုဏ်တော်နှင့်လျော်အောင် ထပ်ဆင့်ပူဇော်ကြတဲ့ ဤထူးမြတ်သော ဂုဏပူဇာမဟာမင်္ဂလာသဘင် ဆင်ယင်ကျင်းပကြခြင်းဖြစ်ပါတယ်။

ဒီပူဇော်ထိုက်တဲ့ ဂုဏ်တော်တွေကို မသိကြလျှင် ဘယ်မှာပူဇော်နိုင်ကြမလဲ-

ဂုဏာ ဂုဏညုသု ဂုဏာ ဘဝန္တိ၊
တေ နိဂ္ဂုဏံ ပါပျ ဘဝန္တိ ဒေါသာ။
အသာဒတောယာ ပဘဝန္တိ နဒျော၊
သမုဒ္ဒ မာသဇ္ဇ ဘဝန္တျ ပေယျာ-လို့ နီတိကျမ်းမှာ ဆိုထားပါတယ်။

ဂုဏာ၊သီလ,သမာဓိ,ပညာစသော ကောင်းမြတ်သောဂုဏ်တို့သည်။ ဂုဏညူသု၊ ဂုဏ်ကိုသိကြကုန်သော ပုဂ္ဂိုလ်တို့၌။ ဂုဏာ ဘဝန္တိ၊ ကောင်းဂုဏ်တွေ ဖြစ်၍ နေကြပါပေကုန်၏။ တေ ဝေ၊ ထိုကောင်းမြတ်သော သီလ, သမာဓိ, ပညာ စသောဂုဏ်တို့သည်ပင်လျှင်။ နိဂ္ဂုဏံ ၊ ကျေးဇူးဂုဏ်တစ်စုံတရာမရှိသူသို့။ ပါပျ၊ ရောက်ခဲ့သည်ရှိသော်။ ဒေါသာ ဘဝန္တိ ၊ ဂုဏ်တွေမဖြစ် အပြစ်တွေသာဖြစ်၍ နေကြလေကုန်တော့၏။ နဒျော၊ မြစ်တို့သည်။ အသဿာဒတောယာ၊ သာယာချိုမြိန်သော ရေရှိကြကုန်သည်ဖြစ်၍။ ပဿဝန္တိ စီးဆင်း၍နေကြလေကုန်၏။ တာဝေ၊ ထိုချိုမြိန်သော မြစ်ရေတို့သည်ပင်လျှင်။ သမုဒ္ဒံ၊ ဆားငန်ရေအတိရှိနေသော သမုဒ္ဒရာသို့။ အာသဇ္ဇ၊ ရောက်ကြသည်ရှိသော်။ အပေယျာ၊ မသောက်အပ်, မသောက်ထိုက်, မသောက် ကောင်းကုန်သည်(ဝါ) သောက်၍ မဖြစ်တော့ကုန်သည်။ဘဝန္တိ ၊ ဖြစ်ကြရလေကုန်၏။

သီလ၊ သမာဓိ၊ ပညာစတဲ့ ကောင်းမြတ်တဲ့ဂုဏ်တွေဟာ ဂုဏ်ကိုသိသော ပုဂ္ဂိုလ်တို့ထံမှာတော့ ကောင်းတဲ့ဂုဏ်တွေသာ ဖြစ်နေကြပါတယ်တဲ့။ အဲဒီကောင်း မြတ်တဲ့ သီလ၊ သမာဓိ၊ ပညာစတဲ့ ကောင်းမြတ်တဲ့ ဂုဏ်တွေပင်လျှင် ဂုဏ်မရှိတဲ့ ပုဂ္ဂိုလ်တို့ထံ ရောက်သွားလျှင် ကောင်းတဲ့ဂုဏ်တွေမဖြစ်တော့ဘဲ အပြစ်တွေသာ ဖြစ်ကုန်တော့တယ်တဲ့။

ဤပူဇော်ပွဲကြီးသို့ အပူဇော်ခံကြွရောက်တော်မူလာကြတဲ့ ဆရာတော် ဘုရားကြီးတွေမှာ သီလ၊ သမာဓိ၊ ပညာစတဲ့ ဂုဏ်တွေရှိတယ်။ အဲဒီဂုဏ်တွေဟာ ဂုဏ်ကိုသိတဲ့ပုဂ္ဂိုလ်တွေအဖို့ ကောင်းမြတ်တဲ့ ဂုဏ်တွေဖြစ်ပြီး ဒီဂုဏ်တွေကို ပူဇော်နိုင်ကြတယ်။

ဂုဏ်မရှိတဲ့ပုဂ္ဂိုလ်တွေကတော့ ဒီဂုဏ်တွေကို ဂုဏ်လို့မသိကြဘူး။မသိကြတဲ့ အတွက် ဒီဂုဏ်တွေဟာ အဲဒီဂုဏ်မရှိသူ၊ ဂုဏ်မသိသူတွေအဖို့ ကောင်းတဲ့ဂုဏ်တွေ မဖြစ်တော့ဘဲ အပြစ်တွေသာဖြစ်ကုန်ရတယ်တဲ့။ ဒီဂုဏ်တွေကို ဂုဏ်မရှိသူ၊ ဂုဏ် မသိသူတွေက မပူဇော်နိုင်ကြဘူးတဲ့။

ဥပမာပြရလျှင် မြစ်တွေဟာ သာယာချိုမြိန်တဲ့ ရေတွေစီးဆင်းနေပါတယ်။ အဲဒီသာယာချိုမြိန်တဲ့ မြစ်ရေတွေဟာ ဆားငန်ရေအတိပြီးတဲ့ သမုဒ္ဒရာထဲ ရောက်သွားတော့ သောက်လို့မဖြစ်တော့သလိုပါပဲတဲ့။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရတို့ဟာ ဆရာတော်တွေရဲ့ ဂုဏ်ကိုသိပြီး အဲဒီဂုဏ်တွေကို ပူဇော်ခဲ့ကြတယ်။ မကွေးတိုင်း ဒကာ,ဒကာမတွေကလည်း အဲဒီဂုဏ်တွေကို သိပြီးတော့ ထပ်ဆင့်ပူဇော်ပွဲကြီး ကျင်းပကြတယ်။

ဘုရားရှင်ကလည်း ချီးကျူးထိုက်သူကို ချီးကျူးဖို့ ပါသာဒိကသုတ်မှာ "ငါ့ရှင်... သို့ကလောက် အနက်မှန်ကိုသိနိုင်၊ သဒ္ဒါကိုလည်း သိနိုင်သော သင်ကဲ့သို့သော သီတင်းသုံးဖော်ကို တွေ့မြင်ကြရတဲ့ ငါတို့မှာ အရတော်ပါပေစွဟု ပြောဆိုရမည်"လို့ ဟောတော်မူခဲ့တယ်။ အဋ္ဌကထာဆရာကလည်း "ဧဝံ ဧတံ ဘိက္ခု ပသံသထ"ဤအတိုင်း အဲဒီဗဟုသုတရဟန်းကို ချီးမွမ်းရမည်-တဲ့။

"**သော တိ ဘိက္ခု န တုမှာကံ သာဝကော နာမ၊ ဗုဒ္ဓေါနာမ သော စုန္ဒာတိ**"

စုန္ဒ... အဲဒီ ဗဟုသုတရဟန်းသည် သင်တို့ရဲ့ တပည့်သာဝကမဟုတ်၊ အဲဒီ ဗဟုသုတရဟန်းသည် ဗုဒ္ဓမည်၏-တဲ့။

"**ဣတိ ဘဂဝါ ဗဟုသုတံ ဘိက္ခုံ အတ္တနော ဌာနေ ဌပေသိ**"

ဤသို့ ဤပုံ မြတ်စွာဘုရားသည် ဗဟုသုတရဟန်းကို ကိုယ်တော်၏ အရာ၌ ထားတော်မူပြီလို့ ဖွင့်ပြပါတယ်။

အဘယ့်ကြောင့် ဗဟုသုတရဟန်းကို ဗုဒ္ဓမည်၏ဟု မိန့်တော်မူသလဲဆိုတော့-

"**ပရိယတ္တိဓမ္မသ သတ္ထုကိစ္စကရဏတော တတ္ထ စသ သမ္မဒေဝ အဝဋ္ဌိတဘာဝတော ဗုဒ္ဓေါနာမ သောတိ ဝုတ္တော**"

ပရိယတ္တိတရားတော်သည် ဘုရားကိစ္စကို ပြုတတ်သည်။ ထိုရဟန်းကလည်း ထိုပရိယတ္တိတရား၌ ကောင်းစွာတည်နေသည်။ ထို့ကြောင့် ထိုဗဟုသုတရဟန်းကို ဗုဒ္ဓမည်၏ဟု မိန့်တော်မူရကြောင်း ဋီကာဆရာဖွင့်ပြတော်မူပါသည်။

ယခုပြောပြခဲ့တဲ့အတိုင်း ဘုရားရှင်က ကိုယ်တော့်အရာ၌ထား၍ ချီးကျူးတော်မူအပ်သော ဗဟုဿုတ၊ အာဂတာဂမစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ဆရာတော်ဘုရားကြီးများကို ဒါတို့ပူဇော်ကြရခြင်းသည် ဒါတို့အတွက် အလွန်ကောင်းမြတ်သော လာဘ်ကြီးတစ်ခု ဖြစ်ပါပေသည်။ ဒါတို့မှာ လွန်စွာအရေတော်ပါ ပေစွဟု နှလုံးသွင်းပြီး ထက်သန်သော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ဝမ်းမြောက်ဝမ်းသာ ပူဇော်ကြကုန်ရာသည်။

ဒကာ၊ဒကာမတို့က ထက်သန်သော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် အားပါးတရ ပူဇော်ကြသည်ကို ထောက်ထားငဲ့ညှာ၍ ဆရာတော်များဘက်ကလည်း သာသနာတော်မြတ်ကြီး ရှေးကထက် ဆတက်ထမ်းပိုး တိုးတက်စည်ကား ပြန့်ပွားအောင် ဆရာ၊ ဒကာ လက်တွဲဆောင်ရွက် သွားနိုင်ကြပါစေလို့ အာသိသပတ္ထနာဂါထာဖြင့် နိဂုံးအုပ်ပါတော့မည်။

သာဂါရာ အနဂါရာ စ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တု သဒ္ဓမ္မံ၊
ယောဂက္ခေမ မနုတ္တရံ။ (ဣတိဝုတ်၊၂၇၀)

သာဂါရာ စ၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ခေါင်းဆောင်ရှေ့သွား လူကြီးများတို့သည်လည်းကောင်း။ အနဂါရာစ၊ အိမ်ရာမထောင် သာသနာ့ဘောင်၌ ခေါင်းဆောင်ရှေ့သွား ဆရာတော်ဘုရားတို့သည်လည်းကောင်း။ ဥဘော၊ လူထုထိပ်ခေါင် ခေါင်းဆောင်ရှေ့သွား ဆရာ၊ဒကာ နှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ ကိုင်းကိုကျွန်းမှီ ကျွန်ကိုင်းမှီသို့ ပမည်မယွင်း အချင်းချင်းလျှင် မှီတင်းယှက်နွှဲ မြဲထက်မြဲအောင် လက်တွဲကြကုန်လျက်၊ ယောဂက္ခေမံ၊ ယောဂလေးဖြာ ကုန်ရာကုန်ကြောင်းဖြစ်သော။ အနုတ္တရံ၊ အတုမရှိ မြတ်ခေါင်ထိသော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီးကို။ အာရာဓယန္တု၊ ယခုနောက်သား အကျိုးများအောင် စွမ်းအားရှိသလောက် ကူပင့်ထောက်၍ ပြီးမြောက်စေနိုင်ကြပါစေကုန်သတည်း။

## ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၁)ရက်ကြာသပတေးနေ့ ရေစကြိုမြို့၊ အောင်မြေသာယာသူဌေးတိုက်တွင် ကျင်းပပြုလုပ်သည့် ဆဋ္ဌတိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်ဝါယမိန္ဒာဘိဝံသနှင့် ဒွိပိဋကဓရဆရာတော် အခြားဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၏ ဂုဏာဝိသိဋ္ဌပူဇာသဘင်၌ မိန့်ကြားတော်မူအပ်သော သာရဏီယ ဩဝါဒကထာ

ယနေ့ သာသနာတော်နှစ် ၂၅၃၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက်၊ (၁၉.၁၀.၉၅) ကြာသပတေးနေ့ ရေစကြိုမြို့ အောင်မြေသာယာသူဌေးတိုက်၊ ဝန်မင်းကြီးကျောင်း၌ ရေစကြိုမြို့နယ် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌကြီး ဦးကျော်ဆွေအမှူးရှိတဲ့ အာဏာပိုင် အဖွဲ့အစည်းများ၊ ရေစကြိုမြို့သူ, မြို့သား၊ နယ်သူ, နယ်သား သူတော်စင်အများ တို့က ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သည့် တိပိဋကနိကာယကျောင်းတိုက်ကြီးမှ ၁၃၅၇-ခုနှစ်မှာ ကြုံတောင့်ကြုံခဲ ထူးထူးခြားခြား ပေါ်ထွက်လာသည့် ယခု ဆဋ္ဌအကြိမ် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် ပုဂ္ဂလဝိသေသ ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ အရှင်မြတ်၊ ဒွိပိဋကဓရ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ အရှင်မြတ်နှင့် အခြားဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကို ဂုဏ်ပြုချီးကျူးပူဇော်ကြသည့် ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာပွဲတော် ကြီးသည် လွန်ကဲထူးမြတ်သည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ချီးကျူးပူဇော်ပွဲကြီး ဖြစ်ပါတယ်။

ဘာ့ကြောင့် လွန်ကဲထူးမြတ်သည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ချီးကျူးပွဲဇော်ပွဲကြီးလို့ ပြောရသလဲဆိုရင် ပိဋကတ်သုံးပုံပါဠိတော်များကို အာဂုံဆောင်ရွက်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိစသော ကျမ်းပေါင်းများစွာမှလာသော အနက်အဓိပ္ပာယ်၊ အဆုံးအဖြတ်အရပ်ရပ်တို့ကိုရေးဖြေအောင်မြင်တော်မူတဲ့ တိပိဋကဓရ၊ တိပိဋကကောဝိဒပုဂ္ဂိုလ်ထူးမျိုးကို အလွန်အလွန်ရခဲပါတယ်။ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးဟာ ပိဋကတ်သုံးပုံဆောင်ဆရာတော်များပေါ်ထွန်းရန် အလွန်ဆန္ဒရှိပါတယ်။ ဒါ့ကြောင့် မင်းတုန်းမင်းတရားကြီးက ၁၂၃၅- ခုနှစ်မှာ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ တံဆိပ်တော်ရ,မရဆရာတော်များကို နန်းတော်သို့ ပင့်ဖိတ်ဆွမ်းကပ်ပြီး ''ဆရာတော်တို့ဘုရားပိဋကတ်သုံးပုံပြန်ဆိုနိုင်သည့် ရှင်ရဟန်းများရရှိအောင် အားထုတ်တော်မူကြပါ၊ ဒကာတော်သည် ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ် ပေါ်ထွန်းစေလိုလှပါသည်ဘုရား''ဟု လျှောက်ထားခဲ့ပါတယ်။ ဒါပေမဲ့ ပိဋကတ်သုံးပုံဆောင် မပေါ်ခဲ့ပါဘူး။ တစ်ပုံဆောင်၊ တစ်ကျမ်းဆောင်စသည်သာ ပေါ်ထွက်ခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရတို့က ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်အောင် စွမ်းဆောင်နိုင်ကြပါတယ်။

နိုင်ငံတော်အကြီးအကဲများဟာ ၁၃၀၄-ခုနှစ်မှစပြီး ပိဋကတ်သုံးပုံစာပြန်ပွဲများကျင်းပရန်စီမံခဲ့ကြသော်လည်း အထမမြောက်ခဲ့ပါဘူး။ ၁၃၁၀-ခုနှစ်ကျမှ ပိဋကသုံးပုံဆောင် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကိုစတင်ကျင်းပနိုင်ခဲ့ပါတယ်။ ၁၃၁၀-ခုနှစ်မှ ယခု ၁၃၅၇-ခုနှစ်အထိ (၄၇)နှစ်တိုင်တိုင် တိပိဋကဓရပုဂ္ဂိုလ်ကျော်များ ရွေးချယ်ခဲ့ရာ တိပိဋကဓရပုဂ္ဂိုလ်ကျော် (၆)ပါးမျှသာ ပေါ်ထွက်ခဲ့ပါတယ်၊ အဲဒီ(၆)ပါးထဲက ယခုဒီပူဇော်ပွဲမှာ ပဓာနထားပြီး အပူဇော်ခံရတဲ့ ရေစကြိုမြို့နယ်ဖွား ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသဟာ (၆)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒသာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်ဖြစ်ပါတယ်။

အဲဒီလို ရတောင့်ရခဲ ထူးထူးချွန်ချွန် ပေါ်ထွက်လာတဲ့ တိပိဋကဓရ၊တိပိဋက ကောဝိဒ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်အပါအဝင် ရေစကြိုမြို့နယ်၏ကျက်သရေဆောင် ရေစကြိုမြို့နယ်၏ဂုဏ်ကို ထွန်းပြောင်စေတော်မူကြသည့် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ထေရဝံသာလင်္ကာရ မရမ္မရဋ္ဌသာသနဓဇဓသောဘွဲ့တံဆိပ်တော်ရ ရေစကြိုမြို့နယ်ဖွား ရေစကြိုမြို့အနွယ်အဆက် ဆရာတော်များကို မြို့နယ်လုံးကျွတ် စုပေါင်းပြီး ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ပူဇော်ကြရသည့်အတွက် လွန်ကဲထူးမြတ်သည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ချီးကျူးပူဇော်ပွဲကြီးဖြစ်တယ်လို့ ပြောလိုက်တာဖြစ်ပါတယ်။

ရေစကြိုမြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဦးကျော်ဆွေ အမှူးရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းများ၊ ရေစကြိုမြို့နယ်လုံးကျွတ် မြို့နယ်သူ, မြို့နယ်သား၊ ဒကာ, ဒကာမများ စုပေါင်းပြီး ယခုလိုကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ချီးကျူးပူဇော်ပွဲကြီး ဆင်နွှဲကျင်းပကြတာဟာ မြတ်စွာဘုရားရှင်၏ အလိုတော်ကျလည်းဖြစ်ပါတယ်။ မိမိတို့ ပြုသင့်၊ ပြုထိုက်တဲ့ ကိစ္စကိုပြုလုပ်ခြင်းလည်း ဖြစ်ပါတယ်။

**"အထခေါ ဂရုဟိတဗ္ဗံ ဂရုတာတိဝေ၊ ပသံသိတဗ္ဗဥ္စ ပသံသတိဝေ ဘဂဝါ"**

အထခေါ၊ စင်စစ်သော်ကား။ ဘဂဝါ ၊ မြတ်စွာဘုရားသည်။ ဂရုဟိတဗ္ဗံ၊ ကဲ့ရဲ့ထိုက်သောသူကို။ ဂရုဟာတိဝေ၊ မထောက်မညှာ ကဲ့ရဲ့တော်မူသည်သာတည်း။ ပသံသိတဗ္ဗဥ္စ၊ ချီးကျူးထိုက်သူကိုလည်း။ ပသံသတိဝေ၊ ချီးကျူးတော်မူသည်သာတည်းလို့– ကျမ်းဂန်မှာ ပြဆိုထားပါတယ်။ ချီးကျူးပူဇော်ထိုက်သူကို ချီးကျူးပူဇော်တာဟာ အဲဒီကျမ်းဂန်အဆိုနှင့် ကိုက်ညီနေပါတယ်၊ မြတ်စွာဘုရားအလို ဖြစ်ပါတယ်။

ယနေ့ အပူဇော်ခံဆရာတော်များဟာ ချီးကျူးထိုက်တဲ့ ပုဂ္ဂလဝိသေသများ ဖြစ်ကြပါတယ်။ အရှင်ဝါယမိန္ဒာဘိဝံသကတော့သာ၍ပင် ချီးကျူးပူဇော်ထိုက်တဲ့

အရှင်မြတ်ဖြစ်ပါတယ်။ ယနေ့ အပူဇော်ခံပုဂ္ဂိုလ်များဟာ ဘာကြောင့် ချီးကျူးပူဇော် ထိုက်သလဲဆိုရင် ယခု အပူဇော်ခံဆရာတော်များဟာ ဗုဒ္ဓမြတ်စွာသာသနာတော် မြတ်ကြီး အရှည်တည်တံ့အောင်၊ စည်ပင်ထွန်းကား ပြန့်ပွားအောင် ပရိယတ်တရား တော်များကို တပည့်သံဃာရာပေါင်းများစွာတို့အား နှစ်ပေါင်းများစွာ သင်ကြားပို့ချလျက် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို အခြေအမြစ်မှစပြီး ပြုစုချီးမြှောက် စောင့်ရှောက်နေကြတဲ့ သာသနပါလ၊ သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်း ကြီးများ ဖြစ်တော်မူကြပါတယ်။ ဒီဆရာတော်ကြီးတွေ စာပေကျမ်းဂန်ပို့ချပြီး သာသနာပြုတော်မူကြတဲ့အတွက် သာသနာတော်ကို စဉ်ဆက်မပြတ် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြမည့် ပိဋကကျမ်းဂန်တတ်တပည့်များ မြောက်မြားစွာ ထွန်းကားပေါ်ထွက်ခဲ့ပါတယ်။

အချို့ဆရာတော်များဟာ ရဟန်းရှင်လူများအား ဝိပဿနာပဓာန အလုပ်တရားကို ပြသလျက် ပဋိပတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးကို အားပေးချီးမြှောက်တော်မူနေကြသော ဆရာတော်များဖြစ်ပါတယ်။ အချို့ဆရာတော် များကတော့ ဒကာ,ဒကာမများ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်စပ်တဲ့ အသိဉာဏ် တွေနှင့်ပြည့်စုံအောင်၊ဗုဒ္ဓဘာသာ၏ အနှစ်သာရကို ထိထိမိမိ သိရှိအောင် ဓမ္မကထာ ဒေသနာများကို ဟောပြောပြသလျက် သာသနာပြုနေတော်မူကြသော ဆရာတော်များ ဖြစ်ပါတယ်။ ယခုပြောပြခဲ့တာကတော့ အမြွက်မျှသာဖြစ်ပါတယ်။ ဒီဆရာတော် တွေဟာ သာသနာတော်သန့်ရှင်း တည်တံ့အောင်၊ တိုးတက်ပြန့်ပွားထွန်းကားအောင် သာသနာ့ကိစ္စအဝဝတို့ကို ပဓာန အခန်းကဏ္ဍမှနေ၍ ထမ်းဆောင်တော်မူနေကြတဲ့ သာသနာ့ဦးသျှောင် ဆရာတော်များဖြစ်ပါတယ်။ ဒါကြောင့် ချီးကျူးပူဇော်ထိုက်တဲ့ ပုဂ္ဂလဝိသေသများ ဖြစ်တယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။

အရှင်ဇါယမိန္ဒာဘိဝံသ ဆရာတော်ဟာဆိုရင် တိပိဋကဓရ၊ တိပိဋက ကောဝိဒဘွဲ့ တံဆိပ်တော်ရအောင် မည်မျှအားထုတ်ခဲ့ရတယ်ဆိုတာကို နှိုင်း ဒကာ, ဒကာမများ သိစေချင်ပါတယ်။ အရှင်ဇါယမိန္ဒာဘိဝံသ ဆရာတော်ဟာ –

| | | |
|---|---|---|
| ဝိနယပိဋကစာအုပ်ရေ – | ၅–အုပ်၊ စာမျက်နှာ | ၂၂၆၀၊ |
| အဘိဓမ္မပိဋကစာအုပ်ရေ– | ၁၂–အုပ်၊ စာမျက်နှာ | ၄၉၈၈၊ |
| ဒီဃနိကာယ်စာအုပ်ရေ– | ၃–အုပ်၊ စာမျက်နှာ | ၇၇၉၊ |

စုစုပေါင်းစာအုပ်ရေ ၂၀၊စာမျက်နှာ ၈၀၂၇-မျက်နှာရှိတဲ့ ပါဠိတော်တွေကို အာဂုံနှုတ်တက်ဆောင်ပြီးတော့ အဲဒီ ပါဠိတော်တွေရဲ့အနက်အဓိပ္ပါယ်တွေကိုရော အဲဒီပါဠိတော်တွေကို ဖွင့်ပြတဲ့ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိစတဲ့ ကျမ်းဂန်ပေါင်းမြောက်မြားစွာမှ အဓိပ္ပါယ်အဆုံးအဖြတ်တွေကိုရော ကျွမ်းကျင်အောင် လေ့လာသင်ကြားအားထုတ်ကြိုးပမ်းတော်မူလို့ ဒိတိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို ရရှိခဲ့တာဖြစ်ပါတယ်။ဒါကြောင့် ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ အရှင်မြတ်ကတော့ သာ၍အချီးကျူးထိုက်ဆုံး၊ အပူဇော်ထိုက်ဆုံး ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်၊ ပုဂ္ဂိုလ်မွန်ဖြစ်ပါတယ်။

ယနေ့ အပူဇော်ခံ ဆရာတော်ကြီးများအနက် အချို့ဆရာတော်ကြီးများဟာ-

(၁) ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသည်တို့၌ ကျွမ်းကျင်တတ်မြောက်ခြင်း၊

(၂) ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသည်တို့ကို အမြဲမပြတ် ပို့ချနေခြင်း။

(၃) အနည်းဆုံး သိက္ခာဝါတော် (၂၀) ရှိခြင်း၊

(၄) ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသည်တို့၌ ကျွမ်းကျင်တတ်မြောက်သည်ဟု ကျော်စောခြင်း၊

(၅) သီလဝန္တသိက္ခာမဂုဏ်နှင့် ပြည့်စုံခြင်း-

ဟူသော ပိဋကတ္တယဆောကဂုဏ်၊ဂန္ထဓုရာဝဟဂုဏ်၊မဟာထေရဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်စသောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူခြင်းကြောင့်နိုင်ငံတော်အစိုးရမင်းတို့က (အဂ္ဂမဟာပဏ္ဍိတ)ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ခြင်းကို ခံတော်မူကြရပါတယ်။

အချို့ ဆရာတော်ကြီးများဟာ စာသင်တိုက်ကြီးများ တည်ထောင်ပြီး တပည့်သံဃာရာပေါင်းများစွာတို့အား ပရိယတ်ကျမ်းဂန်များကို နေ့မအားညမအား သင်ကြားပို့ချလျက် သာသနာတော်ကြီးကို လက်ဆင့်ကမ်း ထမ်းဆောင်ကြမည့် သာသနာ့အညွန့်အညှောက်ဖြစ်တဲ့ တပည့်ရဟန်းသာမဏေများမြောက်မြားစွာပေါ်ထွန်းလာအောင်၊ ပရိယတ္တိသာသနာတော်ကြီးကို ပြောင်ပြောင်

ပြောက်ပြောက် ထွန်းတောက်တိုးတက်အောင် ဆောင်ရွက်တော်မူနေကြတဲ့ အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရက "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ခြင်းကို ခံတော်မူကြရပါတယ်။ မြန်မာမင်းများ လက်ထက်က ပဌမစာတော်ချ ဘွဲ့တံဆိပ်တော်မျိုး ဖြစ်ပါတယ်။

အချို့ဆရာတော်များဟာ ရဟန်းရှင်လူအများ အကျိုးစီးပွားဖြစ်စေရန် တရားဓမ္မဟောပြလျက် သာသနာပြုတော်မူကြသည့်အတွက် "မဟာဓမ္မကထိက ဗဟုဇနဟိတဓရ"ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ခြင်းကို ခံတော်မူရပါတယ်။ ဆရာတော် အရှင်တိက္ခဆိုရင် မြန်မာနိုင်ငံကသာမက သီရိလင်္ကာနိုင်ငံကပင် "ထေရဝါဒဝံသာ လင်္ကာရမရမ္မရဋ္ဌသာသနဓဇ" ဘွဲ့ထူးဂုဏ်ထူးဖြင့် ချီးကျူးပူဇော်မှုကိုခံတော်မူရ ပါတယ်။

ဒီကြောင့် ယနေ့ ဒီတို့ပူဇော်ကြရတဲ့ ဆရာတော်ကြီးများဟာ ဤသို့သော ဂုဏဝိသေသများနှင့် ပြည့်စုံတော်မူကြတဲ့ ဆရာတော်ဘုရားတွေပါကလားလို့သိပြီး ဆရာတော်များရဲ့ ဂုဏ်တွေကို အာရုံပြုလျက် လေးလေးနက်နက်၊နှစ်နှစ်ကာကာ ပူဇော်ကြရမယ်။

ယနေ့ အပူဇော်ခံပုဂ္ဂိုလ်များထဲမှာ ဘွဲ့တံဆိပ်ရ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများလဲ ပါပါတယ်။ အဲဒီ သီလရှင်ဆရာကြီးများဟာလဲ ပရိယတ်ကျမ်း ဂန်များ ပို့ချပြီး သာသနာတော်ကို ပြုစုချီးမြှောက်နေကြတဲ့အတွက် ချီးကျူးပူဇော် ထိုက်တဲ့ သီလရှင်ဆရာကြီးများပင် ဖြစ်ပါတယ်။

သာသနာတော်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးဖြင့် ချီးကျူးမြှောက်စားမှုဟာ ယခု ခေတ်ကြမှပေါ်လာတာမဟုတ်ပါဘူး။ ဘုရားရှင်လက်ထက်တော်မှစပြီး ပေါ်လာ တာပါ။ ဘုရားရှင်သည် မိမိ၏တပည့်သာဝက, သာဝိကာများအနက် ပညာအရာ၊ တန်ခိုးအရာ၊ အလျှဒါနအရာ စသည်တို့၌ သူမတူအောင် ထူးချွန်မြင့်မြတ်ကြတဲ့ ရဟန်းတော်များ၊ ရဟန်းမများနှင့် လူဥပါသကာ၊ ဥပါသိကာမများအား ဧတဒဂ်ဘွဲ့ ထူးဖြင့် ချီးကျူးမြှောက်စားတော်မူခဲ့ပါတယ်။ ဘုရားရှင်လက်ထက်တော်က

တေဒဂ်ဘွဲ့ထူး၊ ဂုဏ်ထူးဖြင့် ချီးကျူးမြှောက်စားခြင်းခံတော်မူရတဲ့-

ရဟန္တာအရှင်မြတ်ကြီးပေါင်း (၄၁)ပါး
အမျိုးသမီးရဟန္တာမကြီးပေါင်း (၁၃)ပါး
ဥပါသကာအမျိုးသားပေါင်း (၁၁)ဦး
ဥပါသိကာအမျိုးသမီးပေါင်း (၁၀)ဦး ရှိခဲ့ပါတယ်။

ဘုရားရှင်လက်ထက်တော်မှစပြီး ဘုရားရှင်ကိုယ်တော်တိုင် ဘွဲ့ထူး၊ ဂုဏ်ထူးဖြင့် ချီးကျူးမြှောက်စားတော်မူခဲ့သည်အားလျော်စွာ ရှေးရှေးသာသနာပြု မင်းကောင်းမင်းမြတ်များလည်း သာသနာတော်မှာ ပိဋကတ်ကျမ်းဂန်တတ်မြောက် ကျွမ်းကျင်တဲ့ သီလဝန္တသိက္ခာကာမ ဆရာတော်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ကျောင်းတော်ကြီးများ ဆောက်လုပ်ကိုးကွယ်လျက် သာသနာတော်ကို အားပေးချီးမြှောက်ခဲ့ကြပါတယ်။

ပုဂံခေတ်မှာ (အဂ္ဂမဟာပဏ္ဍိတ)စတဲ့ ဘွဲ့တံဆိပ်တော်မျိုး၊ ကုန်းဘောင်ခေတ်မှာ ရာဇဂုရု ရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော်မျိုးများကို ဆက်ကပ်ခဲ့ကြပါတယ်။

ဗြိတိသျှခေတ်မှာတောင်မှ မြန်မာနိုင်ငံပြည်သူလူထုရဲ့ ဆန္ဒကိုလိုက်လျောပြီး အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့ပါသေးတယ်။ လွတ်လပ်ရေးခေတ်မှာတော့ (အဂ္ဂမဟာပဏ္ဍိတ) ဘွဲ့တံဆိပ်နှင့် (အဘိဓဇမဟာရဋ္ဌဂုရု) ဘွဲ့တံဆိပ်များကို ဆက်ကပ်ခဲ့ပါတယ်။

ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရလက်ထက်မှာတော့ ရှေးနှင့်မတူအောင် တီထွင်ပြီး ထူးထူးခြားခြား ချီးမြှောက်ပူဇော်လာပါတယ်။ ရှေးမြန်မာမင်းများ လက်ထက်ကတော့ ပိဋကတ်သုံးပုံနိကာယ်ငါးရပ် တတ်မြောက်ကျွမ်းကျင်၍ ပါဠိ၊အဋ္ဌကထာ၊ဋီကာစသည့် စာပေကျမ်းဂန် သင်အံပို့ချပြီး ပရိယတ္တိသာသနာတော်ကို ပြုစုချီးမြှောက်တော်မူနေကြတဲ့ ကျမ်းဂန်တတ်ဆရာတော်ကြီးများကိုသာ (အဂ္ဂမဟာပဏ္ဍိတ) ဘွဲ့တံဆိပ်နှင့် (အဘိဓဇမဟာရဋ္ဌဂုရု) ဘွဲ့တံဆိပ်များကို ဆက်ကပ်ခဲ့ပါတယ်။

ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရလက်ထက်မှာတော့ ပဌမစာချ၊ ဒုတိယစာချ၊ တတိယစာချ ဆရာတော်များ၊ ပဋိပတ်အရာထူးချွန်တဲ့

ကမ္ဘောဒီယား ဆရာတော်များ၊ ဗမာကထိကနှင့် သာသနာပြုဆရာတော်များကိုပါ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခဲ့ပါတယ်။

သာပြီးထူးခြားတာကတော့ ဘုရားရှင်လက်ထက်တော်က ရဟန်းတော်များသာမက အမျိုးသမီးရဟန်းမများ၊ ဥပါသကာအမျိုးသားများ၊ ဥပါသိကာအမျိုးသမီးများကိုပါ တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စားတော်မူသလို ယခုနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရလက်ထက်မှာလည်း ရဟန်းတော်များသာမက ပရိယတ်စာပေပို့ချနေကြတဲ့ စာတတ်ပေတတ် သီလရှင်ဆရာကြီးများ၊ သာသနာတော်ကို ထူးထူးခြားခြား ချီးမြှောက်ထောက်ပံ့နေကြတဲ့ ဥပါသကာ အမျိုးသားများနှင့် ဥပါသိကာအမျိုးသမီးများကိုပါ ထိုက်သင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးဖြင့် ချီးမြှောက်မှုဟာ သာပြီးထူးခြားတဲ့ အချက်ပါပဲ။

ယခုလို ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်၊ ပုဂ္ဂိုလ်မွန်များကို ပူဇော်ကြရတာဟာ "**ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ**" ဟူသော ဒေသနာတော်နှင့် အညီ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်လုံးမှာ ကြီးပွားတိုးတက်ကြောင်း ကောင်းမြတ်သော ကုသိုလ်မင်္ဂလာ ဖြစ်ပါတယ်။

ဒီလို ပူဇော်ထိုက်တဲ့ ဗဟုသုတပုဂ္ဂိုလ်ကို အလွန်ရခဲပါတယ်။ နို့ရေစကြိုမြို့နယ်က ဒကာ၊ဒကာမတွေဟာ အလွန်ကုသိုလ်ကံထူးကြလို့ မိမိတို့မြို့နယ်မှ တိပိဋကဓရ၊ တိပိဋကကောဝိဒ ပုဂ္ဂိုလ်ထူး ပေါ်ထွက်လာခဲ့တယ်။ အဲဒီပုဂ္ဂိုလ်ကို အကြောင်းခံပြီး မိမိတို့ရေစကြိုမြို့နယ် အနွယ်အဆက်ဖြစ်တဲ့ ပူဇော်သင့်၊ ပူဇော်ထိုက်တဲ့ ဆရာတော်များကို ယခုလိုစုပေါင်းပူဇော်ကြရတာဟာ လွန်စွာဝမ်းမြောက်ဖွယ် ကောင်းပါတယ်။

"**ဝေ တော် ဘိက္ခု ပသံသထ၊ သော တိ ဘိက္ခု န တုမှာကံ သာဝကော နာမ၊ ဗုဒ္ဓေါနာမ သေစုန္**" (ပါထိက၊ ၉၅၊ ၉၆)

(ရဟန်းတို့ အဲဒီ ပရိယတ်တရား၌ အကြားအမြင်များတဲ့ စာတတ်ပေတတ် ကျမ်းတတ်အကျော် ရဟန်းတော်ကို ဤပုံဤနည်း ချီးကျူးကြ၊ အဲဒီ စာတတ်ပေတတ် ကျမ်းတတ်အကျော် ရဟန်းတော်ဟာ သင်တို့ရဲ့ သာဝကမဟုတ်ဘူး၊ ဗုဒ္ဓမည်တယ် စုန္-လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဂန္ထဓုရကြွယ်ဝတဲ့ ရဟန်းတော်ကို

ကိုယ်တော်အရာမှာထားပြီး မြွက်ကြားတော်မူတယ်လို့ အဋ္ဌကထာဆရာ ဖွင့်ပြထားပါတယ်။

ဒါ့ကြောင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ အရှင်မြတ်နှင့်တကွ စာတတ်ပေတတ် ကျမ်းတတ်အကျော် ဆရာတော် အရှင်မြတ်များကို ပူဇော်ကြရခြင်းသည် ဗုဒ္ဓကို ပူဇော်ရခြင်းလည်းမည်တယ်၊ ဓမ္မကို ပူဇော်ရခြင်းလည်းမည်တယ်၊ သံဃာကို ပူဇော်ရခြင်းလည်းမည်တယ်။

အဲဒီပူဇော်မှုကလည်း **"ဒွေ မာ ဘိက္ခဝေ ပူဇာ။ ကတမာ ဒွေ အာမိသ ပူဇာ စ ဓမ္မပူဇာ စ"** တဲ့ (အံ၊ ၁၊ ၉၂)။ ဆွမ်း၊ သင်္ကန်းစတဲ့ ပစ္စည်းဝတ္ထုဖြင့် ပူဇော်မှု အာမိသပူဇာ၊ တရားဖြင့်ပူဇော်မှု ဓမ္မပူဇာလို့ နှစ်မျိုးရှိတယ်။ ယနေ့ပူဇော်ပွဲမှာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများကို ပူဇော်ဖွယ်ဖြစ်တဲ့ ပစ္စည်းဝတ္ထုတို့ဖြင့် ပူဇော်ကြတာဟာ အာမိသပူဇာဖြစ်ပါတယ်။ အပူဇော်ခံအရှင်မြတ်တို့၏ ဂုဏ်တို့ကို ပါဠိ၊ မြန်မာ ကဗျာဂီတိတို့ဖြင့် ချီးကျူးပူဇော်မှုနှင့် ထိုအရှင်မြတ်တို့ ဟောကြားညွှန်ပြတဲ့ ဩဝါဒကထာဒေသနာများကို လိုက်နာ ကျင့်သုံးမှုများကတော့ ဓမ္မပူဇာဖြစ်ပါတယ်။

**"ဧတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ ဒွိန္နံ ပူဇာနံ၊ ယဒိဒံ ဓမ္မပူဇာ"** (အံ၊ ၁၊ ၉၂) အဲဒီ အာမိသပူဇာ၊ ဓမ္မပူဇာ နှစ်မျိုးတို့တွင် တရားဖြင့် ပူဇော်တဲ့ ဓမ္မပူဇာက သာ၍မြတ်တယ်လို့ မြတ်စွာဘုရားဟောတော်မူခဲ့ပါတယ်။ ဒါ့ကြောင့် ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်တဲ့ ပူဇော်ပွဲကြီး ဆင်နွှဲကျင်းပပြုလုပ်ကြတဲ့ ရေစကြိုမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေအမှူးရှိတဲ့ ရေစကြိုမြို့နယ်သူ၊ မြို့နယ်သား သူတော်စင်အများတို့သည် အာမိသပူဇာဖြင့် ပူဇော်ရုံမျှဖြင့် အားရတင်းတိမ်ရောင့်ရဲမနေကြဘဲ မြတ်စွာဘုရားက အမြတ်ဆုံးလို့ ချီးကျူးတော်မူအပ်တဲ့ ဓမ္မပူဇာဖြင့်လည်း ပူဇော်ရာရောက်အောင် ဆရာတော် အရှင်မြတ်တို့ ဟောကြားညွှန်ပြ ဩဝါဒကထာဒေသနာတော်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြ၍ ဒုက္ခခပ်သိမ်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်မျက် မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

## ၁၃၆၁– ခုနှစ်၊ နတ်တော်လဆန်း (၁၂) ရက်
## ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်
## အိမ်တော်ရာဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏
## ဦးစီးပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ) ဘွဲ့တံဆိပ်တော်ရ
## ဘဒ္ဒန္တဂုဏာနန္ဒအရှင်မြတ်၏ ဂုဏာဝိသိဋ္ဌပူဇာသဘင်၌
## မိန့်ကြားတော်မူအပ်သော
# သာရဏီယသြဝါဒကထာ

သာသနာတော်နှစ် ၂၅၄၃–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၁–ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက်၊ ခရစ်နှစ် ၁၉၉၉ –ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက် တနင်္ဂနွေနေ့၌ ရန်ကုန်တိုင်း၊ဒဂုံမြို့နယ်၊ အိမ်တော်ရာ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ) ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဂုဏာနန္ဒကို တပည့်ရဟန်းရှင်လူအပေါင်းတို့က သောင်းသောင်းဖျဖျ အာမိသနှင့် ဓမ္မပူဇာ ဤနှစ်ဖြာတို့ဖြင့် ကောင်းစွာကော်ရော် ပူဇော်ကြသည့် "အဂ္ဂမဟာပဏ္ဍိတ ဂုဏာဝိသိဋ္ဌပူဇာသဘင်" ဆင်ယင်ကျင်းပကြမည်ဖြစ်ပေသည်။

### ဘုရားအလိုတော်ကျ

ဤသို့ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ချီးကျူးထိုက်သူကို ချီးကျူးခြင်းသည် မြတ်စွာဘုရားရှင်၏ အလိုတော်ကျလည်း ဖြစ်ပေသည်။ မိမိတို့ ပြုသင့် ပြုထိုက်သော ကိစ္စကို ပြုလုပ်ခြင်းလည်း ဖြစ်ပေသည်။

**"အထ ခေါ ဂရဟိတဗ္ဗံ ဂရဟာတိဝေ၊ ပသံသိတဗ္ဗဉ္စ ပသံသတိ ဝေ ဘဂဝါ"**

အထခေါ၊ စင်စစ်သော်ကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဂရဟိတဗ္ဗံ၊

ကဲ့ရဲ့သင့် ကဲ့ရဲ့ထိုက်သောပုဂ္ဂိုလ်ကို။ ဂရဟတိဝေ၊ ကဲ့ရဲ့တော်မူသည်သာလျှင်တည်း။ ပသံသိတဗ္ဗဥ၊ ချီးကျူးထိုက်သော ပုဂ္ဂိုလ်ကိုလည်း။ ပသံသတိဝေ၊ ချီးကျူးတော်မူသည်သာလျှင်တည်း – ဟု ကျမ်းဂန်တို့၌မိန့်ဆိုသည်။ ချီးကျူးသင့်၊ ချီးကျူးထိုက်၊ ပူဇော်သင့်၊ ပူဇော်ထိုက်သော ဒဂုံပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဂုဏာနန္ဒကို ယခုလိုချီးကျူးပူဇော်ကြခြင်းသည် ဖော်ပြပါကျမ်းဂန်အဆိုအမိန့်နှင့် ညီညွတ်သောကြောင့် မြတ်စွာဘုရားရှင်၏ အလိုတော်ကျဖြစ်သည်ဟု ဆိုခဲ့ပေသည်။

## ချီးကျူးပူဇော်ထိုက်ပုံ

ယနေ့အပူဇော်ခံဖြစ်တော်မူသော ဒဂုံပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဂုဏာနန္ဒသည် အစိုးရဓမ္မာစရိယစာချတန်းနှင့် ညောင်တုန်းမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိစာမေးပွဲ၌ ဓမ္မာစရိယတန်းများ အောင်မြင်ရုံမျှမက ပိဋကတ်သုံးသွယ်၊နိကာယ်ငါးဖြာ၊ပါဠိ၊အဋ္ဌကထာ၊ဋီကာတို့ကို တစ်ဖက်ကမ်းရောက်အောင် တတ်မြောက်သင်ယူတော်မူပြီးလျှင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့စေရန်၊ စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်စေရန် ထက်သန်သော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ဤဒဂုံပရိယတ္တိ စာသင်တိုက်ကြီးကို တည်ထောင်ကာ ၁၃၄၂–ခုနှစ်စ၍ ယနေ့တိုင်အောင် ပရိယတ်တရားတော်များကို တပည့်သံဃာ ရာပေါင်းများစွာတို့အား နှစ်ပေါင်း ၂၀–ခန့် သင်ကြားပို့ချပျက်မြတ်ဗုဒ္ဓသာသနာတော်ကို အခြေအမြစ်မှစ၍ ပြုစုချီးမြှောက် စောင့်ရှောက်နေသော သာသနပါလ၊ သာသနဇောတက၊သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်းကြီးဖြစ်ပေသည်။

ဤဆရာတော်မြတ်သည် စာပေကျမ်းဂန်ပို့ချ၍ သာသနာပြုတော်မူသည့်အတွက် သာသနာတော်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ကြမည့် ပိဋကကျမ်းဂန်တတ် တပည့်ရဟန်းတော်များ မြောက်မြားစွာ ထွန်းကားပေါ်ထွက်ခဲ့လေသည်။ ဤမျှမက ဆရာတော်သည် မြို့နယ်,တိုင်းဝိနည်းဓိုရ်၊ တိုင်းသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ စာထောက်စာမနှင့်ပုစ္ဆက၊ ဈေတိဂုံဂေါပကဩဝါဒါစရိယ၊ စေတိယင်္ဂဏပရိယတ္တိစာမေးပွဲ

ဩဝါဒါစရိယ၊ ကြည့်မြင်တိုင် ပရိယတ္တိနုဂ္ဂဟ ဆန်လျှအသင်းဩဝါဒါစရိယ၊ သဒ္ဓမ္မဝါစီ စာမေးပွဲဩဝါဒါစရိယ၊ သဒ္ဓမ္မဟိတစာမေးပွဲတာဝန်ခံနာယက၊ ပိဋက သာကစ္ဆာအဖွဲ့ကြက္ကဋ္ဌစသောသာသနာရေးကိစ္စများကိုလည်းဆောင်ရွက်တော်မူသောဆရာ တော်ဖြစ်သည်။ ဤသို့ဖော်ပြခဲ့ပြီးသော ဂုဏ်ထူးဝိသေသတို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘဒ္ဒန္တဂုဏာနန္ဒသည် -

**ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။**

**နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။**

**ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။ (အံ၊ ၁၊ ၃၁၄)**

ဗဟုဿုတံ၊ များစွာသင်ယူမှတ်သားထားအပ်သော ပရိယတ်တရားရှိသော။ ဓမ္မဓရံ၊ ပရိယတ်တရားတော်ကိုဆောင်ထားသော။ သပ္ပညံ၊ ကောင်းသော ပညာရှိသော။ တံ ဗုဒ္ဓသာဝကံ၊ ထိုမြတ်စွာဘုရား၏တပည့်ကို။ ဇမ္ဗောနဒဿ၊ ဇမ္ဗူရာဇ်ရွှေစင်၏။ နေက္ခံဣဝ၊ ကျပ်နှစ်ဆယ်မှန် သုဝဏ်ငါးဆ နိက္ခဝေါဟာ တစ်ပိဿာအချိန်ရှိသော ရွှေတုံးရွှေခဲကိုကဲ့သို့။ ကော၊ အဘယ်သူသည်၊ နိန္ဒိတုံ၊ ကဲ့ရဲ့ခြင်းငှာ။ အရဟတိ၊ထိုက်ပါအံ့နည်း။ နံ၊ ဗဟုဿုတ စသည့်ဂုဏ်အင် စုံလင်ပေလတ် ထိုအရှင်မြတ်ကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပသံသန္တိ ၊ ချီးကျူးကြကုန်၏။ (သော = ဗဟုဿုတ စသည့်ဂုဏ်အင် စုံလင်ပေလတ် ထိုအရှင်မြတ်ကို)။ ဗြဟ္မုနာပိ၊ မဟာဗြဟ္မာသည်လည်း။ ပသံသိတော၊ သာဓုသံမြိမ့်မြိမ့် မွန်းအောင် ချီးမွမ်းပူဇော်အပ်ပါပေ၏ - ဟူသော အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ ဘဏ္ဍဂါမဝဂ်၊ အပ္ပဿုတသုတ်ဒေသနာတော်နှင့်အညီ ချီးကျူးသင့်၊ ချီးကျူးထိုက်၊ ပူဇော်သင့်၊ ပူဇော်ထိုက်သော ပုဂ္ဂလဝိသေသဖြစ်တော်မူပေသည်။

ဤသို့ ချီးကျူးသင့်၊ ချီးကျူးထိုက်၊ ပူဇော်သင့်၊ ပူဇော်ထိုက်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဂုဏာနန္ဒကို စည်ကားသိုက်မြိုက် ထိုက်ထိုက်တန်တန် ပူဇော်ကြသော ရဟန်းရှင်လူအပေါင်းတို့သည် "**ယောဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ**"ဟုမြတ်စွာဘုရားရှင်က ကိုယ်တော်အရာမှာထားခဲ့သော ဓမ္မဝိနယကို

ဆောင်တော်မူသည့် ဆရာတော်ဘဒ္ဒန္တဂုဏာနန္ဒသန္တာန်၌ တည်ရှိသော ဘုရားအရာ၌ တည်သည့် ဓမ္မစေတီတည်းဟူသော ဗုဒ္ဓရတနာကိုလည်းကောင်း၊ ဆရာတော်သန္တာန်၌ တည်ရှိသော ဓမ္မက္ခန္ဓာတရားရတနာကိုလည်းကောင်း၊ သမ္မုတိသံဃာတွင် ပါဝင်တော်မူသော ဆရာတော်ဟူသော သံဃာရတနာကိုလည်းကောင်း စိတ်ဝယ် မှန်းကာ ပူဇော်ကြရာသည်။ ဤသို့ အာရုံပြုကာ ပူဇော်နိုင်ကြပါလျှင် အမြတ်ဆုံး ဖြစ်သော ဗုဒ္ဓဓမ္မသံဃသုံးပြာရတနာတို့ကို ပူဇော်ရာရောက်ပေလိမ့်မည်။ ဤသို့ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးကို ပူဇော်ရသောကောင်းမှုမင်္ဂလာ အပြာပြာတို့ကြောင့်–

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။

အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ။

အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော။

ဒေဝဘူတော မနုဿော ဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။(အံ၊ ၁၊၃၄၄)

ဟူသောအင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ စက္ကဝဂ်၊ အဂ္ဂပ္ပသာဒသုတ် ဒေသနာတော်နှင့်အညီ ကြီးကျယ်မြင့်မြတ်သော ကုသိုလ်တရားတိုးပွားပြီးလျှင် မြတ်သောအသက်ရှည်ခြင်း၊ ကိုယ်ရေအဆင်းလှပခြင်း၊ အခြွေအရံပေါ်များခြင်း၊ ကောင်းသောဂုဏ်သတင်းကျော်စောခြင်း၊ ကိုယ်စိတ်နှစ်ပြာချမ်းသာခြင်း၊ ကိုယ်အားဉာဏ်အားကြီးမားခြင်းစသော အကျိုးတရားများ တိုးပွားဖြစ်ထွန်းလျက် မြတ်သောပုဂ္ဂိုလ်ဖြစ်ကြောင်း အကောင်းမြတ်ဆုံးမဂ်ဖိုလ်တရားထူးသို့ ဆိုက်ရောက်ကြကာ လွန်စွာရွှင်လန်းဝမ်းမြောက်ကြရပေလိမ့်မည်။

ထို့ကြောင့် ဤယနေ့ပြုရသည့် ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာကုသိုလ်ထူးသည် အာယုဝဍ္ဎ စသည်ပွံ့ဖြိုး လောကီအကျိုးမျှသာမက မဂ်ဖိုလ်နိဗ္ဗာန်သို့ပင် လျင်မြန်ထုတ်ချောက် ရောက်စေနိုင်သော ကုသိုလ်ထူးဖြစ်ပေသည်ဟု အာရုံပြုလျက် အနုဿတိဘာဝနာတရား ပွားများကြကာ ဝိပဿနာတရားအလျဉ်သို့ အစဉ်ဆိုက်ရောက်လျက် မဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာဆိုက်ရောက်နိုင်ကြပါစေဟု ပတ္ထနာပြုလျက် ဩဝါဒကထာကို နိဂုံးချုပ်လိုက်ပါသည်။

## ၁၃၆၄-ခုနှစ်၊ နယုန်လပြည့်နေ့(၂၅၊၆၊၂၀၀၂)
## မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ပဓာနနာယက
## မဟာဓမ္မကထိကဗဟုဇနဟိတဓရ(အဂ္ဂမဟာပဏ္ဍိတ)ဘွဲ့တံဆိပ်တော်ရ
## ဘဒ္ဒန္တတိက္ခအရှင်မြတ်၏ ဂုဏာဝိသိဋ္ဌပူဇာသဘင်၌ မိန့်ကြားတော်မူအပ်သော
## သာရဏီယ ဩဝါဒကထာ

ယနေ့ သာသနာတော်နှစ် ၂၅၄၆- ခုနှစ်၊ကောဇာသက္ကရာဇ် ၁၃၆၄-ခုနှစ်၊ နယုန်လပြည့်နေ့ (ခရစ်နှစ် ၂၀၀၂-ခုနှစ်၊ ဇွန်လ ၂၅-ရက်) မန္တလေးတိုင်း၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန မဟာအောင်မြေဓမ္မဗိမာန်မှာ ကျင်းပပြုလုပ်တဲ့ အခမ်းအနားက တောင်စလင်းတိုက်သစ်ပဓာနနာယကဆရာတော် မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခအရှင်မြတ်ကို မန္တလေးမြို့တော်မှ တပည့်ရဟန်းရှင်လူအပေါင်းတို့က ထပ်ဆင့်ပူဇော်ကြတဲ့ ဂုဏာဝိသိဋ္ဌပူဇာသဘင် ဖြစ်ပါတယ်။

ထပ်ဆင့်ပူဇော်ကြတယ်လို့ ပြောလိုက်တာကတော့ ယခု၂၀၀၂- ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ ၁၃၆၃- ခုနှစ်၊ နတ်တော်လပြည့်ကျော်(၅)ရက် လွတ်လပ်ရေးနေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ပိဋကတ္တယဆေက၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမ၊ သီလဝန္တဖြစ်တော်မူကြ၍ သာသနာတော်၏ အကျိုးစီးပွားနှင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူကြသော ဆရာတော်များ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းအပ်နှင်းကြောင်းကို အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၂)ဖြင့် ထုတ်ပြန်ကြေငြာလျက် ခရစ်နှစ် ၂၀၀၂ -ခုနှစ်၊ မတ်လ၂၈-ရက်၊၁၃၆၃-ခုနှစ်၊

တပေါင်းလပြည့်နေ့မှာ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ဘွဲ့တံဆိပ်တော်များ လျှဒါန်းဆက်ကပ်အပ်နှင်းလျက် အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက် ထိုက်ထိုက်တန်တန် ပူဇော်ခဲ့ပြီးဖြစ်ပါတယ်။

အဲဒီ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံတော်မူရတဲ့ ပုဂ္ဂိုလ်များအနက် မန္တလေးမြို့ တောင်စလင်းတိုက်သစ် ပဓာနနာယကဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိက္ခအရှင်မြတ်လည်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံတော်မူရတဲ့ အရှင်မြတ်အဖြစ် ပါဝင်တော်မူခဲ့ပါတယ်။

အဲဒီလို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမင်းတို့က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံတော်မူရတဲ့ မိမိတို့၏ဆရာတော် ဘဒ္ဒန္တတိက္ခ အရှင်မြတ်ကို မန္တလေးမြို့တော်မှ တပည့်ရဟန်းရှင်လူအပေါင်းတို့က သောင်းသောင်း ဖျဖျ ပူဇော်ကြတဲ့ပွဲဖြစ်တဲ့အတွက် ထပ်ဆင့်ပူဇော်ပွဲလို့ ပြောလိုက်တာပါ။

ယခုလို မန္တလေးမြို့တော်သူ၊ မြို့တော်သား ရဟန်းရှင်လူအများတို့က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တတိက္ခအရှင်မြတ်ကို ဂုဏ်ပြုပူဇော်ကြ၊ ချီးကျူးကြခြင်းသည် ပူဇော်သင့်,ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ချီးကျူးသင့်, ချီးကျူးထိုက်သူကို ချီးကျူးခြင်းဖြစ်သည့်အတွက်–

**"အထ ခေါ ဂရဟိတဗ္ဗံ ဂရဟတိဝေ၊ ပသံသိတဗ္ဗဥ္စ ပသံသတိဝေ ဘဂဝါ"** ဟူသော အင်္ဂုတ္တရအဆိုအမိန့်နှင့်အညီ ဘုရားရှင်၏ အလိုတော်ကျဖြစ်ပါတယ်။

အထခေါ ၊ စင်စစ်သော်ကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဂရဟိတဗ္ဗံ၊ ကဲ့ရဲ့ထိုက်သော သူကို။ ဂရဟတိဝေ၊ ကဲ့ရဲ့တော်မူသည်သာတည်း။ ပသံသိတဗ္ဗဥ္စ၊ ချီးမွမ်းထိုက်သောသူကိုလည်း၊ ပသံသတိ ဝေ၊ ချီးမွမ်းတော်မူသည်သာတည်း။

ဘုရားရှင်ဟာ ကဲ့ရဲ့ထိုက်သူကို မထောက်မညှာ ကဲ့ရဲ့တော်မူပါတယ်။ ချီးကျူးထိုက်သူကိုလည်းပဲ ဘဝင်ရောက်အောင် မြှောက်တင်လိုက်သလို ချီးကျူး တော်မူပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ခြင်းခံတော်မူရတဲ့ ဘဒ္ဒန္တတိက္ခအရှင်မြတ်ကို ဂုဏ်ပြုချီးကျူးပူဇော်ကြတဲ့ ရဟန်းရှင်လူ သူတော်စင်တွေဟာ ဘုရားရှင်အလိုတော်ကျ ပြုလုပ်ကြတာဖြစ်တယ်လို့ပြောခဲ့တာပါ။

ဘာကြောင့် ဘဒ္ဒန္တတိက္ခအရှင်မြတ်ဟာ ချီးကျူးပူဇော်ထိုက်သလဲဆိုလျှင် အရှင်မြတ်ဟာ မြတ်ဗုဒ္ဓ၏သာသနာတော်ကြီး အရှည်တည်တံ့အောင်၊ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်အောင် ပရိယတ္တိစာသင်တိုက်ကြီး တည်ထောင်ပြီး တပည့် သံဃာများစွာတို့အား စားဝတ်နေရေး စိတ်အေးချမ်းမြေ့စွာ ပရိယတ်ကျမ်းဂန် များကို သင်ကြားပို့ချနိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူလျက် မြတ်ဗုဒ္ဓ၏သာသနာတော်ကြီးကို အခြေခံရေသောက်မြစ်ကစပြီး ပြုစုချီးမြှောက် နေတဲ့ သာသနာပြုပုဂ္ဂလိပ်သေသ သာသနာ့သားကောင်းတစ်ဆူ ဖြစ်တော်မူသည့် အပြင် သူတော်စင် ဒကာ, ဒကာမတို့ မြတ်ဗုဒ္ဓ၏တရားဒေသနာတော်များကို သိနားလည်ကြ၍ ပဋိပတ္တိဓမ္မများ ကျင့်ကြံပွားများ အားထုတ်နိုင်ရန် ဟောဖော်ညွှန်ပြနေသည့်အတွက်နိုင်ငံတော်အစိုးရမင်းတို့က **"မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့"** တံဆိပ်တော်ကို လျှောက်ထားဆက်ကပ်ခြင်းခံတော်မူရတဲ့ပုဂ္ဂိုလ် ဖြစ်တော်မူပါတယ်။

ဆရာတော်ဘဒ္ဒန္တတိက္ခအရှင်မြတ်ဟာ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ရုံမျှသာမက မိမိ၏ကျောင်းတိုက်အတွင်း၌ အခါအားလျော်စွာ တရား စခန်းများဖွင့်လှစ်၍ ယောဂီအပေါင်းတို့အား ပဋိပတ္တိကျင့်စဉ်များကို ညွှန်ကြားပြသ တော်မူကာ ဝိပဿနာတရားအလုပ်ကို အားထုတ်စေလျက် ပဋိပတ္တိသာသနာတော် ကိုလည်း ချီးမြှောက်တော်မူတဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူပါတယ်။

အဲဒီလို ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ်လုံးကို အားပေး ချီးမြှောက်လျက် သာသနာပြုတော်မူသော သာသနာတော်ကြီး၏ သားကောင်း ရတနာဖြစ်တော်မူတဲ့အတွက် ဆရာတော်အရှင်မြတ်ဟာ ချီးကျူးသင့် ချီးကျူးထိုက်တဲ့ ပုဂ္ဂလိပ်သေသဖြစ်ပါတယ်။

ဤမှုမက ဆရာတော်သည် ပိဋကတ္တယဆေကဂုဏ်၊ ဝဏ္ဏရာဝဟာဂုဏ်၊ မဟာထေရဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်စသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရမင်းတို့က "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ဖြင့် ထိုက်ထိုက်တန်တန် ပူဇော်ခဲ့ခြင်းဖြစ်ပါတယ်။

သာလွန်၍ ထူးခြားတဲ့အချက်ကတော့ ဆရာတော်၏ဂုဏ်သတင်းဟာ မြန်မာပြည်တွင်းသာမက ပြည်ပနိုင်ငံများတိုင်အောင် ပြန့်နှံ့ကျော်ကြားတော်မူတဲ့အတွက်ကြောင့် သီရိလင်္ကာနိုင်ငံကပင် "ထေရဝါဒဝံသာလင်္ကာရ မရမ္မရဋ္ဌသာသနဓဇ" ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်မှုကို ခံယူတော်မူရတဲ့ အချက်ပါပဲ။

အဲဒီလို ချီးကျူးသင့်, ချီးကျူးထိုက်၊ ပူဇော်သင့်, ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ထူးဖြစ်ခြင်းကြောင့် ဘုန်းကြီးတို့ကလည်း ဆရာတော်ကို -

**သော ဇာတော ယေန ဇာတေန၊**

**ယာတိ ဝံသော သမုန္နတိံ၊**

**ပရိဝတ္တိနိ သံသာရေ၊**

**မရိတော ကော ဝါ န ဇာယတေ-ဟူသောဂါထာဖြင့် ချီးကျူးပါတယ်။**

ဇာတေန၊ ဘုန်းကံစုစု ဝိုင်ဝန်းမှုဖြင့် မိဖျူးသန့်စင် ပွားမြင်၍လာသော။ ယေနပုဂ္ဂိုလ်၊ကျောက်ကောင်းတစ်လုံး ပမာသုံးဖို့ တိုင်းလုံးကျော်ကြား အကြင်သားတော်တစ်ပါးကြောင့်။ ဝံသော၊ ဆွေရင်းမျိုးချာ သူသူငါမျှ မကသယ်ကြိုး တစ်နွယ်လုံးသည်။ သမုန္နတိံ၊ အောက်တန်းမှာဖြင့် အဆင့်ဆင့်ဖြင့် စွင့်စွင့်တက်လှမ်း အထက် တန်းသို့ ယာတိ၊ ယခုလည်းကောင်း နောင်လည်းကောင်းဖို့ ကောင်းကောင်း ပုံသေရောက်ရပေ၏။ သော ပုဂ္ဂိုလ်၊ အမျိုးအနွယ်အားလုံးသယ်၍ ထက်ဝယ် ဆောင်သွား ထိုသားတော်တစ်ပါးသည်သာလျှင်။ ဇာတော၊ အမျိုးသားတို့ တိုးပွားဖို့ရာ ပွား၍လာဟု သံသာနှုတ်ချို ကြိုဆိုထိုက်ပါပေ၏။ ပရိဝတ္တိနိ သံသာရေ၊ တပြောင်းပြန်ပြန် အပန်ပန်ဖြင့် မှန်မှန်ပြောင်းလဲ သံသရာထဲ၌။ မရိတော၊ တစ်ဘဝဇာတ်

အဆုံးသတ်သဖြင့် နေရပ်ရှောင်သွေ့ သေလေပြီးသော။ ကောဓါ၊ဘယ်နတ်, ဘယ်လူ, အဘယ်သူသည့်မူလည်း။ နှ ဇာယတော၊ ရုပ်သစ်, နာမ်သစ်, ခန္ဓာသစ်ဖြင့် အသစ်လဲကာ မဖြစ်ဘဲရှိပါအံ့နည်း။

အဋ္ဌကထာဆရာကလည်း **"ဇဝ် တော် ဘိက္ခု ပသံသထ။ သော တိ ဘိက္ခု နှ တုမှာကံ သာဝကော နာမ၊ ဗုဒ္ဓနာမ သော စုန္ဒာတိ"** အဲဒီ အာဂမသုတ၊ အဓိဂမသုတဆိုတဲ့ ပရိယတ်၊ပဋိပတ် နှစ်ရပ်လုံးမှာ အကြွားအမြင်များတဲ့ ဗဟုသုတရဟန်းတော်ကို ဤပုံဤနည်း ချီးကျူးကြ။ အဲဒီပုဂ္ဂိုလ်ဟာ သင်တို့ရဲ့ သာဝကမဟုတ်ဘူး။ ဗုဒ္ဓမည်တယ် ရှန္ဒ-လို့ ဘုရားရှင်က အာဂမသုတ၊ အဓိဂမသုတနှစ်ဝကိုလုံ ပြည့်စုံကြွယ်ဝတဲ့ ဗဟုသုတရဟန်းတော်ကို ကိုယ်တော်၏ အရာမှာထားပြီး မြှောက်စားတော်မူတယ်လို့ ဖွင့်ပြတော်မူခဲ့ပါတယ်။

အဲဒီလို ဘုရားရှင်ကပင် ကိုယ်တော်၏အရာမှာထားပြီး မြှောက်စားချီးကျူး တော်မူခြင်းကိုခံတော်မူရတဲ့ ဆရာတော်ဘဒ္ဒန္တတိက္ခ (အဂ္ဂမဟာပဏ္ဍိတ) အရှင် မြတ်ကို ပူဇော်ခြင်းဟာ ဗုဒ္ဓကို ပူဇော်ခြင်းလည်းဖြစ်တယ်။ ဆရာတော်၏ အဇ္ဈတ္တသန္တာန်မှာ ကိန်းဝပ်တည်ရှိတဲ့ ပရိယတ္တိဓမ္မကို ပူဇော်တဲ့အတွက် ဓမ္မကိုပူဇော်ခြင်းလည်း ဖြစ်တယ်။ ဆရာတော်သည် သမ္မုတိသံဃာတွင် ပါဝင်တော်မူတဲ့အတွက် သံဃာကိုပူဇော်ခြင်းလည်းဖြစ်တယ်။

ဒီလိုပူဇော်ထိုက်တဲ့ အာဂမသုတ၊ အဓိဂမသုတ နှစ်မျိုးလုံးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို အလွန်ရခဲပါတယ်။ ဒီလိုပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို မရလို့ မပူဇော်ကြရတဲ့ မြို့နယ်တွေ အများကြီးရှိပါတယ်။ မန္တလေးမြို့က ဒကာ, ဒကာမတွေကတော့ အလွန်ကုသိုလ်ကံထူးကြလို့ နှစ်စဉ်နှစ်တိုင်း အဂ္ဂမဟာပဏ္ဍိတစတဲ့ ပူဇော်ပွဲတွေ ကျင်းပပူဇော်နေကြရပါတယ်။

ယခုလို ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ထူးများကို ပူဇော်ကြရတာဟာ **"ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ"** ဟူသော ဒေသနာတော်နှင့်အညီ ပဋ္ဌာန် တမလွန် နှစ်တန်သောဘဝတို့မှာ ကြီးပွားတိုးတက်ကြောင်း ကောင်းမြတ်သော မင်္ဂလာကုသိုလ်ထူးကြီးဖြစ်ပါတယ်။

အဲဒီပူဇော်မှုကလဲ "ဒွေမာ ဘိက္ခဝေ ပူဇာ။ ကတမာ ဒွေ အာမိသ ပူဇာစ ဓမ္မပူဇာစ"(အံ၊ ၁၊ ၉၂)ပစ္စည်းဝတ္ထုဖြင့် ပူဇော်မှု=အာမိသပူဇာ၊ တရားဖြင့် ပူဇော်မှု=ဓမ္မပူဇာလို့ နှစ်မျိုးရှိကြောင်း မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ယနေ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကို ဆွမ်း၊သင်္ကန်းစသော အသုံးအဆောင်ပစ္စည်းဝတ္ထုတို့ဖြင့် ပူဇော်ကြတာဟာ အာမိသပူဇာဖြစ်ပါတယ်။

ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်တွေကို ပါဠိ၊ မြန်မာကဗျာ ဂီတတို့ဖြင့် ချီးကျူးပူဇော်မှု၊ ဆရာတော်ဟောကြားညွှန်ပြတဲ့ ဩဝါဒကထာ ဒေသနာများကို လိုက်နာကျင့်သုံးမှုများကတော့ ဓမ္မပူဇာဖြစ်ပါတယ်။

"ဧတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ ဒွိန္နံ ပူဇာနံ၊ ယဒိဒံ ဓမ္မပူဇာ" (အံ၊ ၁၊ ၉၂) အဲဒီ အာမိသပူဇာ= ပစ္စည်းဝတ္ထုဖြင့်ပူဇော်မှု၊ ဓမ္မပူဇာ= တရားဖြင့်ပူဇော်မှု နှစ်မျိုးတို့အနက် တရားဖြင့်ပူဇော်မှု = ဓမ္မပူဇာက သာ၍မြတ်တယ်လို့ မြတ်စွာဘုရား ဟောတော်မူခဲ့ပါတယ်။

ဒါ့ကြောင့် ဤယနေ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တတိက္ခ ဆရာတော်ကို ဂုဏ်ပြုချီးကျူးပူဇော်မှု ဂုဏာဘိသိက္ခပူဇာသဘင် ဆင်ယင်ကျင်းပကြတဲ့ တပည့်ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့ဟာ ပစ္စည်းဝတ္ထုတို့ဖြင့်ပူဇော်မှု=အာမိသပူဇာမျှဖြင့် ရောင့်ရဲတင်းတိမ်မနေကြဘဲ ဘုရားရှင်က အမြတ်ဆုံးပူဇော်မှုလို့ ဟောတော်မူအပ်တဲ့ ဓမ္မပူဇာဖြင့်လည်း ပူဇော်ရာရောက်အောင် ဆရာတော် ဘဒ္ဒန္တတိက္ခအရှင်မြတ်ဟောကြားညွှန်ပြ ဆုံးမတော်မူအပ်တဲ့ တရားဓမ္မ ဩဝါဒကထာ ဒေသနာတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့် ပူဇော်ကြပါဟု တိုက်တွန်း လျက် ဘုန်းကြီး၏ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် သူတော် ကောင်းတို့။

## ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဓမ္မသိတဂူအေးရွာကျောင်းတိုက် ပဓာနနာယကဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိသုတအရှင်မြတ်၏ ဂုဏဝိသိဋ္ဌပူဇာသဘင်၌ ရှီးမြှင့်တော်မူအပ်သော ဂုဏ်ပြုချီးကျူးလွှာ

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဓမ္မသိတဂူအေးရွာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသုတအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၅–ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၅)ဖြင့် “အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ” ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး တပေါင်းလပြည့်နေ့တွင် ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ပူဇော်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်အစိုးရမင်းတို့က ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်ထိုက်ထိုက်တန်တန် ပူဇော်ခဲ့ပြီးဖြစ်သော်လည်း ဆရာတော်၏ တပည့်ရဟန်းရှင်လူ အပေါင်းတို့က မိမိတို့၏ဆရာတော်ကို အာမိသ၊ ဓမ္မနှစ်ဝသော ပူဇော်ခြင်းတို့ဖြင့် ထပ်ဆင့်ပူဇော်ကြသည့် ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ဆင်ယင်ကျင်းပပြုလုပ်ကြခြင်းသည်–

“ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ“ဟူသောခုဒ္ဒကပါဌ မင်္ဂလသုတ္တန်ဒေသနာတော်အရ ပူဇနေယျပူဇာမင်္ဂလာ ကုသိုလ်တရား တိုးပွားကြောင်းဖြစ်၍ လွန်စွာသင့်လျော်လှပေသည်။

## ပူဇနေယျ = ပူဇော်ထိုက်သူ

"ပူဇနေယျာနဉ္စ ပူဇာရတာနံ" ဟုခုဒ္ဒကပါဌအဋ္ဌကထာ၌ ဖွင့်ပြ၍ "ပူဇာရတာနာမ ဗုဒ္ဓပစ္စေကဗုဒ္ဓအရိယသာဝကာစရိယုပဇ္ဈာယ မာတာပိတုဂရု အာဒယော"ဟု အပါဒါနအဋ္ဌကထာ၌ ဖွင့်ပြသောကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝက၊ ဆရာ၊ ဥပဇ္ဈာယ်၊ အမိ၊ အဖ၊ အလေးပြုထိုက်သောအစ်ကိုကြီး၊ အစ်မကြီး၊ ဘကြီး၊ ဘထွေးစသည့်တို့သည် ပူဇော်ထိုက်သော ပူဇနေယျပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထိုပူဇော်ထိုက်သောပုဂ္ဂိုလ်တို့တွင် ဆရာတော်ဘဒ္ဒန္တဝိသုတသည်လည်း ပူဇော်ကြသူ တပည့်ရဟန်းလူတို့၏ ဆရာဥပဇ္ဈာယ်ဖြစ်ရကား ပူဇော်ထိုက်သော ပူဇနေယျပုဂ္ဂိုလ်တစ်ပါးပါပေ။

## အပြစ်ကင်းစင် ဂုဏ်နှင့်ယှဉ်မှ ပူဇော်ထိုက်

"တတ္ထ ပူဇနေယျာ နာမ သဗ္ဗဒေါသရဟိတတ္တာ သဗ္ဗဂုဏသမန္နာ ဂတ္တာ စ ဗုဒ္ဓါ ဘဂဝန္တော" အပြစ်ခပ်သိမ်းကင်းစင်သူ၊ ခပ်သိမ်းသောဂုဏ်တို့နှင့် ပြည့်စုံသူများ ဖြစ်သောကြောင့် ဘုရားရှင်တို့သည် ပူဇော်ထိုက်သော ပူဇနေယျ ပုဂ္ဂိုလ်များ ဖြစ်ကြသည်-ဟု ခုဒ္ဒကပါဌအဋ္ဌကထာ၌ ဖွင့်ပြသောကြောင့် ပုထုဇဉ် တို့သည် အပြစ်ခပ်သိမ်းကင်းစင်သော "သဗ္ဗဒေါသရဟိတ"၊ခပ်သိမ်းသောဂုဏ်တို့နှင့် ပြည့်စုံသော "သဗ္ဗဂုဏသမန္နာဂတ" ပုဂ္ဂိုလ်များ မဖြစ်နိုင်ကြစေကာမူ ထိုက်သင့်သလောက် အပြစ်ကင်းစင်သော ဒေါသရဟိတပုဂ္ဂိုလ်၊ ထိုက်သင့်သလောက်ဂုဏ်နှင့် ပြည့်စုံသော ဂုဏသမန္နာဂတပုဂ္ဂိုလ်များဖြစ်ကြမှသာ ပူဇော်ထိုက်သောကြောင့် "ပူဇနေယျ"ပုဂ္ဂိုလ်များ ဖြစ်ကြပေမည်။

## ဆရာတော်အရှင်ဝိသုတ၏ ပူဇနေယျဂုဏ်

ပူဇော်ထိုက်သော = ပူဇနေယျပုဂ္ဂိုလ်များသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးတန်ကို အခြေခံ၍ ပေါ်ထွန်းလာကြပေသည်။ သိက္ခာသုံးတန် အခြေခံ မရှိဘဲ ပူဇော်ထိုက်သူ= ပူဇနေယျပုဂ္ဂိုလ် မဖြစ်နိုင်။

"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ခြင်းခံတော်မူရသည့် ဆရာတော်အရှင်ဝိသုတသည် သိက္ခာသုံးတန် အခြေခံပြည့်ဝသည့် ပူဇနေယျပုဂ္ဂလဝိသေသ ဖြစ်သည်ဟုဆိုလျှင် အတိဝုတ္တာဒေါသမရောက် ဂုဏ်မြောက်သော အဆိုသာ ဖြစ်ရာပါသည်။

ဆရာတော်အရှင်ဝိသုတသည် သိက္ခာသုံးရပ် အကျင့်မြတ်နှင့် ဆက်စပ်ယှက်နွယ်လာလျှင် ဗိဗိပြင်ပြင်၊ ကြည်ကြည်လင်လင် ကျင့်ဆောင်တော်မူသော အရှင်မြတ်ဖြစ်ရကား စရိုက်သဘောထား အာစားစားရှိကြသည့် ရှင်လူများ၏ ဝေဖန်သုံးသပ်မှုကို ခံနိုင်ရည်ရှိသော အရှင်မြတ်ဖြစ်ပါသည်။

## စံပြပုဂ္ဂိုလ်

စာရေးသူသည် အေးရွာကျောင်းတိုက်သို့ တစ်နှစ်လျှင် နှစ်ခေါက်သုံးခေါက် ရောက်ပါသည်။ ထိုသို့ရောက်သောအခါ ဆရာတော်အရှင်ဝိသုတနှင့် ဆက်ဆံနှီးနှော ပြောဆိုဆွေးနွေးရသဖြင့် ဆရာတော် အရှင်ဝိသုတ၏ အနေအထိုင်၊ အပြောအဆို ကျစ်လစ်သိမ်မွေ့၍ ကြည်ညိုဖွယ်ကိုဆောင်သော ဣန္ဒြေရှင်ဖြစ်သည်ကို တွေ့မြင်သိရှိရပါသည်။ ဆရာတော် အရှင်ဝိသုတသည် မြတ်စွာဘုရားရှင် သာသနာတော်အတွက် မိမိစွမ်းနိုင်သည့်ဘက်မှ စိတ်ကောင်းရှိရှိ၊ သတိစွဲမြဲ၊ ဇွဲလုံ့လသန်သန်ဖြင့် စံပြပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်တော်မူနေသော ပူဇနေယျဂုဏ် စုံလင်ပြည့်ဝသည့် ပုဂ္ဂလဝိသေသ ဖြစ်တော်မူပါပေသည်ဟု ဤစာတမ်းဖြင့် ဂုဏ်ပြုချီးကျူးအပ်ပါသည်။

## ဧရာဝတီတိုင်း၊ မြောင်းမြခရိုင်၊ လပွတ္တာမြို့ သီရိလက္ခဏာကျိုက်ထီးရိုးပရိယတ္တိစာသင်တိုက်နှင့် သာသနောဒယစာသင်တိုက်နှစ်တိုက်တို့၏ ပဓာနနာယက (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသာသနအရှင်မြတ်၏ ဂုဏဝိသိဋ္ဌပူဇာသဘင်၌ ရေးသားပေးပို့တော်မူအပ်သော

## သာရဏီယဩဝါဒကထာ

ဧရာဝတီတိုင်း၊ မြောင်းမြခရိုင်၊ လပွတ္တာမြို့ အမှတ်(၂)ရပ်ကွက်၊ သီရိလက္ခဏာကျိုက်ထီးရိုး ပရိယတ္တိစာသင်တိုက်နှင့် သာသနောဒယစာသင်တိုက် နှစ်တိုက်တို့၏ ပဓာနနာယက ဘဒ္ဒန္တသာသန (သာသနဓဇသီရိပဝရဓမ္မာစရိယ၊ ပါဠိ သိရောမဏိ) အရှင်မြတ်အား ၂၀၀၇ -ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇) နေ့စွဲဖြင့် "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းကြောင်း ကြေငြာ၍ ထိုနှစ်တပေါင်းလပြည့်နေ့၌ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ အစိုးရနှင့်ပြည်သူ ကြည်ဖြူလက်တွဲလျက် ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက် ထိုက်ထိုက်တန်တန် ပူဇော်ခဲ့ပါသည်။

ယခုတစ်ဖန် လပွတ္တာမြို့နှင့်တကွ ရပ်နီးရပ်ဝေး အခြားမြို့ရွာ ဒေသများရှိ ဆရာတော်ဘုရားကြီး၏ တပည့်သံဃာတော်များနှင့် ဒါယကာ,ဒါယိကာမအပေါင်းတို့က သောင်းသောင်းဖျဖျ စည်ကားသိုက်မြိုက်စွာ အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြလျက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပကြပြန်ပါသည်။

ဤသို့ ပူဇော်သင့်၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် **"ပူဇာစ ပူဇ နေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ"**ဟူသော ခုဒ္ဒကပါဠ်ပါဠိတော် မင်္ဂလသုတ်ဒေသနာ အရ ကောင်းမြတ်သောမင်္ဂလာ ဖြစ်ပါသည်။

## ပူဇနေယျ = ပူဇော်ထိုက်သောပုဂ္ဂိုလ်

ပူဇော်သင့်၊ ပူဇော်ထိုက်သော ပုဂ္ဂိုလ်ဆိုသည်မှာ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဓမ္မ၊ သံဃာနှင့် ဆရာသမား၊ အစ်ကိုကြီး၊ အစ်မကြီး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ မိကြီး၊ မိထွေး၊ ဘကြီး၊ ဘထွေး၊ ယောက္ခမစသည့်သူတို့ဖြစ်ကြသည်ဟု ခုဒ္ဒကပါဠ အဋ္ဌကထာ (၁၄- ၁၅) ၌ မိန့်ဆိုတော်မူပါသည်။

ဤပူဇော်သင့်, ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့တွင် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ဓမ္မ၊ သံဃာတို့သည် ကိလေသာအပြစ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ကြသော ကြောင့်လည်းကောင်း၊ သီလစသောဂုဏ်တို့နှင့် ပြည့်စုံသောကြောင့်လည်းကောင်း ထိုပုဂ္ဂိုလ်တို့အား အနည်းငယ်မျှ ပူဇော်လိုက်ရလျှင် သုမနပန်းသည်၊ မလ္လိကာ မိဖုရားကြီး စသည့်သူတို့ကဲ့သို့ ကာလရှည်ကြာ အကျိုးစီးပွား ချမ်းသာသုခများနိုင် သောကြောင့် ပူဇော်ထိုက်သောပုဂ္ဂိုလ်၊ ဓမ္မများဖြစ်ကြပါသည်။

မိဘဆရာစသည့်သူတို့ကား ပေးဆပ်၍မကုန်နိုင်အောင် ကျေးဇူးများ ကြသော ကျေးဇူးရှင်ကြီးများ ဖြစ်ကြသည့်အပြင် မိမိတို့ထက် အသက်၊သိက္ခာ၊ ဂုဏ်ဝါ ကြီးမားကြသောကြောင့် ထိုပုဂ္ဂိုလ်များကို ပူဇော်ရလျှင် အပြစ်ကင်းသည့် ကုသိုလ်တရားဖြစ်၍ အာယု၊ဝဏ္ဏ၊သုခ၊ဗလဟူသော အကျိုးတရားများ တိုးပွား နိုင်သည်ဟု ဘုရားရှင် ဟောကြားတော်မူသောကြောင့် ပူဇော်ထိုက်သောပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု ခုဒ္ဒကပါဠအဋ္ဌကထာ (၁၄- ၁၅)၌ ဖွင့်ပြတော်မူပါသည်။

## ပူဇော်ထိုက်သောကြောင့် ပူဇော်ပါသည်

ထိုပူဇော်သင့်၊ ပူဇော်ထိုက်သော ပူဇနေယျပုဂ္ဂိုလ်တို့တွင် လပွတ္တာမြို့ သီရိလက္ခဏာကျိုက်ထီးရိုးပရိယတ္တိစာသင်တိုက်နှင့် သာသနောဒယစာသင်တိုက် နှစ်တိုက်တို့၏ ပဓာနနာယက ဘဒ္ဒန္တသာသနဆရာတော်အရှင်မြတ်သည်လည်း ပူဇော်သင့် ပူဇော်ထိုက်သော"ပူဇနေယျ"ပုဂ္ဂိုလ်တစ်ပါးအဖြစ် ပါဝင်တော်မူပါသည်။

အဘယ့်ကြောင့် ဘဒ္ဒန္တသာသန ဆရာတော်အရှင်မြတ်သည် ပူဇော်သင့်၊ ပူဇော်ထိုက်သော "ပူဇနေယျ" ပုဂ္ဂိုလ်ဖြစ်သနည်းဟူမူ ဘဒ္ဒန္တ သာသနဆရာတော် အရှင်မြတ်သည် မြန်မာနိုင်ငံရှိ စာတတ်ပေတတ် ကျမ်းတတ်အကျော်အမော် ဆရာတော်များစွာတို့၏ အထံ၌ ပရိယတ်ကျမ်းဂန် အတန်တန်တို့ကို ထက်သန်သော လုံ့လဝီရိယဖြင့် နှစ်ပေါင်းများစွာ လေ့လာသင်ကြား အားထုတ်ဆည်းပူးတော်မူခဲ့၍ အစိုးရပါဠိတက္ကသိုလ်ဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပသော ပါဠိတက္ကသိုလ် ဓမ္မာစရိယ စာချတန်းစာမေးပွဲကြီး၌ ကျမ်းရင်းသုံးကျမ်းနှင့်တကွ ဂုဏ်ထူးဆောင် ခြောက်ကျမ်းတို့ကို ပါဠိဘာသာဖြင့် ဖြေဆိုတော်မူရာ တစ်နှစ်တည်းဖြင့် အပြီးအောင်မြင်တော်မူသောကြောင့် "သာသနဓဇသိရိပဝရဓမ္မာစရိယ(ပါဠိ)သိရောမဏိ" ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူခဲ့ပါသည်။ ထိုအပြင် ဟင်္သာတမြို့ သာသနဟိတကာရီ စာမေးပွဲ၌ လည်း စာချတန်းပြီးသည်အထိ အောင်စဉ်အမှတ်(၁)ဖြင့် အောင်မြင်တော်မူခဲ့ပါသည်။

ဆရာတော်အရှင်မြတ်သည် ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စာချကထိက ကျောင်းတိုက်နာယကအဖြစ်ဖြင့်လည်းကောင်း၊

ရေဝတီတိုင်း၊ မြောင်းမြခရိုင်၊ လပွတ္တာမြို့၊ သရက်တောပရိယတ္တိ စာသင်တိုက်၌ တိုက်အုပ်စာချနာယကဆရာတော် အဖြစ်ဖြင့်လည်းကောင်း၊

၁၃၂၅- ခုနှစ်၊ လပွတ္တာမြို့၌ သာသနောဒယပရိယတ္တိစာသင်တိုက်ကြီးကို တည်ထောင်ပြီးလျှင် ပဓာနနာယကဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊

၁၃၂၉ -ခုနှစ်တွင် လပွတ္တာမြို့၌ပင် သီရိလင်္ကာ ကျိုက်ထီးရိုး ပရိယတ္တိ စာသင်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူ၍ ပဓာနနာယကဆရာတော် အဖြစ်ဖြင့်လည်းကောင်း စာသင်သားသံဃာတော်အပေါင်းအား ပရိယတ်ကျမ်းဂန် အတန်တန်တို့ကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့်ပို့ချတော်မူခဲ့ပါသည်။ယင်းသို့ ဆရာတော်၏ ပရိယတ်ကျမ်းဂန်တို့ကို ပို့ချတော်မူခဲ့ခြင်းကြောင့် စာတတ်ပေတတ် ကျမ်းတတ်အကျော်အမော်တပည့်များ ပေါ်ထွက်ခဲ့ပါသည်။

ဆရာတော်သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ သင်္ဂီတိကာရက အဖြစ်ဖြင့်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းပေါ်ပေါက်ခဲ့ရာ ၁၃၄၂-ခုနှစ်မှ စ၍ ယခု ၁၃၆၉-ခုနှစ်အထိ (၂၈)နှစ်တိုင်တိုင် နိုင်ငံတော်ဗဟိုသံဃ ဝန်ဆောင် ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ဒုတိယအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်ဝိနည်းဓိုရ် သဘာပတိ အဖြစ်ဖြင့်လည်းကောင်း၊ တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်ဝိနည်းဓိုရ်သဘာပတိအဖြစ်၊ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် သဘာပတိအဖြစ်ဖြင့်လည်းကောင်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်သည်-

(က) သီမာဒိဝိနိစ္ဆယကျမ်း၊

(ခ) ပဌာန်းကျမ်း၊

(ဂ) မာတိကာဓာတုကထာကျမ်း၊

တို့ကိုလည်း ရေးသားပြုစုတော်မူခဲ့သည့်အပြင် ရဟန်းပရိသတ်၊ လူပရိသတ် တို့အား သုတ္တန်တရား၊ အဘိဓမ္မာတရား၊ ဝိပဿနာတရားတို့ကို ပိုင်နိုင်စွာ ဟောကြားပြသနိုင်ရုံမက မိမိကိုယ်တော်တိုင်လည်း သီလသံဝရစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေသည်။ ထို့ကြောင့် ပူဇော်သင့်၊ ပူဇော်ထိုက်သော "ပူဇနေယျ" ပုဂ္ဂိုလ်တစ်ဆူဖြစ်တော်မူပါသည်။

ဤသို့ ပူဇော်သင့်၊ ပူဇော်ထိုက်သည့် ဗဟုသုတရဟန်းတော်ကို မြတ်စွာ ဘုရားရှင်က ကိုယ်တော်မြတ်အရာထား၍ ချီးကျူးတော်မူခဲ့ပုံကို ပါထိက ဝဂ်အဋ္ဌကထာ (၉၅-၉၆)၌ "**ဝေံ တော ဘိက္ခု ပသံသထ။ သော တိ ဘိက္ခု န တုမှာကံ သာဝကောနာမ၊ ဗုဒ္ဓေါနာမ သေစနွာတိ။ တ္တတိ ဘဂဝါ ဗဟုဿုတံ ဘိက္ခုံ အတ္တနော ဌာနေ ဌပေသိ**"

ဧဝံ ၊ ဤလာဘာဝတနော အစရှိသော အခြင်းအရာအားဖြင့်။ ဧတံ ဘိက္ခုံ ပါဠိ, အဋ္ဌကထာ, ဋီကာအနု ကျမ်းဂန်စု၌ ဗဟုသုတရှိသော ဤရဟန်းတော်ကို။ ပသံသထ၊ ညီညာဝိုင်းအုံ ချီးမွမ်းကြကုန်လော့။ ဟိ၊ချီးမွမ်းရခြင်း အကြောင်းရင်းကား။ ဗုဒ္ဓ ၊ ဗုဒ္ဓ။ ဧသော ဘိက္ခု၊ တတတ်ပေတတ် ကျမ်းတတ်အကျော် အဲဒီရဟန်းတော်သည်။ တုမှာကံ၊ သင်တို့၏။ န သာဝကောနာမ၊ တပည့်မည်သည် မဟုတ်။ ဧသော ဘိက္ခု၊ အဲဒီရဟန်းတော်သည်။ ဗုဒ္ဓေါနာမ၊ ဗုဒ္ဓမည်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ တုမှေ၊သင်တို့သည်။ ပသံသထ၊ ချီးမွမ်းကြကုန်လော့။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗဟုသုတံ၊ များသောကြားနာအပ်ပြီးသော ပရိယတ်ရှိသော။ ဘိက္ခုံ ရဟန်းကို။ အတ္တနော ဌာနေ၊ ကိုယ်တော်မြတ်အရာ၌။ ဌပေသိ၊ ထားတော်မူပြီ–ဟု ပြဆိုတော်မူခဲ့ပါသည်။ ထို့ကြောင့် ဘဒ္ဒန္တသာသနဆရာတော် အရှင်မြတ်သည် ဘုရားရှင်ကပင် ကိုယ်တော်မြတ်အရာ၌ထား၍ မြှောက်စားချီးကျူးခြင်းခံတော်မူရသည့် "သုတဗုဒ္ဓ" ဖြစ်တော်မူပါသည်။

ဤဖော်ပြခဲ့ပြီးသော ဂုဏ်ပေါင်းများစွာတို့နှင့် ပြည့်စုံတော်မူသောကြောင့်ပင် နိုင်ငံတော်အစိုးရမင်းတို့က ဘဒ္ဒန္တသာသနဆရာတော် အရှင်မြတ်အား "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။

## ပူဇာ = ပူဇော်ခြင်း

"ပူဇာတိ သက္ကာရ ဂရုကာရ မာနန ဝန္ဒနာ" သုတ္တနိပါတအဋ္ဌကထာ (ဒု၊ ၁၀)နှင့်အညီ အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း၊ မြတ်မြတ်နိုးနိုးပေးလှူခြင်း၊ ပစ္စည်းကို ကောင်းမွန်စွာ စီရင်၍ ရိုသေလေးမြတ်စွာ ပေးလှူခြင်းကို ပူဇာ= ပူဇော်ခြင်းဟုခေါ်သည်။

## သက္ကာရ၊ ဂါရဝ၊ ပူဇာအထူး

တတ္ထ ယဿ စတ္တာရော ပစ္စယေ သက္ကရိတွာ–အစရှိသော ပါရာဇိကဏ်အဋ္ဌကထာ(၂ ၊ ၇၅)အဖွင့်နှင့်အညီ ပုဂ္ဂိုလ်အား အလေးအမြတ်မပြု လွန်းဘဲ ပစ္စည်းကိုသာ ကောင်းစွာစီရင်၍ပေးကမ်းခြင်းသည် "သက္ကာရ" မည်၏။

ပေးကမ်းဖွယ်ပစ္စည်းကို ကောင်းစွာစီရင်ခြင်းစသည်ကို မပြုဘဲ ပုဂ္ဂိုလ်ကိုသာ အလေးအမြတ်ပြု၍ ပေးကမ်းခြင်းသည် "ဂါရဝ"မည်၏။ ဤသက္ကာရ၊ ဂါရဝ နှစ်ပါးတို့နှင့် ပြည့်စုံစွာ ချစ်မြတ်နိုးခြင်းနှင့်တကွ ကောင်းမွန်စွာ စီရင်အပ်သော ပစ္စည်းဖြင့် ပုဂ္ဂိုလ်ကို အလေးအမြတ်ပြု၍ ပူဇော်ချီးမြှောက်ခြင်းသည်"ပူဇာ" မည်၏ဟု မိန့်ဆိုပါသည်။ ထို့ကြောင့် သက္ကာရ၊ ဂါရဝ ဖြစ်ရုံမက ပူဇာအဖြစ်သို့ ရောက်အောင် အထူးနှလုံးသွင်း၍ ပူဇော်ကြရန် တိုက်တွန်းပါသည်။

## ပူဇော်ခြင်းနှစ်မျိုး

ပူဇော်ခြင်းသည် "**ဒွေမာ ဘိက္ခဝေ ပူဇာ။ ကတမာ ဒွေ၊ အာမိသပူဇာ စ ဓမ္မပူဇာ စ**" (**အံ၊၁၊ ၉၂**)ဟူသော အင်္ဂုတ္တရပါဠိဒုကနိပါတ် ဒေသနာတော်နှင့် အညီ (က) အာမိသပူဇာ၊ (ခ) ဓမ္မပူဇာ ဟုနှစ်မျိုးရှိပါသည်။ ထိုတွင် -

(က) ဝိနည်းဒေသနာတော်အရ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါး၊ သုတ္တန်ဒေသနာတော်အရ ဆွမ်း၊အဖျော်၊ကျောင်း၊သင်္ကန်း၊ ယာဉ်၊ ပန်း၊ နံ့သာပျောင်း၊ နံ့သာခဲ၊ အိပ်ရာနေရာ၊ ဆီးမီးဟူသော ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်းသည် "အာမိသပူဇာ"မည်ပါသည်။

(ခ) မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေနိုင်သည့် သရဏဂုံ၊ပဉ္စသီလ၊ ဥပေါသထ စသော(သီလ)အကျင့်၊ သမထဘာဝနာ(သမာဓိ)အကျင့်၊ ဝိပဿနာဘာဝနာ(ပညာ) အကျင့်ဟူသော သိက္ခာသုံးပါးအကျင့်တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း ဟူသော တရားဖြင့် ပူဇော်ခြင်းသည် "ဓမ္မပူဇာ" မည်ပါသည်။ မူလပဏ္ဏာသ အဋ္ဌကထာ၊ မဟာဂေါသိင်္ဂသုတ်၌လာသော အရှင်အာနန္ဒာအား အသပြာတစ်ထောင်တန် သင်္ကန်းဖြင့် ပူဇော်သောပုဏ္ဏားကြီးကဲ့သို့ ဗဟုသုတ ရဟန်းတော်အား ပစ္စည်း ဝတ္ထုဖြင့် ပူဇော်ခြင်းသည်လည်း "ဓမ္မပူဇာ" မည်ပါသည်။

"**ဧတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ ဒွိန္နံ ပူဇာနံ ယဒိဒံ ဓမ္မပူဇာ**"

ဘိက္ခဝေ၊ရဟန်းတို့။ဣမာသံ ဒွိန္နံ ပူဇာနံ၊ဤအာမိသပူဇာ၊ ဓမ္မပူဇာ နှစ်မျိုး တို့တွင်။ယဒိဒံ ဓမ္မပူဇာ၊ အကြင်တရားဖြင့် ပူဇော်မှု ဓမ္မပူဇာသည်။ အတ္ထိ၊ ရှိ၏။

တော်၊ ဤတရားဖြင့် ပူဇော်မှု ဓမ္မပူဇာသည်။ အဂ္ဂံ၊ မြတ်၏-ဟူသော အင်္ဂုတ္တရပါဠိ၊ ဒုကနိပါတ် ဒေသနာနှင့် အညီ ပစ္စည်းဝတ္ထုဖြင့် ပူဇော်မှု= အာမိသပူဇာနှင့် တရားဖြင့်ပူဇော်မှု = ဓမ္မပူဇာ နှစ်မျိုးတို့အနက် ဓမ္မပူဇာကသာ မြတ်သည့်အတွက် ဤဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပကြသော ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့လည်း အာမိသပူဇာမျှသာမက ဓမ္မပူဇာဖြင့်လည်း ပူဇော်ကြပါကုန်ဟု မေတ္တာပုဗ္ဗင်္ဂမဩဝါဒစကား မိန့်ကြားလိုက်ပါသည်။

# မန္တလေးမြို့
# ပရိယတ္တိသာသနဟိတအသင်း ရာပြည့်ပွဲတော်၌
# မိန့်ကြားတော်မူအပ်သော
# သမ္ဘောဒနီယ ဩဝါဒကထာ

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ရာပြည့်ပူဇော်ပွဲ ဆင်နွှဲကျင်းပကြကုန်သော ပရိယတ္တိသာသနဟိတအသင်းဝင် ဒကာကြီးများနှင့် အလယ်ပိုင်းတိုင်း တိုင်းမှူး၊ သာသနာရေးဝန်ကြီးတို့ အမှူးရှိသော သူတော်စင်ပရိသတ်အပေါင်းတို့....

ယခုကျင်းပသည့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း ရာပြည့်အထိမ်းအမှတ် ရတနတ္တယပူဇာ မဟာသဘင်ဝယ် ရှင်ပရိသတ်၊ လူပရိသတ်အစုံအညီ သိရိမင်္ဂလာအခါတော်ကြုံကြိုက် ဆိုက်ရောက်သည့်အချိန်ဝယ် မုနိန္ဒဓမ္မရာဇ် ဘုန်းလျှံသစ်သည့် ရှင်ချစ်မြတ်စွာ သာသနာတော်တိုးတက်ရေးကို ရှေးရှုထောက်ထား၍ သမ္ဘောဒနီယ ဩဝါဒစကား ညွှန်ကြားပြောဆိုလိုသည်မှာ-

သုံးလောကသင်းကျစ် ဓမ္မရာဇ်ထွတ်ထား မြတ်ဘုရား၏ ပရိယတ်၊ပဋိပတ်၊ ပဋိဝေဓဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်တွင် ပထမာဒိက မူလရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိသာသနာ လွန်စွာခိုင်ဖြိုး ပွားစီးတည်တံ့ အရှည်ခံမှသာ ပဋိပတ္တိသာသနာဟူသော ပင်စည်ကိုင်းခက် ရွက်အလက်တို့ တိုးတက်စည်ပင်ကာ ပဋိဝေဓသာသနာဟူသော မဂ်ပွင့်, ဖိုလ်ပွင့်၊ မဂ်သီး, ဖိုလ်သီးတို့ ခိုင်ဖြိုးပွံ့ဖြိုးပွားတိုးရင့်သန်လျက် နိဗ္ဗာန်အမတ သန္တိသုခအရသာကို မြိန်ရှက်စွာ သုံးဆောင်ခံစားကြရမည်ကို သိမြင်တော်မူကြသည့် အရှင်မဟာကဿပ အမှူးရှိသော ငါးရာသော ရဟန္တာအရှင်မြတ်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် သုံးလ

အလွန် လေးလမြောက်ရောက်သောအခါဝယ် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းကို အမှီပြု၍ မြတ်စွာဘုရား (၄၅)ဝါပတ်လုံး ဟောကြားတော်မူအပ်သောဓမ္မ၊ ဝိနယဟုဆိုအပ်သော ပရိယတ်တရားတော်များကို သံဂါယနာတင်တော်မူကြပြီးလျှင် ဝိနည်းပိဋကကို အရှင်ဥပါလိထေရ်မှစ၍ အရှင်ဥပါလိ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊ ဒီဃနိကာယ်ကို အရှင်အာနန္ဒာထေရ်မှစ၍ အရှင်အာနန္ဒာထေရ်၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊ မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊ သံယုတ္တနိကာယ်ကို အရှင်မဟာကဿပထေရ်မှစ၍ အရှင်မဟာကဿပ၏တပည့် အဆက်ဆက်တို့ကလည်းကောင်း၊ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓထေရ်မှစ၍ အရှင်အနုရုဒ္ဓထေရ်၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊ အဘိဓမ္မပိဋကကို အရှင်သာရိပုတ္တရာ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊ဇာတ်,နိဒ္ဒေသစသော ခုဒ္ဒကနိကာယ်ဝင်ကျမ်းများကို ဆရာအဆက်ဆက်၊ တပည့် အဆက်ဆက်တို့ကလည်းကောင်း စဉ်ဆက်မပြတ်ပို့ချသင်ယူဆောင်တော်မူခဲ့ကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်(၁၀၀)မြောက်၌ အရှင်မဟာယသထေရ်၊ အရှင်ရေဝတထေရ်၊ အရှင်သဗ္ဗကာမိထေရ်တို့ အမှူးရှိသော (၇၀၀)သောရဟန္တာအရှင်မြတ်တို့သည် ဝေသာလီပြည့်ရှင်ဘုရင် ကာဠာသောကမင်းကို အမှီပြုကာ ဒုတိယသံဂါယနာတင်တော်မူကြ၍လည်းကောင်း၊ သာသနာတော် ၂၃၅-နှစ်မြောက်၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၊ အရှင်မဇ္ဈန္တိကထေရ်၊ အရှင်မဟာဒေဝထေရ်တို့ အမှူးရှိသော(၁၀၀၀)သော ရဟန္တာအရှင်မြတ်တို့သည် ပါဋလိပုတ်ပြည့်ရှင် ဘုရင်အသောကမင်းကို အမှီပြုကာ တတိယသံဂါယနာတင်တော်မူကြ၍လည်းကောင်း ပရိယတ်တရားတော်များ မကွယ်ပျောက်အောင် ပို့ချသင်ယူဆောင်တော်မူခဲ့ကြပါသည်။

သာသနာတော် ၄၃၀-ခုနှစ်တွင် သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿသူပုန်ဘေးကြီးဖြစ်သောအခါ မိုးလေဝသခေါင်းပါး၍ အစာအာဟာရ

ရှားပါးလေရာ ရဟန်းတော်အရှင်မြတ်တို့သည် သီဟိုဠ်ကျွန်းတောင်ပိုင်း၊ မလယ ဇနပုဒ်သို့ သွားရောက်ကြ၍ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်၊သစ်ရွက်တို့ဖြင့် ကိုယ်ကို မျှတစေလျက် ပိဋကသုံးပုံကို နှုတ်ဖြင့်သရဇ္ဈာယ်ကာ မပျောက်ပျက်အောင် ရွက်ဆောင်ထိန်းသိမ်းတော်မူခဲ့ကြပါသည်။ ဆာလောင်မွတ်သိပ်ခြင်းပြင်းပြ၍ နှုတ်ဖြင့် မသရဇ္ဈာယ်နိုင်သောအခါ သဲစိုများကိုစုပုံ၍ ဝမ်းအောက်ကထားပြီးလျှင် တစ်ခုသော အရပ်၌ ဦးခေါင်းကိုဆိုက်ကြလျက် ပိဋကတ်တော်များ မေ့လျော့မသွားအောင် စိတ်ဖြင့်ဆင်ခြင်၍ နေတော်မူကြရပါသည်။ ဤသို့ ဆင်းရဲပင်ပန်းစွာ (၁၂)နှစ်ကာလ ပတ်လုံး အဋ္ဌကထာနှင့်တကွ ပိဋကတ်တော်များ မကွယ်ပျောက်အောင် စောင့်ရှောက် တော်မူခဲ့ကြပါသည်။

သာသနာတော် ၄၅၀-ခုနှစ်၊ ဝဋ္ဋဂါမဏိမင်းလက်ထက်၌ ရဟန္တာအရှင်မြတ် (၅၀၀)တို့သည် သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်၌ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ပေထက်၌ အက္ခရာရေးသား၍ တင်ထားတော် မူကြပါသည်။ ဤသို့ ပေထက်အက္ခရာတင်ထားသည်ကို စတုတ္ထသံဂါယနာဟု ခေါ်ဆိုကြပါသည်။

မြန်မာနိုင်ငံတော်၌လည်း ပုဂံခေတ်ဝယ် အရှင်အရဟံထေရ်သည် ပုဂံပြည့်ရှင် ဘုရင်အနော်ရထာမင်းကို အမှီပြု၍ ပရိယတ်ကို အရင်းမူလျက် ပဋိပတ်၊ ပဋိဝေဓ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို လွန်စွာထွန်းလင်းစေတော်မူခဲ့ပါသည်။ ထိုပုဂံခေတ် မှစ၍ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရ ခေတ်၊ ရတနာပုံ မန္တလေးခေတ်တိုင်အောင် သာသနာ့ဦးသျှောင် ဆရာတော်အဆက် ဆက်တို့သည် ထိုထိုသာသနာပြု မင်းကောင်းမင်းမြတ်တို့ကို အမှီပြု၍ ဗုဒ္ဓမြတ်စွာ သာသနာတော် စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်အောင် ရွက်ဆောင်တော်မူခဲ့ကြ ပါသည်။ ရတနာပုံမန္တလေးခေတ် မင်းတုန်းမင်းတရားကြီး လက်ထက်ဝယ် ပိဋက သုံးပုံကို ကျောက်ထက် အက္ခရာတင်ထားလျက် ပဉ္စမသံဂါယနာတင်ပွဲသဘင်ကို ဆင်ယင်ကျင်းပကာ ပရိယတ္တိသာသနာတော်ကို အထွတ်အထိပ်ရောက် ချီးမြှောက်

တော်မူခဲ့လေရာ ဗုဒ္ဓမြတ်စွာသာသနာတော်သည် လွန်စွာထွန်းလင်းလျက် စည်ပင်ပြန့်ပွားခြင်းသို့ ရောက်ခဲ့ပါသည်။

သားတော်သီပေါမင်းသည်လည်း မိမိ၏လက်ထက်၌ ခမည်းတော်မင်းတရားကြီး၏ ထီးမွေနန်းမွေဟူသော လောကီအမွေကိုသာမက သာသနာပြုခမွှအမွေကိုပါ ခံယူတော်မူလျက် ခမည်းတော်လက်ထက်ကကဲ့သို့ပင် သာသနာတော်ကို အားပေးချီးမြှောက်ထောက်ပံ့ခဲ့ခြင်းကြောင့် ရဟန်းတော်အရှင်မြတ်တို့ ပစ္စည်းလေးပါးဖြင့် မငြိုငြင်မပင်ပန်းဘဲ ပရိယတ်ကျမ်းဂန်ကို သင်အံပို့ချ ရွက်ဆောင်နိုင်ကြသဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်သည် လွန်စွာစည်ကား ပြန့်ပွားတိုးတက်ခဲ့ပါသည်။

သို့ရာတွင် ကောဇာသက္ကရာဇ် ၁၂၄၇–ခုနှစ်၊ တန်ဆောင်မုန်း လဆုတ်(၈)ရက်နေ့၌ မြန်မာနိုင်ငံတော်ကို နယ်ချဲ့ဗြိတိသျှအစိုးရတို့က အနိုင်အထက်နိုင်စက်သိမ်းပိုက်ခဲ့သဖြင့် အမိမြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ရကား ဗုဒ္ဓမြတ်စွာသာသနာလည်း သာသနာပြုမင်းနှင့်ကင်းကွာ၍ လွန်စွာညှိုးမှိန်ခဲ့ရလေသည်။

မြန်မာနိုင်ငံ၌ ပုဂံခေတ်မှစ၍ ရတနာပုံခေတ်တိုင်အောင် ခေတ်အဆက်ဆက် လင်းလက်တောက်ပခဲ့သော ဘုရားမြတ်စွာသာသနာတော်သည် နယ်ချဲ့ဗြိတိသျှ အစိုးရတို့လက်ထက်၌ ဆုတ်ယုတ်ညှိုးမှိန် သွားရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသော မန္တလေးမြို့ တော်သူ, မြို့တော်သား၊ ဒါယကာ, ဒါယိကာမအများတို့သည် "ရှေးရှေးသော သာသနာပြုမင်းကောင်း မင်းမြတ်တို့သည် သာသနာ့ဝန်ဆောင် ရဟန်းတော်အရှင်မြတ်တို့ ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင်မပင်ပန်းဘဲ သာသနာပြုတော်မူနိုင်ကြစေရန် ရည်သန်လျက် ပစ္စည်းလေးဖြာ ထောက်ပံ့ကာဖြင့် သာသနာပြုတော်မူကြသကဲ့သို့ ငါတို့အရှင်သခင် ဘုရင်မင်းမရှိသော်လည်း ငါတို့ကိုယ်တိုင် မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်ကကဲ့သို့ ဆရာတော်သံဃာတော်များ ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင်မပင်ပန်းဘဲ ပရိယတ်ကျမ်းဂန် သင်အံပို့ချမှုကို လုံ့လမလစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ကြစေခြင်းငှာ ပစ္စည်းလေးဖြာ ထောက်ပံ့ကာဖြင့် သာသနာပြုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ကြမည်"ဟု

စေတောပဏိဓိ ရည်သန်ခြင်းရှိကြ၍ ကောဇာသက္ကရာဇ် ၁၂၆၀–ပြည့်နှစ်၊ ဝါဆိုလ ပြည့်နေ့၌ ပရိယတ္တိသာသနဟိတအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။

ပရိယတ္တိသာသနဟိတအသင်းကြီး ဖွဲ့စည်းတည်ထောင်ပြီးနောက် ၁၂၆၄–ခုနှစ်အထိ စာမေးလျှောက်ပွဲများ မကျင်းပသေးဘဲ ပရိယတ္တိဝန်ဆောင် မူလစာချ ဆရာတော်များကို ရွေးချယ်၍ ကိုးကွယ်ထောက်ပံ့ခဲ့ကြပါသည်။

၁၂၆၅–ခုနှစ်မှစ၍ သီးခြားစာသင်တန်း စာလျှောက်မေးပွဲကိုလည်းကောင်း၊ ၁၂၆၇–ခုနှစ်မှစ၍ သီးခြားစာချတန်း စာလျှောက်မေးပွဲကိုလည်းကောင်း၊ ၁၃၁၁–ခုနှစ်မှစ၍ သာသနာလင်္ကာရ သာမဏေကျော် စာလျှောက်မေးပွဲကိုလည်းကောင်း၊ ၁၃၃၁–ခုနှစ်မှစ၍ နိကာယ်ငါးရပ်၊ ပိဋကသုံးပုံ စာတော်ပြန်ပွဲကိုလည်းကောင်း ကျင်းပလျက် ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ထောက်ပံ့လာခဲ့ရာ ယခု ၁၃၆၀– ပြည့်နှစ်၌ ပရိယတ္တိသာသနဟိတအသင်းကြီး၏ သာသနာပြုသက်တမ်းသည် နှစ်ပေါင်း(၁၀၀)ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ဤအသင်းကြီးမှ နှစ်ပေါင်း(၁၀၀)အတွင်း မွေးထုတ်ပေးခဲ့သော "အဘိဝံသ"ဘွဲ့တော်ရ သာသနာ့သူရဲကောင်း၊ သာသနာ့အာဇာနည်၊ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်၊ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့ ရာပေါင်းများစွာ ပေါ်ထွက်ခဲ့၍ ဘုရားမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့ ပြန့်ပွားတိုးတက်အောင် ရွက်ဆောင်တော်မူခဲ့ကြပြီး၊ ရွက်ဆောင်တော်မူကြဆဲ၊ ရွက်ဆောင်တော်မူကြလတ္တံ့ ဖြစ်ပါသည်။

ဤသို့ နှစ်ပေါင်း(၁၀၀)တိုင်တိုင် သာသနာပြုလုပ်ငန်းကို ကြိုးပမ်းအားထုတ်ခဲ့သော ဤပရိယတ္တိသာသနဟိတအသင်းကြီး၏ ဆောင်ရွက်ချက်များသည် –

**"ယော စေ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"**

ဟူ၍ ဓမ္မဝိနယအားဖြင့် နှစ်ပါးပြားသော ဘုရားရှင်၏စကားတော်မြတ် ပရိယတ်ကို ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကိုယ်တော့်အရာ၌ မိန့်မှာမြွက်ကြား

ထားတော်မူခဲ့သည်ကိုလည်းကောင်း၊ ''သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ''ဟူ၍ သာသနာတော် အရှည်ခံ၍ တည်တံ့နိုင်ရေးအတွက် ပရိယတ်သည်သာ လိုရင်းပမာဏဖြစ်ကြောင်း အဋ္ဌကထာဆရာ မိန့်မှာဖွင့်ဆိုခဲ့သည်ကိုလည်းကောင်း ထောက်ဆ၍ ပိဋကသုံးသွယ်၊ နိကာယ်ငါးဖြာ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟုဆိုအပ်သော ပရိယတ္တိသဒ္ဓမ္မ ထွန်းပထိန်လင်းလျက် ဘုရားရှင်၏ ကိုယ်တော်စား သတ္တဝါအများတို့အား ဟောကြားညွှန်ပြ ဩဝါဒပေးနိုင်ရေး၊ သတ္တဝါအများတို့ နည်းမှန်၊ လမ်းမှန်၊ အကျင့်မှန်တို့ကို ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ရေးအတွက် ဆောင်ရွက်ချက်များဖြစ်သည့်အပြင် ဗုဒ္ဓမြတ်စွာ သာသနာတော်အရှည်ခံ၍ တည်တံ့ပြန့်ပွား ထွန်းကားတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များသာဖြစ်၍ စင်စစ်ဝမ်းမြောက်ဖွယ်ရာ သာသနာပြု ကောင်းမှုကုသိုလ်ထူးကြီးဖြစ်ကြောင်း ပညာရှိသူတော်ကောင်းတိုင်း နှစ်ထောင်းအားရချီးကျူးကြရမည့် နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်နိုင်ကြောင်း အားကောင်းသော ဥပနိဿယ်ညွှန်းပစ္စည်းအထောက်အပံ့ ဖြစ်ပေသည်။

ထို့ကြောင့် သာသနာတော် အရှည်ခံ၍ တည်တံ့ပြန့်ပွား ထွန်းကားရေးကို အားပေးလိုသော ကုသိုလ်ဆန္ဒ အပြည့်အဝရှိကြသည့် သာသနာ့ဒါယကာ, သာသနာ့ဒါယိကာမအပေါင်းသူတော်ကောင်းတို့သည် -

**''ငါတို့သည်ကား ဘုရားမြတ်စွာ သာသနာတော် အရှည်တည်ကြောင်း ကောင်းမွန်မြင့်မြတ်သည့် ပရိယတ္တိသာသနာပြု လုပ်ငန်းကိစ္စကို လေးဝသော ဝိရိယဖြင့် အဆပေါင်းများစွာ တိုး၍ တိုး၍ ကြိုးပမ်းအားထုတ်ကြမည်''**ဟု အဓိဋ္ဌာန်ပြုလျက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ဆရာနှင့်ဒကာ တိုင်ပင်ကာဖြင့်-

သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။
ပဝဍ္ဎယန္တိ မုနိန္ဒဿ၊ တိဗိဓံ သာသနံ ဝရံ။

သာဂါရာစ၊အိမ်ရာတည်ထောင် လူတို့ဘောင်ဝယ် ခေါင်းဆောင် ရှေ့သွား

ဒကာ, ဒကာမအများတို့သည်လည်းကောင်း။ အနဂါရာစ၊ အိမ်ရာမထောင် ရဟန်း ဘောင်၌ ခေါင်းဆောင်ရှေ့သွား ဆရာတော်ဘုရားတို့သည်လည်းကောင်း။ ဥဘော၊ ဆရာ, ဒကာ ညီညာပေါင်းရုံး နှစ်ဦးလုံးတို့သည်။ အညောညနိဿိတာ၊ ကျွန်းကို ကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမည်မယွင်း အချင်းချင်းလျှင် မှီတင်းယှက်နွှဲ မြဲထက်မြဲ အောင် လက်တွဲကြကုန်လျက်။ မုနိန္ဒဿ၊ မုနိထွတ်တင် ဘုရားရှင်၏။ တိဗ္ဗိဓံ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓအားဖြင့် သုံးပါးအပြားရှိသော။ သာသနံ ဝရံ၊ ထွတ်မြတ်လှစွာ သာသနာတော်ကို။ ပဂ္ဂဏှန္တု၊ ယခုနောက်သား အကျိုးများလျက် နှစ်ငါးထောင်သာ မကပါဘဲ ရှည်ကြာတည်တွန်း နေစက်ဝန်းသို့ ရွှန်းရွှန်းဝေဖြာ ထွန်းလင်းသာအောင် ညီညာဝမ်းမြောက် ကူပင့်ထောက်လျက် ချီးမြှောက် နိုင်ကြပါစေကုန်သတည်း။

## မန္တလေးမြို့
## ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်
## ဝါခင်းကုန်း ဣစ္ဆာသယပရိယတ္တိစာသင်တိုက်
## (၇၅)နှစ်ပြည့် စိန်ရတုသဘင်အခမ်းအနားၴ
## ရှီးမြှင့်တော်မူအပ်သော
## သာရဏီယ ပြဇာတ်ကထာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ "ဝါခင်းကုန်း ဣစ္ဆာသယပရိယတ္တိစာသင်တိုက်ကြီး"ကို စတင်တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၇၅) နှစ်ပြည့်မြောက်ပြီဖြစ်၍ "စိန်ရတုသဘင်" ဆင်ယင်ကျင်းပကြမည်ဖြစ်ရာ "ရတုသဘင်ပွဲ"၏အကြောင်းအရာကို ပြဆိုလိုပါသည်။

ယခုအခါ၌ မြန်မာနိုင်ငံဝယ် သာသနာတော်ဘက်၊ လောကဘက် နှစ်ဖက်လုံးမှာပင် "ရတုသဘင်ပွဲ"များကို ဆင်နွှဲကျင်းပလျက် ရှိကြပါသည်။ ထိုရတုသဘင်ပွဲများသည် ဗုဒ္ဓဒေသနာတော်အရ ကျင်းပသော ဗုဒ္ဓယဉ်ကျေးမှုပွဲမျိုးလည်းမဟုတ်၊ ရှေးဟောင်း မြန်မာ့ယဉ်ကျေးမှုပွဲမျိုးလည်းမဟုတ်၊ အမှန်မှာ အနောက်တိုင်းယဉ်ကျေးမှုပွဲမျိုးသာဖြစ်ပါသည်။

ဤရတုသဘင်ပွဲဟူသော ဝေါဟာရသည် ဂျူဗလီဟူသော အင်္ဂလိပ်ဘာသာဝေါဟာရကို မြန်မာ့အသုံးအနှုန်းနှင့် ဆီလျော်အောင် ဘာသာပြန်ဆိုထားသော မြန်မာဝေါဟာရ ဖြစ်ပါသည်။ ဂျူဗလီဟူသော အင်္ဂလိပ်ဝေါဟာရသည်လည်း ယူဗိလဟူသော ဟီးဗရူးဘာသာမှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်။

ရှေးခေတ်က ဂျူးသူဌေးကြီးများသည် မိမိတို့၏ ငွေဝယ်ကျွန်များကို ကျွန်စာရင်း ကြေငြာသည့်နေ့မှ ၂၅-နှစ်မြောက်တစ်ကြိမ်၊ ၅၀-နှစ်မြောက် တစ်ကြိမ် ကျွန်စာရင်းမှ လွတ်၍ လွတ်လပ်ရေးပေးလေ့ ရှိကြသည်။ ကြွေးမြီများကို ဖျက်သိမ်းခြင်း၊ အိုးအိမ်မြေယာစသော ပစ္စည်းများကို မူလပိုင်ရှင်အား ပြန်ပေးခြင်းများကို ပြုလုပ် လေ့ရှိကြသည်။

ထိုအခါဝယ် လွတ်လပ်ရေးရသော ကျွန်များရော၊လွတ်လပ်ရေးပေးသော ကျွန်ပိုင်ရှင်များပါ အထူးတလည် ဝမ်းမြောက်ပျော်ရွှင်ကြသည့် အထိမ်းအမှတ်ပျော်ပွဲ ရွှင်ပွဲများ ပြုလုပ်ကျင်းပကြသည်။ ဤပွဲမျိုးကို ဂျူးဘာသာဖြင့် "ယုဘီလပွဲ" ဟုခေါ်သည်။

ထိုဟီးဘရူးဘာသာ "ယုဘီလ"မှ တစ်ဆင့် ပြင်သစ်လို "ဂျူဗီလမ်" အင်္ဂလိပ်လို "ဂျူဗီလီ" မြန်မာအသံထွက် "ဂျူဗလီ"ဟု ဖြစ်လာသည်။ အမှန်မှာ ဤဂျူဗလီပွဲသည် ပဌမတွင် ရဟူဒီ ခေါ် အစ္စရေးလူမျိုး (ဝါ) ဂျူးလူမျိုးတို့၏ ယဉ်ကျေးမှုပွဲဖြစ်သည်။ ထိုဂျူးယဉ်ကျေးမှုပွဲသည် တစ်စတစ်စ ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့သွားပြီးလျှင် ကိုယ့်လူမျိုး ကိုယ်စရိုက်နှင့်အညီ ကိုယ်နည်းကိုယ်ဟန်ဖြင့် ကျင်းပပြုလုပ်ကြရာမှ ပြင်သစ်ယဉ်ကျေးမှု၊ အင်္ဂလိပ်ယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှု ပွဲများ ဖြစ်လာကြသည်။

ထိုဂျူဗလီပွဲများသည် (၁) ဆစ်လ်ဗားဂျူဗလီပွဲ (၂) ဂိုးလ်ဒင်းဂျူဗလီပွဲ (၃) ဒိုင်းမွန်းဂျူဗလီပွဲဟူ၍ အနောက်တိုင်းများအလို သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့ အနက် ၂၅-နှစ်မြောက် အထိမ်းအမှတ်ပွဲကို ဆစ်လ်ဗားဂျူဗလီ၊ နှစ် ၅၀- မြောက် အထိမ်းအမှတ်ပွဲကို ဂိုးလ်ဒင်းဂျူဗလီ၊ နှစ် ၆၀- မြောက်အထိမ်းအမှတ်ပွဲကို ဒိုင်းမွန်းဂျူဗလီဟု ခေါ်ဆိုကြသည်။ ဤသည်မှာ အနောက်တိုင်းယဉ်ကျေးမှု ဂျူဗလီပွဲများ ဖြစ်ကြသည်။

## ဂျူဗလီပွဲမှ ရတုသဘင်ပွဲသို့

ထိုအနောက်တိုင်း ယဉ်ကျေးမှုဖြစ်သော ဂျူဗလီပွဲမျိုးကိုပင် မြန်မာတို့က မိမိတို့လူမျိုး၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုနှင့်လိုက်လျောစေရန် "ရတုသဘင်"ဟု

မြန်မာဝေါဟာရသို့ ပြောင်းလဲမှည့်ခေါ်ကြလေသည်။ ဤရတုသဘင်ဟူသော ဝေါဟာရသည် ပါဠိဝေါဟာရမဟုတ်သော်လည်း ပါဠိဝေါဟာရကဲ့သို့ပင် ခံ့ငြား ထည်ဝါ၍ သုတိသာယာလှပေသည်။

ထိုရတုဟူသော ဝေါဟာရသည် ရှေးစကားဟောင်း (ပေါရာဏကထာ)ဖြစ်သည်ဟု မုံရွေးဆရာတော်၏ ဂမ္ဘီရကထာရတနာကြေးမုံကျမ်း၌ ပြဆိုထားပါသည်။ ထိုရတုဟူသောပေါရာဏကထာသည် (၁) ပွဲသဘင် (၂)အခမ်းအနား (၃) အခြေအနေဟု အဓိပ္ပါယ်သုံးမျိုးရသည်။ ဤဂျူဗလီဟူသော အင်္ဂလိပ်ဘာသာကို မြန်မာပြန်ဆိုသော ''ရတုသဘင်''ကား''ပွဲသဘင်''ဟု အဓိပ္ပါယ်ရသော မြန်မာစကားဟောင်း (ပေါရာဏကထာ) ဖြစ်ပါသည်။

မြန်မာတို့သည် ဂျူဗလီ ခေါ် ရတုသဘင်ပွဲများကို ကျင်းပကြရာ၌ ဆစ်လ်ဗား ဂျူဗလီကို ငွေရတုသဘင်၊ ဂိုးလ်ဒင်းဂျူဗလီကို ရွှေရတုသဘင်၊ ဒိုင်းမွန်းဂျူဗလီကို စိန်ရတုသဘင်ဟု သတ်မှတ်ကျင်းပကြသည်။ သို့ရာတွင် မြန်မာတို့၏ နှစ်ကာလ ပိုင်းခြားပုံမှာ ငွေရတုသဘင်၊ ရွှေရတုသဘင်တို့၌ အနောက်နိုင်ငံများနှင့် တူညီသော်လည်း စိန်ရတုသဘင်မှာမူ အနောက်နိုင်ငံများနှင့် တမူထူးခြား ကွဲပြားလေသည်။ အနောက်နိုင်ငံများ၌ ဒိုင်းမွန်းဂျူဗလီ ခေါ် စိန်ရတုသဘင်ကို နှစ် ၆၀- ပြည့်ဟု သတ်မှတ်ကြသော်လည်း မြန်မာတို့ကမူ ၇၅-နှစ်ပြည့်မှ စိန်ရတုသဘင်ဟု သတ်မှတ်ကြသည်။ မြန်မာတို့၏ ရတုသဘင်ပွဲကာလသတ်မှတ်ပုံမှာ ၂၅-နှစ်စီ ပိုင်းခြား သတ်မှတ်ထားကြသဖြင့် မှတ်သားရန်လွယ်ကူသည်။ စိန်ရတုသဘင် ကျင်းပပြီးနောက် ၂၅- နှစ်မြောက် နှစ်တစ်ရာပြည့်သောအခါ ရာပြည့်အထိမ်းအမှတ်ပွဲအဖြစ် ကျင်းပလေ့ရှိကြသည်။ ယခုနောက်ပိုင်းခေတ်မှာမူ ပုလဲရတု၊ ပတ္တမြားရတုစသည်များကိုလည်း အဆန်းထွင်၍ ကျင်းပကြသည်ကို ကြားသိ တွေ့မြင်ကြရလေသည်။

ထိုရတုသဘင်များကို မြို့ကြီးများ၊ လောကီအသင်းအဖွဲ့များ၊ တက္ကသိုလ်ကြီးများ၊ စာသင်တိုက်ကြီးများ၊ စာမေးပွဲတည်ထောင်ခြင်းများ၊ ဘွဲ့တံဆိပ်ရရှိခြင်းများ စသည်တို့ကို အစွဲပြု၍ ကျင်းပလေ့ရှိကြသည်။

## ရတုပွဲသဘင်များ ကျင်းပရခြင်းအကျိုး

ရတုပွဲသဘင်များ ကျင်းပခြင်း၏အကျိုးကို ဆင်ခြင်သုံးသပ်ကြည့်လျှင် မြို့ရွာများ၊ တက္ကသိုလ်များ၊ လောကီအသင်းအဖွဲ့များ စသည်တို့ကို အကြောင်းပြု၍ ကျင်းပသော ရတုပွဲသဘင်များအတွက် လောကအကျိုးများ အနည်းနှင့်အများ ထိုက်သင့်သလောက်ရနိုင်သကဲ့သို့ ကျောင်းတိုက်များ၊ ပရိယတ္တိစာသင်တိုက်ကြီးများ၊ ပရိယတ္တိစာမေးပွဲများ၊ သာသနာရေးအသင်းအဖွဲ့များစသည်တို့ကို အကြောင်းပြု၍ ကျင်းပကြသော ရတုသဘင်များအတွက်ကား လောကီလောကုတ္တရာများစွာသော အကျိုးတရားများကို ရရှိနိုင်လေသည်။

ထိုပရိယတ္တိစာသင်တိုက်ကြီးများ၊ ကမ္မဋ္ဌာန်းရိပ်သာကြီးများ၊ ပရိယတ္တိ စာမေးပွဲများစသည်တို့ကို အကြောင်းပြု၍ ရတုသဘင်များ ကျင်းပရခြင်းသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာကို အားပေးချီးမြှောက်ရာရောက်သဖြင့် သာသနာတော်သုံးရပ်အား လွန်စွာကျေးဇူးများလှပေသည်။ သံဃာတော်တို့ အတွက်လည်း မိမိတို့ကျောင်းတိုက်ကြီးများ၏ ရှေးအတိတ်က အားထုတ်ဆောင် ရွက်ခဲ့သည့် သာသနာပြုလုပ်ငန်းများကို ပြန်လည်သုံးသပ်၍ မှတ်တမ်းတင်နိုင်သဖြင့် နောင်လာနောက်သား တပည့်အဆက်ဆက်တို့ ဒိဋ္ဌာနုဂတိလိုက်ကာ သာသနာပြု နိုင်ခြင်း၊ အနာဂတ်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခြင်း စသောအကျိုးများကို ကေန်မုချရရှိနိုင်ပေသည်။

ဒါယကာ, ဒါယိကာမများမှာလည်း ပစ္စည်းလေးပါးတို့ကို ထောက်ပံ့ လှူဒါန်းရခြင်း၊ သံဃာတော်တို့၏ ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်ရခြင်း၊ ဆရာတော် ဘုရားများကို ပူးမြော်ရခြင်း၊ဆရာတော်ကြီးများ၏ အဆုံးအမဩဝါဒကထာဒေသနာ တို့ကို နာယူမှတ်သားရခြင်းစသော ကုသိုလ်တရားများ တိုးပွားကြလေသည်။

ယခုကျင်းပကြသည့် ''စိန်ရတုသဘင်ပွဲ''ကား မန္တလေးမြို့ ချမ်းအေး သာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်''ဝါခင်းကုန်း ဣန္ဒာသဃပရိယတ္တိစာသင် တိုက်ကြီး''၏ (၇၅) နှစ်ပြည့် စိန်ရတုသဘင်ပွဲကြီးဖြစ်ပေသည်။

ဤစိန်ရတုသဘင်ပွဲကြီး၌ ထူးခြားသောအချက်များမှာ -

(၁) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိလမဟာထေရ်၏ဘဝနတ်နန်းစံမြန်းတော်မူသည်မှ (၁၀) ပြည့်နှစ်ပတ်လည်ဖြစ်ခြင်း၊

(၂) ပရိယတ္တိစာသင်တိုက်သက်တမ်း (၂၀)နှစ်ပြည့်မြောက်ခြင်း၊

(၃) စာချ၊စာသင်သံဃာတော် (၂၆၈)ပါးနှင့် တစ်လတရားစခန်းဝင် ယောဂီသူတော်စင် (၁၅၀)ကျော်တို့ဖြင့် ပရိယတ်၊ပဋိပတ် သာသနာတော်နှစ်ရပ်အောင်မြင်တိုးတက်နေခြင်း -

တို့ ဖြစ်ပါသည်။

ထို့ကြောင့် ဤကျောင်းတိုက်ကြီးကို ပဋိပတ္တိကမ္မဋ္ဌာန်းဌာနအဖြစ်ဖြင့်လည်းကောင်း၊ ပရိယတ္တိစာသင်တိုက်အဖြစ်ဖြင့်လည်းကောင်း တည်ထောင်ဖွင့်လှစ်၍ မိမိတို့အပေါ်၌ ရှေးဦးစွာ ကျေးဇူးပြုတော်မူသွားသော၊ ပုဗ္ဗကာရီ ပုဂ္ဂိုလ်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိလမဟာထေရ် အရှင်မြတ်ကြီး၏ ကျေးဇူးတော်၊ဂုဏ်တော်များကို အာရုံပြုလျက် ကတညုတ၊ ကတဝေဒီပုဂ္ဂိုလ်များဖြစ်အောင် ဤစိန်ရတုသဘင်ပွဲကြီးဖြင့် လေးလေးနက်နက် ပူဇော်ကြရန် ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိလ ဆရာတော်ဘုရားကြီးသည် ဤဓါခင်းကုန်းကျောင်းတိုက်ကြီးကို ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာအဖြစ် တည်ထောင်ဖွင့်လှစ်ပြီးလျှင် ရဟန်းယောဂီ၊ လူယောဂီတို့အား ကမ္မဋ္ဌာန်းတရား ဟောကြားပြသလျက် သာသနာပြုတော်မူခဲ့ပါသည်။

ထို့နောက် ဆရာတော်ဘုရားကြီးသည်-

သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ၊

ပဏ္ဍိတော ဟိ တေပိဋကံ သုတွာ ဒွေပိ ပူရေတိ၊

၊ပ၊ တသ္မာ ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ၊

(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၄၁၂၊၄၁၃)

ပန၊ ထိုသို့ပင် ပဋိဝေဓ, ပဋိပတ္တိတို့က ရံခါရှိ၍ ရံခါမရှိပါသော်လည်း။ ပရိယတ္တိယေဝ၊ ပရိယတ်သည်သာလျှင်။ သာသနဋ္ဌိတိယာ၊ သာသနာတော် တည်ခြင်း၏။ ပမာဏံနှိုင်းယှဉ်ကြောင်းဖြစ်သော လိုရင်းပမာဏတည်း။ ဟိ၊ ချဲ့ဦးအံ့။ ပဏ္ဍိတော၊ ပညာရှိသည်။ တေပိဋကံ၊ ပိဋကတ်သုံးပုံကို။ သုတွာ၊နာပြီး၍။ ဒွေပိ၊ နှစ်ပါးသော ပဋိဝေဓ, ပဋိပတ္တိတို့ကိုလည်း။ ပူရေတိ၊ ပြည့်စေနိုင်၏ (ဝါ) ပြည့်ကျင့်နိုင်၏။ပ။တသ္မာ၊ ထို့ကြောင့်။ ပရိယတ္တိယာ၊ ပရိယတ်သည်။ ဌိတာယ၊ တည်သည်ရှိသော်၊သာသနံ၊ သာသနာတော်သည်၊ ဌိတံ၊ တည်သည်၊ ဟောတိ၊ ဖြစ်၏-ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ မိန့်မှာတော်မူသည်နှင့်အညီ ပရိယတ်သည်သာလျှင် သာသနာတော်တည်တံ့ခြင်း၏ လိုရင်းပမာဏ ဖြစ်သည်ဟု ဆင်ခြင်တော်မူလျက် (၁၃၄၅) ခုနှစ်၌ ပရိယတ္တိစာသင်တိုက်အဖြစ် စတင်တည်ထောင်တော်မူ၍ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာတော် နှစ်ရပ်လုံးကို စည်ပင်ပြန့်ပွားထွန်းကား တိုးတက်အောင် ရွက်ဆောင်တော်မူခဲ့ပါသည်။

ဤသို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဒီဃဒဿီ အရှည်မြင်မြော် တည်ထောင်တော်မူခဲ့သော "ဇါခင်းကုန်းကုဋ္ဌာသယပရိယတ္တိစာသင်တိုက်ကြီး"သည် ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများဖြစ်ကြသော ဆရာတော်ဦးကုမုဒ၊ ဆရာတော် ဦးကောသလ္လစသော သာသနာ့အာဇာနည် အရှင်မြတ်တို့၏ အားကြိုးမာန်တက် လက်ဆင့်ကမ်းထမ်းဆောင်မှုကြောင့် ယခုအခါ စာချစာသင် သံဃာတော် (၂၆၀)ကျော်၊ တရားစခန်းဝင် သူတော်စင်ယောဂီ(၁၅၀)ကျော်တို့ဖြင့်ပရိယတ်၊ ပဋိပတ်သာသနာတော်နှစ်ရပ်လုံး တိုးတက်စည်ပင်လျက် ယခုလို ခြိမ့်ခြိမ့်သဲသဲ စိန်ရတုသဘင်ပွဲကြီး ဆင်နွှဲကျင်းပနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ပေသည်။ ဆိုင်ရာသံဃာတော်များ၊ ဒကာ, ဒကာမများ ကုသိုလ်ပွားသည့်အပြင် သာသနာတော် အတွက်လည်း လွန်စွာကျေးဇူးများခဲ့ပေသည်။

ဤကျေးဇူးရှင် ဆရာတော်ဘုရားကြီး အရှည်မြင်မြော် ရည်ရွယ်တော်မူခဲ့ သည့် သာသနာပြုလုပ်ငန်းကိစ္စများ မျက်ခြည်ပြတ်မသွားအောင် တပည့်အဆက်

ဆက်တို့က ယခုလည်းဆောင်ရွက်၊ နောင်လည်း ဆောင်ရွက်သွားကြဖို့လိုပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ကိုယ်ကျိုးစီးပွား အတွက်ကို ရှေ့တန်းမတင်မိအောင် သတိ ပြုဖို့ လိုအပ်ပါသည်။

ရှေးခေတ်၊ ခုပေါ် ဆရာတော်များ၏ အတွက်ကင်းစင် ကြည်လင်သော အမြင်ဖြင့် ဆောင်ရွက်တော်မူခဲ့ကြသော သာသနာပြု မိးရှူးတန်ဆောင် အလင်းရောင်ဝယ် နောင်လာနောက်သား ရှင်လူအများတို့က ရတုပေါင်းအလီလီ ဆင့်နွှဲနိုင်သည်အထိ တိတိကျကျ မတိမ်းမစောင်းအောင် လျှောက်လှမ်းကြပါဟု တိုက်တွန်းလိုက်ပါသည်။

# ညောင်တုန်းမြို့
# မဟာဝိသုတာရာမတိုက်သစ်(ပါဠိတက္ကသိုလ်)ကျောင်းတိုက်ကြီး၏
# (၇၅)နှစ်ပြည့် စိန်ရတုသဘင်အခမ်းအနား၌
# မိန့်ကြားတော်မူအပ်သော
# သာရဏီယဩဝါဒကထာ

ကောဇာသက္ကရာဇ် ၁၃၆၂-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃၊ ၄၊ ၅-ရက်၊ ခရစ်နှစ် ၂၀၀၀-ပြည့်၊ ဧပြီလ ၂၁၊ ၂၂၊ ၂၃ -ရက်နေ့များ၌ ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲကျင်းပအပ်သော ပဓာနမဟာဝိသုတာရာမိကနိကာယဝင်ဖြစ်သည့် ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်) ကျောင်းတိုက်ကြီး၏ စိန်ရတုသဘင်ပွဲမှာ ပဓာနမဟာဝိသုတာရာမနိကာယ ဂဏမဟာဝိနာယက အဖြစ်ဖြင့် တာဝန်ရှိသည့်အလျောက် ဩဝါဒစကား အနည်းငယ်ပြောကြားပါမည်။

စိန်ရတုပူဇာသဘင်သို့ ကြွရောက်တော်မူလာကြသော အရှင်မြတ်တို့ ဘုရား...ဘုရားတပည့်တော်တို့၏ အားထားမှီခိုရာဖြစ်သော မြတ်စွာဘုရား သာသနာတော်မြတ်ကြီးသည် ယခုလာမည့်ကဆုန်လပြည့်နေ့မှာ ၂၅၄၄-နှစ်ပြည့်တော့မည် ဖြစ်ပါသည်ဘုရား။ စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ်ပေါင်း ၂၅၀၀- ကျော်သည့် ယနေ့ကာလတိုင်အောင် အရှည်တည်တံ့ပြန့်ပွားနေခြင်းသည် ပရိယတ်ဝန်ဆောင် အရှင်မြတ်တို့၏ စွမ်းဆောင်မှုကြောင့်သာ ဖြစ်ပါသည်ဘုရား။

အင်္ဂုတ္တရနိကာယ်လာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သဒ္ဓမ္မသုံးပြာ သာသနာတော်တည်တံ့ကြောင်းတရား ငါးပါးသုံးလီတို့ကို လေ့လာကြည့်ရှုပါက ပဌမသုတ်၌လာသော ပရိယတ်တရားတော်ကို ရိုသေစွာနာခြင်း၊ သင်ယူခြင်း၊

နှုတ်တက်ဆောင်ခြင်း၊ အနက်အဓိပ္ပါယ်ကို စူးစမ်းဆင်ခြင်ခြင်း လေးပါးတို့သည် လည်းကောင်း၊ ဒုတိယသုတ်၌လာသော သုတ္တ၊ ဂေယျစသည့် ပရိယတ်တရားတော်ကို သင်ယူခြင်း၊ အကျယ်တဝင့် ဟောပြောခြင်း၊ အကျယ်တဝင့်ပို့ချခြင်း၊ အကျယ်တဝင့် ရွတ်အံခြင်း၊ အနက်သဘောကို ကြံစည်ခြင်း ငါးပါးလုံးတို့သည် လည်းကောင်း၊ တတိယသုတ်၌လာသော မှတ်ကန်သော ပုဒ်ပါဋ်ဖြင့် တရားတော်ကို သင်ယူခြင်း၊ တတတ်ပေတတ် ကျမ်းတတ်အကျော် ရဟန်းတော်တို့ စာပေပို့ချခြင်း နှစ်ပါးသည်လည်းကောင်း ပရိယတ်သင်ယူပို့ချမှုကိစ္စကို အလေးပေးဆောင်ရွက်ရန် ညွှန်ပြသော စကားတော်များဖြစ်ကြသည်မှာ လွန်စွာပေါ်လွင်ထင်ရှားပါသည်ဘုရား။

ထို့ကြောင့်ပင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အရှင်မဟာကဿပအမှူးရှိသော ရဟန္တာအရှင်မြတ်ကြီးတို့မှစ၍ ရှေးရှေးသော မဟာထေရ်အဆက်ဆက်တို့သည် သံဂါယနာအတန်တန်တင်တော်မူကြလျက် ပရိယတ္တိသဒ္ဓမ္မဟုဆိုအပ်သော နိကာယ်ငါးရပ် ပိဋကတ်စာပေများ အရှည်တည်တံ့ပြန့်ပွားတိုးတက်အောင် ရွက်ဆောင်ကြိုးကုတ် အားထုတ်တော်မူခဲ့ကြပါသည်ဘုရား။

ယင်းသို့ပင် အားထုတ်ခဲ့ကြသော်လည်း မြတ်ဗုဒ္ဓ၏သာသနာတော်ကြီးသည် နှစ်ပေါင်း ၂၅၀၀-ကျော် ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ရာ၌ ချောမွေ့သာယာသော လမ်းကိုချည်း လျှောက်လှမ်းလာခဲ့ရသည်မဟုတ်ဘဲ အလွန်ကြမ်းတမ်းသော လမ်းခရီးများကိုလည်း လျှောက်လှမ်းခဲ့ရသည့်အတွက် အခြေအနေအမျိုးမျိုး ပြောင်းလဲခဲ့ပါသည်ဘုရား။ တစ်ချိန်က ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သော ပါကစ္စတန်၊ အာဖဂန်နစ္စတန်စသောနိုင်ငံတို့ ယနေ့မူဆလင်နိုင်ငံများဖြစ်သွားကြပါပြီ။ ကမ္ဘာကျော် "ဗောဗုဒ္ဓေါ"စေတီတော်ကြီး ယနေ့အထိ ထီးထီးမားမား တည်ရှိနေရာဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည်ပင် မူဆလင်နိုင်ငံဖြစ်နေပါပြီ။ ဘုရားရှင်ကိုယ်တော်မြတ်နှင့်တကွ သာဝကကြီးရှစ်ကျိပ်တို့ ပေါ်ထွန်းခဲ့ရာ အိန္ဒိယနိုင်ငံကြီးသည်လည်း ယနေ့ ဟိန္ဒူနိုင်ငံကြီး ဖြစ်နေပါပြီဘုရား။

ယင်းသို့ နိုင်ငံပေါင်းများစွာတို့၌ ထေရဝါဒဗုဒ္ဓသာသနာတော် ကွယ်ပျောက်ခဲ့ရသော်လည်း တစ်ကမ္ဘာလုံးမှာ လုံးဝကွယ်ပျောက်မသွားဘဲ ထေရဝါဒဝါးနိုင်ငံရှိ သာသနာ့ဝန်ထမ်း ရဟန်းတော်များက ကွယ်ပျောက်မခံ ဖွံ့သန်သန်ဖြင့် စောင့်ရှောက်ကာကွယ်ထားသောကြောင့် ယနေ့ ကမ္ဘာသူ၊ကမ္ဘာသားတွေ ကံကောင်းကြပါသေးသည်။ ထိုထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံတို့တွင်လည်း မြန်မာနိုင်ငံ ရဟန်းတော်များ၏ ဆရာစဉ်ဆက်ဆောင်ရွက်ခဲ့သော ပရိယတ်သင်ကြားပို့ချမှုလုပ်ငန်း၏ စနစ်ကျမှု၊ တွင်ကျယ်မှုကြောင့် စစ်မှန်သောထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးသည် မြန်မာနိုင်ငံတွင် အခြားထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများထက် အဖက်ဖက်မှသာလွန်ကာ မီးရှူးတန်ဆောင်ပမာ ထွန်းပြောင်နေပါသည်ဘုရား။

ယနေ့ကာလအထိ မြန်မာနိုင်ငံတော်၌ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းပြောင်မြဲ ထွန်းပြောင်နေသည်မှာ ပရိယတ်ကို သင်ကြားပို့ချ ပြန့်ပွါးရာဌာနများဖြစ်သည့် စာသင်တိုက်ကြီးများ၏ ကျေးဇူးကြောင့်သာ ဖြစ်ပါသည်။ မြန်မာပြည် စာသင်တိုက်ကြီးများသည် ပရိယတ်ကို စဉ်ဆက်မပြတ် သင်ကြားပို့ချကာ ပြန့်ပွါးပေးလျက်ရှိနေကြပါသည်။

ထိုစာသင်တိုက်ကြီးများတွင် ဤညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်) စာသင်တိုက်ကြီးလည်း အပါအဝင် ဖြစ်ပါသည်။ ဤညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်) စာသင်တိုက်ကြီးကို ကောဇာသက္ကရာဇ် ၁၂၈၅- ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာ စတင်တည်ထောင်ခဲ့သည်ဟု သိရပါသည်။ ဤစာသင်တိုက်ကြီး၏ သက်တမ်းသည် ၁၃၆၀ -ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့မှာ ၇၅- နှစ် တင်းတင်းပြည့်ခဲ့ပါသည်။ ယခု ၁၃၆၂- ခုနှစ်မှာတော့သက်တမ်း ၇၇-နှစ်အတွင်းသို့ ဝင်ရောက်ခဲ့ပါပြီ။ ဤညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ်(ပါဠိတက္ကသိုလ်)ကျောင်းတိုက်ကြီးသည် ပခုက္ကူမဟာဝိသုတာရာမိကနိကာယဝင် ကျောင်းတိုက်ကြီးဖြစ်ပါသည်ဘုရား။

မူလတိုက်တည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတမေဓ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်သည် ကောဇာသက္ကရာဇ် ၁၂၈၅ -ခုနှစ်မှာ မူလမိခင်တိုက်ရင်းဖြစ်သည့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးမှ ညောင်တုန်းမြို့သို့ ကြွရောက်တော်မူလာပြီး ထိုနှစ်ဝါဆိုလပြည့်နေ့မှာ ဤမဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်) စာသင်တိုက်ကြီးကို စတင်တည်ထောင်၍ ပခုက္ကူတိုက်တည်နည်းတွင် ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီး၏ ဝါစနာမဂ္ဂအတိုင်း နိကာယ်ငါးဖြာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နှံ့နှံ့စပ်စပ် မပြတ်ပို့ချလျက် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး မကွယ်မပျောက် ထွန်းတောက်ပြန့်ပွားစေကာ သာသနာပြုတော်မူခဲ့ပါသည်။ ထို့ကြောင့် ဤညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ်(ပါဠိတက္ကသိုလ်)စာသင်တိုက်ကြီးမှ နိကာယဏ္ဏဝပါရဂူ လင်းယဉ်ထူသည့် ဂုဏ်ယူဝင့်ကြွားလောက်သော သာသနာပြုအရှင်မြတ်များ များစွာပေါ်ထွက်ခဲ့ပါသည်ဘုရား။

ဘုရားတပည့်တော်များ ပခုက္ကူမဟာဝိသုတာရာမိက နိကာယဝင် အရှင်မြတ်တို့၏ ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် အရှင်မဟာကဿပစသော ရဟန္တာအရှင်မြတ်ကြီးတို့မှ ဆင်းသက်တော်မူလာကြသော ရှေးရှေးသောမဟာထေရ် အရှင်မြတ်ကြီးတို့၏ သာသနာပြုထုံးကို နှလုံးပိုက်တော်မူလျက် နိကာယ်ငါးရပ် ပိဋကတ်တော်များကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာပါတွဲဖက်လျက် စာသင်သားတို့ အမြန်ဆုံးပေါက်ရောက်အောင် အကျော်အလွှားမရှိ နှံ့နှံ့စပ်စပ် ပို့ချသောစာချနည်းကို တည်ထွင်တော်မူကာ အမြဲမပြတ် ပို့ချတော်မူခဲ့ပါသည်။ ထိုဆရာတော်ဘုရားကြီး၏ အောင်မြင်တိုးတက်သော ပရိယတ်ပို့ချမှုကြောင့် မြန်မာပြည်တွင် ပခုက္ကူစာချနည်းဟုခေါ်တွင်ရသည့် စာချနည်းတစ်မျိုး တွင်ကျယ်စွာ ပေါ်ထွန်းခဲ့ပါသည်။ ဤပခုက္ကူစာချနည်းဖြင့် သင်ယူကြသောစာသင်သားများသည် ဘုရားဟောပိဋကတ်တော်များကို နှော်ကြားနာသင်ယူနေရသဖြင့် "ပခုက္ကူရောက်မှ ဘုရားနှင့်တွေ့ရ"ဟူ၍ပင် ဥဒါန်းတွင်ခဲ့ပါသည်ဘုရား။ ထိုခေတ်အခါက စာမေးပွဲလည်းယခုလောက်မထွန်းကားသေးပါ။ စာသင်သားများသည်

စာမေးပွဲအောင်မြင်မှုကို ပဓာနမထားကြဘဲ နိကာယ်ငါးရပ် ပိဋကတ်နှံ့စပ်အောင်သာ ပဓာနထား၍ သင်ယူကြပါသည်။ ယခုအခါမှာ စာမေးပွဲအောင်မြင်မှုဖြင့် အကဲဖြတ်လာကြသည့်အတွက် စာချ၊ စာသင်အရှင်မြတ်များလည်း စာမေးပွဲအောင်မြင်ရေးကိုသာ ပဓာနထား၍ သင်ကြားပို့ချနေကြသဖြင့် နိကာယ်ငါးရပ် နှံ့စပ်အောင် သင်ကြားပို့ချသော စာသင်တိုက်များမရှိသလောက် ဖြစ်လာရပါသည်ဘုရား။

နိကာယ်ငါးရပ်ကို နှံ့စပ်အောင်ပို့ချသည့် ဝါစနာမဂ္ဂ ကွယ်ပျောက်ရမည့် အခြေအနေကို မြင်တော်မူသော မစိုးရိမ်ဆရာတော်ဘုရားကြီးသည် မန္တလေး၊ ရန်ကုန်၊ ပဲခူးမြို့ကြီးများ၌ နိကာယ်စာမေးပွဲများ ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ပခုက္ကူမဟာဝိသုတာရာမိကနိကာယကြီး၏ နိကာယာဓိပတိဖြစ်တော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံဆရာတော်ဘုရားကြီးသည်လည်း နိကာယ်ငါးရပ် နှံ့စပ်အောင် ပို့ချသည့် ဝါစနာမဂ္ဂ ကွယ်ပျောက်မည်ကို လွန်စွာစိုးရိမ်တော်မူသဖြင့် နိကာယ်စာမေးပွဲကျင်းပပေးရန် နိုင်ငံတော်အစိုးရကို အကြိမ်ကြိမ်တိုက်တွန်းတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်ကြောင့် ယခုအခါ နိုင်ငံတော်အစိုးရက နိကာယ်စာမေးပွဲကြီးကို ကျင်းပပေးလျက်ရှိပါသည်ဘုရား။

ပခုက္ကူမဟာဝိသုတာရာမိကနိကာယဝင် အရှင်မြတ်တို့ဘုရား.... တပည့်တော်တို့၏ ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး တည်ထွင်တော်မူခဲ့သော နိကာယ်ငါးရပ် နှံ့စပ်အောင်ပို့ချမှု ဝါစနာမဂ္ဂ မကွယ်မပျောက် ပြန်လည်ထွန်းတောက်အောင် ရှက်ဆောင်ရမည့် တာဝန်သည် ပခုက္ကူမဟာဝိသုတာရာမိကနိကာယဝင် အရှင်မြတ်တို့၏ တာဝန်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့၏ တပည့်ရဟန်းသာမဏေများအား နိကာယ်ငါးရပ်ကို ပို့ချပေးတော်မူကြ၍ နိကာယ်စာမေးပွဲ ဝိနယဓရ၊ မဟာဝိနယဓရတို့ကို ဝင်ရောက်ဖြေဆိုစေခြင်းဖြင့် နိကာယ်ငါးရပ်ကို နှံ့စပ်အောင်ပို့ချသည့် ဝါစနာမဂ္ဂကို ပြန်လည်ဖော်ထုတ်တော်မူကြပါဟု တိုက်တွန်းလျက် ဘုရားတပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်ပါသည် အရှင်မြတ်တို့ဘုရား။

# သထုံမြို့
# သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီး၏
# (၇၅) နှစ်မြောက် စိန်ရတုသဘင်၌ ချီးမြှင့်တော်မူအပ်သော
# သာရဏီယဩဝါဒကထာ

လူသုံးပါးတို့၏ အားထားကိုးကွယ်ရာဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အလွန်တရာ ပြည့်ကျင့်နိုင်ခဲလှစွာသော ပါရမီ၊ စာဂ၊ စရိယတို့ကို ပြည့်ဝအောင်ပြည့်ကျင့်တော်မူပြီး၍ သဗ္ဗညုဇိန အနုတ္တရာဓိပတိ အဒုတိယာဒိစ္စ လောကသရုပ္ပ သယမ္ဘူဓမ္မရာဇ် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးလျှင် နောင်လာနောက်သား ဝေနေယျများကို သနားငဲ့ညှာတော်မူလှ၍ ဟောပြပညတ် တည်ထားတော်မူအပ်သော သာသနာတော်မြတ်သည်–

(၁) ပရိယတ္တိသာသနာ၊

(၂) ပဋိပတ္တိသာသနာ၊

(၃) ပဋိဝေဓသာသနာ–ဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် –

''ပရိယာပုဏိတဗ္ဗာတိ ပရိယတ္တိ''

ပရိယာပုဏိတဗ္ဗာ၊ သင်ယူအပ်, သင်ယူသင့်, သင်ယူထိုက်၏။ ဣတိ၊ ထို့ကြောင့်၊ ပရိယတ္တိယတ္တိ၊ ပရိယတ္တိမည်၏–ဟူသော ဝစနတ္ထနှင့်အညီ သင်ယူအပ်၊ သင်ယူသင့်၊ သင်ယူထိုက်သော နိကာယ်ငါးရပ် ပိဋကတ်ဓမ္မက္ခန္ဓာအပေါင်းသည် ပရိယတ္တိသာသနာမည်၏။

"ပဋိပတ္တိတဗ္ဗာတိ ပဋိပတ္တိ"

ပဋိပတ္တိတဗ္ဗာ၊ ကျင့်အပ်, ကျင့်သင့်, ကျင့်ထိုက်၏။ ဣတိ၊ ထို့ကြောင့်၊ ပဋိပတ္တိ၊ ပဋိပတ္တိမည်၏-ဟူသော ဝစနတ္ထနှင့်အညီ ကျင့်အပ်၊ ကျင့်သင့်၊ ကျင့်ထိုက်သော သီလ၊ ဓုတင်၊ သမထ၊ ဝိပဿနာဘာဝနာအကျင့်တရားများသည် ပဋိပတ္တိ သာသနာမည်၏။

"ပဋိဝိဇ္ဈိတဗ္ဗောတိ ပဋိဝေဓော"

ပဋိဝိဇ္ဈိတဗ္ဗော၊ ထိုးထွင်း၍သိအပ်, သိသင့်, သိထိုက်၏။ ဣတိ၊ထို့ကြောင့်၊ ပဋိဝေဓော၊ ပဋိဝေဓမည်၏-ဟူသောဝစနတ္ထနှင့်အညီ ထိုးထွင်း၍ သိအပ်၊သိသင့်၊ သိထိုက်သော မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်မြတ်သည် ပဋိဝေဓသာသနာမည်၏။

ထိုသာသနာသုံးရပ်တို့တွင် -

> **ပရိယတ္တိ နခေါ် မူလံ၊**
> **သာသနဿ မတောသိနော။**
> **ဥဒါဟု ပဋိပတ္တိတိ၊**
> **ပဋိယတ္တိတိ ဒီပယေ။**

ဟူသော သဒ္ဒနီတိသုတ္တမာလာ (၄၃၀) ဂါထာနှင့်အညီ ပရိယတ္တိသာသနာသည် ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတို့၏ အခြေခံအုတ်မြစ်သဖွယ်ဖြစ်ပေသည်။

ပရိယတ္တိသာသနာတော် မကွယ်မပျောက် ထွန်းတောက်တည်နေလျှင် ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတို့လည်း မကွယ်မပျောက် ထွန်းတောက်တည်နေကြမည်သာ ဖြစ်သည်။

**"ယထာ စ နိဓိကုမ္ဘိယာ ဇာနနတ္ထာယ ပါသာဏပိဋ္ဌေ အက္ခရေသု ဌပိတေသု ယာဝ အက္ခရာနိ ဓရန္တိ၊ တာဝ နိဓိကုမ္ဘိ နဋ္ဌာနာမ နဟောတိ"** ဟူသောအင်္ဂုတ္တရအဋ္ဌကထာ (ပ၊ ၅၂)နှင့်အညီ မြေဝယ်မြှုပ်ထားအပ်သော ရွှေအိုးငွေအိုးကို သိနိုင်ရန် ရေးထိုးထားအပ်သော ကမ္ပည်းကျောက်စာအက္ခရာ အမှတ်

အသားများ ထင်ရှားရှိနေသမျှ ကာလပတ်လုံး ရွှေအိုးငွေအိုးသည် ပျောက်ဆုံးသည် မမည်သကဲ့သို့ ထို့အတူပင် ပရိယတ္တိသာသနာ ထင်ရှားရှိနေသမျှကာလပတ်လုံး သာသနာတော်ပျောက်ကွယ်သည်မမည်ပေ။

ထို့ကြောင့်ပင်–

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊
ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊
သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။

သုတ္တန္တာ၊ ဝေနေယျသတ္တဝါတို့ကို နှလုံးမပြင်း ဟောပြအပ်ကြသော သုတ္တန်တရားတော်တို့သည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တိဋ္ဌန္တိ သင်ယူလေ့ကျက် ဆောင်ရွက်မှတ်သား ပုဂ္ဂိုလ်များ၌ ထင်ရှားပုံသေ တည်ကြပေကုန်၏။ ဝိနယော၊ ကာယကံ၊ ဝစီကံ၊ ဤနှစ်တန်ကို အမှန်စစ်ဆေး မညစ်ထေးဘဲ ယဉ်ကျေးအောင်ဆုံးမကြောင်း ဝိနည်းတရားတော်အပေါင်းသည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဒိပ္ပတိ၊ နာယူသင်အံ ကျင့်ကြံသူများ ဆင့်ဆင့်ပွားလျက် ထင်ရှားမသွေ တောက်ပနေပေသေး၏။တာဝ၊ထိုမျှလောက်သော ကာလပတ်လုံး။ သူရိယေ၊ သဟဿရောင်ခြည်တစ်ထောင်ဖြင့် ထွန်းပြောင်ပဝင်း ငြိုပ်နေမင်းသည်။ အဗ္ဘုဋ္ဌိတေ၊ ရှေးရှုတက်လတ်သော် (ဝါ) ဥဒည်တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူလာသည်ရှိသော်။ အာလောကံ၊ အမှောင်ပယ်ခွင်း ပကတိအရောင်အလင်းကို။ ဒက္ခန္တိယထာ၊ မြင်ကြရကုန်သကဲ့သို့။ တထာ၊ထို့အတူ။ အာလောကံ၊ သာသနာ့တန်ဆောင် အလင်းရောင်ကို။ ဒက္ခန္တိ ကြည်သာရွှင်ပြ တွေ့မြင်ကြရလေကုန်၏–ဟုအင်္ဂုတ္တရအဋ္ဌကထာ (ပ၊ ၅၂)၌ မိန့်ဆိုတော်မူခဲ့လေသည်။

ပရိယတ္တိသာသနာတော် မထွန်းမတောက် ကွယ်ပျောက်လေလျှင် ပဋိပတ္တိခေါ်သော အကျင့်မှန်သည် ဧကန်ကွယ်ပျောက်ရတော့သည်။ ပဋိပတ္တိခေါ် အကျင့်မှန် ကွယ်ပျောက်လေလျှင် ပဋိဝေဓခေါ် မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်း၍ မသိနိုင်တော့ရ

ကား သာသနာတော် နေဝန်းကြီးသည် မထွန်းမတောက် ကွယ်ပျောက်သွားရလေတော့သည်။ လောက၌ နေမင်းကြီး ကွယ်ပျောက်ဝင်သွားသည်ရှိသော် မှောင်အတိကျရောက်လာသလို သာသနာ့နေဝန်း မထွန်းမပ ကွယ်ပျောက်ရာကာလ၌ ဤလောကကြီးဝယ် အကုသိုလ်အမှောင်ထုကြီး ဖုံးလွှမ်းလာမည်ဖြစ်ကြောင်းကို-

**သုတ္တန္တေသု အသန္တေသု၊**

**ပမုဋ္ဌေ ဝိနယမှိစ။**

**တမော ဘဝိဿတိ လောကေ၊**

**သုရိယေ အတ္ထင်္ဂတေ ယထာ။**

သုတ္တန္တေသု၊ ဝေနေယျျဇနသတ္တဝါတို့ကို ဟောပြအပ်ပြီး သုတ္တန်တရားတော်တို့သည်။ အသန္တေသု၊ သင်ယူလေ့ကျက် ဆောင်ရွက်သူကင်း သို့ဖြစ်ခြင်းကြောင့် အလျှင်းကွယ်ပ မရှိကြကုန်သော်လည်းကောင်း။ ဝိနယမှိ၊ ကာယကံ၊ဝစီကံ ဤနှစ်တန်ကို အမှန်စင်ဆေး မညစ်ထေးဘဲ ယဉ်ကျေးအောင် ဆုံးမကြောင်း ဝိနည်းတရားတော်အပေါင်းသည်။ ပမုဋ္ဌေစ၊ နာယူသင်အံ ကျင့်ကြံသူများ မရှိပြီးသဖြင့် ဆုံးပါးမေ့လျော့ ပျောက်ပျက်ခဲ့သော်လည်းကောင်း။သုရိယေ၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ပဝင်း ကြိုဟ်နေမင်းသည်။ အတ္ထင်္ဂတေ၊ ဂေါယာနောက်ကျွန်း လှည့်ကာယွန်း၍ မထွန်းမတောက် နေဝင်တောင်သို့ရောက်လတ်သော် (ဝါ) ဂေါယာနောက်ကျွန်း လှည့်ကာယွန်း၍ မထွန်းမတောက် ကွယ်ပျောက်ဝင်သွားခဲ့သည်ရှိသော်။ လောကေ၊ လောက၌။ တမော၊ အမှောင်ထုသည်။ ဘဝတိ ယထာ၊ ဓမ္မတာသဘာဝ မုချမသွေ ဖြစ်ရလေသကဲ့သို့။တထာ၊နေရောင်ကွယ်ပျောက် အမှောင်ရောက်သို့ ချင့်ထောက်နှုတ်ထို့အတူ။ လောကေ၊ လူ နတ် ဗြဟ္မာသတ္တဝါ အပေါင်းတည်းဟူသော သတ္တလောက၌။ တမော၊ အကုသိုလ်လား,ကုသိုလ်လားဟု ခွဲခြားပိုင်ပိုင် မသိနိုင်ဘဲ ယိမ်းယိုင်ယိုယွင်း ကျင့်မှန်ကင်းလျက် အလင်းရောင်ဝေး ကြောက်ဖွယ်ဘေးတို့ ရောထွေးပေါင်းစု အမှောင်ထုသည်။ ဘဝိဿတိ၊ သာသနာနေမင်း ရောင်မလင်းသဖြင့် မယွင်းပုံသေ ဖြစ်ရပေလတ္တံ့-ဟု အင်္ဂုတ္တရအဋ္ဌကထာ

(ပါ၊ ၇၂) ၌ မိန့်ဆိုတော်မူခဲ့လေသည်။

ထို့ကြောင့် သာသနာတော် နေဝန်းကြီး မပျောက်ပျက် မကွယ်ပရအောင် စောင့်ရှောက်ဖို့ တာဝန်သည် ပဓာနအားဖြင့် သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ တာဝန်ဖြစ်ပေသည်။

## သာသနာတော်ကွယ်ပကြောင်းနှင့် သာသနာတော်မကွယ်ပကြောင်းတရားများ

သာသနာတော် ကွယ်ပကြောင်းတရားများနှင့် မကွယ်ပကြောင်းတရား များကိုလည်း–

**"ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ၊ ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ န ပရိယာပုဏန္တိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊**

**အယံ ဘိက္ခဝေ ပဌမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ"** (အံ၊ ၂၊ ၁၅၆) – အစရှိသည်ဖြင့် အင်္ဂုတ္တရပါဠိ၊ ပဉ္စကနိပါတ်၊ ဒုတိယသဒ္ဓမ္မသမ္မောသသုတ်၌ မြတ်စွာဘုရားဟောတော်မူခဲ့လေသည်။

ဤဒေသနာတော်အရ–

(၁) သာသနာ့ဝန်ထမ်းရဟန်းတော်တို့၏ ဘုရားရှင် စကားတော်ဖြစ်သည့် သုတ္တ၊ ဂေယျစသော ပရိယတ်တရားတော်တို့ကို မသင်ယူခြင်းသည် သာသနာတော် ကွယ်ပကြောင်းဖြစ်၍ ဘုရားရှင်စကားတော်ဖြစ်သည့် သုတ္တ၊ ဂေယျစသော ပရိယတ်တရားတော်တို့ကို သင်ယူခြင်းသည် သာသနာတော် မကွယ်ပကြောင်း၊ တည်တံ့ကြောင်း ဖြစ်သည်။

ထို့ကြောင့် သာသနာတော်မကွယ်ပဘဲ ကာလအရှည် တည်တံ့ စေရန် သာသနာ့ဝန်ထမ်း ရဟန်းတော်မှန်သမျှ သုတ္တ, ဂေယျစသော ဘုရားရှင့် စကားတော်မြတ် ပိဋကတ်တို့ကို အပတ်တကုတ် အားထုတ်

သင်ယူကြကုန်ရာသည်။

(၂) သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ မိမိသင်ယူအပ်ပြီးသော တရားတော်များကို အကျယ်အားဖြင့် သူတစ်ပါးတို့အား မဟောခြင်းသည် သာသနာတော်ကွယ်ပကြောင်းဖြစ်၍ မိမိသင်ယူအပ်ပြီးသော တရားတော်များကို အကျယ်အားဖြင့် သူတစ်ပါးတို့အား ဟောကြားခြင်းသည် သာသနာတော် မကွယ်ပကြောင်း၊ တည်တံ့ကြောင်းဖြစ်သည်။

ထို့ကြောင့် သာသနာတော်မကွယ်ပဘဲ ကာလအရှည် တည်တံ့စေရန် မိမိသင်ယူအပ်ပြီးသော တရားတော်များကို အကျယ်အားဖြင့် သူတစ်ပါးတို့အား ဟောကြားကြကုန်ရာသည်။

(၃) သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ မိမိသင်ယူအပ်ပြီးသော တရားတော်များကို အကျယ်အားဖြင့် သူတစ်ပါးတို့အား မပို့ချခြင်းသည် သာသနာတော်ကွယ်ပကြောင်းဖြစ်၍ မိမိသင်ယူအပ်ပြီးသော တရားတော်များကို အကျယ်အားဖြင့် သူတစ်ပါးတို့အား ပို့ချခြင်းသည် သာသနာတော် မကွယ်ပကြောင်း၊ တည်တံ့ကြောင်းဖြစ်သည်။

ထို့ကြောင့် သာသနာတော်မကွယ်မပျောက် ထွန်းတောက်တည်တံ့စေရန် မိမိသင်ယူအပ်ပြီးသော တရားတော်များကို အကျယ်အားဖြင့် တပည့်တပန်းရဟန်းသာမဏေတို့အား ကြိုးစားအားထုတ်၍ ပို့ချကြကုန်ရာသည်။

(၄) သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ မိမိသင်ယူအပ်ပြီးသော တရားတော်များကို အကျယ်အားဖြင့် မရွတ်မအံ မပြန်ခြင်းသည် သာသနာတော်ကွယ်ပကြောင်းဖြစ်၍ မိမိသင်ယူအပ်ပြီးသော တရားတော်များကို မမေ့မပျောက်အောင် အကျယ်အားဖြင့် ရွတ်အံပြန်လှန် သရဇ္ဈာယ်ခြင်းသည် သာသနာတော် မကွယ်ပကြောင်း၊ တည်တံ့ကြောင်းဖြစ်သည်။

ထို့ကြောင့် မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များကို

အကျယ်အားဖြင့် အထပ်ထပ်အဖန်ဖန် ပြန်လှန်သရဇ္ဈာယ်ကြကုန်ရာသည်။

(၅) သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ မိမိသင်ယူအပ်ပြီးသော တရားတော်များ၏ အနက်သဘောကို စိတ်ဖြင့် အဖန်ဖန် မကြံစည် မသုံးသပ်ခြင်း၊ နှလုံးမသွင်းခြင်းသည် သာသနာတော်ကွယ်ပကြောင်းဖြစ်၍ မိမိသင်ယူအပ်ပြီးသောတရားတော်များ၏ အနက်သဘောကို စိတ်ဖြင့် အဖန်ဖန် ကြံစည် သုံးသပ်ခြင်း၊ နှလုံးသွင်းခြင်းသည် သာသနာတော်မကွယ်ပကြောင်း၊ တည်တံ့ကြောင်းဖြစ်သည်။

ထို့ကြောင့် မိမိသင်ယူအပ်ပြီးသော တရားတော်တို့၏ အနက်သဘောကို စိတ်ဖြင့် အဖန်ဖန် ကြံစည်သုံးသပ် ဆင်ခြင်မှုပြုကြကုန်ရာသည်။

အနက်သဘောကိုသိမြင်ရာအခါဝယ် တတိယသဒ္ဓမ္မသမ္မောသသုတ်၌ ဟောတော်မူအပ်သည့်အတိုင်း လာဘ်ပေါ်များရန်၊ ဘုန်းတန်ခိုးကြီးမားကျော်ကြားရန် ကျင့်ကြံအားထုတ်မှုကိုမပြုဘဲ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ကို မလျှော့မပေါ့ တင်းတင်းရင်းရင်း ဖြည့်ကျင့်ကြကုန်ရာသည်။ အောက်အပါယ်ဘုံသို့ လျှောကျကြောင်းဖြစ်သော နီဝရဏငါးပါး၌ လှို့လကို လျှော့ချပစ်ထား၍ ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေက၌ ရှေ့ဆောင်ရှေ့သွား ပဓာနထားလျက် မရောက်သေး၊ မရသေးသော ဈာန်၊ မဂ်၊ ဖိုလ်ကို ရောက်ရန်၊ ရရန်၊ မျက်မှောက်မပြုရသေးသော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လှို့လကြိုးကုတ် အားထုတ်ကြကုန်ရာသည်။

ယင်းသို့ မိမိတို့က ကျင့်ကြံကြိုးကုတ် အားထုတ်ကြမှသာ မိမိတို့လည်း ဘုရားရှင်အလိုတော်ကျ ရဟန်းပြုရကျိုးနပ်ကြပေမည်။ နောင်လာနောက်သားတပည့်များလည်း ဆရာသမားတို့၏ အကျင့်သို့ အတုလိုက်၍ လာဘ်ပေါ်များရန်၊ ဘုန်းတန်ခိုးကြီးမား ကျော်ကြားရန်၊ ကျင့်ကြံအားထုတ်မှုမပြုကြဘဲ သိက္ခာသုံးပါးကို တင်းတင်းရင်းရင်း ကျင့်ကြပေလိမ့်မည်။ အောက်အပါယ်ဘုံသို့ လျှောကျကြောင်း

ဖြစ်သော နိဝရဏအငါးပါး၌ လှုံ့လကို လျှော့ချပစ်ထား၍ ကာယ၊ စိတ္တ၊ ဥပဓိဝိဝေက၌ ရှေ့ဆောင်ရှေ့သွား ပဓာနထားလျက် မရောက်သေး၊ မရသေး၊ မျက်မှောက်မပြုရ သေးသည့် ဈာန်၊မဂ်၊ဖိုလ်၊နိဗ္ဗာန်ကိုရောက်ရန်၊ ရရန်၊ မျက်မှောက်ပြုရန် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြပေလိမ့်မည်။

ယင်းသို့ အာစရိယပရမ္ပရ၊ သိဿာနုသိဿ စဉ်ဆက်မပြတ် ပရိယတ် တရားတော်ကို သင်ကြားပို့ချ အားထုတ်ကြမှသာ သာသနာတော်အရှည်ခံ၍ တည်တံ့ပြန့်ပွား ထွန်းကားတိုးတက်ပြီးလျှင် အရဟတ္တဖိုလ်တည်းဟူသော အမြတ်ဆုံး အကျိုးတရားမှ မပျက်ပြားမဆုတ်ယုတ်ဘဲရှိမည့် အကြောင်းကိုလည်း –

သုတ္တန္တေ ရက္ခိတေ သန္တေ၊
ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော ဓီရော၊
ယောဂက္ခေမာ န ဓံသတိ။

သုတ္တန္တေ၊ ပန်းသီတံပမာ အကျိုးအနက် အပြာပြာကို ကောင်းမွန်စွာ ပေါင်းရုံး၍ သီကုံးစောင့်ရှောက်တတ်သည့် သုတ္တန်မြတ်ဒေသနာတော်သည် (ဝါ) ကို။ ရက္ခိတေ၊ သင်ယူလေ့ကျက် ဆောင်ရွက်မှတ်သား ဟောကြားပို့ချလျက် မပျက် မပျောက်အောင် စောင့်ရှောက်အပ်သည်။ သန္တေ၊ ဖြစ်လတ်သော်။ ပဋိပတ္တိ၊ သီလသိက္ခာ အစပြုသည့် ကောင်းစွာကျင့်အပ် ပဋိပတ်သည်။ ရက္ခိတာ၊ မပျက်မပျောက်အောင် စောင့်ရှောက်အပ်ပြီးသည်၊ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ပဋိပတ္တိယံ၊ သီလသိက္ခာအစပြုသည် ကောင်းစွာကျင့်အပ် ပဋိပတ်၌။ ဌိတော၊ ပြည့်ကျင့်သောအား မားမားမတ်မတ် တန့်ရပ်တည်နေသော။ ဓီရော၊ သာသနာအကျိုး, ကိုယ်အကျိုးကို မျှော်ကိုးသိမြင် ပညာရှင်သည်။ ယောဂက္ခေမာ၊ ယောဂဘေးဘျမ်း မထွေးသန်းသဖြင့် အအေးချမ်းဆုံးဖြစ်သော အရဟတ္တဖိုလ်မှ။ န ဓံသတိ၊ မုချပိုင်ပိုင် မပျက်စီးမလျှောကျနိုင်ချေ–ဟု အင်္ဂုတ္တရအဋ္ဌကထာ (ပ၊ ၅၂) ၌ မိန့်ဆိုလေသည်။

## သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီး

ပြဆိုအပ်ခဲ့သော သာသနာကွယ်ပကြောင်းနှင့် သာသနာတည်တံ့ကြောင်း တရားများကို ကောင်းစွာသိမြင်၍ ဘုရားရှင်ကိုယ်တော်မြတ် ၄၅-ဝါ ကာလပတ်လုံး မနေမနား ဟောကြားတော်မူအပ်ခဲ့သော နိကာယ်ငါးရပ် ပရိယတ်သာသနာ တော်ကြီး တိမ်မြုပ်ကွယ်ပျောက်သွားမည်ကို အစိုးရိမ်ကြီးစိုးရိမ်လှသော သထုံမြို့နေ ဝုဋ္ဌတ္တဒီပိကာ (ခေါ်) ကိုးခဏ်းပျို့ကြီးကာကျမ်းပြုဆရာ မြန်မာစာပေပညာရှိကြီး မဟာဝိဇ္ဇာဘွဲ့ရ အငြိမ်းစားအရေးပိုင်မင်း ဦးကျော်ထွန်း (ကော၊ အက် (စ်)၊အမ်(မ်)သည်- အငြိမ်းစားရာဇဝတ်ဝန်မင်း ဦးကျော်ဘန်း၊ အငြိမ်းစား စက်ရှင်မင်းကြီး ဦးဘိုးစ၊ အငြိမ်းစားစစ်ကဲကြီး ဦးဘိုးသီးစသော မြို့မိ၊ မြို့ဖ လူကြီးမင်းများနှင့် တိုင်ပင်သို့နိုင်း၍ ဤသုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီးကို သာသနာတော် ၂၄၆၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၈၄-ခုနှစ်၊ ဝါဆိုလဆန်း (၁၀)ရက်နေ့၌ စတင်တည်ထောင်၍ သကဒေသီ၊ ပရဒေသီ နာယကဆရာတော်ဘုရားကြီးများ၏ ဩဝါဒကိုခံယူလျက် နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော်ကြီးများအားလုံးကို အဋ္ဌကထာ၊ဋီကာနှင့်တကွ ပိဋကအခြေခံ ကျမ်းစာများပါထည့်သွင်းပြဋ္ဌာန်း၍ သထုံမြို့၊ သုဝဏ္ဏဘူမိပရိယတ္တိ စာမေးပွဲဟူသောအမည် (နောင်အခါ ပိဋကတ္တယပါရဂူ စာမေးပွဲကြီးဟူသော အမည်)ဖြင့် စာမေးပွဲကျင်းပကာ သာသနာတော်ကို အာမိသာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ တို့ဖြင့် ချီးမြှောက်ထောက်ပံ့လျက် သာသနာပြုလာခဲ့ကြသည်မှာ ယခု ၁၃၅၉ -ခုနှစ်၌ အသင်းကြီး၏ သက်တမ်းသည် (၇၅)နှစ် တင်းတင်းပြည့်လျက် လောက ပညတ် သတ်မှတ်ခေါ်တွင် "ဝိန်ရတုသဘင်" သို့ ဆိုက်ရောက်ခဲ့လေပြီ။

ဤသုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီးက ကျင်းပအပ်သော "ပိဋကတ္တယပါရဂူ စာမေးပွဲကြီး" သည်ကား မြန်မာပြည်ရှိ စာမေးပွဲအားလုံးတို့တွင် နိကာယ်ငါးရပ် ပိဋကတ်ကျမ်းစာ အစုံအလင်ပြဋ္ဌာန်းထားသဖြင့် ပရိယတ္တိသာသနာ တော်ကြီးအား ကျေးဇူးအများဆုံး၊ အထောက်အကူအပြုဆုံးသော စာမေးပွဲကြီး ဖြစ်ပေသည်။ ဤပိဋကတ္တယပါရဂူစာမေးပွဲကြီးကို မပျက်မကွက် ဆက်လက်

ကျင်းပနိုင်ရန် ဤသုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီး အခွန့်ရှည်ကြာ စဉ်လာမပျက် ဆက်လက်ရှင်သန်နေရန် လွန်စွာလိုအပ်ရကား ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ, ဒကာမအပေါင်းတို့သည် ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအား တို့ဖြင့် စွမ်းအားရှိသမျှ အားပေးချီးမြှောက် ထောက်ပံ့ကြကုန်ရာသည်။

နိဂုံးချုပ်မိန့်ကြားလိုသည်မှာ– သစ်ပင်တစ်ပင်ကို ပင်စည်၊ အကိုင်း၊အခက်၊ အရွက်၊ အပွင့်၊ အသီးတို့ဖြင့် ခိုင်ဖြိုးဝေဆာ စည်ပင်လာအောင် ပြုစုစောင့်ရှောက် လိုသူသည် ထိုသစ်ပင်၏ ရေသောက်မြစ်ကို ရေသွန်းလောင်းပေးရသကဲ့သို့ ဘုရားရှင်သာသနာတော်သစ်ပင်ကြီး ခိုင်ဖြိုးဝေဆာ စည်ပင်ကာဖြင့် ရှည်ကြာကာလ တည်တံ့ရလေအောင် ပရိယတ္တိသာသနာတော်တည်းဟူသော ရေသောက်မြစ်ကို ရေလောင်းပေးသည့်နှယ် ဆရာနှင့်ဒကာ ညီညာစွာလက်တွဲလျက် အာမိသာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟတို့ဖြင့် စွမ်းအားရှိသမျှ အားပေးချီးမြှောက် ထောက်ပံ့ကြမှသာ ဗုဒ္ဓ မြတ်စွာ၏ သာသနာတော်သစ်ပင်ကြီး ခိုင်ဖြိုးဝေဆာ စည်ပင်ကာဖြင့် လွန်စွာမြင့်ရှည် တည်တံ့မည်ဖြစ်ရကား –

> **သာဂါရာ အနဂါရာစ၊**
> **ဥဘော အညောညနိဿိတာ။**
> **ပဝတ္တယန္တိ မုနိနောသာ၊**
> **တိဗ္ဗံ သာသနံ ဝရံ။**

သာဂါရာစ၊သားရေး,သမီးရေး,တားဝတ်ရေးနှင့် မင်းရေး,စိုးရေး,နေရေးကစ ရှုပ်ပွေလှသည့် ကိစ္စများမြောင် လူတို့ဘောင် နေရငြားသော်လည်း မြတ်စွာဘုရား သာသနာ တိုးတက်ရာ၊ တိုးတက်ကြောင်း တိမ်းစောင်းမယုတ် အားထုတ်ပြုပြင် သူတော်စင်တို့သည်လည်းကောင်း။ အနဂါရာစ၊ အိမ်မှုကိစ္စ အဝဝအပြာပြာ ကြောင့်ကြကို ပယ်ခွာလျက် အမတာရည်မှန်း ဝန်ကြီးထမ်းသည့် ရဟန်းတော်အရှင် မြတ်တို့သည်လည်းကောင်း။ ဥဘော၊ ဆရာ, ဒကာ ညီညာပေါင်းရုံး နှစ်ဦးလုံးတို့သည်၊ အညောညနိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမည်မယွင်း အချင်းချင်းလျှင်

မိုတင်းယှက်နွဲ့ ပြထက်မြဲအောင် လက်တွဲကြကုန်လျက်။ မုနိန္ဒသြ၊ မုနိထွဋ်တင် ဘုရားရှင်၏။ တိပိဋကံ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓအားဖြင့် သုံးပါးအပြားရှိသော။ သာသနံ ဝရံ၊ မြင့်မြတ်လှစွာ သာသနာတော်ကို။ ပဂ္ဂဏှန္တု၊ ယခုနောက်သား အကျိုးများလျက် နှစ်ငါးထောင်လုံး မပျက်ပြုန်းဘဲ ကုန်ဆုံးရှည်ကြာ တည်အောင် သာလျှင် ညီညာဝမ်းမြောက် ကူပင့်ထောက်၍ ချီးမြှောက်နိုင်ကြပါစေကုန်သတည်း– ဟု ဝိဇည်းမင်္ဂလာ ပတ္ထနာအာသီသ ဖော်ညွှန်းပြလျက် သာရဏီယဩဝါဒကထာ အစဉ်ကို ဤမှာပင်ကမှတ်ပုံး၍ နိဂုံးအုပ်အပ်ပါသတည်း။

## သန္တာနဝမ္မပါလကအဖွဲ့၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင်၌ မိန့်ကြားတော်မူအပ်သော သာရဏီယ ဩဝါဒကထာ

ဟိန္ဒူဘာသာရေးတရားများတွင် ဗုဒ္ဓဘာသာတရားတော်နှင့် တူညီသော အရာများ များစွာပါဝင်ပါသည်။ ပရဟိတပဋိပန္နတရား၊ မေတ္တာတရား၊ အဟိံသာ တရားစသည်များဖြစ်ကြသည်။ ဤသို့ တူညီသောအရာများ များစွာပါဝင်နေသော ကြောင့်ပင် သန္တာနဝမ္မပါလကအဖွဲ့ဝင်များသည် မိမိတို့၏ဘာသာရေးကျင့်စဉ် တရားများကို လိုက်နာကျင့်သုံးလျက်ပင် မြတ်ဗုဒ္ဓ၏ သာသနာတော်စည်ပင် ပြန့်ပွားရေးကို အားပေးဆောင်ရွက်ကြကာ သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းအားသစ် ကြပေသည်။

သန္တာနဝမ္မပါလကအဖွဲ့ကြီး၏ ဦးစီးခေါင်းဆောင်ဖြစ်သော ဆရာကြီး ဦးစိန်တင်သည်–

(၁) ဗုဒ္ဓမြတ်စွာဘုရားသခင်၏ မေတ္တာ၊ ကရုဏာတော်ကို ဖြန့်ချိရန်၊

(၂) ဗုဒ္ဓဘာသာနိုင်ငံများ အချင်းချင်း ယဉ်ကျေးမှုဖလှယ်ရန်၊

(၃) ဗုဒ္ဓမြတ်စွာဘုရားသခင်၏ ဖြစ်တော်မူစဉ်နှင့် တရားတော်များ ပြန့်ပွားရေးအတွက် စာအုပ်စာတမ်းများ၊ ဗီဒီယိုများ၊ ပြပွဲများ၊ အခြားသင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ရန်–စသော

ရည်ရွယ်ချက်များဖြင့် အိန္ဒိယနိုင်ငံဝယ် " ကမ္ဘာ့ဗုဒ္ဓဘာသာယဉ်ကျေးမှုဖောင်ဒေးရှင်း" အဖွဲ့တစ်ခု ဖွဲ့စည်းတည်ထောင် ဆောင်ရွက်ခဲ့ပေသည်။ ဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင်တို့အား လွန်စွာဗဟုသုတတိုးပွားစေနိုင်သော ဗုဒ္ဓဝင်ပြပွဲ များကို ပြည်တွင်းပြည်ပ၌ အကြိမ်များစွာ ပြသခဲ့ပေသည်။

ဤသည်တို့မှာ ဤသန္တနုဝမ္မပါလကအဖွဲ့ကြီး၏ ဗုဒ္ဓသာသနာပြု လုပ်ငန်းများကို ကြိုးပမ်းအားသစ်မှု၏ အမြွက်မျှသော သာဓကများဖြစ်သည်။

သန္တနုဝမ္မပါလကအဖွဲ့သည် မျိုးဆက်သစ်လူငယ်လူရွယ်များ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဘောဂ ဗလငါးတန် ပြည့်စုံကြစေရန်၊ ဘာသာရေး၊ လူမှုရေးတို့၌ အရည်အချင်းပြည့်ဝသူများ ဖြစ်လာကြစေရန်၊ မိမိတို့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်များဖြစ်လာကြစေရန် ပြုစုပျိုးထောင် ပေးခြင်းဟူသော ဝံသာနုရက္ခိတလုပ်ငန်းများကို ကြိုးပမ်းအားထုတ်ပြုလုပ် ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပေသည်။

ဤသို့ မြန်မာနိုင်ငံတော်နှင့် ဗုဒ္ဓဘာသာဝင်တို့အပေါ်၌ မေတ္တာစာတ် အပြည့်အဝဖြင့် အတူလက်တွဲ၍ သာသနာပြုနေကြသော သန္တနုဝမ္မပါလကအဖွဲ့ဝင် တို့အား ဘာသာတိုင်းက လက်ခံကျင့်သုံးနိုင်သော -

**သီလံ သမာဓိ ပညာ စ၊**

**ဝိမုတ္တိ စ အနုတ္တရာ၊**

**အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊**

**ဂေါတမေန ယသဿိနာ။**

ဤဂါထာဒေသနာတော်အရ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိဟူသော ဓမ္မလက်ဆောင်ကို ပေးလိုပါသည်။ ဤဂါထာ၏အဓိပ္ပာယ်မှာ“ မိမိထက် သာလွန် သောတရားမရှိ၊ အမြတ်ဆုံးဖြစ်သော သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိဟူသော ဤတရားလေးမျိုးတို့ကို များသောအခြံအရံရှိတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာ ဘုရားသည် ထိုးထွင်း၍ သိတော်မူအပ်ကုန်ပြီ”ဟု ဆိုလိုသည်။

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို မည်သည့်ဘာသာ ကမျှ မပယ်ပါ။ ဘာသာတိုင်းကပင် လက်ခံကျင့်သုံးပါသည်။ ဤသိက္ခာသုံးရပ် အကျင့်မြတ်ကို အထွတ်အထိပ်ရောက်အောင် ကျင့်သုံးပါလျှင် ဝိမုတ္တိခေါ်သော လွတ်မြောက်မှုပန်းတိုင်သို့ မလွဲမသွေ ဆိုက်ရောက်နိုင်ပါသည်။

ထိုတွင် သီလဟူသည်မှာ သမ္မာဝါစာ= မှန်စွာပြောဆိုမှု (ဝစီဒုစရိုက်မှ ရှောင်ကြဉ်မှု)၊ သမ္မာကမ္မန္တ= မှန်စွာပြုလုပ်မှု (ကာယဒုစရိုက်မှ ရှောင်ကြဉ်မှု)၊ သမ္မာအာဇီဝ=မှန်စွာအသက်မွေးမှု (မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်မှု) တို့ဖြစ်ကြသည်။

သမာဓိဟူသည်မှာ သမ္မာဝါယာမ=မှန်စွာအားထုတ်မှု၊ သမ္မာသတိ=မှန်စွာအောက်မေ့မှု၊ သမ္မာသမာဓိ=မှန်စွာတည်ကြည်မှုတို့ ဖြစ်ကြသည်။

ပညာဟူသည်မှာ သမ္မာဒိဋ္ဌိ=မှန်စွာသိမြင်မှု၊ သမ္မာသင်္ကပ္ပ= မှန်စွာကြံစည်မှုတို့ဖြစ်ကြသည်။ဤတရားရှစ်ပါးကိုပင် မဂ္ဂင်ရှစ်ပါးဟု ခေါ်ဆိုပါသည်။

ဤသီလ၊ သမာဓိ၊ ပညာဟူသော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို အထွတ်အထိပ်ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများပါလျှင် သန္တန္နစမ္မပါလကအဖွဲ့သားတို့ နေ့စဉ်ရွတ်ဆိုကြသော ဆုတောင်းပတ္ထနာများအနက် ၅-ခုမြောက် ဆုတောင်းစာပိုဒ်တွင်ပါဝင်သော "လူသည် ကွယ်လွန်ပြီးနောက် သေခြင်းကင်းသော ထာဝစဉ်ငြိမ်းအေးရာသို့ရောက်ပါစေ" ဟူသော ဆုတောင်းချက်ဖြစ်သော "ဝိမုတ္တိ" ဟုဆိုအပ်သော လွတ်မြောက်မှုပန်းတိုင်သို့ မလွဲမသွေ ကေန်မုချ ဆိုက်ရောက်ရမည်သာဖြစ်ပါသည်။

သို့ဖြစ်၍ သန္တန္နစမ္မပါလကအဖွဲ့ဝင် သူတော်စဉ်အပေါင်းတို့သည် မိမိတို့ သန္တန္နစမ္မပါလကအဖွဲ့ကြီး၏ မှန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေ။ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားတိုးတက်အောင် သာသနာပြုနိုင်ကြပါစေ။ ဤမျှမက သီလ၊ သမာဓိ၊ ပညာဟူသော မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားတို့ကို ပွားများအားထုတ်နိုင်ကြ၍ "ဝိမုတ္တိ" ဟုဆိုအပ်သော လွတ်မြောက်မှုပန်းတိုင်သို့ လျင်မြန်စွာ ဆိုက်ရောက်နိုင်ကြပါစေဟု သာရဏီယ ဩဝါဒပုဗ္ဗင်္ဂမ အာသီသပတ္ထနာပြုလိုက်ပါသည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ်စာစောင်အတွက် ချီးမြှင့်တော်မူအပ်သော ဥယျောဇနကထာ

သာသနာရေးဦးစီးဌာနမှ ပေးပို့ဆက်ကပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ်စာစောင်အတွက် စာမူတောင်းခံလွှာကို (၄- ၂- ၂၀၀၅) နေ့တွင် ရရှိသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကြောင်းကိုရေးလျှင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးအကြောင်းကို ချန်လှပ်ထား၍ မဖြစ်နိုင်။ ထို့ကြောင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးအကြောင်းကို ပြန်ပြောင်းစဉ်းစားမိသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကောဇာသက္ကရာဇ် ၁၃၄၂- ခုနှစ်၊ နယုန်လဆန်း ၁၁၊ ၁၂၊ ၁၃၊ ၁၄-ရက်များတွင် ကျင်းပခဲ့ရာ ယခု ၁၃၆၇- ခုနှစ်၊ နယုန်လတွင် (၂၅)နှစ်တင်းတင်း ပြည့်ခဲ့ပြီးဖြစ်သော်လည်း ထိုအစည်းအဝေးကြီးသို့ မိမိကိုယ်တိုင်တက်ရောက်ခဲ့ရသဖြင့် အစည်းဝေးပွဲကြီး၌ တွေ့ကြုံခဲ့ရသည့် အကြောင်းအရာအချို့မှာ မနေ့တစ်နေ့ကကဲ့သို့ မြင်ယောင်နေမိပေသည်။

## ထိုအချိန်က သာသနာ့အခြေအနေ

ထိုအချိန်က သာသနာတော်၏ အခြေအနေကို ကြည့်ရှုလေ့လာ သုံးသပ်ရပါလျှင် သာသနာတော်ကြီး၏ဂုဏ်သိက္ခာ ညှိုးနွမ်းနိမ့်ကျ ဆုတ်ယုတ်သွားစေနိုင်သော ဟောပြောပြသမှု ရေးသားထုတ်ဝေမှုများကို ပြုလုပ်နေကြသူများ၊ သာသနာတော်ကြီး

ပျက်စီးကွယ်ပျောက်သွားအောင် ကျင့်ကြံလုပ်ဆောင်နေသူများ ပေါ်ထွက်စပြုနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပေသည်။ ထို့ပြင် **"အကွပ်မဲ့ကြမ်းပရမ်းပတာ"** ဖြစ်နေသကဲ့သို့ သိက္ခာမတင် သိမ်မဝင်ဘဲ မိမိဘာသာ သင်္ကန်းဝတ်နေသော ရဟန်းတု၊ ရဟန်းယောင်များနှင့် ဝိနည်းသိက္ခာပုဒ်တော်ကို စောင့်ထိန်းလိုက်နာခြင်းမရှိဘဲ ဂဏ္ဍစုရ၊ ဝိပဿနာစုရနှစ်ပါးကို စွန့်ပယ်ပြီး ဂိဟိကမ္မ ဗုဒ္ဓပဋိကုဋ္ဌအမှုများကို အမြဲမပြတ် ပြုလုပ်နေကြသော အလဇ္ဇီ ဒုဿီလရဟန်းဆိုးများပေါ်ပေါက်နေသည်ကိုလည်း ကြားသိတွေ့မြင်နေကြရပေသည်။

ယင်းသို့သော သာသနပစ္စတ္ထိက=သာသနာ့ရန်သူ၊ သာသနာ့အညစ်အကြေး၊ သာသနာ့အန္တရာယ်တို့ကို မပယ်မရှား၊ မတားမဆီး၊ မပိတ်မပင်ဘဲ လျစ်လျူရှုနေကြပါက ယင်းအန္တရာယ်များ တစ်စတစ်စကြီးပွားလာလျှင် သာသနာတော်ကြီး တိမ်းပါးပျက်စီးသွားနိုင်ပေသည်။

## ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး

ထို့ကြောင့် သုဓမ္မာ၊ ရွှေကျင်၊ ဒွါရစသော သံဃာ့ဂိုဏ်းကြီးများကို စနစ်ကျနသော သံဃာ့အဖွဲ့အစည်းကြီးများအဖြစ်ဖွဲ့စည်း၍ သံဃာတော်များအချင်းချင်း ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်သွားနိုင်မှ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဖြစ်ရကား သာသနာရေးဝန်ကြီးဌာနက တာဝန်ယူ၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးဖြစ်မြောက်ရေး စီမံကိန်းများရေးဆွဲကာ သံဃာ့ဆန္ဒဖြင့် သံဃာ့ဝန်ဆောင် ဆရာတော် ၆၆–ပါးတို့ကို ပင့်ဆောင်ခဲ့လေသည်။

ယင်းသံဃာ့ဝန်ဆောင်ဆရာတော် ၆၆–ပါးတို့သည် အဖွဲ့ငယ် အသီးသီးဖွဲ့စည်းကြပြီးလျှင်–

(၁) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းဝေးပွဲကြီးသို့ တက်ရောက်ရန် သံဃာသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရေးစည်းကမ်းများ သံဃာ့ကိုယ်စားလှယ် အရေအတွက်နှင့် အရည်အချင်းသတ်မှတ်ခြင်း၊

(၂) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရန် အခြေခံစည်းမျဉ်းရေးဆွဲခြင်း၊

(၃) ဝိနည်းဓမ္မကံဆိုင်ရာ သံဃာ့အဓိကရဏ်းများ ပြေရှင်းဆုံးဖြတ်ရေးအတွက် နည်းလမ်းများ ရေးဆွဲသတ်မှတ်ခြင်း၊

(၄) သာသနာဝင်မှတ်တမ်းရေးဆွဲခြင်း-

စသော လုပ်ငန်းများကို ပြည့်စုံအောင် ဆောင်ရွက်တော်မူကြပြီးလျှင် သာသနာတော် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်မှ ၁၄-ရက် (ခရစ်နှစ် ၁၉၈၀-ခုနှစ်၊ မေလ၊ ၂၄-ရက်မှ၂၇-ရက်)အထိ ၄- ရက်တိုင်တိုင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ ရဟန်းသံဃာတော်ပေါင်း တစ်သိန်းကျော်တို့က သမ္မုတိပေး၍ ရွေးချယ်ခဲ့သည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တော်ပေါင်း (၁၂၁၈)ပါးတို့ တက်ရောက်တော်မူကြကာ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပခဲ့ကြလေသည်။

ယင်းစည်းဝေးပွဲကြီးက-

(၁) ပြည်ထောင်စုဆိုရှယ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်း၊

(၂) ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများပြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာလုပ်ထုံး လုပ်နည်းများ၊

(၃) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သံဃာတော်များ၏ သာသနာဝင်မှတ်တမ်းများ-

ကို အတည်ပြုပြဋ္ဌာန်းခဲ့လေသည်။

## နိုင်ငံတော်အဆင့် အဖွဲ့ကြီးသုံးဖွဲ့

ယင်းအတည်ပြုပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက်-

(က) နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊

(ခ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊

(ဂ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့-

ဟူသောသံဃာ့အဖွဲ့စည်းကြီး သုံးဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့လေသည်။ ထိုအချိန်မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ပေါ်ပေါက်လာလေသည်။

## သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်

နိုင်ငံတော်အဆင့်သံဃာ့အဖွဲ့အစည်းကြီးများ ပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ''ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများမူကြမ်း''ကို ၁၉၄၂-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ၊ ၂၆- ရက်) တနင်္လာနေ့၌ ကျင်းပသော ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဌမအစည်းအဝေး၌ တင်သွင်း၍ အတည်ပြုချက်ရယူခဲ့လေသည်။

ထိုသံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဝါတွင်းကာလ၌ပင် အပြီးအစီးဖွဲ့စည်း၍ သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ဓမ္မစက်၊ အာဏာစက်တွဲဖက်၍ ဆောင်ရွက်ခဲ့ကြသည်မှာ ယခု ၁၃၆၇-ခုနှစ် နယုန်လတွင် (၂၅) နှစ်ပြည့်မြောက်လေပြီ။

## အကျိုးရလဒ်

## သာသနာတော်သန့်ရှင်းရေး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်း၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို မဆောင်ရွက်နိုင်ခဲ့ပါလျှင် ယခုအချိန်အခါ၌ သာသနာတော်မြတ်ကြီး မည်သည့်အခြေအနေသို့ ဆိုက်ရောက်နေမည်ကို မျှော်မှန်းသိရှိနိုင်ပါသည်။ မကြုံစဖူး ထူးထူးကဲကဲ ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်ရေးရရှိ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွား

ရေးကို ဆောင်ရွက်နိုင်ခြင်းကြောင့် သာသနာတော်ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်းနိမ့်ကျဆုတ်ယုတ်သွားစေနိုင်သည့် လူသေလူပြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒ၊ ရွှေအဘိဓမ္မာဝါဒ၊ ကမ္ဘာ့ဝိပဿနာဝါဒ၊ ကျောက်သဘော်ဝါဒ၊ မိုးညှိုဝါဒစသော ဟောပြောပြသမှု၊ ရေးသားထုတ်ဝေမှု အဓမ္မဝါဒများကို ဓမ္မစက်၊ အာဏာစက်ဖြင့် ပယ်ရှားနိုင်ခဲ့ပေသည်။ ရဟန်းတု၊ ရဟန်းယောင်များ၊ အလဇ္ဇီ ဒုဿီလ ရဟန်းဆိုးများကိုလည်း ဓမ္မစက်၊ အာဏာစက်တွဲဖက်၍ သုတ်သင်ရှင်းလင်းနိုင်ခဲ့လေသည်။

## သာသနာတော်တည်တံ့ရေး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာတော်တည်တံ့ရေးအတွက် "**သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ**"ဟူသော အဋ္ဌကထာမိန့်မှာချက်နှင့်အညီ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်၍ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့ခြင်းစသော သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပေသည်။

## သာသနာတော်ပြန့်ပွားရေး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် နယ်စပ်ဒေသ၊ တောင်တန်းဒေသစသော သာသနာတော်မထွန်းလင်းသေးသော ဒေသများ၌ သာသနာပြုကျောင်းများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို တည်ထောင်ဖွင့်လှစ်၍ ပြည်ပသာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်းစသည်တို့ဖြင့် သာသနာတော်ထွန်းကားပြန့်ပွားရေးကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပေသည်။

## ငါးကြိမ်မျှသာဆောင်ရွက်နိုင်ခဲ့

သာသနာ့သမိုင်းကို လေ့လာပါလျှင် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီးကျင်းပ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်သန့်ရှင်း

တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့သည့် ၁၃၄၂-ခုနှစ်အထိ သာသနာတော် ၂၅၂၄-နှစ်အတွင်း ဓမ္မစက်၊ အာဏာစက်တွဲဖက်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့သည်မှာ ငါးကြိမ်မျှသာ ထင်ထင်ရှားရှားတွေ့ရပေသည်။

## ပဌမအကြိမ်

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူသည်မှ လေးလမြောက်တွင် အရှင်မဟာကဿပထေရ်သည် အဇာတသတ်မင်း၏ အကူအညီဖြင့် သုဘဒ္ဒကဲ့သို့သော ရဟန်းဆိုးများ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၌ ငါ့ဆို၊ ငါကပ်မနေကြစေရန် ဥတ်ကမ္ပ ငါ့စာဖြင့် ပယ်ရှားတားမြစ်၍ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်၊ သတ္တပဏ္ဏိလိုဏ်ဂူအနီး မဏ္ဍပ်ကြီး၌ ငါးရာသောရဟန်းတို့ဖြင့် ပဌမသံဂါယနာတင်တော်မူကာ ဓမ္မစက်၊ အာဏာစက် တွဲဖက်လျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့လေသည်။

## ဒုတိယအကြိမ်

သာသနာတော်နှစ် ၁၀၀-အရောက်တွင် ဝဇ္ဇီတိုင်းသား ရဟန်းများ၏ ပြောဆိုကြခြာသည့် အဓမ္မဝတ္ထု ၁၀-ပါးကို အကြောင်းပြု၍ အရှင်မဟာယသ အမှူးရှိသော ရဟန္တာခုနစ်ရာတို့သည် ကာလာသောကမင်း၏အကူအညီဖြင့် ဝါလိကာရုံကျောင်းတိုက်၌ ဒုတိယသံဂါယနာတင်တော်မူကြ၍ ဝဇ္ဇီတိုင်းသားရဟန်းများကို ပယ်ရှားနှင်ထုတ်လျက် ဓမ္မစက်၊ အာဏာစက်တွဲဖက်ကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

## တတိယအကြိမ်

သာသနာတော်နှစ် ၂၃၆- ခုနှစ်တွင် မဂဓတိုင်း၊ ပါဋလိပုတ်မြို့တော် အသောကာရုံကျောင်းတိုက်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အမှူးပြုသော ရဟန္တာတစ်ထောင်တို့သည် သီရိဓမ္မာသောကမင်း၏ အကူအညီဖြင့် အန္နကဂိုဏ်းသား အစရှိသော ရဟန်းများ၏ အဓမ္မအယူဝါဒကို ပယ်ရှား၍ တိတ္ထိတို့ကို သာသနာ

တော်မှ နှင်ထုတ်ပြီးလျှင် တတိယသံဂါယနာတင်တော်မူကြ၍ ဓမ္မစက်၊ အာဏာစက်တွဲဖက်ကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

## စတုတ္ထအကြိမ်

သာသနာတော် ၁၇၀၇–၁၇၄၀–ခုနှစ်တွင် သီဟိုဠ်ကျွန်း ပုလတ္ထိမြို့၌ နန်းတက်သော ပရက္ကမဗာဟုမင်းလက်ထက်၌ ဒိမ္ဗုလာဂလ အရှင်မဟာကဿပ အမှူးပြုသော သာရတ္ထဒီပနီဋီကာကျမ်းပြု အရှင်သာရိပုတ္တရာအပါအဝင် မဟာထေရ်အရှင်မြတ်တို့သည် ပရက္ကမဗာဟုမင်း၏ အကူအညီဖြင့် အချင်းချင်းကွဲပြားနေသော မဟာဝိဟာရဂိုဏ်းကြီး၊ အဘယဂိရိဂိုဏ်းကြီး၊ ဇေတဝနဂိုဏ်းကြီး သုံးဂိုဏ်းတို့ကို ညီညွတ်အောင်ပြု၍ အလဇ္ဇီရဟန်းများကို စစ်ဆေး၍ လူဝတ်လဲစေခြင်း၊ သာမဏေဝတ်ဖြင့် နေနိုင်လောက်သူကို သာမဏေဝတ်ဖြင့် နေစေခြင်းဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

## ပဉ္စမကြိမ်

သက္ကရာဇ် ၄၁၉– ခုနှစ်တွင် စတင်ကြွရောက်တော်မူလာသော အရှင်အရဟံသည် အနော်ရထာမင်း၏အာဏာစက်အကူအညီဖြင့် ပုဂံပြည်တွင် အဓမ္မဝါဒဟောကြားပြုမူနေကြသော အရည်းကြီးတို့ကို လူဝတ်လဲစေပြီးလျှင် ထေရဝါဒသာသနာတော် တည်စေတော်မူခဲ့လေသည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့လေသည်။

ဤသို့လျှင် မဇ္ဈိမဒေသ၌ ၃–ကြိမ်၊ သီဟိုဠ်ကျွန်း၌ ၁–ကြိမ်၊ မြန်မာပြည်၌ ၁–ကြိမ်အားဖြင့်(၅)ကြိမ်မျှသာ ဓမ္မစက်၊ အာဏာစက်တွဲဖက်ကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်ရပေသည်။

# ဆဋ္ဌအကြိမ်

သာသနာတော် ၂၅၂၄– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂–ခုနှစ်၊ နယုန်လဆန်း ၁၁–ရက်မှ ၁၄–ရက်အထိ ၄– ရက်တိုင်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပ၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စသည်တို့ကို ပြဋ္ဌာန်းကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့စသော သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ ဓမ္မစက်၊ အာဏာစက်တွဲဖက်လျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခဲ့သည့် ယခုအကြိမ်သည် ဆဋ္ဌအကြိမ်ပင် ဖြစ်ပေသည်။

ဤဆဋ္ဌအကြိမ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူလာသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့စသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ၂၅–နှစ်သက်တမ်းအတွင်း သာသနာပြုလုပ်ငန်း အရပ်ရပ်သည် ရာနှုန်းပြည့်မဟုတ်သော်ငြားလည်း ဖော်ပြခဲ့သည့်အတိုင်း သင့်လျော်သည့် ပမာဏအထိအောင်မြင်ခဲ့သည်ကို တွေ့မြင်နိုင်ပေသည်။ ဤမျှလောက် အောင်မြင်ခြင်း သည်ပင် သာသနာတော်အတွက် အားတက်ဖွယ်၊ ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်ဟု နှလုံးသွင်းရပေသည်။

ထို့ထက်တိုးတက်၍ ဆောင်ရွက်နိုင်ရန်ကား အထူးပင် လိုအပ်လျက်ရှိပေသည်။ ထိုလိုအပ်ချက်ကို ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး အရှည်ခံ့၍ တည်တံ့ရန်၊ အရှိန်အဝါတိုးတက်ရန် အထူးလိုအပ်ပေသည်။ အဖွဲ့အစည်းတစ်ခု၏ တည်တံ့မှု၊ အရှိန်အဝါတိုးတက်မှုသည် အဖွဲ့ဝင်ပုဂ္ဂိုလ်များ၏အရည်အချင်း၊ အရှိန်အဝါအပေါ်မှာ တည်ပေသည်။ အဖွဲ့ဝင်ပုဂ္ဂိုလ်များ အရည်အချင်း၊ အရှိန်အဝါရှိနေလျှင် ထိုပုဂ္ဂိုလ်များ၏ အဖွဲ့အစည်းလည်း အရှည်တည်တံ့၍ အရှိန်အဝါရှိနေမည်ပင်ဖြစ်ပေသည်။ အဖွဲ့ဝင်ပုဂ္ဂိုလ်များ အရည်အချင်း၊ အရှိန်အဝါမရှိလျှင် ထိုပုဂ္ဂိုလ်များ၏အဖွဲ့အစည်းလည်း အရှည်မတည်တံ့ဘဲ အရှိန်အဝါ ကျဆင်းသွားမည်မှာ ဓမ္မတာသာဖြစ်ပေသည်။

ထို့ကြောင့် သာသနာတော်သန့်ရှင်းအောင်၊ သာသနာတော် တည်တံ့အောင်၊ သာသနာတော်ပြန့်ပွားထွန်းကားအောင် တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ မိမိတို့ကိုယ်ကို အရည်အချင်း ပြည့်ဝ၍ အရှိန်အဝါရှိအောင် ကျင့်ဆောင်ပြုပြင်တော်မူကြလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးအရည်ခံ၍ တည်တံ့အောင်၊ ရဟန်းရှင်လူ ပြည်သူ အားလုံးတို့က လေးစားကြည်ညို မှီခိုအားထားရသည့် အရှိန်အဝါကြီးမားသော အဖွဲ့အစည်းကြီးဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြပါဟု မေတ္တာ ပုဗ္ဗင်္ဂမ ပသာဒသဒ္ဓါ စေတနာအပြည့်အဝဖြင့် တိုက်တွန်းလိုက်ရပါသတည်း။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနားသို့ မိန့်ကြားတော်မူအပ်သော သမ္ဗောဓနီယ ဩဝါဒကထာ

ယနေ့ကျင်းပပြုလုပ်အပ်သော သာသနာတော်ဆိုင်ရာ အခမ်းအနားပွဲက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်ပွဲ ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတော်၌ သာသနာဘက်၊ လောကဘက် နှစ်ဖက်လုံးမှာပင် ရတုသဘင်ပွဲများ မကြာခဏ ကျင်းပကြသည်ကို ကြားသိတွေ့မြင်ရပါသည်။

### ရတုသဘင်ပွဲဟူသည်

ထိုရတုသဘင်ဟူသည် မူလကမြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ ကျင်းပပြုလုပ်သော ဗုဒ္ဓယဉ်ကျေးမှုပွဲမျိုး မဟုတ်ပါ။ အနောက်တိုင်း ယဉ်ကျေးမှုမှ ဆက်နွယ်လာသည့် မြန်မာ့ယဉ်ကျေးမှုပွဲမျိုးသာ ဖြစ်ပါသည်။

### ဂျူဗလီမှ ရတုသဘင်

ဤရတုသဘင်ဟူသော ဝေါဟာရသည် ဂျူဗလီဟူသော အင်္ဂလိပ်ဝေါဟာရကို မြန်မာ့ယဉ်ကျေးမှုနှင့် ဆီလျော်အောင် ဘာသာပြန်ဆိုထားသော ဝေါဟာရဖြစ်ပါသည်။ ဂျူဗလီဟူသော ဝေါဟာရသည်လည်း ယူဗီလဟူသော ဟီးဗရူးဝေါဟာရမှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်ဟု သိရပါသည်။

ရှေးအခါက ကြွယ်ဝချမ်းသာသော ရဟူဒီခေါ် ဂျူးသူဌေးကြီးများသည် မိမိတို့၏ ငွေဝယ်ကျွန်များကို ၂၅ – နှစ်မြောက်တစ်ကြိမ်၊ ၅၀–နှစ်မြောက်တစ်ကြိမ် ကျွန်စာရင်းမှလွှတ်၍ လွတ်လပ်ရေးပေးလေ့ရှိပါသည်။ ထိုအချိန်၌ လွတ်လပ်ရေးရသည့်ကျွန်များနှင့် လွတ်လပ်ရေးပေးသော ကျွန်ပိုင်ရှင်များပါ ဝမ်းမြောက်ပျော်ရွှင်ကြ

သည့် အထိမ်းအမှတ်အဖြစ်ဖြင့် ပျော်ပွဲရွှင်ပွဲများကို ပြုလုပ်လေ့ရှိကြပါသည်။ ဤပွဲမျိုးကို ဂျူးဘာသာဖြင့် ယူဘီလပွဲဟု ခေါ်ပါသည်။ ထိုမှတစ်ဆင့် ပြင်သစ်လို ဂျူဗီလမ်၊ အင်္ဂလိပ်လို ဂျူဗီလီ = ဂျူဗလီဟု ဖြစ်လာပါသည်။

ထိုဂျူလူမျိုးတို့၏ ယဉ်ကျေးမှုပွဲသည် တစ်စတစ်စ ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့သွားပြီး မိမိတို့လူမျိုး မိမိတို့စရိုက်နှင့်အညီ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင်းပကြရာမှ ပြင်သစ်ယဉ်ကျေးမှု၊ အင်္ဂလိပ်ယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုပွဲများ ဖြစ်လာကြပါသည်။

## ဂျူဗလီပွဲသုံးမျိုး

အနောက်တိုင်းမှာ ကျင်းပသည့် ဂျူဗလီပွဲသည် (၁) ဆစ်လ်ဗားဂျူဗလီပွဲ၊ (၂) ဂိုးလ်ဒင်းဂျူဗလီပွဲ၊ (၃) ဒိုင်းမွန်းဂျူဗလီပွဲဟူ၍ သုံးမျိုး ရှိပါသည်။ ထိုသုံးမျိုးတို့တွင် ၂၅-နှစ်မြောက် အထိမ်းအမှတ်ပွဲကို ဆစ်လ်ဗားဂျူဗလီ၊ အနှစ်၅၀ -မြောက်အထိမ်းအမှတ်ပွဲကို ဂိုးလ်ဒင်းဂျူဗလီ၊ အနှစ် ၆၀-မြောက် အထိမ်းအမှတ်ပွဲကို ဒိုင်းမွန်းဂျူဗလီဟု ခေါ်ဆိုသတ်မှတ်ကြပါသည်။

## ရတုသဘင်ဝေါဟာနှင့် ရတုသဘင်သုံးမျိုး

ဖော်ပြပါ ဂျူဗလီပွဲမျိုးကိုပင် မြန်မာတို့က မိမိတို့၏ ထုံးစံယဉ်ကျေးမှုနှင့် ဆီလျော်အောင် ''ရတုသဘင်''ဟူသော မြန်မာဝေါဟာရသို့ ပြောင်းလဲသုံးစွဲခဲ့ကြပါသည်။ ဤရတုသဘင်ဟူသော ဝေါဟာရသည် ပါဠိဝေါဟာရမဟုတ်သော်လည်း ပါဠိဝေါဟာရကဲ့သို့ပင် ခန့်ငြားထည်ဝါ၍ သာယာသောသုတ်ရှိပေသည်။

မြန်မာတို့သည် ဂျူဗလီခေါ် ရတုသဘင်ပွဲများကို ကျင်းပပြုလုပ်ရာ၌ ဆစ်လ်ဗားဂျူဗလီကို ငွေရတုသဘင်၊ ဂိုးလ်ဒင်းဂျူဗလီကို ရွှေရတုသဘင်၊ ဒိုင်းမွန်းဂျူဗလီကို စိန်ရတုသဘင်ဟု သတ်မှတ်ကျင်းပကြပါသည်။ ဤရတုသဘင်ပွဲနှင့် စပ်လျဉ်း၍ မြန်မာတို့၏ နှစ်ကာလပိုင်းခြားသတ်မှတ်ပုံမှာ ငွေရတုသဘင်၊ ရွှေရတုသဘင်တို့၌ အနောက်နိုင်ငံများနှင့် တူညီသော်လည်း စိန်ရတုသဘင်၌မူ မတူညီပါ။

အနောက်နိုင်ငံတို့၌ နှစ် ၆၀-ပြည့်ကို ဒိုင်းမွန်းဂျူဗလီခေါ် စိန်ရတုသဘင်ဟု သတ်မှတ်ကြသော်လည်း မြန်မာတို့ကမူ ၇၅-နှစ်ပြည့်မှ စိန်ရတုသဘင်ဟု သတ်မှတ်ကြပါသည်။ စိန်ရတုသဘင် ကျင်းပပြီးနောက် ၂၅ -နှစ်ရှိ၍ နှစ်၁၀၀-ပြည့်သောအခါ ရာပြည့်အထိမ်းအမှတ်ပွဲ ကျင်းပပြုလုပ်ကြရာ ငွေရတုမှရာပြည့်အထိ ၂၅ - နှစ်စီ တစ်ပြေးညီ ဖြစ်နေသဖြင့် မြန်မာတို့၏ ရတုသဘင်သတ်မှတ်ပုံသည် သာ၍ သင့်လျော်သည်ဟု ထင်ပါသည်။

ထိုရတုသဘင်ပွဲများကို မြို့ကြီးများ၊ အဆောက်အအုံကြီးများ၊ လောကီစာသင်ကျောင်းများ၊ ပရိယတ္တိစာသင်တိုက်ကြီးများ၊ အသင်းအဖွဲ့များ၊ စာမေးပွဲများ၊ ဘွဲ့တံဆိပ်တော်ရခြင်းများစသည်တို့ကို အကြောင်းပြု၍ ကျင်းပလေ့ရှိကြပါသည်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ငွေရတုသဘင်

ဆရာတော်အရှင်မြတ်တို့ဘုရား... ယနေ့ကျင်းပပြုလုပ်အပ်သော ရတုသဘင်ပွဲသည် နိုင်ငံတော်သံဃမဟာန-ယကအဖွဲ့ ၂၅-နှစ်မြောက် ငွေရတုသဘင်ပွဲ ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၂၅-နှစ်မြောက် ငွေရတုသဘင်ပွဲဟု ခေါ်ဆိုခြင်းသည် ပဓာနနည်းသာဖြစ်ပါသည်။ အမှန်မှာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ၂၅- နှစ်မြောက်ငွေရတုသဘင်ပွဲပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံသံဃာ့ ဂိုဏ်းပေါင်းစုံညီညွတ်ရေးရရှိ၍ ကျင်းပပြုလုပ်နိုင်ခဲ့သော ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး၏ ၂၅-နှစ်မြောက် ငွေရတုသဘင်ပွဲဟု ခေါ်ဆိုရလျှင် သာ၍ပင် လေးနက်ပြည့်စုံသော အဓိပ္ပါယ်ကိုဆောင်ပါသည်။

## ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး

မှန်ပါသည်။ မြန်မာနိုင်ငံ၌ ဂိုဏ်းပေါင်းစုံသံဃာညီညွတ်ရေး မရခဲ့လျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းနိုင်မှုရှိမည်မဟုတ်သဖြင့် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံ သီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွား

နိုင်မည်မဟုတ်ပါ။ သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်း သွားနိုင်မှုမရှိလျှင် ၅၂၅-နှစ်အတွင်းမှာ သာသနာတော်ကြီးဟာ လွန်စွာဆုတ်ယုတ်ယိမ်းယိုင်သွားဖွယ်ရှိသည်ကို ထိုအချိန်က သာသနာ့အခြေအနေကို ကြည့်ရှုသုံးသပ်ပါက သိသာထင်ရှားလှပါသည်။

## ထိုအချိန်က သာသနာ့အခြေအနေ

ထိုလွန်ခဲ့သော ၂၅-နှစ်အချိန်ကာလက သာသနာတော်၏အခြေအနေကို ကြည့်ရှုလေ့လာသုံးသပ်လျှင် သာသနာတော်ဂုဏ်သိက္ခာ ညှိုးနွမ်းဆုတ်ယုတ်သွားစေနိုင်သော ဟောပြောပြသမှု၊ ရေးသားထုတ်ဝေမှုများကို ပြုလုပ်နေကြသူများ၊ သာသနာတော်ကြီး ပျက်စီးကွယ်ပျောက်သွားအောင် ကျင့်ကြံပြုလုပ်နေသူများ ပေါ်ထွက်စပြုနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပေသည်။ ထို့ပြင် "အကွပ်မဲ့ကြမ်း ပရမ်းပတာ" ဖြစ်နေသကဲ့သို့ သိက္ခာမဲ့တင် သိမ်မဝင်ဘဲ မိမိဘာသာ သင်္ကန်းဝတ်နေသော ရဟန်းတု၊ ရဟန်းယောင်များနှင့် ဝိနည်းသိက္ခာပုဒ်တော်ကို စောင့်ထိန်းလိုက်နာခြင်းမရှိဘဲ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို စွန့်ပယ်ပြီး ဂိဟိကမ္မဗုဒ္ဓပဋိကုဋ္ဌအမှုများကို အမြဲမပြတ် ပြုလုပ်နေကြသော အလဇ္ဇီ ဒုဿီလ ရဟန်းဆိုးများ ပေါ်ပေါက်နေသည်ကိုလည်း ကြားသိတွေ့မြင်နေကြရပေသည်။

ယင်းသို့သော သာသနပစ္စတ္ထိက=သာသနာ့ရန်သူ၊ သာသနာ့အညစ်အကြေး၊ သာသနာ့အန္တရာယ်တို့ကို မပယ်မရှား၊ မတားမဆီး၊ မပိတ်မပင်ဘဲ လျစ်လျူရှုနေကြပါက ယင်းအန္တရာယ်များ တစ်စတစ်စ ကြီးပွားလာလျှင် သာသနာတော်ကြီး ယိမ်းယိုင်တိမ်းပါး ပျက်စီးသွားနိုင်ပေသည်။

ယင်းသို့သော သာသနာ့အန္တရာယ်များကို ကာကွယ်တားဆီးလျက် သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်ရန်မှာ မြန်မာနိုင်ငံတော်အတွင်း မိုတင်းသီတင်းသုံးလျက်ရှိကြသော ဂိုဏ်းအသီးသီးရှိ သံဃာတော်အားလုံးတို့ ညီညွတ်စွာဖွဲ့စည်းထားသည့် သံဃာ့အဖွဲ့အစည်းကြီးရှိမှသာ ထိထိရောက်ရောက်၊ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်

သို့ဖြစ်၍ ဒီဃဒဿီ အရှည်မြင်မြော် သာသနာ့ဦးသျှောင် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒအရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူ၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်အောင် ဆရာ,ဒကာညီညွတ်စွာဖြင့် လုံးပန်းကြိုးကုတ် အားထုတ်ခဲ့သည့်အတွက် မကြုံစဖူး ထူးထူးကဲကဲ ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်ရေးရရှိ၍ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပကာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းစသည်တို့ကို ရေးဆွဲပြဋ္ဌာန်း၍ ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဝမ္မစက်, အာဏာစက်တွဲဖက် ဆောက်ရွက်နိုင်ခဲ့ကြပါသည်။

## ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်ခြင်းအကျိုး

## သာသနာတော်သန့်ရှင်းရေး

ဆရာတော်အရှင်မြတ်တို့ဘုရား... မြန်မာနိုင်ငံတော်အတွင်း မိုတင်းသီတင်းသုံးတော်မူကြသော ဂိုဏ်းအသီးသီးရှိ သံဃာတော်အားလုံး စိတ်တူကိုယ်မျှ ညီညွတ်ကြကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်း၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခြင်းကြောင့် သာသနာတော်ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်း ဆုတ်ယုတ်စေနိုင်၊ သာသနာတော်ကြီး ကွယ်ပျောက်စေနိုင်သည့် အဓမ္မဝါဒများကို ဝမ္မစက်၊ အာဏာစက်ဖြင့် ပယ်ရှားနိုင်ခဲ့ပေသည်။ ရဟန်းတု၊ ရဟန်းယောင်များ အလဇ္ဇီဒုဿီလ ရဟန်းဆိုးများကိုလည်း ဝမ္မစက်၊ အာဏာစက်တွဲဖက်၍ သုတ်သင်ရှင်းလင်းနိုင်ခဲ့ပေသည်။

## သာသနာတော်တည်တံ့ပြန့်ပွားရေး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ စာမေးပွဲများတိုးချဲ့ပြဋ္ဌာန်းခြင်း၊ ဗုဒ္ဓ

ဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားစေခြင်း၊ သာသနာတော် မထွန်းလင်းသေးသော နယ်စပ်ဒေသ၊ တောင်တန်းဒေသများ၌ သာသနာပြုကျောင်းများတည်ထောင်ဖွင့်လှစ်၍သာသနာပြုစေခြင်း၊ သီလရှင်သာသနာပြုကျောင်းများတည်ထောင်၍ သာသနာပြုစေခြင်း၊ လူပုဂ္ဂိုလ်သာသနာပြုသင်တန်းများ ဖွင့်လှစ်၍သင်တန်းများပို့ချကာ သာသနာပြုစေခြင်း၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး တည်ထောင်ဖွင့်လှစ်၍ ပြည်ပသာသနာပြုများ စေလွှတ်ခြင်းစသော သာသနာတော်တည်တံ့ ပြန့်ပွားရေးများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား... နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ၂၅ -နှစ်အတွင်း ဆောင်ရွက်ခဲ့သောသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာပြုလုပ်ငန်းများမှာတပည့်တော်တို့ မျှော်မှန်းသည့်အတိုင်း အားရကျေနပ်လောက်သော ပန်းတိုင်သို့မရောက်သေးသော်ငြားလည်း ယခုလျှောက်ထားခဲ့သည့်အတိုင်း သင့်လျော်သည့်ပမာဏအထိ အောင်မြင်ခဲ့သည်ကိုကား ရဟန်းရှင်လူအများကပင် လက်ခံနိုင်ပါလိမ့်မည်ဘုရား။ ဤမျှလောက်အောင်မြင်ခဲ့ခြင်းသည်ပင် လွန်ခဲ့သော ၂၅-နှစ်ခန့်ကသာသနာ့အခြေအနေနှင့်နှိုင်းစာလျှင် သာသနာတော်အတွက် အားတက်ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်ဘုရား။

## တိုက်တွန်းချက်

ဆရာတော်အရှင်မြတ်တို့ဘုရား... ဘုရားတပည့်တော်တို့ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်မှာ ယခုထက် ဆတက်ထမ်းပိုး တိုး၍ဆောင်ရွက်ဖို့အထူးလိုအပ်လှပါသေးသည်ဘုရား။ ထိုလိုအပ်ချက်ကို ပြည့်မီအောင်ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး အရှိန်အဝါတိုးတက်၍ရဟန်းရှင်လူ အားလုံးတို့ ယုံကြည်ကိုးစားအားထားရသည့် အဖွဲ့အစည်းကြီးအဖြစ်ဆက်လက်တည်ရှိနေရန် အထူးပင်လိုအပ်လှပါသည်ဘုရား။

အဖွဲ့အစည်းတစ်ခု၏ အရှိန်အဝါရှိ၍ အများ၏ယုံကြည်ကိုးစား အားထားမှုကို ရရှိရန်မှာ အဖွဲ့ဝင်ပုဂ္ဂိုလ်များ၏ အရည်အချင်းအရှိန်အဝါပေါ်မှာ တည်နေပါသည်။ အဖွဲ့ဝင်ပုဂ္ဂိုလ်များ အရည်အချင်းပြည့်ဝ၍ အရှိန်အဝါရှိနေလျှင် ထိုပုဂ္ဂိုလ်များ၏ အဖွဲ့အစည်းလည်း အရှိန်အဝါရှိ၍ အများ၏ယုံကြည်ကိုးစား အားထားမှုကို ရနေမည်ဖြစ်ပါသည်။ အဖွဲ့ဝင်ပုဂ္ဂိုလ်များ အရည်အချင်းမပြည့်ဝ၍ အရှိန်အဝါမရှိလျှင် ထိုပုဂ္ဂိုလ်များ၏ အဖွဲ့အစည်းသည်လည်း အများ၏ယုံကြည်ကိုးစားအားထားမှုကို ရရှိနိုင်မည် မဟုတ်ပါဘုရား။

ထို့ကြောင့် သာသနာတော်သန့်ရှင်းရေး၊ သာသနာတော် တည်တံ့ရေး၊ သာသနာတော်ပြန့်ပွားရေးဟူသော သာသနာတော် အရေးကြီးသုံးရပ်ကို တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့နှင့်တကွ သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်အရှင်မြတ်တို့သည်-

၁။ လုပ်ငန်းကိစ္စအသစ်တိုးချဲ့ပြုလုပ်မှု၌ မွေ့လျော်ခြင်း၊

၂။ ယောကျ်ား မိန်းမ လူ,မလူဟု စသည်ထွေပြား စကားပြောဆိုမှု၌ မွေ့လျော်ခြင်း၊

၃။ အိပ်ခြင်း၌မွေ့လျော်ခြင်း၊

၄။ အပေါင်းအဖော်တို့နှင့် စုဝေးနေထိုင်မှု၌မွေ့လျော်ခြင်း၊

၅။ ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်တို့၌ သတိဖြင့် ပိတ်ဆို့တားဆီးမှု မရှိခြင်း၊

၆။ စားဘွယ်ဘောဇဉ်၌ ခံယူမှု၊ စားသောက်မှုနှင့်စပ်လျဉ်း၍ အတိုင်းအတာပမာဏကို မသိခြင်း၊

၇။ သံဃာ့ဝန်ဆောင်ဖြစ်တော်မူကြသည့် ထေရ်ကြီးတို့သည် မိမိတို့ဂုဏ်အဆင့်အတန်းနှင့်လျော်သော သံဃာ့ကိစ္စတို့ကို ဆောင်ရွက်တော်မူကြခြင်းကြောင့် ထင်ပေါ်ကျော်ကြားကြလိမ့်မည်၊ ငါလဲပဲ ထိုထေရ်ကြီး များ ထင်ပေါ်ကျော်ကြားသလို ထင်ပေါ်ကျော်ကြားလိမ့်မည်ဟု မျှော်လင့်၍

(ဝါ–ထင်ပေါ် ကျော်ကြားလိုမှုကြောင့်) သံဃာ့ကိစ္စတို့၌ ကြိုးစားအားထုတ် ပြုလုပ်ဆောင်ရွက်ခြင်း–

ဟူသော အထက်အထက်ဂုဏ်တို့မှ ဆုတ်ယုတ်ကြောင်း၊ (အရှိန်အဝါ ကျဆင်း ကြောင်း) တရားခုနစ်ပါးကိုလည်းကောင်း၊ (အံ၊ ၂၊ ၄၁၅)

၁။ ပစ္စည်းလာဘ်ကို လိုလားခြင်း၊

၂။ ကောင်းစွာပြုစု ရှိသေမှုကို လိုလားခြင်း၊

၃။ သူတစ်ပါးတို့ အထင်သေး မခံရမှုကို လိုလားခြင်း၊ (အထင်ကြီးခံရမှုကို လိုလားခြင်း)

၄။ ဒုစရိုက်ကို မစက်ဆုပ်ခြင်း၊

၅။ ဒုစရိုက်ကြောင့် မကြောက်လန့်ခြင်း၊

၆။ ယုတ်မာသောအလိုရမ္မက်ရှိခြင်း၊

၇။ မှားယွင်းသောအယူရှိခြင်း–

ဟူသော သီတင်းသုံးဖော်တို့ မချစ်ခင်အပ်သူ၊ မမြတ်နိုးအပ်သူ၊ အလေးဂရု မပြုအပ်သူ၊ မချီးမွမ်းအပ်သူဖြစ်ကြောင်း တရားခုနစ်ပါးတို့ကိုလည်းကောင်း(အံ၊ ၂၊ ၃၉၅) ဝေးစွာရှောင်ရှား ပယ်ခွာထားကြပြီးလျှင်

၁။ လုပ်ငန်းကိစ္စ အသစ်တိုးချဲ့ပြုလုပ်မှု၌ မွေ့လျော်သူမဟုတ်ခြင်း၊

၂။ ယောက်ျား မိန်းမ လှ,မလှဟု စသည့်ထွေပြား စကားပြောဆိုမှု၌ မွေ့လျော်သူ မဟုတ်ခြင်း၊

၃။ အိပ်ခြင်း၌ မွေ့လျော်သူမဟုတ်ခြင်း၊

၄။ အပေါင်းဖော်တို့နှင့် စုဝေးနေထိုင်မှု၌ မွေ့လျော်သူမဟုတ်ခြင်း၊

၅။ ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်တို့၌ သတိဖြင့် ပိတ်ဆို့တားဆီးသူ ဖြစ်ခြင်း၊

၆။ စားဘွယ်ဘောဇဉ်၌ ခံယူမှု၊ စားသောက်မှုနှင့် စပ်လျဉ်း၍ အတိုင်းအတာ ပမာဏကိုသိသူဖြစ်ခြင်း၊

၇။ သံဃာ့ဝန်ဆောင်ဖြစ်တော်မူကြသည့် ထေရ်ကြီးတို့သည် မိမိတို့ဂုဏ် အဆင့်အတန်းနှင့်လျော်သော သံဃာ့ကိစ္စတို့ကို ဆောင်ရွက်တော်မူကြခြင်း ကြောင့် ထင်ပေါ်ကျော်ကြားကြလိမ့်မည်။ ငါလည်းဘဲ ထိုထေရ်ကြီးများ ထင်ပေါ်ကျော်ကြားသလို ထင်ပေါ်ကျော်ကြားလိမ့်မည်ဟု မျှော်လင့်၍ (ဝါ–ထင်ပေါ်ကျော်ကြားလိုမှုကြောင့်) သံဃာ့ကိစ္စတို့၌ ကြိုးစားအားထုတ် ပြုလုပ်ဆောင်ရွက်သူမဟုတ်ခြင်း–

ဟူသော အထက်အထက်ဂုဏ်တို့မှ မဆုတ်ယုတ်ကြောင်း၊ (အရှိန်အဝါ မကျဆင်း ကြောင်း) တရားခုနစ်ပါးတို့နှင့် ပြည့်စုံနိုင်သမျှပြည့်စုံအောင်လည်းကောင်း၊(အံ၊ ၂၊ ၄၁၅)

၁။ ပစ္စည်းလာဘ်ကို လိုလားသူမဟုတ်ခြင်း၊

၂။ ကောင်းစွာပြုစု ရိုသေမှုကို လိုလားသူမဟုတ်ခြင်း၊

၃။ သူတစ်ပါးတို့ အထင်သေး မခံရမှုကို လိုလားသူမဟုတ်ခြင်း၊ (အထင်ကြီး ခံရမှုကို လိုလားသူမဟုတ်ခြင်း)

၄။ ဒုစရိုက်ကို စက်ဆုပ်သူဖြစ်ခြင်း၊

၅။ ဒုစရိုက်ကြောင့် ကြောက်လန့်သူဖြစ်ခြင်း၊

၆။ လိုချင်မက်မောမှု မရှိသူဖြစ်ခြင်း၊

၇။ မှန်ကန်သောဉာဏ်အမြင်ရှိသူဖြစ်ခြင်း–

ဟူသော သီတင်းသုံးဖော်တို့ ချစ်ခင်အပ်သူ၊ မြတ်နိုးအပ်သူ၊ အလေးဂရုပြုအပ်သူ၊ ချီးမွမ်းအပ်သူဖြစ်ကြောင်း တရားခုနစ်ပါးတို့နှင့် ပြည့်စုံနိုင်သမျှ ပြည်စုံအောင်လည်း ကောင်း (အံ၊ ၂၊ ၃၉၅–၃၉၆) ဖြည့်ကျင့်တော်မူကြ၍ မိမိတို့ကိုယ်ကို အထက် အထက်ဂုဏ်တို့မှ မဆုတ်ယုတ်မကျဆင်းအောင်၊ အရှိန်အဝါ မကျဆင်းအောင်၊ သီတင်းသုံးဖော်တို့(ဝါ) ရဟန်းရှင်လူအများတို့ ချစ်ခင်အပ်သူ၊ မြတ်နိုးအပ်သူ၊ အလေးဂရုပြုအပ်သူ၊ ချီးမွမ်းအပ်သူများဖြစ်အောင် စံပြအနေဖြင့် ဒေသနာတော် အတိုင်း လိုက်နာကျင့်သုံးတော်မူကြလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး

တန်ခိုးဂုဏ်သိရ် အရှိန်အဝါကြီးမား၍ ရဟန်းရှင်လူ ပြည်သူအများ ချစ်ခင်ကြည်ညို ရိုသေလေးစား အားထားမှီခိုရသည့် အဖွဲ့အစည်းကြီးဖြစ်အောင် ကြိုးဆောင်ကြိုးကုတ် အားထုတ်မြှင့်တင်တော်မူကြပါဟု မေတ္တာပုဗ္ဗင်္ဂမ ပသာဒသဒ္ဓါ စေတနာအပြည့် အဝဖြင့် လေးနက်စွာ တိုက်တွန်းလိုက်ရပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

# မကွေးမြို့၊ အောင်မြေရတနာစာသင်တိုက် (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် စာစောင်အတွက် ချီးမြှင့်တော်မူအပ်သော သာရဏီယဒြဗ္ဗဝါဒကထာ

လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ အားထားခိုကိုးရာအစစ် ဖြစ်ကြီးဖြစ်တော်မူသော သယမ္ဘူထွတ်ထား မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဗောဓိဉာဏ်ကို ထိုးထွင်းမြင်မြော် ရတော်မူကာ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူရာအခါမှစ၍ ၄၅-ဝါကာလပတ်လုံး လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ အစီးအပွားချမ်းသာပွားရန်အလို့ငှါ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကောင်းခြင်းရှိ၍ အနက်သဒ္ဒါနှင့်ပြည့်စုံသော တရားတော်ကို ဟောကြားတော်မူခဲ့ပေသည်။

ထို ၄၅-ဝါကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်သည် ပိဋကတ်အားဖြင့်သုံးသွယ်၊ နိကာယ်အားဖြင့်ငါးဖြာ၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် များမြောင်လှပေသည်။

## သာသနာ့ရေသောက်မြစ်

ယင်းတရားတော်သည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတို့၏အစွမ်းအားဖြင့် ဝေဖန်အပ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်တို့တွင် ပရိယတ္တိသဒ္ဓမ္မမည်၏။ ထိုပရိယတ္တိသဒ္ဓမ္မသည် -

**ပရိယတ္တိ နခေါ် မူလံ၊ သာသနဿ မဟေသိနော။**
**ဥဒတု ပဋိပတ္တိတိ၊ ပရိယတ္တိတိ ဒီပယေ။**

ဟူ၍ သဒ္ဒနီတိဆရာ မိန့်မှာအပ်သည်နှင့်အညီ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မတို့၏

ရေသောက်မြစ်သဖွယ် ဖြစ်ပေသည်။ ''သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ''ဟူသော ပါထိကဝဂ္ဂအဋ္ဌကထာ မိန့်မှာအပ်သည်နှင့်အညီ သာသနာတော် တည်တံ့ခြင်း၏ လိုရင်းပမာဏလည်း ဖြစ်ပေသည်။

## သာသနာ့အလင်းရောင်

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊
ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊
သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။ (အံ၊ ၄၊ ၁၇၂)

ဟူသော အင်္ဂုတ္တရအဋ္ဌကထာနှင့်အညီ နေမင်းကြီးပေါ်ထွက်လာသည့်အခါ အလင်းရောင်ကို မြင်နေကြရသကဲ့သို့ ပရိယတ္တိသဒ္ဓမ္မဟူသော နိကာယ်ငါးဝ ပိဋကသုံးသွယ် မကွယ်မပျောက် ထွန်းတောက်နေသမျှ ကာလပတ်လုံး ပဋိပတ်၊ပဋိဝေဓသဒ္ဓမ္မ နှစ်ပါးတို့လည်း မကွယ်မပျောက် ထွန်းတောက်နေကြမည်သာဖြစ်သည့်အတွက် သာသနာ့အလင်းရောင် ထွန်းပြောင်ပဝင်း ထိန်လင်းတောက်ပနေမည်သာ ဖြစ်ပေသည်။

အနက်။ ။သုတ္တန္တာ၊ ဝေနေယျရွှာသယနလောမဖြင့် ဟောပြအပ်ပြီး သုတ္တန်တရားတော်တို့သည် (ငါ) သုတ္တန်, အဘိဓမ္မာ နှစ်ပြာသော ပါဠိတော်တို့သည်။ ယာဝ၊ အကြင်မျှလောက်ကာလပတ်လုံး။ တိဋ္ဌန္တိ၊ သင်ယူလေ့ကျက် ဆောင်ရွက် မှတ်သား ပုဂ္ဂိုလ်များ၌ ထင်ရှားပုံသေ တည်ကြပေကုန်သေး၏။ ဝိနယော၊ ကာယကံ, ဝစီကံ ဤနှစ်တန်ကို အမှန်စစ်ဆေး မညစ်ထေးဘဲ ယဉ်ကျေးအောင် ဆုံးမကြောင်း ဝိနည်းတရားတော်အပေါင်းသည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဒိပ္ပတိ၊ နာယူသင်အံ ကျင့်ကြံသူများ ဆင့်ဆင့်ပွားလျက် ထင်ရှားမသွေ တောက်ပနေ ပေသေး၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ သူရိယေ၊ သဟဿရောင် ခြည်တစ်ထောင်ဖြင့် ထွန်းပြောင်ပဝင်း ကြိုဟ်နေမင်းသည်။ အဗ္ဘုဋ္ဌိတေ၊ ရှေးရှုတက် လတ်သော်(ငါ)ဥဒည်တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူလာသည်ရှိသော်။အာလောကံ၊ အမှောင်ပယ်ခွင်း ပကတိအရောင်အလင်းကို။ ဒက္ခန္တိယထာ၊ မြင်ကြရကုန်သကဲ့သို့။

တထာ၊ ထိုအတူ။ အာလောကံ၊ သာသနာ့တန်ဆောင် အလင်းရောင်ကို။ ဒက္ခန္တိ ကြည်သာရှုပြီး တွေ့မြင်နေကြရလေကုန်၏။

## သာသနာကွယ်ပျောက် အမှောင်ရောက်

ပရိယတ္တိသာသနာတော် မထွန်းမတောက် ကွယ်ပျောက်လေလျှင် ပဋိပတ္တိသာသနာဟူသော အကျင့်မှန်သည် ကေန်ကွယ်ပျောက်ရတော့သည်။ ပဋိပတ္တိသာသနာဟူသော အကျင့်မှန် ကွယ်ပျောက်လေလျှင် ပဋိဝေဓသာသနာဟူသော မဂ်၊ဖိုလ်၊နိဗ္ဗာန်ကိုးတန်သော လောကုတ္တရာတရားတော်ကို ထိုးထွင်း၍ မသိနိုင်တော့ရကား သာသနာတော် နေဝန်းကြီးသည် မထွန်းမတောက် ကွယ်ပျောက်သွားရလေတော့သည်။ လောက၌ နေမင်းကြီး ကွယ်ပျောက်ဝင်သွားသည်ရှိသော် မှောင်အတိကျရောက်လာသလို သာသနာ့နေဝန်း မထွန်းမပ ကွယ်ပျောက်ရကာလ၌ ဤလောကကြီးဝယ် အကုသိုလ်အမှောင်ထုကြီး ဖုံးလွှမ်းလာမည်သာဖြစ်သည်။ ထို့ကြောင့်–

**သုတ္တန္တေသု အသန္တေသု၊**

**ပမုဋ္ဌေ ဝိနယမှိ စ၊**

**တမော ဘဝိဿတိ လောကေ၊**

**သူရိယေ အတ္ထင်္ဂတေ ယထာ–**

ဟု အင်္ဂုတ္တရအဋ္ဌကထာ မိန့်မှာကျူးရင့်တော်မူသည်။ (အံ၊ ဋ္ဌ၊ ၁၊၅၂)

အနက်။ ။သုတ္တန္တေသု၊ ဝေနေယျဗျာသယ နှလောမဖြင့် ဟောပြအပ်ကြား သုတ္တန်တရားတော်တို့သည် (ဝါ) သုတ္တန်, အဘိဓမ္မာ နှစ်ဖြာသော ပါဠိတော်တို့သည်။ အသန္တေသု၊ သင်ယူလေ့ကျက် ဆောင်ရွက်သူကင်း သို့ဖြစ်ခြင်းကြောင့် အလျှင်းကွယ်ပ မရှိကြကုန်သော်လည်းကောင်း။ ဝိနယမှိ၊ ကာယကံ, ဝစီကံ ဤနှစ်တန်ကို အမှန်စစ်ဆေး မညစ်ထေးဘဲ ယဉ်ကျေးအောင် ဆုံးမကြောင်း ဝိနည်းတရားတော်အပေါင်းသည်။ ပမုဋ္ဌေ၊ နာယူသင်အံ ကျင့်ကြံသူများ မရှိကြားသဖြင့် ဆုံးပါးမေ့လျော့

ပျောက်ပျက်ခဲ့သော်လည်းကောင်း။ သူရိယေ၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ပဝင်း ကြိုဟ်နေမင်းသည်။ အတ္ထင်္ဂတော၊ ဂေါယာနောက်ကျွန်း လှည့်ကာယွန်း၍ မထွန်းမတောက် နေဝင်တောင်သို့ ရောက်လတ်သော်(ဝါ) ဂေါယာနောက်ကျွန်း လှည့်ကာယွန်း၍ မထွန်းမတောက် ကွယ်ပျောက်ဝင်သွားခဲ့သည်ရှိသော်။ လောကေ၊ လောက၌။ တမော၊ အမှောင်ထုသည်။ ဘဝတိယထာ၊ ဓမ္မတာသဘာဝ မုချမသွေ ဖြစ်ရလေသကဲ့သို့။ တထာ၊ နေရောင်ကွယ်ပျောက် အမှောင်ရောက်သို့ ချင့်ထောက်နှမူ ထို့အတူ။ လောကေ၊ လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတည်းဟူသော သတ္တလောက၌။ တမော၊ အကုသိုလ်လား, ကုသိုလ်လားဟု ခွဲခြားပိုင်ပိုင် မသိနိုင်ဘဲ ယိမ်းယိုင်ယိုယွင်း ကျင့်မှန်ကင်းလျက် အလင်းရောင်ဝေး ကြောက်ဖွယ်ဘေးတို့ ရောထွေးပေါင်းစု အမှောင်ထုသည်။ ဘဝိဿတိ၊ သာသနာနေမင်း ရောင်မလင်းသဖြင့် မယွင်းပုံသေ ဖြစ်ရပေလတ္တံ့။

## သာသနာတည်တံ့အောင် ရွက်ဆောင်ခဲ့ကြပုံ

ဤသို့ ပရိယတ်တည်မှ သာသနာတော်တည်မည်၊ ပရိယတ်ကွယ်လျှင် သာသနာတော်ကွယ်မည်ကို သိမြင်တော်မူကြသောကြောင့် အရှင်မဟာကဿပအစရှိသော ရဟန္တာအရှင်မြတ်ကြီးတို့မှစ၍ ရှေးရှေးသော သာသနာ့ဦးသျှောင်ဖြစ်တော်မူကြသော မဟာထေရ်အဆက်ဆက်တို့သည် သဒ္ဓမ္မသုံးပြာ သာသနာတော်အရှည်ခံ၍ တည်တံ့စေခြင်း အကျိုးငှာ ပရိယတ္တိသဒ္ဓမ္မဟုဆိုအပ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးပြာ ဓမ္မက္ခန္ဓာတို့ကို သံဂါယနာခြောက်ကြိမ်တိုင်အောင် တင်တော်မူကြ၍ လက်ဆင့်ကမ်း ထမ်းဆောင်တော်မူခဲ့ကြပေသည်။ မြန်မာနိုင်ငံတော်ရှိ ဆရာတော်များသည်လည်း ပရိယတ္တိစာသင်တိုက်ကြီးများတည်ထောင်၍ ပရိယတ်ကျမ်းဂန်များကို သင်ကြားပို့ချ၍ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည်။

## စာသင်တိုက်ကြီးများ၏ကျေးဇူး

ထို့ကြောင့်ပင် ယခုမျက်မှောက်ခေတ်ဝယ် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ အနက် မြန်မာနိုင်ငံ၌သာ ထေရဝါဒဗုဒ္ဓသာသနာတော်သည် နေလပမာ လွန်စွာ ထွန်းတောက်လျက်ရှိပေသည်။ ယင်းသို့ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်း တောက်ပနေခြင်းသည် ပရိယတ္တိစာသင်တိုက်ကြီးများ၏ ကျေးဇူးပင်ဖြစ်ပေသည်။

ထိုပရိယတ္တိစာသင်တိုက်ကြီးများအနက် မကွေးမြို့ အောင်မြေရတနာ စာသင်တိုက်ကြီးလည်း တစ်တိုက်အပါအဝင် ဖြစ်ပေသည်။ ဤစာသင်တိုက်ကြီးကို စတင်တည်ထောင်တော်မူသော ဆရာတော်ကား အဂ္ဂမဟာပဏ္ဍိတ အရှင်ပဏ္ဍိစ္စ သာရ ဆရာတော်ဖြစ်သည်။

ဆရာတော်သည် ဤအောင်မြေရတနာစာသင်တိုက်ကြီးကို နောက်ပါ တပည့်သံဃာ (၅)ပါးမျှဖြင့် စတင်တည်ထောင်ခဲ့သည်။ တည်ထောင်သည်မှစ၍ တစ်နှစ်ထက်တစ်နှစ် စာသင်သံဃာများ တိုးပွားခဲ့ရာ ယခု ၂၅-နှစ်ပြည့် ငွေရတု အချိန်အခါတွင် သံဃာတော်(၄၄၀)ကျော်အထိ တိုးတက်လျက် မကွေးမြို့၌ သာသနာ့ကျက်သရေဆောင် စာသင်တိုက်ကြီးအဖြစ်သို့ ရောက်ခဲ့လေသည်။

ဤစာသင်တိုက်ကြီးမှ ရှင်သန်ပေါက်ဖွားလာသည့် မြောက်မြားစွာသော ဓမ္မာစရိယ သာသနပါလ သာသနာ့အာဇာနည်ပုဂ္ဂိုလ်များက ပရိယတ်တရားတော် များကို အားသွန်ခွန်စိုက် ပို့ချသွားကြလျှင် သာသနာတော်အရှည်ခံ၍ တည်တံ့သွား မည်ဖြစ်ပေသည်။

## သာသနာကွယ်ကြောင်းနှင့် သာသနာတည်ကြောင်း

သာသနာတော်ကွယ်ကြောင်းနှင့် သာသနာတော်တည်ကြောင်း တရား တော်များကို -

**"ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။ ကတမေပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ နပရိယာပုဏန္တိ၊ ပ။**

ပဌိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ ပရိယာပုဏန္တိ” အစရှိသည်ဖြင့် ဟောတော်မူခဲ့လေသည်။ (အံ၊ ၂၊ ၁၅၆)

ဤဒေသနာတော်အရ–

(၁) သာသနာ့ဝန်ထမ်းရဟန်းတော်တို့၏ ဘုရားရှင့်စကားတော်ဖြစ်သည့် သုတ္တ၊ ဂေယျစသော ပရိယတ်တရားတော်တို့ကို မသင်ယူခြင်းသည် သာသနာတော်ကွယ်ပကြောင်း ဖြစ်သည်။ ဘုရားရှင့်စကားတော်ဖြစ်သည့် သုတ္တ၊ ဂေယျစသော ပရိယတ်တရားတော်တို့ကို သင်ယူခြင်းသည် သာသနာတော်တည်တံ့ကြောင်း ဖြစ်သည်ဟု သိမြင်တော်မူကြ၍ သာသနာ့ဝန်ထမ်း ရဟန်းတော်မှန်သမျှသည် သုတ္တ၊ ဂေယျစသော ဘုရားရှင့်စကားတော်မြတ် ပိဋကတ်တော်ကို အပတ်တကုတ် အားထုတ်သင်ယူကြကုန်လျက် သာသနာတော်ကာလအရှည်တည်တံ့အောင် စောင့်ရှောက်ကြကုန်ရာသည်။

(၂) သာသနာ့ဝန်ထမ်းရဟန်းတော်တို့၏ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များကို သူတစ်ပါးတို့အား အကျယ်မဟောကြားခြင်းသည် သာသနာတော်ကွယ်ပကြောင်းဖြစ်သည်။ မိမိသင်ယူအပ်ပြီးသော တရားတော်များကို သူတစ်ပါးတို့အား အကျယ်ဟောကြားခြင်းသည် သာသနာတော်မကွယ်ပကြောင်း၊ တည်တံ့ကြောင်းဖြစ်သည်ဟု သိမြင်တော်မူကြ၍ မိမိသင်ယူအပ်ပြီးသော တရားတော်များကို သူတစ်ပါးတို့အား အကျယ်ဟောကြား၍ သာသနာတော်ကာလအရှည်တည်တံ့အောင် စောင့်ရှောက်ကြကုန်ရာသည်။

(၃) သာသနာ့ဝန်ထမ်းရဟန်းတော်တို့၏ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များကို သူတစ်ပါးတို့အား အကျယ်မပို့ချခြင်းသည် သာသနာတော်ကွယ်ပကြောင်း ဖြစ်သည်။ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရား

တော်များကို သူတစ်ပါးတို့အား အကျယ်ပို့ချခြင်းသည် သာသနာတော် တည်တံ့ကြောင်းဖြစ်သည်ဟု သိမြင်တော်မူကြ၍ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များကို သူတစ်ပါးတို့ အား အကျယ်ပို့ချ၍ သာသနာတော် ကာလအရှည်တည်တံ့အောင် စောင့်ရှောက်ကြကုန်ရာသည်။

(၄) သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များကို အကျယ်အားဖြင့် မရွတ်မအံ မပြန်ခြင်းသည် သာသနာတော် ကွယ်ပကြောင်းဖြစ်သည်။ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များကို မမေ့မပျောက်အောင် အကျယ်အားဖြင့် ရွတ်အံပြန်လှန် သရဇ္ဈာယ်ခြင်းသည် သာသနာတော်တည်တံ့ကြောင်း ဖြစ်သည်ဟု သိမြင်တော်မူကြ၍ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များကို အကျယ်အားဖြင့် အထပ်ထပ် အဖန်ဖန် အပြန်အလှန် သရဇ္ဈာယ်ကြကုန်ရာသည်။

(၅) သာသနာ့ဝန်ထမ်းရဟန်းတော်တို့၏ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များ၏ အနက်အဓိပ္ပာယ်ကို အဖန်ဖန် မကြံစည် မသုံးသပ်ခြင်း၊ နှလုံးမသွင်းခြင်းသည် သာသနာတော်ကွယ်ပကြောင်းဖြစ်သည်။ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များ၏ အနက်အဓိပ္ပါယ်ကို အဖန်ဖန် ကြံစည်သုံးသပ်ခြင်း၊ နှလုံးသွင်းခြင်းသည် သာသနာတော်တည်တံ့ကြောင်း ဖြစ်သည်ဟု သိမြင်တော်မူကြ၍ မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များ၏ အနက်အဓိပ္ပါယ်ကို အဖန်ဖန် ကြံစည်သုံးသပ် ဆင်ခြင်ကြကုန်ရာသည်။

မိမိသင်ယူအပ်ပြီးသော ပရိယတ်တရားတော်များ၏ အနက်အဓိပ္ပါယ်ကို သိမြင်ပြီးရာအခါ၌- "**ပုန စ ပရံ ဘိက္ခဝေ ထေရာ ဘိက္ခူ န ဗာဟုလိကာ ဟောန္တိ န သာထလိကာ ဩက္ကမနေ နိက္ခိတ္တဓုရာ ပဝိဝေကေ ပုဗ္ဗင်္ဂမာ**" (အံ၊ ၂၊ ၁၅၈) စသည်ဖြင့် ဘုရားရှင်ဟောတော်မူအပ်သော ဒေသနာတော်အတိုင်း

လာဘ်ပေါ်များရန် ကျင့်ကြံအားထုတ်မှုမပြုဘဲ သိက္ခာသုံးရပ် အကျင့်မြတ်ကို မလျှော့မပေါ့ တင်းတင်းရင်းရင်း အားထုတ်ကြကုန်ရာသည်။ အောက်အပါယ်ဘုံသို့ လျောကျကြောင်းဖြစ်သော နိဝရဏငါးပါး၌ လုံ့လကိုလျှော့ချ ပစ်ပယ်ထား၍ ကာယ ဝိဝေက၊စိတ္တဝိဝေက၊ ဥပဓိဝိဝေက၌ ရှေ့ဆောင်ရှေ့သွား ပဓာနထားလျက် မရောက်သေး၊ မရသေးသော ဈာန်မဂ်ဖိုလ်ကို ရောက်ရန်, ရရန်၊ မျက်မှောက်မပြုရသေးသော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လုံ့လကြိုးကုတ် အားထုတ်ကြကုန်ရာသည်။

ဤသို့ မိမိတို့က ကျင့်ကြံကြိုးကုတ် အားထုတ်ကြမှသာ မိမိတို့လည်း ဘုရားရှင့်အလိုတော်ကျ သာသနာတော်နှင့် တွေ့ကြုံရကျိုး၊ ရဟန်းပြုရကျိုးနပ် ကြပေမည်။ နောင်လာနောက်သား တပည့်များလည်း ဆရာသမားတို့၏အကျင့်ကို အတုလိုက်၍ လာဘ်ပေါ်များရန် ကျင့်ကြံအားထုတ်မှုမပြုကြဘဲ သိက္ခာသုံးရပ် အကျင့်မြတ်ကို တင်းတင်းရင်းရင်း ကျင့်ကြပေလိမ့်မည်။ အောက်အပါယ်ဘုံသို့ လျောကျကြောင်းဖြစ်သော နိဝရဏငါးပါး၌ လုံ့လကို လျှော့ချပစ်ပယ်ထား၍ ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေက၌ ရှေ့ဆောင်ရှေ့သွား ပဓာနထားလျက် မရောက်သေး၊ မရသေးသော ဈာန်မဂ်ဖိုလ်ကို ရောက်ရန်,ရရန်၊ မျက်မှောက် မပြုရသေးသောနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လုံ့လကြိုးကုတ် အားထုတ်ကြပေ လိမ့်မည်။

ယင်းသို့ အာစရိယပရမ္ပရ၊ သိဿာနုသိဿ အစဉ်အဆက်မပြတ် ပရိယတ် တရားတော်ကို သင်ကြားပို့ချ၍ သိက္ခာသုံးရပ် အကျင့်မြတ်ကို တင်းတင်းရင်းရင်း အားထုတ်ကြမှသာ သာသနာတော် အရှည်ခံ၍ တည်တံ့ပြန့်ပွား ထွန်းကား တိုးတက်ပေလိမ့်မည်။

ရဟန်းတော်များက သာသနာတော်အရှည်ခံ၍ တည်တံ့ပြန့်ပွား ထွန်းကား တိုးတက်အောင် ဓမ္မာနုဂ္ဂဟ=တရားဖြင့်ချီးမြှောက်ရာ၌ ဒါယကာ, ဒါယိကာမတို့၏ အာမိသာနုဂ္ဂဟ=ပစ္စည်းဖြင့် ချီးမြှောက်ထောက်ပံ့မှုကို ရမှသာလျှင် မငြိမငြင် မပင်မပန်း သာသနာပြုနိုင်ကြပေလိမ့်မည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့နှင့်

သာသနာပြု ဒါယကာ, ဒါယိကာမတို့ တစ်ဦးနှင့်တစ်ဦး အချင်းချင်း ကျေးဇူးပြုကာ ရှည်သန့်ထက်မြက်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် လုံ့လကြိုးကုတ် အားထုတ်ကြပါမှ သာသနာတော်သုံးရပ် အဆက်မပြတ်ဘဲ အရဟတ္တဖိုလ်တိုင် ပြီးစေနိုင်ကြပေလိမ့်မည်။ ထို့ကြောင့် ဣတိဝုတ္တကပါဠိတော်၊ ဗဟုကာရသုတ်(၂၇၀)၌ -

သာဂါရာ အနဂါရာ စ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊
ယောဂက္ခေမံ အနုတ္တရံ -

ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့လေသည်။

နိဂုံးချုပ်စကား မိန့်ကြားလိုသည်မှာ သစ်ပင်တစ်ပင်ကို ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်၊ အသီးတို့ဖြင့် ခိုင်ခြံ့ဖွံ့ဖြိုးစေသော စည်ပင်လာအောင် ပြုစုစောင့်ရှောက်လိုသူသည် ထိုသစ်ပင်၏ ရေသောက်မြစ်ကို ရေသွန်းလောင်းပေးရသကဲ့သို့ ဘုရားရှင်သာသနာတော်တည်းဟူသော သစ်ပင်ကြီးသည် ခိုင်ခြံ့ဖွံ့ဖြိုးစေသော စည်ပင်သာလျက် ရှည်ကြာကာလ တည်တံ့ရအောင် ပရိယတ္တိသဒ္ဓမ္မတည်းဟူသော ရေသောက်မြစ်ကို ရေလောင်းပေးသည့်ပမာ ဆရာဒကာ ညီညာစွာလက်တွဲလျက် အာမိသာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟတို့ဖြင့် စွမ်းအားရှိသမျှ အားပေးချီးမြှောက် ထောက်ပံ့ကြပါကုန်ဟု ပတ္ထနာအာသီသ ဖော်ညွှန်းပြလျက် သာရဏီယဩဝါဒကထာကို ဤမှာပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသတည်း။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မြင်းခြံဆရာတော်ဘုရားကြီး၏ သက်တော်(၉၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ အခမ်းအနား၌ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား) အကျိုးဆောင်ဆရာတော်ဘဒ္ဒန္တကုမာရ ရေးသားဖတ်ကြားအပ်သော ဂုဏာဝိသိဋ္ဌထောမနာ ဂုဏ်ပြုလွှာစာတမ်း

ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား...

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယ၏ နိကာယာဓိပတိ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့၏ အဓိပတိ ဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မြင်းခြံဆရာတော်ဘုရားကြီး၏ သက်တော် (၉၀)ပြည့်မွေးနေ့ ဝိဇာတမင်္ဂလာ ပူဇော်ပွဲအခမ်းအနားသို့ သမဂ္ဂသမ္မောဒမာန စိတ်ထားဖြင့် ကြွရောက်တော်မူလာကြသော သံဃာတော်အပေါင်းနှင့်အတူ ဆရာတော်ဘုရားကြီးကို ပူဇော်ခွင့်ရရှိသည့်အတွက် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်သည်ဘုရား။

ပြည်ထောင်စုမြန်မာနိုင်ငံ သုဝဏ္ဏဘူမိသထုံပြည်သို့ အရှင်သောဏနှင့် အရှင်ဥတ္တရရဟန္တာမထေရ်မြတ်ကြီးနှစ်ပါးတို့က ထေရဝါဒဗုဒ္ဓသာသနာတော် အုတ်မြစ်ချထားတော်မူခဲ့၍ ရဟန္တာအရှင်အရဟံမထေရ်မြတ်ကြီးက သုဝဏ္ဏဘူမိမှ ထေရဝါဒဗုဒ္ဓသာသနာကို ပုဂံနေပြည်တော်သို့ သယ်ဆောင်ဖြန့်ကျက်ခဲ့သည်မှ

ယနေ့မျက်မှောက်ကာလတိုင် မြန်မာနိုင်ငံတွင် ထေရဝါဒသာသနာတော်သုံးရပ် နေလိုလလို ထွန်းလင်းစည်ပင်ခဲ့သည်ကို ဆရာတော်အရှင်မြတ်တို့ သိရှိတော်မူကြပါ သည်ဘုရား။ ခေတ်အဆက်ဆက်တွင် ပရိယတ်အရာကျွမ်းကျင်နှံ့စပ်၍ ပဋိပတ် အရာ ထင်ရှားကျော်ကြားသော မဟာထေရ်ကြီးများ ပေါ်ထွန်းခဲ့ပြီး ယင်းမဟာ ထေရ်ကြီးများ ဦးဆောင်မှုအောက်တွင် သံဃာတော်အရှင်မြတ်များက ဓမ္မဝိနယနှင့် အညီ စုစည်းညီညာ လိုက်ပါဆောင်ရွက်တော်မူခဲ့ကြသဖြင့် မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓသာသနာတော်သည် ကမ္ဘာ့အလယ်တင့်တယ်ရုံမက ထေရဝါဒဦးဆောင်နိုင်ငံ အဖြစ်ပင် ရပ်တည်လျက်ရှိပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးသည် သက်တော်အားဖြင့် (၉၀)ပြည့်ပြီးဖြစ်လင့်ကစား ဇွဲလုံ့လအားမာန်မလျော့ဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဦးဆောင်ညွှန်ကြား မှုပေးလျက်ရှိနေသည်မှာ သာသနာတော်၏တန်ခိုးဖြင့် အင်အားတိုးနေခြင်းပေ လားဟု ထင်မှတ်ရပါသည်ဘုရား။ ဆရာတော်ဘုရားကြီးသည် ပျိုရွယ်စဉ်ကာလက ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးတွင် ပခုက္ကူစာချနည်းဖြစ်သည့် စာကြီးပေါက်သင်ရိုးကို နှံ့စပ်အောင် သင်ကြားတတ်မြောက်သည့်နည်းတူ မန္တလေး မြို့တွင် မန္တလေးစာချနည်းဖြစ်သည့် စာမေးပွဲနည်းစနစ်ဖြင့်လည်း ပထမပြန် ဓမ္မာစရိယစာမေးပွဲများကို တတ်မြောက်အောင်မြင်ခဲ့သဖြင့် ပရိယတ္တိနည်းစုံ နှံ့စပ် တော်မူခဲ့ပါသည်ဘုရား။

ဆရာတော်ဘုရားကြီးသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ရေး (၆၆)ပါး မူလသံဃာ့ဝန်ဆောင်အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက် တော်မူခဲ့ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်တို့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆက်လက်ထမ်းဆောင်ဆဲ

ဖြစ်ပါသည်ဘုရား။ ဆရာတော်ဘုရားကြီးသည် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ကြီး မပေါ်ပေါက်မီ ကာလကပင် သာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် အဓမ္မဝါဒများကို တစ်တပ်တစ်အား နှိမ်နင်းဖယ်ရှား သုတ်သင်ခဲ့ပါသည်ဘုရား။ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ပီပီပြင်ပြင်ရှိလာသောအခါတွင် အဓမ္မဝါဒများကို သာသနာတော်မှ ဖယ်ရှားနိုင်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပါသည်ဘုရား။

ဥက္ကဋ္ဌဆရာတော်ဘုရားကြီးသည် ယခုအခါ ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏမဟာဝိနာယက နိကာယာဓိပတိ တင်မြှောက်ခြင်း ခံတော်မူရပါသည်ဘုရား။ ထို့ပြင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ အဓိပတိအဖြစ်ဖြင့် ဂန္ထဓုရ ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ထမ်းရွက်လျက်ရှိပါသည်ဘုရား။ ထို့ပြင် ဆရာတော်ဘုရားကြီးသည် နိကာယ်ငါးရပ် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများကို တစ်ပြိုင်နက် ဆက်စပ်ပို့ချပေးသော ပခုက္ကူစာချနည်းကို စာသင်သား များအား သင်ကြားပို့ချပေးလိုသော ဆန္ဒပြင်းပြလျက်ရှိပါသည်ဘုရား။ ဤသင်ကြား နည်းမှာ ဗုဒ္ဓဘုရားရှင်၏ တရားတော်အနှစ်သာရများကို စေ့စီးစွာသိရှိ ခံစားနိုင် သဖြင့် ဘုရားရှင်နှင့် တိုက်ရိုက်တွေ့ရသကဲ့သို့ ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကို နိုင်ငံတော်မှ တာဝန် ယူကျင်းပပေးစေရန် တိုက်တွန်းဆောင်ရွက်ခဲ့ပါသည်ဘုရား။ တစ်ဖန် ယင်းနိကာယ် ငါးရပ်ပါဠိတော်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူဦးရေ တိုးတက်များပြားလာစေရန် ရည်သန်လျက် ရန်ကုန်မြို့တွင် နိကာယ်ငါးရပ်ကို ပို့ချပေးနိုင်သည့် နိကာယ် စာသင်တိုက်ကြီးတစ်ခုကို တည်ထောင်ပန်ဆင်းရန် စိတ်အားထက်သန်စွာ စီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်ဘုရား။ ဆရာတော်ဘုရားကြီး၏ နိကာယ် သာသနာပြုလုပ်ငန်းကို ကူညီပံ့ပိုးပူဇော်သောအားဖြင့် နိုင်ငံတော်အကြီးအကဲများက ဦးဆောင်၍ ပြည်တွင်းပြည်ပ စေတနာရှင်အလှူရှင်များက ပါဝင်လှူဒါန်း ဆောင်ရွက် ကြသဖြင့် နိကာယ်စာသင်တိုက်ကြီး ချောချောမောမော အောင်မြင် ပြီးမြောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် နှစ်ထောင်းအားရစွာ သာဓုခေါ်ဆိုကြပါသည်ဘုရား။

ဆရာတော်ဘုရားကြီးသည် ဤနိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးကို ဦးဆောင်ဦးရွက် တည်ထောင်ခဲ့ခြင်း မှန်ပါသော်လည်း နောင်လာနောက်သား တပည့်အဆက်ဆက်တို့၏ သာသနာပြုစွမ်းရည်ကို ယုံကြည်တော်မူလျက် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း မကြာခဏ မိန့်ကြားပါသည်ဘုရား။ ဆရာတော်ဘုရားကြီး၏ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးတွင် နိကာယ်သာသနာပြုကြမည့် တပည့်များ၊ ဆရာတော်ဘုရားကြီး၏ ကျောင်းခွဲစာသင်တိုက်များတွင် အုပ်ချုပ်စီမံကြမည့် တပည့်များအနေဖြင့် ဆရာတော်ဘုရားကြီး၏ သွန်သင်ညွှန်ကြား လမ်းညွှန်ချက်များနှင့်အညီ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် တိုးတက်မြင့်မားအောင် ဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား...**

ကျေးဇူးရှင်သက်တော်ရှည် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနှစ်ပ ချမ်းမြေ့စွာဖြင့် သက်တော်ရာကျော်ရှည်၍ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဆက်လက်၍ ဦးဆောင်လမ်းညွှန်မှုပေးနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဂုဏာထောမနာဂုဏ်ပြုစာတမ်းကို ဖတ်ကြား လျှောက်ထားအပ်ပါသည် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား။

# မကွေးမြို့၊ ခေမာသီရိသီလရှင်စာသင်တိုက် နာယကဆရာကြီးဒေါ်ဝဏ္ဏစာရီ၏ သက်တော်ရာပြည့်ပူဇော်ပွဲ၌ ချီးမြှင့်တော်မူအပ်သော

# သာရဏီယဒြဲဒါဒကထာ

မကွေးမြို့ မြသလွန်ကုန်းတော် ခေမာသီရိသီလရှင်စာသင်တိုက်၏ နာယကဆရာကြီး အဖွားဒေါ်ဝဏ္ဏစာရီသည် ၁၃၆၉ -ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက်နေ့၌ အသက်တစ်ရာပြည့်မည်ဖြစ်ရာ ထိုနေ့ဝယ် တပည့်သီလရှင်များနှင့် ဒါယကာ, ဒါယိကာမအပေါင်းတို့က သက်တော်ရာပြည့်အထိမ်းအမှတ်ပူဇော်ပွဲကျင်းပလျက် ဆရာကြီး ဒေါ်ဝဏ္ဏစာရီကို အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြခြင်းသည် ကောင်းမြတ်သည့် မင်္ဂလာကုသိုလ်ထူးဖြစ်ပေသည်။

“ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလမုတ္တမံ”ဟူသော မင်္ဂလသုတ်ဒေသနာတော်ကို ဗုဒ္ဓဘာသာဝင်သူတော်စင်များ ကလေးသူငယ် အရွယ်ကပင် နှုတ်တက်ရနေကြပါသည်။

ပူဇနေယျာနံ၊ ပူဇော်သင့်, ပူဇော်ထိုက်သူတို့ကို။ ယာပူဇာ၊ အကြင်ပူဇော်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ ပူဇော်သင့်, ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းသည်လည်း။ ဥတ္တမံ မင်္ဂလံ၊ ကြီးပွားတိုးတက်ကြောင်း ကောင်းမြတ်သော မင်္ဂလာမည်၏။

ပူဇော်သင့် ပူဇော်ထိုက်သူတို့ကိုပူဇော်ခြင်းသည် ကြီးပွားတိုးတက်ကြောင်း ကောင်းမြတ်သော မင်္ဂလာမည်၏ ဟုဆိုလိုသည်။

## ပူဇနေယျ = ပူဇော်ထိုက်သူ

တတ္ထ ပူဇနေယျာနာမ သဗ္ဗဒေါသဝိရတိတတ္တာ သဗ္ဗဂုဏ သမန္နာဂတတ္တာ စ ဗုဒ္ဓ ဘဂဝန္တော၊ တတော ပစ္ဆာ ပစ္စေကဗုဒ္ဓ အရိယသာဝကာ စ။ တေသံ ဟိ ပူဇာ အပ္ပကာပိ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ သုမနမာလာကာရ မလ္လိကာဒယော စေတ္ထနိဒဿနံ။ (ခုဒ္ဒကပါဌ၊ ဋ၊ ၁၀၈)

အပိ စ ဝတ္ထာနံ ကနိဋ္ဌဿ ဇေဋ္ဌော ဘာတာပိ ဘဂိနိပိ ပူဇနေယျာ၊ ပုတ္တဿ မာတာပိတရော၊ ကုလဝဓူနံ သာမိက သဿု သသုရာတိ ဝေဒမေတ္ထ ပူဇနေယျာ ဝေဒိတဗ္ဗာ။ တေသမ္ပိ ဟိ ပူဇာ ကုသလဓမ္မသင်္ခါတတ္တာ အာယု အာဒိဝုဍ္ဎိဟေတုတ္တာ စ မင်္ဂလံ။ (ခုဒ္ဒကပါဌ၊ ဋ ၊ ၁၁၀)

ပူဇာရဟာနာမ ဗုဒ္ဓပစ္စေကဗုဒ္ဓ အရိယသာဝကာစရိယုပဇ္ဈာယ မာတာ ပိတုဂရုအာဒယော။ (အပါဒါန်၊ ဋ ၁၊ ၁၁၄)

ဤအဋ္ဌကထာပါဌ်တို့နှင့်အညီ "ပူဇနေယျ = ပူဇော်ထိုက်သူ" ဆိုသည်မှာ ဘုရား၊တရား၊သံဃာ၊ပစ္စေကဗုဒ္ဓါ၊ ဆရာသမား၊ အမိ၊ အဖ၊ အစ်ကိုကြီး၊ အစ်မကြီး၊ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ မိကြီး၊မိထွေး၊ ယောက္ခမ စသည့်သူများ ဖြစ်ကြသည်။

ဤပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့တွင်ဘုရား၊ တရား၊ သံဃာ၊ ပစ္စေကဗုဒ္ဓါ တို့သည် ကိလေသာအပြစ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ကြသောကြောင့် လည်းကောင်း၊ သီလစသောဂုဏ်တို့နှင့် ပြည့်စုံသောကြောင့်လည်းကောင်း ထိုပုဂ္ဂိုလ် တို့အား အနည်းငယ်မျှ ပူဇော်လိုက်ရလျှင် သုမနပန်းသည်၊ မလ္လိကာမိဖုရား စသည့်သူတို့ကဲ့သို့ အချိန်ကြာမြင့်စွာ အကျိုးစီးပွား ချမ်းသာသုခများနိုင်သောကြောင့် လည်းကောင်း ပူဇော်ထိုက်သောသူများဖြစ်တော်မူကြသည်။

ဆရာသမား၊ အမိ၊ အဖ၊ အစ်ကိုကြီး၊ အစ်မကြီး၊ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ဒေါ်ကြီး၊ဒေါ်လေး၊ မိကြီး၊ မိထွေး၊ ယောက္ခမ စသည့်သူများကား ပေးဆပ်၍မကုန်နိုင်အောင် ကျေးဇူးများကြသော ကျေးဇူးရှင်ကြီးများ ဖြစ်ကြသည့်

အပြင် မိမိတို့ထက် အသက်၊ဂုဏ်ဝါ ကြီးမားကြသောကြောင့် ထိုပုဂ္ဂိုလ်များကို ပူဇော်ခြင်းသည် ကုသိုလ်တရားဖြစ်သောကြောင့်လည်းကောင်း၊ အာယု၊ ဝဏ္ဏစသော အကျိုးတရားတို့ကို တိုးပွားစေနိုင်သောကြောင့်လည်းကောင်း ပူဇော်ထိုက်သူများ ဖြစ်ကြသည်ဟု အဋ္ဌကထာဖွင့်ပြသည်။

ဆရာကြီးဒေါ်ဝဏ္ဏတာရီသည်လည်း တပည့်သီလရှင်ပေါင်းများစွာတို့ကို နှစ်ပေါင်းများစွာ ပရိယတ်စာပေများ ပို့ချခဲ့သောကြောင့်လည်းကောင်း၊ ပဋိပတ် အကျင့်မှန်ကို ကျင့်ကြံပွားများ အားထုတ်စေခဲ့သောကြောင့်လည်းကောင်း ဒါယကာ, ဒါယိကာမအပေါင်းတို့ကိုလည်း တရားဓမ္မ ဟောပြသွန်သင်ခဲ့သောကြောင့် လည်းကောင်း "ပူဇနေယျ= ပူဇော်ထိုက်သူ" အဖြစ်ပါဝင်ပါသည်။

## ပူဇာ = ပူဇော်ခြင်း

"ပူဇာတိ သက္ကာရ ဂရုကာရ မာနန ဝန္ဒနာ" ဟူသော သုတ္တနိပါတ် အဋ္ဌကထာ၊(ဒုတိယ၊ နှာ၁၁၀) ၌ မိန့်ဆိုအပ်သည်နှင့်အညီ အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း၊ မြတ်မြတ်နိုးနိုးပေးလှူခြင်း၊ ပစ္စည်းကို ကောင်းမွန်စွာစီရင်၍ ရိုသေလေးမြတ်စွာ ပေးလှူခြင်းကို ပါဠိလို "ပူဇာ" မြန်မာလို "ပူဇော်ခြင်း" ဟုခေါ်သည်။

## ပူဇော်ထိုက်သူ၊ ပူဇော်မှု၊ မှတ်ယူမင်္ဂလာ

ဩဝါဒကထာအစ၌ ပြဆိုခဲ့သည့်အတိုင်း ပူဇော်ထိုက်သူကို ပူဇော်ခြင်း သည် မင်္ဂလာဖြစ်သည်ဟူသော မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ယနေ့ဆရာကြီး ဒေါ်ဝဏ္ဏတာရီ၏ သက်တော်တစ်ရာပြည့် အချိန်အခါဝယ် တပည့်သီလရှင်များနှင့် တကွ ဒါယကာ, ဒါယိကာမအပေါင်းတို့က ဆရာကြီးဒေါ်ဝဏ္ဏတာရီ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ ပူဇော်ကြခြင်းသည် "မင်္ဂလာ" ဖြစ်ပါသည်။

## မင်္ဂလာဆိုတာဘာလဲ

"မင်္ဂလန္တိ မတန္တိ ဣမေတိ သတ္တာတိ မင်္ဂလာနိ၊ ဣဒ္ဓိ ဝုဒ္ဓိ ဝ ပါပုဏန္တိတိ အတ္ထော" ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာ စာမျက်နှာ (၁၀၃)၌

မိန့်ဆိုအပ်သည်နှင့်အညီ သတ္တဝါတို့ ကြီးပွားတိုးတက်ကြောင်းတရားကို "မင်္ဂလာ" ဟုခေါ်သည်။

ဆရာကြီး ဒေါ်ဝဏ္ဏစာရီ၏ သက်တော်တစ်ရာပြည့် ဝိဇာတမင်္ဂလာ အချိန်အခါဝယ် ဆရာကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ ပူဇော်ကြသော တပည့်သီလရှင်များနှင့်တကွ ဒါယကာ, ဒါယိကာမအပေါင်းတို့မှာ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိစသည်တို့ဖြင့် ကြီးပွားတိုးတက်ရုံမျှမက နိဗ္ဗာန သမ္ပတ္တိတိုင်အောင် အကျိုးတရားတို့ဖြင့် ကြီးပွားတိုးတက်ကြမည်ဖြစ်ခြင်းကြောင့် ထက်သန်သော သဒ္ဓါတရားတို့ဖြင့် စွမ်းအားရှိသမျှ ပူဇော်ကြပါရန် ဩဝါဒစကား ရေးသားချီးမြှင့်လိုက်သည်။

## မကွေးမြို့
## ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီး၏
## တစ်နှစ်ပြည့် နှစ်ပတ်လည် ဩဝါဒခံယူပွဲ၌
## မိန့်ကြားတော်မူအပ်သော

# ဩဝါဒကထာ

မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီး၏ (၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် "ကရုဏာရှင်"ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပါယ်ကို အများ သိသာအောင် ရှင်းပြလျက် ဩဝါဒပေးလိုပါတယ်။

ကရုဏာဆိုတဲ့စကားလုံးဟာ မြန်မာစကားလုံးလို ဖြစ်နေသော်လည်း အမှန်မှာ မြန်မာစကားလုံး မဟုတ်ဘူး။ ပါဠိစကားလုံးသာဖြစ်တယ်။ ကရုဏာဆိုတဲ့ ပါဠိစကားလုံးကို "*ကိရတိ ပရဒုက္ခံ ဝိက္ခိပတိ အပနေတီတိ ကရုဏာ*"လို့ ဝိဂြိုဟ်ပြုလုပ်ရတယ်။ ယာ၊ အကြင်သနားခြင်းသည်။ ကိရတိ ပရဒုက္ခံ ဝိက္ခိပတိ အပနေတိ၊ သူတစ်ပါး ဆင်းရဲဒုက္ခကို ပယ်ရှားချင်၏၊ ကယ်တင်ချင်သောအားဖြင့် ပယ်ရှားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာ၊ ထိုသနားကြင်နာခြင်းသည်။ ကရုဏာ၊ ကရုဏာမည်၏တဲ့။

သူတစ်ပါး၏ ဆင်းရဲဒုက္ခကိုပယ်ရှားချင်တဲ့သဘော၊တတ်နိုင်လျှင် ကယ်တင် သောအားဖြင့် ပယ်ရှားပေးတတ်တဲ့ သဘောတရားကို ကရုဏာခေါ်တယ်။ အဲဒီ ကရုဏာဟာ သူတစ်ပါးဆင်းရဲဒုက္ခရောက်နေတာကို မြင်ရ၊ ကြားရတဲ့အခါ ပယ်နိုင် သည်ဖြစ်စေ၊ မပယ်နိုင်သည်ဖြစ်စေ ပယ်ရှားပေးချင်၊ ကူညီချင်၊ ကယ်တင်ချင်တဲ့ လက္ခဏာရှိတယ်။ အဲဒီ ကရုဏာကို မြန်မာလို သနားကြင်နာခြင်းလို့ ခေါ်တယ်။

အဲဒီ ကရုဏာဆိုတဲ့သဘောတရားဟာ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေသန္တာန်မှာဖြစ်လျှင် ကုသိုလ်တရားဖြစ်တယ်။ ဘုရားရဟန္တာတွေ သန္တာန်မှာဖြစ်လျှင်တော့ ကုသိုလ်၊ အကုသိုလ်လည်း မဟုတ်ဘူး၊ ဝိပါက်အကျိုး တရားလည်းမဟုတ်ဘူး၊ အမှုအရာ ကိရိယာမျှသာ ဖြစ်တယ်။ အဲဒါက ကရုဏာရဲ့ အဓိပ္ပါယ်ပါပဲ။

ကရုဏာရှင်ဆိုတာက ဘာလဲဆိုတော့ "**ကရုဏာယ နိယုတ္တော ကာရုဏိကော (တနည်း) ကရုဏာ သီလံ ယဿာတိ ကာရုဏိကော**" ကရုဏာယ၊ သနားကြင်နာမှု ကရုဏာ၌။ နိယုတ္တော၊ ယှဉ်သောသူတည်း။၊ ကာရုဏိ ကော၊ သနားကြင်နာမှု ကရုဏာ၌ယှဉ်သောသူ။ (တနည်း) ယဿ၊ အကြင်သူအား။ ကရုဏာသီလံ၊ သနားကြင်နာခြင်းအလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ ကာရုဏိကော၊ ကာရုဏိကမည်၏ (ဝါ) ကရုဏာရှင်မည်၏တဲ့။

သနားကြင်နာမှုဆိုတဲ့ ကရုဏာမှာ ယှဉ်နေသူ၊ သနားကြင်နာမှုဆိုတဲ့ ကရုဏာရှိနေသူကို "ကရုဏာရှင်"လို့ ခေါ်တယ်။

ကရုဏာရှင်များနာရေးကူညီမှု အသင်းသား၊ အသင်းသူတွေဟာ ဆင်းရဲ ဒုက္ခရောက်နေသူတွေကို ကူညီချင်၊ ကယ်တင်ချင်၊ ဆင်းရဲဒုက္ခတွေကို ပယ်ရှားပေး ချင်တဲ့ သနားကြင်နာမှုကရုဏာဆိုတဲ့ ကုသိုလ်သဘောတရားတွေ ရှိနေသူ "ကရုဏာရှင်တွေ"ဖြစ်ကြတယ်။ အဲဒါက ကရုဏာရှင်ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ပါပဲ။

ဆင်းရဲဒုက္ခရောက်နေသူရဲ့ ဆင်းရဲဒုက္ခကို ပယ်ရှားပေးချင်တဲ့သဘော၊ ကူညီချင်တဲ့သဘော၊ ကယ်တင်ချင်တဲ့သဘောဆိုတဲ့ သနားကြင်နာမှု၊ ကရုဏာ ရှိနေတဲ့ ကရုဏာရှင်ရဲ့လုပ်ငန်းကိစ္စဟာ ဘုရားအလောင်းတော်စတဲ့ သူတော်သူမြတ် တွေရဲ့ လုပ်ငန်းကိစ္စဖြစ်ပါတယ်။ ဘုရားအလောင်းတော်စတဲ့ သူတော်သူမြတ်တွေ သာ ပြုလုပ်နိုင်တဲ့ လုပ်ငန်းကိစ္စဖြစ်ပါတယ်။ ဒို့ကြောင့် ကရုဏာရှင်များ နာရေး ကူညီမှု အသင်းသား၊ အသင်းသူများဟာ ဝီတို့သည် ဘုရားအလောင်းတော်စတဲ့ သူတော်သူမြတ်တွေသာ ပြုလုပ်နိုင်တဲ့ ဒုက္ခသည်တွေကို ကူညီမှု၊ ကယ်တင်မှုဆိုတဲ့

အလွှန်မွှန်မြတ်တဲ့ ကုသိုလ်လုပ်ငန်းကြီးကို ပြုလုပ်နေကြသူတွေပါကလားလို့ ဆင်ခြင်စဉ်းစားနှလုံးထားကာ ထက်သန်သောသဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ဆောင်ရွက်ကြစေလိုပါတယ်။

"တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်"ဆိုတာ ဒီနာရေးကူညီမှုလုပ်ငန်း ဆောင်ရွက်ရာမှာ သဒ္ဓါတရားကလည်း တက်တက်ကြွကြွ၊ လုံ့လဝီရိယကလည်း တက်တက်ကြွကြွ ရှိရုံမျှမကဘဲ အသင်းသား၊ အသင်းသူအားလုံး ပုဂ္ဂိုလ်ရေး ထင်ပေါ်မှု၊ ငါ့သဘောကျသာဖြစ်လိုမှု စသည်စသည်တွေကို ရှောင်ရှားပြီး တစ်ဦး၏ အမှားကို တစ်ဦးက ခွင့်လွှတ်လျက် ညီညီညွတ်ညွတ် ဆောင်ရွက်ကြပါလို့ ဆိုလိုပါတယ်။

အချို့အချို့သော အသင်းအဖွဲ့တွေဟာ ပုဂ္ဂိုလ်ရေးထင်ပေါ်မှု၊ မိမိသဘော ဆန္ဒကို ရှေ့တန်းတင်မှုစသည်တို့ကြောင့် အကွဲကွဲအပြားပြား ဖြစ်သွားကြတာ တွေကို သင်းခန်းစာယူပြီး ညီညီညွတ်ညွတ် ဆောင်ရွက်ကြမှသာ မိမိတို့ အသင်းကြီး တည်တံ့ခိုင်မြဲ၍ အောင်မြင်မှုရမည်ကို သူတော်ကောင်းစိတ်ထားဖြင့် ကြိုးစား အားထုတ်နိုင်ကြပါစေ။

## မကွေးမြို့
## ကရဏာရှင်များ နာရေးကူညီမှုအသင်းကြီး၏
## (၄)နှစ်ပြည့် နှစ်ပတ်လည် ဩဝါဒခံယူပွဲ၌
## မိန့်ကြားတော်မူအပ်သော
## ဩဝါဒကထာ

မကွေးမြို့ ကရဏာရှင်များ နာရေးကူညီမှုအသင်းကြီး၏ (၄)နှစ်တိုင်တိုင် ဆောင်ရွက်ချက်များ အောင်မြင်တိုးတက်နေသည်ကို ကြားသိရ၍ နောင်အနာဂတ်၌လည်း အစဉ်းတိုးတက်စေရန်–

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**

**သမဂ္ဂါ သခိလာ ဟောထ၊ သော ဗုဒ္ဓါနုသာသနီ။**

ဝိဝါဒံ၊ ငါသာအမှန်,သူမမှန်ဟု ခိုက်ရန်ကွဲပြား ငြင်းခုံပက်စကား ပြောကြားခြင်းကို။ ဘယတော၊ ကြောက်မက်ဖွယ်ဘေးကြီးဟူ၍။ ဒိသွာ စ၊ ရှုမြင်ကြကုန်၍လည်းကောင်း။ အဝိဝါဒံ၊ ဆန့်ကျင်ဘက်စကား မပြောကြားဘဲ တစ်သားတည်း ညီညွတ်ခြင်းကို။ ခေမတော၊ ဘေးရန်မသန်း အေးချမ်းသာယာသောအနေအားဖြင့်။ ဒိသွာ စ၊ ရှုမြင်ကြကုန်၍လည်းကောင်း။ သမဂ္ဂါ၊ ကိုယ်စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သားထဲ (တည်း) ညီညွတ်ကြကုန်သည်။ သခိလာ၊ ချစ်ဖွယ်ပြေပြစ် နှစ်သက်ဖွယ်စကား ပြောကြားကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သော၊ ဤသည်ကား။ ဗုဒ္ဓါနုသာသနီ၊ ဘုရားအဆူဆူ မိန့်တော်မူအပ်သော ဩဝါဒပေတည်း–ဟူသော ဘုရားအဆူဆူတို့၏ ဩဝါဒကိုပင် ဘုန်းကြီးက ဩဝါဒပေးလိုပါသည်။

မကွေးမြို့ ကရဏာရှင်များ နာရေးကူညီမှုအသင်းကြီး၏ ယခု (၄)နှစ်တာ ကာလအတွင်း ဆောင်ရွက်မှုများ၊ အောင်မြင်တိုးတက်မှုများ လျော့ကျမသွားဘဲ

အစဉ်ထာဝရ တိုးတက်နေအောင် ငါ့အယူသာအမှန် သူ့အယူကားအမှားဟု ကွဲပြားနေခြင်းကို ကြောက်မက်ဖွယ်ရာ ဘေးကြီးဟူ၍လည်းကောင်း၊ အငြင်းမပွား တစ်သားတည်း ညီညွတ်နေခြင်းကို ဘေးရန်ကင်းကွာ ချမ်းသာသော အနေအားဖြင့် လည်းကောင်း ရှုမြင်ကြပြီးလျှင် ကိုယ်စိတ်နှစ်ပါး မကွဲပြားဘဲ တစ်ဦးအလိုကို တစ်ဦးကလိုက်လျက် "ရေကိုသားက အကြားမထင်"သကဲ့သို့ ညီညီညွတ်ညွတ် ကြိုးစားဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုက်ပါသည်။

# မန္တလေးမြို့
# ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းကြီး၏ (၅)နှစ်ပြည့်
# နှစ်ပတ်လည်အစည်းအဝေးနှင့် ဩဝါဒခံယူပွဲ၌
# မိန့်ကြားတော်မူအပ်သော
# သာရဏီယဩဝါဒကထာ

ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းကြီး၏ (၅)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဩဝါဒခံယူပွဲ၌ မြတ်စွာဘုရား ဟောတော်မူအပ်သော အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ ကေသိဝဂ်လာ၊ ဌာနသုတ်တော်ကို အကျဉ်းချုံး၍ ဩဝါဒပေးလိုပါသည်။

မိမိပြုလုပ်အပ်သောအလုပ်သည် ဌာနမည်၏။ထိုဌာနသည် –

(၁) ပြုလုပ်ရန် မနှစ်မြို့ဖွယ်၊ မမြတ်နိုးဖွယ်ဖြစ်၍ ပြုလုပ်လျှင် အစီးအပွားမဲ့ရန်၊ မကြီးပွား၊ မတိုးတက်ရန်ဖြစ်သောအလုပ်၊

(၂) ပြုလုပ်ရန်မနှစ်မြို့ဖွယ်၊ မမြတ်နိုးဖွယ်ဖြစ်၍ ပြုလုပ်လျှင် အစီးအပွားဖြစ်ရန်၊ ကြီးပွားတိုးတက်ရန်ဖြစ်သောအလုပ်၊

(၃) ပြုလုပ်ရန် နှစ်မြို့ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်၍ ပြုလုပ်လျှင် အစီးအပွားမဲ့ရန်၊ မကြီးပွား၊ မတိုးတက်ရန်ဖြစ်သောအလုပ်၊

(၄) ပြုလုပ်ရန်နှစ်မြို့ဖွယ် ၊ မြတ်နိုးဖွယ်ဖြစ်၍ ပြုလုပ်လျှင် အစီးအပွားဖြစ်ရန်၊ ကြီးပွားတိုးတက်ရန်ဖြစ်သောအလုပ်–

ဟူ၍ (၄)မျိုးရှိ၏။

ထို(၄)မျိုးသော အကြောင်းဌာနဖြစ်သော အလုပ်တို့တွင်–

(၁) ပြုလုပ်ရန် မနှစ်မြို့ဖွယ် ၊မမြတ်နိုးဖွယ်ဖြစ်၍ ပြုလုပ်လျှင် အစီးအပွား မဲ့ရန်၊မကြီးပွား၊ မတိုးတက်ရန်ဖြစ်သော၊ ပဌမဌာနဖြစ်သောအလုပ်ကို ပြုလုပ်ရန် မနှစ်မြို့ဖွယ်၊ မမြတ်နိုးဖွယ်ဖြစ်ခြင်းဟူသောအကျိုး၊ ပြုလုပ်လျှင်လည်း အစီးအပွားမဲ့ရန်၊ မကြီးပွား၊ မတိုးတက်ရန်ဖြစ်ခြင်းဟူသော အကျိုး၊ ဤနှစ်မျိုးလုံးသော အကျိုးကြောင့်ပင် မပြုသင့် မပြုထိုက်ဟု သိရမည်။

(၂) ပြုလုပ်ရန် မနှစ်မြို့ဖွယ် ၊ မမြတ်နိုးဖွယ်ဖြစ်၍ ပြုလုပ်လျှင်အစီးအပွား ဖြစ်ရန်၊ ကြီးပွားတိုးတက်ရန်ဖြစ်သော ဒုတိယဌာနဖြစ်သော အလုပ်မှာမူ ယောကျ်ားဓါး ဉာဏ်စွမ်း၊ လုံ့လဝီရိယကို အကြောင်းပြု၍ လူပျင်း၊လူအ၊လူမိုက်နှင့် လူလိမ္မာပညာရှိကို ခွဲခြား၍သိရမည်။

လူပျင်း၊လူအ၊လူမိုက်သည် "ဤအလုပ်သည် ပြုလုပ်ရန် မနှစ်မြို့ဖွယ်၊ မမြတ်နိုးဖွယ်ဖြစ်သော်လည်း ပြုလုပ်လျှင်ကား အစီးအပွား ဖြစ်ထွန်းရန် ၊ ကြီးပွားတိုးတက်ရန် ဖြစ်သည်"ဟု မဆင်ခြင်မစဉ်းစား တတ်သောကြောင့် ထိုအလုပ်ကို မပြုလုပ်။ ထိုကြောင့် ထိုလူပျင်း၊ လူအ၊လူမိုက်မှာ အကျိုးစီးပွားမဲ့ရလေသည်။ မကြီးပွား၊ မတိုးတက်ဘဲ ဆုတ်ယုတ်ပျက်ပြားရလေသည်။

လူလိမ္မာပညာရှိသည်ကား "ဤအလုပ်သည် ပြုလုပ်ရန် မနှစ်မြို့ဖွယ်၊ မမြတ်နိုးဖွယ် ဖြစ်သော်လည်း ပြုလုပ်လျှင်ကားအစီးအပွား ဖြစ်ထွန်းရန်၊ ကြီးပွားတိုးတက်ရန်ဖြစ်သည်"ဟု ဆင်ခြင်စဉ်းစားတတ်သောကြောင့် ထိုအလုပ်ကို ပြုလုပ်၏။ ထို့ကြောင့် ထိုလူလိမ္မာပညာရှိမှာ အစီးအပွားဖြစ်ထွန်းရလေသည်။ ကြီးပွားတိုးတက်ရလေသည်။

(၃) ပြုလုပ်ရန် နှစ်မြို့ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်၍ ပြုလုပ်လျှင် အစီးအပွားမဲ့ရန်၊ မကြီးပွား၊ မတိုးတက်ရန်ဖြစ်သော တတိယဌာနဖြစ်သော အလုပ်မှာ

လည်း ယောက်ျား၏ ဉာဏ်စွမ်း၊ လုံ့လဝီရိယကို အကြောင်းပြု၍ လူဖျင်း၊လူအ၊လူမိုက်နှင့်လူလိမ္မာပညာရှိကို ခွဲခြား၍သိရမည်။

လူဖျင်း၊လူအ၊လူမိုက်သည် "ဤအလုပ်သည် ပြုလုပ်ရန်နှစ်မြို့ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်သော်လည်း ပြုလုပ်လျှင်ကား အစီးအပွားမဲ့ရန်၊ မကြီးပွား၊ မတိုးတက်ရန်ဖြစ်သည်" ဟု မဆင်ခြင်မစဉ်းစားတတ်သောကြောင့် ထိုအလုပ်ကိုပြုလုပ်တတ်၏။ ထိုကြောင့် ထိုလူဖျင်း၊ လူအ၊ လူမိုက်မှာ အကျိုးစီးပွားမဲ့ရလေသည်။ မကြီးပွား၊ မတိုးတက်ဘဲ ဆုတ်ယုတ်ပျက်ပြားရလေသည်။

လူလိမ္မာပညာရှိကား "ဤအလုပ်သည် ပြုလုပ်ရန် နှစ်မြို့ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်သော်လည်း ပြုလုပ်လျှင်ကား အစီးအပွားမဲ့ရန်၊ မကြီးပွားမတိုးတက်ရန်ဖြစ်သည်" ဟု ဆင်ခြင်စဉ်းစားတတ်သောကြောင့် ထိုအလုပ်ကို မပြုလုပ်ဘဲရှောင်ကြဉ်တတ်၏။ ထိုကြောင့် ထိုလူလိမ္မာပညာရှိမှာအကျိုးစီးပွားဖြစ်ထွန်းလေသည်။ ကြီးပွားတိုးတက်ရလေသည်။

(၄) ပြုလုပ်ရန် နှစ်မြို့ဖွယ် ၊ မြတ်နိုးဖွယ်ဖြစ်၍ ပြုလုပ်လျှင် အစီးအပွားဖြစ်ရန်၊ ကြီးပွားတိုးတက်ရန်ဖြစ်သော၊ စတုတ္ထဋ္ဌာနဖြစ်သောအလုပ်ကိုမူ ပြုလုပ်ရန် နှစ်မြို့ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်ခြင်းဟူသောအကျိုး၊ ပြုလုပ်လျှင်လည်း အစီးအပွားဖြစ်ရန်၊ ကြီးပွားတိုးတက်ရန် ဖြစ်ခြင်းဟူသောအကျိုး၊ ဤနှစ်မျိုးလုံးသော အကျိုးကြောင့်ပင် ပြုလုပ်သင့်၊ ပြုလုပ်ထိုက်၏-

ဟု သိရမည်ဟု မြတ်စွာဘုရားဟောကြားထားတော်မူခဲ့ပါသည်။

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းကြီး၏ နာမှုကူညီရေးလုပ်ငန်းများသည် ပြုလုပ်ရန်ကား မနှစ်မြို့ဖွယ်၊မမြတ်နိုးဖွယ်ဖြစ်၏။ လူတိုင်းပြုလုပ်နိုင်သော လုပ်ငန်းများမဟုတ်။ သို့သော် ဗျာသနဘေးနှင့် တွေ့ကြုံရ၍ သောကပရိဒေဝမီးတောက်

လောင်နေသူတို့ကို ကူညီသောအားဖြင့် ကရုဏာထားကာ ပြုလုပ်ပါမူ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ အကျိုးစီးပွားဖြစ်ထွန်းရန်၊ ကြီးပွားတိုးတက်ရန် အကြောင်း အလွန်ကောင်းမြတ်သော လုပ်ငန်းများဖြစ်ပေသည်။

ဤနာမှုကူညီရေးလုပ်ငန်းကို လူဖျင်း၊လူအ၊လူဗာလတို့သည် ''ဤနာမှုကူညီရေးလုပ်ငန်းကား ပြုလုပ်ရန် မနှစ်မြို့ဖွယ်၊ မမြတ်နိုးဖွယ်ဖြစ်သော်လည်း ပြုလုပ်လျှင်ကား ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ အကျိုးစီးပွား ဖြစ်ထွန်းရန်၊ ကြီးပွားတိုးတက်ရန် ကောင်းသည်ဟု မဆင်ခြင်မစဉ်းစားနိုင်သောကြောင့် ထိုနာမှုကူညီရေး လုပ်ငန်းများကို မပြုလုပ်နိုင်ကြ။ အချို့အယူသည်းသူများကား မိမိတို့မပြုလုပ်နိုင်ရုံမျှမက သူတစ်ပါးတို့ပြုလုပ်သည်ကိုပင် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြော ကြသေး၏။ မိမိတို့ရပ်ကွက်တွင်း၌ ဤအသင်းမျိုးရှိသည်ကိုပင် ထိုအယူသည်းသူများက မလိုလားကြ။ ထို့ကြောင့် ထိုအယူသည်းသူ လူဖျင်း၊လူအ၊လူဗာလများမှာ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော အကျိုးစီးပွားမှ ဆုံးရှုံးကြရလေသည်။

ဖြဟ္မစိုရ်လူမှုကူညီရေး အသင်းသူ၊အသင်းသားများကား ''ဤနာမှုကူညီရေးအလုပ်သည် ပြုလုပ်ရန် မနှစ်မြို့ဖွယ်၊ မမြတ်နိုးဖွယ်ဖြစ်သော်လည်း ဉာတိဗျသန ဘေးဆိုးကြီး လွှမ်းမိုးနှိပ်စက်ခံရ၍ သောကပရိဒေဝမီးတောက်လောင် နေသည့် ဒုက္ခသည်များကို ကူညီသောအားဖြင့် ကရုဏာထားကာ ပြုလုပ်ပါမူ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ အကျိုးစီးပွားဖြစ်ထွန်းရန်၊ ကြီးပွား တိုးတက်ရန်ဖြစ်သည့် မြတ်စွာဘုရားချီးကျူးအပ်သော မွန်မြတ်သောလုပ်ငန်း ဖြစ်ပေသည်ဟု ဆင်ခြင်စဉ်းစားနိုင်သောကြောင့် ထိုအလုပ်ကို ပြုလုပ်နိုင်ကြပေသည်။ ထို့ကြောင့် ဖြဟ္မစိုရ်အသင်းသူ၊ အသင်းသား သူတော်စင်များမှာ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့နှင့် ပြည့်စုံကြရမည်မှာ ကေန်ဖြစ်ပေသည်။

ဆေးရုံများတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူဖို့ရန် ဝရိတ် မတတ်နိုင်ကြသည့် ဆင်းရဲနွမ်းပါးသော ရဟန်းရှင်လူဂိလာနပုဂ္ဂိုလ်တို့အား ကူညီ

ထောက်ပံ့ပေးရသည့် ကျန်းမာရေးကူညီမှုလုပ်ငန်းသည်ကား ပြုလုပ်ရန်လည်း နှစ်မြို့ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်၏။ ပြုလုပ်လျှင်လည်း ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ အကျိုးစီးပွားဖြစ်ထွန်းရန်၊ ကြီးပွားတိုးတက်ရန်ဖြစ်၏။ ဤနှစ်မျိုးလုံးသော အကျိုးကြောင့်ပင် ဧကန်ပြုသင့်၊ ပြုထိုက်သည်ဟု မြတ်စွာဘုရား ချီးကျူးတော်မူ အပ်သော လုပ်ငန်းဖြစ်ပေသည်။

ဤလုပ်ငန်းများကို သာမန်ပုဂ္ဂိုလ်တို့ ပြုလုပ်ဆောင်ရွက်ခြင်းငှာ မစွမ်းနိုင်ကြ။ ပါရမီရှင်သူတော်စင်တို့သာ ပြုလုပ်ဆောင်ရွက်ခြင်းငှာ စွမ်းနိုင်ကြကုန်၏။ ဤမွန်မြတ်သောလုပ်ငန်းများကို ဆောင်ရွက်နေကြသော ဖြူစင်ရဲလူမှုကူညီရေး အသင်းသူ၊အသင်းသားများသည် "ငါတို့ကား ဌာနသုတ်တော်၌ ဘုရားရှင်မိန့်ကြား တော်မူအပ်သော ဩဝါဒကထာဒေသနာတော်ကို လိုက်နာကျင့်သုံးနေကြသော ပုဂ္ဂိုလ်များ ဖြစ်ပေသည်တကား"ဟု ဆင်ခြင်စဉ်းစားလျက် ပီတိသောမနဿနှင့် ယှဉ်သော မဟာကုသိုလ်ဇော အထပ်ထပ်ပွားကြ၍ အသင်းကြီးအရှည်တည်တံ့ အောင်၊ ကြီးပွားတိုးတက်အောင် အချင်းချင်းလေးစားသည့် အညမညဂါရဝတရား ထားကာ ညီညီညွတ်ညွတ် ဆောင်ရွက်ကြပါဟု ဩဝါဒစကား မိန့်ကြားလိုက်ပါသည်။

# ၁၃၆၁-ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်နေ့ စမ်းချောင်းမြို့နယ်၊ ကံမြင့်ကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့၏ ဩဝါဒခံယူပွဲ၌ မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ

ယနေ့ ကောဇာသက္ကရာဇ် ၁၃၆၁-ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်နေ့မှာ ကျင်းပတဲ့ အခမ်းအနားက စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သိရီမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့၏ ဩဝါဒခံယူပွဲနှင့် အလှူတော်မင်္ဂလာ အခမ်းအနား ဖြစ်ပါတယ်။

ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့၏ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘုရားကြီးများထံမှ ဩဝါဒခံယူပွဲမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကိုယ်စား ဘုရားရှင်ကိုယ်တော်မြတ် ကဿကဝတ္ထုမှာ ဟောကြားတော်မူအပ်သော ရှောင်ရမည့်ဩဝါဒနှင့် သုမနပန်းသည်ဝတ္ထုမှာ ဟောကြာတော်မူအပ်သော ဆောင်ရမည့်ဩဝါဒကို ဘုန်းကြီးပေးလိုပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က ကဿက ဝတ္ထုမှာ ဒီလိုဟောတော်မူပါတယ်။

နတံ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊
ဝိပါကံ ပဋိသေဝတိ။

ဒါက နို့ဒကာ၊ ဒကာမတွေ၊ ဒကာ၊ ဒကာမတွေတင်မက ရဟန်းရှင်လူ အားလုံးပေါ့၊ ရှောင်ရမည့်တရားများကို ဟောထားတာဖြစ်ပါတယ်။

ယံ ကမ္မံ ၊ အကြင်အမှုကို။ ကတွာ၊ ပြု၍၊ ပြုသည်ရှိသော်၊ ပြုလိုက်ခြင်း ကြောင့်။ အနုတပ္ပတိ၊ နောင်တတဖန်ပူပန်ရ၏။ ယဿ ကမ္မဿ၊ အကြင်အမှု၏။ ဝိပါကံ၊ အကျိုးကို။ အဿုမုခေါ၊ မျက်နှာ၌မျက်ရည်ရှိသည်၊ မျက်ရည်ရွဲစိုသော မျက်နှာရှိသည်။ ဟုတွာ၊ ဖြစ်၍။ ရောဒံ- ရောဒန္တော၊ ငိုကြွေးလျက်။ ပဋိသေဝတိ၊ ခံစားရ၏။ ကတံ၊ ပြုအပ်သော။ တံ ကမ္မံ၊ ထိုအမှုသည်။ န သာဓု၊ မကောင်း။

ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူအပ်သော ရဟန်းရှင်လူအပေါင်းတို့ ရှောင်ရမည့်တရား ဖြစ်ပါတယ်။ အကြင်အမှုလုပ်ငန်းကို ပြုလုပ်ပြီးသည်ရှိသော်၊ ပြုလုပ်ပြီးသည့်နောက်၊ ပြုလုပ်ခြင်းကြောင့် ထိုအမှုကို ပြန်လည်ပြီးဆင်ခြင်လိုက်တဲ့ အခါ နောင်တတစ်ဖန်ပူပန်ရမယ်၊ အဲဒီအမှုရဲ့ အကျိုးကိုလဲပဲ မျက်ရည်ရွဲစို ငိုယိုလျက် ခံစားရမယ်ဆိုရင် အဲဒီအမှုဟာ မကောင်းဘူးတဲ့၊ မပြုထိုက်တဲ့လုပ်ငန်း ဖြစ်တယ်လို့ မြတ်စွာဘုရား အကျဉ်းချုပ် မိန့်တော်မူထားပါတယ်။

ဒါ့ကြောင့် နို့ဒကာ၊ ဒကာမတွေ ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ဝင် တွေနှင့်တကွ ဒကာ၊ ဒကာမတွေအားလုံး ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ ပြုပြုနေကြရပါတယ်။ ပြုပြုနေကြရတော့ အဲဒီ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု များကို ပြန်လည်စဉ်းစားလိုက်တဲ့အခါ စိတ်မချမ်းသာမှု၊ စိုးရိမ်ငိုကြွေး ပူဆွေးမှု ဖြစ်မယ်၊ နောင်လည်း အဲဒီအမှုရဲ့ အကျိုးကိုခံစားတဲ့အခါ မျက်ရည်ရွဲစို ငိုယိုခံစား ရမယ်ဆိုရင်တော့ ဒါဟာ မပြုသင့်၊မပြုထိုက်တဲ့ မကောင်းသောအမှုပဲဟု အဲဒီလိုသိပြီး ရှောင်ကြဉ်ဖို့ပါပဲ။

ဒီတော့ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တွေဖြစ်သည့်အားလျော်စွာ ဒီမှာလဲ တရားပွဲကြီးတွေ မကြာမကြာ နာယူနေတဲ့အတွက် အကျယ်ဟောဖို့တော့မလိုပါဘူး၊ ကိုယ်ဖြင့်ပြုအပ်တဲ့ ကာယကံအကုသိုလ်တွေဆိုရင် သိလောက်ပါပြီ။ နှုတ်ဖြင့်ပြောဆို အပ်တဲ့ ဝစီကံအကုသိုလ်တွေဆိုရင်လဲသိလောက်ပါပြီ။ စိတ်ဖြင့် ကြံစည်ရတဲ့ မနောကံ

အကုသိုလ်တွေအားလုံးကိုလဲ သိလောက်ပါပြီ။အဲဒီ အကုသိုလ်တရားတွေဟာ ပြုပြီးသည့်နောက်လည်း နောင်တတစ်ဖန် စိုးရိမ်ပူပန်ရတယ်။ အဲဒီ မကောင်းမှုရဲ့ အကျိုးတွေကို ခံစားရပြန်တော့လည်း မျက်ရည်ရွဲစို ငိုယိုပြီး ခံစားရပါတယ်။ အဲဒါကြောင့် အဲဒီလိုအမှုတွေကိုမပြုဘဲ ရှောင်ကြဉ်ကြပါတဲ့။

အဲဒီတော့ ကာယကံအကုသိုလ်၊ ဝစီကံအကုသိုလ်၊ မနောကံအကုသိုလ်တွေကို သာမန်သိရုံမျှမဟုတ်ဘဲနဲ့ အခြားထိုအကုသိုလ်နှင့် အလားတူဖြစ်တဲ့ မကောင်းတဲ့အလုပ်တွေကိုလည်းပဲ မပြုလုပ်ဘဲရှောင်ကြဉ်ရပါတယ်။ အေး... သာသနာတော်မှာ အကျိုးဆုတ်ယုတ်သွားမယ့် လုပ်ငန်းကိစ္စတွေ ရှောင်ကြရမယ်။ ဒါဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ပဌမဟောကြားထားတဲ့ ဩဝါဒပါပဲ။

သမ္ပဂ္ဂိတာငါးမျိုး

အဲဒီဂါထာမှာ "န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ" ဟူသောပါဠိဖြင့် သမ္ပဂ္ဂိတာငါးမျိုးထဲမှာ "စေတနာသမ္ပဂ္ဂိတာ"နှင့် "ကမ္မသမ္ပဂ္ဂိတာ" ကိုပြပါတယ်။

ယံ ကမ္မံ၊ အကြင်ကံကို။ ကတွာ၊ ပြု၍၊ ပြုသည်ရှိသော်...တဲ့။ ပြုနေစဉ်မှာဆိုရင် သတ္တဝါတွေရဲ့သန္တာန်မှာ မကောင်းမှုပြုတဲ့အခါ မကောင်းတဲ့ အကုသိုလ်ဇောစောတယ်။ အဲဒီ အကုသိုလ်ဇောတိုင်းမှာ စေတနာစေတသိက်ကလေးပါတယ်။ အဲဒီ စေတနာစေတသိက်ကလေးရဲ့ ဥပါဒ်၊ ဋီ၊ ဘင် = ခဏငယ်သုံးချက်နှင့်ပြည့်စုံနေခိုက်ကို "စေတနာသမ္ပဂ္ဂိတာ" လို့ခေါ်တယ်။

ပြုပြီးသွားပြီဆိုတော့"ကမ္မသမ္ပဂ္ဂိတာ" လို့ခေါ်တယ်။ စေတနာစေတသိက်ကလေးက ချုပ်သွားသော်လည်းပဲ အချိုးအနှိုးအလဟဿဖြစ်အောင် ချုပ်သွားတာမဟုတ်ဘူး။ ဝိပါက်စိတ်တွေ၊ ကြိယာစိတ်တွေ၊ ချုပ်သွားတာနှင့် ဒီအကုသိုလ်စိတ်ကလေးချုပ်သွားတာ မတူပါဘူး။ ဝိပါက်စိတ်တွေ ကြိယာစိတ်တွေ ချုပ်သွားတာကတော့ ချုပ်ပြီးဘာမျှ မကျန်ခဲ့ဘူး။ အကုသိုလ်စိတ်ချုပ်သွားတာကတော့ ဒီအကုသိုလ်စိတ်က နောင်မကောင်းကျိုးပေးဖို့ရာ သူ့ရဲ့သတ္တိကို သတ္တဝါသန္တာန်မှာ မြုပ်နှံပစ်ခဲ့တယ်။ အဲဒီမြုပ်နှံပစ်ခဲ့တဲ့ သတ္တိကို နာနာက္ခဏိကကမ္မသတ္တိလို့ ခေါ်တယ်။ အဲဒီ သတ္တိကို "ကမ္မသမ္ပဂ္ဂိတာ"လို့ခေါ်တယ်။

အဲဒီကံကို ပြန်စဉ်းစားတဲ့အခါ "ဥပဋ္ဌာနသမင်္ဂီတာ"ဖြစ်တယ်။ အာရုံထင်မှု ပါပဲ။ ကံအာရုံ ထင်တာပေါ့။ "အနုတပ္ပတိ"အရက အဲဒီအာရုံထင်မှုကိုပြပါတယ်။

**"ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ"**

အဲဒီမကောင်းမှုကံရဲ့အကျိုးကို ခံစားတဲ့အခါကြတော့ ဘယ်နှယ်ခံစားရ မလဲဆိုရင် မျက်ရည်ရွဲစို ငိုယိုလျက်ခံစားရတယ်။ ဤပါဠိက အကျိုးဝိပါက်နှင့် ပြည့်စုံပုံကို ပြတာပါပဲ။အဲဒါကို (အဲဒီအကျိုး ဝိပါက်နှင့် ပြည့်စုံပုံကို)"ဝိပါကသမင်္ဂီတာ" လို့ခေါ်တယ်။

အဲဒါကြောင့် ကုသိုလ်ကံပဲဖြစ်ဖြစ်၊ အကုသိုလ်ကံပဲဖြစ်ဖြစ် ပြုနေတုံး စေတနာစေတသိက်ကလေး ဥပါဒ်, ဌီ, ဘင် ထင်ရှားရှိခိုက် ထိုစေတနာစေတသိက် ကလေးကို "စေတနာသမင်္ဂီတာ"လို့ခေါ်တယ်။

ထိုစေတနာစေတသိက်ချုပ်သွားပြီးတဲ့နောက် သူ့ရဲ့သတ္တိကို သတ္တဝါ သန္တာန်မှာ မြုပ်နှံထားခဲ့တယ်။ အဲဒီ နာနာက္ခဏိကကမ္မသတ္တိကို "ကမ္မသမင်္ဂီတာ" လို့ခေါ်တယ်။

စေတနာဖြစ်အောင် ရှေးဦးစွာ အားထုတ်မှုကိုတော့ "အာယူဟနသ မင်္ဂီတာ" လို့ခေါ်တယ်။ အကုသိုလ်ကံကိုပဲ အားထုတ်အားထုတ်၊ ကုသိုလ်ကံကိုပဲ အားထုတ်အားထုတ် ကြိုတင်ပြုလုပ်မှုကို "အာယူဟနသမင်္ဂီတာ"လို့ခေါ်တယ်။ ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် ကြိုတင်အားထုတ်မှုဆိုတာ ရှိရသေးတာပဲ။ အကုသိုလ်အလုပ်လုပ်မယ်ဆိုလဲ ဒီအလုပ်လုပ်ဖို့ရာ ကြိုတင်အားထုတ်တာဟာ အာယူဟနသမင်္ဂီတာ ပါပဲ။ အားထုတ်ပြီးမှ စေတနာဖြစ်တယ်။ ဒါဟာ "စေတနာ သမင်္ဂီတာ"ပါပဲ။ စေတနာကလေးကျန်ခဲ့တဲ့ (စေတနာကလေးက မြုပ်နှံထားခဲ့ တဲ့ဟုဆိုလိုသည်) ကမ္မသတ္တိဟာ "ကမ္မသမင်္ဂီတာ"ပါပဲ။ အေး... အဲဒီကံကလေးက အကျိုးပေးတော့မယ်ဆိုတော့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဆိုတဲ့ အာရုံတွေထင်တယ်။ ဒါဟာ "ဥပဋ္ဌာနသမင်္ဂီတာ"ပါပဲ။ ဒီလိုထင်ပြီးတော့ အကျိုးဝိပါက် ဖြစ်ပေါ်ပြီးလာ တယ်။ အဲဒီအကျိုးဝိပါက်ဟာ "ဝိပါကသမင်္ဂီတာ"ပါပဲ။

# အာယူဟနသမ်္ဂီတာ ပြ - မပြ

အဲဒီဂါထာမှာ အာယူဟနသမ်္ဂီတာကိုမပြသော်လဲဘဲ ယံကတ္တာ၊ အကြင် အမှုကိုပြု၍၊ ပြုခြင်းကြောင့်၊ ပြုသည်ရှိသော်လို့ ဆိုလိုက်ရင်ပဲ မပြုခင် ရှေးအဖို့က အားထုတ်မှု =အာယူဟနသမ်္ဂီတာရှိတယ်လို့ မှန်းဆပြီးသိရတယ်။ ဒါကြောင့် ''အာယူဟနသမ်္ဂီတာ''ကို ထည့်ပြီးဟောပါတယ်။

အေး…ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ် မိန့်တော်မူတဲ့အတိုင်း ပါဏာတိပါတအစရှိတဲ့ ကာယကံအကုသိုလ်တွေ၊ မုသာဝါဒအစရှိတဲ့ဝစီကံ အကုသိုလ်တွေ၊ အဘိဇ္ဈာအစရှိတဲ့ မနောကံအကုသိုလ်တွေကိုလဲပဲ ရှောင်ကြဉ်ရ တာပဲ။ အဲဒီမှာ တိုက်ရိုက်ပင်မပါသော်လဲဘဲ မကောင်းကျိုးကိုဖြစ်စေနိုင်တဲ့ ၊ သူတစ်ပါးအကျိုးမဲ့အောင်ပြုတဲ့ လုပ်ငန်းကိစ္စတွေကိုလဲပဲ ရှောင်ကြဉ်ရတာပါပဲ။ အခြားမကောင်းတဲ့ အကုသိုလ်တွေလည်း ရှိသေးတယ်။ အဲဒီမကောင်းတဲ့ အကုသိုလ်တွေ အားလုံးကို ရှောင်ကြဉ်ပါတဲ့။ ဒါက ရှောင်ကြဉ်ရမယ့်တရားပါပဲ။

ဆောင်ရမယ့်တရားကိုလည်း ဘုရားရှင်ကိုယ်တော်မြတ်က သုမနပန်း သည် ဝတ္ထုမှာ ဟောကြားတော်မူထားတယ်။

တဉ္စ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊
ဝိပါကံ ပဋိသေဝတိ။

ယံ ကမ္မံ၊ အကြင်အမှုကို။ ကတွာ၊ ပြုသည်ရှိသော်-ပြုခြင်းကြောင့်။ နာနုတပ္ပတိ၊ နောင်တတစ်ဖန်မပူပန်ရ။ ယဿကမ္မဿ၊ အကြင်အမှု၏။ ဝိပါကံ၊ အကျိုးကို။ ပတီတော၊ နှစ်သက်သည်ဖြစ်၍ (ဝါ) နှစ်သက်မှုပီတိနှင့် ပြည့်စုံသည် ဖြစ်၍။ သုမနော၊ဝမ်းမြောက်မှု သောမနဿနှင့် ပြည့်စုံသည်ဖြစ်၍။ ပဋိသေဝတိ၊ ခံစားရ၏။ ကတံ၊ ပြုအပ်သော။ တဉ္စကမ္မံ၊ ထိုအမှုသည်ကား။ သာဓု၊ ကောင်း၏။ (တဉ္စကမ္မံ ထိုအမှုသည်ကား။ သာဓုကောင်း၏။ကတံ ပြုအပ်, ပြုသင့်ပြုထိုက်၏,ပြုလေ)

အေး...အကြင်အမှုလုပ်ငန်းကို ပြုလုပ်ပြီးလို့ရှိရင် ပြန်စဉ်းစားတော့ အချို့အမှုလုပ်ငန်းက နောင်တတစ်ဖန်ပူပန်မှုဖြစ်တတ်တယ်၊ ခုအမှုလုပ်ငန်းကတော့ နောင်တတစ်ဖန် ပူပန်မှုမဖြစ်ရဘူး။ ပြုပြီးတဲ့နောက် ပြန်ပြီးစဉ်းစားတဲ့အခါ နောင်တ တစ်ဖန် ပူပန်မှုမဖြစ်တဲ့အမှု၊ အဲဒီအမှုလုပ်ငန်းရဲ့ အကျိုးကျတော့ "ပတီတော သုမနော" နှစ်သက်မှု၊ ပီတိဝမ်းမြောက်မှု သောမနဿဝေဒနာတွေဖြင့် အဲဒီကံရဲ့ အကျိုးကို ခံစားရတယ်၊ နှစ်သက်ဝမ်းမြောက်စွာ ခံစားရတယ်။ "တဥ္စ ကမ္မံ ကတံ သာဓု" အဲဒီ လုပ်ငန်းဟာကောင်းတယ်၊ အဲဒီလုပ်ငန်းမျိုးကို ပြုရမယ်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါတယ်။

အေး.... ဒီကြောင့် ကုသိုလ်တွေအားလုံး ပြည့်ပြုထိုက်တယ်။ ကာယကံ ကုသိုလ်အားလုံး ပြည့်ပြုထိုက်တယ်။ ဝစီကံကုသိုလ်တွေ၊ မနောကံကုသိုလ်တွေ အားလုံး ပြည့်ပြုထိုက်တယ်။ ပါဏာတိပါတဝိရတီအစရှိတဲ့ ကာယကံကုသိုလ်တွေ မုသာဝါဒဝိရတီအစရှိတဲ့ ဝစီကံကုသိုလ်တွေ၊ အနဘိဇ္ဈာအဗျာပါဒအစရှိတဲ့ မနောကံ ကုသိုလ်တွေဟာ ပြည့်ပြုထိုက်တဲ့ ကုသိုလ်တွေပဲ။ ဒါတင်မကဘူး၊ ဒါန၊ သီလ၊ ဘာဝနာအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေလဲ ပြည့်၊ ပြုထိုက်တဲ့ ကုသိုလ်တွေပါပဲ။ ဒါတင်မကဘဲနဲ့ ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့က ကံမြင့်ကျောင်းတိုက် ကြီးပွားတိုးတက်အောင် ဓမ္မာရုံကြီးဆောက်ပြီးတော့ တရားပွဲတွေ မကြာမကြာ ကျင်းပပြီးနေပါတယ်။ အဲဒီလို ကျင်းပပေးနေတဲ့အတွက် တရားအလှူကြီးလှူနေရ တာ ခုဆိုရင် ၁၃၆၀- ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်နေ့ကစပြီး ၁၃၆၁ -ခုနှစ်၊ တပို့တွဲလပြည့်နေ့အထိ ဓမ္မပူဇနီယ ပူဇော်ပွဲပေါင်း ၁၂၀ ကျင်းပခဲ့ပါတယ်။ တရားပူဇော်တဲ့ ဝတ္ထုကြေးငွေကျပ် သိန်း (၇၀) ကုန်ကျခဲ့ပါတယ်။ အဲဒါတွေဟာ တရားပူဇော်ပြီးတော့ အများအကျိုးရှိအောင် ပြုလုပ်တာပါပဲ။

ဒီကံမြင့်ကျောင်းတိုက်မှာလည်းပဲ သိန်းတစ်ရာကျော်အကုန်ခံပြီးတော့ ဓမ္မာရုံကြီးဆောက်တယ်။ ဆွမ်းစားကျောင်းဆောင် ဆောက်တယ်။ဟိုဘက်မှာ ရတနာမဏ္ဍပ်တော်ကြီးဆောက်တယ်၊ အဆောက်အအုံအလှူတွေ လှူဒါန်းပြီးနေတယ်။

တရားပွဲကျင်းပတဲ့အခါမှာ ဓမ္မာရုံကကျဉ်းနေတော့ ဓမ္မာရုံပေါ်က ပုဂ္ဂိုလ် လောက်သာ တရားဟောဓမ္မကထိကကို ဖူးမြော်ရတယ်။ အောက်မဏ္ဍပ်ထဲက ပုဂ္ဂိုလ်တွေက မဖူးမြော်ရတော့ အားမရကြဘူး။ အဲဒါကြောင့် ၁၄-သိန်းတန် ၄၀-လက်မရှိတဲ့ ရုပ်မြင်သံကြား၊ ဗီဒီယိုပြစက်လျှပ်နှံ့ပြီး တရားပွဲကျင်းပတော့ မဏ္ဍပ်ထဲက တရားနာတဲ့ပုဂ္ဂိုလ်တွေလည်းပဲ ဓမ္မကထိကဆရာတော်ကြီးကို ဖူးမြော်ရတယ်။ တရားလည်းနာရတယ်။ ဓမ္မာရုံပေါ်ကနှင့် အတူတူပဲ ဖြစ်သွားတယ်။ အဲဒီလို ကုသိုလ်တွေပြုကြတယ်။ ဒီကုသိုလ်တွေပြုပြီးတော့ ပြန်စဉ်းစားရင် နောင်တတစ်ဖန် ပူပန်စရာဘာမျှမရှိဘူး။ တစ်ဖန် မပူပန်ရတဲ့ အမှုလုပ်ငန်းပဲ။

ယဿ ကမ္မဿ၊ အကြင်အမှုလုပ်ငန်း၏။ ဝိပါကံ၊ အကျိုးကို။ ပတီတော၊ နှစ်သက်သည်ဖြစ်၍ (ဝါ) နှစ်သက်မှုပီတိနှင့် ပြည့်စုံသည်ဖြစ်၍။ သုမနော၊ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ (ဝါ) သောမနဿနှင့်ယှဉ်သောစိတ်ရှိသည်ဖြစ်၍။ ပဋိသေဝတိ၊ ခံစားရ၏။

ပတီတောပါဠိအရ နောင်သောအခါ ယခုပြုထားတဲ့ တရားပူဇော်ရတဲ့ ကုသိုလ်တွေ၊ ကံမြင့်ကျောင်းတိုက်ကြီးအတွင်းမှာ ဓမ္မာရုံ ဆွမ်းစားကျောင်း၊ ရတနာ မဏ္ဍပ်အဆောက်အအုံ လှူဒါန်းရတဲ့ ကုသိုလ်တွေ၊ အေး... တရားပွဲကြီးကျင်းပတဲ့ အခါ ဓမ္မကထိက ဆရာတော်ကြီးများကို ကြည်ညိုပူဇော်နိုင်ဖို့ ဗီဒီယိုပြစက်များ လှူဒါန်းရတဲ့ ကုသိုလ်တွေ ဒီကုသိုလ်တွေက ပြန်ပြီးအကျိုးပေးလာပြီဆိုရင် ဒီအကျိုးကို ဘယ်လိုခံစားရမလဲ "ပတီတော၊ နှစ်သက်မှုပီတိရှိသည်ဖြစ်၍။ သုမနော၊ ဝမ်းမြောက်မှုသောမနဿရှိသည်ဖြစ်၍။ ပဋိသေဝတိ၊ ခံစားရတယ်"တဲ့။

လူ့စည်းစိမ်၊လူ့ချမ်းသာ၊ နတ်စည်းစိမ်၊နတ်ချမ်းသာတွေကို ခံစားရတယ်။ အဲဒီ စည်းစိမ်ချမ်းသာမျှလောက်သာမဟုတ်ဘူး၊ ဒီကုသိုလ်တွေက ထောက်ပံ့လိုက်တဲ့အခါ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာတွေကိုလည်း ခံစားရပါတယ်။ အေး... အဲဒါကြောင့် အဲဒီကုသိုလ်တရားတွေဟာ ပြုသင့်ပြုထိုက်တဲ့ ကောင်းသောလုပ်ငန်းတွေပဲ၊ ပြုကြလို့. ဘုရားရှင်က မိန့်တော်မူခဲ့ပါတယ်။

တဥ္စ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊
ဝိပါကံ ပဋိသေဝတိ။

အကြောင်းအမှုကို ပြုခြင်းကြောင့်ပြုပြီးသည်ရှိသော် နောင်တတစ်ဖန် မပူပန်ရ၊ အကြောင်းအမှု၏ အကျိုးကို နှစ်သက်သည်ဖြစ်၍ ကောင်းသောစိတ်၊ ဝမ်းမြောက်ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍ ခံစားရ၏။ ထိုအမှုသည်ကောင်း၏။ ပြုအပ်၊ပြုသင့်၊ ပြုထိုက်၏၊ ပြုရမည်လို့ မြတ်စွာဘုရားရှင်က ဆောင်ရမည့်တရား၊ ပြုလုပ်ရမည့် တရားကို ဟောတော်မူခဲ့ပါတယ်။

ဒါ့ကြောင့် ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စဒကာ, ဒကာမတွေဟာ မပြုလုပ်သင့်လို့ ဘုရားရှင် ဟောကြားထားတဲ့ နောင်တတစ်ဖန်ပူပန်ရတဲ့အမှု၊ ထိုအမှုလုပ်ငန်းရဲ့ အကျိုးကို ခံစားရတော့လည်း မျက်ရည်ရွှဲစို ငိုယိုပြီးခံစားရတဲ့အမှု၊ အဲဒီ မကောင်းမှုမျိုးတွေကို ရှောင်ကြဉ်ကြရမယ်။ ပြုလုပ်ပြီးတဲ့နောက် နောင်တတစ်ဖန် မပူပန်ရတဲ့အမှု၊ ထိုအမှုလုပ်ငန်းရဲ့ အကျိုးကိုခံစားရတော့လည်း နှစ်သက်ဝမ်းသာပြီး ခံစားရမဲ့အမှုမျိုးကို ပြုရမယ်။

အဲဒီမှာလည်း ခုနကလိုပဲ ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စဒကာ, ဒကာမတွေဟာ ကံမြင့်ကျောင်းတိုက် ကြီးပွားအောင်၊ တိုးတက်အောင်၊ အားလုံး ရဟန်းရှင်လူတွေ တရားတော်နာယူနိုင်အောင် ၊ကုသိုလ်တွေတိုးပွားနိုင်အောင်ဆိုတဲ့ အလွန်ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့်ဒီကုသိုလ်ကံလုပ်ငန်းတွေကို ကြိုးစားအားထုတ်ကြပါတယ်။ အဲဒီလို ကြိုးစားအားထုတ်မှုကို အာယူဟနသမင်္ဂီတာ= အားထုတ်မှု၏ ပြည့်စုံခြင်းလို့ ခေါ်ပါတယ်။

အားထုတ်မှုကြောင့် ယခုပြောခဲ့တဲ့ အလွန်ကောင်းမြတ်သော ကုသိုလ်တွေကို လုပ်နိုင်တာပါပဲ။ တရားပွဲကျင်းပတယ်ဆိုလဲ ကျင်းပတဲ့အခါ ကုသိုလ်

စေတနာတွေ၊ အေး... ယနေ့ ဩဝါဒခံယူတယ်ဆိုလဲ ဩဝါဒခံယူပြီး ယခုတရားနာယူပြီးနေတော့ မိမိသန္တာန်မှာ ကုသိုလ်ဇောတွေ စောစောပြီးနေတယ်။ ကုသိုလ်ဇော တစ်ကြိမ်တစ်ကြိမ် စောတိုင်းစောတိုင်း အဲဒီမှာ စေတနာ စေတသိက်လေးပါတယ်။ ဥပမာ ဗြ ဘင်နှံ့ပြည့်စုံတဲ့ အဲဒီစေတနာစေတသိက်ကလေးကို စေတနာ သမင်္ဂီတာ= စေတနာနှင့်ပြည့်စုံခြင်းလို့ခေါ်တယ်။

ဒီစေတနာကလေးချုပ်သွားတော့ စေတနာကလေးရဲ့ ကမ္မသတ္တိက မိမိတို့သန္တာန်မှာ ကျန်ခဲ့တယ်။ အဲဒါဟာ နာနာက္ခဏိကကမ္မသတ္တိပဲ။ အဲဒါကို ကမ္မသမင်္ဂီတာ= ကံနှင့် ပြည့်စုံခြင်းလို့ခေါ်တယ်။

အေး...အဲဒီကံက နောက်ဘဝအကျိုးပေးတော့မယ်ဆိုတော့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတွေထင်လာတယ်။ အဲဒီအာရုံတွေထင်လာတာကို ဥပဋ္ဌာန သမင်္ဂီတာ= အာရုံထင်မှုရဲ့ ပြည့်စုံခြင်းလို့ခေါ်တယ်။ ကံမြင့်ကျောင်းတိုက်ထဲမှာ ဓမ္မာရုံကြီးဆောက်ပြီးလှူဒါန်းရပုံတွေ၊ မဏ္ဍပ်ကြီးထိုးပြီးတော့ လှူဒါန်းရပုံတွေ၊ ဒီဓမ္မာရုံမဏ္ဍပ်ထဲမှာ သူတော်စင်ပရိသတ်တွေနှင့် တရားပွဲကြီးကျင်းပနေပုံတွေ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကိုပင့်ပြီး ဩဝါဒခံယူနေပုံတွေ ဒီအာရုံတွေပေါ်ပြီးလာတာပေါ့။ အဲဒါ "ဥပဋ္ဌာနသမင်္ဂီတာ"ပဲ။

အာရုံတွေပေါ်ပြီး ဒီအာရုံတွေကို အာရုံပြုနေရင် ဒီဘဝက နောက်ဆုံးစိတ်ကလေးနှင့် ချုပ်သွားတဲ့အခါ ဟော- ဒုတိယဘဝမှာ လူ့ပြည်၊ နတ်ပြည် သုဂတိဘဝမှာသွားပြီး ပဋိသန္ဓေစိတ်၊ စေတသိက်နှင့် ပဋိသန္ဓေကမ္မဇရုပ်တွေ ဖြစ်ရတယ်။ အဲဒါ ဝိပါကသမင်္ဂီတာ= အကျိုးဝိပါက်၏ ပြည့်စုံခြင်းပဲ။

ဒါ့ကြောင့် ဘုရားရှင်မိန့်တော်မူတဲ့အတိုင်း နောင်တတစ်ဖန် မပူပန်ရမှု၍ အကျိုးတရားကို နှစ်သက်ဝမ်းမြောက်စွာ ခံစားရမည့် ယခုပြုခဲ့တဲ့ ကုသိုလ်တွေ ကိုလည်း ထပ်ကာထပ်ကာ ပြုကြဖို့၊ နောင်လဲပဲ ဤကဲ့သို့သော ကုသိုလ်မျိုးတွေ ကို အစဉ်မပြတ် တတ်နိုင်သလောက် ဆက်ကာဆက်ကာ ပြုကြဖို့ တိုက်တွန်းလျက် ဘုန်းကြီးရဲ့ ဩဝါဒစကားကို ဤမှာပင်ကမ္မတ်ပုံး၍ နိဂုံးချုပ်အပ်ပါသတည်း။

# အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာကျောင်းသားရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့သို့ ဗုဒ္ဓဂယာဘုရားဖူးပြန်အလှူရှင်များနှင့် စေတနာရှင်များ၏ စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနား၌ မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာကျောင်းသားရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့သို့ ဗုဒ္ဓဂယာဘုရားဖူးပြန်အလှူရှင်များနှင့် စေတနာရှင်များ၏ စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနား၌ ဩဝါဒစကား ပြောကြားခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။

အိန္ဒိယနိုင်ငံ တက္ကသိုလ်ကြီး(၁၀)ခုတို့၌ အမိမြန်မာနိုင်ငံတော်၏ အမျိုး၊ ဘာသာ၊ သာသနာတော်အတွက် စွန့်လွှတ်စွန့်စား ပညာသင်ကြားနေကြသော မြန်မာပညာတော်သင် ရဟန်းတော်အရှင်တို့....

ဓမ္မပဒပါဠိတော် အပ္ပမာဒဝဂ်၊ ကုမ္ဘဃောသကဝတ္ထု၌-

ဥဋ္ဌာနဝတော သတီမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသော'ဘိဝဍ္ဎတိ- ဟူသောဒေသနာတော်ကို

ဗုဒ္ဓမြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်။

ဥဋ္ဌာနဝတော၊ ထကြွလုံ့လဝီရိယရှိသော။ သတိမတော၊ အောက်မေ့မှု သတိရှိသော။သုစိကမ္မဿ၊ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်သော ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုရှိသော။ နိသမ္မကာရိနော၊ စူးစမ်းနိုင်းချိန်၍ ပြုလေ့ရှိသော။ သညတဿ၊ ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးတွင် အပေါက်အကြား မထင်အောင် စောင့်စည်းသော။ ဓမ္မဇီဝိနော၊ ဝေဠုကမ္မ, ဒူတကမ္မစသည်ပယ်ရှား တရားသဖြင့် အသက်မွေးသော။ အပ္ပမတ္တဿ၊ မမေ့မလျော့သောပုဂ္ဂိုလ်၏။ ယသော၊ စည်းစိမ် ဉစ္စာအပြာပြာနှင့် အရာအထူး ကျေးဇူးသတင်း ကျော်စောခြင်းသည်။ အဘိဝဍ္ဎတိ၊ တစ်နေ့တစ်ခြား ဒီရေလားသို့ တိုးပွားဖြစ်ထွန်းနိုင်ပေ၏။

အရှင်တို့သည် ဤဒေသနာတော်ကို အမြဲနှလုံးသွင်းဆင်ခြင်ကြကာ-

(၁) ဥဋ္ဌာနဝတော- ဟူသော ဒေသနာတော်အရ အရှင်တို့သည် ပညာသင် ယူမှု၊ သာသနာ့ကိစ္စဆောင်ရွက်မှုစသော ကိစ္စဟူသမျှတို့၌ ထကြွလုံ့လ ဝီရိယရှိရှိ (ဇွဲရှိရှိ) ဆောင်ရွက်တော်မူကြပါ။ထကြွလုံ့လ ဝီရိယရှိရှိ (ဇွဲရှိရှိ) ဆောင်ရွက်တော်မူကြမှသာ "ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ" ဟူသော ဒေသနာအရ အရှင်တို့ ဆောင်ရွက်သမျှ အောင်မြင်ထမြောက် အထွတ်အထိပ်ရောက်မည် ဖြစ်ပါသည်။

(၂) သတိမတော-ဟူသော ဒေသနာတော်အရ အရှင်တို့သည် အရာရာမှာ အမြဲမပြတ် သတိချပ်လျက် ဆောင်ရွက်တော်မူကြပါ။ သံယုတ် ပါဠိတော်၌လည်း "သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ" ရဟန်းတို့..သတိကိုကား အရာရာ၌ အလိုရှိအပ်၏ ဟုငါဘုရားမိန့်တော်မူ၏ ဟု ဟောတော်မူခဲ့ပါသည်။ (သံ၊ ၃၊၁၀၀)

(၃) သုစိကမ္မဿ - ဟူသောဒေသနာတော်အရ အရှင်တို့သည် ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှုဟူသမျှတို့ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်သူများ ဖြစ်အောင် ကျင့်ဆောင်တော်မူကြပါ။

"သုစိကမ္မသာတိ နိဒ္ဒေါသေတိ နိရုပရာဓေတိ ကာယကမ္မာ ဒိတိ သမန္နာဂတသ" (ဓမ္မပဒ၊ဋ္ဌ၊၁၊၁၅၂)ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ ကိုယ်အမှု, နှုတ်အမှုစသည်တို့ ပြုပြုသမျှ ချွတ်ယွင်းချက်အပြစ်ကင်းစင်နေကြမှသာ အများ၏ ကြည်ညိုလေးစားမှုကို ရရှိကြ၍ အရှင်တို့၏ သာသနာပြုကိစ္စသည် အောင်မြင်ပြီးမြောက်နိုင်ပါလိမ့်မည်။

နိုင်ငံရပ်ခြား တိုင်းတစ်ပါး၌ နေကြရသည့်အခါ တိုင်းတစ်ပါးသား ရဟန်းများ၏ မသင့်,မတော်,မလျော်သောအမှုအကျင့်များကို ပြုလုပ်မိတတ်ကြပါသည်။ အတွေ့အကြုံတစ်ခုကို လျှောက်ထားရပါလျှင် စင်္ကာပူနိုင်ငံ၌ မြန်မာနှင့် စင်္ကာပူ ဗုဒ္ဓဘာသာဝင်များ စုပေါင်းဖွဲ့စည်းထားသောအသင်း၏ ဓာတ်တော်တိုက်၌ အာဂန္တုက ရဟန်းတော်များ တည်းခိုခွင့်ပြု၍ ဆွမ်းကွမ်းတာဝန်ယူကြပါသည်။ ထိုဓာတ်တော် တိုက်၌ တည်းခိုသော နိုင်ငံခြားပညာတော်သင် ရဟန်းတော်များတွင် အချို့ရဟန်း တော်များသည် နိုင်ငံရပ်ခြား ရဟန်းတော်များ ပြုလုပ်လေ့ရှိသော သမဏသာရုပ္ပ မဖြစ်သော အမှုအကျင့်များ ပြုလုပ်ကြသဖြင့် တပည့်တော်တို့ ဓာတ်တော်တိုက်၌ ဤအမှုအကျင့်များ ပြုကျင့်တော်မမူကြပါရန် တောင်းပန်လျှောက်ထားရကြောင်းကို ဒါယကာများက လျှောက်ထား၍ သိခဲ့ရပါသည်။ ထို့ကြောင့် နိုင်ငံခြားပညာတော်သင် အရှင်တို့သည် -

> **ပါတိမောက္ခံ ဝိသောဓေန္တော၊**
> **အပ္ပေဝ ဇီဝိတံ ဇဟေ။**
> **ပညတ္တံ လောကနာထေန၊**
> **န ဘိန္ဒေ သီလသံဝရံ။** (ဝိသုဒ္ဓိ၊ ၁၊ ၃၅)

ပါတိမောက္ခသံဝရသီလကို သုတ်သင်သောရဟန်းသည် အသက်ကိုစွန့်ရ စေကာမူ ဘုရားရှင် ပညတ်တော်မူအပ်သော သီလစောင့်စည်းမှုကို မပျက်စီးစေရာ- ဟူသော ဝိသုဒ္ဓိမဂ်အဆို အမိန့်အတိုင်း သမဏသာရုပ္ပမဖြစ်သော အမှုအရာတို့ကို လုံးဝရှောင်ကြဉ်၍ သာသနာတော်၏ဂုဏ်၊ နိုင်ငံတော်၏ဂုဏ်ကို စောင့်ထိန်းတော် မူကြပါဘုရား။

(၄) နိသမ္မကာရိနော- ဟူသောဒေသနာတော်အရ "နှိုးနှိုးချိန်ချိန် သုခမိန်" ဟူသော မြန်မာပရိဘာသာနှင့်အညီ အရာရာဝယ် စူးစမ်းနှိုင်းချိန်၍ ပြုလုပ်ဆောင်ရွက်တော်မူကြရန်ကိုလည်း အထူးသတိပေးလိုပါသည် ဘုရား။

(၅) သညတဿ- ဟူသောဒေသနာတော်ကို "ကာယာဒီဟိ သညတဿ နိစ္ဆိဒ္ဒဿ" (ဓမ္မပဒ၊ဋ၊၁၊၁၅၂) ဟု အဋ္ဌကထာဖွင့်သည့်အတိုင်း သူတစ်ပါးတို့ အပြစ်တင်ဖွယ် အပေါက်အကြားမထင်အောင် ကိုယ်နှုတ်နှလုံး စောင့်သုံးတော်မူကြစေလိုပါသည်။ သူတစ်ပါးကို ဗုဒ္ဓ၏အဆုံးအမဖြင့် ယဥ်ကျေးအောင် သာသနာပြုလိုသောပုဂ္ဂိုလ်သည် -

အတ္တာနမေဝ ပဌမံ၊
ပတိရူပေ နိဝေသယေ။
အထည မနုသာသေယျ၊
န ကိလိဿေယျ ပဏ္ဍိတော။ (ဓမ္မပဒ၊ ၃၇)

ရှေးဦးစွာ မိမိကိုယ်ကိုသာ သင့်လျော်သောအကျင့်၌ တည်နေအောင်ပြုပါ။ ထိုနောက်မှ သူတစ်ပါးကို ဆုံးမပါ။ ပညာရှင်သည် သူတစ်ပါးကဲ့ရဲ့ခြင်းဖြင့် မညစ်မနွမ်းစေပါနှင့်ဟူသော မြတ်ဗုဒ္ဓ၏အမိန့်တော်ကို အမြဲနှလုံးသွင်း၍ မိမိ၏ ကိုယ်, နှုတ်,နှလုံးကို စောင့်သုံးသင့်ပါသည်ဘုရား။

(၆) ဓမ္မဇီဝိနော-ဟူသောဒေသနာတော်ကို ရဟန်းတော်များအတွက် "အနဂါရိကဿ ဝေဠုကမ္မဒူတကမ္မာဒီနိ ဝဇ္ဇေတွာ ဓမ္မေန သမေန ဘိက္ခာစရိယာယ ဇီဝိကံ ကပ္ပေန္တဿ" (ဓမ္မပဒ၊ဋ၊၁၊၁၅၂) ဟု အဋ္ဌကထာဖွင့်သည့်အတိုင်း ဗုဒ္ဓပဋိဝေဂ္ဂဆူဖြစ်သော ဘုန်းကြီးအောင် ပြုလုပ်မှု၊ အထင်ကြီးအောင်ပြုလုပ်မှုများကိုလည်း ရှောင်ရှားတော် မူကြစေလိုပါသည်ဘုရား။

(၇) အပ္ပမတ္တသုတ်- ဟူသောဒေသနာတော်အရ မမေ့မလျော့၊ မပေါ့မဆ အပ္ပမာဒတရားလက်ကိုင်ထားတော်မူကြရန်ကိုလည်း တိုက်တွန်းအပ်ပါသည်ဘုရား။

အရှင်တို့သည် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏ အားထားအားကိုးရာ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်များ ဖြစ်လာအောင် ယခုလျှောက်ထားခဲ့ပြီးသော မြတ်ဗုဒ္ဓ၏ ဩဝါဒဒေသနာတော်ကို ရိုသေလေးစားစွာ လိုက်နာကျင့်သုံးကြပါရန် လေးလေးနက်နက် တိုက်တွန်းလိုက်ပါသည်။

## စက်ပ္ပူနိုင်ငံ
## ရွှေဘုရားကျောင်းဆရာတော် ရှိဟာဓော့၏
## တတ်တော်ကျောင်းတော်ကြီးဖွင့်လှစ်ပူဇော်သည့်အခမ်းအနားဦ
## ပေးပို့ချီးမြှင့်တော်မူအပ်သော
## ဩဝါဒကထာ

ဗုဒ္ဓ၏ လွတ်မြောက်ရေးလမ်းစဉ်

သီလံ သမာဓိ ပညာစ၊
ဝိမုတ္တိ စ အနုတ္တရာ။
အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊
ဂေါတမေန ယသဿိနာ။

(ဒီ-၂၊၁၀၂။အံ-၁၊၃၀၈။အံ-၂၊၄၇၇။အဘိ-က၊၉၅။ဣတိဝုတ်-၂၇၀။အပ-၁၊၁၃၆၈)

သီလ၊ သမာဓိ၊ ပညာ၊(ကိလေသာမှလွတ်မြောက်မှု) အရဟတ္တဖိုလ် ဤအမြတ်ဆုံးတရားတို့ကို များသောအခြံအရံ အကျော်အစောရှိတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူအပ်ကုန်ပြီ။

ဤသီလ၊သမာဓိ၊ပညာ၊ဝိမုတ္တိ-ဟူသောလမ်းစဉ်သည် မြတ်ဗုဒ္ဓကိုယ်တော်တိုင် လျှောက်လှမ်းခဲ့၍ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော လွတ်မြောက်ရေးလမ်းစဉ်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် ရဟန်းလူရှင် သူတော်စင်အားလုံးတို့သည် ဗုဒ္ဓမြတ်စွာကို အမြတ်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်သည်မည်လောက်အောင်–

(၁) ရှင်ရဟန်းတို့က ရှင်ရဟန်းတို့စောင့်ထိန်းရမည့် သီလ၊ လူဝတ်ကြောင်တို့ကလည်း လူဝတ်ကြောင်တို့ စောင့်ထိန်းရမည့် သီလကို အသက်ပမာ စင်ကြယ်စွာစောင်ထိန်းကြ၍ လောကီသီလမှ လောကုတ္တရာနှင့်ယှဉ်သော သီလအဖြစ်သို့ရောက်အောင်၊

(၂) သမာဓိတရားကိုလည်း လောကီသမာဓိမှ လောကုတ္တရာနှင့်ယှဉ်သော သမာဓိအဖြစ်သို့ရောက်အောင်၊

(၃) ပညာတရားကိုလည်း လောကီဝိပဿနာပညာမှ လောကုတ္တရာ မဂ်ပညာအဖြစ်သို့ရောက်အောင် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ထက်သန်သော လုံ့လဝီရိယဖြင့် ကျင့်ကြံပွားများ အားထုတ်ကြရမည်။

(၄) ဤသို့ သိက္ခာသုံးရပ် အကျင့်မြတ်ကို မပြတ်အားထုတ်ခြင်းကြောင့် မိမိတို့ကိုယ်တိုင် ထိုးထွင်းသိမြင်အပ်သော ကိလေသာမှ လွတ်မြောက်မှု = အရဟတ္တဖိုလ်ဖြင့် ဗုဒ္ဓမြတ်စွာကို အမြတ်ဆုံး ပူဇော်မှုပြုကြပါကုန်ဟု ဩဝါဒစကား ရေးသားချီးမြှင့်လိုက်ပါသည်။

# ၁၃၅၉-ခု၊ တန်ခူးလဆန်း ၁၁၊ ၁၂-ရက်၊
# ၁၉၉၇-ခု၊ ဧပြီလ ၁၈၊ ၁၉-ရက်
# ကိုရီးယားသမ္မတနိုင်ငံ၊ ပူဆန်မြို့၊ ချိုဆဂျီအွန်စေတီတော်ဖွင့်ပွဲ၌ မိန့်ကြားတော်မူအပ်သော
# နှုတ်ခွန်းဆက် သဒ္ဒေသကထာ

ကိုရီးယားသမ္မနိုင်ငံ၊ ပူဆန်မြို့ ကိုရီးယားဗုဒ္ဓဘာသာ၊ ချွန်တေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ်၏ ပင့်လျှောက်ချက်အရ ကိုရီးယားနိုင်ငံသို့ လာရောက်ရသည့်အတွက် အလွန်ပင် ဝမ်းမြောက်လှပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတကိုယ်တိုင် ဤစေတီတော်ဖွင့်ပွဲ အခမ်းအနားသို့ ကြွရောက်ရန် စီစဉ်ပြီးဖြစ်သော်လည်း ဥက္ကဋ္ဌဆရာတော်ကြီးသည် ကျန်းမာရေး အနည်းငယ်ချို့ယွင်း၍ ဆေးရုံ၌ တက်ရောက်အနားယူနေရသည့်အတွက် မကြွရောက်နိုင်ပါ။

ဥက္ကဋ္ဌဆရာတော်ကြီး ဘဒ္ဒန္တသောဘိတကသူကိုယ်တိုင် အလွန်ပင် ကြွရောက်ချင်သော်လည်း အကြောင်းမညီညွတ်၍ မကြွရောက်နိုင်သည့်အတွက် သူ၏ကိုယ်စား ကျွန်ုပ်ကို စေလွှတ်လိုက်ပါသည်။

ဥက္ကဋ္ဌဆရာတော်ကြီး ဘဒ္ဒန္တသောဘိတသည် ကိုရီးယားဗုဒ္ဓဘာသာ ချွန်တေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ်နှင့်တကွ ကိုရီးယားသမ္မတနိုင်ငံတော် အစိုးရအဖျုံးရှိသော ကိုရီးယားပြည်သူပြည်သားအားလုံးတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလိုသော မေတ္တာတရားကို လွန်စွာပွားများတော်မူပါသည်။

ဥက္ကဋ္ဌဆရာတော်ကြီး ဘဒ္ဒန္တသောဘိတကဲ့သို့ပင် ကျွန်ုပ်တို့ကလည်း ကိုရီးယားဗုဒ္ဓဘာသာ ချွန်တေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဂွါန်ဝမ်ဒုတ်နှင့်တကွ ကိုရီးယားသမ္မတနိုင်ငံတော် အစိုးရအမျိုးရှိသော ကိုရီးယားပြည်သူ၊ပြည်သား အားလုံးတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာရေချမ်းကို သွန်းဖျန်းလျက်ရှိပါသည်။

ကိုရီးယား ဗုဒ္ဓဘာသာဝင်များနှင့် မြန်မာဗုဒ္ဓဘာသာဝင်များသည် ဂေါတမ ဗုဒ္ဓ၏ အဆုံးအမကို ကျင့်သုံးလိုက်နာကြသော တပည့်သာဝကများချည်းဖြစ်ကြ၍ ညီအကိုမောင်နှမများ ဆွေမျိုးရင်းချာများဖြစ်သည်ဟု ဆိုထိုက်ပါသည်။

သို့ဖြစ်၍ ကိုရီးယားနိုင်ငံသို့ လာရောက်၍ ကိုရီးယားဗုဒ္ဓဘာသာ ချွန်တေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဂွါန်ဝမ်ဒုတ်အမျိုးရှိသော ကိုရီးယားရဟန်းတော်များနှင့် ဥပါသကာ,ဥပါသိကာမများကို တွေ့မြင်လိုက်ရကဲ့အခါမှာ နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးရင်းချာများကို ပြန်လည်တွေ့လိုက်ရသလို ကျွန်ုပ်တို့ စိတ်ထဲမှာ ခံစားရပါသည်။ ကိုရီးယားဗုဒ္ဓဘာသာချွန်တေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဂွါန်ဝမ်ဒုတ် အမျိုးရှိသော ကိုရီးယားရဟန်းတော်များနှင့် ဥပါသကာများ, ဥပါသိကာမများလည်း ကျွန်ုပ်တို့ကဲ့သို့ပင် ခံစားရလိမ့်မည်ဟု ယုံကြည်ပါသည်။

ကိုရီးယား၊ မြန်မာချစ်ကြည်မှု ယခုထက် ဆတက်ထမ်းပိုး တိုးတက်ပါစေ၊ ကိုရီးယားမြန်မာချစ်ကြည်ရေး အစွန့်ရှည်စွာ ခိုင်မြဲပါစေ၊ ဗုဒ္ဓ၏သာသနာတော် စည်ပင်တိုးတက်အောင် လက်တွဲဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းလျက် ကျွန်ုပ်၏ နှုတ်ခွန်းဆက်စကားကို နိဂုံးချုပ်ပါသည်။

## ၁၃၅၉-ခု၊တန်ခူးလဆန်း(၁၁၊၁၂)ရက်၁၉၉၇-ခု၊ဧပြီလ(၁၈၊၁၉)ရက် ကိုရီးယားသမ္မတနိုင်ငံ၊ ပူဆန်မြို့၊ ချီဆင်ရီအွန်စေတီတော်ဖွင့်ပွဲ၌ မိန့်ကြားတော်မူအပ်သော

## အနုမောဒနာမိန့်ခွန်း

ကိုရီးယားသမ္မတနိုင်ငံ၊ ပူဆန်မြို့၊ ချီဆင်ရီအွန်စေတီတော်ဖွင့်ပွဲ စေတီတော်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ချွန်တေးဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ဥက္ကဋ္ဌဆရာတော်ဂျွန်ဝမ်ဒုတ်တို့ အမှူးရှိသော ကိုရီးယားရဟန်းတော်များ၊ ကိုရီးယားဗုဒ္ဓဘာသာဝင် ဥပါသကာ, ဥပါသိကာမများနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်အပေါင်းတို့အား မိန့်ခွန်းစကား ပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရှေးဦးစွာ ပြောကြားလိုပါတယ်။

ဤစေတီတော်ဖွင့်ပွဲအခမ်းအနား၌ စေတီတော်ကိုးကွယ်ပုံ၊ကိုးကွယ်နည်း၊ စေတီတော်ကို ပူဇော်ခြင်းကြောင့် ရရှိနိုင်သော အကျိုးစီးပွားတို့ကို ဟောကြားမှာ ဖြစ်ပါတယ်။

စေတီတော်တည်ထားကိုးကွယ်သည့်အခါ စေတီတော်ဖူးလောက်သော စိတ်က တန့်ရပ်မနေဘဲ ဂေါတမဘုရားရှင်ကိုယ်တော်မြတ်တိုင်အောင် စိတ်ရောက်ပြီး ပူဇော်ရပါမယ်။

ဤချီဆင်ရီအွန်စေတီတော်ကြီး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (သာသနာပိုင်) ဘဒ္ဒန္တသောဘိတ ဆရာတော်ကြီးက

ကိုးရီးယားသမ္မတနိုင်ငံ ချွန်တေးဂိုဏ်းချုပ်ဥက္ကဋ္ဌဂျွန်ဝမ်ဒုတ်အား ပေးလှူလိုက်သော ဂေါတမဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို ထည့်သွင်းဌာပနာထားပါတယ်။

ထို့ကြောင့် စေတီတော်ကို ပူဇော်သောပုဂ္ဂိုလ်များသည် ရှေးဦးစွာ စေတီတော်ကို အာရုံပြုပြီးနောက် စေတီတော်အတွင်း၌ ဌာပနာထားသော ဂေါတမဗုဒ္ဓ၏ဓာတ်တော်မွေတော်များကို အာရုံပြုကာ ပူဇော်ကြရပါမယ်။ ထို့နောက် ဓာတ်တော်မွေတော်များမှ တစ်ဆင့်တက်ပြီး ဓာတ်တော်မွေတော်တို့၏ အရှင်ဖြစ်တော်မူသော ဂေါတမဗုဒ္ဓကိုင်အောင် အာရုံပြုကာပူဇော်ကြရပါမယ်။ ဂေါတမဗုဒ္ဓ၏ ရုပ်ပုံတော် စိတ်ထဲမှာပေါ်လာသည့်အခါ ထိုဂေါတမဗုဒ္ဓ၏ ကိလေသာအညစ်အကြေး ဟူသမျှ မြူမျှမကျန်အောင် စင်ကြယ်တော်မူသည့်အတွက် လူနတ်ဗြဟ္မာ သတ္တဝါ အားလုံးရဲ့ အပူဇော်ကို ခံတော်မူထိုက်တဲ့ ''အရဟံ''ဂုဏ်တော်၊ သိစရာရှိသမျှ အားလုံးသော တရားတွေကို မှန်မှန်ကန်ကန် ကိုယ်တော်တိုင် သိတော်မူနိုင်သော ''သမ္မာသမ္ဗုဒ္ဓ''ဂုဏ်တော်အစရှိတဲ့ ဂုဏ်တော်တစ်ပါးပါးကို အာရုံပြုလျက် ကြည်ညိုလေးမြတ်စွာ ဆင်ခြင်အောက်မေ့ပြီးနေရပါမယ်။

ဤသို့ ဂေါတမဗုဒ္ဓ၏ ဂုဏ်တော်တစ်ပါးပါးကို စိတ်ထဲမှာစွဲနေအောင် အာရုံပြုပြီး တစ်ကြိမ်လျှင် တစ်နာရီလောက်၊ တစ်နေ့သုံးကြိမ်လောက် နှလုံးသွင်းဆင်ခြင် နေရပါမယ်။ ထို့နောက် အလေ့အကျင့်ရလာလျှင် ထိုထက် အချိန်ပို၍ ဆင်ခြင်ပွားများနေရပါမယ်။ ဤသို့ ဂေါတမဗုဒ္ဓ၏ ဂုဏ်တော်တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်နေခြင်းသည် ''ဗုဒ္ဓါနုဿတိ''ကမ္မဋ္ဌာန်းကို ပွားများနေသည်မည်ပါတယ်။

အဲဒီလို ဂေါတမဗုဒ္ဓ၏ ဂုဏ်တော်တစ်ပါးပါးကို အချိန်များစွာ ပွားများဖန် များလာလျှင် မိမိတို့၏စိတ်မှာ ရာဂကိလေသာ၊ ဒေါသကိလေသာ၊ မောဟ ကိလေသာအစရှိတဲ့ ကိလေသာအညစ်အကြေးတွေ မကပ်လာနိုင်တော့ဘဲ စိတ် ဖြောင့်ဖြောင့်မတ်မတ် ဖြစ်သွားပါလိမ့်မယ်။

မိမိတို့စိတ်ဟာ ကိလေသာအညစ်အကြေးတွေကင်းပြီး ဖြောင့်ဖြောင့် မတ်မတ် ဖြစ်သွားလျှင် ဝမ်းမြောက်မှု ''ပါမောဇ္ဇ''၊ နှစ်သက်မှု ''ပီတိ''၊

စိတ်၊ စေတသိက်များငြိမ်းအေးမှု "ပဿဒ္ဓိ"၊ ချမ်းသာမှု "သုခ"၊ တည်ကြည်မှု "သမာဓိ" များ ဖြစ်လာပါလိမ့်မယ်။ အဲဒီအခါ မိမိတို့စိတ်ဟာ ဗုဒ္ဓဂုဏ်အာရုံမှတစ်ပါး ဘယ်အာရုံကိုမှ မသွားတော့ဘဲ ဗုဒ္ဓဂုဏ်အာရုံထဲမှာသာစွဲပြီး တည်နေပါလိမ့်မယ်။ မိမိတို့စိတ်ဟာ မိမိထားရာမှာပဲနေတော့တယ်။

အဲဒီလို မိမိစိတ်ဟာ ထားလိုတဲ့အာရုံမှာ ထားလို့ရအောင် တည်ကြည်လာတဲ့ အခါ ဗုဒ္ဓဂုဏ်ကို အာရုံမပြုတော့ဘဲ မိမိသန္တာန်မှာဖြစ်နေတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော ခန္ဓာငါးပါးတို့ကို သတိဉာဏ်တို့ဖြင့် စူးစူးစိုက်စိုက်ရှု ရတယ်။ အဲဒီ ခန္ဓာငါးပါးတို့ဟာ ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှုတွေ ဖြစ်တိုင်းဖြစ်တိုင်း ဖြစ်နေကြတယ်။

မျက်စိဖြင့် အဆင်းတွေကို မြင်တဲ့အခါမှာလည်း ခန္ဓာငါးပါး ဖြစ်ကြတယ်။ နားဖြင့်အသံတွေကို ကြားတဲ့အခါမှာလည်း ခန္ဓာငါးပါး ဖြစ်ကြတယ်။ နှာခေါင်းဖြင့် အနံ့တွေကို နံတဲ့အခါမှာလည်း ခန္ဓာငါးပါး ဖြစ်ကြတယ်။ လျှာဖြင့် အရသာတွေကို လျက်တဲ့အခါ၊ စားသောက်တဲ့အခါတွေမှာလည်း ခန္ဓာငါးပါး ဖြစ်ကြတယ်။ ကိုယ်ဖြင့် အတွေ့အထိတွေကို တွေ့တဲ့အခါမှာလည်း ခန္ဓာငါးပါးဖြစ်ကြတယ်။ စိတ်ဖြင့် အာရုံအမျိုးမျိုးတွေကို သိတဲ့အခါ၊ ကြံစည်တဲ့အခါတွေမှာလည်း ခန္ဓာငါးပါး ဖြစ်ကြတယ်။ သွားတဲ့အခါ၊ ရပ်တဲ့အခါ၊ ထိုင်တဲ့အခါ၊ လျောင်းတဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါ စသည်တွေမှာလည်း ခန္ဓာငါးပါးဖြစ်ကြတယ်။

အဲဒီလို ဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါးကို ဖြစ်ဆဲဖြစ်ဆဲမှာ သတိဉာဏ်တို့ဖြင့် မလွတ်တမ်း ရှုမှတ်ရတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်သန္တာန်မှာဖြစ်သမျှကို ရှုမှတ် နေရတယ်။

အဲဒီလို ရှုမှတ်မှုများလာတဲ့အခါ အသိဉာဏ်ဟာ ရင့်သန်ထက်မြက်လာတယ်။ အသိဉာဏ်ထက်မြက်လာတဲ့အခါ ကိုယ့်သန္တာန်မှာဖြစ်ပေါ်နေတဲ့ နာမ်တရား၊ ရုပ်တရားတွေရဲ့ သဘောအမှန်ကို သိလာတယ်။ ပစ္စည်းတစ်ခုခုကို လက်ဖြင့်ကိုင်ပြီး ကြည့်ရသလို နာမ်တရား၊ ရုပ်တရားတွေရဲ့သဘောကို ထင်ထင်ရှားရှား၊ ပိုင်ပိုင်နိုင်နိုင်

သိလာတယ်။ ဒီခန္ဓာငါးပါးခေါ်တဲ့ နာမ်တရား၊ ရုပ်တရားတွေဟာ ဖြစ်ပြီး ချုပ်ခြင်း ပျက်သွားတဲ့ မမြဲတဲ့သဘောတရားပဲ၊ ဖြစ်ခြင်း၊ ပျက်ခြင်းတွေက အမြဲနှိပ်စက်ခံ နေရတဲ့ မကောင်းတဲ့၊ ဆင်းရဲတဲ့ သဘောတရားတွေပဲ၊ ရှေးကထင်မှတ်နေခဲ့တဲ့ အသက်ကောင် အနှစ်သာရမရှိတဲ့၊ သုညသဘောအတိုင်းဖြစ်နေတဲ့ သဘောတရား တွေပဲလို့ သိလာတယ်။

အဲဒီလို သိလာတာဟာ ဝိပဿနာဉာဏ် စ,ပြီးဖြစ်လာတာပဲ။ အဲဒီလို ကြိုးစားပြီး အဆက်မပြတ် ရှုမှတ်သွားလျှင် ဝိပဿနာဉာဏ်တွေဟာ ရင့်ကျက် ရင့်ကျက်ပြီး တိုးတက်လာတယ်။ အဲဒီ ဝိပဿနာဉာဏ်တွေ အထွတ်အထိပ် ရောက်တဲ့အခါ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်တွေ ဖြစ်ပေါ်လာတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ဖြစ်ပေါ်လာတဲ့အခါ ကိလေသာအညစ်အကြေးတွေ၊ ဆင်းရဲဟူသမျှတွေ ငြိမ်းသွားတဲ့ နိဗ္ဗာန်ခေါ်တဲ့ အငြိမ်းဓာတ်ကို ကိုယ်တိုင်သိသွားတယ်။ အဲဒီလို လေးကြိမ်တိုင်တိုင် နိဗ္ဗာန်ခေါ်တဲ့ အငြိမ်းဓာတ်ကို သိသွားလျှင် ကိလေသာအာသဝခေါ်တဲ့ အညစ် အကြေးတွေ အားလုံးကုန်ခမ်းတဲ့ အရဟန္တာဖြစ်သွားပြီး ပရိနိဗ္ဗာန်ဝင်စံနိုင်တယ်။ အဲဒါဟာ ချိုဆက်ိအွန်စေတီတော် တည်ထားကိုးကွယ်ရတဲ့အကျိုးတွေပါပဲ။

ဂေါတမဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်တုန်းက ပုလိနထူပိယ၊ ပုလိနပူဇက အမည်ရှိတဲ့ အရဟန္တာနှစ်ပါးရှိခဲ့ဖူးတယ်။ အဲဒီ အရဟန္တာနှစ်ပါးဟာ ဟိုလွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းထက်တုန်းက ဟိမဝန္တာအနီးမှာ ရသေ့ပြုလုပ်ပြီး တရားအားထုတ် နေကြတယ်။ သူတို့မှာ တပည့်ရသေ့ပေါင်းများစွာရှိတယ်။ တပည့်ရသေ့တွေက သူတို့ကို ဆည်းကပ်ကြတယ်၊ ကိုးကွယ်ကြတယ်၊ ပူဇော်ကြတယ်။ သူတို့က ဆည်းကပ်စရာ၊ ကိုးကွယ်စရာ၊ပူဇော်စရာ မရှိကြဘူး။ ဆည်းကပ်စရာ၊ ကိုးကွယ်စရာ၊ ပူဇော်စရာ ကင်းမဲ့နေရတာဟာ မသင့်တော်ဘူးလို့ စဉ်းစားပြီး ဆည်းကပ်စရာ၊ ကိုးကွယ်စရာ၊ ပူဇော်စရာ ရှာဖွေတဲ့အခါ သူတို့သင်ယူထား၊ တတ်မြောက်ထားတဲ့ ဝေဒကျမ်းဂန်တွေထဲမှာ ရှေးရှေးက ဗုဒ္ဓတို့ရဲ့ ဂုဏ်တော်တွေကိုတွေ့ရတယ်။

အဲဒီလိုတွေ့ရတဲ့အခါ ရှေးရှေးကဗုဒ္ဓတို့ရဲ့ စေတီတော်ဆိုတာ ဒီလိုပုံစံဖြစ်မှာပဲလို့ စဉ်းစားဆင်ခြင်ပြီး မြစ်ထဲက သဲတွေကို သယ်ယူပြီး သဲပုံစေတီတည်ကြတယ်။ သဲပုံစေတီအနီးသွားပြီး ဗုဒ္ဓတို့ရဲ့ ဂုဏ်တော်တွေကို ဆင်ခြင်နှလုံးသွင်းပြီး ညဥ့်၊ နံနက်ဆည်းကပ်ကြတယ်၊ ကိုးကွယ်ကြတယ်၊ ပန်းစသည်တို့ဖြင့် ပူဇော်ကြတယ်။ အဲဒီလို အသက်ထက်ဆုံး ကိုးကွယ်ပူဇော်ကြတယ်။ အဲဒီ သဲပုံစေတီထဲမှာ ဗုဒ္ဓရဲ့ ဓာတ်တော်တွေလည်း မပါဘူး။ ဗုဒ္ဓရဲ့ရုပ်ပုံတော်တွေလည်း မပါဘူး။ သဲချည်းသက်သက် စေတီပုံတည်ပြီး ဗုဒ္ဓတို့ရဲ့ ဂုဏ်တော်တွေကို အာရုံပြုဆင်ခြင်ပြီး ပူဇော်ကြတယ်။

အဲဒီလို သဲပုံစေတီတည်ပြီး၊ ဗုဒ္ဓတို့ရဲ့ဂုဏ်တော်တွေကို ဆင်ခြင်ပြီး ပူဇော်ခဲ့ကြတဲ့ ကုသိုလ်တွေကြောင့် သူတို့ဟာ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ်လေးပါး မကျမရောက်ရဘဲ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တွေမှာသာဖြစ်ပြီး ဂေါတမဗုဒ္ဓပွင့်တော်မူတဲ့အခါ လူ့ပြည်မှာအမျိုးသားတွေ ဖြစ်လာကြတယ်။ အသက်(၇)နှစ်အရွယ်မှာ ဂေါတမဗုဒ္ဓအထံမှာ ရဟန်းပြုကြတယ်။ မကြာမီ အချိန်အတွင်းမှာပဲ ကိလေသာအာသဝေါတွေ့ အညစ်အကြေးတွေကင်းပြီး အရဟန္တာဖြစ်သွားကြတယ်လို့ ကျမ်းဂန်များမှာ မှတ်တမ်းတင်ထားခဲ့ပါတယ်။

ကိုရီးယားသမ္မတနိုင်ငံ ပူဆန်မြို့မှာ ချိုဆဂျီအွန်စေတီတော်တည်ထား ကိုးကွယ်ကြတဲ့ ချွန်တေးဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ် အမှူးရှိတဲ့ ကိုရီးယားရဟန်းတော်များ ကိုရီးယားဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာမများလည်း ပုလိနထုပိယ၊ ပုလိနပူဇက အရဟန္တာတို့လို အရဟန္တာဖြစ်ပြီး ဒုက္ခအားလုံးငြိမ်းရာဖြစ်တဲ့ “နိဗ္ဗာန်”ဆိုတဲ့ အငြိမ်းဓာတ်သို့ ဆိုက်ရောက်နိုင်ကြပါစေလို့ ဆုတောင်းလျက် ဘုန်းကြီးရဲ့ အနုမောဒနာမိန့်ခွန်းကို အဆုံးသတ်ပါတယ်။

# ၁၃၅၉-ခုနှစ်၊ နယုန်လ၊ ၁၉၉၇-ခု၊ ဇူလိုင်လ
# သီရိလင်္ကာနိုင်ငံ၊ ဂေါ်ဒ်မြို့တွင်ကျင်းပသည့် ရာမညဂိုဏ်း၏
# သံဃာ(၃၀၀)ကျော် ပဥ္စင်းခံပွဲ၌
# ရာမညနိကာယ ရဟန်းတော်တို့အား မိန့်ကြားတော်မူအပ်သော
# နှုတ်ခွန်းဆက် သမ္မောဒနီယကထာ

အရှင်တို့ဘုရား...သီရိလင်္ကာနိုင်ငံ ရာမညနိကာယ၏ ဦးစီးပဓာန ဂုဏာနန္ဒာပရိဝေဏ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာစာရမဟာထေရ် အမှူးရှိသော ရဟန်းတော်တို့၏ ပင့်လျှောက်ချက်အရ သီရိလင်္ကာနိုင်ငံသို့ ကြွရောက်လာရသည့်အတွက် လွန်စွာပီတိသောမနဿ ဖြစ်ရသည့်အပြင် ရာမညနိကာယ၏ ဦးစီးပဓာန ဂုဏာနန္ဒာပရိဝေဏ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာစာရမဟာထေရ် အမှူးရှိသော ရာမညနိကာယဝင် ရဟန်းတော်အရှင်တို့အား အထူးကျေးဇူးတင်ပါသည်ဘုရား။

တပည့်တော်၏ ဤသီရိလင်္ကာနိုင်ငံသို့ ယခုရောက်လာခြင်းသည် တတိယအကြိမ် ဖြစ်ပါသည်။ သာသနာတော်နှစ်(၂၅၀၀)ပြည့်၌ ပထမအကြိမ်ရောက်ခဲ့၍ သာသနာတော် ၂၅၃၈-ခုနှစ်၌ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်၏ ပင့်လျှောက်ချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ဘုရားကြီးနှင့်အတူ ဒုတိယအကြိမ် ရောက်ခဲ့ရပါသည်ဘုရား။

ရှေးယခင်နှစ်ကြိမ် ရောက်ခဲ့စဉ်ကပင် သီရိလင်္ကာရဟန်းတော်များကို ညီအစ်ကိုအရင်းပမာ မိမိ၏စိတ်မှာထင်မြင်ခဲ့ပါသည်။ ယခု တတိယအကြိမ် ပြန်လည်ရောက်ရှိလာသောအခါ ရှေးယခင်က ကွဲကွာနေသော မိမိ၏ညီအစ်ကိုများကို ပြန်လည်တွေ့ဆုံရသလို မိမိ၏စိတ်ထဲမှာ ခံစားရပါသည်။

သီရိလင်္ကာရဟန်းတော်များသည် သီရိလင်္ကာနိုင်ငံသာသနာပြု အရှင်မဟာမဟိန္ဒစသော ရဟန္တာအရှင်မြတ်ကြီးတို့၏ အနွယ်အဆက်များ ဖြစ်ကြပါသည်။ မြန်မာရဟန်းတော်များသည် သုဝဏ္ဏဘူမိတိုင်းပြည် သာသနာပြု အရှင်သောဏ၊ အရှင်ဥတ္တရစသော ရဟန္တာအရှင်မြတ်ကြီးတို့၏ အနွယ်အဆက်များ ဖြစ်ကြပါသည်။ ထို့ကြောင့် သီရိလင်္ကာရဟန်းတော်များနှင့် မြန်မာရဟန်းတော်များသည် ပထမ၊ ဒုတိယ၊ တတိယ သံဂါယနာတင် အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿစသော ရဟန္တာအရှင်မြတ်ကြီးတို့မှ အနွယ်မပျက် ဆင်းသက်လာကြသည့် အနွယ်တူ ညီတော်နောင်တော်များသာ ဖြစ်ကြပါသည်ဘုရား။

သာသနာတော်နှစ် (၁၆၀၀)ကျော်လောက်မှစ၍ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့ အပြန်အလှန် အကူအညီ၊ အထောက်အပံ့ပေး၍ ကျေးဇူးပြုခဲ့ကြပါသည်။ မြန်မာရဟန်းတော်များသည် သီရိလင်္ကာနိုင်ငံသို့ ကြွရောက်၍ သီရိလင်္ကာရဟန်းတော်များထံမှ ဥပသမ္ပဒကံ ထပ်မံဆောင်ရွက်လျက် သိက္ခာသစ်တင်ခဲ့ကြဖူးပါသည်။ သီရိလင်္ကာရဟန်းတော်များသည်လည်း မြန်မာနိုင်ငံသို့ ကြွရောက်၍ မြန်မာရဟန်းတော်များထံမှာ ဥပသမ္ပဒကံ ထပ်မံဆောင်ရွက်လျက် သိက္ခာသစ်တင်ခဲ့ကြဖူးပါသည်။

ဤသို့ သီရိလင်္ကာရဟန်းတော်များနှင့် မြန်မာရဟန်းတော်များသည် ရှေးရှေးကပင် အချင်းချင်း အမှီပြုကြလျက် သာသနာတော်ကို စောင့်ရှောက်လာခဲ့ကြသည်မှာ ယခု တပည့်တော်တို့. အရှင်ဘုရားတို့ လက်ထက်တိုင်အောင် ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ နောင်အနာဂတ်ကာလ၌လည်း သီရိလင်္ကာရဟန်းတော်များနှင့် မြန်မာရဟန်းတော်များသည် အစဉ်အလာမပျက် အချင်းချင်းလက်တွဲလျက် မြတ်စွာဘုရား၏ သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်သွားကြပါစို့ဟု ချစ်ခင်ကြည်ညို ရိုသေလေးစားစွာ လျှောက်ထားပါသည်ဘုရား။

၁၃၅၉–ခု၊ သီတင်းကျွတ်လပြည့်ကျော်(၇)ရက်(၂၆၊၁၀၊၁၉၉၇)
အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့(ဘုံဘေမြို့)အနီး ဗုဒ္ဓဒီပကျွန်း၌
တည်ထားကိုးကွယ်မည့်
ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနား၌
မိန့်ကြားတော်မူအပ်သော

# သာရဏီယ ဩဝါဒကထာ

## အိန္ဒိယနိုင်ငံနှင့် ဗုဒ္ဓသာသနာ

ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်တော်မူရာဖြစ်၍ ဗုဒ္ဓသာသနာတော် စတင်ထွန်းလင်းတောက်ပခဲ့ရာ အိန္ဒိယနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်သွားခဲ့သော ဗုဒ္ဓသာသနာတော်သည် ယခုအခါ အိန္ဒိယနိုင်ငံ၌ ပြန်လည်ထွန်းတောက်လာပြီဟု ဆိုရမည်ဖြစ်ပါသည်။ ပြန်လည်ထွန်းတောက်လာပုံမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့ အင်းလျားမြိုင်လမ်း အပြည်ပြည်ဆိုင်ရာဝိပဿနာအဖွဲ့မှ ဝိပဿနာတရားပြဆရာကြီး သရေစည်သူ ဦးဘခင်၏ တာဝန်ပေးချက်အရတပည့်ရင်းဖြစ်သူ မြန်မာနိုင်ငံသားမဟာသဒ္ဓမ္မဇောတိကဓဇဦးဂိုအင်ကာ၏ ၁၉၆၉–ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာပြန်လည်ထွန်းတောက်ရေးအတွက် ကြိုးမားသော လုံ့လဖြင့် ကြိုးစားဆောင်ရွက်ချက်ကြောင့် ယခုအခါဝယ် အိန္ဒိယနိုင်ငံ၌ အမြဲတမ်းဝိပဿနာရိပ်သာပေါင်း(၂၈)ဌာန၊ ယာယီဝိပဿနာဌာန(၅၀)ကျော် တည်ထောင်နိုင်ခဲ့၍ လက်ထောက်တရားပြဆရာ, ဆရာမ(၃၀၀)ကျော်တို့က ဝိပဿနာတရားများပြသလျက်ရှိရာ ပဋိပတ္တိသာသနာတော်မှာလွန်စွာအံ့ဩလောက်အောင် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ နိကာယ်ငါးရပ်၊ ပိဋကတ်ပါဠိတော်၊ အဋ္ဌကထာ၊

ဋီကာများကို Roman English အက္ခရာ၊ ဒေဝနာဂရီအက္ခရာ၊ မြန်မာအက္ခရာ သုံးမျိုးတို့ဖြင့် CD-Rom ဓာတ်ပြားများသွင်းရန် ဆောင်ရွက်လျက်ရှိရာ ပရိယတ္တိသာသနာတော်လည်း ထွန်းတောက်လာပြီဟု ဆိုရမည်ဖြစ်ပါသည်။

ယင်းသို့ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ပြန်လည် ထွန်းလင်းတောက်ပလာခြင်း၏ အထိမ်းအမှတ်အဖြစ်ဖြင့် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့(ဘုံဘေမြို့)အနီးဝယ် ဉာဏ်တော်အားဖြင့် (၃၂၅)ပေရှိ စေတီတော်မြတ်ကြီးတည်ထားကိုးကွယ်ရန် စီမံဆောင်ရွက်မှုသည် ဗုဒ္ဓသာသနာတော်အတွက် လွန်စွာအရေးပါသော သာသနာ့မှတ်တိုင်ကြီးတစ်ခု တည်ဆောက်မှုဖြစ်၍ ဗုဒ္ဓသာသနာတော်အား လွန်စွာအကျိုးများစေသော ဆောင်ရွက်မှုကြီးဖြစ်ပေသည်။

## ဗုဒ္ဓသာသနာ့မှတ်တိုင်ကြီး

စေတီပုထိုးတော်ကြီးများသည် သာသနာတော်အတွက် အလွန်အရေးပါသော သာသနာ့မှတ်တိုင်ကြီးများ ဖြစ်ခြင်းကြောင့်ပင် ရှေးရှေးသော သာသနာပြုရဟန္တာအရှင်မြတ်ကြီးတို့သည် မိမိတို့ပြုအပ်သော ဗုဒ္ဓသာသနာတော် အရှည်ခံ၍ တည်တံ့အောင် စေတီပုထိုးတော်ကြီးများကို တည်ထားကိုးကွယ်စေခဲ့ကြပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှ ၂၃၆-ခုနှစ်မြောက်တွင် အရှင်မဟာမဟိန္ဒရဟန္တာအရှင်မြတ်ကြီးသည် နယုန်လပြည့်နေ့ဝယ် သီရိလင်္ကာ(ခေါ်)သီဟိုဠ်ကျွန်းသို့ကြွရောက်၍ ဗုဒ္ဓသာသနာတော်ကို ထွန်းလင်းတောက်ပလာစေပြီး ပဌမဝါကျွတ်ပြီး တန်ဆောင်မုန်းလဝယ် ဒေဝါနံပိယတိဿမင်းအား ထူပါရာမစေတီတော်ကြီးကို တည်ထားကိုးကွယ်စေတော်မူခဲ့ပါသည်။

ပုဂံသာသနာပြုအရှင်အရဟံ(ခေါ်)အရှင်ဓမ္မဒဿီ ရဟန္တာအရှင်မြတ်၏ တိုက်တွန်းချက်အရ အနော်ရထာမင်းမြတ်သည်လည်း ရွှေစည်းခုံစေတီတော်၊ လောကနန္ဒာစေတီတော်စသော စေတီတော်ကြီးများကို တည်ထားကိုးကွယ်ခြင်းဖြင့် သာသနာ့မှတ်တိုင်ကြီးများကို စိုက်ထူတော်မူခဲ့ပါသည်။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ပြန်လည်ထွန်းလင်းတောက်ပလာခြင်း၏ အထိမ်းအမှတ်အဖြစ်ဖြင့် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့(ဘုံဘေမြို့)အနီးဝယ် စေတီတော်မြတ်ကြီးတည်ထားကိုးကွယ်မှုသည် ရှေးရှေးသော ရဟန္တာအရှင်မြတ်ကြီးများနှင့် သာသနာပြုမင်းကောင်းမင်းမြတ်များ၏ သာသနာပြုလမ်းစဉ်အတိုင်း ဗုဒ္ဓသာသနာ့မှတ်တိုင်ကြီးတစ်ခု တည်ဆောက်မှုဖြစ်၍ ဗုဒ္ဓသာသနာတော်အရှည်တည်တံ့ပြန့်ပွားထွန်းကားရေးအတွက် လွန်စွာအကျိုးများသော သာသနာပြုလုပ်ငန်းကြီးဖြစ်ပါသည်။

## စေတီတည်ထားကိုးကွယ်ရကျိုး

စေတီတော်တည်ထားကိုးကွယ်ရသော ကောင်းမှုကုသိုလ်၏ ကြီးကျယ်များမြတ်သော အကျိုးရှိပုံကို ထေရဝါဒပိဋကတ်ကျမ်းဂန်များမှ အနည်းငယ်အမြွက်မျှထုတ်ပြလိုပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက ''ပုလိနပူဇကထေရ်''နှင့် ''ပုထိနထူပိယထေရ်'' ဟု အမည်တွင်သော ရဟန္တာထေရ်နှစ်ပါးတို့ အထင်အရှားရှိခဲ့ပူးပါသည်။

ထိုနှစ်ပါးတို့တွင်''ပုလိနပူဇကထေရ်''သည် လွန်ခဲ့ပြီးသောကမ္ဘာတစ်သိန်းထက်က ဟိမဝန္တာတောင်မှာ ရသေ့ပြု၍ တရားအားထုတ်နေခဲ့သည်။ သူ၏အမည်ကား ဒေဝလဖြစ်သည်။ သူ၏အထံ၌ ဆည်းကပ်နေကြသော တပည့်များမှာရှစ်သောင်းလေးထောင်ရှိ၏။

ဒေဝလရသေ့သည် မြစ်ထဲမှသဲများကို စုပုံ၍ သဲပုံစေတီတည်ထားပြီးလျှင် ဝေဒကျမ်းများ၌ ဖော်ပြအပ်သော မြတ်စွာဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို အာရုံပြု၍ ရှိခိုးခြင်း၊ ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်းကိုပြုလေသည်။

တပည့်ရသေ့တို့က မေးမြန်းသောအခါ ဝေဒကျမ်းများ၌ ဖော်ပြထားသော မြတ်စွာဘုရားရှင်တို့၏ ဂုဏ်တော်များကို ချီးကျူးဟောပြလျက် တပည့်ရသေ့တို့ကိုလည်း သဲပုံစေတီကို ရှိခိုးပူဇော်ကြရန် တိုက်တွန်းလေသည်။တပည့်ရသေ့တို့က

လည်း ဆရာ၏စကားကို လေးစားလိုက်နာ၍ သဲပုံစေတီကို ဝွမ်းအားရှိသမျှ ပူဇော်ကြလေသည်။

သဲပုံစေတီ တည်ထားကိုးကွယ်ခဲ့ရသောကုသိုလ်၊ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ချီးကျူးခဲ့ရသောကုသိုလ်တို့ကြောင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာစသော မကောင်းသောဘဝတို့၌ မဖြစ်ရဘဲ လူနတ်တို့၏ စည်းစိမ်တို့ကို ခံစားခဲ့ရလေသည်။

ယခုဂေါတမမြတ်စွာဘုရားလက်ထက်တော်မှာ အမျိုးကောင်းသားဖြစ်၍ မြတ်စွာဘုရားသာသနာတော်သို့ ဝင်ရောက်ရဟန်းပြုကာ တရားတော်ကိုကျင့်သုံး၍ အာသဝေါကုန်ခန်းသည့် ရဟန္တာဖြစ်တော်မူရလေသည်။(ထေရာပဒါနပါဠိ၊၂၊၆၄-၆၅)

ပုလိနထူပိယထေရ်၏ အလောင်းအလျာဖြစ်သော အမျိုးကောင်းသား သည်လည်း ဟိမဝန္တာ၏အနီး ယမကတောင်၌ ရသေ့ပြု၍ သမထဘာဝနာကို ပွားများ အားထုတ်နေလေရာ ဈာန်အဘိညာဉ်တို့ကို ရရှိလေသည်။ အမည်မှာ နာရဒ ဖြစ်သည်။ တပည့်ရသေ့ပေါင်း တစ်သောင်းလေးထောင်ရှိ၏။

နာရဒရသေ့သည် တပည့်များက မိမိကိုပူဇော်ကြ၍ မိမိက ပူဇော်ရာမရှိ သည့်အတွက် ပူဇော်ရာကို ရှာလိုသောကြောင့် အမရိကာမြစ်မှ သဲများကိုစုရုံး၍ ရှေးဘုရားရှင်တို့၏စေတီတော်ပုံသဏ္ဌာန်ကို မှန်းဆကာ သဲပုံစေတီတည်၍ အဘိညာဉ်တန်ခိုးဖြင့် ရွှေအတိပြီးအောင် ဖန်ဆင်းလိုက်လေသည်။

မြတ်စွာဘုရားတို့၏ ဂုဏ်တော်တို့ကို အာရုံပြုလျက် သဲပုံစေတီကို ညဥ့်နံနက်ရှိခိုးလေသည်။ ပန်းတို့ဖြင့်လည်း ပူဇော်လေသည်။ ကိလေသာနှင့် ကာမဝိတက်စသည်များ ဖြစ်ပေါ်လာလျှင် သဲပုံစေတီအနီးသို့ကပ်၍ မြတ်စွာ ဘုရားရှင်တို့ကို အာရုံပြုလျက် ပယ်ဖျောက်လေသည်။ အသက်အတိုင်းနေ၍ စုတေသောအခါ ဗြဟ္မာပြည်၌ ဖြစ်လေသည်။

သပုံစေတီတည်၍ ကိုးကွယ်ပူဇော်ခဲ့ရသော ကုသိုလ်ကြောင့် ၎င်း၏ တိရစ္ဆာန်ပြိတ္တာစသော မကောင်းသောဘဝတို့၌ မဖြစ်ရဘဲ လူပြည်နတ်ပြည်တို့၌သာ ဖြစ်ခဲ့ရလေသည်။

ယခုဂေါတမမြတ်စွာဘုရား၏ လက်ထက်တော်၌ သာဝတ္ထိပြည်ဝယ် အမျိုးကောင်းသားဖြစ်၍ (၇)နှစ်သားအရွယ်၌ သူ၏မိဘများ ကိုးကွယ်အပ်သော ဗောဓိပင်၏အဖွေးဖြင့် ပြုလုပ်ထားသော ရွှေစေတီကို ဖူးမြင်ရသောအခါ နာရေး ရသေ့ဘဝတုန်းက သူကိုးကွယ်ခဲ့သော သပုံစေတီကို အမှတ်ရပြီးလျှင် တစ်ထိုင် တည်းဖြင့်ပင် ရဟန္တာဖြစ်သွားလေသည်။ (ထေရာပဒါန်ပါဠိ၊ ၂၊ ၇၉-၈၁)

ဤပုလိနပူဒကထေရ်နှင့် ပုလိနထူပိယထေရ်တို့သည် မြတ်စွာဘုရားရှင် တို့၏ဓာတ်တော်များ၊ ရုပ်ပွားဆင်းတုတော်များ ဘာတစ်ခုမျှမပါဘဲ သပုံကိုစုပုံ၍ စေတီတည်ပြီး ကိုးကွယ်ပူဇော်ခဲ့သော ကုသိုလ်ကြောင့် မကောင်းသောဘဝတို့၌ မဖြစ်ရဘဲ ကောင်းမြတ်သောဘဝတို့၌သာ ကျင်လည်ခဲ့ရ၍ နောက်ဆုံးဘဝ၌ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်ဝင်စံကြရသေးသည်။

ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်မွေတော်အစစ်များကို ဌာပနာသွင်း၍ ဤစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ် ပူဇော်ကြရသော သူတော်ကောင်း အပေါင်းတို့မှာ အဘယ်မှာလျှင် ဆိုဖွယ်ရာရှိပါတော့မည်နည်း။ အလွန့်အလွန် ကြီးကျယ်မွန်မြတ်သည့် သူတော်ကောင်းအပေါင်းတို့မှာ အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိပါတော့မည်နည်း။ အလွန့်အလွန်ကြီးကျယ်မွန်မြတ်သည့် မရေတွက်နိုင်၊ မနှိုင်း ယှဉ်နိုင်သော လောကီလောကုတ္တရာချမ်းသာများကို ကေန်ရရှိခံစားကြမည် ဖြစ်ပေသည်။

## စေတီရုပ်ပွားကိုးကွယ်နည်း

အထူးသြဝါဒပေးလိုသည်မှာ စေတီတော်၊ ရုပ်ပွားဆင်းတုတော်၊ ပန်းချီဆေးရေးဘုရားပုံတော်များကို ကိုးကွယ်ပူဇော်ကြရာ၌ စေတီတော်၊ ရုပ်ပွား ဆင်းတုတော်၊ ပန်းချီဆေးရေးဘုရားပုံတော်မျှလောက်သာ စိတ်ကိုမထားဘဲ

သက်တော်ထင်ရှား မြတ်စွာဘုရားတိုင်အောင်စိတ်ရောက်ပြီး ကိုးကွယ်ပူဇော်ကြရမှာ ဖြစ်ပေသည်။

ဥပမာ–ကွယ်လွန်သွားသော မိဘ၏ဓာတ်ပုံကို မြင်လိုက်ရသော သား သမီးသည် ဓာတ်ပုံမှာသာ စိတ်ကမနေဘဲ အသက်ထင်ရှားရှိတုန်းက မိဘနှစ်ပါး တိုင်အောင် စိတ်ရောက်သွားသလို သက်တော်ထင်ရှားရှိတုန်းက မြတ်စွာဘုရားသို့ စိတ်ရောက်ပြီး အာရုံပြုကာ ကိုးကွယ်ပူဇော်ကြရမှာဖြစ်ပေသည်။

ဤသို့ မြတ်စွာဘုရားသို့စိတ်ရောက်ပြီး အာရုံပြုကာ ကိုးကွယ်ပူဇော်ကြ ပါလျှင်–

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ၊
စေတော ပဏိဓိ ဟေတုဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

ဟူသော (ဝိမာနဝတ္ထုပါဠိတော်–၆၆) လာ ဒေသနာနှင့်အညီ သက်တော် ထင်ရှား မြတ်စွာဘုရားကို ကိုးကွယ်ပူဇော်ရသောကုသိုလ်၏ အကျိုးနှင့်တူညီသော အကျိုးကိုရနိုင်ပေသည်။

## ဗုဒ္ဓါနုဿတိမှ နိဗ္ဗာန်ရ

မြတ်စွာဘုရား၏ ဂုဏ်တော်တစ်ပါးပါးကို စွဲစွဲမြဲမြဲ၊ အပန်ပန်၊ အထပ်ထပ်၊ အမှတ်ရပွားများမှုကို ဗုဒ္ဓါနုဿတိဘာဝနာခေါ်သည်။ ထိုဗုဒ္ဓါနုဿတိဘာဝနာကို မပြတ်မလပ် ပွားများအားထုတ်သူမှာ ရာဂ၊ ဒေါသ၊ မောဟသောင်းကျန်းသော စိတ်များမဖြစ်ဘဲ မြတ်စွာဘုရားဂုဏ်ကို အာရုံပြု၍ မိမိ၏စိတ်သည် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ ဖြောင့်မတ်စွာသွားနေသည်။ စိတ်ဖြောင့်မတ်သူမှာ ဝမ်းမြောက်မှု= ပါမောဇ္ဇဖြစ်ပေါ်လာပါသည်။ ဝမ်းမြောက်မှု= ပါမောဇ္ဇဖြစ်သူမှာ နှစ်သက်မှု=ပီတိဖြစ် ပေါ်လာသည်။ နှစ်သက်မှု=ပီတိ ဖြစ်သူမှာ စိတ်,စေတသိက်တို့ငြိမ်းအေးမှု= ပဿဒ္ဓိဖြစ်ပေါ်လာသည်။ ပဿဒ္ဓိဖြစ်သူမှာ ကိုယ်စိတ်နှစ်ပြာချမ်းသာလေသည်။ ကိုယ်စိတ်ချမ်းသာသူမှာ စိတ်တည်ကြည်မှု= သမာဓိရလာသည်။

မိမိ၏စိတ်သည် မြတ်စွာဘုရား၏ ဂုဏ်တော်မှတစ်ပါး အခြားအာရုံသို့ မသွားတော့ဘဲ မြတ်စွာဘုရား၏ ဂုဏ်တော်အာရုံမှာသာ စွဲစွဲမြဲမြဲတည်နေလျှင် ဝိပဿနာတရားအလျဉ်သို့ရောက်အောင် မိမိသန္တာန်၌ရှိသော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော နာမ်ရုပ်တရားတို့ကို စူးစိုက်၍ရှုမှတ်ရမည်။

နာမ်တရား၊ရုပ်တရားတို့ကို ဖြစ်တိုင်းဖြစ်တိုင်း စူးစူးစိုက်စိုက် ရှုမှတ်ပွားများနေလျှင် ဝိပဿနာဉာဏ်များ အဆင့်ဆင့်ဖြစ်ပေါ်လာပြီးလျှင် ဝိပဿနာဉာဏ်ရင့်ကျက်သည့်အခါ၌ သင်္ခါရခပ်သိမ်းတို့ ချုပ်ငြိမ်းနေသော နိဗ္ဗာနဓာတ်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် သိမြင်ဆိုက်ရောက်သွားနိုင်လေသည်။ ဆက်လက်အားထုတ်၍ လေးကြိမ်တိုင်အောင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ဆိုက်ရောက်သွားလျှင် အာသဝေါကုန်ခန်းသည့် ရဟန္တာဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ဝင်စံနိုင်လေသည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ပြန်လည်ထွန်းတောက်လာခြင်း၏ အထိမ်းအမှတ်အဖြစ်ဖြင့် စေတီတော်ကြီးတည်ထား ကိုးကွယ်ကြသော သူတော်စဉ်အားလုံးတို့သည် မြတ်စွာဘုရား၏ ဂုဏ်တော်များကို အဖန်ဖန်၊ အထပ်ထပ် အမှတ်ရပွားများကြ၍ ဒုက္ခခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ဝင်စံနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလျက် သာရဏီယသြဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။

## ၁၃၆၀-ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက်၊ (၂၀၊၆၊၉၈) တနင်္ဂနွေနေ့ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂန်မြို့၊ ဓမ္မတဏှာကစေတီတော်ထီးတော်တင်လှူပွဲနှင့်ဘာသာပေါင်းစုံတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသောဘိတ၏ (ကိုယ်စား) အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကုမာရရေးသား၍ ဖတ်ကြားတင်ပြအပ်သော

## ဆွေးနွေးတင်ပြချက်

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂန်မြို့၊ ဗုဒ္ဓဝိဟာရကျောင်းတိုက် ဆရာတော် ဒေါက်တာရေဝတ၏ ဓမ္မတဏှာကစေတီတော် ထီးတော်တင်လှူပွဲနှင့် နိုင်ငံတကာမှ ဘာသာရေးခေါင်းဆောင်များ၏ ဘာသာစုံတွေ့ဆုံဆွေးနွေးပွဲသို့ ပင့်လျှောက်ချက်အရ နိုင်ငံတကာမှ ဘာသာရေးခေါင်းဆောင်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်ရသဖြင့် အတိုင်းမသိအောင် များပြောင်လှစွာသော ပီတိသောမနဿများဖြစ်ရသည့်အပြင် ဤအစည်းအဝေးကြီးဖြစ်မြောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော် ဒေါက်တာရေဝတကိုလည်း အထူးပင်ကျေးဇူးတင်ပါတယ်။

ကမ္ဘာပေါ်ရှိ ဘာသာအယူဝါဒအမျိုးမျိုးကို စတင်တည်ထောင်သွားကြသော ဘာသာရေး မိးရှူးတန်ဆောင်ဖြစ်သည့် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ကြီးများသည်

လူ့နတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ချမ်းသာကြောင်းဖြစ်သော တရားတွေကို မိမိတို့ကိုယ်တိုင် ရှာဖွေကျင့်သုံးပြီး နောင်လာနောက်သား သံတ္တဝါများအကျိုးမှာ ဘာသာ၊ အယူဝါဒတွေကို တည်ထောင်ခဲ့ကြတာဖြစ်ပါသည်။

ထိုထိုဘာသာဝင်တိုင်း၊ ဘာသာဝင်တိုင်းဟာ မိမိတို့ကိုးကွယ်ရာ ဘာသာ၊ အယူဝါဒကို စတင်တည်ထောင်သည့် ဘာသာရေးရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ကြီးတို့၏ လမ်းညွှန်ချက်များကို မပိုတ်မသုံ ယုံယုံကြည်ကြည် လိုက်နာကျင့်သုံးနေကြသူတွေ ချည်းဖြစ်ကြပါတယ်။

ကျွန်ုပ်တို့၏ဆရာ ဂေါတမမြတ်စွာဘုရားသည် ကမ္ဘာကြီး ငြိမ်းချမ်းသာယာ စေနိုင်သော မေတ္တာတရားပွားများမှုကို ဟောကြားတော်မူခဲ့ပါတယ်။ မေတ္တာ ဟူသည် ကမ္ဘာသူကမ္ဘာသား သတ္တဝါအားလုံး ချမ်းသာစေလိုသော သဘောတရား ဖြစ်ပါတယ်။ ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း မေတ္တာတရားပွားများနေကြပါလျှင် ဤကမ္ဘာ လောကကြီးသည် ငြိမ်းချမ်းသာယာသော ကမ္ဘာလောကကြီး ဖြစ်လာမည်မှာ မလွဲကေန် ဖြစ်ပါတယ်။

ထို့ကြောင့် ဘာသာဝင်တိုင်း၊ ဘာသာဝင်တိုင်း ကျင့်သုံးနေကြတဲ့ မေတ္တာတရားကိုရှေ့ထားလျက် ဤအခမ်းအနားကြီးသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ အားလုံးသော ပုဂ္ဂိုလ်အပေါင်းတို့အား လှိုက်လှိုက်လှဲလှဲ နှုတ်ခွန်း ဆက်သပါတယ်။

လောကဦ ဗုဒ္ဓဘုရားက "**မနုဿတ္တဘာဝေါ ဒုလ္လဘော=လူ့အဖြစ်ကို ရခဲသည်**"ဟု ဟောခဲ့ပါတယ်။ အမှန်အားဖြင့်လည်း လူ့အဖြစ်ရခဲသည်မှာ မှန်လှ ပါတယ်။ မှန်,မမှန်ကို လက်တွေ့နှိုင်းယှဉ် ကြည့်ကြမယ်ဆိုရင်လည်း မိမိတို့ အိမ်တွင်းမှ ရှိသောလူဦးရေနှင့် တိရစ္ဆာန်ဦးရေ အရေအတွက်ကို နှိုင်းယှဉ်ကြည့်က သိသာနိုင်ပါတယ်။

လူ့ဘဝလူ့လောကမှာ လူ့ရယ်လို့ဖြစ်လာရင် လူသားတိုင်းဟာ အပေါင်း အဖော်နှင့် နေထိုင်ကြတယ်။ ဒါ့ကြောင့် အိမ်ထောင်သားမွေးခြင်း၊ အပေါင်းအသင်း

မိတ်ဆွေဖွဲ့ခြင်း၊ ဆက်ဆံခြင်းပြုနေကြပါတယ်။ လူ့ဘဝမှာ ချမ်းသာသုခပြည့်စုံစွာနှင့် နေလိုကြသည့်အတွက် ဥစ္စာစီးပွားကို ရှာလိုကြတယ်။ ဥစ္စာစီးပွားဖြစ်လာတော့ အန္တရာယ်ကင်းဘေးရှင်းလိုကြတယ်၊ နောက်ဆုံးအဆင့်ကြတော့ ဘဝကို လွတ်မြောက်လိုကြတယ်၊ အဲဒီလို လွတ်မြောက်လိုကြသည့်အတွက် ဆိုင်ရာဆိုင်ရာကိုးကွယ်မှုတွေ အားထားမှုတွေကို ရှာဖွေကြတယ်၊ ကိုးကွယ်ဆည်းကပ်ကြတယ်။

အဲဒီလို ဘဝအဆင့်ဆင့်လိုချင်မှု၊ တောင့်တမှု၊ လွတ်မြောက်မှုတွေကို ရှာကြတဲ့အခါမှာ စစ်မှန်သော နည်းမှန်လမ်းမှန်တရားနှင့် လမ်းစဉ်ကို ရရန်လိုအပ်နေပါတယ်။

ကမ္ဘာပေါ်မှာ လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်က ပေါ်ထွန်းခဲ့သော ဂေါတမဗုဒ္ဓဘုရားဟာ အဲဒီလိုလူသားတွေရဲ့ လိုလားတောင့်တမှု၊ လွတ်မြောက်လိုမှုတွေနှင့်ပတ်သက်လို့ လမ်းစဉ်တစ်ရပ် ချမှတ်ပေးခဲ့ပါတယ်။ အဲဒီလမ်းစဉ်က ဘာလဲဆိုတော့ "သီလ၊ သမာဓိ၊ ပညာ"လမ်းစဉ်ပါပဲ။

သီလ၊ သမာဓိ၊ ပညာဆိုတဲ့ လမ်းစဉ်သုံးရပ်ကို အကျင့်သိက္ခာသုံးပါးလို့ ခေါ်ပါတယ်။ ဗုဒ္ဓအဆုံးအမကို လိုက်နာကျင့်သုံးသူတိုင်းက ဤသိက္ခာသုံးပါး အကျင့်တရားကို အဓိကထား ကျင့်ကြံအားထုတ်ကြရပါတယ်။ အားထုတ်လျှင် ဤကိုယ်ကျင့်တရားသုံးပါးဟာ လူဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ် ကျင့်ကြံအားထုတ်သူတိုင်းအတွက် ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြောင်း အကျင့်တရားသုံးပါး ဖြစ်ပါတယ်။

အနည်းငယ်ချဲ့ပြီး ပြောပါမယ်။ ဤကိုယ်ကျင့်တရားသုံးပါး အနက် သီလ-ဆိုတာ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော မကောင်းမှုများကို ဖယ်ရှားရှောင်ကြဉ်ခြင်းနှင့် မှန်ကန်အောင် ပြောဆိုခြင်းစသော အကျင့်တရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းပဲဖြစ်ပါတယ်၊ ရှောင်သင့်သည်ကိုရှောင်၍ ကျင့်ဆောင်သင့်သည်ကို ကျင့်ဆောင်ခြင်းဟာ 'သီလ'ဆိုတဲ့ ကိုယ်ကျင့်တရားပါပဲ။

သီလကိုယ်ကျင့်လုံခြုံရုံမျှဖြင့် မပြီးဆုံးသေးပါဘူး။ လူ့လောကမှာ စိတ်ဓာတ် တည်ငြိမ်မှုရအောင်လည်း ကြိုးစားအားထုတ်ရပါတယ်။ လောက၌ စိတ်ဓာတ် တည်ငြိမ်မှုမရလျှင် မည်သည့်လုပ်ငန်းမျှ မအောင်မြင်နိုင်ပါဘူး။ စိတ်ဓာတ်တည်ငြိမ်မှု ရခြင်းသည် သမာဓိဆိုတဲ့ ကိုယ်ကျင့်တရားပဲဖြစ်ပါတယ်။

သီလလုံခြုံရုံမျှ၊ စိတ်ဓာတ်တည်ငြိမ်မှု သမာဓိရှိရုံမျှဖြင့် လောကလူသား များဟာ မပြီးသေးပါဘူး။သီလလုံခြုံ၍ စိတ်ဓာတ်တည်ငြိမ်မှု သမာဓိရှိသော ပုဂ္ဂိုလ်သည် မိမိရဲ့ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို အမြဲမရှိဘူးဆိုတဲ့ အနိစ္စ၊ အမြဲမရှိသော ကြောင့် ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခ၊ မမြဲခြင်းဆိုတဲ့ အနိစ္စနှင့် ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခကြောင့်ပင် မိမိရဲ့ခန္ဓာကိုယ်ကြီးကို မိမိလိုသလို ပြုလုပ်လို့မရဘူးဆိုတဲ့ အနတ္တ တို့ကို ကွက်ကွက်ကွင်းကွင်းမြင်အောင် အသိဉာဏ်ကို အသုံးချရပါမယ်။

ဤမမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခနှင့် လိုသလိုလုပ်မရဘူးဆိုတဲ့ အနတ္တ၊ ဤသုံးပါးတို့ကို အသိဉာဏ်မြင်လာအောင် ကြိုးစားအားထုတ်ခြင်းဟာ 'ပညာ'ပင် ဖြစ်ပါတယ်။

ဒါ့ကြောင့် သီလ၊သမာဓိ၊ပညာဆိုတဲ့ ကိုယ်ကျင့်တရားသုံးပါးကို ကျင့်ကြံ ကြိုးကုတ်အားထုတ်ပါက ဆင်းရဲအားလုံးမှ လွတ်မြောက်ခြင်းဆိုတဲ့ 'ဝိမုတ္တိ' အရသာကို ခံစားကြရမှာဖြစ်ပါတယ်။

ဗုဒ္ဓအဆုံးအမကို လိုက်နာကျင့်ကြံသူတိုင်းသည် သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ ကိုယ်ကျင့်တရားသုံးပါးကို အဓိကအားဖြင့် ကြိုးစားအားထုတ်၍ ကျင့်ကြံ ကြပါတယ်။ ဒီကိုယ်ကျင့်တရားသုံးပါးကို ဘယ်သူပဲဖြစ်ဖြစ် လိုက်နာကျင့်ကြံ အားထုတ်ပါက ဆင်းရဲခြင်းအားလုံးမှ လွတ်မြောက်နိုင်ကြပါတယ်။

ဒါ့ကြောင့် ကမ္ဘာပေါ်ရှိ ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုသူ လူသားအားလုံး သည် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ကိုယ်ကျင့်တရားသုံးပါးကို ကျင့်ကြံအားထုတ်နိုင် ကြပါစေလို့ မေတ္တာပို့ပြီး နိဂုံးချုပ်အပ်ပါတယ်။

အားလုံး ကိုယ်စိတ်နှစ်ပြာ ကျန်းမာ၍ ချမ်းသာကြပါစေ

## ၁၃၆၂–ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၁)ရက်၊ (၂၈၊၈၊၂၀၀၀) အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံခန်းမတွင်ကျင်းပသည့် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ၏ ထောင်စုနှစ်ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးညီလာခံ၌ မိန့်ကြားအပ်သော ငြိမ်းချမ်းရေးမိန့်ခွန်း

ယခုစတင်ကျင်းပသည့် ဘာသာရေးခေါင်းဆောင်များ၏ ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးညီလာခံကြီးတွင် ကမ္ဘာ့လူသားအားလုံး စစ်ဘေးအန္တရာယ်မှ ကင်းဝေးစေရန် အကြမ်းဖက်မှုများ၊ အဖျက်လုပ်ငန်းများ၊ ပဋိပက္ခမှုများမှ ကင်းဝေးစေမည့် နည်းလမ်းများရရှိရေးအတွက် ဆွေးနွေးညှိနှိုင်း အဖြေရှာကြမည်ဟု သိရှိရပါသည်။

အကြမ်းဖက်မှုနှင့် ပဋိပက္ခမှုများချုပ်ငြိမ်းပြီး စစ်ဘေးအန္တရာယ် ကင်းဝေးစေရန် နည်းလမ်းများမှာ ခက်ခက်ခဲခဲ ရှာဖွေနေရန်မလိုဘဲ ရှေးရိုးစဉ်လာကျင့်သုံးခဲ့ကြသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားလေးပါးကို လက်တွေ့ကျင့်သုံးကြရန်ပင် ဖြစ်ပါသည်။ ဤနည်းလမ်းကို ကမ္ဘာ့လူသားများ အားလုံးလိုလို သိရှိကြပြီးဖြစ်သည်။ ထိုသို့ သိရှိကြသည့်အတိုင်း လက်တွေ့လိုက်နာကျင့်သုံးကြပါက လူသားတိုင်းက မလိုလားသည့် အနိဋ္ဌာရုံအဖြစ်အပျက်များနှင့် ရင်ဆိုင်တွေ့ကြုံနေကြရခြင်းတို့မှ ကင်းဝေးကြပေမည်။

ပြဿနာ၏အဖြေမှာ လွယ်သည်၊ ရှင်းသည်၊ လူတိုင်းလည်း သိရှိကြပြီး ဖြစ်သည်။ သို့သော် လိုက်နာကျင့်သုံးမှု မပြုနိုင်ကြသည့်အတွက် အခက်ကြုံနေကြရခြင်းဖြစ်သည်။ မေတ္တာဆိုသည်မှာ သတ္တဝါအားလုံးကို မိမိနှင့်ထပ်တူ ချစ်ခြတ်နိုးခြင်း

အကျိုးစီးပွားကို လိုလိုလားလား ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။ ကရုဏာဆို သည်မှာ မိမိအောက်နိမ့်ကျသူ အားနည်းသူများကို သနားညှာတာခြင်း၊ ကြင်နာ ယုယခြင်းဖြစ်သည်။ မုဒိတာဆိုသည်မှာ မိမိထက်အင်အားကြီးသူ၊ ချမ်းသာ ကြွယ်ဝသူများကိုကြည့်၍ ဝမ်းမြောက်ခြင်း၊ မနာလိုမရှုစိမ့် မရှိခြင်းဖြစ်သည်။ ဥပေက္ခာဆိုသည်မှာ တစ်ဖက်သားကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ပေးခြင်း၊ သူတစ်ပါးအပေါ် မိမိ၏ပြဋ္ဌာန်းချက်များကို အတင်းအကြပ် ချမှတ်မပေးခြင်း ဖြစ်သည်။

အင်အားကြီးသူများသည် ကရုဏာတရားနှင့် ဥပေက္ခာတရားကို ကျင့်သုံး ကြ၍ အင်အားနည်းသူများသည် မုဒိတာတရားကို ကျင့်သုံးကြရန် ဖြစ်သည်။ မေတ္တာတရားကိုမူ လူသားတိုင်း လိုက်နာကျင့်သုံးကြရန် ဖြစ်သည်။

ဤဗြဟ္မစိုရ်တရားလေးပါးကို သေချာစွာ နားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးကြပါက ကာယကံလွန်ကျူးမှု၊ ဝစီကံလွန်ကျူးမှုများ ချုပ်ငြိမ်းသွား၍ တစ်လောကလုံး ငြိမ်းချမ်းရေးအရသာကို ခံစားကြရမည် ဖြစ်သည်။

ဤဗြဟ္မစိုရ်တရားလေးပါး ကျင့်စဉ်သည် အသေချာဆုံးသော ကမ္ဘာ့ ငြိမ်းချမ်းရေးလမ်းစဉ်ကြီး ဖြစ်ပါကြောင်းနှင့် တရားစောင့်သူကို တရားက ပြန်လည် စောင့်ရှောက်လိမ့်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

လူသားအားလုံး တရားစောင့်နိုင်ကြပါစေ။

သတ္တဝါအားလုံး ချမ်းသာကြပါစေ။

# ၂၀၀၀-ပြည့်နှစ်၊ နိုဝင်ဘာလ(၄)ရက်၊ စနေနေ့ ကိုရီးယားသမ္မတနိုင်ငံ၊ ဒန်ယန်မြို့တွင် ကျင်းပသည့် ချွန်တေးဂိုဏ်း ပထမဆရာတော်ကြီး၏ ရာပြည့်အထိမ်းအမှတ် ကျောင်းတော်ကြီးဖွင့်ပွဲနှင့်စေတီတော်ပူဇော်ပွဲ၌ မိန့်ကြားတော်မူအပ်သော နှုတ်ခွန်းဆက် သန္နေသကထာ

ကိုရီးယားသမ္မနိုင်ငံ၊ ကိုရီးယားဗုဒ္ဓဘာသာ၊ ချွန်တေးသံဃာ့ အဖွဲ့အစည်းကြီး၏ ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ်၏ ပင့်ဖိတ်ချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်ရသည့်အတွက် လွန်စွာနှစ်သက်ဝမ်းမြောက်မှု ပီတိသောမနဿ ဖြစ်ရပါသည်။

မိမိသည် ခရစ်နှစ်၁၉၉၇-ခုနှစ်၊ ဧပြီလ(၁၈-၁၉)ရက်နေ့တို့တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ပူဆန်မြို့၌ကျင်းပသော စေတီတော်ဖွင့်ပွဲ၊ စေတီတော်ပူဇော်ပွဲသို့ ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ်၏ ပင့်ဖိတ်ချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ပထမအကြိမ်ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်က ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ်နှင့် ရဟန်းရှင်လူတို့၏ အဖက်ဖက်မှ လိုလေသေးမရှိအောင် နွေးထွေးစွာ ပြုစုယုယ ဆောင်ရွက်ကြသည်ကို ယခုတိုင်မမေ့နိုင်အောင် ဖြစ်ရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများနှင့် ကိုရီးယားသမ္မတနိုင်ငံ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများသည် သကျမုနိ ဂေါတမဗုဒ္ဓ၏ အဆုံးအမကို လိုက်နာကြသော သာဝကများချည်းဖြစ်ကြသည့် အတွက် ညီအစ်ကိုမောင်နှမများ ဆွေမျိုးရင်းချာများ ဖြစ်သည်ဟု ဆိုသင့်ပါသည်။

သို့ဖြစ်၍ ကိုရီးယားသမ္မတနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ကာ ကိုရီးယားဗုဒ္ဓဘာသာ ချွန်တေးသံဃာ့အဖွဲ့အစည်းကြီး၏ ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ်အမျိုးရှိသော ကိုရီးယားရဟန်းရှင်လူ ပြည်သူများကို ထပ်မံ၍ တွေ့မြင်လိုက်ရတဲ့အခါ နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးရင်းချာများကို ပြန်လည်တွေ့ဆုံလိုက်ရဘိသကဲ့သို့ ကျွန်ုပ်၏စိတ်ထဲမှာ ခံစားရပါသည်။ ကိုရီးယားသမ္မတနိုင်ငံ ချွန်တေးသံဃာ့အဖွဲ့အစည်း၏ ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ်အမျိုးရှိသော ကိုရီးယားရဟန်းရှင်လူပြည်သူများကလည်း ကျွန်ုပ်တို့ကဲ့သို့ပင် ခံစားရလိမ့်မည်ဟု ယုံကြည်ရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော်ကြီးအမျိုးရှိသော မြန်မာရဟန်းတော်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအမျိုးရှိသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအပေါင်းတို့က ကိုရီးယားသမ္မတနိုင်ငံတော် ချွန်တေးသံဃာ့အဖွဲ့အစည်းကြီး၏ ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ဥက္ကဋ္ဌဆရာတော် ဂျွန်ဝမ်ဒုတ်အမျိုးရှိသော ကိုရီးယားရဟန်းတော်များ၊ ကိုရီးယားသမ္မတနိုင်ငံတော်အစိုးရအမျိုးရှိသော ကိုရီးယားပြည်သူပြည်သား အားလုံးတို့ ကိုယ်စိတ်နှစ်ဖြာချမ်းသာစေရန် မေတ္တာရေချမ်းသွန်းဖျန်းလျက်ရှိပါသည်။

ကိုရီးယား၊မြန်မာချစ်ကြည်မှု ယခုထက် ဆတက်ထမ်းပိုး တိုးတက်ပါစေ။ ကိုရီးယား၊မြန်မာချစ်ကြည်မှု အဓွန့်ရှည်စွာခိုင်မြဲပါစေ။ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားတိုးတက်အောင် လက်တွဲဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းလျက် ကျွန်ုပ်၏ နှုတ်ခွန်းဆက်စကားကို နိဂုံးချုပ်ပါသည်။

# ၂၀၀၀–ပြည့်နှစ်၊ နိုဝင်ဘာလ(၅)ရက်၊ တနင်္ဂနွေနေ့ ကိုရီးယားသမ္မတနိုင်ငံ၊ ဒန်ယန်မြို့တွင် ကျင်းပသည့် ချွန်တေးဂိုထီး ပဌမဆရာတော်ဘုရားကြီး၏ ရာပြည့်အထိမ်းအမှတ်ကျောင်းတော်ကြီးဖွင့်ပွဲနှင့်စေတီတော်ပူဇော်ပွဲ၌ မိန့်ကြားတော်မူအပ်သော

# သာရဏီယဩဝါဒကထာ

ကိုရီးယားသမ္မတနိုင်ငံ၊ ဒန်ယန်မြို့၌ ကျင်းပအပ်သော ကျောင်းတော်ကြီး ဖွင့်ပွဲ၊ စေတီတော်ပူဇော်ပွဲသို့ တက်ရောက်လာကြသော ရဟန်းတော်များနှင့် ဥပါသကာ,ဥပါသိကာမအပေါင်းတို့....

ကိုရီးယားဗုဒ္ဓဘာသာ ချွန်တေးသံဃာ့အဖွဲ့အစည်းကြီး၏ ဂိုဏ်းချုပ် ဆရာတော်ကြီးနှင့် ဥက္ကဋ္ဌဆရာတော်ဂျွန်ဝမ်ဒုတ်အမှူးရှိသော ရဟန်းတော်များ၊ ဥပါသကာ, ဥပါသိကာမများကို စုံစုံညီညီ တွေ့ဆုံရသည့်အတွက် လွန်စွာဝမ်းမြောက် လှပါသည်။

ဤကျောင်းတော်ကြီးဖွင့်ပွဲနှင့် စေတီတော်ပူဇော်ပွဲ၌ အသက်ထက်ဆုံး အောက်မေ့ဖွယ်, အမှတ်ရဖွယ် သာရဏီယစကား ပြောကြားလိုပါသည်။

ရှိသေလေးမြတ် ပူဇော်အပ်သောဝတ္ထုကို 'စေတိယ'ဟုခေါ်ပါသည်။ ထိုစေတိယသည် –

(၁) မြတ်စွာဘုရား၏ ခန္ဓာကိုယ်မှ ကြွင်းကျန်ဖြစ်ပေါ်လာသော ဓာတုစေတိယ၊

(၂) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော် ဟူသော **ဓမ္မစေတီယ၊**

(၃) မြတ်စွာဘုရားကိုရည်မှန်း၍ ပြုလုပ်အပ်သော ရုပ်ထုတော်၊ ပုံတော်ဟူသော **ဥဒ္ဒိဿစေတီယ၊**

(၄) မြတ်စွာဘုရား၏ အသုံးအဆောင်ဖြစ်သော သပိတ်တော်၊ သင်္ကန်းတော်၊ ဗောဓိပင် စသော **ပရိဘောဂစေတီယ**

ဟူ၍ လေးမျိုးရှိပါသည်။

ထိုလေးမျိုးတို့ကို ပူဇော်ကြရာ၌ စေတီယမျှလောက်မှာသာ စိတ်ကို မတန့်မရပ်စေဘဲ ထိုစေတီယလေးမျိုးတို့၏ အမွန်အစဖြစ်သော အဆုံးအပိုင်း အခြားမရှိအောင် များပြောင်လှစွာသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှားရှိစဉ်က မြတ်စွာဘုရားတိုင်အောင် အာရုံပြု၍ ပူဇော်ရပါမည်။ သက်တော်ထင်ရှားရှိစဉ်က မြတ်စွာဘုရားတိုင်အောင် အာရုံပြု၍ ပူဇော်နိုင်ပါလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားကို မဖူးမြော်လိုက်ရ၊ မပူဇော်လိုက်ရသော်လည်း သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးမြော်ရ၊ ပူဇော်လိုက်ရသလောက်ပင် မရေမတွက်နိုင်၊ မနှိုင်းယှဉ်နိုင်သော အကျိုးများရရှိနိုင်ပါသည်။

မြတ်စွာဘုရား၏ ကိလေသာ အညစ်အကြေးကင်းဝေး စင်ကြယ်တော်မူသော အရဟံဂုဏ်တော်၊ သိသင့်သိထိုက်သမျှ တရားအားလုံးကို မှန်မှန်ကန်ကန် ကိုယ်တော်တိုင် သိတော်မူနိုင်သော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်စသော ဂုဏ်တော် တစ်ပါးပါးကို စွဲစွဲမြဲမြဲ အာရုံပြုပွားများလျှင် ရာဂ၊ ဒေါသ၊ မောဟနှင့်ယှဉ်သော စိတ်များ မဖြစ်တော့ဘဲ စိတ်ဟာဘုရားဂုဏ်အာရုံထဲမှာ ဖြောင့်ဖြောင့်မတ်မတ် သွားပါတယ်။ စိတ်ဖြောင့်မတ်သွားလျှင် ဝမ်းမြောက်မှု= ပါမောဇ္ဇ၊ နှစ်သက်မှု= ပီတိ၊ စိတ်၊ စေတသိက်တို့ ကိလေသာအပူငြိမ်းမှု= ပဿဒ္ဓိ၊ ကိုယ်စိတ်ချမ်းသာမှု= သုခ တွေဖြစ်ပြီး၊ စိတ်တည်ကြည်မှု= သမာဓိရလာပါတယ်။ အဲဒီအခါမှာ ငြိမ်းအေး ငြိမ်သက်ပြီး စိတ်ဆင်းရဲခြင်းကင်းနေပါတယ်။ အဲဒါကို စိတ္တဝိသုဒ္ဓိ = စိတ်စင်ကြယ် တယ်လို့ ခေါ်ပါတယ်။

အဲဒီလိုစိတ်စပ်ကြယ်လာတဲ့အခါ မိမိသန္တာန်မှာအဆင်းကိုမြင်တိုင်း၊ အသံကို ကြားတိုင်း၊ အနံ့ကိုနံတိုင်း၊ အရသာကိုစားသောက်တိုင်း၊ အတွေ့အထိတွေနှင့် တွေ့တိုင်း၊ အာရုံအမျိုးမျိုးတွေကို ကြံစည်နေတိုင်း၊ သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ လျောင်းတိုင်း၊ အမြဲမပြတ်ဖြစ်ပေါ်နေတဲ့ ရုပ်နှင့်နာမ်တရားတွေကို မလစ်မလပ်အောင် ရှုမှတ်သွားလျှင် ရုပ်နှင့်နာမ်နှင့်ကွဲပြီး သိလာတယ်။ ရုပ်တရား၊ နာမ်တရားတွေဟာ အကြောင်းမဲ့သက်သက်ဖြစ်တာမဟုတ်ဘူး၊ ဖြစ်စေနိုင်တဲ့ သဘာဝအကြောင်းကြောင့် အကျိုးသဘာဝအနေနဲ့ ဖြစ်ပေါ်တာပဲလို့ ကိုယ်တိုင်သိသွားနိုင်တယ်။

အဲဒီထက် သမာဓိဉာဏ်ရင့်သန်လာတဲ့အခါ နာမ်တရား၊ ရုပ်တရားတွေဟာ ဖြစ်ပေါ်လာလိုက်၊ ချုပ်ပျောက်သွားလိုက်နဲ့ဉာဏ်ထဲမှာ သဲသဲကွဲကွဲပေါ်လာတယ်။ ပစ္စည်းဝတ္ထုတစ်ခုခုကို လက်ဝါးပေါ်တင်ပြီး အနီးကပ်ကြည့်ရှုတဲ့အခါ သဲသဲကွဲကွဲ သိသလို နာမ်တရား၊ရုပ်တရားတွေကို လက်နှင့်ကိုင်ပြီး ကြည့်နေရသလို သဲသဲကွဲကွဲ သိလာတယ်။

အဲဒီလို ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကို သိရတော့ မမြဲတဲ့ တရားမှန်း၊ အားမကိုးလောက်တဲ့ မကောင်းဆိုးရွား ဆင်းရဲတဲ့ တရားမှန်း၊ အသက်အတ္တကောင် အနှစ်မရှိမှန်းသိပြီး ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်ဖြစ်လာတယ်။

အဲဒီဝိပဿနာဉာဏ်တွေ အထွတ်အထိပ်ရောက်တဲ့အခါ နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် မိမိကိုယ်တိုင်သိသွားတယ်။ လေးကြိမ် တိုင်တိုင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင်သိရလျှင် အာသဝက္ခယနဲ့တဲ့ ရဟန္တာဖြစ်နိုင်ပါတယ်။

ယခုတော့ အကျယ်ဟောချိန်မရလို့ ကျင့်စဉ်အကျဉ်းမျှလောက်ကိုသာ ပြောကြားလိုက်ရပါတယ်။ မြန်မာနိုင်ငံမှာ အဲဒီဝိပဿနာကျင့်စဉ်တွေကို အကျယ်ပြသ ရာဌာနတွေရှိပါတယ်။ အကြောင်းအခွင့်သင့်တဲ့အခါလာရောက်၍ ကိုယ်တိုင် အားထုတ်ကြည့်ကြပါဟု တိုက်တွန်းလျက် ကျွန်ုပ်၏ သာရဏီယစကားရပ်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

## စစ်တကောင်း ဗုဒ္ဓဘာသာ ဓမ္မဒူတကျောင်းနှင့် စစ်တကောင်း ဗုဒ္ဓဘာသာအသင်း၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူအပ်သော သမ္ဗောဓနိယ သာရဏီယ ဩဝါဒကထာ

ရန်ကုန်မြို့ စစ်တကောင်းဗုဒ္ဓဘာသာ ဓမ္မဒူတကျောင်းနှင့် စစ်တကောင်း ဗုဒ္ဓဘာသာအသင်း၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင်၌ စစ်တကောင်း ဗုဒ္ဓဘာသာအသင်းဝင် သူတော်စင် ဥပါသကာ, ဥပါသိကာမ အပေါင်းတို့ အမြဲမပြတ် အမှတ်ရ၍ ဝမ်းမြောက်ကြစေခြင်းငှာ ဓမ္မပဒပါဠိတော် ဗုဒ္ဓဝဂ်သမ္ဗဟုလဘိက္ခုဝတ္ထု၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော –

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊

သုခါ သဒ္ဓမ္မဒေသနာ။

သုခါ သံဃဿ သာမဂ္ဂီ၊

သမဂ္ဂါနံ တပေါ သုခေါ – ဟူသော သုခလေးဖြာ ဒေသနာတော်ကိုပင် သမ္ဗောဓနိယ သာရဏီယ ဩဝါဒစကားအဖြစ် မိန့်ကြားလိုပါသည်။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဥပ္ပါဒေါ၊ ဖြစ်ထွန်းပွင့်ပေါ်တော်မူလာခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ (ဝါ) သတ္တဝါအပေါင်း ချမ်းသာကြောင်းဖြစ်ပေ၏။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သဒ္ဓမ္မဒေသနာ၊ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည်။ သုခါ၊

ချမ်းသာ၏။ (ဝါ) သတ္တဝါအပေါင်း ချမ်းသာကြောင်း ဖြစ်ပေ၏။ သံဃသည်၊ သံဃာတော်၏။ (ဝါ) ရှင်အပေါင်း, လူအပေါင်း, ရှင်လူအပေါင်း၏။ သာမဂ္ဂီ ကိုယ်စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သားတည်း ညီညွတ်ခြင်းသည်။ သုခါ၊ ချမ်းသာ၏။ (ဝါ) သတ္တဝါအပေါင်း ချမ်းသာကြောင်းဖြစ်ပေ၏။ သမဂ္ဂါနံ၊ စိတ်တူကိုယ်မျှ ညီညွတ်ကြသည့် ရှင်အပေါင်း, လူအပေါင်း, ရှင်လူအပေါင်းတို့၏။ တပေါ၊ အကျင့်သည်။ သုခေါ၊ ချမ်းသာ၏။ (ဝါ) သတ္တဝါအပေါင်း ချမ်းသာကြောင်း ဖြစ်ပေ၏။

(၁) သဗ္ဗညုဘုရားရှင်တို့ ပွင့်ထွန်းတော်မူလာခြင်းကို ဗုဒ္ဓုပ္ပါဒသုခဟု ခေါ်ဆိုရပါသည်။

(၂) သဗ္ဗညုဘုရားရှင်တို့၏ ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဟူသော သဒ္ဓမ္မသုံးပြာ ဒေသနာတော်ကို လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ဟောကြားတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခဟု ခေါ်ဆိုရပါသည်။

(၃) ရှင်အပေါင်း, လူအပေါင်း, ရှင်လူအပေါင်းတို့၏ ကိုယ်စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သားတည်း ညီညွတ်ခြင်းကို သာမဂ္ဂီသုခဟု ခေါ်ဆိုရပါသည်။

(၄) ညီညွတ်ကြသော ရှင်လူအပေါင်းတို့၏ မြတ်စွာဘုရား စကားတော်ကို သင်ယူခြင်း၊ ဓုတင်ဆောင်ခြင်း၊ ရဟန်းတရားကို အားထုတ်ခြင်း စသော အကျင့်ကို တပေါသုခေါဟု ခေါ်ဆိုရပါသည်။

မကျဉ်းမကျယ် အဓိပ္ပါယ်ကို ရှင်းပြပါဦးမည်။

(၁+၂) အကယ်၍သာ သဗ္ဗညုဘုရားရှင်တို့ ပွင့်ထွန်းတော်မမူခဲ့ပါလျှင် ပွင့်တော်မူပါသော်လည်း သူတော်ကောင်းတရားကို ဟောကြားတော် မမူခဲ့ပါလျှင် လူနတ်ဗြဟ္မာသတ္တဝါတို့ ပွားရမည့် ဘာဝေတဗ္ဗ ဖြစ်သော ကုသိုလ်တရား၊ ပယ်ရမည့် ပဟာတဗ္ဗဖြစ်သော "အကုသိုလ်တရားတို့ကို ခွဲခြားပိုင်ပိုင် မသိနိုင်ကြသောကြောင့် ပွားရမည့် ဘာဝေတဗ္ဗဖြစ်သော ကုသိုလ်တရားတို့ကို မပွားများ၊

ပယ်ရမည့် ပဟာတဗ္ဗဖြစ်သော အကုသိုလ်တရားတို့ကို မပယ်ကြဘဲ '' ပါပသ္မိံ ရမတိ မနော '' ဟူသော ဓမ္မပဒ ပါဠိပဝဂ်လာ ဒေသနာတော်အတိုင်း အကုသိုလ်ဒုစရိုက်တို့၌သာ ပျော်ပိုက်နေကြသဖြင့် ဒုဂ္ဂတိဘဝသို့သာ လားရောက်ကြ၍ ဒုက္ခကြီးစွာ ခံစားကြရမည်ဖြစ်ပါသည်။

ယခုမှာမူ သဗ္ဗညုဘုရားရှင်ပွင့်တော်မူ၍သုတ်တော်ကောင်း တရားတော်ကို ဟောကြားတော်မူခြင်းကြောင့် လူနတ်ဗြဟ္မာ သတ္တဝါတို့ ပွားရမည့် ဘာဝေတဗ္ဗဖြစ်သော ကုသိုလ်တရား၊ ပယ်ရမည့် ပဟာတဗ္ဗဖြစ်သော အကုသိုလ်တရားတို့ကို ခွဲခြား သိမြင်ကြ၍ ကုသိုလ်ကိုပွားများ၊ အကုသိုလ်ကို ပယ်ရှားနိုင်ကြသောကြောင့် လောကီ လောကုတ္တရာချမ်းသာသုခတို့ကို ခံစားကြရပေသည်။ ထို့ကြောင့် ဘုရားရှင်တို့ ပွင့်ထွန်းတော်မူခြင်းကို ဗုဒ္ဓုပ္ပါဒသုခ၊ သုတ်တော်ကောင်းတရား ဟောကြားတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

ဤသုခနှစ်ပါးတို့သည် သာဝကတို့က ပြုလုပ် အားထုတ်၍ ရစကောင်းသောသုခများမဟုတ်၊ ဘုရားရှင်တို့သာ ပြုလုပ်နိုင်သော ဘုရားရှင်တို့နှင့် သက်ဆိုင်သော သုခများဖြစ်ကြပါသည်။ ဤသုခနှစ်ပါးကို ဘုရားရှင်ကိုယ်တော်မြတ်က လူနတ်ဗြဟ္မာ သတ္တဝါတို့အတွက် ဆောင်ရွက်တော်မူခဲ့ပြီး ဖြစ်ပါသည်။

(၃) ရှင်အပေါင်း၊ လူအပေါင်း၊ ရှင်လူအပေါင်းတို့ အယူအဆ မတူကြဘဲ သူကတစ်ဖက် ငါကတစ်ဖက် အမျက်ထားကာ ကွဲပြားနေကြပါလျှင် ဆန့်ကျင်မှု၊ ငြင်းခုံမှု၊ ကိုယ်နှုတ်ထိပါး ခိုက်ရန်ပွားမှုစသည်တို့ ဖြစ်ကြရ၍ လူနတ်ဗြဟ္မာသတ္တဝါတို့ ဒုက္ခကြီးစွာ ရောက်ကြရမည်သာဖြစ်ပါသည်။ အကြင်မြို့ရွာ၊ အကြင်တိုင်းပြည်၊

အကြွင်ကျောင်းတိုက်၊ အကြွင်အသင်းအဖွဲ့မှာ အချင်းချင်းစိတ်ဝမ်း ကွဲပြားကြ၏။ ထိုမြို့ရွာ၊ ထိုတိုင်းပြည်၊ ထိုကျောင်းတိုက်၊ ထိုအသင်းအဖွဲ့သည် ဆုတ်ယုတ်ပျက်စီးလျက် ကိုယ်စိတ်နှစ်ပြာ မချမ်းသာဘဲ ဆင်းရဲဒုက္ခရောက်ကြရမည်သာဖြစ်ပါသည်။ ရှင် အပေါင်း, လူအပေါင်း, ရှင်လူအပေါင်းတို့ ကိုယ်စိတ်နှစ်ပါး မကွဲ ပြားဘဲ တစ်သားတည်းညီညွတ်နေလျှင် ငြင်းခုံမှု၊ ဆန့်ကျင်မှု၊ ကိုယ်နှုတ်ထိပါး ခိုက်ရန်ဖြစ်ပွားမှုစသည် မဖြစ်ကြရသဖြင့် လူနတ် ဗြဟ္မာ သတ္တဝါတို့ ကိုယ်စိတ်နှစ်ပြာ ချမ်းသာကြရမည်သာ ဖြစ်ပါ သည်။ အကြွင်မြို့ရွာ၊ အကြွင်တိုင်းပြည်၊ အကြွင်ကျောင်းတိုက်၊ အကြွင်အသင်းအဖွဲ့၌ အချင်းချင်းစိတ်ဝမ်းမကွဲ တစ်သားတည်း ညီညွတ်နေ၏။ ထိုမြို့ရွာ၊ ထိုတိုင်းပြည်၊ ထိုကျောင်းတိုက်၊ ထို အသင်းအဖွဲ့သည် ကြီးပွားတိုးတက်၍ ကိုယ်စိတ်နှစ်ပြာ ချမ်းသာ နေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ရှင်အပေါင်း, လူအပေါင်း, ရှင်လူအပေါင်းတို့၏ ညီညွတ်ခြင်းကို ''သာမဂ္ဂီသုခ''ဟု မြတ်စွာ ဘုရားဟောတော်မူပါသည်။

(၄) ရှင်အပေါင်း,လူအပေါင်း,ရှင်လူအပေါင်းတို့ ညီညွတ်ရုံသာ ညီညွတ် ၍ ရှင်လူအပေါင်းတို့ ကျင့်ရမည့် အကျင့်တရားကို အားမထုတ် ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြပါလျှင် ချမ်းသာသုခကို ရနိုင်ကြရမည်မဟုတ်ပါ။ ရှင်လူအပေါင်းတို့ ကျင့်ရမည့် သီလ, သမာဓိ, ပညာ=အကျင့်တရားကို ပွားများကြိုးကုတ်အားထုတ် ကြမှသာ ချမ်းသာသုခကို ရနိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ညီညွတ်သော ရှင်အပေါင်း, လူအပေါင်း, ရှင်လူအပေါင်းတို့၏ မိမိတို့ကျင့်ရမည့် အကျင့်တရားကို ပွားများကြိုးကုတ်အားထုတ် ကျင့်သုံးခြင်းကို ''တပေါသုခ''ဟု မြတ်စွာဘုရား ဟောတော် မူပါသည်။

စစ်တကောင်းဗုဒ္ဓဘာသာအသင်းဝင် သူတော်စင်အပေါင်းတို့... ဤသာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါးတို့သည် သာဝကများ ပြုလုပ်အားထုတ်ကြရမည့် သုခများဖြစ်ကြပါသည်။ ထို့ကြောင့် စစ်တကောင်းဗုဒ္ဓဘာသာအသင်းဝင် သူတော်စင်တို့သည် အသင်းသူ အသင်းသားအပေါင်းနှင့်တကွ သတ္တဝါအများ ချမ်းသာကြစေရန်၊ မိမိတို့အသင်းကြီး အရှည်တည်တံ့ခိုင်မြဲ၍ စည်ပင်ပြန့်ပွားထွန်းကားတိုးတက်စေရန်၊ သာသနာတော်ကိစ္စအဝဝတို့ကို ကိုယ်ချမ်းသာ စိတ်ချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ကြစေရန် ငြင်းခုံမှု၊ ဆန့်ကျင်မှု၊ ကိုယ်နှုတ်ထိပါး ခိုက်ရန်ပွားမှုစသည်တို့ မဖြစ်ရအောင် သတိဆောင်လျက် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ အပြည့်အဝထားကာ ညီညီညွတ်ညွတ် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် သာသနာရေး, ဘာသာရေးကိစ္စအဝဝတို့ကို ဆောင်ရွက်ကြပါဟု ဩဝါဒစကား မိန့်ကြားလိုက်ပါသည်။

## ( ၉ - ၁၂ - ၂၀၀၄ )

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌
## ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ၌
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော
## ဩဝါဒကထာ

ယနေ့မှစ၍ သုံးရက်တိုင်တိုင် ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးသို့ ကြွရောက်လာကြသော ကိုယ်စားလှယ်တော်အပေါင်းနှင့် ဧည့်သည်တော်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေဟု မေတ္တာပို့ကာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်အရှည်တည်တံ့၍ စည်ပင်ပြန့်ပွား ထွန်းကားစေရန် ဤညီလာခံကိုယ်စားလှယ်တော်များက စုပေါင်းညီညာစွာဖြင့် တက်တက်ကြွကြွ အားထုတ်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသဖြင့် အနာဂတ်သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်။

ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံးတို့ စည်းလုံးညီညွတ်စွာဖြင့် သာသနာရေး၊ သာသနာမှုကိစ္စများကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်

ကြပါက ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် ဤကမ္ဘာတစ်ဝန်းလုံး၌ နေတစ်ထောင် လတစ်ထောင်ပမာ ထွန်းလင်းတောက်ပလျက် ကာလရှည်ကြာတည်နေမည်သာ ဖြစ်ပါသည်။

သာသနာတော်ဆိုသည်မှာ လိုရင်းအနှစ်ချုပ်အားဖြင့် (၁)သီလ (၂)သမာဓိ (၃)ပညာ ဤသိက္ခာသုံးပါးပင် ဖြစ်ပါသည်။ ယင်းသိက္ခာသုံးပါးကို တရားကိုယ်အားဖြင့် ခွဲပြပါက (၁)သမ္မာဒိဋ္ဌိ (၂)သမ္မာသင်္ကပ္ပ (၃)သမ္မာဝါစာ (၄)သမ္မာကမ္မန္တ (၅)သမ္မာ အာဇီဝ (၆)သမ္မာဝါယာမ (၇)သမ္မာသတိ (၈)သမ္မာသမာဓိ ဟူသော အရိယမဂ္ဂင် ရှစ်ပါးပင်ဖြစ်ပါသည်။

ထိုအရိယမဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဤသုံးပါး တို့သည် သီလမဂ္ဂင်များ ဖြစ်ကြပါသည်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သုံးပါးတို့သည် သမာဓိမဂ္ဂင်များ ဖြစ်ကြပါသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဤနှစ်ပါး တို့သည် ပညာမဂ္ဂင်များဖြစ်ကြပါသည်။ ဤအရိယမဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ်တို့ ကမ္ဘာသူ ကမ္ဘာသားတို့ သန္တာန်၌ ဖြစ်ပွားတည်နေခြင်း၊ ထွန်းလင်းတောက်ပနေခြင်း ကိုပင် ဗုဒ္ဓသာသနာတော် တည်တံ့ခြင်း၊ ထွန်းလင်းတောက်ပခြင်းဟု ခေါ်ဆိုရပါ သည်။

သကျမုနိဂေါတမဗုဒ္ဓက အရိယမဂ္ဂင်ရှစ်ပါးမရှိသော ဓမ္မဝိနယသာသနာ၌ ကိလေသာ ငြိမ်းသူ – သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာမရှိနိုင်။ အရိယ မဂ္ဂင်ရှစ်ပါးရှိသော ဓမ္မဝိနယသာသနာ၌သာ ကိလေသာငြိမ်းသူ– သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရှိနိုင်သည်။ ဤ ငါဘုရား၏ ဓမ္မဝိနယသာသနာတော်၌ သာ အရိယမဂ္ဂင်ရှစ်ပါး ရှိပေသည်။ ဤငါဘုရား၏ ဓမ္မဝိနယသာသနာတော်၌သာ ကိလေသာငြိမ်းသူ – သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရှိနိုင်ပေသည်။ ငါဘုရား၏ ဓမ္မဝိနယသာသနာတော်မှတစ်ပါး အခြားအယူဝါဒတို့သည် တရားကို သိမြင်ကြသည့် ရဟန်းမြတ်(တစ်ကျိပ်နှစ်ပါး)တို့မှ ဆိတ်သုဉ်းကုန်၏ဟု သုဘဒ္ဒပရိဗိုဇ် အား ဟောတော်မူခဲ့ကြောင်း ဒီဃနိကာယ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်၌ သံဂါယနာတင်ခဲ့ပေသည်။ (ဒီ၊ ၂။ ၁၂၅)

သကျမုနိဂေါတမဗုဒ္ဓရှင်တော်မြတ်သည်ပင် မဇ္ဈိမပဋိပဒါ = အလယ်လမ်းကျင့်စဉ်ဖြစ်သော ဤအရိယမဂ္ဂင်ရှစ်ပါးကို ကျင့်သုံးပွားများ အားထုတ်တော်မူခဲ့ခြင်းကြောင့် ဉာဏ်မျက်စိ အလင်းပေါက်ကာ တရားအလုံးစုံကို သိမြင်တော်မူသော သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့ပေသည်(ဝိ၊ ၃။ ၁၄) ဤအရိယမဂ္ဂင်ရှစ်ပါးသည် ရာဂစသော ကိလေသာမီးတို့ကို ငြိမ်းစေနိုင်သော ရေစင်ရေအေးသဖွယ် ဖြစ်ပေသည်။

ယခုအခါ သတ္တလောကဟု ခေါ်ဆိုအပ်သော ကမ္ဘာသူကမ္ဘာသား အများစုကြီးသည် ရာဂမီး၊ ဒေါသမီးတို့ တညီးညီး တပြောင်ပြောင် အလောင်အမြိုက်ခံနေကြရခြင်းကြောင့် ဘေးဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံနေကြရပေသည်။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ရေအေးဖြင့် ငြှိမ်းသတ်နိုင်မှသာ ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းရေးရနိုင်ပေလိမ့်မည်။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ရေအေးဖြင့် မငြှိမ်းသတ်ဘဲ ငြိမ်းချမ်းရေးဟူသော စကားလုံးကို နှုတ်ဖြင့် အော်ဟစ်နေရုံမျှဖြင့် မည်သည့်အခါမျှ ငြိမ်းချမ်းရေးရမည်မဟုတ်ပေ။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် အနည်းငယ် ငြှိမ်းသတ်နိုင်လျှင် အနည်းငယ်ငြိမ်းချမ်းရေးရမည်။ များများ ငြှိမ်းသတ်နိုင်လျှင် များများငြိမ်းချမ်းရေးရမည်။ လုံးဝငြိမ်းအောင် ငြှိမ်းသတ်နိုင်လျှင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းရမည်မှာ ဧကန်မုချဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်အားလုံးတို့သည် ငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောသော ကမ္ဘာကြီးအဖြစ်သို့ရောက်အောင် မိမိတို့ကိုယ်တိုင်လည်း ရာဂ၊ ဒေါသ၊ မောဟ ဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် တတ်စွမ်းသမျှ ငြှိမ်းသတ်ကြ၍ ကမ္ဘာသူကမ္ဘာသား အများစုတို့လည်း ရာဂ၊ ဒေါသ၊ မောဟ – ဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် ငြှိမ်းသတ်နိုင်ကြစေရန် သာသနာတော်၏ အနှစ်အမြုတေဖြစ်သော အရိယမဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ်အကျင့်မြတ်ကို ကမ္ဘာအနှံ့ ပြန့်ပွားအောင် စုပေါင်းညီညာစွာဖြင့် အားထုတ်စေလိုပါသည်။

သကျမုနိ ဂေါတမရှင်တော်မြတ်ဘုရားက "ရဟန်းတို့သည် မကြာမကြာ အကြိမ်များစွာ စည်းဝေးလျက် သာသနာရေးလုပ်ငန်းကိစ္စများကို အညီအညွတ် ဆောင်ရွက်နေကြပါက ရဟန်းတော်တို့ ဆုတ်ယုတ်ပွယ်မရှိ တိုးတက်ကြီးပွားရန်သာ ရှိ၏" ဟု ဟောတော်မူခဲ့ကြောင်းကို ဒီဃနိကာယ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာန သုတ်၌ သံဂါယနာတင်ခဲ့ပါသည်။ (ဒီ၊ ၂။ ၆၅)

သို့ဖြစ်ပါ၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးများကို မကြာမကြာ ကျင်းပလျက် ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်ခေါင်းဆောင်များ စည်းဝေးတိုင်ပင် ကြ၍ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့အောင်၊ ကမ္ဘာတစ်ဝန်း ပြန့်နှံ့စည်ကား ကြီးပွားတိုးတက်အောင် အစီအမံလုပ်ငန်းစဉ်များ ပြဋ္ဌာန်းရေးဆွဲကာ ဗုဒ္ဓဘာသာဝင်အားလုံးတို့က တညီတညွတ်တည်း တက်တက်ကြွကြွ ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပေသည်။

## မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ်
## ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
## ဘဒ္ဒန္တကုမာရ ဆရာတော်ဘုရားကြီး၏
## ဩဝါဒကထာ

ဤလောက၌ အချို့ပုဂ္ဂိုလ်သည် သဒ္ဓါတရားမရှိ၊ မကောင်းမှုမှ ရှက်ခြင်း၊ စက်ဆုပ်ခြင်းမရှိ၊ မကောင်းမှုမှ ကြောက်လန့်ခြင်းမရှိ၊ အကြားအမြင်သုတနည်းပါး၏၊ ပျင်းရိ၏၊ သတိလွတ်ကင်း၏၊ ပညာမရှိ။ ဤပုဂ္ဂိုလ်ကို သူယုတ်မာဟု ခေါ်ဆိုအပ်၏။

ဤလောက၌ အချို့ပုဂ္ဂိုလ်သည် မိမိလည်း သဒ္ဓါတရားမရှိ၊ သူတစ်ပါးကိုလည်း သဒ္ဓါတရားမရှိခြင်း၌ နာယူကျင့်သုံးစေ၏။ မိမိလည်း မကောင်းမှုမှ ရှက်ခြင်း၊ စက်ဆုပ်ခြင်းမရှိ၊ သူတစ်ပါးကိုလည်း မကောင်းမှုမှ ရှက်ခြင်း၊ စက်ဆုပ်မှုမရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မကောင်းမှုမှ ကြောက်လန့်ခြင်းမရှိ၊ သူတစ်ပါးကိုလည်း မကောင်းမှုမှ ကြောက်လန့်မှုမရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း အကြားအမြင်သုတနည်းပါး၏။ သူတစ်ပါးကိုလည်း အကြားအမြင် သုတနည်းပါးခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပျင်းရိ၏။ သူတစ်ပါးကိုလည်း ပျင်းရိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း သတိလွတ်ကင်း၏၊ သူတစ်ပါးကိုလည်း သတိလွတ်ကင်းခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပညာမရှိ၊ သူတစ်ပါးကိုလည်း ပညာမရှိခြင်း၌ ဆောက်တည်စေ၏။ ဤပုဂ္ဂိုလ်ကို သူယုတ်မာထက် သူယုတ်မာဟု ခေါ်ဆိုအပ်၏။

ဤလောက၌ အချို့ပုဂ္ဂိုလ်သည် သဒ္ဓါတရားရှိ၏ မကောင်းမှုမှ ရှက်ခြင်းရှိ၏၊ မကောင်းမှုမှ ထိတ်လန့်ခြင်းရှိ၏၊ အကြားအမြင်သုတများ၏၊ ထက်သန်သော လုံ့လရှိ၏၊ သတိရှိ၏၊ ပညာရှိ၏။ ဤပုဂ္ဂိုလ်ကို သူတော်ကောင်းဟု ခေါ်ဆိုအပ်၏။

ဤလောက၌ အချို့ပုဂ္ဂိုလ်သည် မိမိလည်း သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သူတစ်ပါးကိုလည်း သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မကောင်းမှုမှ ရှက်ခြင်းရှိ၏။ သူတစ်ပါးကိုလည်း မကောင်းမှုမှ ရှက်ခြင်းရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မကောင်းမှုမှ ထိတ်လန့်ခြင်းရှိ၏၊ သူတစ်ပါးကိုလည်း မကောင်းမှုမှ ထိတ်လန့်ခြင်း ရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း အကြားအမြင်သုတများ၏၊ သူတစ်ပါးကိုလည်း အကြားအမြင်သုတများခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ထက်သန်သော လုံ့လရှိ၏၊ သူတစ်ပါးကိုလည်း ထက်သန်သော လုံ့လရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ထင်သောသတိရှိ၏။ သူတစ်ပါးကိုလည်း ထင်သောသတိရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပညာနှင့်ပြည့်စုံ၏၊ သူတစ်ပါးကိုလည်း ပညာနှင့်ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ ဤပုဂ္ဂိုလ်ကို သူတော်ကောင်းထက် သူတော်ကောင်းဟု ခေါ်ဆိုအပ်၏။(အံ၊ ၅၄၀)

ဤပုဂ္ဂိုလ်လေးမျိုးတို့ကို မြတ်စွာဘုရားဟောတော်မူပါသည်။ လွန်စွာရခဲလှသော လူအဖြစ် လူ့ဘဝကို ရရှိကြ၍ လွန်စွာကြံ့ကြိုက်ခဲလှသော မြတ်စွာဘုရားရှင် သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်ကြရသော ရဟန်းလူရှင် သူတော်စင်အပေါင်းတို့သည် မိမိတို့ကိုယ်ကို သူတော်ကောင်းထက် သူတော်ကောင်းဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါဟု ဩဝါဒစကား မိန့်ကြားလိုက်ပါသည်။

## စမ္ပဒါန အလှူရှင်များ

၁။ ဦးဝင်းဖေ + ဒေါ်ခင်ငွေးကြည် ဦးစီးသော (မေတ္တာစင်တာ၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ်) ဓမ္မမိတ်ဆွေများ US $ 1000

၂။ ဦးအေးမောင် + ဒေါ်ထွား (အမေထွား ပဲဆီသန့်၊ မကွေး) ၁၀၀၀၀၀ ကျပ်

၃။ ဦးပါမောက္ခ၊ မကွေးပရိယတ္တိစာသင်တိုက် မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ၅၀၀၀၀ ကျပ်

၄။ ဦးလှစိုး + ဒေါ်ခင်မျိုးသူ မိသားစု အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ၅၀၀၀၀ ကျပ်

၅။ ဦးထွန်းတင် + ဒေါ်ချယ် သားသမီးမြေးမြစ်တစ်စု မင်းဘူး(စကု)မြို့နယ်၊ လေးအိမ်တန်းရွာ ၅၀၀၀၀ ကျပ်

၆။ မဥမ္မာမြင့်၊ ခရမ်းမြို့ ၁၀၀၀၀ ကျပ်

# နောင်တ (၁၀)ပါး

၁။ ငယ်ကဉစ္စာ၊ မစုပါ၊ ကြီးခါနောင်တ-ရတတ်သည်။

၂။ ငယ်ကပညာ၊ မသင်ပါ၊ ကြီးခါနောင်တ-ရတတ်သည်။

၃။ စဉ်းလဲကောက်ကျစ်၊ ကုန်းချောပစ်နှင့် စားလစ်တံစိုး၊ အကျင့်ဆိုး၊ စိုးရိမ်နောင်တ-ရတတ်သည်။

၄။ သူ့သက်သတ်ကာ၊ ကြမ်းကြုတ်ပါ၊ နောင်ခါ နောင်တ-ရတတ်သည်။

၅။ သူ့သားအိမ်ရာ၊ ကျူးမိပါ၊ လွန်စွာနောင်တ-ရတတ်သည်။

၆။ သဒ္ဓါကြည်ဖြူ၊ မပေးလှူ၊ ထိုသူနောင်တ- ရတတ်သည်။

၇။ မိဘနှစ်ဆူ၊ မမွေးမြူ၊ ထိုသူနောင်တ-ရတတ်သည်။

၈။ လက်ဦးဆရာ၊ ဖပိတာ၏၊ မိန့်မှာမယူ၊ ထင်သေးမူ၊ ထိုသူနောင်တ-ရတတ်သည်။

၉။ မဆည်းကပ်ငြား၊ သူတော်များ၊ ဖြစ်ပွားနောင်တ-ရတတ်သည်။

၁၀။ သုစရိုက်သုံးဖြာ၊ မကျင့်ပါ၊ နောင်ခါ နောင်တ-ရတတ်သည်။

နောင်တဆယ်ပါး၊ မဖြစ်ပွားဖို့၊ အများလူရှင်၊ ခုကပင်၊ ကြိုတင်ကျင့်ရမည်။

(ဇာတကပါဠိ၊ ၁၊ ၂၄၇၊ ဇာ-ဋ္ဌ၊ ၄၊ ၁၇၇)

**အဘိဓမ္မမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**မကွေးဆရာတော်ဘုရားကြီး**